Maurice Collis

# TRIALS IN MYANMAR

# မြန်မာပြည် အတွေ့အကြုံများ

ကျော်အောင်



ရတိယစာပေ

"ဝိတိုရိယ ဘုရင်မကြီးခေတ်က နေမဝင် အင်ပါယာကြီး၏ ကြီးကျယ်ခြင်းကို ထိန်းသိမ်းရမည်" ဟူသော အင်္ဂလိပ် နိုင်ငံရေးသမားတို့၏ ကျွန်ုပ်တော်ကို သူ မခံယူ၊ အဆုံးစီရင်ခဲ့ မြန်မာတို့၏ အမျက်မုန်တိုင်းကို "မြန်မာသွေး မြေကြီး" ဟူသည့် အသုံးအဆောင်သည်မှာ သူ၏ ကျွန်ုပ်တော်တော်ကို ဖြစ်လာသည်။ ၁၉၃၀ ခုနှစ် ကာလ မြန်မာတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေး တိုက်ပွဲများ ဖြစ်သည် ပြည် အဆုံးသတ်ခဲ့ ချေမှုန်းခဲ့သည်။ မြန်မာတို့အရေးကြီးကို ဖြတ်သန်း ပါလီမန်အား သိစေရန် မြန်မာ့အရေးကို ဆောင်ရွက်ပြီး ရှုထောင့်သည်။ မြန်မာ့အရေး အင်္ဂလိပ် ပါလီမန်မှ တစ်ဆင့် ခံသည်။ ဤသို့ဖြင့် မြန်မာ့ပြည်ရေးမှာ ကြီးခဲ့သည်။

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကျော်အောင် [၁၉၂၇-၂၀၀၀]

ပျာပုံမြို့ ပေါင်းတလည်ရွာရပ် အဖ ဦးကြွင်မောင်၊ အမိ ဒေါ်တင်မြိုင်တို့က ၁၉၂၇ ခုနှစ် အောက်တိုဘာ ၂၈ ရက်နေ့တွင် မွေးဖွားသည်။ ငယ်မည်မှာ မောင်ကြည် အမည်ရင်း ဦးကျော်အောင် ဖြစ်သည်။

ငါးနှစ် အရွယ်မှ ရှစ်တန်းအောင်သည်ထိ အဖ ပျာပုံမြို့ ကော်လဲဗီကျောင်းတွင် ပညာ သင်ကြားသည်။ ရှစ်တန်းအောင်သည့်နှစ်တွင် စစ်ဖြစ်သည်။ ၁၉၄၆ တွင် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ပြီး ဆေးတက္ကသိုလ်သို့ တက်ရောက်သည်။ ဒုတိယ နှစ်တွင် ဝိဇ္ဇာပညာရပ်သို့ ပြောင်းလဲ သင်ကြားသည်။ ၁၉၅၁ တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိသည်။

၁၉၄၄ ခုတွင် ဗမာ့တပ်မတော်သို့ ဝင်သည်။ ပျာပုံ နိုင်ငံရေးတာဝန်၊ ထမ်းသည်။ ၁၉၄၅ ခု ဖက်ဆစ်တော်လှန်ရေးတွင် တိုင်း(၁) ၁၀၃ တပ်ရင်း၌ ပါဝင် တိုက်ခိုက်ခဲ့သည်။ ပျာပုံမြို့ ပြည်သူ့ရဲဘော်အဖွဲ့ အတွင်းရေးမှူး (၁၉၄၆)၊ ဖဆပလ နယ်ခံရုံး မော်ကွန်းထိန်း ဆရာ (၁၉၄၇-၄၉)၊ စာပေသစ်မဂ္ဂဇင်း အယ်ဒီတာ အဖွဲ့ဝင် (၁၉၅၀)၊ မြန်မာ-ဆိုဗီယက် ယဉ်ကျေးမှုအသင်း၏ အတွင်းရေးမှူး (၁၉၅၂-၅၃)၊ တက္ကသိုလ် ဘာသာပြန်ဌာန (၁၉၅၃-၅၆)၊ သမိုင်းကော်မရှင် (၁၉၅၆-၅၇)၊ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ် ထုတ်ဝေရေးဌာန (၁၉၅၇-၈၇) တို့တွင် တာဝန် ထမ်းဆောင်ခဲ့သည်။ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ ပခုက္ကူ ဦးပုည စာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ (၂၂ မေ ၁၉၈၈ မှ ၁၅ ၂ ၂၀၀၀ ထိ) ဆောင်ရွက်ခဲ့သည်။

၁၉၄၇ တွင် ပြည်သူ့ရဲဘော်ဂျာနယ်၌ စာ စတင်ရေးသည်။ ဝတ္ထုတိုများတွင် **ရွာနှစ်ရွာ** **ရှောက်ပင်စိုက်ပြီး** **ဆန်ကဲခါ** **ကြွယ်ကြွယ်စည်စည်** ၊ **ဘဝရဲ့ အဆုံးသတ်ရောက်ခဲ့ပြီ** တို့သည် ထည့်ဘောင်း၊ ဘာသာပြန်ဝတ္ထုတိုများတွင် **ကျွန်း ပြန်လာသောမိန်းမ** **တော်လှန်ရေး အမှောင်မထောင်** **မှုခင်းများ နှင့် ရာဇဝတ်မှုများ** **မာကိုပိုလို အကောင်းမြင်သမား** တို့သည် ထည့်ဘောင်း ဖော်ပြပါဝင်သည်။ အခြား **စာပေသုတ်ကိုင် ဆောင်းပြင်၏ ကိုယ်တော်တော် ယဉ်ကျေးမှု နှင့် လောင်းကောင်းမိုးညပွဲများ** သည် ထည့်ဘောင်း၊ ကျမ်းစာအုပ်များတွင် **ဖော်ဝါဒအမိန့်ချွန်** ၊ **ဗုဒ္ဓသမိုင်း** ၊ **ကမ္ဘာ့ စာပေ** ၊ **ကမ္ဘာ့စာရေးဆရာ ၁၀၀** (ပုံနှိပ်ဆဲ)၊ မင်းကျော်တို့ နှင့် ပူးတွဲ ရေးခဲ့သည့် ထည့်ဘောင်း ထင်ရှားသည်။ **လောကနီတိကျမ်း** [၁၉၆၇ အမျိုးသားစာပေဆု (ဘာသာပြန်)]၊ **အရှေ့ပြီးသို့ လျှောက်သည်ကြီး** [၁၉၇၁ အမျိုးသား စာပေဆု (တွေ့ကြုံ)]၊ **ပိုကလိုတင်** [၁၉၈၅ အမျိုးသားစာပေဆု (ဘာသာပြန်၊ သုတ)]၊ **ရောဝင်အလှည့်များ** [၁၉၈၈ အမျိုးသား စာပေဆု (ဘာသာပြန်၊ သုတ)] ရရှိသည်။ ၁၉၈၈ တွင် ထိုင်းဘုရင်၏ ဖွင့်ဖေတေး၍ ၁၉၉၈ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် အရှေ့တောင်အာရှ စာပေဆု (S. E. A Writers Award) ချီးမြှင့်ခံရသည်။

၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

(Selected Short Stories of Virginia Woolf)

[illegible]

[illegible]

[illegible] (SCARLETT : The Sequel to Margaret Mitchell's *Gone with the Wind* by Alexandra Ripley)

[illegible]

(The Mill on the Floss by George Eliot)

[illegible]

[illegible]

(International Relations Between The Two World Wars (1919-1939) by E. H. Carr)

[illegible]

[illegible] (Exile and the Kingdom by Albert Camus)

[illegible]

[illegible]

[illegible] (LESSONS IN LIVING: The Life and Discoveries of Margaret Mead by Allyn Moss)

[illegible]

[illegible]

[illegible]

[illegible] (The Ten Novels and Their Authors by W. Somerset Maugham)

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible] M.A (Ygn), M.Phil (London) [illegible]

[illegible]

ရာပြည့်စာအုပ် [illegible]

ကျော်အောင်

# မြန်မာပြည် အတွေ့အကြုံများ

## *TRIALS IN MYANMAR*

**Maurice Collis**

**ရာပြည့်စာအုပ်တိုက်**

အမှတ် [illegible] လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ဖုန်း၊ [illegible](အိမ်)၊ [illegible](ဆိုင်)

စာမူခွင့်ပြုချက်အမှတ် [ ၃၁၀၀၁၇၇ ၀၆ ၀၄ ]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၃၁၀၀၈၃၁ ၀၆ ၀၇ ]

❏

ပုံနှိပ်ခြင်း

ပထမအကြိမ်- (၁၉၈၄) စာရေးဆရာစင်

ဒုတိယအကြိမ်- (၂၀၀၆) ရာပြည့်စာအုပ်တိုက်

( ဒီဇင်ဘာ ၂၀၀၆ )

အုပ်ရေ (၅၀၀)

❏

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ

ဒေါ်စန်းမြင့် (၀၅၅၇၇)၊ ရာပြည့်အော့ဖ်ဆက်

အမှတ် ၁၅၃၊ ၁၇လမ်း၊ ၃၃၊ ပုဇွန်တောင်မြို့နယ်

ရန်ကုန်မြို့။

❏

ထုတ်ဝေသူ

ဒေါ်စန်းမြင့် (၀၃၈၀၁)၊ ရာပြည့်စာပေ

အမှတ် ၃၈၊ ၁၁၉ လမ်း၊ မင်္ဂလာတောင်ညွန့်

ရန်ကုန်မြို့။

❏

စာအုပ်ချုပ်

ကိုမြင့်

❏

မျက်နှာဖုံး ပန်းချီ

လင်းဝေဖြူ ဒီဇိုင်းဖွဲ့သည်။

❏

တန်ဖိုး

၁၈၀၀ကျပ်

## မာတိကာ


– မြန်မာပြန်သူ၏ အမှာ ၉

၁

၁။ မအောလဆိုးကောလိပ် ၁၇
၂။ ဧရာဝတီမြစ်ကမ်း တစ်နေရာ ၂၀
၃။ သိုက်ဆရာ ၂၄
၄။ လူသတ်မှု ၃၀
၅။ ဗေဒင်ဆရာ ၃၅

၂

၁။ ခရိုင်တရားသူကြီး ၄၂
၂။ လင်ချုင်းရှောင်း ၄၇
၃။ လင်းပင်မင်းသမီး ၅၄
၄။ ဆာဂျွန် ဆိုင်မွန် ကော်မရှင်အဖွဲ့ ရောက်လာခြင်း ၅၈
၅။ ဆီမီး နစ်မြုပ်ခြင်း ၆၄

၃

၁။ ရန်ကုန် မျက်မှောက်ပြု အသိုင်းအဝိုင်း ၇၂
၂။ အထက်ဝ တာချစ် ၇၉
၃။ ဘုရင်ခံက တရားစွဲနိုင်းခြင်း ၈၄
၄။ အမှုစစ်ဆေးခြင်း ၈၈
၅။ ညှဉ်းပန်းနှိပ်စက်မှု ၉၇

## ၄

၁။ အကြည်အညိုပျက်မှု ၁၁၂
၂။ မြို့တော်ဝန် ဆင်ဂုပတားကို ဖမ်းခြင်း ၁၂၂
၃။ ဆင်ဂုပတား ရောက်လာပြီ ၁၃၂
၄။ အမှုစစ်ဆေးခြင်း ၁၃၉
၅။ ရုန်းရင်းဆန်ခတ်ဖြစ်ခြင်း ၁၄၇
၆။ ထမင်းစားပွဲ ၁၅၆
၇။ စီရင်ချက် ရေးတော့မည် ၁၆၂
၈။ ဆင်ဂုပတား၏ အပြုံး ၁၆၆
၉။ ကယက် ၁၇၂
၁၀။ ဆင်ဂုပတား၏ နှုတ်ဆက်ပွဲ ၁၇၉

## ၅

၁။ ပိန္နလျှင် ၁၈၇
၂။ ဘုရင်မ ခွင့်ယူကာ အင်္ဂလန်ပြန်ခြင်း ၁၉၀
၃။ ကင်မရွန်တောင်ရင်းမှ စစ်ဗိုလ်ကလေး ၁၉၅
၄။ ဆောင်းဘက် စီရင်ခြင်း ၁၉၉
၅။ ကပွဲ ၂၀၇
၆။ အယူခံ ၂၁၀
၇။ အုပ်ချုပ်ရေးဘက်က စွက်ဖက်ခြင်း ၂၂၃
၈။ လယ်သမား အရေးတော်ပုံ ၂၂၈
၉။ အုပ်ချုပ်ရေးအသစ် ၂၃၃
အညွှန်း

# မြန်မာပြန်သူ၏အမှာ

**မြန်မာပြည်** အတွေ့အကြုံများမှာ ဇော့ချ်ကောလစ်၏ ဘဝထဲမှ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။

ကောလစ်သည် အိုင်းရစ် လူမျိုးတစ်ယောက်ဖြစ်ပြီး ၁၉၁၂ တွင် မြန်မာပြည်သို့ အိုင် စီ အက် အုပ်ချုပ်ရေးအရာရှိအဖြစ် ရောက်လာသည်။ အမှုထမ်းသက် ဆယ့်မြောက်နှစ်ရှိသည့်အခါ စစ်ကိုင်း အရေးပိုင်တာဝန်မှ ရန်ကုန် အရေးပိုင်တာဝန်သို့ ပြောင်းရွှေ့ထမ်းရွက်ရသည်။ ရန်ကုန်အရေးပိုင်၏ တာဝန်ဝတ္တရားများတွင် ရှေ့ဂိုဏ်ရာဇဝတ် တရားသူကြီး တာဝန်တစ်ရပ်လည်း ပါသည်။ ထိုကာလကား ၁၉၂၈ ခုလိုင်မှ ၁၉၃၀ အောက်တိုဘာအထိ ဖြစ်လေသည်။

သူ၏ **မြန်မာပြည် အတွေ့အကြုံများ** ကာလသည် ထိုကာလပင် ဖြစ်သည်။ ထိုကာလကို အခြေခံကာ သူ တွေ့ကြုံခဲ့ရသည့် လူပုဂ္ဂိုလ်များ၊ အဖြစ်အပျက်များ၊ အရေးအခင်းများ၊ စဉ်းစားခဲ့ရသည့် အမှုများ အကြောင်းကို ဤစာအုပ်တွင် အသေးစိတ် ဖော်ပြထားသည်။ ထိုသို့ ဖော်ပြရာတွင် ကောလစ်သည် မည်သူ့မျက်နှာကိုမျှ မထောက်ခဲ့ပေ။ အထူးသဖြင့် အင်္ဂလိပ် အရာရှိ လောက၏ စိတ်သဘောထားကို သူ ထင်မြင်သည့်အတိုင်း ပွင့်ပွင့်လင်းလင်း ဖော်ပြခဲ့လေသည်။

အမှန်စင်စစ် ထိုကာလသည် ကောလစ်အဖို့ရော မြန်မာသမိုင်း အဖို့ပါ လှုပ်ရှားသည့်အချိန် ဖြစ်သည်။

ကောလစ်အတွက်မှု သူ၏ အမှုထမ်းသက် တစ်လျှောက်လုံးတွင် စိတ်အများဆုံး အချိန်ပိုင်း ဖြစ်သည်ဟု ဆိုသင့်သည်။ တရားဥပဒေ အလိုအတိုင်း မှန်မှန်ကန်ကန် တရားစီရင်ရာတွင် အင်္ဂလိပ် အသိုင်းအဝိုင်း၏ မျက်နှာကို ထောက်ရမည့်အခါများ ကြုံရသည်။ သို့သော် ကောလစ်သည် တရားမျှတမှုကို အလေးအနက်ထား မသိ၊ ဖြောင့်မတ်စွာ စီရင်ခဲ့သည်။ သို့ဖြစ်ရာ ကောလစ်မှာ

အုပ်ချုပ်သူ အင်္ဂလိပ်အစိုးရကို အမှုထမ်းကောင်း မဖြစ်လာ။ ဓားကလေးသည် "အင်္ဂလိပ်လူ" မဟုတ်။ ရန်ကုန်တွင် အာဏာရ အင်္ဂလိပ် အသိုင်းအဝိုင်းက သူ့ကို ဝိုင်းပယ်။ ဖြစ်လာသည်။ ပဲနားကလေး၊ ဘုတ်ကလေး၊ ကျွင်မော်များ ကလေးတို့တွင် ဓားကလေး ဝင်လာလျှင် နှာခေါင်းရှုံ့လာကြသည်။

၁၉၃၀ မြန်မာပြည်ကိုလည်း ကြည့်ပါဦး။

၁၉၃၀ မြန်မာပြည်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး သမိုင်းမှတ်တိုင်သစ်များ စိုက်ထူနေသည့်ကာလ ဖြစ်လေသည်။ ပြည်သူတစ်ရပ်လုံး အနေဆင်းရဲ အစားဆင်းရဲက လူမှုအကြပ်အတည်းများဖြင့် နိုင်ငံရေးဒီရေ မြင့်တက်လာသည်။

ထိုနှစ် ၁၉၃၀ မှာပင် ကုလားမြန်မာ ရိုက်ပွဲဖြစ်ပွားသည်။ ထိုနှစ် ၁၉၃၀ မှာပင် ရန်ကုန်ငလျင်လှုပ်သည်။ ထိုနှစ် ၁၉၃၀ မှာပင် ဆိုင်မွန်ကော်မရှင် အဖြစ်တွင် နိုင်ငံရေးတွဲရေးသမားများ လှုပ်ရှားလာသည်။ နိုင်ငံရေးတွဲရေးကို အကြောင်းပြုကာ ဝိုင်အီဘီအေ မြန်မာအသင်းချုပ်ကြီး နှစ်ခြမ်းကွဲသည်။ ဒိုင်အာခီ ငါးထောင်စား ဝန်ကြီးချုပ်များသည် အုပ်ချုပ်ရေးအသစ်တွင် ရာထူးမပြုတ်ရန် နောက်လိုက်ရှာနေကြသည်။ ထိုနှစ် ၁၉၃၀ မှာပင် ဘုရင်ခံ ဆာချားလ်အင်းနစ်သည် နိုင်ငံရေးရောက်ကြောင်း မှာဗျားမကျေနပ်ဖြစ်ကာ မွှင်လေးလေးလှုပ်ပြီး အင်္ဂလန်သို့ ပြန်သည်။ ထိုနှစ် ၁၉၃၀ မှာပင် ပြည်ထဲရေးဝန်ကြီးချုပ် ဆာဂျေအေမောင်ကြီးသည် ဆာချားလ်အင်းနစ်၏ နေရာ၌ ဘေးဗွာဘုရင်ခံ ဖြစ်လာသည်။ ထိုနှစ် ၁၉၃၀ မှာပင် ဆာရာဆ် ခေါင်းဆောင်သည့် လယ်သမား အရေးအခင်း ပေါ်လာသည်။

ဤသို့ဖြင့် မြန်မာပြည်သည် သမိုင်းမှတ်တိုင်သစ်များကို တစ်တိုင်ပြီး တစ်တိုင် စိုက်ထူနေလေသည်။

မြန်မာတို့က လိုချင်သည်မှာ "ဟုမ်းရူး" ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးပင် ဖြစ်သည်။ ၁၉၂၂ တွင် အင်္ဂလိပ်က အတုအယောင် ကိုယ်ပိုင်အုပ်ချုပ်ရေး ဖြစ်သည့် "ဒိုင်အာခီ"ကို အတင်းတိုးပေးသည်။ မြန်မာတို့သည် "အသုံးမကျသည့် ဟုမ်းရူးကို နှာလုံး မပြုနိုင်သဖြင့် မပြုနိုင်၊ မရယ်နိုင်" ဟုရှိခဲ့ကြလေသည်။ ဒိုင်အာခီ အုပ်ချုပ်ရေးသည်လည်း ခေါင်းဆောင်တွေ ငါးထောင်စား ဝန်ကြီးချုပ်ရာထူး လုပိုင်ရေး အလှုတ်အထိပ်သို့ ရောက်လာသည်။

ထိုကာလမှာပင် ဓားကလေးသည် ရန်ကုန်မြို့ တရားသူကြီး ဖြစ်လာလေသည်။ ဒိုင်အာခီ အုပ်ချုပ်ရေး အကောင်အထည် ဖော်ရသူ ဖြစ်လာသည်။ ဓားကလေးသည် အင်္ဂလိပ်အစိုးရတော်ရှိတွေ အကြားတွင် မှန်ကန်ပြီး တရားမျှတ

သည့် စစ်ဆေးမှုများကို ပြုလုပ်နိုင်ခဲ့သည်။ မှန်ကန်သည့် ဖြစ်ရပ်တို့ကိုလည်း အင်္ဂလိပ်လူမျိုးဘက် မလိုက်ဘဲ စီရင်နိုင်ခဲ့သည်။

သာရာဝတီ ခေါင်းဆောင်သည့် လယ်သမား အရေးတော်ပုံ မဖြစ်မှီအခါ ရက်ပိုင်းအလိုတွင် ကင်းမှူး၏ စစ်ဒိုင်လက်ကလေးတစ်ယောက်၏ ကားတိုက်မှု စစ်ဆေးရာမှ အစပြုကာ ဖောလစ်သည် ဘဝအလှည့်အပြောင်းကို ကြုံခဲ့ရသည်။

ထိုကာလတွင် ပေါ်ပေါက်လာသည့် အဖြစ်အပျက်အားလုံးသည် ရန်ကုန်တရားသူကြီးဖြစ်သည့် ဖောလစ်နှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်လာရသည်။ ထိုအခါ ဖောလစ်သည် ဆင်ခြင်တုံတရားကို လက်ကိုင်ပြုကာ တရားမျှတအောင် စစ်ဆေးစီရင်နိုင်ခဲ့လေသည်။

ဖောလစ်ကို ၁၈၈၉ တွင် မွေးဖွားသည်။ အောက်စဖို့ တက္ကသိုလ်၌ ပညာသင်ကြားခဲ့ပြီး ဂုဏ်ထူးဖြင့် အောင်မြင်ကာ အိန္ဒိယ ပရိညာဉ်ဝန်ထမ်း (အိုင်စီအက်)အဖြစ် မြန်မာပြည်သို့ ရောက်လာသည်။

အိုင်စီအက် ဆိုသည်မှာ အင်္ဂလိပ် အုပ်ချုပ်ရေးလောကတွင် ထိပ်တန်းရာထူးဖြစ်သည်။ လူတော်များသာ ဝင်ခွင့်ရသည့် ရာထူးမျိုးဖြစ်သည်။ အိန္ဒိယပြည်နှင့် မြန်မာပြည်တို့ကဲ့သို့ ကိုလိုနီများတွင် အင်္ဂလိပ်အလိုကျ အုပ်ချုပ်ပေးရသည်။ ပင်စင်ယူလျှင် အမှုထမ်းကောင်းဘွဲ့၊ ဆာဘွဲ့ စသည့် ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ချီးမြှောက်ခြင်း ခံရတတ်သည်။

သို့ဖြစ်သော်လည်း အိုင်စီအက် ဖောလစ်မှာ ဤအတန်းအစားထဲတွင် မပါ။ သူသည် အရေးပိုင်လုပ်ရင်း မြန်မာကျေးလက်နှင့် ရင်းနှီးလာသည်။ မြန်မာယဉ်ကျေးမှုထုံးစံ အစဉ်အလာတို့ကို လေးစားချစ်ခင်လာသည်။ မြန်မာ ယုံကြည်ကိုးကွယ်မှုကို လေ့လာလိုက်စားသည်။

အုပ်စိုးသူ အင်္ဂလိပ်က မြန်မာတွေကို လူရိုင်းများ၊ အတွေးအခေါ်အားဖြင့် နောက်တန်းကျသူများ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် မတန်သူများဟု မြင်သည်ကို ဖောလစ်က တဝ်နိုင်သမျှ ရေးဖျက်သည်။ "ဒီတိုင်းပြည် ဘုရင်မကြီး ဗေတိကနေမဝင်အင်ပါယာကြီး၏ ကြီးမြတ်ခြင်းကို ထိန်းသိမ်းရမည်" ဟုသော အင်္ဂလိပ်အိုင်စီအက်တို့၏ ကျင့်ဝတ်ကို သူ မခံယူ။ အအုပ်စိုးခံ မြန်မာတို့၏ သမိုင်းနှင့်အမှုကို "မြန်မာ့ရှေ့နေကြီး" သဖွယ် အပူတတ်သည်မှာ သူ၏ ကျင့်ဝတ်ကောင်းကို ဖြစ်လာသည်။ ၁၉၃၀ ဝန်းကျင်ကတည်းကပင် မြန်မာတို့သည် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ထိုက်တန်သူများ ဖြစ်သည်ဟူ၍ အခါအခွင့်ရတိုင်း ထုတ်ဖော်ပြောခဲ့သည်။ မြန်မာတို့အကြောင်းကို ဗြိတိသျှပါလီမန်က သိအောင် ဖောလစ်က မြန်မာခေါင်းဆောင်တို့အား အထောက်အကူပြု ရှာဖေးခဲ့သည်။ မြန်မာတွေကို

အင်္ဂလိပ်စာသို့ ပေါက်အောင် ပါလီမန်မှတစ်ဆင့် ဖောက်ပေးခဲ့သည်။ ဤမျှပင် မြန်မာပြည်အပေါ် သံယောဇဉ်ကြီးခဲ့သည်။

အိုင်စီအက်ဝန်ထမ်း ဖြစ်ခဲ့ပြီးသည်၊ ထိုအလုပ်တွင် သူ မပျော်လိုက်။ သူသည် စာပေဝါသနာ အထုံကြီးသူဖြစ်သည်။ အိုင်စီအက်ဆိုသည်မှာ အုပ်ချုပ်ရေးတွင် နစ်မြုပ်နေရသူ ဖြစ်သည်။ ပညာရှာမှီးဖို့ အခွင့်အလမ်း ပိတ်သွားပြီ။ မြန်မာပြည်လို ဆေးသိပ်မပေါ်သည့်ဒေသတွင် တောမြို့ကလေး တစ်မြို့၌ အချိန်တော် တော်များများ၊ အမှုစစ်ရင်း အချိန်ကုန်လွန်ခဲ့ရသည်။ သူ့တွင် စကားပြောဖော် ကောင်းကောင်းမရှိ၊ စာပေအနုပညာစကား ပြောစရာ လူမရှိ၊ အတွေးအခေါ်ပိုင်းတွင် ခေတ်နောက်ကျသည်ထက် နောက်ကျစရာသာ ရှိသည်။ ကမ္ဘာကြီး ဘာဖြစ်နေသည်ကို ဖျက်ချင်မသိရ၊ သူ အုပ်ချုပ်သည့် မြို့နယ် ကျေးရွာတို့တွင် အေးအေး ချမ်းချမ်းရှိပြီး အခွန်တော်မှန်မှန် ကောက်ခံရေးသည်သာ သူ့ကိစ္စ ဖြစ်လေသည်။ ကာလအတန်ကြာလာသော် သူသည် ထိုတောနေ ဆင်းရဲသားတို့ကို ချစ်ခင် နှစ်သက်လာသည်။ အနေရိုး အစားရိုးသည့် သူတို့ဘဝကို ကိုယ်ချင်းစာတတ် လာသည်။ ထိုအခါ တရားမျှတအောင် အုပ်ချုပ်ဖို့ ကြိုးစားလာရသည်။ ကျေးရွာ အနှံ့ လျှောက်လည်သည်။ အတိုင်အဖော မှန်သမျှကို နားထောင်ရသည်။ သို့နှင့် အုပ်ချုပ်ရေး အလုပ်တာဝန်တွေ ပိုသည်ထက် ပိုလာကာ စာရေးဖို့ စာပေလေ့လာဖို့ စိတ်မကူးနိုင်တော့။ ကြာသော် အိုင်စီအက် ဘဝကို ငြီးငွေ့လာသည်။ အလုပ် ပါကကျ အုပ်ချုပ်ရေးလုပ်ငန်းများမှာ စိတ်ဝင်စားစရာ ကောင်းသည်၊ ပျော်စရာ ကောင်းသည်ဟု ထင်မိသည်။ သို့နှင့် သူ့တာဝန်မှာ ခေတ်နောက်ကျနေသော အရှေ့တိုင်းသားတို့ကို ကြည့်ရှု စောင့်ရှောက်ကာ ပညာသင်ကြားပေးရသည့် သာသနာပြု လုပ်ငန်းမျိုး ဖြစ်သည်ဟု ယုံကြည်လာသည်။

"ဒီလိုနဲ့ အိုင်စီအက်တွေထဲက စာရေးဆရာ ဖြစ်လာနိုင်တဲ့ တချို့ဟာ ပျောက်ပျက်ကုန်ကြတယ်။ ပဲခူးတိုင်းမင်းကြီးဖြစ်တဲ့ ဆွစ်သင်ဗင်ဟာ လူတော် တစ်ယောက်ပါ။ စာရေးဆရာ ဖြစ်မလာဘူး။ ပင်စင်ယူတော့ သူ့ထူး မရိုးသေးသေး ရှိတယ်။ သူ့ပြုစုချက်အဖြစ် စာတစ်အုပ် ထွက်မလာခဲ့ဘူး။

"မစ္စတာအော်ဝဲလ်ကတော့ ဆွစ်သင်ဗင်လို မဟုတ်ဘူး။ သူက အိန္ဒိယမှာလိပ် [illegible] ပြီးတဲ့သူ ချွန်ကောင်စီ ယန္တရားကို စိတ်ပျက်တာနဲ့ [illegible] ထွက်တယ်။ စာရေးတယ်။ သူ့ဘဝဟာ အရာရှိလုပ်ဖို့ မဟုတ်ဘူး။ အရာရှိများလောကဟာ သူ့အဖို့ လူမှန် နေရာမှန် မဟုတ်ဘူး။ ဆိုတော့ သူ့ကိုယ်သူ သိတယ်။ [illegible] အလုပ်က ထွက်ပြီး စာပေလောကကို ဝင်တယ်"ဟု [illegible] ပြောပါသည်။

"ကျွန်တော်က သူတို့ နှစ်ယောက်ထက် ကံကောင်းတယ်။ အိုင်စီအက်စ် ရာထူးဝင်စော ဗိတိသျှ ဘုရင်မကြီးရဲ့ နေမဝင်အင်ပါယာကြီးကို ထိန်းသိမ်းရမယ် ဆိုတဲ့ အသိစိတ်မျိုးလည်း မရှိခဲ့ဘူး၊ မဝင်ခဲ့ဘူး။ အိုင်စီအက်စ်လုပ်ရင် လခကောင်းမယ်၊ လွတ်လပ်တယ်၊ အသစ်အဆန်းတွေ တွေ့ရမယ် လို့ပဲ အောက်မေ့မိတယ်။ အုပ်ချုပ်ရေး ဆိုတာကိုတော့ နည်းနည်းလေးမှ စိတ်မဝင်စားဘူး။

"ဒါပေမဲ့ ဝင်မိမှတော့ မိုက်ကြိတ်ပြီး စခန်းသွားရတော့တာပဲ။ အထက် အရာရှိတွေ သဘောက ဘယ်လို၊ သူတို့ ကြိုက်တာက ဘယ်လို ဆိုတာတွေ နားမလည်ဘူး။ သူတို့အကြိုက်ကို သိအောင် ကြိုးစားပြီး ကြိုးကြိုးကုတ်ကုတ် လုပ်တတ်တဲ့ ဝါသနာမျိုးလည်း မပါခဲ့ဘူး။ အဲဒီလို စရိုက်မျိုး ကျွန်တော့်မှာ မရှိဘူး။

"ဒါပေမဲ့ မြန်မာတွေကိုတော့ ချစ်ခင် နှစ်သက်လာတယ်။ ဒါကို အင်္ဂလိပ် အသိုင်းအဝိုင်းက မကြိုက်ဘူး ဆိုတာ သိပါရဲ့။ ဒါပေမဲ့ ပြုပြင်လို့ မရတော့ဘူး။ ၁၉၁၉ လောက်ကတည်းက အိုင်စီအက်စ် ဘဝက ထွက်ဖို့ စိတ်ကူးတာပဲ။ သို့ပေမဲ့ မရှိတော့ မအောင်မြင်ခဲ့ဘူး။ စာပေလောကနဲ့လည်း အဆက်အသွယ် မရသေးဘူး။

"ဒီလိုနဲ့ ၁၉၂၈ မှာ ရန်ကုန်ကို ခရိုင်တရားသူကြီး အဖြစ်နဲ့ ပြောင်းလာခဲ့ရတယ်။ အဲဒီရာထူးက ကျွန်တော့်ကို စာရေးဆရာဘဝ အရောက် တွန်းပို့လိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး။

"တာဝန်ကျေတဲ့ အမှုထမ်းအဖြစ်နဲ့ အစိုးရက ကျွန်တော့်ကို သဘောကျပါတယ်။ ဒါပေမဲ့ မြန်မာတွေဘက်က လိုက်လွန်းတယ်လို့ ထင်လာတယ်။ အဲဒီအချိန်မှာ အခြေအနေတွေက ပြောင်းလာတယ်။ မြန်မာပြည်ကို အုပ်ချုပ်ရေး သစ်တစ်ခု ပေးမယ့် အရိပ်အယောင် ပေါ်လာတယ်။ ဒီတော့ ဗျူရိုကရေစီ စနစ်ကို ကျစ်ကျစ်လျစ်လျစ်တည်းတည်း ကျင့်သုံးဖို့ဆိုတာ ခက်တယ် မဟုတ်လား။ ဒါပေမဲ့ အရာရှိကြီးကြီးငိုင်းနဲ့ အင်္ဂလိပ်ကုန်သည် လောကကတော့ လက်မခံဘူး။ ရှေးကလိုပဲ မာနီးအုပ်ချုပ်ချင်ကြတယ်၊ အင်္ဂလိပ် အကျိုးစီးပွားကို ရှေးရှုချင်ကြတယ်။ ခေတ်ပြောင်းလာပြီ၊ နိုးကြားလာကြပြီ။ ဒါတွေကို သူတို့ မသိဘူး။ အဲဒီမှာ ကျွန်တော် ဒုက္ခရောက်တာပဲ။ အရာရှိဘဝနဲ့ အောင်မြင်နိုင်ဖို့ လမ်းမမြင်တော့ဘူး။ ရာထူးတိုးဖို့ အကြောင်းမရှိတော့ဘူး"

ဤသည်မှာ ကောလစ်၏ ဖွင့်ဟဝန်ခံချက် တစ်ခုပင် ဖြစ်သည်။

ရန်ကုန် တရားသူကြီး အဖြစ် နောက်ဆုံး အမှုစစ်ဆေးပြီးသည့်အခါ ကောလစ်ကို တရားသူကြီး အဖြစ်မှ ရာထူးတိုးပေးပြီး ယစ်မျိုးမင်းကြီးအဖြစ် ခန့်ထားလိုက်ကြသည်။ ထို့နောက် ကောလစ်သည် နှင်မှုကား အင်္ဂလန်သို့ ပြန်လေ၏

ယင်းမှာ ၁၉၃၁ ခုနှစ်တွင် ဖြစ်သည်။ နှင်ထုတ်၍ အင်္ဂလန်မှ ပြန်လာသည့်အခါ မြိတ်မြို့သို့ အရေးပိုင်အဖြစ် ပို့ခံရသည်။ မြိတ်တွင် နှစ်နှစ်ကျော်နေပြီးနောက် အင်္ဂလန်သို့ ပြန်လာသည့်တွင် မြန်မာပြည်သည်လည်း အုပ်ချုပ်ရေး အသစ်ဖြင့် ရှိလာသည်။ ထိုအချိန်တွင် အိန္ဒိယမှ ခွဲ၍ ဝန်ထမ်းစည်းကမ်း ပြင်ဆင်သည် နှင့် တစ်နှစ် ပေါ်ကိုးရာ ပင်စင်ရသည့်တွင် ဟောလစ်လည်း အိုင်စီအက်စ်ဘဝမှ ပင်စင်ယူလိုက်လေသည်။

မြိတ်တွင် အရေးပိုင်အဖြစ် အမှုထမ်းစဉ် နှင့်တစ်သူ ဆင်ရှူးရယ်နိုက် ဆိုသူ၏ ကာလဦး၏ အဖြစ်စဉ် တစ်စိတ်တစ်ပိုင်းကို လေ့လာမှု ကြိုလာသည်။ ယင်းကို အကြောင်းပြု၍ ဆက်လက် လေ့လာပြီး သုတေသနပြုသည့်တွင် **ပျိုးဥယျာဉ်ဖိုက်** အမည်ဖြင့် အတ္ထုပ္ပတ္တိတစ်စုကို စောင် ရေးသားသည်။ ဤစာအုပ်သည် ဟောလစ်အား စာရေးဆရာ ဘဝသို့ အရောက်ပို့ခဲ့သည့် စာအုပ် ဖြစ်လေသည်။

ယင်းသို့ အောင်မြင်မှု ရရှိမှ သူ့စိတ်အား ကြီးထိတ်ရ၍လေ၏ **မှန်နန်းရာဇဝင်** ဘာသာပြန်ကို ဖတ်မိသည့်တွင် **မိဖုရားစော** ဝတ္ထုကို ရေးနှင့်ကြိုလာသည်။ **မိဖုရားစော**မှာလည်း အောင်မြင်သည်။ အောက်စဖို့တက္ကသိုလ်က ကျောင်းနေဖက် ဘော်မရိုးမတာကလည်း "ဒေဝ အင် ဒေဝ" စာအုပ်တိုက် ထောင်။ ဖြစ်ရာ ဟောလစ်မှာ ထုတ်ဝေသူ အလုပ်ကြီး ရခဲ့လေ၏။ ထေကား သူ့ကို နောက်စာအုပ် အတွက် ကြိုတင်ငွေပေးကာ ဆက်လက် အရေးခိုင်းသည့်တွင် **မြန်မာပြည် အတွေ့အကြုံများ** စာအုပ် ဖြစ်ပေါ်လာရလေသည်။

**မြန်မာပြည် အတွေ့အကြုံများ**ကို ၁၉၃၈ တွင် ထုတ်ဝေသည်။ ထိုစာအုပ် ထွက်သည့်အခါ ဟောလစ်သည် မြန်မာပြည်သို့ ရောက်နေသည်။ ရှမ်းပြည်နယ် တစ်နေရာ ခရီးလှည့်ရာမှ ပြန်လာပြီးနောက် အင်္ဂလန်သို့ပြန်ရန် ရန်ကုန်၌ သင်္ဘော စောင့်နေစဉ် ဤစာအုပ်သစ်သည် ဆူးလေဘုရားလမ်းရှိ **စမတ်အင်မူကာဒမ်** စာအုပ်ဆိုင်သို့ ရောက်လာခဲ့သည်။ ထိုအခါ ရန်ကုန် အင်္ဂလိပ် အသိုင်းအဝိုင်းက မှာယူဖတ်ရှုကြသဖြင့် မိရှသောဘ်ဖြင့် မြန်မာပြည်မှ အမြန်ထွက်ခွာရသည်။

အင်္ဂလိပ် စာအုပ်ထုတ်ဝေရေးလောကက **မြန်မာပြည် အတွေ့အကြုံများ**ကို ကြိုလက်၏ ထိပ်တန်းစာအုပ်ကောင်းအဖြစ် ချီးကျူးကြသည်။ ယင်းကို အကြောင်းပြု၍ အင်္ဂလိပ်လူမျိုးတို့သည် မြန်မာပြည်အကြောင်းကို စိတ်ဝင်စားလာကြသည်။ ဟောလစ်နှင့် ဘဝတူ အိုင်စီအက်စ်တစ်ယောက် ဖြစ်သည့် ဂျေ၊ ဖော ကောင်ဒိုက **မြန်မာပြည် အတွေ့အကြုံများ**ကို ဖတ်ပြီး ဟောလစ်ထံသို့ မြန်မာပြည်မှ စာရေးကာ ချီးကျူးသည်။ သူ့စာတွင် "ကျွန်တော်လည်း ခင်ဗျား

**အတွေ့အကြုံများ**အကြောင်း၊ အဲဒီအထဲ ဘာတွေပါကြောင်း ကာန်းနလစ်ကို အ ပါး၏ ပြောခဲ့တယ်ဆိုင်တွေ။ ဒီတော့ ကာန်းနလစ် မျက်နှာဟာ အိုလာပြီ၊ မည်းသည့်ထက် မည်းလာတော့တာပဲ။ အဲဒီလို ဖြစ်နေတဲ့ သူ့မျက်နှာကို ကြည့်ပြီး ကျွန်တော့်စိတ်ထဲမှာ အိမ်ကို ကျေနပ်သွားတာပဲဗျာ"

ဂျတ်တော်ကာန်းနလစ်သည် **မြန်မာပြည် အတွေ့အကြုံများ**ကို အကြောင်းပြု၍ ကောလစ်အား အသရေဖျက်မှုဖြင့် တရားစွဲရန် ရှေ့နေများနှင့် တိုင်ပင်သည်။ သို့သော်လည်း သူတိုင်ပင်သည့် ရှေ့နေများက တရားစွဲလျှင် နိုင်ဖို့ အကြောင်း မမြင်ဟု ပြောသဖြင့် လက်လျှော့လိုက်ရသည်ဟု ဆိုသည်။

ဤသို့ဖြင့်ကား စာရေးသူ မောရစ်ကောလစ်အကြောင်း သိသာလောက်ပြီ။

စာရေးသူ မောရစ်ကောလစ်သည် မြန်မာစာအတော်ပရိသတ်နှင့် စိမ်းသူ မဟုတ်ပါ။ သူ့စာအုပ် အများအပြားကို မြန်မာပြန်ဆိုပြီး ဖြစ်ပါသည်။ သူ့စာအုပ် အများအပြားမှာလည်း မြန်မာ့ရေမြေတွင် သရုပ်တည်သည့် စာအုပ်များ၊ ဝတ္ထုများ ဖြစ်ပါသည်။ ယင်းတို့အနက် **ရှေ့မှာလား၊ မီးရထားစောဝ၊ Siamese White, Last and First in Myanmar** တို့မှာ ထင်ရှား လူကြိုက်များသည့် စာအုပ်များ ဖြစ်ပါသည်။

သူ၏ နောက်ဆုံးထုတ် စာအုပ်မှာ **The Journey Up (စာရေးဆရာ မော်ကာသို့)** ဟူသော ကိုယ်ရေးအတ္ထုပ္ပတ္တိပင် ဖြစ်ပါသည်။

ကောလစ်သည် ၁၉၇၂ တွင် အင်္ဂလန်၌ ကွယ်လွန်ခဲ့လေသည်။ ။

**ကျော်အောင်**

၁၅-၁၀-၈၃

၁

## ၁။ ဆောလဆိုး ကောလိပ်

၁၉၂၇ ဒီဇင်ဘာလ၏ နောက်ဆုံးသော တစ်ညနေခင်း။

ဂေါ်ဖရီမာဘာနှင့် ကျွန်တော်တို့ နှစ်ယောက်သည် လန်ခနိမြို့မှ အောက်စဖို့ တက္ကသိုလ်သို့ ထွက်လာခဲ့ကြသည်။ လန်ခနိမြို့ပြင် ရောက်လျှင် မြူနှင်းတွေ ကျလာသည်။ ရှက်ရှင်းလိုလိုမင် ဝိန်းဝိတ်အောင် မှုန်မှိုင်းလာသည်။ မြူနှင်းမှာ တဖြည်းဖြည်း သိပ်သည်းလာသဖြင့် ကျွန်တော်မှာ ကားကို ဆက်မမောင်းနိုင် တော့ဘဲ ရပ်လိုက်ရသည်။ ဂေါ်ဖရီသည် ကားပေါ်မှ ဆင်းကာ ရှေ့က လျှောက် သည်။ ကျွန်တော်မှာ နံပါတ်တစ် ဂီယာထိုးပြီး ဖြည်းဖြည်းမောင်းရင်း သူ့နောက်သို့ တဝါးဝါး လိုက်ရသည်။ အောက်စဖို့နှင့် မိုင်ငါးဆယ် ဝေးသေးသည်။ အလင်းရောင် လုံးဝ မမြင်ရတော့ဘဲ မှောင်မည်းလာသည်။ သည်နှုန်းအတိုင်း သွားမည် ဆိုလျှင် အောက်စဖို့သို့ တော်တော်နှင့် ရောက်နိုင်ဖွယ် မမြင်။ သို့သော် လည်း မတတ်သာသောကြောင့် ရှေ့သို့ တစ်လှမ်းချင်း တိုးရသည်။ နောက်ပြန်ဆုတ်၍ မဖြစ်နိုင်တော့ပြီ။ ကျွန်တော်တို့ နှမောင်းသဖြင့် အကျိုးကျေးဇူး ခံစားရသည်။ နာရီဝက်ခန့်ကြာလျှင် နှင်းပါးသွားသည်။ ဂေါ်ဖရီလည်း ကားပေါ် ပြန်တက်သည်။ ထို့ကြောင့် ခရီးလမ်းမှာ မသာယာလှ။ တစ်နေရာတွင် လမ်းပေါ်သို့ သစ်ပင်ကြီး တစ်ပင် လဲကျနေသဖြင့် ကားနှင့် ရှောင်မလွှတ်ဖြစ်နေသည်။ မနည်းပင် ရှောင် ကွင်းကာ မောင်းမှ လမ်းအေးအကျွတ် ရှောသွားရွာ ခရီးဆက်နိုင်သည်။ ညဉ့် ဆယ်နာရီခွဲခန့်တွင် ကျွန်တော်တို့ကားသည် မက်ဒါလင်တံတားကို ဖြတ်ခဲ့ပြီးနောက် မကြာမီ ဆောလဆိုး ကောလိပ်တံခါးဝသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ ကြသည်။

ကျွန်တော်ကို လီယိုနယ်ကားတစ်စီး အဝန်းတွင် ... ပါ ... သည်။ ဆုံစည်းရာ ဆန်းကြယ်သည်။ ... 

လှုပ်လှုပ်ရှားရှား ဘာမှ မရှိဘူး။ အဲဒီ ဘဝမျိုးကို ခင်ဗျား သည်းခံနိုင်မှာ မဟုတ်ဘူး"

"ဒါနဲ့ မှော်ဆရာတော်ဝယ် ဘယ်ရောက်သွားသလဲ"

"စစ်ထဲ ဝင်ပြီး စစ်မြေပြင်မှာ ကျဆုံးသွားတယ်လေ"

သည်လိုဆိုတော့ ကျွန်တော့်မှာ ထဲကကောင်းသူ ဖြစ်နေပြီ။ ကျွန်တော့်နေရာကို သူ မှုသွားပါလားဟု တွေးကာ ငေးနေမိသည်။ အကယ်၍ ကျွန်တော်သာ စာထဲမှာ နေရလျှင် ကံကြမ္မာတစ်မျိုး ကြုံတွေ့ နိုင်သည်။ ကျွန်တော့်ကို ထင်မိထင်ရာ လှုပ်ရှားလှုပ်ရှားလုပ်တတ်သူအဖို့ ဘယ်လို ကြမ္မာနှင့် ရင်ဆိုင်ရမည်လဲ ဆိုသည်မှာ မှန်းဆနိုင်သည့်ကိစ္စ ဖြစ်သည်။ အောက်စဖို့မှာ မနေတော့ဘဲ မြန်မာပြည်သို့ အုပ်ချုပ်ရေးဝန်ထမ်းအဖြစ် ရောက်လာခဲ့သည်မှာ တစ်နည်းအားဖြင့် ကံကောင်းသည် ဆိုရမည်။

"မကြာခင် မြန်မာပြည်ကို ပြန်တော့မယ် မဟုတ်လား" သူက မေးသည်။

မှန်ပါသည်။ ကျွန်တော် ရှင်ရက်သည် ကုန်ဆုံးခါနီးပြီ။ လေမော်ဝါနီလတွင် ပြန်ရမည်ဟု ဖြေလိုက်သည်။

ထမင်းစားပြီးသည့်အခါ မော်ဝဲမှုပေတာက ကျွန်တော်သည် မြန်မာပြည်မှ ခွင့်ယူကာ ပြန်လာသည့် အိုင်စီအက်စ်တစ်ယောက် ဖြစ်ကြောင်းနှင့် စာရွှန်ဆိုင်မှုန်နှင့် မိတ်ဆက်ပေးသည်။

"မြန်မာပြည်က ... ဟုတ်လား၊ အင်းနှစ်ဆီကလား"

အင်းနှစ်သည် မြန်မာပြည်၏ လက်ရှိဘုရင်မံ ဖြစ်သည်။ ထိုနောက် စာရွှန်ဆိုင်မှုန်က ကျွန်တော့်အား မြန်မာပြည်နှင့် ပတ်သက်ပြီး သူသိချင်သည်တို့ကို ဆက်လက်မေးမြန်းသည်။

"နောက်နှစ် ဒီအချိန်လောက်မှ မြန်မာပြည်ကို ရောက်နိုင်မယ် ထင်တာပဲ၊ သိပ် မဝေးတော့ပါဘူး။ အဲဒီတော့ ခင်ဗျား ဘယ်မှာ ရှိနေမလဲ"

"အသေအချာတော့ မပြောနိုင်ဘူး ခင်ဗျ၊ ဒါပေမဲ့ ကျွန်တော်တို့ တွေ့နိုင်ချိန်တော့ ရှိပါလိမ့်မယ်"

ထို့နောက် စာရွှန်သည် အခြား မိတ်ဆွေတစ်ယောက်နှင့် တွေ့ကာ စကားဆိုင်းလျှံ နေလေသည်။

## ၂၈ ဇရာဝတီ မြစ်ကမ်းတစ်နေရာ

မကြာမီအချိန်မှာပင် မြန်မာပြည် အတွင်းဝန်ရုံးမှ အမိန့်စာတစ်စောင် ရောက်လာသည်။ ခွင့်ရက်ရှိနေလျှင် ကျွန်တော်သည် စစ်ကိုင်းခရိုင်၏ အရေးပိုင် တာဝန်

ဓလ္လေ့ရေးကို ပမှုနည်း ဖြစ်သည်။ ၁၉၁၂ တွင် စစ်ကိုင်းမြို့၌ ကျွန်တော် နေခဲ့ရသည်။ မြန်မာပြည်အလယ်ပိုင်းမှ တော်မြို့ တစ်ခု ဖြစ်သည်ကို ကျွန်တော် အမှတ်ရလာသည်။ စစ်ကိုင်းသည် ဧရာဝတီ မြစ်ကမ်းနံဘေးတွင် တည်ရှိသည့် မြို့ကလေးတစ်မြို့ ဖြစ်သည်။ တစ်ဖက်ကမ်းတွင် ရှေးမြို့တော်များ ဖြစ်သည့် အင်းဝ၊ မန္တလေး စသည့် မြို့များ တည်ရှိသည်။ စစ်ကိုင်းသည်လည်း တစ်ချိန်က မင်းနေပြည် မြို့တော်ဟောင်းတစ်ခု ဖြစ်ခဲ့သည်။ နိုင်ငံခြားပြည်ထောင်တစ်ခု ဖြစ်သည့် တရုတ်ပြည် မင်းမင်းဆက်၏ နောက်ဆုံးမင်းဖြစ်သည့် ယွန်လီသည် ၁၆၆၁ တွင် ရှမ်းမင်း၏ ရန်မှ ပုန်းရှောင်ထွက်ပြေးလာပြီး စစ်ကိုင်းတွင် နှစ်လ နေထိုင်ခဲ့သည်။ သို့သော်လည်း စစ်ကိုင်းမှာ ယခုအခါတွင် တိတ်ဆိတ် အေးချမ်းသည့် မြို့ကလေး တစ်ခု ဖြစ်နေပြီး မကြာမီမှာပင် ထိုမြို့သို့ ပြန်ရောက်ရမည်ဟူသည် ဖြစ်သဖြင့် ဘာတွေများ အသစ်အဆန်းတွေ တွေ့ရမည်လဲဟု စဉ်းစားနေမိသည်။

နောက်တစ်လ အကြာတွင် ကျွန်တော်သည် အထုပ်အပိုးတို့ကို သယ်ဆောင်ကာ စစ်ကိုင်းမြို့ အရှေ့ဘက်ကမ်းသို့ ရောက်လာသည်။ ဧရာဝတီမြစ်ကမ်းမှ အနောက်ဘက် စစ်ကိုင်းရှိရာသို့ မျှော်ကြည့်မိသည်။ စစ်ကိုင်းမြို့ လေးမှာ မီးရောင်လက်လက်ဖြင့် အသက်ဝင်နေသည်။ မြို့၏နောက်ဘက်တွင် ရွှေရောင် တဝင်းဝင်း တောက်ပနေသည့် ဘုရား ကျောင်းကန်များ တည်ရှိရာ စစ်ကိုင်း တောင်ရိုးကို လှမ်းမြင်နေရသည်။

ထိုဒေသသည် ဗုဒ္ဓသာသနာ စည်ပင်ဖွံ့ဖြိုးရာ ဒေသဖြစ်သည်။ အေးချမ်းသာယာသည်။ တိတ်ဆိတ်သည်။ လန်ဒန်မြို့ လို ရှုပ်ယှက်ခတ်နေရာမှ စစ်ကိုင်းမြို့ လို တိတ်ဆိတ်သည့် နေရာသို့ ပြန်းခနဲ ရောက်လာရသဖြင့် အပြောင်းအလဲမြန်သည့် အဖြစ်ကို ရုတ်တရက် မစားလိုက်ရသည်။ တစ်ဖက်ကမ်းသို့ ကူးလာခဲ့ပြီး ကျွန်တော်ကို ကြိုဆိုသူများအား နှုတ်ဆက်ကာ အသွားအလာ သာယာလှကြောင်းတို့ ပြောရသည်။ မိတ်ဆွေဟောင်းများ၏ အရိပ်အာဝါသနှင့် ကျွန်တော်တို့ ပြောဆိုကြရင်း မြို့ထဲသို့ လာခဲ့ကြသည်။

စစ်ကိုင်းမြို့သည် ယခုအခါတွင် ကျွန်တော်အဖို့ ထူးဆန်းသည့် နေရာ တစ်ခု ဖြစ်နေသည်။ မရောက်ဖူးသည့် ဒေသတစ်ခုသို့ ပြန်းခနဲ ရောက်လာသလို ခံစားရသည်။ ကိုယ်ဝင်ခဲ့သည့် တံခါးသည်လည်း ကိုယ့်နောက်တွင် ပိတ်သွားပြီး ကိုယ့်ရှေ့မှာ ဘာတွေ ရှိသည်ကိုပင် ရုတ်တရက် ခန့်မှန်းမရ မြင်တွေ့ရသော အထူးအဆန်းများ ဖြစ်နေသည်။ မြန်မာပြည်တွင် ကျွန်တော် အနေကြာခဲ့သော်ငြား မြန်မာတို့အကြောင်း ဂုဏ်သတင်းများ သိထားပြီးမှ အသစ် ရောက်နေပြန်သည်။

နေပြေးမပြေး ရောက်နေသလား ဟု အောက်မေ့မိလာသည်။ ကျွန်တော်မှာ မြန်မာမြေ မနင်းဖူးသည့် သူစိမ်းတစ်ရပ် တစ်ယောက်နှင့် တူနေသည်။

စစ်ကိုင်းမြို့သည် ထူးခြားသည့် တစ်နေ့တစ်ရက်ကို မျှော်လင့်နေသည်။ မကြာမီအတွင်း၊ တစ်နေ့တစ်ရာ ထူးခြားမည့် အခြေအနေမျိုး ဆိုက်ရောက်လာနိုင်စရာ ရှိသည်ကို ကြိုတင် ခန့်မှန်းနေကြသည်။ သူတို့မြို့သို့ ဘုရင်ခံ ဆာ[illegible]အင်းနစ် တိုင်းခန်း လှည့်လည်လာမည်ဖြစ်ကြောင်း သတင်းပေးထားပြီး ဖြစ်သည်။

'မတ် ၁၄ မှာ ဘုရင်ခံမင်းမြတ် ရောက်လာလိမ့်မယ်' ဟု စစ်ကိုင်းတိုင်းမင်းကြီးက ကျွန်တော်ကို အသိပေးသည်။ 'ကြိုဆိုဖို့ အစီအစဉ်တွေကို ဆောင်ရွက်ပေးမှာ၊ အားလုံး ခင်ဗျား တာဝန်ယူရမယ်' ဟု သူက ဆိုသည်။

သို့ဖြစ်ရာ ဘုရင်ခံကို ကြိုဆိုစည်ခံရန် အစီအစဉ်များကို ပြင်ဆင်ရသည်။

မြန်မာတို့သည် မဏ္ဍပ် ဆောက်လုပ်သည့် အတတ်ပညာ၌ ထူးချွန်ကြသူများ ဖြစ်သည်။ ဝါးနှင့် ရောင်စုံစက္ကူတို့ကို အသုံးပြုကာ ရေသေ ကမ်းနားတွင် ယာယီ မဏ္ဍပ်တစ်ခု ဆောက်လုပ်ရသည်။ သီပေါဘုရင်၏ မန္တလေးနန်းတော် ညီလာခံခန်းမ ပုံစံနှင့် တူသည့် မဏ္ဍပ်ကြီးသည် ပြောင်လက်တောက်ပစွာပင် မြစ်ကမ်းဘေး၌ မားမားထီးထီး ပေါ်ထွက်လာသည်။ ကျွန်တော့်စိတ်ထဲတွင် မဏ္ဍပ်နှင့် ပတ်သက်ပြီး ဘဝင်မကျနိုင်သည့် ကိစ္စတစ်ခုကို တွေ့ရသည်။ ယင်းမှာ မဏ္ဍပ်အမိုးအဖြစ် စက္ကူများကို သွပ်ချပ်များသဖွယ် ဖန်တီးထားခြင်းပင် ဖြစ်သည်။ ရုတ်တရက်ကြည့်လျှင် တကယ့်သွပ်ပြားနှင့် တူသည်။ မြန်မာတို့သည် အိမ်အမိုး မှည်းအဖြစ် သက်ငယ်ကိုသာ အသုံးပြုကြသည်။ လမ်းဌာန၏ အစီအမံဖြင့် သွပ်ပြားများ အစားထိုးသည်မှာ မကြာသေးပေ။ မီးရှောက်ဘေးအန္တရာယ်ကင်းသည်၊ စိတ်ချရသည်။ တာရှည်လည်း ခံသည်။ ဘုရင်ခံ မင်းမြတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာလက်သမားကျော်တို့သည် ခေတ်မီမဏ္ဍပ်ကို အစွမ်းကုန် ပြင်ဆင် ဆောက်လုပ်ကြသည်။

ဘုရင်ခံ ရောက်လာသည့် နေ့တွင် စစ်ကိုင်းမြို့၏ ကျက်သရေဆောင် အရာရှိများ၊ ကတော်မယားများ၊ မြူနီစီပယ် လူကြီးများ အစုံအညီ မဏ္ဍပ်တွင်း၌ နေရာယူလျက် ရှိကြသည်။ မြို့သူ မြို့သားများကိုမူ တစ်ဦးတစ်ယောက်မျှ မမြင်ရ။ အစိုးရ အရာရှိများသည်သာ တရားဝင် ဖိတ်ကြားခံသူများအဖြစ် အစုံအညီ ရောက်နေကြသည်။ ဆာ ချား အင်းနစ်သည် သင်္ဘောမှ ဆင်းကာ စစ်ကိုင်းဆိပ်ကမ်းသို့ ရောက်လာသည်။ သူသည် ခန့်ညားချောမောလှ တစ်ယောက်ဖြစ်သည်။ မဏ္ဍပ်တွင်း ရောက်ရှိလာသည့်အခါ စစ်ကိုင်းမြို့ရှိ အကောင်းဆုံး ကုလားထိုင်တွင် သူ့ကို

ထိုင်နေသည်။ ထို့နောက် မြူနီစီပယ် ဥက္ကဋ္ဌက ဝမ်းပန်းတသာ ကြိုဆိုသည့် ကြိုဆိုစာတမ်းကို ဖတ်ကြားသည်။ ဘုရင်ခံက အလေးတယူ နားထောင်သည်။

မဏ္ဍပ်ပြင်ဘက်တွင် ပုလိပ် အစောင့်ကိုသာ တွေ့ရသည်။ မြို့သူမြို့သား တစ်ယောက်တလေမျှ မရှိ။ မဏ္ဍပ်ရှေ့ရှိ ဧရာဝတီမြစ်ကြီးသည်လည်း တငြိမ့်ငြိမ့် စီးဆင်းနေသည်။ မဏ္ဍပ်၏ ပြာသာဒ်ထိပ်တွင်မူ အလံများသည် လေထဲ၌ တဖျပ်ဖျပ် လွင့်နေသည်။ ဘုရင်ခံ ရောက်လာသည့် အခမ်းအနားမှာ ခြောက်ကပ်ကပ် နိုင်လှသည်ဟု ထင်မိသည်။ သို့တိုင်အောင် ဆာ ချား အင်းနစ် အဖို့မူ ဤအခမ်းအနားကို နေ့စဉ် ရုံးတက်ရုံးဆင်း ဝတ္တရားသဘောမျိုးလောက်သာ ယူဆဟန် တူသည်ဟု ထင်မိသည်။

ဤသည်မှာ တောမြို့လေး တစ်မြို့တွင် ၁၉၂၈ ၌ တွေ့ကြုံရသည့် နိုင်ငံ အုပ်ချုပ်ရေး၏ ရှုခင်းတစ်ခု ဖြစ်လေသည်။

ထို့နောက် တိုင်းမင်းကြီး၏ ဧည့်ခန်းတွင် ဆာချားအင်းနစ်နှင့် တွေ့ဆုံ သိကျွမ်းရသည်။ တိုင်းမင်းကြီးက မိတ်ဆက်ပေးသည်။ ဘုရင်ခံ၏ အမူအရာမှာ သိမ်မွေ့သည်။ ဖော်ရွေစွာ ပြောဆိုဆက်ဆံသဖြင့် ကျွန်တော်အဖို့ သူ့အောက် ဆယ်နှစ်လောက် နောက်ကျသော အမှုထမ်းဘဝသို့ ဝင်လာသည့် အရာရှိငယ် တစ်ယောက် အဖြစ်ကိုပင် မေ့သွားသည်။ သူက ကျွန်တော့်ကို လက်အောက်ငယ်သားကို မဆက်ဆံ။ အင်္ဂလိပ်မိတ်ဆွေ နှစ်ယောက် အလာလာအသွားသွား ပြောဆိုနေကြသလို အတိုင်း ကျွန်တော်တို့နှစ်ယောက် စကားလက်ဆုံ ကျနေကြသည်။ ဆာက မော်သတ်သည်ပင် ကျွန်တော်တို့ ပြောဆိုနေသည်ကို တအံ့တဩ ပါးစပ် အဟောင်းသားနှင့် ငေးကြည့်နေကြသည်။

သူ ရောက်လာသည့် ဆိုင်မွန်ကော်မရှင် ကိစ္စအကြောင်း ပြောဖြစ်ကြသည်။ ကော်မရှင်သည် အိန္ဒိယပြည်သို့ ရောက်ခဲ့ပြီ။ အိန္ဒိယက ဆိုင်မွန်အား အလံနက်လွှင့်ကာ ကြိုဆိုသည်။ 'ဆိုင်မွန် ပြန်သွား' ဟု ဆိုင်းကြီးနှုတ်ဆက်ကြသည်။

'ဒီအဖြစ်မျိုးတော့ စစ်ကိုင်းမှာ ကြုံရဖို့ မရှိပါဘူး ခင်ဗျာ' ကျွန်တော်က မာမာကျ ဆိုလိုက်သည်။

မြန်မာတို့သည် ဤမျှရိုင်းစိုင်းသူများ မဟုတ်သည်ကို ကျွန်တော် သိထားသည်။ ဘုရင်ခံကလည်း ကျွန်တော့်စကားကို ထောက်ခံသဘောတူသည်။ 'အဲဒါ မြန်မြန် ပျံ့တော့ စစ်ကိုင်းကို ရောက်လာဖို့ မရှိပါဘူး' ဟု ဘုရင်ခံက ဆိုသည်။

ထိုစကားကြောင့် စိတ်ထဲတွင် မကျေမနပ် ဖြစ်မိသည်။ စစ်ကိုင်း မြို့သည် ရှုပ်ယှက်ရေးဘက်က အရေးနိုက်လောက်သည့် မြို့မဟုတ်ဘဲ မူမကြောက် တွေသည်။ မည်သို့ဖြစ်စေ အရေးကြီးသည့် အဖြစ်အပျက်ကိုသည် မကြုံမီ

ဖြစ်ပေါ်လာတော့မည်မှာ သေချာသည်။ မြန်မာစာပေသည် ရပ်တန့်နေသည်မှာ ကြာပြီ။ ယခုမှ နိုးထလာသော တက်လာပြီ။ သူ့အရေးကိစ္စကို အင်္ဂလန်က နားစိုက်ခဲ့မည်ဆိုလျှင် မြန်မာအရေးအခွဲအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာမည် ဖြစ်သည်။ သို့သော် စစ်ကိုင်းသို့ ဘောလုံးဆိုင်မှန် ရောက်လာမည် မဟုတ်ဟု ဆိုခြင်းက ဆက်လက် စိတ်ဝင်စားစရာ မရှိတော့သည့် အဖြစ်မျိုးနှင့် ကြုံလာရသည်။ သို့ရာတွင်လည်း စကား၏ ပြတ်သွားမည်စိုးသဖြင့် ဘုရင်ခံနှင့် ဆက်လက် စကားပြောရသည်။

နောက် တစ်ယောက်နှင့် စကားပြောရန် အလှည့်ပေးရမည် ဖြစ်ရာ သာများက ကျွန်တော့်အား ယဉ်ကျေးစွာပင် 'စကားလစ်အရို့ ဒီဝေဒသသေသစ်ကို သဘောကျ နှစ်သက်မှာပါပဲနော်' ဟု စကားဖြတ်သည်။

'ဟုတ်ကဲ့ ခင်ဗျာ ကြိုက်နှစ်သက်တယ် မိုးပါတော့'ဟု အလိုက်သင့် ပြန်ပြောလိုက်ရသော်လည်း ပြည်နှင်ဒဏ် ပေးခံရသူကို မမေ့နိုင်ပေသည်။

စစ်ကိုင်းမြို့တွင် နေရသည်ကိုပင် စိတ်ထဲမှာ တသုန်သုန်နေ ဖြစ်နေမိသည်။ အမှန်စင်စစ် ကြုံသည်တွင် မပျော်လိုက်သည်ကို ကျွန်တော် သိသည်။ သို့တိုင်အောင် ကြုံသည့် ကျွန်တော့်အား ငိုသူမှာ ဘုရင်ခံ ကိုယ်တိုင် ဖြစ်နေရာ မနေချင်လို့လည်း ပြန်ပြင်လို့ ရသည့်ကိစ္စ မဟုတ်မှန်း ကျွန်တော် နားလည်မိသည်။ သူကမူ စစ်ကိုင်းတွင် ကျွန်တော်ကို နေရာချထားလိုက်ပြီ။ ကျွန်တော့်စိတ်ထဲက သူ နေရာချထားမှုကို ကန့်ကွက် ငြင်းဆန်လျက် ရှိနေသည်။

## ၃။ သိုက်ဆရာ

ဘုရင်ခံ ပြန်သွားလျှင် ကျွန်တော်လည်း စစ်ကိုင်းတွင် ပျော်လိုက်အောင် နေထိုင်သွားရန် ကြိုးစားရသည်။ အရေးပိုင်အိမ်သည် ဧရာဝတီ မြစ်ကမ်းနဖူးတွင် တည်ရှိသည်။ ညနေရောက်လျှင် ရာသီဥတုမှာ အေးမြလာသည်။ ဝါတက်တွင် ဆီးနှင်းကို အမည်လျော့နိုင်ရောက်လျှင် စစ်ကိုင်းရာသီဥတုမှာ မှုန်မှိုင်း ပြောင်းလဲလာသည်။ နေမွန်းသည် တဖြည်းဖြည်း မြင့်တက်လာသည်။ မြစ်ရေကလည်း တက်လာသည်။ တလှ လေပြောက်များ တိုက်သည်။ မြေများ ပေါ်ကြားလာသည်။ သို့သော်လည်း ဧရာဝတီမြစ်သည် ရှစ်ဆူစင်တောက်ပနေသောင်းသည့် ရွှေတိုးပေါင်ကို ဖြတ်ကာ တပြုံးပြုံးစီးနေသည်။

ကမ်းနဖူးတွင် မန်ကျည်းပင်များ ပေါက်လျက် ရှိရာ အရိပ်အာဝါသ ကောင်းလှသည်။ မန်ကျည်းရွက်စိမ်းစိမ်း၏ အရိပ်တွင် နေပြောက်တစ်ကွက်မှ မကြာလာ၏ နီရဲရဲ အဆင်းကို ဆောင်သည့် စိန်ပန်းပွင့်တို့သည် စစ်ကိုင်းရွှေ

အလှကျက်သရေကို တစ်မျိုး ဖြိုးဝေစေသည်။ အင်္ဂလိပ်ရှုခင်းကို မြင်နေကျ ကျွန်တော့်အဖို့ စိန်ပန်း၏ အဆင်းသည် မျက်စိကို မှုံ၍ ကျိန်းစေသည်။

ညနေအချိန်တော့တွင် မြောက်ဘက်မြစ်ကမ်းအတိုင်း လမ်းလျှောက်လေ့ရှိသည်။ စိန်ပန်းသည် မရှိ။ သို့သော် အခြားပန်းရနံ့တို့ ကြိုင်သင်းနေသဖြင့် စက်ကိုင်း ညနေခင်းတို့မှာ သာယာသည်။

မြောက်ဘက် တစ်ဖက်ကမ်းတွင် အင်းဝမြို့ဟောင်း ရှိသည်။ ထိုဒေသ၊ ထိုအရပ်မှသည် မှန်နန်းရာဇဝင်ကြီးကို ပြုစုခဲ့ကြသည်။ ယခုမူ နန်းမြို့ဟောင်းမှာ ပြိုပျက်နေပြီ။ ညောင်ပင်များနှင့် အခြား မြွေနွယ်သစ်ပင်တို့ ဖုံးဆီးသဖြင့် ပျက်စီးကာ တောအုပ် ဖြစ်နေပြီ။ ဘုရားညို ဘုရားပျက်တို့မှာ လင်းနို့များ အိပ်တန်းတက် နိုင်လောက်ရာ ဒေသများ ဖြစ်နေပြီ။ နန်းမြို့နေရာတွင် ယခု လယ်ကွင်းများ ဖြစ်လာသည်။ အင်းဝပျက်သုဉ်းသည်မှာ နှစ်ပေါင်းတစ်ရာ ရှိနေပြီ။ တစ်ချိန်က နန်းမြို့နေရာတွင် ယခု ရွာငယ်ကလေးများ အခြေစိုက်လျက် ရှိနေသည်။

ညနေခင်းတွင် ကျွန်တော်သည် အင်းဝဘက်ကမ်းသို့ ကူးလာခဲ့သည်။ လယ်ကွင်းတစ်ခုဘေးတွင် တဲငယ်တစ်ခုနှင့် လူစုလူဝေးကို တွေ့ရသည်။ လူတစ်စုသည် တဲတစ်နေရာတွင် ထိုင်နေကြပြီး ကွင်းလယ်သို့ စူးစိုက်ကြည့်နေကြသည်။ ကွင်းလယ်၌ ကြိုးဝိုင်းတစ်ခုအတွင်း အလယ်မြှုတ်ထိုးကာ အဘိုးအိုတစ်ယောက်သည် မြေကြီးတွင် ကျင်းတစ်ခု တူးရှာနေသည်။

ကျွန်တော်နှင့် အတူပါလာသည့် စာရေးကြီးဘက်သို့ လှည့်ကာ –

'ဟိုမှာ ဘာလုပ်နေတာလဲ' ဟု မေးမိသည်။

'သိုက်ဆရာတစ်ယောက် သိုက်တူးနေတာပါ'

စာရေးကြီးက ခပ်အေးအေးပင် အဖြေပေးသည်။

'လယ်တဲဆီ သွားကြမယ်၊ သူတို့နဲ့ စကားစမြည် ပြောကြည့်ကြမယ်'

ကျွန်တော့်စာရေးမှာ ခပ်ငယ်ငယ်ပင် ဖြစ်သည်။ သွက်လက်ချက်ချာသည်။ မှာက ကျွန်တော့်ထက် စိတ်အားထက်သန်နေဟန် တူသည်။ ရှေ့က ပြေးသွားလေပြီ။ မတော်တန်းကျင် အခြေအနေကိုပင် အလေးမထားတော့ပေ။ လူစုလူဝေးနှင့် မလှမ်းမကမ်းရောက်လျှင် 'အရေးပိုင်မင်း ကြွလာတယ်' ဟု ကြေညာလိုက်သည်။

ပရိသတ်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဖျာပေါ် ထိုင်နေကြသူများနှင့် သိုက်ဆရာက ကျွန်တော့်ကို ဦးညွှတ်ကာ အရိုအသေပေးသည်။ သို့သော် သူ၏မျက်နှာမှာ ကျွန်တော်ရောက်လာသည်ကို လိုလားသည့်ပုံ မပေါ်။ အင်္ဂလိပ်အရာရှိတို့သည် အမှုအခင်း စစ်ဆေးရန် ရှိမှ ရောက်လာတတ်သူများ ဖြစ်သည်။

ယခုလည်း ဘာသာရပ်ကျက်ကို စစ်ဆေးရန် ရောက်လာခြင်းဖြစ်ပါမှ သံသယ ရှိနေကြဟန် တူသည်။ သည့်ပြင် အခြေအနေမျိုးတွင် ကျွန်တော်က ဟိုမေး သည်မေး လုပ်လျှင် ကောင်းကောင်း အဖြေပေးကြမည် မဟုတ်သည်မှာ သေချာသည်။ သို့ဖြစ်ရာ ဘာမျှ မမေးစမ်းတော့ဘဲ အကဲခတ်နေမိသည်။ သိုက်ဆရာနှင့် အလုပ်သမားများကို တစ်လှည့်စီ ကြည့်နေမိသည်။

ကျွန်တော် ရောက်လာသည်မှာ အစစ်အဆေးလုပ်ရန် မဟုတ်သည်ကို သိသွားသည့်နှင့် သူတို့ လုပ်ကိုင်နေကြသည့် ကိစ္စကို ပြောပြသည်။ သိုက်ဆရာသည် တူးရှင်းကို ကိုင်ရင်း သူ့ကိစ္စကို ရှင်းပြသည်။

'သိုက်နန်းတောင်ကို ကျွန်တော် မိထားပြီ၊ ပြီးတော့ အရိုးတွေလည်း တွေ့ရတယ်'

'ဘာ သိုက်နန်းတောင်လဲ'

'ဥက္ကာတောင်ပါ၊ ကျွန်တော့် စည်းစိုင်းထဲက အပြင်ကို မထွက်နိုင်တော့ပါဘူး၊ ပြီးတော့ အရိုးတွေ တွေ့ရပြီဆိုတော့ ရွှေငွေပစ္စည်း တွေ့ဖို့ သေချာနေပါပြီ'

ထိုအခါတွင်မှ သူ ရှင်းပြသည့် သဘောကို ကျွန်တော် နားလည်မိသည်။ အင်းဝသည် နေပြည်တော်ဟောင်း ဖြစ်သည်။ တစ်ချိန်က နန်းမြို့ ဖြစ်ခဲ့သည်။ အင်းဝကို ရန်သူက အကြိမ်ကြိမ် ဝင်တိုက်သည်။ ပြေးရလွှားရသည်။ သို့ဖြစ်ရာ ဘုန်းကြီးကျောင်းတွင် မင်းညီ မင်းသားတို့ပိုင် ရွှေငွေပစ္စည်း လက်ဝတ်ရတနာ တွေကို မြှုပ်နှံထားကြမည်။ အကာယ်၍ ဘုရင်ဘဏ္ဍာဖြစ်ခဲ့သော် ထိုနေရာတွင် အစောင့်အနေအဖြစ် လူတစ်ယောက်ကို အရှင်လတ်လတ် မြှုပ်ခဲ့မည်။ သူ့တာဝန်မှာ ဘုရင် ဘဏ္ဍာသိုက်ကို မပျောက် မပျက်အောင် စောင့်ကြပ်ရန်ပင် ဖြစ်သည်။

'ဥက္ကာတောင်ကို ခင်ဗျား မြင်ဖူးသလား' ဗျာမ်ပေါ်တွင် ထိုင်နေသည့် အဘိုးကြီး တစ်ယောက်ကို မေးကြည့်မိသည်။

'ဥက္ကာတောင်တော့ မတွေ့ဖူးပါဘူး၊ တောတော ကိုယ်ထင်ပြတာပဲ ခင်ဗျ၊ နီးနီးကပ် လာပြီး သူ့သိုက်ကို တူးရင်တော့ ခုကျွဲရောက်ပြီသာ မှတ်ပေတော့'

'ဒီနေရာမှာ ဘဏ္ဍာတွေ ရှိတယ်ဆိုတာ ဘယ်လိုနည်းနဲ့ ကပ်အပ်သေချာ ပြောနိုင်သလဲ' ကျွန်တော့်မေးခွန်းမှာ သင့်မှ သင့်ရဲ့လားဟု မေးပြီးမှ သတိရလာသည်။

'ဒီမှာမှာ ဥက္ကာတောင် သွားလာနေတာကို မြင်တဲ့လူတွေ အများကြီးပဲ ခင်ဗျ၊ ပြီးတော့ သိုက်ဆရာကလည်း အရိုးတွေ တွေ့နေပြီ၊ သိုက်ကို အရိုးအောက်မှာ အမြဲ တွေ့ရတတ်တယ်'

သိုက်ဆရာသည် ကျွန်တော့်ဆီသို့ လျှောက်လာသည်။ သူ့လက်ထဲမှ အရိုးလေး တစ်ချောင်းကို ပြသည်။ လူ့ရိုးနှင့်ကား မတူလှ ဟု ထင်သည်။ ဆိုသော်လည်း လူရိုး ဟုတ် မဟုတ် ကျွန်တော် မသိသဖြင့် ဘာမျှ မပြောဘဲ နေလိုက်သည်။

'မြေကြီးက သိပ်မာတယ်၊ သိုက်နန်းဆီ ရောက်ဖို့ အတော်ကြာ တူးရလိမ့်မယ်' ဟု သိုက်ဆရာက ဆိုသည်။

'ဥစ္စာရှိတာ သေချာတယ်နော်'

'နောက်ဆုံးမှာတော့ တစ်ခုခု တွေ့တာချည်းပဲ' သူ့မျက်နှာထားမှာ အနည်းငယ် တင်းမာနေသည်။ ကျွန်တော်၏ သံသယစကားကို သူ နှစ်သက်ဟန် မတူ။

သူ့အမြင်ကိုလည်း ကျွန်တော် မကျေနပ်ပါ။ ပစ္စည်း ရှိလျှင်မှ ရှိမည်။ သေချာသည့် ကိစ္စမဟုတ်။ လယ်ရှင်သည် သူ့လယ်တော အနီးတစ်ဝိုက်တွင် ဥစ္စာစောင့် ကိုယ်ထင်ပြသည်ကို မြင်ဖူးကာ ဤအနီးအနားသို့ တဖွားသိုက် ရှိနိုင်သည်ဟု ယူဆပြီး သိုက်ဆရာ ရှာကာ တူးနိုင်းခြင်း ဖြစ်လိမ့်မည်။ သိုက်ဆရာကို ပိုက်ဆံအနည်းငယ် ပေးရလိမ့်မည် ထင်သည်။ ထိုနေရာ တစ်ဝိုက်သည် မင်းနေပြည်ဟောင်း ဖြစ်လေရာ လယ်ထွန်ရင်း ရွှေတို့ ငွေတို့ တွေ့နိုင်မည် ဖြစ်သည်။

အတန်ငယ် မှောင်ရိပ်သန်းလာပြီ။ သို့နှင့် စစ်ကိုင်းဘက်သို့ ပြန်လာခဲ့သည်။ စစ်ကိုင်း တောင်ကမ်းကိုပင် ကောင်းကောင်း မမြင်ရတော့။ ထိုအချိန်မှာပင် ကျွန်တော်ကိုယ်တိုင် ဥစ္စာစောင့် မြင်ဖူးခဲ့သည်ကို အမှတ်ရလာသည်။

ထိုအချိန်က ကျွန်တော်သည် ရခိုင်ပြည်နယ်တွင် ရောက်နေသည်။ တစ်ညတွင် ရခိုင်ဘုရင်တို့၏ မြို့တော်ဟောင်း တစ်ခု၌ ညအိပ်ရန် ကြုံကြိုက်ရသည်။ ကျွန်တော်တို့ တည်းခိုသည့် နေရာမှာ တချို့ အလွန်ခြောက်သည်ဟု နာမည်ကြီးသည့် ဗိုလ်တဲကြီးဖြစ်သည်။ ထိုနေရာအနီးတစ်ဝိုက်တွင် ဥစ္စာသိုက်နန်း တစ်ခုရှိသည်ဟုလည်း ဒေသခံတို့က ယူဆကြသည်။

ဗိုလ်တဲမှာ ခြေတံရှည် အဆောက်အအုံဖြစ်သည်။ လှေကားထစ်များမှာ ပျဉ်ဖြင့် ဆောက်သည်။ လှေကားမှ တက်သွားလျှင် ဝရန်တာသို့ ရောက်သည်။ ဝိုမှ အခန်းဝင်ရသည်။ ကျွန်တော်သည် ဝရန်တာနှင့် မနီးမဝေး အခန်းကလေးတွင် အိပ်သည်။ မှောက်လင်းမီးအိမ်က ထိန်လင်းနေလေရာ လှေကားဆီသို့ ကောင်းကောင်း မြင်နိုင်သည်။ ရခိုင်ပြည်နယ် ကျောက်စာဌာနမှ ဦးစံရွှေဘုနှင့် ကျွန်တော်တို့ နှစ်ယောက် စကားလက်ဆုံ ကျနေကြသည်။ ကိုးနာရီခန့်တွင် ဗိုလ်တဲတစ်ခုလုံး

သိမ့်သိမ့်တုန်အောင် လှုပ်ခါသွားသည်။ ဦးစံရွှေဘုလည်း အံ့အားသင့်သွားပြီး 'လျှင်လှုပ်တယ်နဲ့ တူတယ်'ဟု ဆိုသည်။

ထိုအခါမှသာ ရှေ့၌ အဘွားကြီးတစ်ယောက် တက်လာသည့် အရိပ် အယောင်ကို ကျွန်တော် မြင်လိုက်ရသည်။ ကျွန်တော့်ထံသို့ လာရောက် အသနားခံ ကာလျှောက်ထားစရာ ရှိသည်ကို ပြောလိုရန် ဖြစ်လျှင်မူ အချိန်လင့်နေပြီ ဖြစ်သည်။ သို့နှင့် ကျွန်တော်လည်း အံ့အားသင့်လျက်ပင် လေဟာနယ်ထဲတွင် ရပ်နေသော အဘွားကြီး ကို စိုက်ကြည့်နေမိသည်။ သူ့မျက်နှာတွင် ပါးရေ နားရေများ တွန့်နေ သည်ကို သတိထားလိုက်မိသည်။ သူသည် အတော်ကြာကြာလေးပင် ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ပြီးမှ ဝရန်တာဘက်သို့ လျှောက်သွားကာ ပျောက်သွားသည်။ ဝရန်တာက ဆင်းသွားရန်လည်း မဖြစ်နိုင်။ ထွက်ရန် လမ်းမရှိ။ အခန်းထဲသို့သာ ဝင်ပေါက်ရှိသည်။

ကျွန်တော်လည်း ထိုင်နေရာမှ ဝုန်းခနဲ ထကာ 'အပြင်ဘက်မှာ လူ တစ်ယောက် ရောက်နေတယ် ထင်တယ်'ဟု အလန့်တကြား အော်မိသည်။ စိတ်ထဲတွင်မူ ငါတော့ တစ္ဆေခြောက် ခံရပြီဟု တထစ်ချ ယုံကြည်လိုက်သည်။ တကယ်တလည်း သက်ရှိလူနှင့် တစ္ဆေကို ခွဲခြားနိုင်ပါသည်။ မျက်စိနှင့် တပ်အပ် မြင်ခြင်းကြောင့် ခွဲခြားနိုင်သည်ကား မဟုတ်။ စိတ်ထဲက အလိုလိုသိကာ ခွဲခြား နိုင်ခြင်းသာ ဖြစ်သည်။ ငါ့ကိုတော့ တစ္ဆေခြောက်ပြီဟု သိလိုက်ခြင်းမျိုး ဖြစ်သည်။ ဝရန်တာဘက် ထွက်ကာ လူသူ အရိပ်အခြည်ကို ကြည့်သည်။ ရှာသည်။ အပြင်ဘက်တွင် မည်သူမျှ မရှိ။ ရှာလို့လည်း တွေ့နိုင်မည် မဟုတ်ဟု ကျွန်တော် နားလည်လိုက်သည်။

နောက်တစ်နေ့ မနက်တွင် ဒေသခံ ပုဂ္ဂိုလ်များ ရောက်လာကြသည့်အခါ ညက တစ္ဆေအခြောက်ခံရသည့် အကြောင်းကို ပြောမိသည်။ သူတို့က ကျွန်တော့်ကို လေးလေးစားစားပင် အဖြေရှာပေးကြသည်။

'အရေးပိုင်မင်း မြင်လိုက်တာဟာ ဥက္ကာဇောင်မ ပါပဲ၊ ရှေးမင်းတွေရဲ့ ဘဏ္ဍာတွေကို စောင့်တဲ့ သိုက်နန်းရှင်မ ပေါ့။ သူတို့ ဘဏ္ဍာတွေကို စောင့်ဖို့ ထားခဲ့တဲ့ ဥက္ကာဇောင်မ ဖြစ်ပါတယ်။ ဒီလိုပဲ ဒီဗိုလ်တဲပေါ်ကို လေဟာနယ်က တက် တက်လာပြီး ဝရန်တာဘက် ရောက်တော့ ပျောက် ပျောက်သွားလေ့ရှိပါတယ်'

'ဘုရင်တွေက သူ့ဝိညာဉ်ကို ဘယ်လို ဖမ်းချုပ်ထားနိုင်သလဲ' ကျွန်တော် က မေးမိသည်။

'သိုက် စောင့်ရှောက်စေချင်တဲ့ နေရာမှာ လူတစ်ယောက်ကို အရှင် လတ် လတ် မြေမြှုပ်လိုက်တာပဲ'

'ဟုတ်ပါပြီ၊ ဒါဆိုရင် ဘာဖြစ်လို့ အရှင်လတ်လတ် မြေမြှုပ်လိုက်တာနဲ့ သူ့ဝိညာဉ်ကို ဘယ်လို ထိန်းချုပ်ပြီး ဖြစ်သွားနိုင်သလဲ'

'သေတဲ့ အချိန်လေးမှာ သေသူရဲ့ ဝိညာဉ်ဟာ မှော်ဆရာ ကွန်ရက်ထဲမှာ တွယ်ပါသော မလွှာသော မိသွားတာ ဖြစ်မှာပေါ့'

'ကျွန်တော်တော့ ဒီသဘောကို နားမလည်ဘူး'

'ကျွန်တော်တို့ ဘုရင်တွေက နားလည်လို့ ထိန်းချုပ်ထားနိုင်တာပေါ့၊ ညကပဲ အရေးပိုင်မင်း ဥစ္စာစောင့်ကို မြင်လိုက်ရပြီ မဟုတ်လား'

'ဘာဖြစ်လို့ ဗိုလ်တဲက အရင် လှုပ်ရတာလဲ'

'ဥစ္စာစောင့်က သူ လာနေပြီ ဆိုတာ အရေးပိုင်မင်းကို အသိပေးတဲ့ သဘောပေါ့'

'ဗိုလ်တဲက ဘယ်လို လှုပ်သလဲ'

'ဗိုလ်တဲက တကယ်လှုပ်တာ မဟုတ်ပါဘူး၊ အရေးပိုင်မင်း စိတ်ထဲက ဗိုလ်တဲ လှုပ်သွားတယ်လို့ ထင်ရတာပါ'

အင်းဝဘက်မှ ပြန်ခဲ့ပြီး စစ်ကိုင်းဘက်သို့ အကူးတွင် ကျွန်တော့်စိတ်ထဲ၌ လွန်ခဲ့သည့် သုံးနှစ်တုန်းက ရှမ်းပြည်နယ်၌ ကြုံတွေ့ခဲ့ရသည်တို့ကို ပြန်လည် အမှတ်ရလာသည်။ လှေပေါ်တွင် ကျွန်တော်နှင့် အတူပါလာသည့် မြန်မာလူငယ် အရာရှိအား ထိုအကြောင်းကို ပြောပြမိသည်။

'ကျွန်တော်တော့ တစ္ဆေရှိတယ်ဆိုတာ မယုံဘူး'ဟု ထိုအရာရှိက ဆိုသည်။

ဤသည်မှာ စိတ်ဝင်စားစရာ ကောင်းသည်။ သူသည် ခေတ်ပညာတတ် တစ်ယောက်ဖြစ်သည်။ တက္ကသိုလ်မှ ဘွဲ့ရသူလည်း ဖြစ်သည်။ ခေတ်ပညာ မတတ်သည့် တောသူတောင်သားတွေထက် သူ့အရည်အသွေးက ပိုသာသဖြင့် တစ္ဆေသရဲ အယူအဆတွေကို လက်မခံနိုင်ခြင်းလား။ ဤသို့ကား မဟုတ်။ သူ့တွင် နိုင်လုံသည့် အကြောင်းပြချက် ရှိသည်။

'စစ်ဖြစ်တုန်းက ဘားမားနိုင်ငံ တပ်ရင်း နှစ်ခု အတူ စစ်မြေပြင် ရောက်သွားတယ်၊ စစ်မြေပြင်မှာတော့ ဆိုကျစ်ပြည် ရုံးအက်တုံးမြို့ခြင်းဆေးက "ကန်တော"မှာ ကျွန်တော်တို့ တပ်စခန်း ချနေတယ်၊ တစ်နေ့တော့ ပိုးဆက်မှာ ဆာဂျင်တွေ မတော့မနေပဲဖြစ်ပြီး အင်္ဂလိပ်အရာရှိ တစ်ယောက်နဲ့ သူ့အစောင့်ကို သတ်တယ်၊ ကျွန်တော်တို့ ရောက်သွားပြီး အလောင်းလူအုပ်ထဲကို သေနတ်နဲ့ ပစ်ပေးလိုက်တာ လူနှစ်ယောက်လောက် သေတယ်၊ အလောင်းတွေ ထပ်နေတာပဲ၊ ကျွန်တော်တို့မှာ အလောင်းတွေကြားက ကျော်သွားပြီး မနည်း တပ်ကို ပြန်လာခဲ့ရတယ်၊ မှုန်မှောင်တွေကြား သွားလာကြရတာပဲ၊ တစ္ဆေဆိုလို့ တစ်ကောင်မှ မတွေ့

ကြပါဘူး။ တစ္ဆေဆိုတာ တကယ် ရှိခဲ့ရင် အဲဒီညမှာ တစ်ကောင်ကောင်တော့ တွေ့မှာပေါ့"

အိမ်ပြန်ရောက်လျှင် ညစာကို ကောင်းကောင်း စားလိုက်သည်။ သည်နေ့တွင် အတွေ့အကြုံသစ်တစ်ခု ရလာခဲ့သဖြင့် လှုပ်ရှားကျိုး နပ်ပြီဟု ကျွန်တော် ထင်မိပါသည်။ သိုက်ဆရာနှင့် တွေ့ခဲ့ရပုံကို တိုင်းမင်းကြီးအား အစီရင်ခံလျှင် သူကြိုက်ချင်မှ ကြိုက်မည်။ သို့တိုင်အောင် ကျွန်တော့်စိတ်ထဲတွင်ကား အသိအမြင်သစ် တစ်ခု တိုးခဲ့သည်ဟု အောက်မေ့မိလေသည်။

## ၄။ လူသတ်မှု

တစ်ခါတစ်ရံတွင်မူ ကျွန်တော် တာဝန် ဝတ္တရားတို့မှာ စိတ်ဝင်စားစရာတို့နှင့် ကြုံတွေ့ရတတ်သည်။

ထိုနေ့မှာ မေ ၂၄ ဖြစ်သည်။ မနက်ငါးနာရီတွင် အိပ်ရာမှ နိုးနေသည်။ အင်းသောက်တွင် နေမထွက်သေး၊ နွေရာသီ ဖြစ်သော်လည်း ရာသီဥတုမှာ ကောင်းသည်။ လေအေးအေးကလေး ပက်ဖျန်းနေသည်။ မှုပြင်းသည့် နွေရာသီ၏ ရှေ့တော်ပြေး၊ အရုဏ်ဦးတွင် မြစ်ကမ်းနဖူး၌ ကြည်နူးဖွယ် ရှုမျှော်ခင်းကို မျက်မှောက်ပြုရင်း နံနက်စောစောစီး၏ လတ်ဆတ်သောလေကို ရှူရခြင်းတွင် သာယာနေမိသည်။ ကောင်းကင် အထွေးတွင် ရွှေဖြူသည့် ဝန်းရုံတို့ ကြိုင်လှိုင်နေသည်။ ကျွန်တော်သည် အိမ်ရှေ့ ဝရန်တာတွင် ရပ်ကာ အင်းသောက်ကမ်းသို့ လှမ်းမျှော်နေမိသည်။

အိမ်ရှေ့ဆင်ဝင်တွင် ကျွန်တော့်မော်တော်ကား အသင့်ဖြစ်နေပြီ။ မကြာမီမှာပင် ရာဇဝတ်ဝန် ရောက်လာသည်။ ကျွန်တော်တို့သည် တောရွာတစ်ရွာတွင် ဖြစ်ပွားသည့် လူသတ်မှုကို သွားရောက်စစ်ဆေးရန် ချိန်းထားကြသည်။ ရာဇဝတ်ဝန် မစ္စတာဂျို့သည် မြန်မာပြည်အကြောင်း ကောင်းကောင်းသိသူ ဖြစ်သည်။ မြန်မာတွေကိုလည်း ကောင်းကောင်း သိသည်။

မျှောလင်းကြီးရွာတွင် မထွေးဆိုသူ မိန်းမတစ်ယောက် အသတ်ခံရသည်။ လွန်ခဲ့သည့် ညဦးက မထွေးသည် သူ့အိမ်ဝိုင်းထဲတွင် ကွပ်ပျစ် တစ်ခုပေါ်၌ ထိုင်နေစဉ် သေနတ်ပစ်ခံရသဖြင့် သေဆုံးခဲ့ရသည်။ ဘယ်သူက ပစ်သွားမှန်း မသိလိုက်ကြ။ ကျွန်တော်တို့ သွားရောက်ကြည့်ရှုလျှင် တရားဥပဒေအရ အမှုဖြစ်ပွားရာသို့ ကြည့်ရှုစစ်ဆေးခြင်းတွင် အကျုံးဝင်သွားမည် ဖြစ်သည်။ တိုင်ချက် မှန်သည်ကို ပုလိပ်က လက်ခံထားပြီး ဖြစ်သည်။ အမှုဖြစ်ပွားရာတွင် စစ်ဆေး မေးမြန်းရန် ကျွန်တော်တို့တွင် တာဝန်ရှိသည်။

မကြာမီတော်ကာကြွင့် နံနက်အလယ် ခရီးနှင့် ပြီးသော် ကျွန်တော်တို့သည် အလယ်ဆင်းတစ်ခု ရောတစ်ခင်း တစ်နေရာသို့ ရောက်သွားသည်။ ကျွန်တော်တို့အတွက် ဝါကီ မြင်းနှစ်စီး အသင့်ရှိနေသည်။ မြင်းစီးကာ နှစ်မိုင်ခန့် သွားရသည်။ ထစ်ကော်ကောင်းကျွင် ရွှေလင်ဘုံရှုကို လှမ်းမြင်နေရသည်။

ထို ဒိုဗီနေရာတွင် ကျွန်တော်တို့အတွက် လှေတစ်စင်း အသင့်စောင့်နေမည် ဖြစ်သည်။ ။ သို့သော်လည်း လှေ မတွေ့ရ။ မြစ်မှာ တစ်မိုင်ခန့် ကျယ်သည်။ အရှိန်မှာ မုန်တိုင်းနှင့်ခန့် ရှိနေပြီ မထန်းတစ်ချားခန့် အရှိန်ဖြစ်သည်။ မြစ်ပြင်ကို ဖြတ်လာသော လေသည် တဟူးဟူး တိုက်ခတ်နေသည်။ ကိုင်းပင်များကို လေ တိုးသဖြင့် တရှဲရှဲ မြည်နေသည်။

ကျွန်တော်တို့မှာ လှည်းရန် သာ ရှိတော့သည်။ ထိုအချိန်မှာပင် သမ္ဗန် တစ်စီးကို လှမ်းမြင်လိုက်သည်။ သမ္ဗန်ပေါ်တွင် တံငါသည် အဘိုးကြီးတစ်ယောက် နှင့် သူ့သမီး ငယ်တို့ ထိုင်နေကြသည်။

'ဘယ်သွားကလဲ' ဟု ကျွန်တော်က လှမ်းမေးလိုက်သည်။

အဘိုးကြီးက ကမ်းပေါ်သို့ ပြေးတက်လာသည်။ ရာဇဝတ်ဝန်က 'အရေး ပိုင်မင်း ဟို ဘက်ကမ်းကို သွားချင်လို့' ဟု ဆိုသည်။

အဘိုးကြီးသည် မှာပုံသလဲ ဖြစ်သွားပြီး သမီးငယ် အကူအညီဖြင့် သမ္ဗန်ပေါ်မှ ထင်းများကို ကမ်းပေါ်သို့ ချသည်။ ထို့နောက် လိုက်ပို့ရန် အသင့် စောင့်နေသည်။

'အရေးပိုင်မင်းတို့ရဲ့ မြင်းတွေကို ထိန်းထားလိုက်ဦး၊ ဟိုဘက် သွားပို့ ပြန်လာ စောင့်နေ' အဘိုးကြီးက သူ့ငယ်မကို မှာကြားသည်။

သမ္ဗန်ထွက်လျှင် ကမ်းပေါ်၌ မြင်းနှစ်ကောင်နှင့်အတူ ကျန်ရစ်ခဲ့သော သူငယ်မလေးကို လှမ်းကြည့်မိသည်။ မြင်းကို ထိန်း၍ မရှိသဖြင့် ပြုံးပြုံးမှာမှာ ဖြစ်ကာ ကြောက်ရွံ့နေဟန် တူသည်။ သူ့ကိုယ်တွင် လုံချည်နီလေးကို ဆင်ထား သည်။ နီသား အပြစ်ကင်းစင်သည့် သနားကမား မျက်နှာလေးမှာ ချစ်စရာ ကောင်းသည်။

ကျွန်တော်တို့သည် လေတဟူးဟူး တိုက်နေသည့် ကြားထဲက မြစ်ပြင် ကို ဖြတ်ကြသည်။

'ဒေနတ်ဝန်ရဲ့ မဲတွေကို ခင်ဗျား သိသလား' လမ်းတွင် ရာဇဝတ် ဝန်က အဘိုးကြီးကို မေးသည်။

'ကျွန်တော် မမြင်ဖူးပါ။ ဒီနားက ရွာနီးချုပ်စပ်မှာတော့ အချမ်းသာဆုံး ပဲ။ သူ့အိမ်ထဲက ကျွဲပွဲမှ ပါ ထိုင်ရင်း လယ်ထောက်တွေ အကြောင်း

ပြောနေတုန်း သေနတ်ပစ်ခံရတယ် ကြားတာပဲ’

‘လယ်ထောက်မ ကိစ္စ ပြောနေတုန်း ဟုတ်လား။ ဒါဖြင့် သတ်တဲ့လူက သူ့ တရင်းငှားလား’ ကျွန်တော်က မေးမိသည်။

ကျွန်တော် မေးခွန်းမေးပုံ မဟုတ်မှန်း သိသည်။ အမှုကိစ္စ စုံစမ်းလာသူက တိုက်ရိုက် မေးခွန်းတွေ မမေးသင့်။ တစ်ပါးသည် အဘိုးကြီးကမူ သူပြောသည့် စကားများမှာ မည်မျှ အရေးပါသည်ကို သိပုံ မပေါ်။ သို့သော်လည်း သူက ဆက်မပြောတော့။

တံမက်ကမ်း ရောက်အောင် နာရီဝက်လောက် လှော်ရသည်။ အဘိုးကြီး ကိုယ်တိုင် ရွာသို့ လမ်းပြပါဟု ပြောသည်။ ရွာနားကပ်နေပြီ ဖြစ်သော်လည်း ရွာကို ကျွန်တော်တို့ သမ္ဘန်ဆိုက်သည့် နေရာမှ မမြင်ရ။ ကိုက်နှစ်ရာလောက် သွားမိလျှင် ရေစပ်စပ်ရှိသည့် ချောင်းရိုးကလေးတစ်ခု ခြားနေသည့် နေရာမှ ရွာကလေးကို လှမ်းမြင်နေရသည်။ ကျွန်တော့်မှာ မြင်းစီးဘောင်းဘီ ဝတ်ထားရာ ရေညှိဖြတ်ရို ဖော်နေသည်။ ရေကလည်း နစ်မလောက် နက်သည်။ ဘောင်းဘီကို ခေါက်မချိုး။

‘တံမက်ကမ်း ကျေးရွာ ကျွန်တော်တို့အတွက် လှည်းတစ်စီးလောက် ခေါ်ပေး ပါလား’

အဘိုးကြီးသည် ခါးတောင်းကျိုက်ကာ ချောင်းရိုးကလေး တစ်ဖက်ကူးပြီး ရွာစပ်သို့ ပြေးသွားသည်။ ထို့နောက် ‘အရေးပိုင်မင်း ကြွလာတယ်’ဟု အော်ပြောသံကို ကြားလိုက်ရသည်။ ရွာထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားဟန် တူသည်။ မကြာလျှင် လှည်းတစ်စီး ပြေးထွက်လာပြီး ချောင်းရိုးကလေးကို ဖြတ်ကာ ကျွန်တော်တို့ဆီသို့ ရောက်လာသည်။

‘ဘယ်လို ဖြစ်တာလဲ၊ ဟိုတံမက်ကမ်းမှာ လာကြိုဖို့ ညက ပုလိပ်တစ်ယောက် လွှတ်ပြီး ပြောခိုင်းထားတာပဲ’ဟု ရာဇဝတ်ဝန်က ဆိုသည်။

‘အမိန့် မရောက်လာပါဘူး’ လှည်းသမားက ပြောသည်။ သူ့မျက်နှာမှာ ရှက်အမ်းအမ်း ဖြစ်နေသည်။

တကယ်က ဗိုဏ် အမိန့်စာသား ရောက်သည်။ သို့သော်လည်း ဤမျှ စောစောစီးစီး ရောက်လာလိမ့်မည် ဟု သူကြီးက မထင်။ မော်တော်ကားဖြင့် လာမည်ကို ထည့်စဉ်းစားဟန် မတူ။

ကျွန်တော်တို့ လှည်းပေါ်တက်သည်။ လှည်းပေါ်တွင် ကော်ဇောနီတစ်ခု ခင်းထားသည်။ ချောင်းရိုးကလေးကို ဖြတ်သည့်အခါ လှည်းသမားက နွားမြီး များကို ကိုင်ထားသည်။ ရေရှိသည့် နွားမြီးက လှုပ်ယမ်းလျှင် ရေစက်များ စင်မည် စိုး၍ ဖြစ်သည်။

ချုကြီးက ကျွန်တော်တို့ကို ကြိုဆိုသည်။ သူ့အပြစ်နှင့် သူ့ဖို့ မှာသော ပေါ်နေသည်။ ချက်ချင်းပင် မထွေးအိမ်သို့ ပို့ပေးသည်။ မထွေးအိမ်မှာ မြစ်ကမ်း အကွေ့ယံကြီးတွင် တည်ရှိသည်။ မန်ကျည်းပင်ကြီးများ ရှိသည်။ သက်ငယ်မိုး ဖျော်ထောင်အိမ်ကြီးတွင် နေသည်။ အိမ်တောင်၌ ပေါက်ကြီးတစ်ခု ရှိသည်။ မန်ကျည်း ပင်ကြီး တစ်ပင်အောက်၌ ကွပ်ပျစ်တစ်ခုကို တွေ့ရသည်။ ထိုကွပ်ပျစ်ပေါ်မှာပင် မထွေး အသက်ပျောက်ခဲ့ရသည်။

'သူက ဟောဒီကွပ်ပျစ်ပေါ်မှာ ထိုင်နေပါတယ်' ချုကြီးသည် လိမ်ဘား သော ဖျာတစ်ချပ်ကို ယူလာပြီး ကွပ်ပျစ်ပေါ်၌ ဖြန့်ခင်းလိုက်သည်။ ဖျာကို ဖြန့်လိုက်သည်တွင် ညှီစို့စို့အနံ့ ထွက်လာသည်။ ရာဇဝတ်ဝန်က သွေးစွန်းသည့် ဖျာကို နမ်းကြည့်သည်။ အနံ့ကို မခံနိုင်သဖြင့် အသက်ရှူ မှားသွားဟန် တူသည်။ သူ့မျက်နှာသည် ရှုံ့မဲ့သွားသည်။

'မြန်မြန် ပြန်လိပ်လိုက်' ဟုသည် တုန်တုန်လှုပ်လှုပ် ဖြစ်နေသည်။ 'ညှီစို့စို့နံ့ ခင်ဗျား အနံ့ရှင်လာတာပါပဲ။ ကျွန်တော့်မှာ ပန်းနာ ရင်ကျပ်ရောဂါ ရှိတယ်။ သွေးနံ့ခံလို့ မရဘူး' ဟု ကျွန်တော့်ကို ပြောသည်။

ဖျာပေါ်က သွေးကွက်ကို မြင်ရုံမျှဖြင့်ကား လွယ်လွယ်နှင့် ကောက်ချက် ချလို့ မရနိုင်မှန်း ကျွန်တော် နားလည်သည်။ ရာဇဝတ်ဝန်ကမူ အပြေအနေက ကောင်းဆိုသဖြင့် ပရိသတ် ကျေနပ်အောင် နားစမ်းမှုပြုသည့် အနေဖြင့် ဖျာကို နမ်းကြည့်သည်ဟု ကျွန်တော် ထင်မိသည်။

ကျွန်တော်တို့မှာ သေသူ၏ ဆွေမျိုးများ အလယ်တွင် ရောက်နေသည်။ သူတို့က ကျွန်တော်တို့အား ငေးစိုက်ကြည့်နေကြသည်။ မထွေး အိမ်အောက်ထပ် တွင် အမျိုးသမီးတစ်သိုက် ရောက်နေကြသည်။ သူတို့သည် ဆေးလိပ်ကိုယ်စီ သောက်ကာ ကျွန်တော်တို့ အနိုင်အမြည်ကို အကဲခတ်နေကြသည်။

ကျွန်တော်တို့ ရောက်နေခိုက်မှာပင် အမှုကို ကိုင်ရသည့် ပုလိပ်အင်စပက် တော်လည်း ရောက်နေသည်။ သူ့အထက်အရာရှိ ဖို့အား သူ့ထင်မြင်ချက်ကို တိုးတိုး ပြောနေသည်။ တရားခံအဖြစ် ပုလိပ်တက်က သံသယ ရှိနေသူမှာ မထွေး၏ ခင်ပွန်း မဟုတ်။ မထွေး၏ ဆွေမျိုး သားချင်းထဲက အမျိုး တစ်ဦးသာ ဖြစ်သည်။

သူ့အိမ်တွင် သေနတ်တစ်လက် တွေ့ရသည်။ သူ့ပိုင် မဟုတ်။ လူသတ်မှု ဖြစ်သည့်နေ့က ငှားလာသည့် ပစ္စည်းဖြစ်သည်ဟု ဆိုသည်။ သူ့ကိုယ်တိုင် မထွေးကို ပစ်ခတ်သည်ကို မြင်သည့်သူ တစ်ယောက်မှ မရှိ။ ဖျာထဲမှာ သေနတ်ကိုင်ကာ

သွားလာနေသည်ကိုလည်း တစ်ယောက်တလေကမျှ မမြင်။ မြင်တွေ့သည့်တိုင် ထုတ်ဖော် မပြောဆိုမည်ကား မဟုတ်။ ရှေ့ နှုတ်ပိတ်နေကြမည်သာ ဖြစ်သည်။

စစ်ဆေးနေလျှင်လည်း အမှုမှန် ပေါ်နိုင်မှုသိ မရှိဟု ကျွန်တော် ထင်သည်။ သို့သော်လည်း ကျွန်တော်တို့ ရောက်လာပြီးမှတော့ ရွာသူရွာသားတွေ မကျေနပ် အောင် တစ်ခုတစ်ခု လုပ်ရမည် ဟူ၍ကား စိတ်ကူးပေါ်လာသည်။ တရားခံ ဟု နှပ်နှိပ်ခံရသည့် လူငယ်ကို အမေ့ ခေါ်နိုင်းရသည်။

ထိုလူငယ်သည် ကျွန်တော့်ရှေ့တွင် မျက်စိမျက်နှာ မျက်လျက် ပြူးကြောင် ကြောင် ကြည့်နေသည်။ ကျွန်တော်၏ မေးမြန်းမှုကြောင့် စိတ်ရှုပ်နေခြင်းလည်း ဖြစ်နိုင်သည်။ မျက်နှာဖြူ အင်္ကျီလိပ်တစ်ယောက်က မြန်မာစကား မတတ်တတတ် မပီမသဖြင့် မေးမြန်းနေခြင်းကြောင့် စိတ်ဝင်စား ရောက်နေတာလည်း ဖြစ်နိုင်သည်။

ငှက်ပစ်ရန် သေနတ်ငှားလာခြင်း ဖြစ်သည်ဟု သူက ဆိုသည်။ သူ့ ရှောက်လဲမျှက် မှန် မမှန် မသိနိုင်ပါ။ တကယ်တော့ အကျိုး ဘာမျှ မထူး။ အချိန်ကုန်သည်သာ အဖတ်တင်သည်ဟု စဉ်းစားမိသည်။ ဤအမှုကို ပုလိပ်နှင့် လွှဲခံရန်သာ ရှိသည်။ သူတို့ စုံစမ်းစစ်ဆေးကြလိမ့်မည်။ အမှုမှာ တစ်လ ကိုး သီတင်း ကြာဦးမည်။ သက်သေတွေ ရှာရမည်။ အမှုပေါ်အောင် လုပ်နိုင်းမည်။ လူငယ်ကှာသည့်ကိစ္စ မဟုတ်ပါ။ ရက်အတန်ငယ် ကြာသည့်တိုင်အောင် အမှုမှန် မပေါ်။ တရားခံကိုလည်း ရှာမတွေ့။ သူတို့မှာ အကြောင်းကြောင်းတွေ ရှိသဖြင့် တရားခံကို မဖော်ဘဲ နေကြဟန် တူသည်။ ဘာအကြောင်းတွေ ရှိလေသလဲ။

ဤသို့ဖြင့် ကျွန်တော်တို့သည် အချိန်ကုန် မခံတော့ဘဲ ပြန်လာခဲ့ကြသည်။ လှည်းဖြင့်ပင် ချောင်းနိုးကလေးကို ဖြတ်ကူးခဲ့ကြသည်။ တံငါသည် အဘိုးအိုက သူ့သမ္ဘန်တွင် ထောင်နေသည်။ သို့သော်လည်း သူကြီးက အပြန်ခရီးကို ကူကျွန် စီစဉ်ပေးသည်။ ရှက်ပါသည့် သမ္ဘန်ကြီးတစ်စီးကို အသင့် စီစဉ်ထားသည်။ မြစ်ပြင် ကို ရှက်တိုက်ဖြတ်ခဲ့ကြသည်။ အဘိုးကြီး၏ သမ္ဘန်ကလေးကို ကြီးရှည်က ဆွဲလာခဲ့သည်။

ကိုင်းတောထဲတွင် အဘိုးကြီး၏ သမီးငယ်သည် မြင်းနှစ်ကောင်ကို ကော် ကြိုးမှကိုင်ကာ ထိန်းရင်း စောင့်နေသည်။ ကျွန်တော်တို့ ကမ်းကပ်လာသည်ကို မြင်လျှင် ပြုံးယောင်သမ်းကာ ကြည့်နေသည်။ သူ့ပါးစပ်က "မိန်းကလေး တစ်ယောက် မြင်းကြီးတွေကို ထိန်းနေရတာ ဟုတ်မှ ဟုတ်ပါရဲ့လား" ဟု မပြောတော့မည် ထင် ရသည်။ မျက်နှာ ခပ်ထန်ထန် တိုက်ခတ်နေရာ သူ့ဂုံရှည်နီလေးမှာ လေတွင် တဖျပ်ဖျပ် လွင့်နေသည်။ ခေါင်းထက်တွင် ဆံပင်ကို သပ်သပ်ရပ်ရပ် စုနှောင် ထားသည်။ ယခု မြင်ကွင်းတွင်မူ သူသည် တကယ့် မိန်းမကြီးတစ်ယောက်နှင့်

ထူနေလေသည်။ ကျွန်တော်က ငွေတစ်ကျပ် ပေးလျှင် မည်သို့မျှ ပြောမနေဘဲ ပိုက်ဆံကို အရေးမစိုက်သည့် ပုံမျိုးဖြင့် ပေါ့ဆေးဆေးပင် လှမ်းယူလိုက်သည်။

## ၅။ ဗေဒင်ဆရာ

စစ်ကိုင်းကျေးလက်တွင် တာဝန်ထွေထွေများ ဆောင်ရွက်ရင်း ရွာစဉ်အနှံ့ ရောက်ရှိခဲ့သည်။ သို့သော် စွန်လယ်ပေရောက်လျှင် မုတ်သုံနှင်းအတူ မိုးဖြိုင်ဖြိုင် ရွာလာပြီး လှုပ်လှုပ်ရှားရှား လုပ်လို့ မရနိုင်တော့ပြီ။ စိတ်ရောကိုယ်ပါ အငြိမ်မနေနိုင် ဖြစ်လာသည်။ သည်အတိုင်းပဲ စစ်ကိုင်းမှာ ကာလအတန်ကြာ နေရမှာလား၊ နှင်းမှုသည်အထိ မပြောင်းမရွှေ့ဘဲ တောမြို့လေး တစ်မြို့မှာ ငြိမ်နေရတော့မှာလား၊ ကျွန်တော်အဖို့ မနေနိုင်။ မုတ်သုံဝင်လာလျှင်ပင် အရေးကြီးသည့် ဖြစ်ရပ်တို့ မလွဲမသွေ ဖြစ်ပေါ်လာလိမ့်မည်ဟု ကျွန်တော် ယုံကြည်နေသည်၊ မျှော်လင့်နေမိသည်။ ထိုဖြစ်ရပ်တို့ကို ပေါ့ပေါ့ဆဆ တောမြို့ကလေး တစ်မြို့မှပင် နောက်ထပ် အတွေ့များ ဖြစ်လာဦးမှာလဲ ဟု နားတစွင့်စွင့် စောင့်မျှော်နေရမည့် အဖြစ်ကို ကျွန်တော် မကျေမနပ် ဖြစ်လာသည်။

ထိုနှစ်ပြည်တွင် နိုင်ငံရေး လှုပ်ရှားမှုများ အုံကြွလာသည်။ ခေါင်းဆောင်ပိုင်းက အင်္ဂလိပ်အုပ်ချုပ်ရေးကို ဆုပ်ဆေးနေကြသည်။ သို့ဖြစ်ရာ အင်္ဂလိပ်အစိုးရသည် ထိုနှစ်ကက ကျေးရွာတောင် တောကွန်ဆိုင်မှုနှင့် နယ်မြေစောင့်ကရှင်ကို စတွင်သည်။ ထိုအချိန်မှာ နိုင်ငံအသီး အုပ်ချုပ်ရေးသက်တမ်း ဆယ်နှစ်ပြည့်မြောက် ဖြစ်လေသည်။ ထို အရေးအခင်းတို့၏ ဂယက်သည် တောမြို့လေး ဖြစ်သည့် စစ်ကိုင်းသို့ လာရောက်ရိုက်ခတ်သည်။

မြို့ကြီးပြကြီးနှင့် ဝေးပြီး လယ်ယာလုပ်ငန်း၊ ဘုရားပွဲနှင့် အခြား ပွဲလမ်းသဘင်တို့ကိုသာ စိတ်ဝင်စားသော စစ်ကိုင်းကျေးလက်၏ တောရွာကလေးများမှာပင် နိုင်ငံရေး အသင်းအဖွဲ့ဖြစ်သည့် ဝံသာနုအသင်းများ ပေါ်လာလေသည်။ မှတ်ချိုသည် အခွန်မပေးရေး၊ အကြွေးမဆပ်ရေးတို့ကို လှုံ့ဆော်လာကြသည်။ ယင်းတို့မှာ မြန်မာစရိုက်၊ မြန်မာစိတ်ထားနှင့် လုံးလုံး ဆန့်ကျင်သည့် အပြုအမူများ ဖြစ်လေသည်။

သည့်ဖြစ်ရပ်များထက် ပိုဆိုးသည့် ကိစ္စတစ်ခု ပေါ်လာသည်။ စစ်ကိုင်းမြို့၊ အခွန်အများဆုံးသာ တစ်ခု၌ မင်းလောင်းဟူ၍ ဆိုသူတစ်ယောက် ပေါ်လာသည်။ ကိုမင်းလောင်းသည် တရုတ်ပြည်က ဖောက်ထားသည့်မှုန့်တို့နည်းတူ နိုင်ငံခြားသားများအား ပျောက်နည်းဖြင့် မောင်းထုတ်နိုင်လိမ့်မည်ဟု ယုံကြည်ကာ

ကြသည်။ စစ်ကိုင်းမြို့ပေါ်မှာပင် မင်းလောင်း ဇွကာ အပေါ် သက်ဝင်ယုံကြည်သူများ ရှိနေသည်။

တစ်နေ့တွင် စစ်ကိုင်းမြို့ ရှိနေ၍ ဇွကာ ရောက်လာသည်ဟု သတင်းဖြစ်သဖြင့် အရေးယူရန် စီစဉ်ရသည်။ ရက်ချင်းပင် ဝရမ်းထုတ်ကာ ပုလိပ်များကို စေလွှတ်ပြီး ဇွကာ ဆိုသူကို ဖမ်းဆီးနိုင်ရသည်။ ဖမ်းမိလာသူမှာ ဇွကာ အစစ်မှ ဟုတ်ရဲ့လား၊ အတုများလား။ ပြီး သေချာအောင် ဇွကာ အစစ်ကို မြင်ဖူးသိမှသည့် လူကြီးများကို ခေါ်ပြရသည်။ ထိုပုဂ္ဂိုလ်တို့မှာ စစ်ကိုင်းမြို့တွင် ရွှေမီ နောက်ဆီ မြို့ မိမြို့ ဖများ ဖြစ်ကြသည်။ သူတို့သည် ဝိုင်းထိုင်ကာ ဇွကာကို ရေရေ စေ့စေ့ ကြည့်ကြသည်။ လေ့လာကြသည်။ စူးစမ်းကြသည်။

'ဘယ်လိုလဲ၊ ဇွကာ ဟုတ်သလား၊ မဟုတ်ဘူးလား' ရာဇဝတ်ဝန်က မေးသည်။

'သူကတော့ ဇွကာနဲ့ မတူဘူး ဝန်မင်း၊ ဒါပေမဲ့ သူ့ကို ဇွကာအစစ် ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ ခြေ့ကို မလွယ်လှဘူး။ ဇွကာဆိုတာ ရုပ်ပြောင်း ရုပ်လွှဲ သိပ်တောင်းတာ'

မြန်မာတို့သည်လည်း နိုင်ငံခြား အုပ်ချုပ်ရေးကို မကျေနပ်ကြပါ။ အင်္ဂလိပ် အုပ်ချုပ်ရေးကို မနှစ်သက်ကြပါ။ မနှစ်သက်၊ မကျေနပ်သည်ကို မြန်မာတို့က မင်းလောင်း ဇွကာ အသွင်ဖြင့် ဖော်ပြခြင်းပင်ဟု ကျွန်တော် နားလည်မိပါသည်။ မင်းလောင်း ဇွကာသည် နိုင်ငံခြား ဆန့်ကျင်ရေးကို ကိုယ်စားပြုခြင်းသာ ဖြစ်သည်။ စစ်ကိုင်းတောင်ရိုးလက်တွင် တောသူ တောင်သားတို့ ရင်ထဲ၌ တိုင်းတစ်ပါးသား အုပ်စိုးသည်ကို ကန့်ကွက်ရှင်းခိုက်တို့ ပြင်းထန်နေသည်။ သူတို့ မာနကို ဘယ်ပုံ ဘယ်နည်း ပြရမည် ဟူ၍ကား မသေခဲ့တတ်။

နိုင်ငံရေးအမြင်တွင် ကိုးတက်နေသည့် အိန္ဒိယ၌မူ ဓနရှားကို ခေါင်းဆောင်သည့် နယ်ချဲ့ဆန့်ကျင်ရေး၊ အင်္ဂလိပ်ဆန့်ကျင်ရေး နိုင်ငံရေးလမ်းစဉ် တစ်ခုကို ချမှတ်နိုင်မည် ဖြစ်သည်။ စစ်ကိုင်းတွင်မူ ဇွကာသည် မင်းလောင်းအသွင်ဖြင့် တောရူးလက်ကို ရှေ့ဆောင်ကာ နိုင်ငံခြားအုပ်ချုပ်ရေးကို ဆန့်ကျင်တိုက်ခိုက်ခြင်းသာ ဖြစ်သည်။

ဓနရှား၏ ရည်ရွယ်ချက်နှင့် ဇွကာတို့၏ ရည်ရွယ်ချက်တို့သည် အတူတူပင် ဖြစ်သည်။ သူတို့သည် နိုင်ငံခြားထက် ကောင်းသည့် အုပ်ချုပ်ရေးကို လိုချင်ကြသည်။ သို့သော်လည်း ဇွကာသည် ခေတ်မီ နိုင်ငံရေး နည်းပရိယာယ်ဖြင့် မတိုက်ခိုက်တတ်။ နည်းပရိယာယ်ကို သူ နားမလည်။ သူ အားကိုးသည်မှာ ဓားပါ၊ အင်းအိုင် လက်ဖွဲ့ သာလျှင် ဖြစ်သည်။ တောသူတောင်သားတို့၏ နိုင်ငံရေး

ပေါ်သည့် မြန်မာနိုင်ငံရေး စကားလုံးတို့၏ အဓိပ္ပာယ်ကိုပင် ရှင်းရှင်း လင်းလင်း မသိကြ။ နားမလည်။ "ဒိုင်အာခီ" ဆိုသည့် အလွန်စက်ဆုပ်ဖွယ်ရာ စကားသည် မင်းရေးတိုင်းထွာသည့် စကားအဖြစ် လက်ခံနားလည်ထားကြသည်။ သို့ဖြစ်ရာ လူတစ်ယောက်သည် အိမ်က မိန်းမကို စိတ်ဆိုးလျှင် "နင် ဒိုင်အာခီမပဲ" ဟု ဆိုသည်။ "နင် စောင်စောင် သောက်သုံးမကျတဲ့ မိန်းမပဲ" ဟု ပြောလိုခြင်းသာ ဖြစ်သည်။

တိုင်းပြည်မှာ လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ ၁၉၃၀-၃၁ ခုနှစ်များတွင် ထူးခြားသည့် အရေးအခင်းများ ဖြစ်ပေါ်လာမည် ဟုသော ယုံကြည်မှုများ အရေးတော်ပုံ ဗေဒင်ဆရာ ပုဂ္ဂိုလ်များ ပေါ်လာသည့်အခါ ပို၍ ပျံ့နှံ့လာ ဖြစ်လာသည်။ ၁၉၂၈ ခုနှစ်လ အတွင်း တောရွာများသို့ ကျွန်တော် ရောက်ခဲ့သည်။ တောသူတောင်သားတို့ စိတ်ထဲတွင် အပြောင်းအလဲတစ်ခုခုကို မျှော်လင့်စောင့်စားနေကြသည်။ ဘာအပြောင်းအလဲ တစ်ခုခု လိုချင်သည် သဘောပင် ဖြစ်သည်။ သူတို့သည် ဗေဒင်ဟောလများကို နားစွင့်ကာ ထင်မြင်ချက် ပေးကြသည်။ သူတို့စိတ်ထဲတွင်လည်း အပြောင်းအလဲ တစ်ခုခု မလွဲမသွေ ဖြစ်လာလိမ့်မည်ဟု ယုံကြည်နေကြသည်။ သည်တစ်ကြိမ်တွင်မူ ကြီးကြီးကျယ်ကျယ် ဖြစ်ရပ်တစ်ခု ပေါ်လာလိမ့်မည် ဟူ၍လည်း မျှော်လင့်ကြသည်။

တိုင်းပြည် အခြေအနေကို စဉ်းစားကြည့်လိုက်သည့်အခါ ဤဖြစ်ရပ်များ အကြားတွင် ကျွန်တော့် အခန်းကဏ္ဍသည် မည်သို့မည်ပုံ ရှိမည်ကို သိချင်လာသည်။ ထိုအခါ လွန်ခဲ့သည့် နှစ်နှစ်က ရှမ်းပြည်နယ်တွင် တွေ့ခဲ့သော ဗေဒင်ဆရာတစ်ဦးကို အမှတ်ရလာသည်။ ထိုအချိန်တွင် ကျွန်တော်သည် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ အရေးပိုင်အဖြစ် အမှုထမ်းနေသည်။ တောင်ကြီးသည် အင်းလေးပင်လယ်တွင် ရှိသော ဆိပ်ကမ်းမြို့ ကလေး တစ်မြို့ ဖြစ်သည်။

ကျွန်တော်နေသည့် အရေးပိုင်အိမ်သည် ပင်လယ်ကမ်းစပ်နှင့် မိုင်ဝက်မျှသာ ဝေးသည်။ လှိုင်းပုတ်သံကို နေ့ရောညပါ ကြားနေရသည်။ တံတားဆိပ်ခြင်းက အခါမလပ် ကြိုးနှီးနေသည်။ တစ်ပတ်တစ်ခါ သင်္ဘောဆိုက်သည်။ သင်္ဘော မလာသည့်ရက်များတွင် လူသူနှင့် အဆက်အသွယ် ပြတ်နေသည်။ တံတားဆိပ်ခြင်း အနီးတွင် မင်းမှုနေသည်။ လောကကြီးတစ်ခုလုံး ငြိမ်သက်နေသည်။ ထိုအရပ်တွင် ဆက်လိပ်လုပ်ရိုး ဟူ၍ အသိုကြီးတစ်ယောက်သာ ရှိသည်။ ထိုပုဂ္ဂိုလ်သည်လည်း တောင်ကြီးလိုပင် လောကကြီး တစ်ခုလုံးကို မေ့လျော့နေဟန် တူသည်။

တစ်နေ့တွင် ကျွန်တော့်စာရေးကြီးက မြို့ပြင်တွင် သီတင်းသုံးနေသော ဘုန်းကြီးတစ်ပါး အကြောင်း ပြောပြသည်။ ဆရာတော်ကို ဟောင်းရှင်း ဆရာတော်

ဟု သိနေကြသည်။ ကောင်ရှင်း ကျောင်းတိုက်၏ ကျောင်းထိုင် ဆရာတော်ပင် ဖြစ်သည်။ ဆရာတော်သည် ဝိပဿနာ ကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်သည့် ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်သည်။ လောကသစ္စာတရားကို ရှာနေသူ ဖြစ်သည်။ သူသည် ဓာတ်ပညာကိုလည်း တတ်ကျွမ်းသည်ဟု စာရေးကြီးက ဆိုသည်။

ဓာတ်ပညာတတ်သည် ဆိုသဖြင့် ကျွန်တော် စိတ်ဝင်စားသွားသည်။ မြန်မာပြည်တွင် အမှုထမ်းစဉ် အခြားသူတွေ မရောက်ဖူးသည့် ဒေသကြီးများသို့ ကျွန်တော် ရောက်သွားတတ်သည်။ ထိုဒေသများတွင် တစ်နေ့တစ်ရာ အထူးအဆန်း တွေ့ရတာ ကံသည်။ ယနေ့လည်း ထိုအဖြစ်မျိုး ကြုံရပြီဟု ကျွန်တော် ထင်သည်။ မြန်မာပြည် အနှံ့အပြားတွင် ဓာတ်ဆရာတွေ အလွန် ပေါသည်။ သို့သော် ကောင်ရှင်းဆရာတော်မှာ ထူးခြားသည့် ပုဂ္ဂိုလ်တစ်ပါးဟု ကျွန်တော် ယူဆသည်။

ဆရာတော်ဆီမှာ ဓာတ် မေးချင်သည်ဟု စာရေးကြီးကို ပြောရသည်။ သို့သော် ဓာတ် မေးချင်သည်ဟု မပြောဘဲ ဆရာတော်နှင့် တွေ့ဆုံချင်ပါသည်ဟု ဆိုရသည်။ ကျွန်တော် ယုံကြည် သဘောပေါက်လောက်အောင်ကား ဆရာတော်က ရှင်းပြနိုင်မည် မထင်။ ဓာတ်ပညာကို ကျွန်တော် နားလည်အောင် ဆရာတော် ပြောနိုင်မည် မဟုတ်။ သို့သော်လည်း ကျွန်တော်ကို ပေါ့ရှင်းပင် ဆရာတော်၏ ဓာတ်အရည်အသွေးကို အကဲခတ်ရလိမ့်မည်ဟု မျှော်လင့်မိသည်။ အကယ်၍သာ ဆရာတော် ပြောသည့်အတိုင်း မှန်ခဲ့လျှင် အလွန် စိတ်ဝင်စားစရာ ကောင်းမည် ထင်သည်။

"အရေးပိုင်မင်းမှာ ဇာတာ ရှိသလား ခင်ဗျ" စာရေးကြီးက မေးသည်။ ကျွန်တော့်တွင် ဇာတာရှိသည်။ အလျှင်နှစ်က မန္တလေးမြို့တွင် သီပေါဘုရင်၏ ဓာတ်ဆရာများက ဇာတာတစ်စောင် ရေးလိုက်သည်။ ထိုဇာတာကို ကောင်ရှင်း ဆရာတော်ထံသို့ ပို့ပေးကာ တွက်ချက်ပြီးနောက် တွေ့သမျှ ပေးပါရန် လျှောက်ထားလိုက်သည်။

ချိန်းဆိုထားသည့် နေ့တွင် ဆရာတော် ကြွလာသည်ကို အိမ်ပေါ်မှ လှမ်းမြင်ရသည်။ ကျွန်တော့် စာရေးကြီးအပြင် ထီးကိုင်လိုက်သည့် ဦးပဉ္စင်း တစ်ပါးပါ အတူပါလာသည်။ ကျွန်တော်က တံခါးဝမှ ဆီးကြိုသည်။ ဆရာတော်သည် အရပ်ပုသည်။ ငါးပေပင် ပြည့်မည် မထင်။ ဆင်စွယ်ရိုးတပ်ထားသည့် တောင်ဝှေးတစ်ချောင်းကို ကိုင်ဆောင်လာသည်။ အသက်ငါးဆယ် မကျော်ပင် ရှိမည်ဟု ခန့်မှန်းမိသည်။ သို့သော်လည်း ပါးရေတွန့်နေသဖြင့် အသက်ကြီးပြီ ထင်ရသည်။ သူ့မျက်နှာမှာ ရိုးသည်။

ညစာခန်းတွင် ကျွန်တော်တို့ အားလုံး နေရာ ယူပြီးနောက် စာတာနှင့် ပတ်သက်ပြီး မေးလျှောက်ရသည်။ ဆရာတော်သည် သင်္ကန်းတွင်းမှ စက္ကူလိပ် တစ်ခုကို ထုတ်ယူပြီးနောက် 'သာသနာ ဒါယကာ စာတာက အတော်လှတဲ့ စာတာပဲ' ဟု ဆိုသည်။

ကျွန်တော်သည် ဝမ်းသာအားရဖြစ်ကာ အသေးစိတ် ဟောပါဟု လျှောက် ထားမိသည်။ စာရေးကြီးထံသို့ စက္ကူလိပ်ကို ကမ်းလိုက်ပြီးနောက် ဟောစာတမ်းကို ဖတ်စေသည်။ ကျွန်တော်အတိတ်ကို သုံးနှစ်ပိုင်းခြားပြီး ဟောသည်။ ဟောသမျှ မှန်သည်ချည်း ဖြစ်သည်။ ထို့နောက် ကျောက်ခြစ်မှ အင်္ဂလန်သို့ ပြန်မည့်နေ့ရက်ကို အတိအကျ ဆိုသည်။ ထို့နောက် ၁၉၃၀ အထိ ဆယ်နှစ်တာအတွက် အကျဉ်းချုပ် ဟောထားသည်။

စာရေးကြီးက ဖတ်ပြီးလျှင် ဆရာတော်က 'ဒကာကြီး စာတာကို ဆယ်နှစ်အထိ ပိုင်းပြီး ဟောရတာ အကြောင်းရှိတယ်၊ ၁၉၃၀ မှာ ဒကာကြီးရဲ့ ဘဝမှာ လှုပ်ရှားတဲ့ အပြောင်းအလဲတစ်ခု ကြုံရမယ်၊ ဘဝ အလှည့်အပြောင်း ဆိုရမှာပေါ့၊ ဒကာကြီးဟာ တိုင်းသူပြည်သားတွေကြားမှာ ထင်ရှားပြီး လူသိများတဲ့ သူ ဖြစ်လာမယ်၊ ပြီးတော့ ဒကာကြီးတို့ အမျိုးသားချင်းနဲ့ မသင့်မတင့် ဖြစ်လာ စရာ အကြောင်းရှိတယ်၊ ဒကာကြီးတို့ အမျိုးသားတွေက ဆန့်ကျင်ပြီး အတိုက်အခံ လုပ်လာမယ်၊ ဒါပေမဲ့ ကိုယ်အတွက် အန္တရာယ် မဖြစ်နိုင်ပါဘူး'

ဆရာတော် ဟောသည်မှာ ၁၉၂၁ တွင် ဖြစ်လေရာ ၁၉၃၀ ဆိုသည်မှာ အတော် ဝေးသေးသည်။

'ဆရာတော် ဟောတဲ့ အဖြစ်အပျက်တွေဟာ ဒီတိုင်းပြည်မှာပဲ ကြုံရမှာပေါ့'

ကျွန်တော်က မြန်မာလို မေးလျှောက်သည်။

'ဒီတိုင်းပြည်မှာ ကြုံရမှာပဲ'

ထိုစဉ်ကမူ ဆရာတော်၏ ဟောပြောချက်ကို အရေးကြီးသည်ဟု အမှတ် မထားမိပေ။ ကျွန်တော် ညာဏ်မီသည့် ကိစ္စများ မဟုတ်သဖြင့် မသိမသာပင် နေလိုက်သည်။ သို့သော်လည်း ဘယ်ပုံဘယ်နည်း ဖြစ်ကို ကြိုတင်ဟောကိန်း ထုတ်နိုင်သည်ကိုမူ သိလိုသည်။ ထို့ကြောင့် မေးလျှောက်ကြည့်သည်။

ဆရာတော်က ဤသို့ ပြန်ပြောသည်။

'ဗေဒက ဆရာတွေ သင်ကြားထားတဲ့ နည်းတွေအတိုင်း တွက်ချက်ရတာပဲ၊ ဆရာတော်ကတော့ မနက်ခင်းစော စောထပြီး တွက်ချက်တတ်တယ်၊ ဖြစ်နိုင်တဲ့ အကြောင်းတွေ အများကြီးထဲက ရွေးပြီး လူတစ်ဦးချင်းအတွက် ဟောရတာပဲ၊ [illegible] ကမ္ဘာဦးကတည်းက သဘာဝတရားတွေအတိုင်း ကျင့်ရတယ်၊ ဒီဒီအခါမှာ

နိမိတ်တွေ ထင်မြင်လာတယ်၊ စိတ်ထဲမှာ မြင်လာရတယ်၊ အဲဒါတွေကို စာပေ ရေးချလိုက်တာပါ"

ဆရာတော်ကို ကျေးဇူးတင်စကား လျှောက်ထားခဲ့သည်။ တကယ်တော့ ရှင်းပြချက်ကို အပြည့်အစုံ နားမလည်ပါ။ ဗေဒင်ဟောစာကို မေးမြန်းကြည့်မည် စိတ်ကူးပါသော်လည်း မသင့်ဟု ထင်သဖြင့် မမေးတော့ပါ။ နောက်တွင် ဆရာတော်သည် ဗေဒင်ဟောစာ မယူကြောင်းကို သိရသည်။

ထို့နောက် ဆရာတော်၏ ပထမဆုံး ဟောပြချက် မှန်ကန်သည်ကို ကြုံရသည်။ ယင်းမှာ ရှင်ယုဇ္ဇိုး အင်္ဂလန်သို့ ပြန်ရခြင်း ဖြစ်သည်။ သူပြောသည့် နေ့ရက်မှာပင် ကျောက်ဖြူမှ ထွာသည်။ ထို့နောက် စစ်ကိုင်းသို့ ရောက်လာသည်။ မှန်စန်စန်အတွင်း သူ ဟောပြောသည်တို့ မှန်သည်သာ များသည်။

သို့ဖြစ်ရာ ၁၉၂၈ ခုနှစ်တွင်မှ ဟောစာတမ်းကို ပြန်ရှာပြီး ဖတ်ကြည့်မိသည်။ ၁၉၂၈ ၌ အစပိုင်းတွင် အနည်းငယ် ညှိသည်။ သို့သော်လည်း နောက်ပိုင်းတွင် လက်ရှိ ရာထူးမှ ပိုမိုကောင်းသည့် ရာထူးသို့ လည်းကောင်း၊ ဓာသသို့ လည်းကောင်း ပြောင်းရွှေ့ရမည်ဟု ဟောထားသည်။ ဟောစာတမ်းမှာ တိုသည်။ သို့သော်လည်း ကျွန်တော် သိရှင်သည့် ကိစ္စကို တိုက်ရိုက် ပြောထားသည်။ မှန်နိုင်ပါ့မလား။ လွန်ခဲ့သည့် နှစ်နှစ်က အတွေ့အကြုံ အရမူ မှန်ရမည်။ ဆရာတော် ဟောသမျှ အားလုံး မှန်သည်ချည်း ဖြစ်သည်။ သို့သော်လည်း ဘာကြောင့် ပုံကြည့်မိသည်ကိုမူ မပြောနိုင်ပါ။ ဗေဒပညာကိုလည်း ကျွန်တော် နားမလည်။ ဆရာတော်၏ တွက်ချက်နည်းကိုလည်း ကျွန်တော် မသိ။ သို့ဖြစ်ရာ စောင့်ကြည့်ရုံသာ ရှိတော့သည်။ သည်တစ်ကြိမ်တွင်လည်း မှန်ခဲ့လျှင် ၁၉၃၀ တွင် ကျွန်တော်သည် လူသိရှင်ကြား ကျော်ကြားလာမည်။ အတိုက်အခံများ ကြုံရမည် ဆိုသည်တို့ မှန်နိုင်စရာ ရှိလေသည်။

ကြာကြာ မစောင့်ရပါ။ ခုနှစ်လ နောက်ဆုံးပတ်ထဲတွင် ပြင်ဦးလွင်မြို့တွင် ရောက်နေသည့် ကျွန်တော့် ခင်ပွန်းထံမှ စာတစ်စောင် ရသည်။ စာ၌ သူသည် အစိုးရအဖွဲ့ဝင် ကောင်စီလူကြီးတစ်ဦး၏ ဇနီးနှင့် တွေ့သည်။ စကားပြောကြရင်း တစ်နေရာသို့ ပြောင်းရွှေ့နိုင်စရာ ရှိသည်ဟူသော စကားတစ်ခွန်း အရိပ်အမြွက် ပြောသွားသည်ဟု ဆိုသည်။ ထို့ကြောင့် အိမ်ထောင်ပစ္စည်း အသစ်တွေ မဝယ်ရန် ကျွန်တော့်အနေဖြင့် သတိပေးစကား ဆိုသည်။ နောက်သုံးရက်ရှိလျှင် ရန်ကုန်သို့ ခရိုင်တရားသူကြီးအဖြစ် ပြောင်းရွှေ့ရန် အမိန့်စာ ရောက်လာသည်။

သို့ဖြစ်ရာ ဇူလိုင် ၉ တွင် စစ်ကိုင်းမြို့မှ ထွက်ခွာခဲ့သည်။ ကျွန်တော်၏ နိုင်ငံယာကိစ္စတွင် ထိုနေ့ ညှာသို့ရေးခဲ့သည်။

"ရန်ကုန်မြို့ တရားသူကြီးအဖြစ် ပြောင်းရွှေ့ အမှုထမ်းရမည်။ တစ်နေ့ကုန် တစ်နေ့နေ့ တရားခွင်တွင် ထိုင်ရမည်။ သက်သေခံချက်တွေ၊ လျှောက်လဲချက်တွေ နားထောင်ရမည်။ နားထောင်လို့ ဆုံးနိုင်ဖွယ် မရှိ။ သည်အလုပ်ကို ငါလုပ်နိုင်ပါမည်လော၊ တာဝန် ကျေပွန်နိုင်မည်လော။ သို့ပေမဲ့ မြို့တော်၏ ရာဇဝတ်တရားသူကြီး ဆိုသည်မှာ အတော် အဆင့်မြင့်သည့် ရာထူးတစ်ခု ဖြစ်သည်။ မြို့ကြီးပြကြီးတွင် သတင်းနေသည်။ ပြီးတော့ မိသားစုအတွက်လည်း အနေအထိုင် အဆင်အတန်း မြင့်လာမည်။ ကိုယ်အတွက်လည်း ရှေ့လမ်းတွေ ပွင့်လာမည်။"

သို့ဖြစ်ရာ စိတ်လက် ပေါ့ပါးကာ ပျော်ရွှင်ရွှင်ပင် စစ်ကိုင်းမှ ထွက်လာခဲ့သည်။ ဒီရဲ့ စိန်ပန်းပင်တွေ အောက်တွင် နောက်ထပ် လမ်းလျှောက်ရဦး မရှိတော့။ ဧရာဝတီမြစ်ကမ်း တစ်လျှောက်လည်း လမ်းလျှောက်ရဦး မရှိတော့ဟု အောက်မေ့မိလေသည်။ ။

# ၂

## ၁၈ ခရိုင်တရားသူကြီး

စစ်ကိုင်းမြို့မှ ရန်ကုန်မြို့သို့ မီးရထားဖြင့် လာခဲ့သည်။ ရထားလမ်းသည် မြန်မာပြည်၏ ကျေးလက်အကျဆုံးသော ဒေသများကို ဖြတ်သွားသည်။ မြင်ကွင်းတို့မှာ စိမ်းစိုနေသည်။ ထွန်ယက်မှုလုပ်ငန်း ပြီးဆုံးချိန်ဖြစ်သည်။ လယ်ကွင်းတစ်ခုလုံး ရေအပြည့် ရှိနေသည်။ ကန်ပေါင်ငယ်ကလေးများ ဖို့ထားသည့် ရေကန်ငယ်ကလေးနှင့် တူနေသည်။ ကောက်စိုက်ချိန် ရောက်လာပြီ။ ကောက်စိုက်သမတို့သည် ကောက်စိုက်သီချင်း ကောင်းကောင်းကို လေးမျှော်ပေါ့၊ သီဆိုကာ ကောက်စိုက်ကြတော့မည်။ ရွှံ့ခိုင်ထဲတွင် ကျွဲများ လူးနေကြသည်။ မီးရထား ဖြတ်သွားသည်ကို ဂရုမစိုက်။ ကျွဲကျောင်းသားတချို့ ကျွဲများပေါ်တွင် ကိုယ်ကိုလှဲ၍ စီးသွားကြသည်။ သူတို့အချိန်ကို လယ်ကွင်းထဲက ကျွဲပိတ်တွင် မြင်ရသည်။ ထိုနောက် မိုးတကားကား လှုပ်ခတ်ကာ ပြေးသွားကြသည်။

သို့နှင့် ညဘက်သို့ ရောက်လာသည်။ ထိုညတွင် လရောင် မရှိ။ လ မသာ။ လေပြည်လေညင်းကလေးသည် တဖြူးဖြူး တိုက်ခတ်နေရာ ကျွန်တော်လည်း မကြာမီပင် အိပ်ပျော်သွားလေသည်။

ရန်ကုန်ခရိုင် တရားသူကြီး၏ အိမ်သည် ပန်းခြံများဖြင့် ရံလည် စိမ်းလန်းနေသည့် ရွှေတောင်ကြား ရပ်ကွက်တွင် တည်ရှိသည်။ အိမ်မှာ ကြီးကြီး အိပ်ခန်းကြီး သုံးခန်း၊ ဧည့်ခန်း၊ ဝရန်တာများ ရှိသည်။ ခြံထဲတွင် တင်းနစ်ကွင်းတစ်ခု ရှိသေးသည်။ ပြီးတော့ ပန်းရောင်စုံ ဝေဝေဆာဆာ ပွင့်နေသည့် ပန်းခြံသည်လည်း သာယာလှပ ကောင်းသည်။ ရွှေတိဂုံ စေတီတော်ကြီးကို ကျွန်တော့်အိမ်မှ ထင်ထင်ရှားရှား မြင်ရသဖြင့် ကောင်းစွာ ကြည့်ရှုနိုင်သည်။

ကျွန်တော့် ရုံးခန်းမှာ မြို့ထဲတွင် ရှိသည်။ ရွှေတောင်ကြားရပ်ကွက်မှ ထွက်လာပြီး ဝဲဘက်တွင် ကန်တော်ကြီး၊ ယာဘက်တွင် ရွှေတိဂုံစေတီရင်း၌

စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများကို ဖြတ်ကာ မြို့ထဲသို့ လာရသည်။ ထိုနေရာက လွန်လျှင် မြင်ကွင်းမှာ ပေါက်ဆန်လာသည်။ တိုက်တာ အိမ်ခြေတို့မှာ ပေါ်ပေါ် လာသည်။ ထိုနောက်ရုံးတော်တွင် ပထမကမ္ဘာစစ် ပြီးဆုံးသည့် အထိမ်းအမှတ် ကျောက်တိုင်တစ်ခုကို တွေ့ရသည်။ ထို့နောက် တော်ဝင်ရေးသား ကျွမ်းကျင်၏ အမှုထမ်းများ နေထိုင်သည့် အဆောက်အအုံကြီးတစ်ခုကို တွေ့ရသည်။

ထိုကျူးဘီတွင် အင်္ဂလိပ် အမှုထမ်းများ ကြီးနိုးသည်။ ထိုက လွန်သော် မီးရထား နံ့တံတားကြီးကို ဖြတ်ကျော်လိုက်သည်တွင် ရန်ကုန်မြို့ထဲသို့ ရောက်လာသည်။ ပထမဆုံး တွေ့ရသည့် လမ်းမှာ ဆူးလေဘုရားလမ်း ဖြစ်ပြီး ဆူးလေစေတီတော်ကို အဝေးတွင် ထန်းပင်များ အကြားတွင် ရွှေရောင် တဝင်းဝင်း မြင်တွေ့ရသည်။

ထိုဒေသကား ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်များဖြင့် စည်ကားနေသည့် မြို့လယ်ရပ်ကွက်ကြီးတစ်ခု ဖြစ်သည်။ ကျွန်တော်၏ နေသည့် မီးရထား နံ့တံတားကြီးနှင့် မလှမ်းမကမ်း ဂေါင်ဂျီမာရီလမ်း (ဗိုလ်ချုပ်လမ်း) တစ်နေရာ စီနီယာ ဘုရားရှိခိုးကျောင်းနှင့် မျက်နှာချင်းဆိုင်ရှိ အဆောက်အအုံ တစ်ခု၌ တည်ရှိသည်။ နှီးလှပ်ထားသည့် ထိုအဆောက်အအုံမှာ အစိုးရပိုင် မဟုတ်။ ငှားရမ်းထားရသည့် နေရာတစ်ခု ဖြစ်သည်။

ကျွန်တော် ထမ်းဆောင်ရသည့် ရာထူးတာဝန် ဝတ္တရားကို အများက ခရိုင်တရားသူကြီးဟု သိထားကြသည်။ တကယ်စင်စစ် ကျွန်တော်သည် ရန်ကုန်မြို့၏ အရေးပိုင်လည်း ဖြစ်လေသည်။ သို့ဖြစ်ရာ ကျွန်တော်မှာ တရားသူကြီး ဆိုသော်လည်း ဟိုက်ကုတ်ခေါ် တရားလွှတ်တော် လက်အောက်ခံ တရားရေး ဝန်ထမ်း မဟုတ်။ သို့သော် တရားစစ်ဆေးသည့် တာဝန်ကို ထမ်းရွက်ရသည့် အုပ်ချုပ်ရေးအမှုထမ်း အဖြစ်မှ ကျွန်တော်သည် ပဲခူးတိုင်းမင်းကြီး၏ လက်အောက်ခံ အမှုထမ်းတစ်ယောက် ဖြစ်လေသည်။ ပဲခူးတိုင်းမင်းကြီး ရာထူးမှာ ထိုစဉ်က မြန်မာပြည်တွင် အရေးကြီးသည့် ရာထူးတစ်နေရာ ဖြစ်လေသည်။ ဤတွင် ရန်ကုန်နှင့် ကာလကတ္တားတို့ မတူကြ။ ကာလကတ္တားတွင် ခရိုင်တရားသူကြီး သည် တရားရေး ဝန်ထမ်းတစ်ယောက် ဖြစ်လေသည်။

အမှုစစ်ရသည့် တရားသူကြီးအလုပ်မှာ လွယ်သည်။ ရှင်းသည်။ နံနက် ကြိုး တရားရုံးထိုင်ကာ အမှုများ စစ်ရသည်။ ထိုတာဝန်ပြီးလျှင် အိမ်ပြန်နိုင်ပြီ။ မွန်းလွဲပိုင်းကို တရားလွှတ်တော်က တာဝန်ယူကွပ်ကဲသည်။ သူ ကြားနာသည့် အမှုများ ... သူ အမိန့်ချ စီရင်သည်ကို မကျေနပ်သဖြင့် တက်လာသည့် အယူခံများ ကို တရားလွှတ်တော်က ဆောင်ကြသည်။ စစ်ဆေးသည်။ ကျွန်တော် ကိုင်သည့်

အမှုများနှင့် ပတ်သက်၍ တရားလွှတ်တော်၌ တာဝန်ရှိသော်လည်း တိုက်ရိုက် စေခိုင်းနိုင်သူမှာ ပဲ့မှုတိုင်မင်းကြီးသာ ဖြစ်သည်။

ကျွန်တော်အနေ့ ရုံးတွင် အမှုများကို စစ်ဆေးကြားနာသော်လည်း တစ်နေ့ တာ ဝတ္တရားများ မပြီးဆုံးသေး။ ရန်ကုန်အရေးပိုင်အဖြစ် အမြဲဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တို့ ရှိနေသေးသည်။ ရန်ကုန်မြို့ကြီး၏ အခြေအနေ မည်သို့ ရှိနေ သည်၊ မြို့မှာ ဘာတွေ ဖြစ်ပျက်နေသည်တို့ကို သိထားရန် လိုသည်။ သို့မှသာ အထက် အစိုးရကို အစီရင်ခံနိုင်မည်။ ပြဿနာတို့ကို တင်ပြ အကြံပေးနိုင်မည်။

မည်သို့ဖြစ်စေ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးသည် ကျွန်တော် နှင့် မသက်ဆိုင်။ ကျွန်တော်ကိစ္စ မဟုတ်။ ထိုအရေး အတွက် ကိုင်တွယ်ရသည် ပုလိပ်မင်းကြီး၏ တာဝန်ဝတ္တရားများသာ ဖြစ်သည်။ ကျွန်တော်မှာ ခရိုင် တရား သူကြီးအဖြစ် ပုလိပ်မင်းကြီးကို အကူအညီ ပေးရသည်။ သူနှင့် တွဲဖက် ဆောင် ရွက်ရသည်တို့ ရှိသည်။ အရေးပေါ်ကိစ္စများ ကြုံကြိုက်လာလျှင် သူ့အတွက် အသုံးအဆောင်များ၊ ဆောင်ရွက်ပိုင်ခွင့်များကို ကျွန်တော်က ထုတ်ပေးနိုင်သည်။ သို့သော် သူ့ကို လည်းကောင်း၊ သူ့လက်အောက်ရှိ ပုလိပ်အဖွဲ့ကို လည်းကောင်း တိုက်ရိုက် အမိန့်မပေးနိုင်။ တိုက်ရိုက် ကြီးကြပ်ချုပ်ကိုင်ခွင့် မရှိ။ မစေခိုင်းနိုင်။

သို့ဖြစ်ရာ ရာဇဝတ်မှုများ ဖြစ်ပွားခဲ့လျှင်၊ မငြိမ်မသက် ဖြစ်လာခဲ့လျှင်၊ အဓိ ကရုဏ်းများ ဖြစ်ပွားလာခဲ့လျှင် ပြေငြိမ်းသွားအောင် ထိန်းချုပ်နှိမ်နင်းရမည့် တာဝန်မှာ ပုလိပ်မင်းကြီး လက်ထဲ၌ လုံးလုံးလျားလျား တည်ရှိနေသည်။

အကယ်၍ ဆူပူ အဓိကရုဏ်း စသည်တို့ ဖြစ်ပွားခဲ့လျှင် ကျွန်တော် တာဝန်မှာ ဖြစ်ပျက်သည့် အကြောင်းရင်းကို နောက်မှ အစီရင်ခံစာ တင်ရသည်။ ယင်းတွင် ကျွန်တော်၏ ထင်မြင်ချက်နှင့်တကွ မည်သို့မည်ပုံ ဆက်လက် ဆောင် ရွက်သင့်သည် စသည့် ထောက်ခံချက်တို့ကိုပါ ထည့်သွင်းတင်ပြရသည်။

ထို့ပြင် ဆူပူမှုများ မငြိမ်မသက်မှုသော် တရားဥပဒေက ခွင့်ပြုထားသည့် အခွင့်အာဏာအရ ဆူပူသည့်လူအုပ်ကို ဖြိုခွဲရန် ပုလိပ်အား သေနတ် ပစ်မိန့်ကို ခရိုင်ရာဇဝတ်တရားသူကြီး တစ်ယောက်အနေဖြင့် ပေးနိုင်သည်။ သို့သော် ဘယ်သူ့ကို ပစ်၊ ဘယ်လို ပစ် ဟူ၍ကား ကိုယ်တိုင်ကိုယ်ကျ မညွှန်ကြားနိုင်။

သို့ဖြစ်ရာ သာမန်အချိန်အခါတွင်မူ ရန်ကုန်အရေးပိုင်၏ တာဝန်ဝတ္တရား တို့မှာ များပြားကြီးလေးလှသည် မဟုတ်ပေ။ ခရိုင်ရာဇဝတ်တရားသူကြီး အနေ ဖြင့်ကား ရုံးတင်တရားစွဲဆိုသည့် ရာဇဝတ်မှုတို့ကို စစ်ဆေးဆုံးဖြတ်ရန်ပင် ဖြစ်သည်။ ရန်ကုန်မြို့သည် ဗြိတိသျှပိုင် အိန္ဒိယအင်ပါယာတွင် ပြည်နယ်ကြီး တစ်ခု၏ မြို့တော် ဖြစ်လေရာ ကျွန်တော်ကို ကူညီရန် မြန်မာတိုင်းရင်းသား

တရားသူကြီး၊ မြောက်ပေါက်နှင့် သမာဓိဖြိုဝင် နှစ်ဦးကို အစိုးရက ခန့်ထားသည်။ ရန်ကုန်နယ်နိမိတ်တွင် ဖြစ်ပွားသည့် အမှုအခင်းတို့ကို ကျွန်တော် ကြားနာစစ်ဆေးရသည်။ တရားဥပဒေအတိုင်း အပြစ်ပေးရသည်။

ဤအလုပ်မှာ သံပတ်ပေးထားသည့် စက်ရုပ်လို မှန်မှန်လုပ်ရသည့် အလုပ်မျိုး ဖြစ်သည်။ ငြီးငွေ့စရာ ကောင်းသည်။ ထို့ကြောင့် ရန်ကုန် တရားသူကြီး အခန့်ခံရသည်ဟု ကြားစကပင် စိတ်မပါလှ။ စိတ်ပျက်မိသည်။

နယ်တွင်မူ တာဝန်ဝတ္တရား အမျိုးမျိုး ထမ်းဆောင်ရသည်။ အပြောင်းအလဲ အမျိုးမျိုး ကြုံရသဖြင့် ပျော်စရာ ကောင်းသည်။ နှုတ်ခွန်းချည်း ထိုင်မနေရဘဲ တောသွားရသည့် အလည့်အပြောင်းတို့ ကြုံရသည်။

ရန်ကုန် တရားသူကြီး ဘဝတွင်ကား တစ်နေ့လာလည်း ခိုးမှု၊ လုယက်မှု၊ လိမ်လည်မှု၊ ထိုကြောင့်သဖြင့် ခေါ်ရာရလာသည့် အမှု၊ နောက်တစ်နေ့တွင်လည်း ခိုးမှု၊ လုယက်မှု၊ လိမ်လည်မှု စသည်တို့ကိုသာ မနားတမ်း စစ်ဆေး ကြားနာရသည်။

ရန်ကုန်သို့ ရောင်တရားသူကြီးအဖြစ် ကျွန်တော် ပြောင်းရွှေ့လာပြီးနောက် မကြာမီမှာပင် မစ္စတာ မေယင်ကြိုက်ဆိုသူသည် ပုလိပ်မင်းကြီး ဖြစ်လာသည်။ သူ့အလုပ်ခွင်သည့် ပုလိပ်မင်းကြီး၏ တာဝန်ဝတ္တရားတို့မှာ ကျွန်တော့်အလုပ်ထက် စိတ်ဝင်စားစရာ ကောင်းသည်။

သူသည် ရန်ကုန်မြို့တွင် အပ်ကျသည်က အစ သိနေရသူ ဖြစ်သည်။ ကောင်းပေးများ၊ စုထောက်များက ရန်ကုန်လောကတွင် ဖြစ်ပျက်သမျှ သတင်းကို သူ့အား အစီရင်ခံရသည်။ သူသည် ရန်ကုန်မြို့၏ အုပ်ချုပ်ရေးကို ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းရသူ ဖြစ်သည်။ သူ့တွင် လိုအပ်သည့် အာဏာများလည်း အပ်နှင်းခံရသည်။ နိုင်ငံရေး၊ သတင်းစာလောက၊ လောင်းကစားမှုခင်းများ စသည်ကိုင်စစ်ပေးခြင်း၊ ဤသည်တို့မှာ သူနှင့် တိုက်ရိုက်သက်ဆိုင်သည့် အရေးကိစ္စများ ဖြစ်လေသည်။

ဤကိစ္စများနှင့် ပတ်သက်လျှင် ကျွန်တော့်ထံက အကြံဉာဏ်ကို သူ မယူ။ ဟောပြော၍ သူ ကိုယ်တိုင်က ကျွန်တော့်ထံ အကြံဉာဏ် တောင်းခံသည့်တိုင် ကျွန်တော့်မှာ အကြံပေးနိုင်သည့် အနေအထားတွင် မရှိ။ အကြောင်းမှာ ကျွန်တော် ရရှိသည့် သတင်းများသည် သူရသည့် သတင်းများလောက် မစုံလင်သောကြောင့်ပင် ဖြစ်သည်။ တကယ်အကြံပြုခဲ့လျှင်လည်း ကျွန်တော်သည် သူ့ကို မကူညီနိုင်။

ပုလိပ်သည်မှာ အုပ်ချုပ်ရေးကိစ္စတို့တွင်သာ ဖြစ်သည်။ သို့သော် တရားရုံးတွင်မူ ကျွန်တော့်အကူအညီများမှာ လိုသည်။ ပုလိပ်ဘက်က တင်သွင်းစွဲဆိုသည့်

အမှုများကို ကျွန်တော်က ကြားနာကာ ထိုက်သင့်သည့် အပြစ်ဒဏ်များကို ပေးရသည်။ ပုလိပ်မင်းကြီးဘက်ကမူ အမှုကိစ္စနှင့် ပတ်သက်၍ စစ်စစ် ပေါက်ပေါက် မေးမြန်းစေ့ကြောခြင်း မပြုဘဲ ပုလိပ်ဘက်က တင်ပြသည်ကို ကြားနာ မှတ်တမ်းကောက်သည့် တရားသူကြီးများကိုသာ နှစ်သက်မည့် အနေဖြစ်သည်။

ယခု ကျွန်တော်နှင့် ဆက်ဆံရသည့် ပုလိပ်မင်းကြီး မယ်ခီကွင်မှာ ရိုးသား ဖြောင့်မတ်သူ တစ်ယောက်ဖြစ်သည်။ အမှုတစ်ခု သူ့ဘက်က ရုံးတင်တရားစွဲဆိုပြီ ဆိုလျှင် တရားဥပဒေနှင့်အညီ မှန်မှန်ကန်ကန် စစ်ဆေးကာ စီရင်ဆုံးဖြတ်သည် ကို လိုလားသည်။ သို့သော်လည်း တရားခွင်တွင် တရားစစ်ဆေးနေရသည့် ပုဂ္ဂိုလ်မှာ အုပ်ချုပ်ရေးဝန်ထမ်းတစ်ယောက် ဖြစ်လာသည့်အခါ တက်လာသည့် အမှုသည် တရားဥပဒေနှင့်အညီ စွဲဆိုသည့် အမှုလော၊ ဥပဒေနှင့် ညီညွတ်ရဲ့လော ဆိုသည်ကို စောကြောကာ သူ့ ကျွမ်းကျင်သည့်ဘက်က ဝင်ရောက်စွက်ဖက်ချင် သေးသည်မှာ မေ့တာဖြစ်သည်။

တရားသူကြီး အလုပ်ကို လက်ခံကာ အမှုများ ကြားနာစစ်ဆေးပြီး မကြာမီပင် ထိုအလုပ်သဘောတို့ကို ကျွန်တော် ကောင်းကောင်း နားလည်သဘော ပေါက်လာသည်။ ကျွန်တော်အဖြစ်သည် သံပတ်ပေးထားသည့် စက်ရုပ်တစ်ရုပ်နှင့် တူနေသည်။ ကျွန်တော့်အလုပ်မှာ တိတိကျကျ မှတ်တမ်းတင်ရသည်။ ပုလိပ်က တင်သည့်အမှုကို ကြားနာပြီး စီရင်ကာ အပြစ်ပေး ထောင်ချရသည်။ ကျွန်တော် လို ဦးနှောက် အသုံးချချင်သူ တစ်ယောက် အဖို့ကား စိတ်ပျက် ငြီးငွေ့စရာ အလုပ်တစ်ခုသာ ဖြစ်ကြောင်း နားလည်လာသည်။

သို့သော်လည်း အကယ်၍သာ နှောင်းအခါ ကျွန်တော် တရားခွင်သို့ တက်လာမည့် အမှုများကို ကြိုပြီး သိနေမည်ဆိုလျှင် ယခုလို ညည်းညူမိမည် မဟုတ်ပေ။ တရားသူကြီး အလုပ်သဘောသည် လုပ်ရိုးလုပ်စဉ် အလုပ်မျိုး၊ အသေစံအဆန်၊ ဘာမျှ မတွေ့နိုင်သည့် အလုပ်မျိုးဟု ကျွန်တော် ထင်ထားမိ ခဲ့သည်မှာ လက်တွေ့တွင် မှားကြောင်း သိလာရသည်။ ရိုက်နှက်မှု၊ လိမ်လည်မှု စသည့် ဖြစ်ရိုး ဖြစ်စဉ် အမှုတို့ထက် ထွေပြားဆန်းကြယ်သည့် အမှုများကို ကျွန်တော် ကြားနာ စစ်ဆေးခွင့် ကြုံလာရသည်။

ထိုအခါ ကျွန်တော်၏ မူလ အလုပ်ဖြစ်သည့် အုပ်ချုပ်ရေးသမား အသိစိတ်ဓာတ်နှင့် တရားဥပဒေကို ဦးစားပေးကာ တရားမျှတမှုကို မတိမ်းစောင်း ရအောင် စစ်ဆေးစီရင်ချက် ချရသည့် တရားသူကြီး၏ အသိစိတ်ဓာတ်တို့သည် တစ်ခါတစ်ရံ သဘောထားချင်း မတိုက်ဆိုင်ဘဲ ညှိနှိုင်းမရနိုင် ဖြစ်လာတတ်သည်။

ပျော့ပျောင်းသောဆောင်းသည့် ထိုဘဝနှစ်ခုကို ပြေလည် ညီညွတ်အောင် ပေါင်းစပ် ပေးရသည်မှာ အကျွန်ုပ်တော်၏ ခံသည့်ကိုမှ ဖြစ်လေသည်။

တရားဥပဒေ ဆိုသည်မှာ တစ်ခါတစ်ရံ လောကသဘာဝနှင့် ညီညွတ်ချင်မှ ညီညွတ်တတ်သည်။ ဥပဒေ ဆိုသည်မှာ ကြက်ပေါင်စေးကို ဆွဲဆန့်ချင်တိုင်း ဆန့်လို့ရသည်။ ရှုံ့ချင်တိုင်း ရှုံ့လို့လည်း ရသည်။ အလျှော့အတင်း လွယ်သည်။ သို့ဖြစ်ရာ တစ်ခါတစ်ရံ ပုလိပ်မင်းကြီး၏ ထင်မြင်ချက်ကို အလေးမထားမတွက်ဘဲ ကိုယ် မှန်သည်ထင်သည့် စီရင်ချက်မျိုးကို ချမှတ်ခဲ့သည်။ တစ်ခါတစ်ရံ ဘဝတွေ အုပ်ချုပ်ရေး ဝန်ထမ်းအားလုံး၏ စိတ်တိုင်းကျ သို့မဟုတ် အုပ်ချုပ်သူ အစိုးရ၏ အလိုကျ မဖြစ်နိုင်သည့် စီရင်ချက်မျိုးကို မျက်စိမှိတ်ကာ ဆုံးဖြတ် ချမှတ်ရသည့် အဖြစ်မျိုး နှင့်လည်း ရင်ဆိုင်ရသည်။

ကျွန်တော့်အခြေအနေမှာ ဆူးကြားသီးသည့် ဘူးလို အလူးအလွန့် မခံသည့် အဖြစ်မျိုးနှင့်လည်း ကြုံရသည်။ အများ အထင်အမြင် လွဲမှားစေရာ အဖြစ်မျိုးနှင့်လည်း ကြုံရသည်။ ထိုအခါမျိုးတွင် ကျွန်တော်သည် သမ္မတ်ပေးထားသည့် ကော်ရုပ်ဘဝမျိုးကို တောင့်တမိလေသည်။ ထိုဘဝကမှ စိတ်အေးပါရ သက်သာဦးမည်။

## ၂။ လင်ချင်းချောင်း

အများ အာရုံစိုက်မည့် ကိစ္စများကို မကြားနှာရမီ ကျွန်တော် ရောက်ရှိနေသည့် ရန်ကုန်မြို့ကြီး၏ အခြေအနေကို စနည်းနာ အကဲခတ်လို့ အချိန်ရသဖြင့် ပတ်ဝန်းကျင်ကို နားစွင့်လေ့လာရသည်။ ရန်ကုန်မြို့သည် စစ်ကိုင်းလို တောဆေါင်ဆေါင် ဆေးသနှင့် ဘဝ ခြားလှသည်။ ရန်ကုန်မှာ ခေတ်မီသည်။ ရန်ကုန်လောကသည် ရှုပ်ထွေး ဆန်းကြယ်သည်။ ရန်ကုန်မြို့ကြီးတွင် လူမျိုးပေါင်းစုံ နေထိုင်ကြသည်။ လူများကျောင်းကန် အဆွေ့အသက်ကြောင့် မြန်မာ ပီသသည့် စရိုက်မျိုးလည်း ကျမ်းခိုးသည်။ ရှေးလစ်မှမ်းဖွန် ဘုံဆောင်ပြာသာဒ်တို့၏ ရှမ်းကြောင် မြန်မာဝ ယဉ်ကျေးမှုလည်း ရှုံ့ကျရသည်။

ထိုသော်လည်း မြန်မာတို့အပြင် တရုတ်အမျိုးသား၊ အိန္ဒိယ အမျိုးသားများ အပြားလည်း နေထိုင်ကြသည်။ သူတို့မှာ နိုင်ငံခြားသားများ ဖြစ်လေသည်။ ထို့နောက် မြန်မာ၊ တရုတ်၊ အိန္ဒိယတို့နှင့် မရောနှောဘဲ တသီးတခြား ကိုယ့်အစုနှင့် ကိုယ်၊ ကိုယ့်ယဉ်ကျေးမှုနှင့်ကိုယ် နေထိုင်ကြသည့် အင်္ဂလိပ်တို့လည်း ရှိသည်။ အင်္ဂလိပ်တို့သည် နေရာဌာနတိုင်းတွင် တန်ခိုးအာဏာကို ချုပ်ကိုင်ထားကြသူများ ဖြစ်သည်။ အရေးကြီးသည့် ဌာနအကြီးအကဲ ရာထူးများမှာ သူတို့လက်ထဲတွင်

ရှိနေသည်။ သူတို့သည် ကိုယ်ပိုင် ကလပ်အသင်းသီးသီးတွင် ပျော်မွေ့ ကျက်စားနေကြသည်။

ကျွန်တော်၏ ရာဇဝင်သည် ရန်ကုန် အရှေ့ပိုင်း ဖြစ်လေသော မြို့ကို စိတ်တိုင်းကျ ကြည့်ရှု လေ့လာနိုင်သည့် အခွင့်အရေးတစ်ရပ် ပိုင်ဆိုင်ထားသည်။ သို့ဖြစ်ရာ အခွင့်ကောင်းယူကာ အခြေအနေ အထားကို လေ့လာမိသည်။ ကိုလိုနီအမျိုးသားများနှင့်သာ အပေါင်းအသင်း လုပ်နေရမည် ဆိုလျှင် အလွန် ငြီးငွေ့စရာ ကောင်းလှသည်။ ခေတ်ပညာတတ် မြန်မာ၊ တရုတ်၊ အိန္ဒိယ အမျိုးသားတို့မှာ ခင်မင်စရာ မိတ်ဆွေကောင်း အဖြစ် ဆက်ဆံကြသည်။ သူတို့နှင့် အပေါင်းအသင်း ဖြစ်လာသည့် အခါတွင်မှ ရန်ကုန်လောကကို အကျွမ်းတဝင် သိနားလည်လာရသည်။ ရန်ကုန် အခြေအနေကိုလည်း ရက်ပိုင်းအတွင်း အကဲခတ်လို့ ရလာသည်။ ထိုအကျိုးကျေးဇူးကြောင့်ပင် ကျွန်တော်၏ မြန်မာ့ရေးရာ အမြင်သည် နောင်အခါ ကြည်လင်လာသည်ဟု ဆိုနိုင်သည်။

ရန်ကုန်သို့ ပြောင်းရွှေ့ လာပြီးနောက် မကြာမီ တစ်ညနေခင်းတွင် ကျွန်တော့်ထံသို့ မစ္စတာ ချန်ဆွာနိုင်ဟု ခေါ်သည့် တရုတ်အမျိုးသား တစ်ယောက် ရောက်လာသည်။ သူသည် ရန်ကုန်မြို့ထဲတွင် တိုက်ခန်းများစွာ ပိုင်သည့် တရုတ် လူချမ်းသာတစ်ယောက် ဖြစ်သည်။ ရောက်လာသည့် ကိစ္စမှာ ကျွန်တော့်အား သူ့တာနှင့် တစ်နေ့ရာသို့ အလည်အပတ် ခေါ်ရန်ပင် ဖြစ်သည်။ မကြာသေးမီကမှ ကွယ်လွန်ခဲ့သူ နာမည်ကြီး တရုတ်သူဌေး မစ္စတာ လင်ချွင်းချောင်း၏ ဇနီးထံသို့ သွားရောက်ကြည့်ရှုရန် အစီအစဉ် ရှိလေသည်။ ထို အဘေးကြီးကို ရန်ကုန်တွင် ချွင်းချောင်းနန်းတော်ဟု အသိအမှတ် ပြုထားကြသည်။

မစ္စတာလင်ချွင်းချောင်းသည် မြန်မာပြည်ပေါက် တရုတ် မဟုတ်ပေ။ တရုတ်ပြည်မှ ရောက်လာသူ ဆင်းရဲသားတစ်ယောက်ဖြစ်ပြီး မနားမနေ ရုန်းကန် လုပ်ကိုင်ရာမှ လူချမ်းသာတစ်ယောက် ဖြစ်လာသူ ဖြစ်လေသည်။ အလုပ်ကို ကြိုးစားသည်။ စည်းကမ်းစနစ် ရှိသည်။ ကြီးပွားချင်သူတို့ များစွာ အတုယူထိုက်သည့် စရိုက် လက္ခဏာ ပိုင်ရှင်မျိုး ဖြစ်သည်။ သူ၏ ကြိုးစားမှုကြောင့် သန်းကြွယ်သူဌေး ဖြစ်လာသည်။ မြန်မာပြည် ဆန်ပေါ်ဈေးကွက်ကို လက်ဝါးကြီးအုပ်နိုင်သူတစ်ယောက် ဖြစ်လာသည်။ သို့သော်လည်း လက်ဝါးကြီးအုပ် ရှေ့ရှုင် မကြာမြင့် အဖြစ်ကား သူ့ဘဝကို ကောင်းကျိုး မပေးနိုင်။ မည်သို့ဖြစ်စေ သက်ရှိထင်ရှား အခါ၌ ရန်ကုန်မြို့၏ အထိကရ ပုဂ္ဂိုလ်တစ်ယောက်အဖြစ် ကျော်ကြားသူ ဖြစ်လေသည်။

လင်ချင်းချောင်းသည် လူရွှင်းသော ဖြစ်လာသည့်အခါ ထူးထူးခြားခြား လှုပ်ကိုင်ချင်သည့် အာသာဆန္ဒ တစ်ခု ပေါ်ပေါက်လာသည်။ သူ့ဘဝတွင် အေးအေးချမ်းသာရကို ခံစားခွင့် မကြုံခဲ့ရ။ သူ ချမ်းသာလာသည့်အခါ ဘဝ အမြောက် အများသော ခံစား၊ စံစားရိုးလည်း အချိန်မရှိတော့။ မည်သို့ဖြစ်စေ သူလည်း လူ ယဉ်ကျေးတစ်ယောက် ဖြစ်ကြောင်း၊ အနုပညာကို ခံစားတတ်သူ ဖြစ်ကြောင်း ဖော်ပြလိုသည့် ဆန္ဒတစ်ခု ပြင်းပြင်းပြပြ ပေါ်လာသဖြင့် တူသည်။

သူသည် သန်းကြွယ်သူဌေး ဖြစ်သည်။ သူ့ပိုက်ဆံကို သောက်စား မျှော်ပါးကာ ဖေါ်ရမ်းရမ်း သုံးဖြုန်းမည့်အစား သူကိုယ်တိုင် နေထိုင်ရန် အဆောင် ဆောင် အခန်းခန်းဖြင့် ရှမ်းပြီးသည့် နန်းတော်တစ်ခု ဆောက်လုပ်ရန် စိတ်ကူး မိသည်။ သူ့နန်းတော်သည် အလှအပ အသိမ်အမွေ ဖြစ်စေသော ပြင်ဆင် မွမ်းမံ လိုသည်။ အနုပညာ လက်ရာမြောက်စေသော သူ့နန်းတော်ကို မြယ်မှုန်းချင်သည်။ မြန်မာပြည်တွင် ရှိနိုင်မည့် လက်ရာမြောက် ပစ္စည်းတို့ဖြင့် တန်ဆာဆင်ရှိုက သူ့နန်းတော်သည် သူ့စိတ်တိုင်းကျ စံအိမ်တစ်ခု ဖြစ်လာနိုင်စရာ အကြောင်း မရှိပါဟု သူ ယူဆသည်။

ထို့ကြောင့် ထိုအချိန်က အင်္ဂလန်ပြည်သို့ ရောက်နိုက် ဖြစ်နေ၊ တန်ဆာ ဆင်သည့် မှန်ဗီရိုများ၊ ပရိဘောဂများကို တိုတင်ဟမ်ကုတ်လမ်းရှိ တိုက်ဆိုင်ကြီး များမှ ဝယ်ယူခဲ့သည်။ စည့်ခန်းတွင် မွမ်းမံသည့် ပန်းချီကားချပ်များ၊ ကြွေထည်များ ကိုလည်း စုဆောင်း ဝယ်ယူခဲ့သည်။ ထိုပစ္စည်းများဖြင့် သူ့စည့်ခန်းဆောင်ကို မွမ်းမံလိုက်လျှင် နတ်ဘုံနတ်နန်းတမျှ ဆန်းကြယ်သွားမည်ဟု သူ စိတ်ကူးယဉ် မိသည်။ သို့သော် ဤမျှနှင့် မတော့နိုင်သေး။ စည့်ခန်းနံရံတို့သည် ဗလာကျင်းနေ မည် ဆိုလျှင် တင့်တယ်နိုင်ပါမည်လော။

တစ်နေ့တွင် မစ္စတာ လင်ချင်းချောင်းသည် လန်ဒန်မြို့ ဝေါ်ကာယ်ဒလီ အနိုင်ကြီးနားရှိ တရုတ်စားသောက်ဆိုင် တစ်ခု၌ နေ့လယ်စာ စားနေသည်။ ဆိုင်ရှင် တရုတ်အမျိုးသားမှာ သူ့မိတ်ဆွေတစ်ယောက် ဖြစ်သည်။ သူ့ဆိုင်သို့ ပန်းချီဆရာတွေ လာပြီး စားသောက်ကြဘူးလား ဟု လင်ချင်းချောင်းက မေး ကြည့်သည်။ ယင်းတို့အနက် မြန်မာပြည်သို့ လိုက်ပါပြီး သူ့နန်းတော် အဆောင် ဆောင် အခန်းခန်းကို ဆေးခြယ် ပေးနိုင်မည့်သူ မရှိဘူးလား ဟူ၍ စုံစမ်းသည်။

ထိုအခိုက်မှာပင် ဆိုင်တွင်း မလှမ်းမကမ်း တစ်နေရာ၌ အမျိုးသားတစ် ယောက်နှင့် အမျိုးသမီးတစ်ယောက် ထိုင်နေကြသည်ကို ဆိုင်ရှင်က မြင်သည်တွင် လင်ချင်းချောင်းကို အသိပေးလိုက်သည်။

'ဟိုကကြ ဘယ်သူတွေလဲ'

'ပန်းချီဆရာတွေပဲ၊ ပန်းချီလင်မယား ဆိုပါတော့။ လက်ထပ်ပြီးတာ မကြာသေးဘူး။ ကျွန်တော် သိရသလောက်တော့ သူတို့ဟာ ထက်ရာမြောက်တဲ့ ပန်းချီဆရာတွေပဲ'

'ဒါဆိုရင် မြန်မာပြည်ကို သူတို့ လိုက်နိုင်ပါ့မလား။ ဘယ်လို ထင်သလဲ'

လင်ချင်းချောင်းမှာ ချမ်းသာသော်လည်း ပစ္စည်းမာန ထောင်လွှားသူ မဟုတ်ပေ။

'သူတို့လင်မယားက ဆင်းရဲတယ်၊ ခင်ဗျား နန်းတော်ကြီးအကြောင်း ကြားရရုံ ပုံပြင်ထဲက နန်းတော်ကြီးများလားလို့ စိတ်ကူးယဉ်သွားကြမှာပဲ'

ဝုံးစကား ကြားရလျှင် လင်ချင်းချောင်းသည် ဘာမေးတော့ မေး့သွားသည်။ နှစ်ဦးနှစ်ဖက် တွေ့ဆုံပြောဆို မိတ်ဆက်ကြသည်။ သူ့လိုအင်ဆန္ဒကို ထုတ်ဖော်ပြောဆိုသည်။ ပန်းချီဆရာ လင်မယားမှာ အင်းနက်ပရော့တာနှင့် ဒေါ်ပရော့တာတို့ ဖြစ်သည်။ သို့နှင့် ရှိန်းဆိုထားသည့် အချိန်တွင် ပန်းချီဆရာ လင်မယားသည် မြန်မာပြည်သို့ ရောက်လာကြသည်။

လမ်းတွင် ကားပေါ်၌ ချန်ချောနိုင်က သူသိသမျှ ချင်းချောင်းနန်းတော် အကြောင်းကို ကျွန်တော့်အား ပြောပြသည်။ ကျွန်တော်က မေးမြန်းနေရသည် မဟုတ်။ သူ သိသမျှ၊ သူ စိတ်ကူးရသည့်အတိုင်း ပြောပြခြင်းသာ ဖြစ်သည်။

ဆက်လိုင်ပန်းချီဆရာ ပရော့တာ လင်မယား မြန်မာပြည်သို့ ရောက်ခဲ့သည်မှာ လွန်ခဲ့သည့် ဆယ်သုံးနှစ်က ဖြစ်သည်။ ထိုအချိန်မှ စ၍ ယခုကာလအတွင်း သူတို့၏ အနုပညာ ဂုဏ်သတင်းမှာ ကျော်ကြားစ ပြုလာပြီ ဖြစ်ရာ သူတို့၏ ကနဦး အစောပိုင်း လက်ရာများကို ကြည့်လို၊ မြင်လိုစိတ် ပြင်းပြလာသည်။ တစ်ဖန် သူတို့နှင့် မရင်းနှီးသည့် ရေမြေဒေသတွင် ပန်းချီ အနုပညာကို ဘယ်ပုံ ဖန်တီးသည်ကိုလည်း သိချင်စိတ် ပေါ်လာမိသည်။

ကားပေါ်မှ နေ၍ နန်းတော်ကြီးကို ကောင်းကောင်း မြင်ရသည်။ အလယ်တွင် မျှော်စင်ကဲ့သို့ ဘုံဆောင် အမြင့်တစ်ခု ထိုးထွက်နေသည်။ ယင်း၏ ဘေး တစ်ဖက် တစ်ချက်တွင် အဆောင်များကို အလယ်ဘုံဆောင်နှင့် ဆက်ကာ ဆောက်လုပ်ထားသည်။ အမိုးမှာ အစိမ်းရောင် စဉ့်အုတ်ကြွပ်ဖြစ်ပြီး ထောင့်ချိုးတို့၌ တရုတ်ဗိသုကာ လက်ရာအတိုင်း အမောက်အပျံတို့ဖြင့် တန်ဆာ ဆင်ထားသည်။

နန်းတော်၏ ဆင်ဝင်တွင် လင်ချင်းချောင်း၏ သား အငယ်ဆုံးက ကျွန်တော်တို့ကို ခရီးဦးကြိုပြုသည်။ သူသည် သူ့အဖေလိုပင် သဘောကောင်းသူ ဖြစ်လေသည်။ ဖော်ရွေစွာပင် ကျွန်တော်တို့အား နန်းတော်နေရာအနှံ့ လိုက်လံ ပြသသည်။ စည့်ခန်း၌ ဇိမ်ခံ ရှေးဟောင်း ပစ္စည်းများကို ထုတ်ပြ

သည်။ အင်္ဂလန်ပြည် ခရိုက်တန်ဒေသချိန် မြို့များ၊ ကလက်ကတန် ဒေသမှ ပိုလီနီရှီ အသုံးအဆောင် ပစ္စည်းများ၊ တောင်ပင်လယ်မှ အသုံးအဆောင်များ၊ ဒေသည်ဖြင့် ပစ္စည်းများ နေလင်သည်။ ဒီနိုအဆို့တွင် တရုတ်ကြွေပန်းကန် များကြေးရေးတို့ကို လည်းကောင်း၊ ဓနအရုတ်ခေါ် ကြေးခါးနိုးချက် အသုံးအဆောင် တို့ကို လည်းကောင်း၊ တွေ့ရသည်။ ယခုထက်ထိ ပဒေသာတာ၏ လက်ရာတို့ကို တွေ့ရသေးသဖြင့် စိတ်မရှည်နိုင်တော့ဘဲ ထွက်ခဲ့သောမြန်းမိသည်။

'ခင်ဗျား အစေ ကိုယ်တိုင် အင်္ဂလိပ် ပန်းချီဆရာ လင်မယား ဂုဏ်ပြီး နံရံအင်္ဂတော ဆေးရေးပန်းချီကားတွေ ချိန်နိုင်းတယ် မဟုတ်လား'

'သိပီ ပန်းချီကားတွေက အပေါ်ထပ်မှာ ရှိပါတယ်ခင်ဗျား' ဟုသို့ ပြောက လှေကားရှိရာသို့ ခေါ်ဆောင်သွားသည်။ လှေကားရင်းတွင် ဆင်ရုပ်ကျောက်ဆစ် ပန်းပုလက်ရာ တစ်ခုကို တွေ့ရသည်။ လက်ရာကောင်းတစ်ခု ဖြစ်ပါသည်။ လှေကားအတိုင်း တက်သွားသည့်တွင် ပဒေသာတာ၏ နံရံဆေးရေး ပန်းချီတို့ကို အထင်းသား တွေ့လိုက်ရသည်။

ထိုပန်းချီကားများတွင် နောင်အခါ ထင်ရှားကျော်ကြားလာမည့် ပဒေသာတာ၏ အစွမ်းအစ လက္ခဏာ တစ်စုံတစ်ရာမျှ မတွေ့ရသဖြင့် ကျွန်တော်စိတ်ထဲတွင် မကျေမနပ် ဖြစ်မိသည်။ ပဒေသာတာ ဆွဲထားသည့် ပန်းချီမှာ တရုတ် ရှေးဟောင်း လက်ရာများဖြစ်သည့် ရှုမျှော်ခင်း ပန်းချီကားများပင် ဖြစ်သည်။ အလှအပကို ရှာလို့ တွေ့နိုင်ပါသည်။ အတတ်ပညာမိုင်းဖြိုလည်း "နေဂျက်ခင်း" ပန်းချီကားတစ်ခု တည်းဖြင့် တော်ဝင်ပန်းချီပြခန်းကို လွှမ်းမိုးကာ ကျော်ကြားလာသည့် ပဒေသာတာ၏ အစွမ်းအစကို မတွေ့ရသဖြင့် ကျွန်တော် အားသာဆာနေ မပြေ ဖြစ်မိသည်။ စိတ်ပိုင်း ကျေ ဖြစ်မိသည်။

ထိုအခိုက်မှာပင် ချွန်ချေ့ာနိုင်က တမံနားလမ်းမှ တရုတ်ဘုရားကျောင်း တစ်ခုသို့ သွားကြမည် ဟု သတင်းစကား ကြားသိရသည့်အခါ ကျွန်တော့် စိတ်ထဲမှာ အပျော်အလဲတစ်ခု ချော့လင့်နိုက်ဖြစ်၍ ပျော်သွားသည်။ မည်သို့ပင် ဖြစ်စေ ချင်းချောင်းနန်းတော်ကို လှည့်ပတ်ကြည့်ရှုခွင့် ရသဖြင့် အတွေ့အကြုံ တစ်မျိုး တိုးလာသည်။

အကယ်၍သာ မနုတာ လင်ချင်းချောင်းသည့် သည့်ထက်ပို၍ အားလပ် နိုကာ သူ့နန်းတော်ကို စိတ်တိုင်းကျ မွမ်းမံနိုင်ခဲ့မည်ဆိုလျှင် အနုပညာ လက်ရာ မြောက်သည့် အမွမ်းတန်ဆာတို့ကို ပို၍ ဆင်ယင်နိုင်မည် ဖြစ်သည်။ သူ၏ အနုပညာ စိတ်မှ အတိုင်းအတာသည်လည်း ပို၍ ထင်ရှားလာမည် ဖြစ်သည်။

ယခုမှ သူ့မိစားမှ အတိုင်းအတာသည် မြန်မာပြည်ကို ရောသဖြင့် အတန်အသင့် မြင့်မားနေသေးသည် ဟူ၍ကား သတိမူမိနိုင်မည် ဖြစ်သည်။

ပိုက်ဆံချမ်းသာသည့် အိန္ဒိယ ကုန်သည်ကြီးများသည် ရောင်းမည်းစည် တိုက်ခန်းများ၌ စံကျကျ နေကြသည်။ လယ်ပိုင်ရှင် မြန်မာ တောသူဌေးတို့သည် ဆင်းရဲ လယ်ထွန်သမားများကြား၌ ကျွန်ပမာကဲ့သို့ နေကြသည်။ ယင်းတို့နှင့် နှိုင်းစာလျှင် ရှင်းရှောင်း နန်းတော်ပိုင်ရှင် တရုတ်သူဌေး၏ စိတ်ကူးစိတ်သန်းသည် များစွာ အဆင့်အတန်း မြင့်နေသည်ဟု ဆိုရမည်။ ရန်ကုန်မြို့တွင် အိမ်တွင်း ဆည်းခန်းဆောင်ကို နိုင်ငံခြား အမွမ်းတန်ဆာတို့ဖြင့် ဆင်ယင်သည့် ပထမဆုံး အာရှတိုက်သားအဖြစ် လင်ရှင်းရှောင်းကို အသိအမှတ် ပြုရမည် ထင်သည်။ နောင်တွင် သူ့အတွက် များစွာ သူ့ကို အားကျကာ အထက်တန်းလွှာက လူကုံထံ မြန်မာ သူဌေး၊ တရုတ် သူဌေး၊ အိန္ဒိယ သူဌေးတို့သည် သူ့နည်းတူ စံအိမ်ကြီးများ ဆောက်လုပ် နေထိုင်ကြမည့်အချိန် ရောက်လာတော့မည်ဟု မျှော်လင့်ရပေသည်။

သို့နှင့် ကျွန်တော်တို့သည် ကမ်းနားလမ်း တရုတ် ဘုရားကျောင်းသို့ ရောက်သွားကြသည်။ ဘုရားကျောင်း အဝတွင် ကျွန်တော်တို့အား ကြိုဆိုနေသည့် ဘုရားလူကြီးများကို တွေ့ရသည်။ ကျွန်တော်တို့ ရောက်နေသည်မှာ တရုတ်အရှင် မယ်တော်ကွမ်ယင်၏ ဘုရားကျောင်း ဖြစ်သည်။ ဘုရားကျောင်း၏ ဗိသုကာ လက်ရာမှာ သေသပ်ကောင်းမွန်သည်။ အမိုးမှာ မြင့်သည်။ တိုင်လုံးကြီးများ၌ အုတ်ကြွပ်မိုး တင်ထားသည်။ ထုပ်တန်းများက နီ၊ မြ၊ ဝါတို့နှင့် အရောင်စုံ ကြီးသည်။ ဘုရားစင်ရှေ့တွင် ပန်းခိုက် ကြေးအိုးကြီးများ ယွန်းထည်များ ခင်းကျင်းထားသည်။ မှည်းတိုင်မှာ မွှေးနံ့သာပေါင်း ရာပေါင်း များစွာက မွှေးမောင်း မှည်းများ မဟုတ်သော်လည်း မွှေးမောင်းမှည်း လက်ရာအတိုင်း ပြုလုပ်ထားသည့် အမွှမ်းအမံတို့ ဖြစ်သည်။ အမှိုး မှန်သည်။ မွှေးလက်ရာလားဟု ထင်ရသည်။ မွှေးမောင်းမှည်း နံ့မောင်းသူတို့ ဆိုလျှင် တန်ဖိုးကို သိကောင်းသိမည်။ ထိုအခါ ကျွန်တော်မှာ လင်ရှင်းရှောင်း၏ နန်းတော်မှ အပြင်အဆင် အမွှမ်းတန်ဆာတို့ကို အမှတ်ရလာသည်။ လင်ရှင်းရှောင်းသာ သူ့နန်းတော်ကို စနစ်တကျ မှန်မှန်ထားမည် ဆိုလျှင် ယခုထက် ပို၍ ကြည့်ရှုရ တင့်တယ်မည် မုချ။

တရုတ် ဘုရားလူကြီးသည် ဝါးကျည်တောက် တစ်ခုကို ကျွန်တော့်ဆီသို့ ယူလာသည်။ အထဲတွင် ဝါးချောင်းကလေးများ ဝါးဆယ်တောက် ရှိသည်ကို တွေ့ရသည်။

'အနာဂတ်ကိုမေး၊ ဖောင်း မေးမြန်းပါသလား' ဘုရားလူကြီးက ပြုံးရွှင်စွာ မေးသည်။

ဤဗေဒင် ဟောပုံကို ကျွန်တော် စိတ်ဝင်စားသည်။ ကျည်တောက်ကို မတ်မတ်ကိုင်ကာ ကွမ်းယာ မယ်တော်ထံ အဓိဋ္ဌာန်ပြုပြီး ခပ်နာနာ လှုပ်ရမည်။ ထိုအခါ ဝါးချောင်းတစ်ခု အထက်သို့ တက်လာလိမ့်မည်။ ပြီးလျှင် ဝါးကျည်တောက်ထဲမှ ခုန်ထွက်ကာ အောက်သို့ ကျသွားမည်။ ထိုဝါးချောင်းကို ယူကြည့်ကာ ဟောစာတမ်းကို ဖတ်မည်။

ဝါးကျည်တောက်ထဲက ဝါးချောင်းတစ်ခု သူ့အလိုလို အထက်သို့ ခုန်တက်လာမည် ဆိုသည်ကို ကျွန်တော် နားမလည်နိုင် ဖြစ်နေသည်။ သို့သော်လည်း သူတို့ ညွှန်းဆိုသည့်အတိုင်း ခပ်နာနာ လှုပ်သည်။ ဟုတ်ပြီ၊ မကြာပါ။ သူတို့ ပြောသည့် အတိုင်းပင် ဝါးချောင်းတစ်ခု တဖြည်းဖြည်း တက်လာသည်။ ဘုရားလူကြီးများက ကျွန်တော်ကို ကြည့်နေကြသည်။ ယုံယုံကြည်ကြည်ပင် ဝါးကျည်တောက်ကို ဆက်ပြီး လှုပ်ပါ ဟူ၍လည်း မျက်နှာရိပ် မျက်နှာကဲ ပြကြသည်။

သို့နှင့် ကျွန်တော်သည် ကွမ်းယာမယ်တော်ကို မျက်နှာမူကာ ဝါးကျည်တောက်ကို ခပ်နာနာ လှုပ်သည်။ ဝါးချောင်းကလေးသည် တဖြည်းဖြည်း တက်လာပြီး ဝါးကျည်တောက်ထဲမှ ခုန်ထွက်ကာ အောက်သို့ ကျသွားသည်။ ဝါးချောင်းကျရာ အရပ်ကို ကြည့်ကာ ကောက်ယူသည်။ ဝါးချောင်းတွင် အညွှန်းတစ်ခု ပါသည်။ ထိုအညွှန်းအတိုင်း ဟောစာတမ်း စာအုပ်ကြီးကို လှန်လှော ရှာဖွေသည်။ ပြီးတော့ ပြုံးရွှင်သော မျက်နှာဖြင့် ကျွန်တော်ကို ကြည့်ကြသည်။ ဟောစာတမ်းကို ဖတ်ရသဖြင့် ကျေနပ်နေကြဟန် တူသည်။ (ဤဗေဒင်ဟောနည်းကို မြန်မာပြည်ပေါက် တရုတ် အမျိုးသားတို့က စရသည်ဟု ပြောကြသည်။ ဘာသာပြန်သူ)

'ဘာတွေများ ဟောထားသလဲ'

'သံမတ်ကြီးက ကျော်ဖြစ်မယ်လို့ ဟောစာတမ်းက ဆိုပါတယ် အရေးပိုင်မင်း ခင်ဗျား အရေးပိုင်မင်းရဲ့ အနာဂတ်ဟာ သာယာမယ် စည်ပင်မယ် သဘော ရှိပါတယ်၊ ရာထူးလည်း တိုးပါမယ်'

ကိုယ့်အကြောင်း အကောင်း ပြောလျှင် နှစ်သက်တတ်ကြသည်မှာ လူ့သဘာဝပင် ဖြစ်သည် မဟုတ်လား။ ဟောစာတမ်းကို သိရသဖြင့် ကျွန်တော် ကျေနပ်မိသည်။ သို့သော်လည်း သူတို့တစ်တွေ ယဉ်ကျေးသိမ်မွေ့ပုံကို တွေးမိကာ နှစ်သက်ကျေနပ်မိသည်။ ဘုရားလူကြီးများသည် သူတို့ ဘုရားကျောင်း၏ အလှအပကို ပြသနိုင်သော်လည်း မယ်တော်ကွမ်းယာ၏ တန်ခိုး အစွမ်းအစကို အသုံးချကာ ကျွန်တော် ကျေနပ်နှစ်သက်အောင် ပျူပျူငှာငှာပင် ဟောပေးတော်

ပြုတော်ကြသည်ကို ချီးမွမ်းမဆုံးနိုင် ရှိမိသည်။ ကျွန်တော်အတွက် အဖိုးထိုက် အဖိုးတန် လက်ဆောင်ပစ္စည်းတစ်ခု ပေးသည်ထက် ဤနည်းဖြင့် ကျေးဇူးပြုသည်က ပို၍ ထိရောက်သည်ဟု ထင်မိလေသည်။

## ၃။ လင်းပင် မင်းသမီး

၁၉၂၈ ကုန်ခါနီး တစ်နေ့တွင် မြန်မာလူမှုနေမှု တစ်စိတ်တစ်ပိုင်းကို နီးနီးကပ်ကပ် လေ့လာခွင့် ကြုံရသည်။ ယင်းမှာ မြန်မာ့ အခမ်းအနားများ၊ ဆင်နွှဲကျင်းပပုံတို့နှင့် သက်ဆိုင်လေသည်။ တစ်နံနက်ခင်းတွင် ကျွန်တော့်အိမ်ရှေ့သို့ ကားတစ်စီး ဆိုက်လာပြီး မြန်မာ အမျိုးသမီးတစ်ယောက် ကားပေါ်မှ ဆင်းလာသည်။ ကျွန်တော်မှာ စာကြည့်ခန်းတွင် ထိုင်နေခိုက် ဖြစ်သည်။ ဧည့်ခန်းသို့ သွားကာ အမျိုးသမီးကို ဧည့်ခံရသည်။

'ကျွန်မ မလတ်ပါ'

သူက စတင် မိတ်ဆက်ပါသည်။ သူ့ အင်္ဂလိပ်စကားမှာ အတွန့် ပီသသည်။ အင်္ဂလိပ်မတစ်ယောက် ပြောနေသလား ထင်ရသည်။

မလတ် ဆိုသူကို အလျင်က မတွေ့ဖူးခဲ့ပါ။ သို့သော် သူ့ကို ကျွန်တော် သိနေသည်။ သူ့အကြောင်း ကြားဖူးသည်။ သူသည် လင်းပင်မင်းသား၏ ဒုတိယ သမီးတော် ထိပ်တင်မလတ် ဖြစ်သည်။ လင်းပင်မင်းသားသည် သီပေါဘုရင်၏ ညီ ဖြစ်သည်။ ၁၈၈၅ တွင် မန္တလေးကို အင်္ဂလိပ်တို့က သိမ်းပိုက်ပြီးနောက် သီပေါမင်းကို အိန္ဒိယပြည် ရတနာဂီရိသို့ ပို့ဆောင်သွားသည်။ လင်းပင်မင်းသား ကိုမူ နောင်အခါ အိန္ဒိယပြည် အလဟာဗတ်မြို့သို့ အင်္ဂလိပ်တို့က ပို့ထားသည်။

ပဋ္ဌမကမ္ဘာစစ် မဖြစ်မီက ဂျာမနီ အိမ်ရှေ့မင်းသားသည် အိန္ဒိယသို့ အလည်အပတ် ရောက်လာသည်တွင် ထိပ်တင်မလတ်နှင့် တွေ့ဆုံ သိကျွမ်း ကြသည်။ ထိုစဉ်က မလတ်မှာ အပျိုပေါက်အရွယ် ဖြစ်သည်။ အသက် နှစ်ဆယ် ပင် မကျော်သေး။ အလဟာဗတ်မြို့၏ ကလပ်တစ်ခုတွင် ဂျာမနီ အိမ်ရှေ့ မင်းသားနှင့် ထိပ်တင်မလတ်တို့ တွေ့ကြသည်ဟု သတင်းတစ်ခုက ဆိုသည်။ လင်းပင်မင်းသားမှာ ထိုကလပ်၏ အသင်းဝင် ဖြစ်လေသည်။

မလတ်မှာ မြင်သူ ငေးလောက်အောင် ပြေပြစ်ချောမွေ့သူ ဖြစ်လေရာ နောင်အခါ ဂျာမနီ အိမ်ရှေ့မင်းသားက အရှေ့တိုင်းတစ်ခွင် ခရီးလှည့်စဉ်က ထိပ်တင်မလတ်သည် အချောဆုံး၊ အရှေ့တိုင်းသူ တစ်ယောက် ဖြစ်ကြောင်း မကြာခဏ ပြောလေ့ရှိသည်ဟု ဆိုသည်။

ထို့နောက် ထိပ်တင်မလတ်သည် နီပေါ်ဒီမိရေ့ စံမင်းသားနှင့် ရှုံးကြိုး သွယ်မိလေသည်။ လက်ထပ်တော့မည်အထိ ရင်းနှီးခဲ့ကြသည်။ သို့သော်လည်း နီပေါ်တို့မှာ ကြားသွားရှိနှယ်ဝင်တို့ ဖြစ်လေရာ ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်သည့် မလတ်နှင့် လက်ထက်ခွင့် မပြုနိုင်ဟု မင်းဆွေစုတို့က တားမြစ်ကြသည်ဟု အဆို ရှိလေသည်။ နောင်တွင် ထိုဒီမိရေ့စံ နီပေါ်မင်းသားလေးသည် အဆိုင်ယောက်တော သူ့ကိုယ်သူ အဆုံးစီရင်သွားသည်ဟု ဆိုကြသည်။

ပထမကမ္ဘာစစ် ပြီးလျှင် အင်္ဂလိပ်မင်းက လင်းပင်မင်းသားကို မြန်မာပြည် သို့ ပြန်ခွင့်ပြုသည်။ ထိပ်တင်မလတ် အပြင် လင်းပင်၌ သမီးနှစ်ယောက်နှင့် သားတစ်ယောက် ရှိသေးသည်။ မြန်မာပြည်သို့ ပြန်ရောက်လျှင် တိုင်းပြည် အခြေ အနေသည် သိသိသာသာ ပြောင်းလဲနေသည်ကို ကြုံရသည်။ တိုင်းသူပြည်သား တို့မှာ ကုန်းဘောင်မင်းဆက်ကို လည်းကောင်း၊ မှန်နန်းကို လည်းကောင်း၊ မင်းညီမင်းသားတို့ကို လည်းကောင်း မေ့လျော့နေကြပြီ။ မြန်မာထီး မြန်မာနန်းကို မေ့လျော့နေကြပြီ။ မြန်မာတို့သည် ဘုရင်မဲ့တော်ချိန်တော်တို့ကို အလေးမထား ကြတော့။

မြန်မာအထက်တန်းလွှာသည် အင်္ဂလိပ်က ပေးမည့် အုပ်ချုပ်ရေးစနစ်သစ် တစ်ခုတွင် ပါဝင်ကာ မောင်မိမာန်ရေးအဖွဲ့ တစ်ခု ဖွဲ့စည်းနိုင်လောက်သော စိတ်ဝင်စား နေကြသည်။ ထိုအနီးရေးအဖွဲ့တွင် ပါဝင်ဖို့ စိတ်အားထက်သန်နေကြသည်။

မြန်မာပြည်ကို ဘယ်အုပ်ချုပ်ရေး စနစ်မျိုး ပေးမည်လဲ၊ ဗြိတိသျှပါလီမန် က ဘယ်လို ဆုံးဖြတ်မည်လဲ။ ဤသည်တို့မှာ ထိုအချိန်က မြန်မာတို့ စိတ်ဝင်စား နေသည့် တိုင်းရေးပြည်ရေးများပင် ဖြစ်လေသည်။

တောလူ တောင်သားတို့ကမူ အင်းအိုင် ဖေလဲ လက်ခွဲ မှူးရားတို့ကို ယုံကြည်ကြသည်။ အတိတ် တဘောင်ကို နည်းမှာသည်။ တောင်ကိန်းခန်း အလိုကို နားခွင့်သည်။ တောင်ကိန်းခန်း အလိုအရမှ ကုန်းဘောင်ဆက်သည် သုဉ်းသွားပြီ။ မင်းဆက် ပြတ်သွားပြီ။ နောက်ထပ် မင်းဆက်အသစ်တစ်ခု ပေါ်လာလိမ့်မည်။ နောက်တက်မည့် မင်းသည် ကုန်းဘောင်မင်းမျိုးမှ မဖြစ်နိုင်၊ မဟုတ်နိုင် ဟု ယုံကြည်ကြသည်။

ဗြိတိသျှ ဖွဲ့ပေးမည့် အုပ်ချုပ်ရေးအဖွဲ့သစ်သည် မကြာမီ ပေါ်ပေါက်လာ တော့မည်။ ဤသည်ပင် အတိတ် တဘောင် ပြဘာလွန်းသည့် မင်းဆက်သစ် ဖြစ်လေမည်လားဟု မျှော်လင့်နေကြသည်။

လင်းပင်၏ သမီးတော်များသည် အလှပဂေးများ ဖြစ်ကြသည်။ မလေး ကျော် အထက်တန်းလွှာတွင် ဝင်ဆံ့ထင်ရှားခဲ့သူများ ဖြစ်ကြသည်။ တော်ချိန်ကမ္ဘာ

ကြသည်။ သို့တိုင်အောင် ကိုယ့်မြေ ကိုယ့်ဓာတ် ပြန်ရောက်လာသည့်အခါ လွတ်လပ်သလို ပေါင်းမှုများ ဖြစ်နေကြရသည်။ ကံကြမ္မာ အလှည့်အပြောင်းတွင် အထက်လွှာ၌ နေပန်းစားခွင့် မကြုံကြရပေ။ အင်္ဂလိပ် အရာရှိများကလည်း မင်းသမီးများကို အရောတဝင် ဆက်ဆံရန် ဝန်လေးနေကြဟန် တူလေသည်။ သို့ဖြစ်ရာ သမီးတော်တို့မှာ ထိုအခါက မြန်မာ့ အထက်လွှာတွင် အမဝင် မှုံမကျ ဖြစ်နေသည်။ သူတို့သည် စည်းစောင့် လင်းပင်မင်းသားနှင့် အတူနေကြသည်။ သူတို့စံအိမ်ကို "ရတနာ့သိမ်" ဟု နာမည်ပေးထားသည်။ ယင်းမှာ ကုန်းဘောင် မြို့တော်ဟောင်း၏ နာမည်ပင် ဖြစ်သည်။ ဤသို့ဖြင့် လင်းပင် သမီးတော်တို့မှာ မိတ်သစ်မွေးသစ် ရှာကာ ဆက်ဆံပေါင်းသင်း နေထိုင်ကြရသည်။

ဤသည်မှာ ကျွန်တော် သိသမျှ မလတ်အကြောင်းပင် ဖြစ်သည်။ သူ့ကို ဧည့်ခန်းသို့ ခေါ်ဆောင်သွားစဉ် ဘာကိစ္စနှင့် ရောက်လာလေသလဲဟု စဉ်းစားမရ ဖြစ်နေမိသည်။

မလတ်သည် ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။ မလတ်ကား စာချွဲလောက်အောင်ပင် ချောမောလှပသူ ဖြစ်သည်။ ပိုးထည်အပြာ အင်္ကျီအကျီတို့ကို ဝတ်ဆင်ထားသည်။ အသားအရေမှာ ဝါဝင်းပြီး ရွှေရောင်တောက်နေသည်ဟု ထင်ရသည်။ မျက်လုံးအိမ်ကြီးများမှာ အစည်ရွှမ်းလဲ့ပြီး အရောင်တောက်နေသည်။ လက်ဆစ်မြေဆစ်တို့မှာ သွယ်လျှောင်း နုညှသည်။ လာရင်းကိစ္စကို မပြောရ ခက်နေဟန်တူသဖြင့် ကျွန်တော်က စားသောက်ဖွယ်တို့ဖြင့် ဧည့်ခံရသည်။ နောက်ဆုံးတွင်မှ မလတ်က သူ့ကိစ္စကို ပြောပြသည်။

'အရေးပိုင်ကြီးဆီကို ကျွန်မ ရောက်လာတဲ့ အကြောင်းက ကျွန်မ ကိစ္စတစ်ခုမှာ မှတ်ပုံတင်အရာရှိအဖြစ် ဆောင်ရွက်ပေးဖို့ပါပဲ'

ကျွန်တော်၏ ရုံးကုန်အရေးပိုင် တာဝန်ဝတ္တရားတို့တွင် မွေးသေစာရင်း မှတ်ပုံတင်ခြင်း၊ လက်ထပ် ထိမ်းမြားသည်ကို အသိအမှတ်ပြု မှတ်ပုံတင်ပေးခြင်းတို့လည်း ပါရှိသည်။ သို့ဖြစ်လေရာ သူက စတင် ဖွင့်ဟသည်တွင် သူ့ကိစ္စကို မှန်းဆမိပြီ။ သို့သော် အသေအချာ ခက်သဖြင့် သူ့စကားကိုပင် ပြန်မေးလိုက်ရသည်။

'မှတ်ပုံတင်အရာရှိ အဖြစ်နဲ့လား'

'ဟုတ်ပါတယ်၊ ကျွန်မ လက်ထပ်ချင်လို့ပါ၊ ကျွန်မ လက်ထပ်ပွဲမှာ ဆောင်ရွက်ပေးဖို့ပါပဲ'

'ပေးရတာပေါ့ ခင်ဗျာ၊ ဒါနဲ့ ထိပ်တင်မလတ် လက်ထပ်မှာက ...'

'ကျွန်မရဲ့ လက်ထပ်မှာက အင်္ဂလိပ်လူမျိုး ရှင့်'

'ပြည့်ပြည့်စုံစုံ ပြောပြပါဦးလေ၊ ဘယ်သူဘယ်ဝါဆိုတာ'

"ပါဘာလက်စယ်လာဆိုပါ"

မစ္စတာ စယ်လာဆိုသည် ရန်ကုန်မြို့ရှိ ဘွတ်ကီးနိုင်တစ်ယောက် ဖြစ်သည်။ လင်းယင်မင်းသမီး ထိပ်တင်မလတ် တစ်ယောက် ဘွတ်ကီးနိုင် မစ္စတာ စယ်လာနှင့် လက်ထပ်လိုက်သည်ကို ရန်ကုန်လေ့ကကာ စိတ်မဝင်စား။ သူတို့ လက်ထပ်ရန် သတ်မှတ်ထားသည့်ရက်မှာ သောကြာနေ့ ဘဲ ဖြစ်သည်။ ရုံးထုံးစံ အရ ဆိုလျှင် ကျွန်တော်တို့မှာသင် ကျမ်းကျိန်လက်မှတ်ထိုးပြီး လက်ထပ်ပွဲကို ကျင်းပနိုင်သည်။ ယခုမူ ကျွန်တော်ကိုယ်တိုင် ထိပ်တင်မလတ်အိမ်သို့ လိုက်ပါကာ ဦးနှီး စီမံပေးရမည် ဖြစ်သည်။

လက်ထပ်ပွဲသို့ ဧည့်သည်များများစားစား မရောက်လာကြ။ အရာရှိကြီး ထဲက ဆိုလျှင် ပုလိပ်မင်းကြီး မယ်နီကာဝ် တစ်ယောက်သာ ရောက်လာသည်။ အိမ်ပေါ်မင်းထဲ စားဖူးသည့် အာဆေးနီယန် အမျိုးသား မစ္စတာမာနွတ်နှင့် သူ့ဇနီး တို့လည်း လက်ထပ်ပွဲသို့ လာရောက်ချီးမြှင့်ကြသည်။ မြန်မာလူကုံထံ၊ မြန်မာ အရာရှိကြီး စသည်တို့ကိုကား မတွေ့ရပေ။

အိမ်အပေါ်ထပ် အခန်းတစ်ခုတွင် စားပွဲကုလားထိုင်တို့ ခင်းကျင်းထားရာ ထိပ်ဆုံးက စားပွဲတစ်ခုတွင် ကျွန်တော်ကို နေရာချထားသည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်တွင် တခြားဧည့်သည်များ ထိုင်နေကြသည်။

စောင့်ဆဲရာ အခါပေးသည့် ညနေ ၄း၄၅ နာရီတွင် လက်ထပ်ပွဲ အခမ်း အနားကို စတင် ကျင်းပသည်။ လင်းယင်မင်းသမီး ထိပ်တင်မလတ်သည် လင်းယင် မင်းသားနှင့် ညီမတော် မင်းသမီးလေးတို့ ခြံရံကာ အိမ်ခန်းထဲက ထွက်လာသည်။ သူ၏ ဆင်ယင်ထုံးဖွဲ့မှုမှာ ရန်ကုန်သူတစ်ယောက်၏ ဆင်ယင် ထုံးဖွဲ့မှုအတိုင်း ဖြစ်သည်။ ကာမာဝေမွှေး ပိုးထဘီတွင် တော်ကြယ်များ လက်နေသည်။ ဆံမြိတ်ချ ထားပြီး သစ်ပန်း ပန်ထားသည်။ လည်ပင်းတွင် ပုလဲပုတီးများ ဆွဲထားသည်။ ယဉ်ကျေးခြင်းကို ခံ၍ ခံ့ ခံ့ စက်ကာ တစ်လှမ်းချင်း လျှောက်လာသည်။ မျက်နှာမှာ တည်ကြည်နေသော်လည်း အနည်းငယ် ရှက်သွေးဖြန်းနေသည်။ မစ္စတာ စယ်လာကမူ အင်္ဂလိပ်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ဘာသာရေး မပါသည့် လက်ထပ်ပွဲ အခမ်းအနားမှာ လေးလေးထုံးထုံး မပါသော ရိုးရိုးအခမ်းအနားတစ်ခုပင် ဖြစ်သည်။ မယားအဖြစ်၊ လင်သားအဖြစ် ပေါင်းသင်းပါမည်။ အိမ်ထောင်မရှိ လူပျို အပျိုများ ဖြစ်ပါသည်ဟူ၍ ကျမ်းကျိန် ရခြင်း တစ်ခုသာ ရှိသည်။ ထို့နောက် စာချုပ်တွင် လက်မှတ်ရေးထိုးပြီးကြချိန် လက်ထပ်ပွဲ အောင်မြင်စွာပြီးဆုံးသွားပြီ ဖြစ်သည်။ တကယ်တော့ စာချုပ်ပေါ်

လက်မှတ်ထိုးရုံဖြင့် အင်္ဂလိပ်မယားအရာ မြောက်သည် ဆိုသည်မှာ တုံးတိတိ နိုင်လှသည်။ နိုင်ငံခြားသည်ကား မဟုတ်။

ကျွန်တော်က သူတို့နှစ်ဦး အင်္ဂလိပ်မယား ဖြစ်ပါပြီဟု ကြေညာသည်။ ထို့နောက် မလက်ကို လက်ချွဲမှတ်ဆက်လိုက်သည်။ ဘယ်လို အခမ်းအနားမျိုးလဲ၊ မြောက်မြောက်ဆွေ့ဆွေ့နှင့် တစ်မျိုးကြီးပဲဟု စိတ်ထဲမှာ မချင့်မရဲ ဖြစ်မိသည်။ အနည်းငယ် စိတ်နှလုံး မသာမယာလည်း ဖြစ်မိသည်။ အင်္ဂလိပ်တွေမှု လေးကို သိမ်းပိုက်လိုက်ပြီးနောက် ယခု လက်ထပ်ပွဲသည် ရှာရှာနဲ့မှ နိုင်ငံကမှတ် ဖြစ်လေရော့သလား။ ကျွန်တော် မစဉ်းစားတတ်တော့ပြီ။

## ၄။ ဆာဂျွန်ဆိုင်မွန် ကော်မရှင်အဖွဲ့ ရောက်လာခြင်း

ဤသို့ဖြင့် သုံးလကျော်လွန်ခဲ့ပြီးနောက် ၁၉၂၉ ဇန်နဝါရီ ၂၉ ညနေ လေးနာရီခွဲတွင် ဆာဂျွန်ဆိုင်မွန်နှင့် သူ့အဖွဲ့ ပါသော အင်စ်အက်စ်စ်တိုင်နီး သင်္ဘောသည် ဆူးလေ ဆိပ်ကမ်းသို့ ဆိုက်ကပ်သည်။ ကျွန်တော်တို့ အားလုံးသည် ဆိုင်မွန်ကော်မရှင်ကို ကြိုဆိုရန် သင်္ဘောဆိပ်သို့ ရောက်လာကြသည်။ ကျွန်တော်တို့ ဆိုသည်မှာ နိုင်ငံအစိုးရ တစ်ဖွဲ့လုံးပင် ဖြစ်သည်။ ဘုရင်ခံ ဆာချားလ်အင်းနစ် တစ်ယောက်သာ အိမ်တော်တွင် စောင့်ကြိုရန် ကျန်ရစ်ခဲ့သည်။ နိုင်ငံအစိုးရကို ကိုယ်စားပြုသည့် အစိုးရနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်ဦး (ပြည်ထဲရေးနှင့် ဘဏ္ဍာရေး)၊ ပြည်သူတို့ဘက်က ရွေးကောက် တင်မြှောက်သည့် အစိုးရ အဖွဲ့ဝင် ပညာရေးဝန်ကြီးနှင့် သစ်တောရေးဝန်ကြီး နှစ်ဦး၊ ဘဏ္ဍာတော်မင်းကြီး နှစ်ဦး၊ ထို့နောက် ကျွန်တော့် အထက်လူကြီး ဖြစ်သည့် ပဲခူးတိုင်းမင်းကြီး မစ္စတာ ဗုဂရေ့စလီ၊ အခြားဌာနအကြီးအကဲအချို့၊ ယာစ်ရှိုးမင်းကြီး၊ ပုလိပ်မင်းကြီး မယ်နီကာင်နှင့် ကျွန်တော်တို့ ဖြစ်သည်။ ဤပရိသတ်တွင် ပဲခူးတိုင်းမင်းကြီး မစ္စတာ ဗုဂရေ့စလီမှာ ကျွန် ပုဂ္ဂိုလ်များထက် ရာထူးအားဖြင့် အကြီးဆုံး ဖြစ်သည်။

ထိုနေ့က ရန်ကုန် ရာသီဥတုမှာ အအေးဘက်သို့ လှစ်နေသော်လည်း ကျွန်တော်တို့မှာ ကုတ်အင်္ကျီများနှင့် ဝတ်စုံအပြည့် ဝတ်ထားသဖြင့် ချွေးနှင့်ပြကြသည်။ ဆာဂျွန်ဆိုင်မွန်သည် သူ့မျက်မှောက်တွင် ရောက်နေသော နိုင်ငံအစိုးရ တစ်ဖွဲ့လုံးကို သင်္ဘောပေါ်မှ အဆင်းတွင် လှမ်းကြည့်လိုက်သည်။ သူ မျက်သိမ်းတော့မည့် အစိုးရ တစ်ဖွဲ့လုံး လိုက်ပင် သူ့နှုတ်ခမ်းပေါ်က အမူအရာများကို သူ့ရှေ့မှောက်မှာ ညီညီညာညာ တန်းစီ စောင့်ဆိုင်းနေသည်ကို တွေ့ရသည်။

ဆာဂျွန်ဆိုင်မွန်သည် သင်္ဘောပေါ်မှ ဆင်းလာပြီးနောက် ကျွန်တော်တို့ကို နှုတ်ဆက်သည်။ မစ္စတာဗုဂရေ့စလီက တစ်ယောက်ချင်း မိတ်ဆက်ပေးသည်။

ဆိုနိုင်ပြည်သို့လည်း သူရောက်ခဲ့ပြီး ဒိုင်အာဒီ အနီးရှာအဖွဲ့ဝင်တွေ အများကြီးနှင့်လည်း သူတွေ့ခဲ့ပြီ။ သူသည် ယဉ်ကျေးသိမ်မွေ့သူ ဖြစ်ပါသည်။ သူလို ထင်ရှားကျော်ကြားသည့် အင်္ဂလိပ်လူမျိုးတစ်ယောက်ကို ရန်ကုန်မြို့ကြီးတွင် တွေ့ဆုံဆိုကျွမ်းခွင့် ရသဖြင့် များစွာ ဝမ်းမြောက်မိပါသည်။ အခွင့်ထူးတစ်ခု ရသလိုလည်း ခံစားမိပါသည်။ သို့သော်လည်း ကျွန်တော်တို့တစ်တွေသည် စစ်မြေပေါ်တွင်သာ သူနှင့် ဆက်ဆံခွင့်ရခဲ့ကြသူများ၊ သူ ဖန်တီးခဲ့သည့် အုပ်ချုပ်ရေး စက်ယန္တရားကို ထည့်ပတ်ဆောင် လုပ်ပေးခဲ့သူများသာ ဖြစ်နေသည်။ သူ့ အုပ်ချုပ်ရေးကို ကျွန်တော်တို့က အကောင်အထည် ဖော်ပြီး သူ့ဘာဝ၏ တစ်လျှောက်တွင် ကျွန်တော်တို့လို ပုဂ္ဂိုလ်မျိုးတွေနှင့် ကြုံကြိုက်ခဲ့ဖူးလေပြီ မဟုတ်ပါလား။ ကျွန်တော်တို့လို စစ်မြေပေါ်ကလူတွေ အများကြီးနှင့် ကြုံကြိုက်ခဲ့ဖူးပြီ မဟုတ်ပါလား။ သို့ဖြစ်ရာ ကျွန်တော်တို့မှာ သူ့အဖို့ အရေးကြီးလှသူတွေ ဟုတ်ချင်မှ ဟုတ်မည်။

ရန်ကုန်ကောက် သတင်းစာမှ သတင်းထောက်တစ်ယောက်က မြန်မာပြည် အတွက် ဘာသတင်းစကားများ ပါခဲ့သလဲဟု ရဲရဲတင်းတင်းပင် မေးပါသည်။

'ခင်ဗျားတို့ တိုင်းပြည်ရဲ့ အနေအထားကို လေ့လာရအောင်၊ ခင်ဗျားတို့ ပြဿနာတွေကို ကြားနာရအောင် လာခဲ့တာပါ။ ခင်ဗျားတို့ ထင်မြင်ချက်ကို ကျွန်တော် သိပ်နားထောင်ချင်ပါတယ်'ဟု ဖြေသည်။ သူ့အဖြေမှာ ကျွင်းသား နေပြီးသော အဖြေမျိုးပင် ဖြစ်သည်။

ထို့နောက် ဆာဂျွန်သည် ကားပေါ် တက်ကာ ဘုရင်ခံအိမ်တော်သို့ မောင်းသွားသည်။

နောက်တစ်နေ့တွင် ဆာဂျွန်ဆိုင်မွန်နှင့် သူ့အဖွဲ့အား ဂါဒင်ပါတီခေါ် ဧည့်ခံပွဲတစ်ခု ဂုဏ်ပြု ခင်းကျင်းသည့် အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်စာ ပို့လာခြင်း ရသည်။ ပွဲကျင်းပသူမှာ အိန္ဒိယအမျိုးသား သူဌေးကြီး မစ္စတာဘော်စမ် ဖြစ်သည်။ ပွဲနေ့မှာ ဖေဖော်ဝါရီ ၅ ဖြစ်လေသည်။

ဖိတ်ကြားထားသည့် ထိုနေ့တွင် မစ္စတာဘော်စမ်၏ အိမ်သို့ ရောက်သွားပြီ။ ဘော်စမ်သည် ပဟာမောင် ဖြစ်ပြီး သူ့ဇနီးမှာ အင်္ဂလိပ်မ ဖြစ်သည်။ ရန်ကုန်မြို့တွင် ဤကဲ့သို့သော အမြို့အမောက် မဟာဉ္စာလေးတွေ အများကြီး ရှိသည်။ ယနေ့ညနေခင်း ဥယျာဉ်ပွဲတွင် လူမျိုးစုံ၊ အဆင့်အတန်းမျိုးစုံ ရောက်လာလိမ့်မည်ဟု ကျွန်တော် မျှော်လင့်ထားသည်။ သို့နှင့် မစ္စတာဘော်စမ်အား ယဉ်ကျေးစွာ နှုတ်ဆက်ပြောဆိုကာ ကာဒင်စောင်းတွင် သစ်ပင်ရိပ်များ အောက်၌ ခင်းကျင်းထားသည့် စားပွဲများဆီသို့ လာခဲ့သည်။ လေပြည်တစ်ချက် ဝှေ့လိုက်တွင် စားပွဲခင်းများ တဖျပ်ဖျပ် လှုပ်နေသည်။ စားပွဲတစ်ခုတွင် နေရာ

ယှဉ်လိုက်မိသည်။ ထိုစကားမှာပင် ကျွန်တော့်အလျှင် ရောက်နေကြသည့် အိန္ဒိယ ရှေ့နေများက ကျွန်တော့်အား အမေးအမြန်း ထူလာသည်။ မေးခွန်းတွေ တစ်ခုပြီး တစ်ခု တက်လာသည်။

'အိန္ဒိယပြည်က မြန်မာတွေ ခွဲထွက်ဖို့ ဆာဂျွန်က အဆိုပြုမယ် ထင်သလား'

ဤသည်မှာ ပထမဆုံး မေးခွန်း ဖြစ်သည်။

'ဒီအတိုင်း အဆိုပြုမှာ သေချာတယ်' ကျွန်တော်က ဖြေလိုက်သည်။

'ဘာဖြစ်လို့လဲ'

'ဒါကတော့ ရှင်းပါတယ်၊ မြန်မာပြည်မှာ လူတိုင်းက ခွဲချင်နေကြတာ၊ အိန္ဒိယ အမျိုးသားတွေသာ တွဲရေး လိုလားနေကြတာပဲ'

ရှေ့နေတစ်ယောက်က ဤသို့ ထပ်ကွန့်ပြန်သည်။ 'စဉ်းစားစရာ တစ်ခု ရှိတယ်လေ၊ အဲဒါကို မြန်မာတွေ စဉ်းစားသင့်တယ်၊ အိန္ဒိယက ခွဲမထွက်ခင် စဉ်းစားစရာပေါ့၊ ကျွန်တော် ကြားခဲ့တာ ပြောရတာပဲ'

'ဆိုစမ်းပါဦး'

'ခွဲရေးကို ဆာဂျွန် အဆိုပြုဖို့ အစိုးရက ပထမတော့ပြုမယ်၊ ပြီးတော့မှ မြန်မာတွေဟာ အိန္ဒိယ အမျိုးသားတွေလောက် အုပ်ချုပ်ရေးမှာ မကျွမ်းကျင်ကြဘူး လို့ ပြောမယ်'

'အဲဒီတော့ ...'

'အဲဒီတော့ ... အိန္ဒိယမှာ ပေးတဲ့ အုပ်ချုပ်ရေးလောက် အဆင့်အတန်း မြင့်တဲ့ အုပ်ချုပ်ရေးမျိုးကို မြန်မာတွေ ဘယ်ရနိုင်ပါ့မလဲ'

'အဲဒီစကားကို မင်းတို့ ယုံသလား၊ အစိုးရက မြန်မာတွေအပေါ် အဲဒီလို အကောက်ကြံဖို့ ဘယ်တော့မှ စိတ်မကူးဘူး မှတ်ထား' ကျွန်တော်က ပြန်ပြော လိုက်သည်။

'ဒါက အကောက်ကြံတာမှ မဟုတ်တာ' သည့်အခါတွင်မှ အိန္ဒိယရှေ့နေ နှစ်ယောက်စလုံးက ပြိုင်တူ ဆိုသည်။ 'မြန်မာတွေဟာ ကျွန်တော်တို့လောက် ဦးနှောက်ရှိတာမှ မဟုတ်တာ၊ အိန္ဒိယက အတင်း ခွဲထွက်သွားကြပါပြီ တဲ့၊ ပြီးတော့ ခေတ်မီတိုးတက်တဲ့ အုပ်ချုပ်ရေးစနစ်တစ်ခုကို သူတို့ ဘယ်လို အကောင်အထည် ဖော်နိုင်ပါ့မလဲ၊ ဆောင်ရွက်နိုင်ပါ့မလား၊ အလကား၊ ဖြစ်သွားမှာပဲ၊ သူတို့နဲ့ တန်မှ မတန်တဲ့ဟာ'

သည့်လို သဘောထားမျိုးကိုမှ ကျွန်တော် မကြိုက်ပါ။ မထောက်ခံနိုင်ပါ။ သို့ဖြစ်ရာ သူတို့စကားဝိုင်းမှ ထ လာခဲ့ပါသည်။ သူတို့မှာက စားပွဲတစ်ခုတွင် ကျွန်တော်

ကို ဝန်ထမ်းဘက်က အကြီးအကဲ တစ်ယောက်ကို တွေ့ရသည်။ သူကပင် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။

'ကော်မရှင်က ခင်ဗျားကို မေးမြန်းသေးသလား'

'ဟင့်အင်း မမေးပါဘူး။ ကျွန်တော်က အရေးမကြီးဘူးလေ၊ ဒီတော့ မေးမယ်စာရင်းထဲမှာ မပါဘူး။ ဒါနဲ့ ကျွန်တော်တို့ အစိုးရက ဆောင်ရွက်ချက်ကို ဘယ်လို တင်ပြသလဲ'

'ခွဲရေးပဲပေါ့၊ တစ်တိုင်းပြည်လုံးက ခွဲရေးဖြစ်နေပြီဟာ'

'ဒါပေမဲ့ ခွဲပြီးတော့ ဘယ်လို အုပ်ချုပ်ရေးမျိုး ရမှာလဲ'

'အိုး ဒါလား' သူက အနည်းငယ် ပြုံးလိုက်သည်။ 'မြန်မာတွေကတော့ ခွဲရေးပဲ အရေးကြီးတယ်၊ အိန္ဒိယက ခွဲထွက်ရင် ပြီးရော၊ ပြီးတော့မှ ဘာ အုပ်ချုပ်ရေးမျိုးရရ ဂရုမစိုက်ဘူး၊ သူတို့က အိန္ဒိယတွေကိုပဲ မကြိုက်တာ၊ ခု ရှိနေတဲ့ အုပ်ချုပ်ရေးပုံစံကို မကြိုက်တာ မဟုတ်ဘူး'

'အဲဒါဖြစ်ရင်ပေါ့၊ ဒီတော့ ခွဲထွက်ပြီးရင် အိန္ဒိယထက် အဆင့်အတန်း နိမ့်တဲ့ အုပ်ချုပ်ရေးမျိုး မြန်မာပြည်ကို ပေးမယ်ဆိုရင် ခင်ဗျား ထောက်ခံနိုင်ပါ့ မလား' ကျွန်တော်က မေးမိသည်။

'အင်းလေ အစိုးရဘက်က ဘယ်လို စီမံမလဲ၊ မြန်မာတွေ ဆိုတာကလည်း စနစ်ကျတဲ့ အုပ်ချုပ်ရေးမျိုးနဲ့ တန်မှ မတန်သေးတာ၊ ဒီတော့ ဘယ်မှာ အိန္ဒိယနဲ့ တန်းတူ အုပ်ချုပ်ရေးမျိုး ထောက်ခံနိုင်ပါ့မလဲ၊ ဒုက္ခရောက်ကုန်မှာပေါ့' ဤသည်မှာ သူ့သဘောထား ဖြစ်သည်။

'အဲဒီစကားမျိုးသာ မြန်မာတွေ ကြားရင်တော့ ဆူကြမှာပဲ၊ သူတို့ဟာ အိန္ဒိယထက် အောက်တန်းကျတယ်ဆိုတဲ့ သဘောမျိုး ဖြစ်နေပြီ၊ ဒီသတင်းသာ မှန်ရင် သူတို့လည်း ကြားပြီးနေရောပေါ့၊ ဘယ်မှာ လျှို့ဝှက်လို့ ရမှာလဲ'

'ဟုတ်ပါတယ်၊ အစိုးရကိုယ်တိုင်ကလည်း အဲဒီသဘောကို လျှို့ဝှက်မထား ပါဘူး၊ ကော်မရှင်ကို စာရေးတင်ပြတဲ့ အထဲမှာ ခွဲရေးကို အဆိုပြု ထောက်ခံတယ်၊ ပြီးတော့ အုပ်ချုပ်ရေးပုံစံ အမျိုးမျိုး တင်ပြထားတယ်'

သည်စကားမျိုး ကြားရလျှင် ကျွန်တော်မှာ စိတ်အိုက်လာသည်။ မြန်မာပြည်တွင် အိန္ဒိယ အမျိုးသားတွေကို မြန်မာတွေက မလေးစား၊ အောက်တန်းစား ဟူ၍သာ သဘောထားကြသည်။ သို့ဖြစ်ရာ "ခင်တို့ မြန်မာတွေက အိန္ဒိယတွေ ထက် အဆင့်အတန်း မမြင့်ပါဘူး" ဆိုသည့် သဘောထားမျိုးကို အလော တုံ့ပြန်မယ် မပြုသင့်ဟု ထင်မိသည်။ ကျွန်တော် စိတ်ရှုပ်လာသည်ကို ရိပ်မိသဖြင့် ထိုလူကြီးက လေသံပြောင်းလာသည်။

"ဒီလိုလေ၊ ခင်ဗျားကိုယ်တိုင်ပဲ အစိုးရနေရာမှာ ဝင်ကြည့်လေ၊ ဘယ်နှယ် လုပ်ပြီး ချက်ချင်းလက်ငင်း အထောက်တန်းကို လှမ်းမှန်လို့ ရနိုင်ပါ့မလဲ၊ အဲဒီ ကောင်းတဲ့ အုပ်ချုပ်ရေးမျိုးကို ချက်ချင်းပေးလို့ ဘယ်ဖြစ်မလဲ၊ တပြည်းပြည်း ချင်း တိုးတက်လာမယ်သဘော ဖြစ်ရမှာပေါ့၊ အိန္ဒိယမှာ အခုတော့ တိုက်ရိုက် တန်တန် အုပ်ချုပ်ရေးမျိုး ရမယ် ဆိုတာ လူတိုင်း သိနေကြပြီပဲ"

"အုပ်ချုပ်ရေးပုံစံ တိုးတက်လာမယ် ဆိုတာက အကြောင်းမဟုတ်ပါဘူး၊ ဒါပေမဲ့ ဝေးတယ်ဆိုရုံ ပေးတာမျိုး ဖြစ်နေတာတော့ မကောင်းဘူးပေါ့" ကျွန်တော် က ဤသို့ ဖွင့်ဟပါသည်။

"ဒါတော့ ခင်ဗျားက မြန်မာတွေဘက်က ဖြစ်နေတာကိုး"

ရယ်ရယ်မောမောနှင့်ပင် ကျွန်တော့်စကားကို ပေါ့ပြက်သွားစေရန် ပြော ပါသည်။ အမှန်စင်စစ် သူရော ကျွန်တော်ပါ မြန်မာတွေနည်းတူပင် အင်္ဂလိပ်ဘုရင် မင်းမြတ်၏ အအုပ်ချုပ်ခံတွေ မဟုတ်လား။

ကျွန်တော်က ငြိမ်မနေနိုင်တော့ဘဲ ပြောစရာ ရှိသည်ကို ပြောရသည်။

"ဟုတ်တယ်၊ ကျွန်တော်ဟာ မြန်မာတွေဘက်က လူပဲ၊ မြန်မာ လူပဲ၊ မြန်မာပြည်မှာ အမှုထမ်းနေတာ ဆယ်ခြောက်နှစ်ရှိပြီ။ ဒီတော့ ဒီတိုင်းပြည်ကို အောက်တန်းကျတဲ့ တိုင်းပြည်လို့ သတ်မှတ်တာ၊ နှိမ်တာကို ကျွန်တော် မခံနိုင်ဘူး။ နှိမ်ချတာကို မကြိုက်ဘူး"

ထိုအခါမှာပင် ဧည့်သည်များ ထပ်ရောက်လာသဖြင့် ကျွန်တော်တို့လည်း စကားစ ပြတ်သွားကာ ရာသီဥတုအကြောင်း ရောက်သွားသည်။

လက်ဖက်ရည်သောက်ပြီးလျှင် ကျွန်တော်လည်း နေရာမှထကာ တခြား ဧည့်ပရိသတ် အကြားသို့ တိုးဝင်လှည့်ပတ်သည်။ ဖိတ်ကြားထားသည့် ဧည့် ပရိသတ်များမှာ အစုအညီပင် ရောက်လာကြသည်။ သူတို့သည် စားပွဲတစ်ခုမှ စားပွဲတစ်ခုသို့ ကူးကာ ပြောဆိုနှုတ်ဆက်ကြသည်။ တချို့ကမူ ဗိုလ်စားပွဲ၌ ထိုင် နေသည့် ဆာဂျွန်နှင့် အဖွဲ့ဆီသို့ အလုံးလိုက်နေကြသည်။ တမေ့တမောင်း ကြည့်နေ ကြသည်။

ဧည့်ပရိသတ်တွင် မြန်မာလူမျိုး နည်းသည်။ ဟိုနေရာ တစ်ယောက် နှစ်ယောက်၊ သည်နေရာ တစ်ယောက် နှစ်ယောက် သည်ဖြင့် ပြောင်ပြောင် လက်လက် ပိုးရည်ရွှေရည်များကို မြင်ရသည်။ သို့သော် ဤပွဲသည် ဆာဂျွန်ရှေ့မှောက် သို့ မြန်မာလူမျိုးများကို ပွဲထုတ်သည့် အခမ်းအနားတစ်ခု မဟုတ်သည်မှာ ထင် ရှားသည်။ တပေါက်စွန်းတွင် ကျွန်တော့်လက်အောက်က မြန်မာတရားသူကြီး

စကားပြောဟန်ကို လှမ်းမြင်မိသည်။ သူသည် ကျွန်တော်၏ သတင်းနှ ချုပ်လှစ်
အစ်မှာင် ဖြစ်သည်။

"ဆာလွှန်နဲ့ တွေ့ရလို့ မြန်မာတွေ ဝမ်းသာမှာပါနော်" ကျွန်တော်က စကား
စ လိုက်သည်။

"မြန်မာတွေ အခုတော့ သူတို့ ပြောချင်တဲ့ စကားတွေကို ဆာလွှန် နား
ထောင်ပါ့မလားလို့ သံသယ ရှိနေကြတယ် ခင်ဗျ"

"မဟုတ်တာဗျာ၊ လူတိုင်းကို သူ့တော်မှရှင်က တွေ့ပြီး မေးမြန်းစုံစမ်း
မှာပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ပထမဆုံး ပြောတဲ့သူက အစိုးရရှင်ချာ အစိုးရ
နဲ့တော့က နားဝင်အောင် ပြောတတ်တဲ့ လူမျိုးပါ၊ အခုတော့ ကျွန်တော်တို့ အထဲမှာ
တချို့ မြန်မာတွေက ခွဲရေးကိုတောင် မကြိုက်ချင်ကြတော့ဘူး"

"ဘာဖြစ်လို့လဲ"

"အိန္ဒိယတွေနဲ့ တွဲနေရတာက ပိုကောင်းမယ်လို့ သဘောပေါက်လာကြလို့
ဖြစ်မှာပေါ့"

"ဒါပေမဲ့ သူတို့ တကယ် လိုချင်တာက ခွဲရေး မဟုတ်လား"

"ဟုတ်ပါတယ်"

ကောလာဟလ သတင်းမျိုးနဲ့ ပွဲနဲ့နေသည်။ ခွဲရေး အစလေးမသာတော့ဘူး
ဆိုလျှင် မြန်မာပြည်တွင် ရှိနေသည့် အိန္ဒိယအမျိုးသားတို့က သဘောကျကြမည်
အမှန်။ မခွဲလျှင် သူတို့သည် အင်ဒိယပြည်နှင့် တစ်ရောတစ်မျောတည်း၊ တစ်သား
တည်း ရှိနေမည်။ သို့သော် အခြေအနေမှာ ရှုပ်ထွေးနေလေရာ အခြေ ဘယ်သို့
ချောက်လာမည်ကို မည်သူမျှ မမှန်းဆနိုင်။

ကျွန်တော် ကိုယ်တိုင်လည်း စိတ်ထဲမှာ တအံ့ တမွှေးမွှေး ဖြစ်နေသည်။
တကယ်တော့ ခွဲရေးတွဲရေးသည် ကျွန်တော့်အရေးကိစ္စ မဟုတ်။ ကျွန်တော့်ကိစ္စမှာ
နားထောင်သို့ တက်လာသည့် အမှုများကို စစ်ဆေးရန်ပင် ဖြစ်သည်။ သို့သော်
ကြားတွေ့အဖေါ်သည်လည်း များနေသောသည်။ ခွဲရေးတွဲရေးသည် ပုံစံအမျိုးမျိုး
ဖြင့် ကျွန်တော်တရားရုံးသို့ ဝင်ရောက် နှောင့်ယှက်မည် ဖြစ်သည်။ အမှုစစ်ဆေး
ရာတွင်လည်း ခွဲရေးတွဲရေး၏ အရိပ်ကြီးမှာ သက်ရောက်မည် အမှန်ပင် ဖြစ်သည်။

နောက် တပွဲတစ်နေ့သို့ ရောက်ပြီး နေရာယူသည်တွင် နေလုံးကျွမ်းက
အမှောင်ရိပ် သမ်းလာသည်။ ထိုအချိန်အတန်မှာ အလွန်သာယာသည့် ညနေ
တည်းတော်ရှိ ဖြစ်သည်။ အည်းတော်ရိပ်သည် ဥယျာဉ်ပွဲကို လှမ်းမြင်လိုက်ရသည်။

ကန်ရေပြင်ကို ဖြတ်တိုက်လာသည့် လေပြည်လေညင်းသည် ဥယျာဉ်ခွဲထွင်းသို့ ဝင်ရောက် ဆော့ကစားသည်။

တစ်နေ့ရာတွင် ဓာတ်ခင်တစ်ခုပေါ်၌ ခေါင်းမှာ ပန်းတွေဝေနေသည့် မြန်မာအမျိုးသမီးတစ်ဦးက ငြိမ်ညောင်းသာယာသည့် အကြည့်ဖြင့် ပြုံးမော့နေသည်ကို မြင်ရသည်။ သူသည် ထိပ်တင်မလေတော်ကိုပင် နှင်းတွင်းသို့ အဝတ်ကို ဝတ်ဆင်ထားသည်။ သူ့သိမ်မွေ့နှင့် ကြည်းကျွက်သည့် မျှ လေးစေတ်ကို ပြန်ပြောင်းသတိရနေသည်။ ရှေးခေတ်မဟောင်း၊ ခေါက်ရေမွှေးပင် ဖြစ်သည်။ အဆိုအကာ ညက်ညော သည်။ နှဲ့ရောင်သည်။ အမျိုးအဆက် ပြုံပြစ်သည်။ သူ့အနုပညာသည် မြန်မာအမျိုးသားဟန်ကို ဆောင်သည်။ အမျိုးသားဟန်သည် ကြော့ရှင်းမှုပင် ပေါ်လွင်နေသည်။

ရှေးအခါကမူ မြန်မာတို့သည် ဤဓာတ်မင်းသမီးကလေး၊ ကဲ့သို့ပင် ကြော့ကြော့လွှင်လွှင် ဝတ်ဆင်ကာ နှင်းတွင်းသို့ အမှုအရာဖြင့် သိမ်ကြပြီး ချော့ရှင်မှာ နေထိုင်ခဲ့ကြသည်။ ဤသည်မှာ သူတို့၏ နေစဉ်ဘဝ ဖြစ်ဟန်တူသည်။ ယခုကား အင်္ဂလိပ် အစိုးရက သူတို့ တိုင်းပြည်ကို သိမ်းပိုက်ထားပြီ ဖြစ်ရာ ရှေးဖြစ်ဟောင်း၊ ခေါက်မေ့သည့်အခါ ဤကဲ့သို့ သိမ်ကျ ကပြုရင်း ကိုယ်မင်း ကိုယ်ချင်း ဘဝကို ဓာတ်ခင်ပေါ်တွင် ခင်းကျင်းပြသကာ စာတိမ်မာန်ကို ပြန်လည် ခေါက်မေ့တတ်ကြဟန် တူသည်။ ရှေ့ဖွဲ့လာ ပရိသတ်သည် ဤဓာတ်မင်းသမီး ကလေးကို ကြည့်ကာ ကိုယ်မင်းကိုယ်ချင်း ဘဝကို ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းရန် သန္နိဋ္ဌာန် ချကြမည်မှာ မလွဲပေ။

ဆာရွှန်နှင့် သူ့အဖွဲ့သည် မြန်မာအကကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဤနည်းဖြင့် သက်သေပြ ခံရသည့် အလှအပအမျိုးကို ရှာနေတတ်သောက် ဖြစ်မှုသည့် ဆာရွှန်တစ်ယောက် ကြည့်ရှုမှုမည် မဟုတ်ပေ။ တကယ်တော့ မြန်မာပြည်သို့ ရောက်လာပြီး မြန်မာတို့၏ လိုအင်ဆန္ဒကို နားစမ်းလေ့လာနေသည့် ဆာရွှန်အား ဤဓာတ်မင်းသမီးကလေးက မြန်မာသဘောတရား အပြည့်အစုံကို ဖော်ထုတ် ပြလိုက်ခြင်းသာ ဖြစ်လေသည်။

## ၅။ ငစိန် နှစ်မြှုပ်ခြင်း

ဆိုင်မွန်ကော်မရှင်သည် မြန်မာပြည်၌ ဆယ့်ရက်နေပြီးနောက် ဖေဖော်ဝါရီ ၁၅ တွင် အိန္ဒိယပြည် မာဒရပ်မြို့သို့ ထွက်ခွာသည်။ ကော်မရှင်၏ အစီရင်ခံစာသည် နောက် ဆယ့်ခြောက်လ ကြာမှ ထွက်လာမည် ဖြစ်သည်။ ဆိုင်မွန်နှင့်အဖွဲ့ ထွက်ခွာပြီး မကြာမီမှာပင် အိန္ဒိယ ကွန်ဂရက်ခေါင်းဆောင် မဟာတ္တမဂန္ဒီကို

ဆန်းရှာ ဖမ်းကာ ထောင်ချလိုက်သည်။ မြန်မာပြည်တွင်မူ သတင်းစာချို့ချို့ ဖြစ်ပွားနေသည်။ မကျေနပ်မှုများ ပွားများနေပြီး ဆူပူကြလိမ့်မည်ဟု တောက်လျှောက် ကောလ သတင်းများ ပေါ်ထွက်နေသည်။ သို့တိုင်အောင် အပေါ်ယံ အမြင်တွင်တော့ တစ်တိုင်းပြည်လုံး အေးချမ်း ငြိမ်သက်နေသည်။

ကျွန်တော်၏ နေ့စဉ်ဝတ္တရားသည် ဆယ်တစ်နာရီတွင် ရုံးသို့ ရောက်ရှိခြင်းဖြင့် အစပြုသည်။ အမှုများကို ကြားနာစစ်ဆေးရသည်။ ခိုးမှု လုယက်မှု လိမ်လည်မှု။ ပြီးတော့ ခိုးမှု လုယက်မှု လိမ်လည်မှု။ ဆန်းနိုင်မှုယ်ပင် မရှိ။ တစ်မှုစပြီး တစ်ယောက်ကို အပြစ်ပေး ထောင်ချရသည်။ နောက်တစ်မှု တက်လာလျှင် ထုံးစံအတိုင်း ကြားနာ စစ်ဆေးကာ စီရင်ချက် ချရသည်။ သက်သေတစ်ယောက် တက်လာသည်။ သူ့ပါးစပ် မဟမီကပင် ဘယ်သို့ အစစ်ခံ မည်ကို သိပြီးနေပြီ။ ရုံးတော်က ပထမအကြိမ် ပြန်လှန်မေးမြန်း ထုတ်သည်တွင် ထိုအမှု မှန် မမှန်ကို အများသူငါကြားက သိနေပြီး ဖြစ်သည်။

ရုံးက ဆင်းလာပြီးနောက် ညနေတွင် လက်ဖက်ရည်သောက်သည်။ ပြီးလျှင် ဖော်ကီသီးကစားသည်။ တစ်ခါတစ်ရံ တင်းနစ်ကွင်းဘက်သို့ ထွက်ခဲ့သည်။ ကလပ် တစ်ခုသို့ ရောက်သွားကာ အပေါင်းအသင်း မိတ်ဆွေများနှင့် ညစာစားသည်။ ဤသည်မှာ နေ့စဉ်အလုပ် ဖြစ်သည်။ ကြာတော့ ငြီးငွေ့လာပြီး ပြီးရှု့စရာ ကောင်းလာသည်။ ဦးနှောက်သုံးစရာ မလို။ နက်နက်နဲနဲ စဉ်းစားစရာ မလို။ ထပ်တလဲလဲ လုပ်နေရသည့် အလုပ်မျိုး ဖြစ်သည်။ မည်သို့ဖြစ်စေ ပြည်နယ်တစ်ခုတွင် အုပ်ထိန်းသည့် ပဒိုင်ကြီး ဝန်ထမ်းတစ်ယောက်၏ ဘဝမှာ ဤပုံစံအတိုင်းပင် ဖြစ်လေသည်။

၁၉၂၉ တစ်နှစ်လုံး၊ တစ်နှစ်လုံးတွင်မူ စိတ်ဝင်စားစရာ အမှုတစ်ခုသာ ကျွန်တော့်ရုံးသို့ တက်လာသည်။ အမှုစစ်ဆေးရသည့်အခါ ယင်းသည် မြန်မာတို့ ဂုဏ်သိက္ခာနှင့် မည်သို့မည်ပုံ သက်ဆိုင်လာရသည်ကို အကြောင်းအားလျော်စွာ ကျွန်တော် ရှင်းလင်းတင်ပြသွားမည်။

တစ်ညနေတွင် အမှုရှိသေ သင်္ဘောသား ကျော်တန် (ခေါ်ယာဉ်မှူး) ဂျူပိတာက ရန်ကုန် ဆိပ်ကမ်းသို့ ဆိုက်ကပ်လာ သတင်းစကား တစ်ခု ရှိသည်။ ရန်ကုန် မြို့ထဲမှ သူ့သင်္ဘောထွက်လာပြီးနောက် နာရီအနည်းငယ်အကြာတွင် ပင်လယ် နှင့်၌ အလယ်တစ်နေရာတွင်က မျောပါလာသော လှေငယ်တစ်စင်းကို တွေ့ရသည်။ လှေကို ကယ်ဆယ်ရန် သွားရသည်။ လှေပေါ်၌ အိပ်မှုန်ကျ အမျိုးသား သင်္ဘောသား လေးယောက် ပါလာသည်။ သူတို့ အားလုံးကို သူ့သင်္ဘောပေါ်သို့ ခေါ်ဆောင်ပြီး အစားအစာများ ကျွေးမွေးပြုစုသည်။ ပြီးမှ အဖြစ်အပျက်ကို မေးမြန်းကြည့်

သည်။ သူတို့အထဲတွင် လူကြီးမှာ ဆလင်တစ်ယောက် ဖြစ်သည်။ သူတို့သည် ငနီ စီးသင်္ဘောမှ သင်္ဘောသားများ ဖြစ်ကြပြီး ထိုနေ့ နံနက်က မုတ္တမ ပင်လယ်ကွေ့တွင် သင်္ဘောပျက်ကာ နစ်မြုပ်သွားသဖြင့် လှေငယ်တွင် မျောပါလာခြင်း ဖြစ်လေသည်။

'သင်္ဘောပေါ်မှာ တခြား ဘယ်သူတွေ ပါသေးသလဲ' ကပ္ပိတန် ဂျူးပါတ်က မေးသည်။

အခြား ပုဂ္ဂိုလ်သုံးယောက် ပါသည်။ ယင်းတို့မှာ အင်္ဂလိပ် ကပ္ပိတန် ပင်နင်တန်၊ အင်္ဂလိပ် အင်ဂျင်နီယာ ဗိလစ်၊ ဗိလစ်၏ အခေါ် မဒရာစီလူမျိုး အနိုကီယာဆွာမိတို့ ဖြစ်သည်ဟု ဆလင်က အဖြေပေးသည်။

'အခု သူတို့ ဘယ်မှာလဲ'

'ကျွန်တော် မသိဘူး'

ထပ်ပြန်တလဲလဲ မေးသည့်အခါ အဖြစ်အပျက်မှန်ကို ဤသို့ သိရသည်ဟု ကပ္ပိတန် ဂျူးပါတ်က ဆိုသည်။

မုတ္တမ ပင်လယ်ကွေ့ စစ်တောင်းဝတွင် စီးသင်္ဘော ငနီသည် ရေဝင်ကာ နစ်မြုပ်တော့မည့် အန္တရာယ်ကို ကြုံရသည်။ ထိုအခါ ဆလင်နှင့် သင်္ဘောသားတို့သည် အသက်ကယ်လှေပေါ်သို့ တက်ကြသည်။ ကပ္ပိတန် ပင်နင်တန်၊ အင်ဂျင်နီယာ ဗိလစ်နှင့် သူ့တပည့် အနိုကီယာဆွာမိတို့သည် ရေထဲသို့ ခုန်ချကြသည်။ သူတို့ကို ဆလင်က ရေထဲမှ မဆယ်ယူနိုင်။ လှိုင်းကြီး လေထန်သဖြင့် ထို သုံးယောက် ဘယ်သို့ ပျောက်သွားမှန်း မသိဟု ဆလင်က အစစ်ခံသည်။ ဆလင်၏ အစစ်ခံချက်မှာ ထူးဆန်းသလို ဖြစ်နေသည်။ သံသယ ဖြစ်ဖွယ် ရှိသည် ထင် ကြောင်းဖြင့် ဗိုင်ယာလက် သတင်းစကားတွင် သူ့ထင်မြင်ချက်ကို ဖော်ပြခဲ့သည်။

ထိုညမှာပင် ကပ္ပိတန် ရုတ်ဆယ်သည် မှော်ဘီရဲ့ သင်္ဘောကို ရန်ကုန်မြစ်ဝ ဆီသို့ ဦးတည် မောင်းလာသည်။ ထိုစဉ် မှောင်ထဲမှ အော်သံတစ်ခု ကြားရသည်။ ပင်လယ်ထဲမှ အသံဖြစ်သည်ကို သတိထားမိသည်။ ပင်လယ်မှာ လှိုင်း လေမရှိဘဲ ငြိမ်သက်နေသည်။ သင်္ဘောကို ရပ်သော်ပြီး အသက်ကယ်လှေကို ချကာ လိုက်လံ ရှာဖွေစေသည်။ အတော်ကြာ ရှာဖွေမှ ပျဉ်ပြားတစ်ချပ်ကို ဖက်တွယ် ကူးခတ်နေသော လူတစ်ယောက်ကို တွေ့ရသည်။ သူ့ကို သင်္ဘောပေါ်သို့ ခေါ်ဆောင်လာခဲ့သည်။ သူကား ဗိလစ်၏ တပည့် အသားမည်း အနိုကီယာ ဆွာမိပင် ဖြစ်လေသည်။ အနိုကီယာဆွာမိသည် ပင်လယ်ပြင်တွင် ကယ်မည့်သူ မတွေ့ဘဲ ဆယ်သုံးနာရီ မျောပါခဲ့သည်။ ယခုမှ အားအင်ကုန်ခန်းနေပြီး မောပန်း သာ ရှိတော့သည်။

ကပ္ပိတန် ရှတ်ဆာယ်က သူ့ကို ဆက်လက် မေးမြန်းရာ အနိုက်ယာသျှာမီက သူတို့သင်္ဘော ပျက်ပုံကို ပြောပြသည်။ ရွှံ့သင်္ဘော ငစိန်နီသည် မော်လမြိုင်မှ ရန်ကုန်သို့ ဦးတည်မှတ်မောင်းလာသည်။ သင်္ဘောမပျက်မီ ညကမှ လမ်းပျောက်နေသဖြင့် ကပ္ပိတန် ပင်နင်တန်သည် ပင်လယ်ပြင်တွင် ကျောက်ချ ရပ်နားထားသည်။ နောက်တစ်နေ့ မနက် အရှေ့တောင်ဘက်တွင် လှိုင်းလေ ပြင်းထန်လာသည်။ ထိုအခါ ကပ္ပိတန်လည်း ရန်ကုန်သို့ ဆက်လက်မှတ်မောင်းရန် ပြင်ဆင်သည်။

ထိုအချိန်အတန်ငယ်မှာပင် သင်္ဘောစက်ခန်း၌ ရေဝင်နေကြောင်း သင်္ဘောသားတစ်ယောက်က သတင်းပို့သည်။ ရေသည် ပုံပိုင်း ပန်ကာဝင်ရိုးအုံမှ ဝင်လာခြင်းဖြစ်သည်။ ထိုနေရာတွင် ကွဲအက်သည့် ရေလိုက်ပေါက်တစ်ခု ရှိမည်။ သို့ဖြစ်ရာ ရေစုပ်စက်များကို ပြင်ဆင်ကာ တတ်နိုင်သမျှ ရေစုပ်ထုတ်သည်။ စက်အားသုံးတိုင်များ မဟုတ်ဘဲ မောင်းတံကို လက်ဖြင့် တွန်းတင်ပေးရသည့် ရေစုပ်တုံကင်များ ဖြစ်သည်။ သို့ဖြစ်ရာ နှယ်သည့် ရေနှင့် ဝင်လာသည့် ရေတို့ မမျှဘဲ ပုံပိုင်းတစ်ခုလုံးကိုသို့ ရေများ ပြည့်လာသည်။ ပုံပိုင်းသည် တဖြည်းဖြည်း နစ်မြုပ်တော့မည်ကို သိမြင်လာကြသည်တွင် သင်္ဘောသားတို့မှာ ဆောက်တည်ရာမရ ဖြစ်ပြီး ငိုသူက ငို၊ ဘုရားစာ တရားစာ ရွတ်ဖတ်သူက ရွတ်ဖတ် ဖြစ်လာသည်။

အခြေအနေ မလှတော့သည်ကို သိသဖြင့် ကပ္ပိတန် ပင်နင်တန်က အသက်ကယ်လှေများ ထုတ်ဆောင်ကြရန် အမိန့်ပေးသည်။ ပြီးတော့ အသက်ကယ်လှေကိုလည်း ပင်လယ်ပြင်သို့ ချပေးနိုင်းသည်။ သို့သော် အချိန် မရှိတော့။ ရုတ်ချည်းလိုလိုပင် ပုံပိုင်းမှရှေ့ နစ်တော့မည့် အခြေအနေဆိုးကို ရင်ဆိုင်ကြရသည်။ အသက်ကယ်လှေသည် သင်္ဘောနှင့် ဝေးလှမ်းလှမ်းတွင် ရောက်နေသည်။ သင်္ဘောသား အချို့မှာ ခုန်ချ ကူးခပ်ကာ လှေပေါ်သို့ ရောက်သွားကြသည်။ အချို့မှာ လှေဆီသို့ ကူးခပ်နေကြသည်။ သင်္ဘောပေါ်မှ နောက်ဆုံး ခုန်ချသူမှာ ကပ္ပိတန် ပင်နင်တန်နှင့် အင်ဂျင်နီယာ ဒိဂလစ်တို့ ဖြစ်သည်။

'ကျွန်တော်က ရေထဲမှာ ကူးနေတယ်၊ အသက်ကယ်လှေလည်း မပါဘူး၊ မှော်ပြားတစ်ချပ် တွေ့တာနဲ့ ဖက်တွယ်ပြီး ကူးနေရတယ်၊ ကျန်တဲ့ သင်္ဘောသားတွေကတော့ အသက်ကယ်လှေပေါ် ရောက်သွားကြတယ်၊ ကပ္ပိတန်နဲ့ ကျွန်တော့်အပေါင်းကတော့ လှေနဲ့ ဝေးဝေးမှာ ရောက်နေတယ်၊ သူတို့ဆီကို လှေက မရောက်နိုင်ဘူး၊ ကပ္ပိတန်က သူတို့ဆီ လှော်ခဲ့ဖို့ အလင်ကို အော်ပြီး အမိန့်ပေးတယ်၊ အလင်က ကပ္ပိတန်ကို မြင်တယ်၊ ပြောတာ အမိန့်ပေးတာလည်း ကြားတယ်၊ ဒါပေမဲ့ သူ့ဆီ လှော်မသွားဘဲ တခြားဘက်ကို လှော်ထွက်သွားတယ်'

ဤသည်မှာ ရွှေတိဂုံ သင်္ဘောကပ္ပိတန် ရုတ်ဆယ်မှတစ်ဆင့် သိရသည့် အင်္ဂလိပ်ကာရွာသိ၏ အစစ်ခံချက်ပင် ဖြစ်သည်။

အင်္ဂလိပ်ကာရွာသိသည်လည်း သူ့သင်္ဘောများနှင့် ကွဲသွားသည်။ ထိုနေ့က ပင်လယ်ပြင်တွင် တစ်နေ့လုံး မျောပါနေခဲ့သည်။ နေက ချစ်ချစ်တောက် ပူသည်။ ရေ အငွေ့ ငတ်သည်။ အားအင်တွေ ခမ်းခြောက်လာသည်။ နေဝင်လျှင် သူ့အဖို့ မျှော်လင့်ချက် ဆုံးပြီ။ ပင်လယ်ပြင်တွင် ရေနစ် သေရဖို့သာ ရှိသည်ဟု အားလျှော့ မျှင်လာသည်။ ပျဉ်ပြားတစ်ချပ်ကို တစ်ညလုံး ဖက်တွယ်ထားလို့ ရနိုင်ပါမည်လား။ ဘုရားသခင်ထံ ဆုတောင်းသည်။ သူသည် ခရစ်ယာန်တစ်ယောက် ဖြစ်သေရာ ဘုရားသခင်က သူ့အသံကို ကြားသဖြင့် ကယ်မှုတင်မိသည်။ သူသာ ခရစ်ယာန် မဟုတ်ခဲ့လျှင် သူ့ ဆုတောင်းသံကို ဘုရားသခင် ကြားမည် မဟုတ်ဟု ဆိုသည်။

ကပ္ပိတန်ရုတ်ဆယ်က အင်္ဂလိပ်ကာရွာသိထံမှ သူ သိရသမျှကို အာဘတ်နိုင် တို့ထံ ချက်ချင်းလိုလိုပင် အစီရင်ခံသည်။ သို့နှင့် သင်္ဘောပျက် အမှုအခင်းကို စစ်ဆေးရန် ရေတပ်ရုံးက နှုန်းတစ်ရုံ ဖွဲ့လိုက်သည်။ ထိုရုံးတွင် ကျွန်တော်သည် သဘာပတိ ဖြစ်လာပြီး အဖွဲ့ဝင်များအဖြစ် ကပ္ပိတန်ဂီလက်စပ်နှင့် ကပ္ပိတန်ခိုင်းတို့ ပါဝင်သည်။

ဆယ်လင်နှင့် သင်္ဘောသားများကို ဖမ်းချုပ်ရသည်။ သို့သော် ချက်ချင်းပင် အာမခံ ပေးလိုက်သည်။ နောက်ရက်များတွင် တရားလို၊ တရားခံတို့ကို စစ်ဆေး ကြားနာသည်။ အင်္ဂလိပ်ကာရွာသိသည် တက်ကြွထဲတွင် မှာရီပေါင်းများစွာ ကြာသည် အထိ အစစ်ခံ ခံရသည်။ သူသည် ပိန်ကြုံ သေးကွေးသည့် လူဖလံလေးသာ ဖြစ်သည်။ အသားကလည်း မည်းသည်။ မွန်အားဗလ တောင့်တင်းသူ မဟုတ်။ သို့သော်လည်း ရုပ်နှင့်မလိုက်အောင် ကြံ့ခိုင်သူတစ်ဦး ဖြစ်သည်။ အပူပိုင်း ဒေသ၏ ပင်လယ်ပြင်တွင် အိမ်ကွေတာပေါ်က နေ၏ အပူဒဏ်ကို ကြံ့ကြံ့ခံနိုင်သူ တစ်ဦး လည်း ဖြစ်သည်။ နေချစ်ချစ်တောက်ပူသည့် ပင်လယ်ပြင်တွင် ပျဉ်ပြားတစ်ချပ်ကို ဖက်တွယ်ကာ ဆယ့်သုံးနာရီလုံးလုံး မျောပါနေနိုင်သည့် သတ္တိမျိုး၊ အစွမ်းအစမျိုး ဘယ် အင်္ဂလိပ် သင်္ဘောသားတွင်မှ ရှိနိုင်မည် မထင်။

အင်္ဂလိပ်ကာရွာသိသည် စောစောက အစစ်ခံထားသည့် အတိုင်းပင် စကားတစ်လုံး၊ မလွဲဘဲ ပြန်လည် အစစ်ခံသည်။ ဆယ်လင်သည် သူနှင့် အင်္ဂလိပ် အရာရှိ နှစ်ယောက်ကို ပင်လယ်တွင် ရေနစ်သေအောင် ထားခဲ့သည်။ ယခုလို ထွက်ဆိုရသည်မှာပင် သူ့အဖို့ အန္တရာယ် များလှပြီ။ အကြောင်းမှာ ဆယ်လင်က သူ့ကို သတ်မည် တကဲကဲ ကြိမ်းမောင်းနေသောကြောင့် ဖြစ်သည်ဟု ဆိုသည်။

ဆလင်တို့မည်သည် သင်္ဘောနစ်မြုပ်လျှင် သူတို့ အထက်အရာရှိများကို ရှန်ပိန်၊ လုံး၊ မရှိပေ။ သင်္ဘောပေါ်တွင် ရှိစဉ်က ကပ္ပိတန် ပင်နင်တန်နှင့် သင်္ဘောသားတို့ မကျေနပ်သည် ဖြစ်ခဲ့သလားဟု။ ဤသို့လည်း ရန်ပွဲ မပွားခဲ့ကြပေ သည်။ သို့သော် ဆလင်ဘက်က အကြောင်းတစ်ခုတစ်ရာ ထူးထူးခြားခြား ရှင်းလျက် မပေးနိုင်ခဲ့။ ဆလင်နှင့် သင်္ဘောသား အားလုံးမှာ မဟာမေခင်များ ဖြစ်ကြသည်။ သည့်ထက်ပို၍ ဘာမျှ မပြောနိုင်၊ ဘာမျှ မရှင်းပြနိုင်ကြ။ အရာရှိများနှင့် သူတို့မှာ အပျော်ကစားကွဲသူများ ဖြစ်ခဲ့ကြသည်မှတစ်ပါး အခြား ပြဿနာ တစ်ခုမျှ မမြင်။

တရုတ် ဝက်ခြံထဲတွင် ရောက်နေကြသည့် သင်္ဘောသားများမှာ ကံဆိုး မိုးမှောင် ကျနေသဖြင့် မျက်နှာများ ညှိုးငယ်နေကြသည်။ သို့သော် သူတို့သည် စစ်တကောင်း လူမျိုးများ ဖြစ်ကြသည်။

စစ်တကောင်း လူမျိုးတို့၏ မျက်နှာပေးမှာ နှစ်လိုဖွယ် မကောင်းလှပေ။ လူတိုင်းက ထင်မြင် ခံယူကြသည်။ မျက်နှာပေါက်ဆိုးသည့် စစ်တကောင်းများ မှာလည်း ကျော်ကြားသည်။ သို့သော် လူမျိုးတစ်မျိုးအနေဖြင့်ကား စစ်တကောင်း တို့သည် သော့သွမ်း ယုတ်မာသူများ မဟုတ်ကြပေ၊ ကျွန်တော် ယုံကြည်သည်။ မည်သို့ဖြစ်စေ သူတို့ နေထိုင်သလို နေခြင်းသာ ဖြစ်ပေရာ သူတို့ မျက်နှာပေးမှာ အများတကာ မြင်ပြင်းကတ်စရာ ဖြစ်နေသည်။ သူ့ အထက် အရာရှိများကို ဘာကြောင့် မကယ်ဆယ်သလဲဟု မေးသည့်အခါ ရေစီးနေသောကြောင့် မဆယ် နိုင်ခဲ့ပါဟု အဖြေပေးသည်။ သို့ဖြစ်လျှင် ကပ္ပိတန် ပင်နင်တန်တို့သည်လည်း ထိုရေစီးနှင့် အတူပင် သူတို့ဆီသို့ မျောပါလာနိုင်မည် မဟုတ်ပါသလားဟု ထပ်မံ မေးကြသည့်အခါ စကားမေး မရှုတော့ဘဲ နှုတ်ပိတ်နေကြသည်။

သို့ဖြစ်ရာ တရားရုံးအနေနှင့်မှ ဆလင်၏စကား၊ ဆလင်၏ ထွက်ချက် နှင့် မွေသီ၏စကား၊ မွေသီ၏ ထွက်ချက်တို့နှစ်ခုကို ကြားရာ ဝေခွဲနိုင်းခြားကာ ဆုံးဖြတ်ရန်သာ ရှိသည်။ ဤတွင် ကံကောင်း ထောက်မ၍ ရုံးတော်အတွက် အသက်ရှူပေါက် ရစရာ သက်သေတစ်ယောက် ပေါ်လာသည်။ သူသည် ထက်မကိုက်သည့် သက်သေဟု ယူဆနိုင်စရာ အကြောင်း ရှိပေသည်။ သူ့ ဘ ကပ္ပိတန်၏ တပည့်ဖြစ်ခဲ့ဖူးသည့် အစ္စုပင် ဖြစ်သည်။

သင်္ဘောနစ်မြုပ်နေသည့်အခါ အစ္စုသည်လည်း ရေထဲသို့ ခုန်ချရသူ ဖြစ်သည်။ သူ့ကို ဆလင်က လှေပေါ်သို့ ဆွဲတင်သည်။ သူကမူ "ဆလင်သည် ကပ္ပိတန်ကို ပစ်ချခဲ့သူ မဟုတ်။ လှိုင်းလှေအကြားမှာပင် ရေကူးနေသည့် အရာရှိ နှစ်ဦးကို ရှာဖွေခဲ့သေးသည်။ မတွေ့သဖြင့်သာ မကယ်ဆယ်နိုင်ခြင်း ဖြစ်သည်" ဟု

ထွက်ဆိုသည်။ သို့သော် အဖွဲ့ရှိသည့်လည်း စစ်တမ်းကောင်း အမျိုးသား ဖြစ်သည်မှာ ပြောစရာတစ်ခု ဖြစ်နေသည်။ သူသည် ကဗျိုတန်၏ တပည့်ဖြစ်ခြင်းလည်း "အစေး ကြီးလျှင် ဒေသနီးရာ ပါစေပြီ" ဆိုရိုးအတိုင်း ဆရာသမားအပေါ် သစ္စာမစောက်နိုင် တော့သော အမျိုးသားချင်း နိုင်းပင်းစိတ်ကို ဦးစားပေးနိုင်သည်။ ထို့ပြင် အစေး ကြီးသည့်အခါ ဆရာသမားဘက်က ရပ်ရန်ထက် သူတို့အမျိုးသားများ၏ ခုခွက်ကို စာနာကာယ်တင်ရမည် ဟူ၍လည်း သဘောပေါက်နိုင်သည်။

တရားရုံ အဖွဲ့ဝင် နှစ်ဦးနှင့် ကျွန်တော်တို့သည် အမြိန့်အတန်ကြာ ပွဲကာ စီရင် ဆုံးဖြတ်ချက် ချရန် စဉ်းစားခန်း ဝင်ရသည်။ သက်သေထွက်ချက်တွေကို ဘယ်သို့ ဘယ်ပုံ အကဲဖြတ်မည်လဲ။ ဆလင်က သူ့အထောက်လှုကြီး အင်္ဂလိပ် ကဗျိုတန်ကို ပင်လယ်ပြင်မှာ ပစ်ထားခဲ့သည်မှာ မှန်သလား။ ပြီးတော့ အရိုက်ခံယာ မျှာမိကိုလည်း အကဲဖြတ်ရသေးသည်။ သူသည် လှိုင်း၏ ဒေသထဲ ကြီးကြီး စိုးနိုင်သူ ဖြစ်သည်။ သူသည် မဟာဓမ္မင်တို့ကို မှန်းသူဖြစ်သည်။ ထိုမှတစ်ပါး ပင်လယ်ပြင်တွင် ပျဉ်ပြားကလေးကို ဖက်တွယ်ကာ ဆယ့်သုံးနာရီ လုံးလုံး ဒေသမင်းနှင့် နပန်းလုံးခဲ့ရသဖြင့် ဆလင်နှင့် စစ်တမ်းကောင်း တာစ်ဒိုက်ကို စိတ်ချဉ် ပေါက်ကာ ခါးသီးနာကြည်းနေမည်ဆိုလျှင် ခါးသီးနာကြည်းနိုင်စရာ အကြောင်း ရှိသည်။ ထို့ပြင် အရိုက်ခံယာမျှာမိသည် ဆလင်တို့ လှေရှာအပေါ် အထင်မှား၊ အမြင်မှားသည့် စိတ်ဖြင့် ပြောဆို ထွက်ဆိုနေခြင်းလည်း ဖြစ်နိုင်သည်။ ပင်လယ် ဓနိုးကြမ်းတွင် ပျဉ်ပြားငယ် တစ်ချပ်ကို ဖက်တွယ်မျှောပါရသူနှင့် လှေပေါ်တွင် အစွင့်သား ထိုင်ကာ မျှောပါရသူတို့ နှစ်ဦး၏ စိတ်အခြေအနေကို ဘေးချင်း စဉ်းစား နိုင်ရမည် ဖြစ်လေသည်။ ဘယ်သူက ပိုရှိ ခါးသီးမည်လဲ။

နောက်ဆုံးတွင် ကျွန်တော်တို့သုံးဦး စဉ်းစားခန်းဝင်ကာ ဖြစ်ပျက်သမျှ အကြောင်းခြင်းရာတို့နှင့် ညီညွတ်သည့် အဖြေတစ်ခုကို ရှာဖွေဆုံးဖြတ်နိုင်ခဲ့ကြသည်။ ယင်းမှာ ဤသို့ ဖြစ်သည်။ လှေပေါ်သို့ ရောက်လျှင် ဆလင်နှင့် သင်္ဘောသားတို့မှာ မျက်စိမျက်နှာ ပျက်လောက်အောင်ပင် အကြောက်ကြီး ကြောက်နေကြသည်။ ဘုရား တ သူက တ သည်။ အော်ဟစ်ငိုယိုသူလည်း ရှိသည်။ ကမ်းကလည်း ဝေးသည်။ ဘယ်အခင်တယ်ကမ်း ဆိုက်လေမည် မသိ။ ဘယ်နေရာ ရောက်နေ မှန်းပင် မှန်းဆနိုင်မည် မထင်။ နေကို ကြည့်ကာသာ အရှေ့အနောက် မှန်းဆ နိုင်မည် ဖြစ်သည်။ ထို့ပြင် ရေစီးကလည်း သန်ကာ လှိုင်းလေကလည်း ထန်နေရာ လှိုင်းရောက်အောင် လှေကို လှော်နိုင်မှယ် မရှိ။ အကြောက်အရွံ့စိတ်က စိုးမိုးနေ သဖြင့် သူတို့ အထောက်လှုကြီးများကို ရှာဖွေရန် စိတ်ကူးပေါ်မည် မဟုတ်။ ဘုရား တ ကာ ဆုတောင်းနေမည်သာ ဖြစ်သည်။ လှေပေါ်တွင် ဗိုလ်မှူးသော်၊ ကိုယ်သိကို

သွတ်ပြီး ခေါင်းနှင့်ကြမ်း ထိလောက်အောင် ငုံ့နိုးကာ အလ္လာဟ့ သခင်ကို ဝ နေ့ကြလိမ့်မည်။ အလ္လာဟ့မှ တစ်ပါး ကိုးကွယ်ရာ မရှိတော့ပြီဟု ရွတ်ဆိုနေကြမည်။ ဤသည်မှာ ကျွန်တော်တို့ ကောက်ချက်ပင် ဖြစ်သည်။

သို့ဖြစ်လျှင် ကမ္ဘာ့တန် ပင်နှင်တန်နှင့် မနူတာ ဓိလစ်တို့အား မလိုမုန်းထားစိတ်ဖြင့် ပင်လယ်ပြင်တွင် နှစ်ပစ်ထားခဲ့သည့် စွဲချက် အရကား ဆလင်သည် အပြစ်မရှိ။ သို့သော် အလ္လာဟ့ ဘုရားသခင်ထံ ဆုတောင်းချိန် ရသည်ဆိုလျှင် ဆုတောင်းသည့်အလုပ်ကို ခဏ ဆိုင်းငံ့ထားပြီး ကမ္ဘာ့တန်နှင့် အင်ဂျင်နီယာတို့ကို မျှော်မျှ မကယ်ဆယ်သင့်ဘူးလား၊ ဘာကြောင့် မျှော်မျှ မကယ်ဆယ်နိုင်ရမည်နည်း။ ထို့ကြောင့် ဆလင်အား အိန္ဒိယ သွားလာရေး အက်ဥပဒေအရ ထိုမိုက်မဲမှုအတွက် ထိုက်သင့်သည့် ပြစ်ဒဏ်ကို ပေးရမည်။ သို့ဖြစ်ရာ ဆလင်ကို သက်ညှာစွာပင် အပြစ်ဒဏ် ပေးလိုက်သည်။

ဤအဖြစ်အပျက်သည် မုတ္တမပင်လယ်အော်တွင် လှိုင်းလေထန်သည့်အကြား ဖြစ်ပွားသည့် အမှုအခင်းတစ်ရပ် ဖြစ်လေသည်။ သို့သော် ကျွန်တော်တို့ အင်္ဂလိပ်တွေဘက်က ဂုဏ်ယူစရာ နမူနာတစ်ရပ် တွေ့ရသဖြင့် ဝမ်းသာပီတိ ဖြစ်မိသည်။

ကျွန်တော်တို့ အင်္ဂလိပ် လူမျိုးများသည် ပင်လယ်ရေကြောင်း၊ ခရီးစား သွားလာခြင်းကို ချစ်မြတ်နိုးသူများ ဖြစ်သည်။ ပင်လယ်အောက်ခင်း၊ ကြမ်းပြင်တို့တွင် အင်္ဂလိပ်တို့၏ အရိုးများသည် အခြားလူမျိုးတို့၏ အရိုးများထက် ပို၍ များမည် အမှန် ဖြစ်သည်။ ကျွန်တော်တို့ အင်္ဂလိပ် လူမျိုးများသည် ပင်လယ်ခေနိုးသစ်၊ လမ်းသစ် စသည့် ရေကြောင်းသစ်၊ ဒေသသစ်တို့ကို ရှာဖွေ တမ်းတကြသည်။ ဤသို့ဖြင့် ဝေးလံသည့် တစ်ရပ်တစ်ကျေးတွင် အသက်စွန့်ရမှု ကျေနပ်နှစ်သက်သူများ ဖြစ်လာသည်။

ပင်နှင်တန်နှင့် ဓိလစ်တို့မှာ အံ့သြဖွယ် တစ်ခင်းမှ မထင်ရှားသည့် အရာရှိလေး နှစ်ဦးသာ ဖြစ်သည်။ သို့တိုင်အောင် အန္တရာယ်နှင့် ရင်ဆိုင်ရသည့်အခါ မိမိတို့ အသက်ကို ဦးစားပေး မစဉ်းစားဘဲ အိန္ဒိယ တိုင်းရင်းသား သင်္ဘောသားတို့၏ အသက်ကို ဦးစားပေးကာ အသက်ကယ်လှေကို ချပေးပြီး လေးလွှတ်ရာသို့ ပို့ခဲ့သည်။ သူတို့သည် အင်္ဂလိပ်လူမျိုး ပီသကြောင်းကို စကားများများ မပြောဘဲ သက်သေထူခဲ့ကြသည်။ သေခြင်းတရားကို ဣန္ဒြေရရ ရင်ဆိုင်ခဲ့ကြလေသည်။ ●

# ၇

## ၁။ ရန်ကုန် မျက်နှာဖြူ အသိုင်းအဝိုင်း

၁၉၂၉ တွင်အင်္ဂလိပ်က မြန်မာပြည်ကို အုပ်စိုးလျက် ရှိသည်။ ၁၉၂၃ ဒိုင်အာခီ အုပ်ချုပ်ရေး အရမှ ပြည်သူ့ကိုယ်စားလှယ်တို့၌ အခွင့်အာဏာ အချို့အဝက် ရှိသည်။ သို့သော် လက်တွေ့တွင်ကား ထိုအခွင့်အာဏာတို့မှာ ထိထိရောက်ရောက် လုပ်ကိုင်နိုင်ခွင့်မျိုး မဟုတ်ဘဲ အကြံပေးပိုင်ခွင့်မျိုးသာ ဖြစ်လေသည်။ ဥပဒေပြု အဖွဲ့ကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ် ဝန်ကြီးနှစ်ဦးသည် ဥပဒေ တစ်ခုတစ်ခုကို ပြဋ္ဌာန်း အတည်ပြုရန် တင်ပြနိုင်သည်။ အဆိုပြုနိုင်သည်။ သို့သော်လည်း ဘုရင်ခံက ခန့်အပ်ထားသည့် ဘုရင်ခံ အစိုးရအဖွဲ့ဝင် ဝန်ကြီး နှစ်ဦး၏ ထောက်ခံချက်အရ ဘုရင်ခံကိုယ်တိုင်က သဘောတူမှသာ ဥပဒေပြဋ္ဌာန်း ရှိလေသည်။ တစ်နည်း ဆိုရလျှင် ဥပဒေပြု အာဏာကို ဘုရင်ခံက ဆုပ်ကိုင်ထား ခြင်းပင် ဖြစ်သည်။

ဘုရင်ခံနှင့် သူ့အတိုင်ပင်ခံ ဝန်ကြီးနှစ်ပါးကလည်း ရန်ကုန် မျက်နှာဖြူ အသိုင်းအဝိုင်းကို ငဲ့စောင်း ကြည့်ရလေသည်။ ထိုရန်ကုန် အသိုင်းအဝိုင်းသည် အင်္ဂလိပ်အစိုးရ၏ ပေါ်လစီကို ရုပ်လုံးဖော်ပေးသည့် လူတန်းစား ဖြစ်သည်။ သူတို့၏ ထင်မြင်ယူဆချက်များသည် များစွာ အရေးကြီးသည်။ သူတို့သည် များစွာ အရေး ပါသည်။

ရန်ကုန် မျက်နှာဖြူ အသိုင်းအဝိုင်းကို အင်္ဂလိပ်များက လုံးလုံးလျားလျား အုပ်စီးထားသည်။ ယင်းတွင် ပဲခူးကလပ်၊ ကန်တော်ကြီး ဘုတ်ကလပ်နှင့် ဂျင်မခါနာကလပ် ဟူသည့် ကလပ်ကြီး သုံးခုမှ အသင်းသား မျက်နှာဖြူများ ပါဝင်လေသည်။ ထိုကလပ်တို့တွင် မျက်နှာဖြူ ဥရောပတိုက်သားတို့သာ အသင်း ဝင်ခွင့်ရသည်။ အသင်းဝင်ဖြစ်ရန် ငွေကြေးချမ်းသာဖို့ မလို။ ရာထူးရာခံရှိဖို့ မလို။ လူကြီးလူကောင်း ဖြစ်ဖို့ မလို။ အသင်းဝင်ဖြစ်ရန် အရည်အချင်းမှာ လူမျိုး သတ်မှတ်ချက် သို့မဟုတ် အသားအရောင် သတ်မှတ်ချက်ပင် ဖြစ်သည်။

သို့ဖြစ်လေရာ တရုတ်သူဌေး မစ္စတာ လင်ချင်းရှောင်းသည် နံနက်ပေါ်ပေါ် မနေ့ညတိုင်ကြ ပျံ့ပြီးတို့ကြင် အတင့်အတယ် ဆောက်လုပ်ထားသော နန်းတော်ကြီးကို ပိုင်သူ၊ ထိုကြီးတက် ရှမ်းသားသူ၊ စိတ်သဘောထားကောင်းသူ ဖြစ်ပြီးလည်း တရုတ်အမျိုးဟူသော အစွဲအလမ်းကြောင့် ပဲခူးကလပ်၊ ကန်တော်ကြီး ဘုတ်ကလပ်၊ ရွှေမဝါရာ ကလပ်တို့တွင် မဝင်နိုင်။ ယင်းကလပ်တို့၏ အသင်းသား မဖြစ်နိုင်။

လင်းယင် ထိပ်တင်မလတ်သည် မဟာဆီ မဟာသေ့ဖြစ်သည်။ ရုပ်ရည်အားဖြင့် ချောမောလှပသူ ဖြစ်သည်။ သို့တိုင်အောင် သူသည်လည်း ထိုကလပ်တို့၏ အသင်းဝင် မဖြစ်ထိုက်။

ပြည်သူ့ကိုယ်စားလှယ် နှင့်ဦးဖြစ်သည့် ဒိုင်အာခီ ဝန်ကြီးနှစ်ပါးသည်လည်း ပဲခူးကလပ်၏ အနိုင်ကို မနင်းနိုင်။ ထို့အတူ ဟိုက်ကုတ်တရားရုံးမှ မြန်မာတရားသူကြီးများသည်လည်း ကန်တော်ကြီး ဘုတ်ကလပ်များသို့ မသိနိုင်။

မဟာမောင်သူဌေး မစ္စတာဘေ့ခမ်သည် ဆိုင်မွန်ကော်မရှင်ကို ဦးဆောင်သူ ဖြစ်သည်။ သို့သော် သူ့ကို ထိုကလပ်တို့က ဝင်ခွင့် မပြု။

ဂျပန် ကောင်စစ်ဝန်သည်ပင်လျှင် အခြား အာရှတိုက်သားများနည်းတူ ပဲခူးကလပ်များ မသိနိုင်။ ဂျပန်ရေတပ်ကြီး တစ်ခုလုံးကို ခေါ်လာပြီး အရေးဆိုကြားလည်း ပဲခူးကလပ်က ဂျပန် ကောင်စစ်ဝန်ကို ဝင်ခွင့်ပြုလိမ့်မည် မဟုတ်။

ယင်းကလပ်သုံးခုတွင် အသင်းဝင် အင်္ဂလိပ်တို့မှာ အတန်းအစားအားဖြင့် သုံးမျိုး သုံးစား ကွဲပြားသည်။ အစိုးရ အရာရှိက တစ်တန်းစား၊ ဗြိတိသျှ စစ်တပ် အရာရှိ သို့မဟုတ် အိန္ဒိယစစ်တပ်အရာရှိများက တစ်တန်းစား၊ ကုန်သည်များက တစ်တန်းစား ဖြစ်သည်။

အစိုးရအရာရှိ ဆိုသည်မှာ ကျွန်တော်တို့လို အုပ်ချုပ်ရေး ဝန်ထမ်းများ ဖြစ်ပြီး မြန်မာပြည် ရေရာအနှံ့အပြားသို့ ကျွင်လည်ခဲ့ကြသူများ ဖြစ်လေသည်။ ကျွန်တော်တို့မှာ မြန်မာစကားကို နားလည်သည်။ ပြောဆိုနိုင်သည်။ ဝေးဝေးလံလံ ဒေသများတွင် နေထိုင် အုပ်ချုပ်ခဲ့ရပြီး ထိုအရပ်၊ ထိုဒေသတို့၌ အတန်းအစား မခွဲခြားဘဲ လက်ခံသော ကလပ်များ၏ အသင်းဝင်များလည်း ဖြစ်ခဲ့ရကြသည်။

သာဓက စကားတစ်ခု ဆိုရလျှင် ကျွန်တော်သည် စစ်တွေကလပ်၏ အသင်းဝင်လူကြီးတစ်ဦး ဖြစ်ခဲ့သည်။ စစ်တွေမြို့တွင် အင်္ဂလိပ်လူမျိုး အများအပြား ရှိပြီး သူတို့သည် အသင်းဝင်များ ဖြစ်ကြသည်။ စစ်တွေကလပ်သည် မြို့ပေါ် အသောက်အစား တစ်ခုတည်းဖြင့် ရပ်တည်ရသည့် အသင်းမျိုး မဟုတ်။ အချို့ ဒေသများတွင် ကလပ်အငယ်စားလေးများမှာ အခြားတစ်ပါး အကူအညီဖြင့် ရပ်တည်ကြီးရသည်တို့ ရှိသည်။ စစ်တွေ ကလပ်တွင်မူ ရခိုင်အမျိုးသား အချို့နှင့် မွတ်ဆလင်

ခန်းများမှာ အကျိုးဆောင် အသင်းဝင်များ ဖြစ်လာကြသည်။ ကလပ်တွင် ထမင်းစားပွဲတည်ခင်းလျှင် သို့မဟုတ် အခြားပွဲလမ်း အခမ်းအနားတစ်ခုခု ကျင်းပလျှင် ထိုလူမျိုးစုနီးဆောင်နှင့် ပါဝင်ဆောင်ရွက်နိုင်သည်။ သူတို့ ပါလျှင် ပွဲသည် ပို၍ သိုက်မြိုက်စည်ကားသည်။ သူတို့မှာ ဖြူ မျက်နှာပုံများဖြစ်ပြီး ပလူးသူများ မဟုတ်ကြပေ။ ဂုဏ်သရေရှိ လူကြီးလူကောင်းများ ဖြစ်သည်။ ပြီးတော့ နိဝါတတရား ရှိသူများ ဖြစ်သည်။

ကျွန်တော့် အတွေ့အကြုံ အရကား မြန်မာလူမျိုးကို မချစ်သည့် အင်္ဂလိပ်ဟူ၍ တွေ့ရပါသည်။ မြန်မာတွေဘက်က အရေးဆိုကာ မြန်မာတွေ ကောင်းကျိုးအတွက် ရပ်တည်သည့် အင်္ဂလိပ်တို့ကိုသာ အများအားဖြင့် တွေ့ရသည်။ ဗြိတိသျှအင်ပါယာတွင် အင်္ဂလိပ်တရင်း၏ ကျေးဇူးသစ္စာကို စောင့်သိကြသည့် အာရှလူမျိုးတို့အနက် မြန်မာတို့သည် ချစ်ခင်နှစ်လိုဖွယ် ကောင်းသော ရိုးသားအေးချမ်းသော လူမျိုးတစ်မျိုး ဖြစ်သည်။ ကျွန်တော်တို့ကို ပုဂ္ဂိုလ်အရ သံယောဇဉ် တွယ်သည်။ ကျွန်တော်တို့တွင်လည်း သံယောဇဉ် အကြီးအကျယ် တွယ်ရသည့် မြန်မာမိတ်ဆွေများ ရှိလာသည်။

သို့သော်လည်း ရန်ကုန်သို့ ပြောင်းရွှေ့လာပြီး မကြာမီမှာပင် ရန်ကုန်မျက်နှာဖြူ အသိုင်းအဝိုင်းအကြောင်းကို ကောင်းကောင်း နားလည်လာသည်။ ထိုအသိုင်းအဝိုင်းက မြန်မာတို့ကို ဘေးဖယ်ထားသည်။ သူတို့သည် မြန်မာတို့နှင့် ရောရောနှောနှော မနေကြ။ ကျွန်တော်တို့ အင်္ဂလိပ်အမှုထမ်းများအနက် အချို့မှာ အင်္ဂလိပ် အသိုင်းအဝိုင်းတွင် ကျင်လည် ကျက်စားရသည်ကို နှစ်မြို့ကြသည်။ အင်္ဂလိပ်တွေအကြား တသီးတသန့် နေရလျှင် အေးချမ်းသည်ဟု ထင်သည်။ ကိုယ့်အချင်းချင်းဆိုတော့ ပြောချင်တာ ပြောနိုင်သည်။ စကားများသဖြင့် ဘာမျှ မစိုးရိမ်ရ။ စိတ်မချမ်းမသာ ဖြစ်စရာ ဘာသာအကြောင်း မှု မရှိ။ နိုင်ငံခြားသားများနှင့် ဆက်ဆံရသည်မှာ စိတ်ရှုပ်စရာ ကောင်းသည်။ ဤသည်မှာ အင်္ဂလိပ်တချို့၏ စိတ်ထားဖြစ်သည်။

သို့သော်လည်း ထိုကဲ့သို့ ကိုယ့်လူမျိုး အချင်းချင်းသာ ပေါင်းဆိုဆက်ဆံကာ အေးအေးလူလူ နေရသည်ကို မကြိုက်သူတို့လည်း ရှိသည်။ ကိုယ့်အချင်းချင်း အကြားတွင် ဘာများ အသိအမြင်သစ် ရနိုင်စရာ ရှိသလဲ။ တိုင်းရင်းသားတွေနှင့် အဆက်ဖြတ်ထားလျှင် သူတို့သဘောထားကို တီးခေါက်ကြည့်၍ မရတော့ဘဲ ကိုယ့်အလုပ်တွင်သာ နစ်မွန်းစရာ အကြောင်းရှိသည်။ သို့ဖြစ်ရာ မြန်မာတွေနှင့် ပေါင်းသင်းဆက်ဆံသင့်သည်၊ မြန်မာတွေနှင့် ရင်းနှီးသင့်သည် ဟူ၍ ခံယူသူတို့လည်း ရှိသည်။

၁၉၂၉ တွင်မူ အစိုးရ အရာရှိ အင်္ဂလိပ်တို့မှာ အရှေ့တိုင်းသားတို့နှင့် ကင်းကင်းရှင်းရှင်း နေမည်ဟူ၍ ခပ်ဝေးဝေး ရှောင်နေလို့ မရနိုင်တော့ပြီ။ ကိုယ့်အလုပ် ကိုယ်ကြိုးစားပြီး အပြစ်မရှိအောင်နေလျှင် ပြီးတာပဲဟူ၍ သဘောထားလို့ မရနိုင်သည့် အခြေအနေများ ကြုံကြိုက်လာရသည်။

သို့ဖြစ်လျှင် ထိုက်သင့်သည့် မြန်မာလူကြီးလူကောင်းတို့ကို အင်္ဂလိပ်ကလပ်များ၏ အသင်းဝင်များ ဖြစ်အောင် ဘာကြောင့် ကျွန်တော်တို့ဘက်က စည်းရုံး မဆောင်ရွက်ကြသလဲဟု မေးစရာရှိသည်။ မဖြစ်နိုင်ပါ။ စည်းရုံးဆောင်ရွက်၍ ရနိုင်သည့် ပတ်ဝန်းကျင်မျိုးလည်း ကြုံကြိုက်ရသေးသည်။ ရန်ကုန် မျက်နှာဖြူ အသိုင်းအဝိုင်းတွင် စစ်ဗိုလ်စစ်သားများနှင့် ကုန်သည်လုပ်ငန်းစားတို့က မြန်မာတို့နှင့် ရောရောထွေးထွေး မနေချင်ကြ။ မြန်မာတို့နှင့် မဆက်ဆံလိုကြ။ ကလပ်များအတွက် အစိုးရအရာရှိပိုင်းက မြန်မာအသင်းဝင်သစ်များ စုဆောင်းတင်ပြသည့်တိုင် အသင်းဝင်ခွင့် မပေးအောင် သူတို့က ကန့်ကွက်ကြလိမ့်မည်။ သူတို့မှာ ထိုကလပ်များတွင် လူများစု ဖြစ်နေသည်။

အင်္ဂလိပ် စစ်ဗိုလ်စစ်သားများနှင့် ကုန်သည်များ၏ စိတ်သဘောထားကို အလွယ်တကူ နားလည်နိုင်ပါသည်။ အစိုးရ အရာရှိပိုင်းသည် အလုပ်သဘောအရ မြန်မာများနှင့် အမြဲတစေ ဆက်ဆံနေရသည်။ သို့ဖြစ်ရာ ရင်းနှီးနေကြပြီ။ ထို့ကြောင့် မြန်မာတို့ကို ကလပ်များသို့ ခေါ်လိုသည်။

အင်္ဂလိပ် ကုန်သည်တို့မှာမူ လက်တွေ့အားဖြင့် မြန်မာတို့နှင့် အဆက်အဆံ ရှားနည်းသည်။ ထို့ကြောင့် မရောနှောချင်ကြ။ အင်္ဂလိပ် စစ်ဗိုလ် စစ်သားတို့မှာ မြန်မာတို့နှင့် လုံးလုံးလျားလျား တွေ့ကြုံရသည် မဟုတ်။ သို့ကြောင့် ကင်းကင်းရှင်းရှင်း နေလိုခြင်းသာ ဖြစ်သည်။ မဆက်ဆံ၍လည်း ဘာများ ဆုံးရှုံးစရာ ရှိသလဲ။ ဤသည်မှာ သူတို့နှင့် ပတ်သက်၍ သဘာဝကျ ထင်မြင်ချက်မျှသာ ဖြစ်သည်။

ကုန်သည်နှင့် စစ်ဗိုလ် စစ်သားတို့ အထဲတွင်လည်း တသီးတသန့် အေးအေးချမ်းချမ်း နေလိုသည့် အရာကလေးများ ရှိသေးသည်။ သူတို့ကား တသီး ပုဂ္ဂလဝါဒီများသာ ဖြစ်သည်။ သူတို့သည် လူ့အသိုင်းအဝိုင်းနှင့် နေတတ်ကြသူများ မဟုတ်။

သို့သော်လည်း ဒေသသစ်၊ နေရာသစ်တွင် အသိအမြင်သစ် ရှာဖွေခြင်း၊ ထူးစမ်းဆင်ခြင်လိုစိတ် မွှားမွှားခြင်း၊ ပေသည့် စိတ်အစာကျွေးခြင်း၊ အလုပ်သည် အနားယူ အပန်းဖြေခြင်း၊ အလုပ်နှင့် ကဏ္ဍခြားနေတတ်သည်ကိုမူ မေ့ထား၍ မရ။ တစ်နေကုန် အလုပ်လုပ်ပြီးနောက် ညနေခင်းတွင် အနားယူ အပန်းဖြေဖို့

ကြသည်။ ထိုအခါမျိုးတွင် ဗဟုသုတ ပွားများဖွယ် ကိစ္စတွေ၊ အလုပ်အတွက် အသိအမြင် တိုးလာဖွယ် ကိစ္စတွေကို ပြောဆို မနေအား။ ဤသည်မှာ အင်္ဂလိပ် ကုန်သည်နှင့် အင်္ဂလိပ် စစ်သားတို့၏ ယေဘုယျသဘောထား ဖြစ်သည်။

တစ်ဖန် အင်္ဂလိပ် ကုန်သည်တို့ ရောင်းဝယ် ဆောက်တာကို လေ့လာလျှင်လည်း သူတို့၏ လူမှုဆက်ဆံရေး အနေအထားကို နားလည်နိုင်သည်။ မြန်မာပြည်တွင် ကုန်စည် ကူးသန်းရာ၌ သူတို့ အများဆုံး ဆက်ဆံရသည်မှာ အိန္ဒိယကုန်သည်၊ တရုတ် ကြားခံလူများသာ ဝင်ဆံ့ဖြစ်သည်။ ထိုလူတို့မှာ မြန်မာဆက်ဆံရေးလောကတွင် ဝင်ဆံ့သူများ မဟုတ်ကြ။ အင်္ဂလိပ် ကုန်သည်သည် မြန်မာလက်လုပ်လက်စားတို့နှင့် တိုက်ရိုက် မတွေ့ရ။ ထို့အတူ မြန်မာ ကုန်သည်ပွဲစားများနှင့်လည်း မဆက်ဆံရ။ အကြောင်းမှာ ရန်ကုန် စီးပွားရေး လောကတွင် မြန်မာကုန်သည်တို့အဖို့ ခြေချစရာနေရာ မရှိသောကြောင့်ပင် ဖြစ်သည်။ မြန်မာစကားတစ်လုံးမျှ မတတ်ဘဲနှင့်လည်း အင်္ဂလိပ်ကုန်သည်တို့မှာ ကြီးပွားချမ်းသာနိုင်သည်။ မြန်မာပြည် ကုန်စည်ကူးသန်းရေးလုပ်ငန်းတွင် အင်္ဂလိပ်ကုန်သည် တစ်ယောက်အဖို့ မြန်မာသမိုင်း ဗဟုသုတနှင့် မြန်မာဘာသာရေး ဗဟုသုတတို့က သူ့လုပ်ငန်းကို အထောက်အကူ ပြုလိမ့်မည် မဟုတ်။

ယင်း ကုန်သည်တို့အနက် အချို့မှာ အမြော်အမြင် အနည်းငယ် ရှိကြပါသည်။ သူတို့ထဲက အချို့မှာ မြန်မာတို့နှင့် တိုက်ရိုက် ဆက်ဆံမှု ကြုံလာရသည်။ ဥပမာ အင်္ဂလိပ် သစ်ထုတ်လုပ်ရေး ကုမ္ပဏီ ဟာစ်မှုသည့် အထက်မြန်မာပြည်၌လည်း ရုံးခွဲများ ဖွင့်လှစ်ထားရသည်။ သူတို့ အလိုရှိသည့် သစ်ကို အထက်မြန်မာပြည်မှ မှာယူနိုင်သည်။ သို့ဖြစ်သော်လည်း တကယ်တမ်း ပြောရလျှင် အင်္ဂလိပ်ကုန်သည် လှုပ်ရှားသည့် ရန်ကုန်ရှိ မြန်မာ အထက်တန်းလွှာနှင့် လုပ်ငန်းသဘောအရ ရောနှောဆက်ဆံစရာ အကြောင်းတစ်စုံတစ်ရာ မရှိ။

သူတို့ထဲတွင် ခြွင်းချက်ထားရမည့် သူများလည်း ရှိသည်။ ထိုသူတို့သည် မြန်မာပြည် နိုင်ငံရေး အပြောင်းအလဲကို သတိချပ်မိကြသည်။ မြန်မာပြည်တွင် အုပ်ချုပ်မှုစနစ်တစ်ခု ပြောင်းလဲတော့မည့် အရိပ်အမြွက်ကို နားလည်ကြသည်။ သို့ဖြစ်ရာ မြန်မာသဘောထား၊ မြန်မာ့ခံယူချက်ကို သိနားလည်ရန် မြန်မာတို့နှင့် ထိတွေ့ရင်းနှီးမှု ရှိရမည်ဟု သူတို့ ခံယူထားကြသည်။

သို့တိုင်အောင် အင်္ဂလိပ် ကုန်သည်တို့သည် ကာလ်ကတ္တား ဥရောပတိုက်သားမျက်နှာဖြူများနှင့်သာ အပေါင်းအသင်း လုပ်သည်။ ဆက်ဆံသည်။ သို့ဖြစ်ရာ မြန်မာပြည်တွင် ဖြစ်ပျက်နေသည့် နိုင်ငံရေး ကိစ္စတို့ကို စေ့စေ့စပ်စပ် သိနားလည်မှု မရှိကြတော့ပေ။

အဆိုးဆုံးမှာ အင်္ဂလိပ် စစ်ဗိုလ်များ ဖြစ်သည်။ စစ်ဗိုလ် စစ်သားက လွဲလျှင် အသိသူ့ကိုမျှ အပေါင်းအသင်း မလုပ်ကြ။ သူတို့ အလုပ်ကိုမှသာသည်လည်း မြန်မာတို့နှင့် လုံးဝ မဆိုင်။ စစ်ရေးစစ်ရာသည် မြန်မာတို့ အမှုကိစ္စ မဟုတ်။ အင်္ဂလိပ် စစ်ဗိုလ်တစ်ယောက်အဖို့ မြန်မာပြည်တွင် သုံးနှစ်တိတိ နေစဉ်အတွင်း မြန်မာ တစ်ယောက်ယောက်နှင့် ဆက်ဆံပေါင်းသင်းမှု ရာထူးတိုးမည် ဟူသော သတင်းမှတ် ချက်မျိုးလည်း မရှိ။

သူတို့ အထဲတွင်လည်း ခြွင်းချက် ရှိသေးသည်။ မြန်မာပြည်တွင် နေရသည် ကာလမှာ တိုတောင်းသည်ဖြစ်ရာ ရှိန်သမျှ အချိန်အတွင်း စပ်စုသုတ ရှာမည်။ မြန်မာတို့နှင့် ပေါင်းသင်းဆက်ဆံမည်။ မြန်မာ့ဓလေ့ ထုံးစံတို့ကို သိရှားလည်း ကောင်း ကြိုးစားလေ့လာမည် ဟူသော စိတ်ဓာတ်မျိုး အချို့၌ ရှိကြသည်။ အချို့က မြန်မာပြည်တွင် အတွေ့အကြုံသစ်များ ရှာရှင်ကြသည်။

သို့သော် များသောအားဖြင့်ကား အင်္ဂလိပ်စစ်ဗိုလ်တို့သည် မြန်မာပြည် သားတို့နှင့် ကင်းကင်းနေချင်ကြသည်သာ များသည်။ စစ်ရေးပြကွင်းတွင် တစ်နေ ကုန် သင်တန်းပေးရသည်မှာ ပင်ပန်းသည်။ သင်တန်းပြတ်ပြီးနောက် ညနေပိုင်း တွင် ကလပ်၌ ကိုယ့်အမျိုးသား မဟုတ်သူများနှင့် ပေါင်းသင်း ဆက်ဆံရမည် ဆိုလျှင် သူတို့အဖို့ စိတ်ညစ်စရာ ကောင်းမည် အမှန်။

သို့ဖြစ်ရာ လက်တွေ့ဘဝတွင် အင်္ဂလိပ် ကုန်သည်ကြီးများနှင့် စစ်ဗိုလ် စစ်သားများသည် မြန်မာများနှင့် ကင်းကင်းရှင်းရှင်း နေလိုကြသည်။ ဤသည်မှာ နားလည်နိုင်သော လူ့သဘာဝ တစ်ခုပင် ဖြစ်သည်။ ဤသည်မှာ လူမျိုးတိုင်းတွင် ရှိတတ်သော ပျော့ကွက်တစ်ခု ဖြစ်သည်။ သို့သော်လည်း ထိုစိတ်ထားသည် နောင်အခါ လက်တွေ့တွင် စိတ်မချမ်းမြေ့ဖွယ်တို့နှင့် ကြုံရတတ်လေသည်။

ကိုယ့်အမျိုးကိုမှ ကိုယ်ချစ်တတ်သည်မှာ အင်္ဂလိပ်လူမျိုး တစ်မျိုးတည်း တွင်သာ ပိုင်ဆိုင်သည့် စိတ်ထားမျိုး မဟုတ်ပေ။ လူတိုင်းပင် ကိုယ့်ငါးချဉ်ကိုမှ ကိုယ်ချဉ်တတ်ကြသည်။ ဤသည်မှာ ဓမ္မတာသဘော အတိုင်းပင် ဖြစ်သည်။ လူမျိုးခြား ဆိုလျှင် မချစ်ခင် မနှစ်သက်။ မုန်းတီးသည်။

အရှေ့တိုင်းသားတို့သည် ဥရောပတိုက်သားတို့ကို ရွံ့ကြောက်စက်ဆုပ် ကြသည်။ ဆယ့်ရှစ်ရာစုအတွင်းက တရုတ်ပြည်သို့ လာရောက်လည်ပတ်ကြသည့် အနောက်တိုင်းသားတို့ကို တရုတ်တို့က "ကိုလူနီ" များဟု ခေါ်ကြသည်။ တရုတ် တို့ မျက်စိတွင် အနောက်တိုင်းသားတို့၏ အသားမှာ နီကြင်ကြင်ဖြစ်ပြီး အမွေး အမှင် ထူထဲသဖြင့် အော်ကလီဆန်ချင်စရာ ကောင်းသည်ဟု ထင်ကြသည်။

သို့တိုင်အောင် ရှင်းရှင်းနီးနီး ဆက်ဆံရှိ အခြေအနေ ပေးလာသည့်အခါ

အနောက်တိုင်းသားများတွင်လည်း စိတ်နှလုံးကောင်းသူများ ရှိပါကလားဟု နားလည်လာကြသည်။ ဥရောပတိုက်သားဆိုသည့် အရိုင်းအစိုင်း အမှားအကျင့်ရှိသည်ဟု ထင်ရသော်လည်း လူနှင့် တူပါကလားဟု ဆင်ခြင်မိကြသည်။

မည်သို့ဖြစ်စေ ရန်ကုန်မြို့တွင် ရှိနေကြသည့် အင်္ဂလိပ်ကုန်သည်များနှင့် အင်္ဂလိပ် စစ်ဗိုလ်၊ စစ်သားတို့သည် တိုင်းရင်းသား မြန်မာတို့နှင့် ပေါ်ပေါ်ထေထေ နေထိုင်ကြသည်။ မြန်မာဟူသည် အဆင့်အတန်း နိမ့်ကျသော လူမျိုးတစ်မျိုးသာ ဖြစ်သည်ဟု စွဲစွဲမြဲမြဲ ခံယူထားကြလေသည်။

လူမှုဆက်ဆံရေးနှင့် ပတ်သက်၍ ဘုရင်ခံ၏ သဘောထားအပေါ် အချို့က သုံးသပ်ပုံမှာ စိတ်ဝင်စားစရာ ကောင်းသည်။ ဘုရင်ခံ အိမ်တော်တွင် ပါတီပွဲများ ကျင်းပသည့်အခါ ရန်ကုန်ရှိ ကုလပ်သုံးခုမှ အသင်းသား အားလုံးကို ဖိတ်ကြားသည်။ ရာထူး၊ နေရာ၊ ဌာန၊ အလိုက် ညစာ စားပွဲ၊ နေ့လယ်စာ စားပွဲ၊ ဂါးဒင်းပါတီ၊ ဆော် ဥယျာဉ်ပွဲသို့ အင်္ဂလိပ်များ တက်ရောက်လာကြသည်။

သူတို့နည်းတူ မြန်မာ၊ အိန္ဒိယ၊ တရုတ် အမျိုးသား၊ အမျိုးသမီးတို့သည်လည်း ဘုရင်ခံ၏ ဖိတ်စာကိုကိုင်ကာ ညစာစားပွဲသို့ ရောက်လာကြသည်။ ထိုအခါ အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်သည် အရှေ့တိုင်းသားများ အကြားတွင် နေရာယူထားခြင်း ခံရသည်ကို ကြုံရသည်။ ထိုအခါ စားပွဲတွင် ယဉ်ကျေးမှုမှားမှုများကို လက်တွေ့ ကြုံကြိုက် ခံစားရပြီး သူ့ဘေးက မှတ်ချက်မှာ ပေါင်းရသင်းရ မဆိုး ပါလားဟု သဘောပေါက် နားလည်သွားသည်တို့လည်း ရှိသည်။

သို့တိုင်အောင် ဘုရင်ခံ၏ နမူနာကိုလိုက်၍ ပါတီပွဲကျင်းပရန် စိတ်ကူး မျိုးကား သူ့စိတ်ထဲတွင် မဖြစ်ပေါ်လာချေ။ အမှန်။ သူတို့က ဤသို့ ကောက်ချက် ချသည်။ ဘုရင်ခံသည် နိုင်ငံရေး ပရိယာယ်အရသာ အာရှပ်ရှပ်ခံ တိုင်းရင်းသား တို့အား အစိုးရအိမ်တော်သို့ ထမင်းစားပွဲ ဖိတ်ကြားကာ ဧည့်ခံခြင်း ဖြစ်သည်။ ဘုရင်ခံတွင် တခြားရွေးချယ်စရာ ဘာမျှ မရှိနိုင်ဟု အနိုင်အဓမ္မ ယူကြသည်။

အချို့ အင်္ဂလိပ် အရာရှိတို့သည် မြန်မာများနှင့် အခြား အရှေ့တိုင်းသား များကို မိမိတို့အိမ်သို့ ထမင်းစားဖိတ်ကာ ဧည့်ခံကြသည်ကို ကျွန်တော် တွေ့ရှိ သည်။ ထိုသူတို့သည် သတ္တိရှိကြသည်။ သို့သော်လည်း ဘုရင်ခံနည်းတူ လူမျိုး ပေါင်းစုံကို ရောနှော တွေ့ဆုံရအောင် ဖိတ်ကြားကာ မျက်နှာချင်းဆိုင် ပေးသည့် အထိကား မလုပ်နိုင်ကြသေး။ မိမိအိမ်သို့ ဖိတ်ကြားသည့် ဧည့်သည်များကို ရွေးချယ် ရသည့်လည်း သတိထားရသေးသည်။ စိတ်ကူးပေါက်ရာ ကျွေးမိလျှင် မိမိ၏ပွဲ ပျက်သွားနိုင်သည်။ တစ်ခါက အင်္ဂလိပ်တစ်ယောက်၏ အိမ်တွင် ကျင်းပ သည့် ဧည့်ခံပွဲတစ်ခု၌ ကျွန်တော် ကြုံရသည့် အဖြစ်တစ်ခုကို မှတ်မိပါသေးသည်။

ကျွန်တော် နိုးနေစဉ်မှာပင် အင်္ဂလိပ်စစ်သားလောင်းနှင့် စုတွဲသည့် အိမ်ထဲသို့ ဝင်လာသည်။ အမျိုးသမီးမှာ ချောမောလှပသူ ဖြစ်သည်။ အိမ်ထဲ ဝင်လိုက်သည်နှင့် ကြည့်ရှုပ်ထွေးနေသည့် သူ၏ ချစ်စရာ မျက်နှာအမူအရာသည် ချက်ချင်းပင် စိတ်ရှုပ်သွားသည့် အမူအရာသို့ ပြောင်းသွားသည်ကို ကျွန်တော် တွေ့လိုက်ရသည်။ သူ ပါးစပ်ကသည်း "မောင် ရှင် ... ဘယ်လိုလဲ ချောချော အဲဟိုက လူထူးလူဆန်းတွေဟာ ဘယ်က မုန့်လိပ်တွေလဲ ဟင်"ဟု မအောင့်နိုင်သည့် စကားတစ်ခွန်း ထွက်လာသည်။ ဘယ်အိမ်ရှင်မှ ထိုအဖြစ်မျိုး ဒုတိယအကြိမ် အဖြစ်မခံတော့မည်မှာ သေချာသည်။

## ၂။ အစေခံ ဘချစ်

ကန်တော်ကြီးဘက်မှ ရန်ကုန်မြို့ထဲသို့ လာသည့်အခါ စော်ဘွားရေးသား လမ်းဘက်မှ အမှုထမ်းများ နေထိုင်သည့် အဆောက်ကြီး တစ်ခုကို ဖြတ်သွားရသည်။ ယင်းအဆောက်မှာ အလံပြဘုရားလမ်း၌ တည်ရှိသည် (ယခု နိုင်ငံတော် ကာကွယ်ရေး ဌာနသို့လ် အဆောက်အအုံ)။ စော်ဘွားရေးသားလမ်းတက်သည် အင်္ဂလိပ်ကုန်သည်ကြီးများ၏ ကုမ္ပဏီကြီးတစ်ခု ဖြစ်သည်။ အမှုထမ်းများမှာ အင်္ဂလန်ပြည်မှ လူငယ်များ ဖြစ်ကြသည်။ သူတို့သည် မြန်မာပြည်တွင် ကြာကြာ နေထိုင်ဖူးသူများ မဟုတ်ကြပေ။ သူတို့ အလုပ်တိုက်မှာ ရန်ကုန်မြို့ထဲတွင် ရှိသည်။ မနက်တိုင်း ကိုးနာရီခန့်တွင် အလုပ်တိုက်တို့ သွားရသည်။ ညနေ ခြောက်နာရီ မထိုးမီ အဆောင်သို့ ပြန်ရောက်ကြသည်။ အမှုပိုင်းဒေသတွင် မနက် ကိုးနာရီမှ ညနေ ခြောက်နာရီအထိ ထမ်းဆောင်ရသည့် အလုပ်ချိန် နေ့တာမှာ အလွန်ရှည်လျားလှသည်။ သို့ဖြစ်ရာ အလုပ်ပြီးလျှင် မြို့ထဲရှိ ကလပ်များသို့ သွားကာ အပန်းဖြေကြသည်။ ညခုနစ်နာရီနှင့် ရှစ်နာရီခွဲအတွင်း ကလပ်၌ အချိန်ဖြုန်းသည်။ ထို့နောက် အဆောင်တွင် စုဝေးကာ ညစာ စားကြသည်။ စနေ ညနေခင်းတွင်မူ ဂေါက်သီး ကစားသူက ကစားပြီး တင်းနစ် ရိုက်သူက ရိုက်သည်။ ထို့နောက် ကျွင်မခါမှာ ကလပ်၌ ကချွဲတွင် ပါဝင် အပန်းဖြေကြသည်။

မြို့ကြီးပြကြီးတွင် ဤသို့ အပန်းဖြေရသည့် ဘဝသည် တောရပ်များ၌ နေထိုင် ဆက်ဆံရသည့် ဘဝနှင့် များစွာ ခြားနားလေသည်။ မြန်မာပြည်တွင် နေထိုင် အမှုထမ်းသည်မှာ နှစ်နှစ်ပင် ကြာမြင့်ခဲ့ကြလေသည်။ သူတို့မှာ အင်္ဂလန်ပြည်က လူငယ်များကဲ့ပင် မြန်မာပြည်နှင့် ကောင်းကောင်း မရင်းနှီးကြသေးပေ။ သူတို့ အလုပ်အထားနှင့် သူတို့ နေပုံထိုင်ပုံတို့မှာ အရှေ့တိုင်း ဒေသမြို့တွင် အင်္ဂလိပ် ပီသစွာ မနိုင်သေး နေရန် ကြိုးစားနေကြသည်နှင့် တူနေသည်။ အင်္ဂလိပ် တစ်ယောက်၏

ဘဝကို ပြည့်ပြည့်ဝဝ ရှုပ္ပနိုင်အောင် ကြိုးစားနေကြသည်နှင့် တူနေသည်။ အရှေ့တိုင်း ရေမြေက သူတို့ကို မပါးမရှိသွင်ကား တစ်နေ့တစ်ရာ နိုင်ငံမွယ် မရှိပါ။ သို့သော်လည်း အရှေ့တိုင်း ရေမြေနှင့် သဟာဇာတ မဖြစ်လျှင်မူ ထိတ်လန့်စရာ ဘဝပြဿနာတို့နှင့် ရင်ဆိုင်တတ်ရလေသည်။

မစ္စတာ ဟယ်သည် စတီးဘရားသား၏ အရာထမ်းတယ်တစ်ဦး ဖြစ်သည်။ ၁၉၂၉ နိုဝင်ဘာ ၄ တွင် သူသည် အလုပ်တိုက်မှ အဆောင်သို့ ပြန်လာသည်။ ညနေ ခြောက်နာရီ လေးဆယ့်ငါးမိနစ်တွင် ပြန်ရောက်သည်။ ထိုနေ့က တစ်နေကုန် အလုပ်လုပ်နေရသော်လည်း စိတ်က မကြောင်း။ လက်ကြယ်သီးတစ်ခု ပျောက်သွားသဖြင့် စိတ်ထဲတွင် ကသိကအောက် ဖြစ်နေသည်။ သူ့ အခန်း နံသည်ဟု ထင်သည်။ အခန်းမှာ သူ့ထဲတွင် တစ်နေ့ခန့် အလုပ်လုပ်နေသည့် ဘချစ်ဖြစ်သည်။ ဆောင်းတိုင်း အလုပ်ဝင်စကမှ ဘချစ်သည် ဖျတ်လတ်သည်။ သွက်လက် ဖျက်ချာသည်။ မင်ပေါသည်။ နိုင်းစေလို့ ကောင်းသည်။ သို့သော် နောက်ပိုင်းတွင် ကျိုးကျိုးနွံနွံ မရှိတော့ဘဲ လျော့ရဲ လျော့ရဲ ဖြစ်လာသည်။ မကောင်းနပ်စရာများ တွေ့လာရသည်။ ဟယ်၏ အဝတ်အစားများ မကြာခဏ ပျောက်သည့်ပြဿနာနှင့် ကြုံရသည်။ အကျီ တောင်းဘီ ပျောက်သည်။ ယခု လက်ကြယ်သီးတစ်ခု ပျောက်သွားသည်။ ဤလက်ကြယ်သီးမှာ ရှုစ်ခင့်ပြတ်နီးသူ တစ်ယောက်က ပေးသည့် အမှတ်တရ လက်ဆောင်ပစ္စည်း ဖြစ်သဖြင့် များစွာ တန်ဖိုးထားသည်။

ထိုနေ့ နံနက်မှာပင် ဘချစ်၏ အခန်းကို ရှာသည်။ အဆောင်ကြီးတွင် နိုင်းစေသည့် အစေခံတို့အတွက် ဆင်လှမ်းလှမ်း၌ တန်းလျားတစ်ခု ဆောက်ထားသည်။ ထိုတန်းလျား၌ ဘချစ် နေသည်။ ဟယ်သည် သူ့မိတ်ဆွေ မစ်ရှယ်နှင့် အိန္ဒိယလူမျိုး ဘဏ္ဍာစိုးဆမ်တို့ကို ခေါ်ကာ ဘချစ်အခန်းသို့ သွားပြီး သေတ္တာများကို မွှေနှောက်ရှာဖွေသည်။ သူတို့ ရှာသည်ကို ဘချစ်မှာ သူ့မိန်းမပါ ကြည့်နေကြသည်။ ဘချစ်မိန်းမမှာ သားငယ်ကို နို့တိုက်ရင်း စောင့်ကြည့်နေသည်။ အင်္ကျီ အဝတ်အစားများကို လည်းကောင်း၊ ကြယ်သီးများကို လည်းကောင်း မတွေ့ရပေ။ သို့သော်လည်း ဘချစ် သေတ္တာထဲတွင် အပေါင်လက်မှတ်များကို တွေ့ရသည်။ ဟယ်၏ အဝတ်အစားတို့ကို ပေါင်ထားသည့် လက်မှတ်များ ဖြစ်ဟန် တူသည်။ ထို့နောက် အခြားပစ္စည်း တစ်မျိုးကိုလည်း တွေ့ရသေးသည်။ ယင်းမှာ ခပ်မည်းမည်း ပျော့ပျော့ အတုံးခဲလေး တစ်ခုဖြစ်ပြီး ပေါ်ပီနံ့ သင်းနေသည်။

'ဒါက ဘာလဲ' သူတို့က ဆမ်ကို စူးစမ်းကြည့်သည်။

'ဘိန်း ခင်ဗျ'

သို့ဖြစ်ရာ ဘချစ် ဘိန်းရှုသည်မှာ သေချာသည်။ ဘိန်းဖိုး မရှိသဖြင့် ပစ္စည်းများကို ခိုးယူခြင်း ဖြစ်နိုင်သည်။ တရားဥပဒေအရ မြန်မာတို့ ဘိန်းရှုခွင့် မရှိသည်ကို ဟာယု နားလည်သည်။ သို့ဖြစ်ရာ သူ့တပည့် ဘချစ် ဘိန်းရှုနေသည်မှာ မကောင်း။ စိတ်ထဲမှာ မနှစ်မြို့စရာ ဖြစ်လာသည်။

ဟာယုက ဆမ်အား ဤသို့ မှာကြားသည်။

'ဆမ်.... ငါမှာ ရုံးချိန်နောက်ကျနေပြီ၊ ဒီအပေါင်လက်မှတ်တွေ ယူပြီး အပေါင်ဆိုင် လိုက်သွား၊ ငါ့ပစ္စည်း ဟုတ်သလား ကြည့်ခဲ့၊ ဟုတ်ရင် ရအောင် ရွေးယူခဲ့၊ ကြယ်သီးကိုရွေးကတော့ ပြန်လာမှ ပေးရမယ်၊ အလုပ်တိုက်က ငါ ပြန်လာတဲ့အခါ ဘချစ်ကို ငါ့အခန်း ခေါ်ခဲ့၊ ကြယ်သီးပျောက်တာလည်း သူ့ လက်ချက် ဖြစ်မှာပဲ၊ တစ်နေရာရာမှာ ဖွက်ထားရမယ်၊ မရ ရအောင် ပေးရမှာပဲ'

ဟာယုသည် တစ်နေကုန် အလုပ်လုပ်ပြီးနောက် အခန်းသို့ ပြန်လာသည်။ ရောက်လျှင် ရောက်ချင်း ဆမ်ကို အခေါ်လွှတ်လိုက်သည်။ ဆမ်သည် အင်္ကျီ ဆောင်းဘီများ ပွေ့ပိုက်ကာ အခန်းထဲ ဝင်လာသည်။ တစ်နေကုန် မြို့ထဲလည်ကာ အပေါင်ဆိုင်များမှ အထည်အဝတ်များ ရွေးယူလာခဲ့ခြင်း ဖြစ်သည်။ ဟာယုက ဖွင့်ကြည့်သည်တွင် သူ့ပစ္စည်းများ ဖြစ်နေသည်ကို တွေ့ရသည်။

'ကဲ ဘချစ်ကိုသာ သွားခေါ်ချည်၊ ငါ့ကြယ်သီးကိုတော့ တစ်နည်းနည်းနဲ့ ပြန်ရအောင် လုပ်ရမှာပဲ'

ဤအထိကား အဖြစ်အပျက်သည် ရိုးရှင်းသည်။ ဟာယုဘက်က ဆောင်ရွက်သည့် ပြဿနာကိုမှ အဝေမှာ နည်းလမ်းကျသည်။ မှန်ကန်နေမှာပေ နေသည်။ သို့သော်လည်း ယခု ပြောလိုက်သည့် "ဘချစ်ကို သွားခေါ်ချည်" ဟူသော အမိန့်သည် ရန်ကုန်တစ်မြို့လုံး လှုပ်လှုပ်ရွရွ ဖြစ်စေမည့် စေခိုင်းချက် တစ်ခု ဖြစ်လာမည် ဆိုခြင်းကိုမူ ဟာယုတစ်ယောက် မသိလိုက်။

ဆမ်သည် ဘချစ်အခန်းသို့ ဆင်းသွားကာ ခေါ်လာခဲ့သည်။ သူ့သခင်က ချက်ချင်း တွေ့ချင်သည်ဟု ဆိုသည်။ ဘချစ် လိုက်သွားသည်ကို သူ့မိန်းမ မကြွယ်က စောင့်ကြည့်နေသည်။ ဘချစ်မှာ သူ့သခင် ပစ္စည်းများကို ခိုးယူပေါင်နှံ သည်ကို မကြွယ် သိထားရာ သူ့လင်အတွက် စိုးရိမ်ပူပန်ဖြစ်ကာ နားစွင့်နေ သည်။ ချက်ချင်းပင် မကြွယ်သည် ကလေးကိုချီကာ အပေါ်ထပ်သို့ လိုက်လိုက် သွားပြီး သူတို့သခင်၏ အခန်းတံခါးဝ အပေါက်မှာ ကလေးနှင့် စောင့်နေ သည်။ ဟာယု၏အခန်းမှာ သုံးထပ်တွင် ရှိသည်။ မြေကြီးမှ မလှမ်းမကမ်း မြင့်သည်။ အခြား အစေခံများလည်း မကြွယ်နောက်သို့ လိုက်လာကာ စောင့်ကြည့်နေကြ သည်။

သူတို့တစ်သိုက်သည် မီးရောင်လင်းနေသော အခန်းဆီသို့ မော့ကြည့်ကာ ခဏတာမျှ စောင့်နေကြသည်။ ထိုညမှာ လမိုက်ရက် ဖြစ်ပြီး မှောင်မိုက်သည်။ အဆောင်ရှေ့က လမ်းပေါ်တွင် ကားများ မီးထိုးကာ ဥသြဆွဲ မြည်သွားနေကြသည်။ မီးရထား ဘူတာကြီး ဟိုဘက် မြို့လယ် ရုပ်ရှင်ရုံရပ်ကွက်မှ မီးရောင်များကို ရန်ကုန်မြို့ ကောင်းကင်ယံ၌ မြင်နေရသည်။

ခုနစ်နာရီ ခွဲလောက်တွင် သူ့ယောကျ်ား ဘချစ် ရှိရာ အခန်းဆီမှ ဆော်ဟစ်သံများ ကြားရသည်ဟု မကြွယ် ထင်မိသည်။

'ဟော အပေါ်မှာ ဘာဖြစ်နေသလဲ မသိဘူး။ ကိုဘချစ်ကို သူတို့ နှိပ်စက်ပြီး စစ်ဆေးနေတယ် ထင်တယ်' မကြွယ်က အဖော်များကို တိုင်တည်သည်။

သူ ထင်သည့်အတိုင်း မဟုတ်ဟု မည်သူမျှ မပြောနိုင်။ မကြွယ် စိုးရိမ်လာသည်။ ထိုအခန်းထဲတွင် သူ့ယောကျ်ား ရောက်နေသည်မှာ အတော်ကြာပြီ။

သို့နှင့် ထပ်မံ စောင့်ဆိုင်းရင်း နာရီထွက်ကြပြန်သည်။ ထိုအခါမှာပင် သူတို့သခင်၏ အခန်းဆီမှ ဆော်သံများကို အဆက်မပြတ် ကြားလာရသည်။ မကြွယ်မှာ မှုန်ရှုသွားပြီး-

'ကျွန်မယောကျ်ားကို သူ့သခင်က နှိပ်စက်နေပါတယ်။ ကိုဘချစ် သေပါတော့မယ်၊ သူ့သခင် သတ်လို့ ကိုဘချစ် သေတော့မယ်'ဟု အသံကုန် ဟစ်ကြွေးလေသည်။

ယခုမှ သူ့ယောကျ်ား၏ အသံကို သဲသဲကွဲကွဲ ကြားရသည်။ ကိုဘချစ်ကလည်း မကြွယ် ကြားလောက်အောင် ဆော်ဟစ်နေလေရော့သလား။

မကြွယ်အနားတွင် ပရိသတ် များပြားလာသည်။ ထိုအခါမှာပင် ည ဒရဝမ် အိန္ဒိယအမျိုးသား ရောက်လာသည်။

'သခင်က လွှတ်လိုက်လို့ လာပြောတာ၊ ခင်ဗျားတို့ ဒီမှာ ဆူညံဆော်ဟစ် မနေကြနဲ့၊ ကိုယ့်အိမ် ကိုယ်ပြန်ကြ' ဒရဝမ်သည် စိတ်ဆိုးမာန်ဆိုးနှင့် ကြိမ်းမောင်းသည်။

မကြွယ်သည် ကိုယ်ရှိန်သတ်ကာ မလှမ်းမကမ်းသို့ ဆုတ်သွားသည်။ ဒရဝမ် ထွက်သွားလျှင် ယခင် နေရာသို့ပင် ပြန်ရောက်လာပြီး စောင့်ကြည့်နေသည်။ အချိန်မှာ ညရှစ်နာရီ ကျော်နေပြီ။ အပေါ်ထပ်သို့ တက်လိုက်သွားပြီး ဘာဖြစ်နေသလဲ နားစွင့်ရမည်လား။ သည်လိုလည်း မသွားရဲ။ အစေခံများကို အဆောင်ပေါ် တက်ခွင့်မပြုသည်ကိုမှ သတိရသည်။

ထို့နောက် တိတ်လန့်ဖွယ်ရာ အဖြစ်ဆိုးနှင့် ရုတ်တရက် ကြုံလိုက်ရသည်။ ပြတင်းပေါက်ဆီမှ လူတစ်ယောက် ဒုန်းခနဲ ကျလာသည်။

အားလုံး မြူပြင်မှာမှာ ကြည့်ကြသည်။ သူတို့ မြေပြင်တွင် ဘချစ်တစ်ယောက် ပက်လက်ကလေး လဲလျောင်းနေသည်။ မကြွယ်လည်း အထိတ်တလန့် ဖြစ်ကာ ရူးရူးဝါးဝါး အော်ဟစ်ပြီး ဘချစ်ကို ပွေ့ပှုလိုက်သည်။ သူ့ယောက်ျားကို အတန်တန် အော်ခေါ်သည်။ သို့သော် ပြန်မထူး။ ဘချစ်တစ်ယောက် စကားပင် မပြောတော့ပြီ။

ခဏကြာလျှင် ဟာယုနှင့် မစ်ရှယ်တို့ နှစ်ယောက် အဆောင်ထောက်မှ ချက်ချင်း ရောက်လာသည်။ ဘချစ်ဆီ သွားကာ ကုန်းပြီး ကြည့်ကြသည်။ 'ကားတစ်စီး မြန်မြန်ခေါ်လာခဲ့၊ ဆေးရုံကို မြန်မြန် ပို့ရမယ်' ဟု သူတို့က ဆိုသည်။

သူတို့မိတ်ဆွေ အခမ်ဆန်သည် ချက်ချင်းပင် ကားတစ်စီး မောင်းပြီး ရောက်လာသည်။ အသက်ငင်နေသည့် ဘချစ်ကို ပွေ့ပှုကာ ကားပေါ်သို့ တင်သည်။ ထို့နောက် ဟာယု၊ မစ်ရှယ်နှင့် မကြွယ်တို့ ကားပေါ် တက်ပြီး မောင်းထွက်လာသည်။ မကြွယ်သည် တစ်လမ်းလုံး ငိုပြီး လိုက်လာသည်။ ဆေးရုံမရောက်ခင် မြန်မာစကား နားလည်သည့် အခမ်ဆန်ကို ဤသို့ ပြောသည်။ 'ကိုဘချစ် တကယ် ခိုးတယ် ဆိုရင်တော့ ဆုံးမတာပေါ့၊ အပြစ်ပေးတာပေါ့၊ ဒါပေမဲ့ အခုလောက်ထိ သေလုမျောပါးဖြစ်အောင် နှိပ်နှက်တယ် ဆိုတာကတော့ လွန်လွန်းပါတယ်'

အခမ်ဆန်ကမူ မကြွယ်၏ စကား အဓိပ္ပာယ်ကို ထပ်ပြီး အမှုင်မဲ့ မနိုင်တော့။

ဆေးရုံကြီး ရောက်လျှင် ဘချစ်ကို ဆရာဝန်လက်သို့ အပ်လိုက်သည်။ ထိုညမှာပင် ဘချစ်သည် သတိပြန်လည်မလာတော့ဘဲ သေဆုံးသွားသည်။

ဆေးရုံကြီးမှ အပြန်တွင် ဟာယုသည် ဂါတ်တဲသို့ ဝင်ကာ ပုလိပ်ထံ တိုင်ချက်ဖွင့်သည်။ "ကျွန်တော့် ပစ္စည်းတွေ ပျောက်သွားလို့ ဘချစ် ယူသလားလို့ သူ့ကို ခေါ်မေးတယ်၊ အဲဒီလို မေးနေတုန်း ပြတင်းပေါက်က ခုန်ချ ခုန်ချ လိုက်တယ်" ဤသည်မှာ ဟာယု၏ တိုင်ချက် ဖြစ်သည်။ မကြွယ်သည် ဂါတ်တဲသို့ မဆင်းဘဲ ကားပေါ်မှာ ထိုင်နေရစ်ခဲ့သည်။ ဆေးရုံတုန်းကလည်း အထဲသို့ မလိုက်။ ထို့အတူ ဂါတ်တဲ ရောက်တော့လည်း မဝင်။ အဆောင်သို့ ပြန်ရောက်သည့်အခါ ည ကိုးနာရီခွဲနေပြီ။ ဟာယုသည်လည်း ညစာ မစားတော့။ စိတ်လှုပ်ရှားနေသည်။ မောပန်းလာသည်။ စိတ်မော လူမော ဖြစ်လာသည်။ ကားပေါ်က ဆင်းလျှင် မကြွယ်သည် သူ့ မကျေနပ်ချက်ကို ရင်ဖွင့်တော့သည်။ စောစောကမူ အခမ်ဆန်အား စကားစ ပြောထားခဲ့ပြီး ဖြစ်သည်။

မကြွယ်သည် ဒေါသထွက်ကာ တဆတ်ဆတ် တုန်လာသည်။ မြန်မာ မိန်းမတို့၏ ဒေါသစိတ်ကို ထင်ရှားပေါ်လွင်အောင် ပြသည်။ 'ကျွန်မ ဒီက ထွက်မယ်၊ ဒါပေမဲ့ မထွက်ခင် ကျွန်မယောကျ်ား လခကို လိုချင်တယ်'

ထိုနေ့မှာ နိုဝင်ဘာ ၄ ဖြစ်သည်။ ဘချစ်၏ အောက်တိုဘာ လခကို မပေးရသေး။ မကြွယ်၏ တောင်းဆိုချက်ကို အနှောင့်အယှက်ပေးလိုက်ကာ ဟာယုအား ဘာသာပြန်ပြသည်။ သို့သော် ဟာယုမှာ မကြွယ် အလိုသို့ မလိုက်နိုင်။ သူ့အစေခံ ဘချစ်သည် လူဆိုး ဖြစ်သည်။ သူ့အင်္ကျီ၊ ဘောင်းဘီနှင့် ကြယ်သီးတို့ကို ခိုးယူ ပေါင်နှံသည်။ ဘချစ် သေသွားပြီ။ ဘချစ် အသက်ရှင်နေလျှင် သူ့လခကို ပေးစရာ အကြောင်း မရှိ။ လက်ကြယ်သီးသည် ဘချစ် လခထက် အဖိုးတန်သည်။ သို့ဖြစ်ရာ မကြွယ်ဘက်က သူ့ယောကျ်ား လခကို မျှော်လင့်စရာ အကြောင်းမမြင်။ မပေး နိုင်ဟု ဟာယုက ပြတ်ပြတ်ဆိုသည်။ မကြွယ်မှာ စိတ်ဆိုး၊ ဒေါသထွက်နေသည်။ သူ့ယောကျ်ား အကျင့်ပျက်ကာ သူခိုး ဖြစ်သွားသည်။ ဘိန်းရှူသည်။ ယခု သူ့ကိုယ်သူ သတ်သေသည်။ ယင်းတို့ကို မကြွယ် မဆင်ခြင်မိဘူးလော။

'ဟော ပြောလိုက်၊ ငါဘက်က တစ်ပြားမှ မပေးနိုင်ဘူး' ဟာယု၏ စကားကို မကြွယ် သိလျှင် တော့မှ တွေဝေ အံ့ဩသွားသည်။ ပြီးမှ 'ကောင်းပြီလေ၊ မပေးချင်လည်း နေပေါ့'ဟု အော်ပြောကာ ထွက်သွားသည်။

## ၃။ ဘုရင်ခံက တရားစွဲခိုင်းခြင်း

နောက်တစ်နေ့တွင် ယောကျ်ားသေပြီဖြစ်ကြောင်း သိလျှင် မကြွယ်သည် ဂါတ်တဲ သို့ သွားရောက်ပြီး တိုင်ချက်ဖွင့်သည်။ 'ကျွန်မ တိုင်ချက်ဖွင့်ချင်လို့ပါ၊ ကျွန်မတို့ သခင်က ကျွန်မ ယောကျ်ားကို သူ့အခန်းလာဖို့ အခေါ်လွှတ်ပါတယ်၊ သခင့် အခန်းထဲမှာ တစ်နာရီလောက် ကြာပါတယ်၊ သူ့ကို ရိုက်နှက်လို့ အော်ဟစ်တဲ့ အသံတွေကို ပြင်ဘက်က ကျွန်မ ကြားနေရပါတယ်၊ နောက်တော့ ပြတင်းပေါက် ကနေ သူ့တစ်ကိုယ်လုံး ဝုန်းခနဲ ကျလာပါတယ်၊ အဲဒီအခန်းထဲမှာ ဘာဖြစ်တယ် ဆိုတာ ပုလိပ်က စုံစမ်းအရေးယူပေးဖို့ တိုင်တန်းချင်ပါတယ်၊ အဲဒီ အခန်းထဲမှာပဲ ကျွန်မယောကျ်ားကို မသေ သေအောင် သတ်ပစ်ကြတာပါ'

မြန်မာဒုရဲအုပ်သည် မကြွယ်၏ တိုင်ချက်ကို ရေးမှတ်ယူသည်။ ပြီးမှ 'ဒါပေမဲ့ ခင်ဗျားတို့ သခင်ကလည်း တိုင်ချက်ဖွင့်သွားတယ်နော်၊ ဘချစ်ကို သူ့ပစ္စည်း ယူသလားလို့ စစ်ဆေးနေတုန်း ပြတင်းပေါက်က နေပြီး ဘချစ် ခုန်ချတယ်လို့ ဆိုထားတယ်'ဟု မကြွယ်ကို ပြန်ပြောသည်။

"ဒါပေမဲ့ ဘာဖြစ်လို့ သူ့ကို သတ်ရမှာလဲ၊ နိုးမှ ဆိုတာ အမှုကြီးမှ မဟုတ်တာ၊ အခန်းထဲမှာ ကိုဘချစ်ကို တစ်ခုခု လုပ်တာတော့ အမှန်ပဲ"

"ကျွန်တော်တို့ စုံစမ်းမယ်လေ" ပုလိပ်က မောင်မကျ ပြောတာ မကြွယ်ကို ပြန်ထွက်လိုက်သည်။

ဂါတ်တဲမှ ပြန်ထွက်လာလျှင် မကြွယ်၏ စိတ်ထဲတွင် တသုံးသုံး ဖြစ်လာသည်။ သူ့ယောကျ်ား သေဆုံးမှုကို ပုလိပ်က အရေးမယူဘဲ ဒီအတိုင်း ကြည့်နေလိမ့်မည်ဟု ထင်လာသည်။ ဟယ္ယသည် မျက်နှာဖြူ ဖြစ်သည်။ အုပ်ချုပ်နေသော အစိုးရကလည်း မျက်နှာဖြူအစိုးရ ဖြစ်သည်။ သူ့ဘက်က ဘယ်သူ့အားကိုးရမှာလဲ။ ပိုက်ဆံတစ်ပြားမှ မရှိသည့် ဆင်းရဲသား၊ ပိုက်ဆံတစ်ပြားမှ မရှိသည့် မျက်နှာငယ် မိန်းမသား၊ သို့ဖြစ်ရာ အမှုစစ်တော့ရော မှန်မှန်ကန်ကန် ဖြစ်နိုင်ပါ့မလား။ မျက်နှာဖြူချင်း ပင်းမှာပေါ့။ ဟယ္ယ စကားသည်သာ အောင်ရမည် မဟုတ်လား။ ဟယ္ယက ဘချစ်သည် သူ့ကိုယ်သူ သတ်သေပါသည် ဟု တိုင်ချက်ဖွင့်ထားသည် မဟုတ်လား။

ထုံးစံအတိုင်းဆိုလျှင် သေသူ ဘချစ်၏အလောင်းကို အရာရှိတစ်ယောက်ယောက်က ကြည့်ရှုစစ်ဆေးရသည်။ ယခုလည်း ဘချစ်၏ အလောင်းကို ကျွန်တော်လက်အောက်ခံ တရားသူကြီး တစ်ဦးက ကြည့်ရှုစစ်ဆေးသည်။ တရားသူကြီးသည် သူ့အား ပေးအပ်ထားသည့် အခွင့်အာဏာကို အသုံးပြုကာ သင့်တင့်သည့် သက်သေများကို ခေါ်ပြီး အလောင်းကို စစ်ဆေးသည်။ ထို့နောက် ဘချစ်သည် သူ့ကိုယ်သူ အဆုံးစီရင်သွားခြင်း ဖြစ်သည်ဟု မှတ်ချက်ပေးသည်။ မိမိကိုယ်မိမိ အဆုံးစီရင်ရသည့် အကြောင်းဆက်တို့ကိုမူ သူ့ဘက်က ရှာဖွေ မနေတော့။ သက်သေ သက္ခာတို့က ကိုယ့်ကိုယ်ကိုယ် သတ်သေသူ ဖြစ်ကြောင်း ထောက်ခံလျှင် ယင်းအတိုင်း အဆုံးအဖြတ် ပေးရန်သာ ရှိသည်။

နောက်ရက်များတွင် ဘချစ် သေသည့် သတင်းစကားသည် မြန်မာများ အကြားသို့ ပျံ့နှံ့သွားသည်။ သူ့ယောကျ်ားကို ဟယ္ယ သတ်ပါသည်ဟု မကြွယ်က တိုင်ချက် ဖွင့်ထားကြောင်းကိုလည်း တီးတိုးပြောကြသည်။ တစ်ခါန် ဖြစ်ပျက်ပုံ အလုံးစုံကို ဤသို့ ပြောကြသည်။ "ဟယ္ယသည် ဘချစ်ကို သေလုမျှပါး ဖြစ်အောင် ရိုက်နှက်သည်။ စကားမေး မရတော့ဘဲ သေတော့မည့် အဖြစ်ကို သိသည်တွင် ဘချစ်၏ အလောင်းကို ရေ့ကား ပြတင်းမှ ပစ်ချလိုက်သည်။ သို့မှသာ သူ့အခန်းထဲတွင် သေသူအလောင်း မကျန်ရစ်မည် ဖြစ်သည်။" ဤသို့ဖြင့် သတင်းစကားသည် ကားရှင်တိုင်း ကား၊ ခုံ့ရှင်တိုင်း ခုံ့ကာ ပြောဆိုရင်း ရန်ကုန်နယ်နိမိတ်ကိုပင် ကျော်လွန် ပျံ့နှံ့သွားသည်။ ထိုသတင်းသည် နိုင်ငံရေးသမား

များ၊ နိုင်ငံရေး အသင်းအဖွဲ့ များဆီသို့ ရောက်သွားသည်။ သူတို့က အနီးရာကို သံသယမျက်စိဖြင့် ကြည့်လာကြသည်။ အနီးရာက သူ့ဘက်ပိုင်း ကြည့်နေသည်ဟု စွပ်စွဲကြသည်။ အင်္ဂလိပ်အစိုးရသည် ဥပဒေနှစ်မျိုး ကျင့်သုံးသည်။ မျက်နှာဖြူတွေ အတွက် ဥပဒေတစ်မျိုး ကျင့်သုံးပြီး၊ တိုင်းရင်းသားတွေအတွက် ဥပဒေနောက်တစ်မျိုး ကျင့်သုံးသည်။ ပုလိပ်ကို အမှုဝင်နိုင်းသည်။ စေတီဘုရားသကဲ့သို့ အရေးပါသည့် ဗြိတိသျှ ကုမ္ပဏီကြီးတစ်ခု၏ အမှုထမ်းတစ်ယောက်ကို ဘယ်အင်္ဂလိပ် ၊ နီးရာက တရားစွဲလိမ့်မည်လဲ။ ဤသည်မှာ နိုင်ငံရေး အသင်းအဖွဲ့တို့၏ ထိုးနှက်ချက် ဖြစ်သည်။

ထိုသတင်းစကားတို့ ပျံ့နှံ့လာသည်တွင် အနီးရာ နာမည်ပျက်လာသည်။ ကော်ဆုပ် ရွံရှာစရာ ဖြစ်လာသည်။ ဥပဒေပြု မင်းတိုင်ပင် အမတ်တို့ကလည်း လာမည့် လွှတ်တော်တွင် ထိုကိစ္စနှင့် ပတ်သက်၍ မေးခွန်းများ မေးမြန်းရန် စီစဉ်နေကြပြီ။ သို့ဖြစ်ရာ အလောင်းစစ်ဆေးသူ အရာရှိ၏ အဆုံးအဖြတ်ကို အတည်ယူရမှာလား၊ အာဏာပိုင်တို့၏ အလိုကို မလွန်ဆန်နိုင်သည့် လက်အောက်ခံ အရာရှိငယ် တစ်ဦး၏ အဆုံးအဖြတ်ကို လေးစားရန် အကြောင်းမရှိဟူသော သဘောထားတစ်မျိုး ဖြစ်လာသည်။ တီးတိုးစကား ဆိုလာကြသည်။

ထိုအတောအတွင်းမှာပင် ပုလိပ်ကလည်း အမှုနှင့် ပတ်သက်၍ ထုံးစံအတိုင်း နှုတ်စစ်ဆေးမှုများ ပြုလုပ်သည်။ ရုန်ငံသူ၏ သက်သေများကို စစ်ဆေးသည်။ သို့သော် ဟယ့်မှာအား မည်သည့် ပုဒ်မဖြင့် စွဲချက်တင်ရမည် မသိ ဖြစ်နေသည်။ အကျပ် ရိုက်နေသည်။ ပြည် တင်းလျှင် မင်း မခံနိုင် ဆိုတာမျိုး ဖြစ်လာသည်။ ပြည်သူတွေအကြား အနီးရ ဆန့်ကျင်ရေးစကားတွေ ပျံ့နှံ့နေသည်တွင် ပုလိပ်မင်းကြီးသည် ဤအမှု၏ အရေးကြီးပုံကို သတိရမိကာ အနီးရာ၏ ဖြစ်ပျက်နေသမျှ သတင်းနှင့်ကို ရေးသားပြီး အထူး အစီရင်ခံစာတစ်စောင် တင်လိုက်သည်။

နောက်ဆုံးတွင် အမှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဘုရင်ခံဆာ ဗျား အင်းနစ်က ဖတ်ရှုပြီး အမှု၏ အတိမ်အနက်ကို နားလည်လာကာ ဟယ့်မှာအား စစ်ဆေးရန် လိုအပ်သည်ကို သဘောပေါက်လာသည်။ ဟယ့်ကို မစစ်ဆေးလျှင် မကျေနပ်မှုများ ပွားများသည်ထက် ပွားများလာမည်။ ဟယ့်ကို တရားရုံးတွင် စစ်မည်။ မေးမြန်းစရာ ရှိသည်တို့ကို မေးမြန်းမည်။ သက်သေတို့ကို စစ်မည်။ ဟယ့်တွင် အပြစ်မရှိလျှင် တရားသူကြီးက အကြောင်းနှင့် ရှင်းပြကာ အပြစ်မရှိကြောင်း အဆုံးအဖြတ် ပေးပြီးလျှင် လူသိရှင်ကြား လွှတ်ပေးလိုက်မည်။ ထိုအခါ မကျေနပ်မှုများလည်း ငြိမ်းအေးသွားမည်။

သို့သော်လည်း ဘယ် ပုဒ်မနှင့် ဟာယုကို စွဲချက်တင်မှာလဲ။ သို့ဖြစ်ရာ ဘုရင်ခံသည် တရားရေးဌာန အတွင်းဝန်နှင့် ဆေါင်းချင်းရိုက်သည်။ တိုင်ပင်သည်။ ပုဒ်မ ရှာသည်။ နောက်ဆုံးတွင် ပုဒ်မ ၃၃၀ ကို သွားတွေ့သည်။ ပုဒ်မ ၃၃၀ က ဤသို့ ဖွင့်ဆိုသည်။ "တစ်စုံတစ်ယောက်သည် အခြားပုဂ္ဂိုလ်တစ်ယောက်အား အကြောင်းတစ်ခုခုကို ဖွင့်ဟ ဝန်ခံစေလိုသော ဆန္ဒဖြင့် ညှဉ်းပန်းနှိပ်စက် အနာတရ ဖြစ်စေလျှင် လည်းကောင်း၊ ပစ္စည်းတစ်စုံတစ်ခုကို ထိုသူ့ထံမှ ရယူလိုသဖြင့် ထိုသူအား ညှဉ်းပန်းနှိပ်စက် အနာတရ ဖြစ်စေလျှင် လည်းကောင်း ညှဉ်းပန်းနှိပ်စက်သူကို ပြစ်ဒဏ်ပေးနိုင်သည်။"

ဟာယုသည် ပျောက်ဆုံးသွားသည့် သူ့လက်ကြယ်သီးကို ဘချစ်ထံမှ ပြန်လိုချင်သည်။ ထို့ကြောင့် ဘချစ်ကို နှိပ်စက်ကာ ပစ္စည်းပြန်တောင်းကြောင်း၊ အမေးနိုင်းကြောင်း၊ အထောက်အထား အချို့အဝက် ရှိသည်။ ပုဒ်မ ၃၃၀ သည် တရားခံအား ပုလိပ်က ညှဉ်းပန်းနှိပ်စက်ပြီး အမှုဖော်မနိုင်းစေသော အဟန့်အတား ဖြစ်သည့်ပုဒ်မ ဖြစ်သည်။ သို့သော်လည်း ယခုအမှုတွင် ထိုပုဒ်မသည် မည်သို့ သက်ဆိုင်လာသည် မသိ။ ဤသို့ဖြင့် ဘုရင်ခံ ဆာဗျားအင်းနစ်၏ စေခိုင်းချက်အရ တရားရေးဌာန အတွင်းဝန်သည် ပုလိပ်မင်းကြီးထံသို့ လူကိုယ်တိုင် သွားရောက်ကာ ပုဒ်မ ၃၃၀ ဖြင့် ဟာယုကို တရားစွဲရမည်ဖြစ်ကြောင်း ပြောဆိုအကြံပေးသည်။

ဘချစ် သေဆုံးပြီးနောက် သုံးပတ်အကြာ နိုဝင်ဘာ ၂၅ တွင် ဟာယုကို ပုလိပ်က ဖမ်းသည်။ ကျွန်တော့်ရုံးသို့ တင်သည်။ ကျွန်တော်က ဟာယုအား အာမခံ ပေးလိုက်သည်။ ထို့နောက် တစ်တိုင်းပြည်လုံး စိတ်ဝင်စားကြသည့် ဤအမှုကို စစ်ဆေးရန် စီစဉ်ရပေသည်။ ၁၉၃၀ တွင်မူ တိုင်းပြည်အနေအထား၊ နိုင်ငံရေး ရာသီဥတု အခြေအနေအရ ဤအမှုသည် လူသိများပြီး အရေးပါသည့် အမှုတစ်ခု ဖြစ်လာသည်။

ဘုရင်ခံဆာဗျားအင်း၏ အတွက်အချက် မှန်သည်။ ထိုအမှု ရုံးတင် စစ်ဆေးရာမှ မြန်မာပြည်အနှံ့ အကျိုးအမြတ် ရလိုက်သည်။ သို့သော်လည်း အမှုနှင့် တိုက်ရိုက် ပတ်သက်နေသည့် လူပုဂ္ဂိုလ်နှစ်ယောက်မှာမူ စိတ်ချမ်းသာ ဖြစ်ကြ ရသည်။ တစ်ယောက်မှာ ဟာယုဖြစ်ပြီး ကျန်တစ်ယောက်မှာ ကျွန်တော်ကိုယ်တိုင် ပင် ဖြစ်သည်။ အင်္ဂလိပ် မှန်တီးမှုးစိတ်မာတီး၊ အင်္ဂလိပ် ဆန့်ကျင်ရေးစိတ်ဓာတ် သည် ဟာယုဆီသို့ ပြောင်း လှည့်သည်။ ဟာယုက စားစားခံပင် ဖြစ်သည်။ ငေါက်က ခံကာခံရသည်။ ကျွန်တော့်မှာ ထိုအမှုကို စစ်ဆေးရသည့် တရားသူကြီး ဖြစ်နေရာ စီရင်ချက် ချရသည့်နေ့ရက်တွင် အတိမ်းအစောင်း မခံနိုင်ဘဲ မှန်မှန်ကန်ကန်ဖြစ်ဖို့ မနည်းပင် အားထုတ်ရသည်။ အင်္ဂလိပ် အသိုင်းအဝန်းကရော မြန်မာလူထုကပါ

ကျွန်တော့်ကို အာရုံစိုက်နေကြသည်။ ကျွန်တော့် အဆုံးအဖြတ်ကို စောင့်ကြည့်နေကြသည်။ မကျိုးမှမ်းလျှင် ရှိမနေတော့၊ အကြံရ လွတ်အောင် မနည်းပင် အားထုတ်ရသည်။ သို့ကြားလည်း မေးခွန်းမှာ မလွတ်။ သို့ဖြစ်ရာ ကျွန်တော့်စိတ်မှာ များစွာ ပင်ပန်းနေလသည်။

## ၄။ အမှုစစ်ဆေးခြင်း

အမှုရက်ချိန်းကို နိုဝင်ဘာ ၁၉ သို့ ပေးထားသည်။ ထိုနေ့တွင် ဆယ်နာရီ၌ အိမ်က ထွက်ခဲ့သည်။ ဟယ့ နေသော အဆောင်များ၊ ရောက်လျှင် ဘဏ္ဍစ် ရုန်ရှုံသည် ဆိုသည့် ပြတင်းပေါက်ကို ငုံခေါင်းကြည့်မိသေးသည်။

ကျွန်တော့်ရုံးတိုင်သည့် ခရိုင်တရားသူကြီးရုံးမှာ ယာယီအဆောက်အအုံ မျှသာ ဖြစ်သည်။ ရုံးသစ်ကြီးသည် ရန်ကုန်မြစ်ကို မျက်နှာမူသည့် ကမ်းနားလမ်း တွင် ဆောက်လုပ်နေဆဲ ဖြစ်သည်။ ယခုရုံးမှာ ယာယီရုံးဖြစ်ရာ တကယ် တရား စစ်သည့် ရုံးနှင့် မတူ။ ဤ အဆောက်အအုံကို ဖော်တော်ကား ကုမ္ပဏီတစ်ခုက ပြခန်းအဖြစ် အသုံးပြုခဲ့ရာ အောက်ထပ်မှနေ၍သည့် လမ်းမတောက လူသွားစင်္ကြံ ကို မျက်နှာစာ ပြုထားသည်။ ထို မျက်နှာစာကိုမှ တိုးလျှိုပေါက် မြင်ရသည့် မှန်များဖြင့် ကာထားသည်။ ကျွန်တော့် အခန်းမှာ အပေါ်ထပ်တွင် ရှိသည်။ အောက် မြေကွက်လပ်လေးတွင် ကားရပ်ကာ ဆောင်ခါးပေါက်မှ အပေါ် ထပ်သို့ တက်ရသည်။ ထိုနေ့ မနက်ကလည်း ခါတိုင်းလိုပင် ကိုယ့်အခန်း ရှိရာသို့ လာခဲ့သည်။ ရှာပရာစီက ဆလင်း ပေးကာ အမှုတွဲများ ယူပြီး နောက်က လိုက်လာသည်။

ကျွန်တော့်အခန်းမှ အောက်ဘက်သို့ လှမ်းကြည့်လိုက်လျှင် ဖော်ဇီမှာရိ လမ်း (ဒိုလ်ချုပ်လမ်း)ကို တစ်လျှောက်တစ်ခေါ်ကြီး မြင်ရသည်။ မီးရထား ရုံး ဝင်းတံခါးကြီး ကိုလည်း မြင်ရသည်။ ကျွန်တော့်ကို တွေ့ရန် လူသုံးလေးဦး စောင့် နေကြသည်။ သူတို့က်နှုတ်ကို မြန်မြန် ဖြေရှင်းပေးလိုက်သည်။ ဆယ့်တစ်နာရီတွင် အမှုလိုက် မြန်မာစာရေးလေးက ဟယ့ အမှုအတွက် တရားလို၊ တရားခံ စုံညီညီ ရောက်နေကြပါပြီ ဟု အစီရင်ခံသည်။ အမှုတွဲကို ကိုင်ကာ အောက်ထပ်သို့ ဆင်းလာခဲ့ပြီး ရုံးခန်းသို့ ဝင်သည်။ ပြီးတော့ ရုံးထိုင်သည်။

ထို့နောက် အစိုးရရှေ့နေ ဦးကျော်ညိုအား ဟယ့အမှုကို စစ်ရန် တောင် ဆောက်ရှက်ဖို့ ပြောသည်။ စိတ်ကူးစဉ်မှာပင် မြန်မာ့သတင်းလုပ်ငန်းရှ တစ်ဦးဖြစ်သည့် ဦးဖေါ်ထွန်း (နောင်အခါ နန်းရင်းဝန်ဖြစ်လာသူ ဆာဖေါ်ထွန်း)က ထိုင်ရာမှ ထပြီး ရုံးမင်းဖြစ်သည့် ကျွန်တော့်ထံ ဤသို့ လျှောက်ထားလေသည်။

'ဝုံမင်း ခင်ဗျား၊ ကျွန်တော်အမှုသည် မကြွယ်ရဲ့ ညွှန်ကြားချက်အရ ကွယ်လွန်သူ သူ့ဇနီး ခင်မှုန်း၊ ဘချစ်ကို မစ္စတာဟာယာနဲ့ မစ္စတာ မစ်ချယ်တို့က သက်တဲ့အတွက် လူသတ်မှုအဖြစ် စွဲချက်တင်ခွင့်ပြုပါ ခင်ဗျား'

ဤသို့ ပြောကာ လက်နှိပ်စက်ရိုက်ပြီး ရုံးတံဆိပ် ခတ်ထားသော စွဲချက်ကို ကျွန်တော်အား တင်သွင်းသည်။

ထိုစွဲချက်ကို ကြားလျှင် မမျှော်လင့်ဘဲ အင်္ဂလိပ် ဝရုံသလို ဖြစ်သွားကာ တစ်ရုံးလုံး ငြိမ်ကျသွားသည်။ ဟာယာသည် သူ့ကို စွဲချက်တင်မည့် အနီးရှိ မဂျစ်ကိုသာ စောင့်မျှော်နေဟန် တူသည်။ တင်မည့် စွဲချက်မှာလည်း ဖြစ်မှုငယ်သည့် ပုဒ်မဖြင့် တင်မည်ဟုသာ မျှော်လင့်ထားခဲ့သည်။ ယခုလို တရားလိုဘက်က လူသတ်မှုဖြင့် သူ့ကို စွဲချက်တင်သည်ကို ကြားရသည့်အခါ အနည်းငယ် တုန်လှုပ်သွားသည်။ ဟာယာသည် သူ့ရှေ့နေ မစ္စတာ ဒါဝတ်နှင့် မျက်ချင်းလိုက်ပင် တိုင်ပင် ဆွေးနွေးသည်။ မစ္စတာ ဒါဝတ်မှာ ၁၉၂၀ တွင် မော်လမြိုင်မြို့၌ စက်ရှင်တရားသူကြီးအဖြစ် အမှုထမ်းဖူးသည်။ ထိုစဉ်က ကျွန်တော်သည် သူ့လက်အောက်တွင် တရားသူကြီးအဖြစ် အမှုထမ်းခဲ့ဖူးသည်။

**မစ္စတာဒါဝတ်။** ။ ပုလိပ်ဘက် စုံစမ်းရသမျှတော့ မကြွယ်ရဲ့ စွဲချက်ဟာ ဘာမှ အခိုင်အမာမရှိဘူး မခိုင်လုံဘူးလို့ ဆိုပါတယ် ဝုံမင်း ခင်ဗျား။ ဒီတော့ သူ့စွဲချက်ကို မှတ်တမ်းတင်ရုံသာ တင်ပြီး ပယ်ချက် ပေးဖို့ လျှောက်ထားလိုပါတယ်။

**တရားသူကြီး (ကျွန်တော်)။** ။ စွဲချက် တင်လာပြီ ဆိုတော့ ရုံးထုံးစံအတိုင်း စစ်ဆေးရမှာပဲ မစ္စတာဒါဝတ်။ သူ့စွဲချက်က ခိုင်လုံတယ်ဆိုရင် သူတင်ပြတဲ့ သက်သေတွေကို စစ်ရမှာပဲ။

**မစ္စတာဒါဝတ်။** ။ ဝုံမင်း သဘောအတိုင်းပါ။

ယခု ဖြစ်ပျက်လာပုံမှာ ရှင်းနေသည်။ မကြွယ်သည် သူ့ဇယောက်ျား သေသဖြင့် ပုလိပ်ထံသို့ တိုင်ချက်ဖွင့်သည်။ လူသတ်မှုဖြင့် စွဲချက်တင်သည်။ ပုလိပ်က လက်မခံ။ သို့ဖြစ်ရာ ဟာယာအား လူသတ်မှုဖြင့် စွဲချက်တင်ရန် ကျွန်တော့်ရုံးသို့ ဦးတိုက်လျှောက်ထားသည်။ ဥပဒေကလည်း ဤနည်းလမ်းကို ခွင့်ပြုထားလေရာ မကြွယ်သည် အခွင့်ကောင်းကို ယူလျက် ရုံးတော်သို့ ဦးတိုက်လျှောက်ထားခြင်း ဖြစ်သည်။ သူ့ကိုလည်း ဤသို့ ဦးတိုက်လျှောက်ရန် နိုင်ငံရေးသမားအချို့က အကြံပေးကြသည်။ ယခု သူငှားလာသည့် ရှေ့နေမှာ ပထမတန်းရှေ့နေဖြစ်သည်။ ဤအမှုသည် မြန်မာနိုင်ငံရေး လောကအတွက် အရေးပါသည့် အမှု

တစ်ခု ဖြစ်သည်ဟု နိုင်ငံရေး အသင်းအပင်းတို့က ယူဆကြသည်။ ဂျွန်နေကို သူတို့ပင် စုဆောင်းပေးမည်ဟု အားခဲကြသည်။

မကြွယ်သည် မျက်နှာထား တင်းတင်းဖြင့် ခပ်တည်တည် ရပ်နေသည်။ အင်္ကျီဖြူ ခိုလုံချည်အနီကို ဝတ်ဆင်ထားသည်။ သူ့အသက်မှာ ငယ်သေးသည်။ သူ့မျက်တွင်း၌ ပင်နီဝတ် မြန်မာအမျိုးသမီး တစ်ယောက်ကို တွေ့ရသည်။ သူတို့ မျက်နှာထားများမှာ တင်းမာနေသည်။ မြန်မာအမျိုးသမီးများ ဤကဲ့သို့ မလှမပ ဝတ်ဆင်သည်ကို တစ်ခါမျှ ဂျွန်တော် မမြင်တွေ့ဖူးခဲ့။ သူတို့သည် နိုင်ငံရေး အသင်း တစ်ခုခု၏ လက်ဝဲစွန်း ဝါဒီများ ဖြစ်မည်ဟု ထင်မိသည်။ တရားသူကြီး က ပေးအပ်ထားသည့် တရားမျှတမှုကို မကြွယ်တစ်ယောက် ရှု ရပါ့မလား ဟူသော သံသယစိတ်ဖြင့် လာရောက် အကဲခတ်ကာ အားပေးခြင်း ဖြစ်ဟန် တူသည်။

မကြွယ်ကို တက်ခြင်းသို့ခေါ်ကာ ကျမ်းကိုင်နိုင်းရသည်။ ဂျွန်တော့်စာရေးက အဝတ်။ အနီဖြင့် ထုပ်ထားသည့် ကျမ်းကို မကြွယ် နဖူးထက်ဆီသို့ ပင့်တင် ပေးသည်။ မကြွယ်က 'မမှန်မကန် ထွက်ဆိုလျှင် ကျမ်းစူးပါစေသား' ဟု ရွတ်ဆိုသည်။

ထို့နောက် ဦးပေါ်ထွန်းက မကြွယ်ကို စစ်ဆေးမေးမြန်းသည်။ မကြွယ်က ဖြစ်ပျက်သမျှကို အစအဆုံး ပြန်ပြောသည်။ အေးအေးစိတ် ပြောပြသည်။ အမင်း ဖြစ်ပွားသည့် ညက သူသည် တရားခံ၏ အခန်းတည့်တည့် အောက်ဘက်တွင် ရပ်စောင့်နေစဉ် သူ့ယောကျ်ား၏ အော်သံများကို ကြားရ၍ ထို့နောက် ပေသုံးဆယ်မြင့်သည့် တိုက်ခန်း ပြတင်းပေါက်မှ သူ့ယောကျ်ား ကျလာပုံတို့ကို ပြောပြသည်။

'အကြောင်းကတော့ ရှင်းပါတယ်။ အင်္ဂလိပ်လို လက်ကြွယ်သီး နိုးလို့ အင်္ဂလိပ် နှစ်ယောက်က သူ့ကို ခေါ်ပြီး ပြန်တောင်းတယ်။ ရိုက်နှက်တယ်၊ ရိုက်ရင်းနဲ့ လက်လွန်သွားပြီး ကျွန်မ ယောကျ်ား သေတော့မှာကို သိတာနဲ့ သူတို့ခံ ဘာမှ မခိုင်လေဟန် ပြတင်းပေါက်က အောက်ကို ပစ်ချလိုက်တာပါပဲ'

မကြွယ်၏ ရှုပ်ထွေးမှုကသည် မဖြစ်နိုင်စရာ အကြောင်း မရှိ သို့ဖြစ်ရာ သူ့ရှုံးမှုကို နိုင်လုံအောင် တင်ပြရန် သူ့အား အမှုအရေး ပေးရမည်မှာ တရားရုံး တော်၏ တာဝန်ဖြစ်သည်။ ထို့ကြောင့် မကြွယ် ခွဲဆိုသည့် လူသတ်မှုကို ပထမ စစ်ဆေးရမည်။ မကြွယ်ဘက်က သက်သေများ တင်ပြရမည်ဖြစ်ကြောင်း ရှေ့နေ ရှေ့ရပ်တို့အား ကြေညာလိုက်သည်။ ထို့နောက် လိုအပ်လာလျှင် မှလိုက ခွဲဆိုသည့် ပုဒ်မ ၃၃၀ အမှုကို စစ်ဆေးရပါမည်။

သို့ဖြစ်ရာ ရုံးတော်သို့ ရောက်နေသည့် မစ်ချယ်အား ယခု လူသတ်မှုတွင် သူ့ မိတ်ဆွေ ဟာယုနှင့်အတူ သူကိုယ်တိုင်မှာလည်း လူသတ်မှု တရားခံ ဖြစ်နေပြီ ဖြစ်ကြောင်းကို မှားလည်း သဘောပေါက်ပါရဲ့လားဟု မေးရသည်။ မစ်ချယ်က နားလည်ပါသည်။ ရွှေ့နေ ငှားရန် အချိန်ပေးပါဟု လျှောက်ထားသည်။ သို့နှင့် အမှုကို ဒီဇင်ဘာ ၁၀ ရက်သို့ ရွှေ့ဆိုင်းလိုက်သည်။ တရားခံ လူငယ်နှစ်ဦးအား ခုခံချေပရန်အတွက် တိုင်ပင်ဆွေးနွေးရန်၊ ရွှေ့နေ ရှေ့ရပ်များ ငှားရန် အချိန်များ ပေးလိုက်သည်။ ထို့နောက် တရားခံနှစ်ဦးကို အာမခံ ပေးလိုက်လေသည်။

ရုံးချိန်းရက်ဖြစ်သည့် ဒီဇင်ဘာ ၁၀ တွင် ကျွန်တော်သည် ဓါတ်ပုံထောက် တော်ကြီး ရုံးသို့ ရောက်လာသည်။ ရုံးတွင် လူစုလူဝေးကြီးတစ်ခု ရှိနေသည်ကို သတိထားမိသည်။ ဘုန်းကြီးများ၊ ပင်နီဝတ် အမျိုးသမီးများသည် ရုံးထဲသို့ တိုးဝင်နေကြသည်။ ရုံးခန်းမှာ မကျယ်လှပေ။ ထိုပရိသတ် အားလုံး ထိုင်စရာ နေရာ ရှိမည် မထင်။ စာရေးများက ပရိသတ်ကို အတင်း တိုးမဝင်အောင် တားဆီး ထိန်းချုပ်နေရသည်။ ဘုန်းကြီးများအား ထိုင်ခုံများတွင် နေရာချထား ပေးရသည်။ မြင်တွေ့ရသည့် ရှုခင်းကြောင့် စိတ်ရှုပ်လာသည်။ ကသိကအောက် ဖြစ်လာသည်။

ဤအမှုကို တိုင်းသူပြည်သားတို့ စိတ်ဝင်စားမှန်း ကျွန်တော် သိသည်။ သို့သော် ဤမျှအထိ လှုပ်လှုပ်ရှားရှား ဖြစ်လာလိမ့်မည်ဟု မထင်မိခဲ့။ ဘုန်းကြီးတို့သည် ရုံးပြင်ကွက်များသို့ လာခဲ့သည်။ ယခု ကျွန်တော် တွေ့နေရသူတို့မှာ နိုင်ငံရေး ဘုန်းကြီးများသာ ဖြစ်သည်။ အချို့မှာ လျှို့ဝှက် နိုင်ငံရေး အသင်းဝင်များ ဖြစ်ဟန်တူသည်။ ခေတ်ပညာ မတတ်တတ်လည်း ပါမည်။ စပ်ကြမ်းကြမ်း ပုဂ္ဂိုလ်များလည်း ပါမည်။ မည်သို့ဖြစ်စေ သာမန်ပြည်သူတို့အပေါ်တွင် ယင်းတို့၏ ကြဇာ ညောင်းသည်မှာ ယုံမှားစရာ မရှိချေ။ သူတို့နှင့် အတူ မျက်နှာထား သုန်သုန်မှုန်မှုန်နှင့် ပင်နီဝတ် အမျိုးသမီးများလည်း ပါလာသည်။ သူတို့ကား စင်စစ်က မြန်မာပြည်ကို ကိုယ်စားပြုသူများ ဟု ကျွန်တော် ထင်သည်။ မြန်မာတို့ကို မင်းလောင်းက ကယ်တင်လိမ့်မည်ဟု ယုံကြည်နေကြသူများ ဖြစ်ကြပေလိမ့်မည်။

ဟာယုနှင့် မစ်ချယ်ကို အားပေးရန် ဘယ်အင်္ဂလိပ်တစ်ယောက်မှ ရုံးတော်သို့ ရောက်မလာကြ။ သို့သော်လည်း အင်္ဂလိပ် အသိုင်းအဝိုင်းက သူတို့အပေါ် များစွာ ကရုဏာ သက်ကြသည်။ ဂျင်မခါနာ ကလပ်တွင် အရက်သောက်ရင်း ဤကိစ္စ၌ အစိုးရက တရားစွဲနိုင်သည်မှာ မလိုအပ်သည့် လုပ်ရပ်ဖြစ်ကြောင်း ဆွေးနွေးနေကြသည်ဟု ကျွန်တော် သိရသည်။ မစ်ချယ်က လူသတ်မှုဖြင့် တရား

စွဲလိုက်သည့်အခါ သူတို့မှာ ပို၍ အံ့အားသင့်ကာ ဒေါသထွက်ကြသည်။ အစိုးရဘက်က ချောညှာသည်ဟု သူတို့က ယုံးမှတ်သည်။ အကယ်၍သာ အစိုးရက ပုဒ်မ ၃၃၀ ဖြင့် စွဲချက် မတင်ခဲ့လျှင် မကြွယ်နှင့် အပေါင်းပါတို့ကလည်း လူသတ်မှုဖြင့် စွဲချက်တင်ရမည် မဟုတ်ဟု သူတို့ ယူဆခဲ့ကြသည်။

ဟာယုက သူ့တပည့်အား ငိုက်နက် ဆုံးမသည်မှာ မြူလုပ်သင့်သည့် အမှုတစ်ခုပင် ဖြစ်သည်။ ယင်းကို အပြစ်ဆိုစရာ မရှိ။ သို့သော် ပြဿနာမှ စရသည်မှာ ဆိုးသည်။ ဤကိစ္စတွင်လည်း ဟာယုကို အပြစ်ဆိုရမည်လော၊ ဟာယုမှာ တာဝန်ရှိသလော၊ မရှိနိုင်။ သူ့တပည့် တရုတ်သည် ဒိန်းဇောဖြစ်သည်။ စိတ်မတည်ငြိမ်သူ ဖြစ်သည်။ ဤသည်မှာ သူတို့ထင်မြင်ချက် ဖြစ်သည်။

ကန်တော်ကြီး ဘုတ်ကလပ် (လှေအသင်း)တွင် အင်္ဂလိပ်တစ်ယောက်က ဤသို့ ဝေဖန်သည်။ 'မြန်မာတွေကို မြှောက်ပေးတာ မှတော့ ထိန်းလို့ သိမ်းလို့ မနိုင်တော့ဘူး မဟုတ်လား၊ အစိုးရက တရားစွဲတာက ဟုတ်ပါတယ်။ လုပ်သင့်တဲ့ ကိစ္စပါပဲ၊ တရားဥပဒေအရ မှုမှုတတ ဖြစ်စေတဲ့ သဘောပေါ့၊ ဒါပေမဲ့ အခုလို လူသတ်မှုနဲ့ မတရားစွဲချက် တင်လာတော့ ကောင်းသေးရဲ့လား။ မြန်မာတွေ ခေါင်းထောင်လာဦးမယ်၊ ဘွေ့ တကြွကြွ ဖြစ်လာပြီ၊ ကျွန်တော်က ဟာယုနဲ့ မစ်ချယ်တို့ဘက်က ရပ်နေလိုက်နေတာ မဟုတ်ပါဘူး၊ ဒီကောင်လေး နှစ်ယောက်ကလည်း တခြား လူငယ်တွေလိုပဲ။ အနေအထိုင် မတတ်ကြတာ အမှန်ပဲ၊ အများကြီး လိုသေးတယ်။ ဟုတ်ပါတယ်၊ ဒါပေမဲ့ သူတို့ကို တကယ် ရာဇဝတ်ကောင်တွေလို သဘောထားမယ် ဆိုရင်တော့ မကောင်းဘူး၊ မဟုတ်သေးဘူး။ အဲဒါ ဘာသဘောတုံးလဲ'

နှစ်ချိန်းရောက်ပြီး တရားခွင်သို့ ကျွန်တော် တက်သည့်အခါ ရှေ့ဦးစွာ ရှေ့နေကြီး မစ္စတာ မက်ခွန်နယ်က လျှောက်ထားသည်။ သူသည် မစ္စတာ ဒါဝတ်နှင့်အတူ ဟာယုနှင့် မစ်ချယ်တို့ဘက်မှ လိုက်ပါမည်ဖြစ်ကြောင်း၊ တင်ပြပါသည်။ သူသည် ရာဇဝတ်မှုတွင် နာမည်ကြီး ဝတ်လုံတစ်ယောက် ဖြစ်လေသည်။

ဤအမှုတွင် မက်ခွန်နယ် လိုက်မည် ဆိုကတည်းက စိတ်ဝင်စားမှု ပိုလာကြသည်။ မက်ခွန်နယ်သည် အပေါင်းအသင်းကောင်းသူ တစ်ယောက်ဖြစ်သည်။ ကလပ်များတွင်လည်း မိတ်ဆွေအပေါင်းအသင်း များသည်။ သူ့စကားဝိုင်းတွင် အမြဲလိုလို လူစည်ကားသည်ကို သတိထားမိသည်။ သာမန် ဝတ်လုံ မဟုတ်သည်မှာ သေချာသည်။ မက်ခွန်နယ်၏ ထူးခြားချက်မှာ ညို့တတ်ကောင်းခြင်းပင် ဖြစ်သည်။ သူ့မျက်လုံးအကြည့်ခံထက်ကို တော်တော်လူ မခံနိုင်။ စူးစူးနိုက်နိုက် ကြည့်တတ်သဖြင့် ကြောက်လန့်လာကာ အယောင်ယောင် အမှားမှား ဖြစ်လာပြီး

ခြောချင်ရာ ခွက်ခြောက်တစ်ကြသည်။ ဤနည်းဖြင့် ရွှေမန် ဝင်ရွှေကောင်းကောင်း ရလာသူ ဖြစ်သည်ဟု ဆိုကြသည်။

ဥပဒေရေးရာနှင့် ပတ်သက်လျှင် အင်္ဂလိပ်ကုန်သည်ကြီးများ လောကက ကျွန်ုပ်တို့ကို အားကိုး တိုင်ပင်သည်။ ကျွန်ုပ်နှင့် အပေါင်းပါ ရှေ့နေများသည် အင်္ဂလိပ် ကုန်သည်ကြီးများ၏ ဥပဒေအကြံပေး အရာရှိများ ဖြစ်သည်။ ထို့ပြင် သူသည်လည်း အခြား အင်္ဂလိပ် ကုန်သည် အသိုင်းအဝိုင်းနည်းတူ မြန်မာများနှင့် မရောနှောဘဲ တသီးတခြား အင်္ဂလိပ်စည်းဝိုင်းထဲတွင် နေထိုင်သူ ဖြစ်လေသည်။

မကြွယ်ဘဝက သက်သေများကို နှစ်ရက်မျှ စစ်ဆေးရသည်။ သို့တိုင်အောင် အမှုအတွက် အထောက်အပံ့ ဖြစ်နိုင်မည့် ထွက်ချက် တစ်စုံတစ်ရာ မပေါ်သေး။ အခင်းဖြစ်ပွားစဉ်က ဟာယူအခန်းထဲတွင် ဘာဖြစ်သည်ကို ပြောပြနိုင်သူ တစ်ယောက်မျှ မရှိ။ အော်ဟစ်သံများ ကြားရသည်။ ထို့နောက် ပြတင်းမှ ဘချစ် ကျလာသည်ကို မြင်ရသည် ဟူသာ အစစ်ခံနိုင်သည်။ အခင်းဖြစ်ပွားသည့် ပတ်ဝန်းကျင် အခြေအနေကို ရှိကာ လူသတ်မှုဖြစ်ပွားသည်၊ ဟာယူနှင့် မစ်ချယ်တို့က ဘချစ်ကို သတ်သည်ဟု ကြံဆ ယုံးမှတ်ချခြင်းသာ ဖြစ်သည်။ သို့သော် ထိုစွဲချက်ကို လက်ခံရမည်သူ၊ အဆုံးအဖြတ် ပေးရမည့် သူမှာ ဂျူရီတော်သာ ဖြစ်လေသည်။

မှုခင်းဆေးရာဝန်၏ သက်သေထွက်ချက်မှာလည်း အရေးကြီးသည်။ ဘချစ် အလောင်းကို သူကိုယ်တိုင် စစ်ဆေးသည်။ ရိုက်နှက် ခံရသည့် ဒဏ်ရာဒဏ်ချက် မတွေ့ရဟု သူက ထွက်ဆိုသည်။ ဒဏ်ရာများမှာ တိုက်ပေါ်မှ ကျသဖြင့် ရသည့် ဒဏ်ရာများသာ ဖြစ်သည်ဟု ဆိုသည်။

ဤတွင် ဂျူရီတော်အတွက် ဆုံးဖြတ်ရမည့် အချက်တစ်ခု ရှိလာသည်။ ယင်းမှာ လူသတ်မှု တကယ်ကျူးလွန်၊ မကျူးလွန်ဆိုသည့် အချက်ပင် ဖြစ်သည်။ အကယ်၍ ဟာယူနှင့် မစ်ချယ်တို့ နှစ်ယောက်သည် လူသတ်မှုကို တကယ်ပင် ကျူးလွန်နိုင်စရာ အကြောင်း ရှိသည်ဟု ဂျူရီတော်အတွက် ထင်မြင် ယူဆလျှင် ဤအမှုကို ဟိုက်ကုတ်သို့ တင်ကာ စစ်ဆေးရမည် ဖြစ်သည်။ ယခုမူ တရားခံဘက်က ဘာမျှ ချေပခြင်း မပြုရသေး။ သက်သေများကိုလည်း ပြန်လှန်မေးခွန်း မမေးရသေး။ နှစ်ဘက်ရှေ့နေများကလည်း ဘာမျှ မလျှောက်လဲကြရသေး။

သူ့အခန်းတွင် မည်သို့ ဖြစ်ပျက်သည်ကိုမူ ဟာယူကိုယ်တိုင်က အစစ်ခံချက် တစ်စောင်ကို တပြင်ရေးကာ လက်မှတ်ထိုး တင်ပြထားသည်။ သို့သော် ယင်းမှာ ကျမ်းကျိန် အစစ်ခံချက် မဟုတ်။ သူ့တင်ပြချက်တွင် ဤသို့ ဆိုထား

သည်။ "ဘာချစ်ကို စတင် မေးနေစဉ်မှာပင် ဘာချစ်သည် တောင်တောင်အီအီ ပြောကာ ကြောက်ရွံ့တုန်လှုပ်လာသည်။ ကြမ်းပြင်ပေါ် လှဲထိုင်ကျိုက်သည်။ ဟာယုက မေးစရာ ရှိသည်တို့ကို ဆက်မေးသည်။ ဘာချစ်က မှုမှုဆော်ဟစ်ကာ ပြောင်းမှ နှစ်ရသည်။"

ထိုအချိန်တွင် ဟာယုအနေးထဲ၌ ဘာဖြစ်သည်ကို အသေးစိတ် သိရသည် ကျွန်တော်ကိုနှ မဟုတ်။ လူသတ်မှု ကျူးလွန်နိုင်ခြင်း ရှိ မရှိ၊ ဟုတ် မဟုတ် ဆုံးဖြတ်ရန်သာ ဖြစ်သည်။ အကြောင်း လုံလောက်၏၊ မလုံလောက်၏ကို ရှင်းရှိန်ရမည်။ ဖြစ်နိုင်သည် ထင်လျှင် ကော်ရှင်တရားရုံးသို့ လူသတ်မှုဖြင့် စွဲချက် တင်ရမည်။

ကြားနာရသမျှဆိုလျှင် မကြွယ်၏ စွဲချက်သည် မဖြစ်နိုင်စရာ မရှိလှဟု ယူဆရမည်။ အခင်းဖြစ်မှာ နေရာသို့ တစ်နံတစ်ယောက် ရောက်သွားမည်။ လှုစုလှုမေး တစ်ခု တွေ့သဖြင့် ရပ်ကြည့်ရာ ဟိုက်သမပေါ်ထဲမှ အကူအညီ တောင်းသံများ ကြားရမည်။ ထိုအသံများကို ဆက်တိုက် ကြားရပြီးနောက် ပြောင်းမှ လူတစ်ယောက် ကျလာသည်ကို တွေ့ရမည်။ ဤသို့လျှင် မတော်တဆ တစ်ခုခုတော့ ဖြစ်နေပြီဟု ယူဆနိုင်စရာ ရှိလာမည်။

သို့သော်လည်း ယခု ကိစ္စတွင် အရေးကြီးသည့် ကွဲလွဲချက်တစ်ခု ရှိ နေသည်။ ဟာယု နေသည့် အဆောင်ကြီးမှာ သုံးထပ် ဖြစ်သည်။ တိုက်ခန်းတွေ အများကြီး ရှိသည်။ အခံလိပ်တွေ အများကြီး နေကြသည်။ အခင်း ဖြစ်မှား သည်တွင် သူတို့ မပါဝင်။ သူတို့လည်း ဘာမျှ မသိလိုက်ကြ။ အသံများကို ကြားလည်း မကြားလိုက်ကြ။

တစ်ခန်း အကြားအဝေးမှာသာကာ နိုက်နှက်သံ ကြားရသည်။ အော်ဟစ် သံများ ကြားရသည်ဟု ဆိုသည်။ ဤသို့ ဖြစ်လျှင် ထိုအကြောင်းကို သူတို့ ဆရာသမားများထံ ဘာကြောင့် အကြောင်းမကြားသလဲ၊ အသိမပေးသလဲ၊ မတိုင်ကြားသလဲ။ သို့ဖြစ်ရာ ကျွန်တော်က ဤသို့ ယူဆသည်။ အော်ဟစ်သံ များ ကြားသည် ဆိုလျှင် ယင်းတို့မှာ နိုက်နှက်သောကြောင့် အော်ဟစ်သည် မဟုတ်နိုင်။ အခြေခံများ စိတ်ထဲတွင် အော်သံများ ကြားရသည်ဟု ထင်မြင်သော ဖြစ်သည်။ သို့မဟုတ်လျှင်ကား သူတို့ လုပ်ကြံ ပြောဆိုခြင်းသာ ဖြစ်ရမည်။ ဆရာဝန် စစ်ချက်က ကျွန်တော့် ယူဆချက်ကို အတည်ပြုနေသည်။ သို့ဖြစ်လျှင် ဘာချစ်၏ အော်ဟစ်သံ ကြားရသည်။ ပြီးတော့ ပြောင်းပေါက်က ဘာချစ် ကျ လာသည်။ သို့သော် ဘာ သက်သေမှ မရှိ။ ဤအချက်မှာသာ ထင်းထင်းကြီး ကျန်ရစ်နေသည်။

ဒီဇင်ဘာ ၁၃ တွင် အမှုကို စီရင်ချက် ချရန်သာ ရှိတော့သည်။ သို့ဖြစ်ရာ အင်္ဂလိပ် နစ်ပေယာက်ကို တရားရှင် လွှတ်လိုက်ပြီး စီရင်ချက်တွင် ဤသို့ ဖြည့်စွက်ကာ အမိန့်ချလိုက်သည်။

ဟယ္ဂ အခန်းထဲတွင် ဘာတွေ ဖြစ်ပျက်သည်ကား မသိ။ မရှင်းလင်း။ သို့သော် လူသတ်မှု မဖြစ်မှားသည်မှာ သေချာသည်။ ဟယ္ဂ က ဘချစ်ကို ရိုက်နှက်သလော၊ နှိပ်စက်သလော၊ မနှိပ်စက်ဘူးလား။ နှိပ်စက်ခံလျှင် ဘာ အကြောင်းတွေကြောင့် နှိပ်စက်ရသလဲ၊ ဘချစ်က ဘာကြောင့် ပြတင်းမှ ခုန်ချရသလဲ၊ ဘချစ် ခုန်ချခြင်းနှင့် သူ့ ဘယ်ပုံ အနှိပ်စက်ခံရသလဲဆိုသည့် အဆောက်အအုံ။ ဤအမှုတွင် ဟယ္ဂ ဘက်က မည်သို့ တာဝန်ရှိသည်၊ မည်ကဲ့သို့သော ရာဇဝတ်မှုမျိုးကို ဟယ္ဂ ကျူးလွန်သည် ဆိုသည့် ကိစ္စတို့ကို ပုလိပ်က နှိမ်ဆိုထားပြီး ယခု မစစ်ဆေးသေးဘဲ ထားသည့် ပုဒ်မ ၃၃၀ နှင့် စွဲချက်တင်သည့် အမှုတွင်သာ အကျုံးဝင်သဖြင့် စစ်ဆေး ကြားနာကာ အဆုံးအဖြတ် ပေးရမည် ဖြစ်လေသည်။

ကျွန်တော်၏ စီရင်ချက်ကို ဘုန်းကြီးများက ငြိမ်ငြိမ်သက်သက် နား ထောင်ကြသည်။ မျက်နှာထား တင်းတင်းနှင့် အမျိုးသမီး တစ်ယောက်ကလည်း အေးအေးဆေးဆေး နားထောင်သည်။ စီရင်ချက်ကို အင်္ဂလိပ်လို ဖတ်ခြင်း ဖြစ်သည်။ နာရီဝက်ကျော်ကျော် ကြာအောင် ဖတ်ရသည်။ အင်္ဂလိပ်လို ဖြစ်ရာ ဘုန်းကြီးများ နားမလည်သည်မှာ သေချာသည်။ ကျွန်တော် အကြောင်းပြချက်များကိုလည်း အစမှာရော အဆုံးမှာပါ နားမလည်ကြမည် အမှန်။ သို့သော် ဤစီရင်ချက်မှာ တရားခံကို တရားရှင် လွှတ်လိုက်သည့် စီရင်ချက် ဖြစ်သည်ကိုမူ သူတို့ နားလည်ကြသည်။

သို့တိုင်အောင် မကျေနပ် မဖြစ်သည်မှာ အကြောင်းရှိရမည်။ ဤအမှုကို ကျွန်တော် ကိုင်တွယ်စစ်ဆေးပုံမှာ တိကျပြီး ဘက်မလိုက်သည်ကို သူတို့ နားလည် ထားရမည်။ သက်သေထွက်ချက်များကို သူတို့ကိုယ်တိုင် ကြားသိရပြီးနောက် စီရင်ချက်မှာ မလွဲနိုင်သည်ကို ရိပ်မိရမည်။ ထို့ကြောင့်ပင် ရုံးခန်းမှ ထွက်ကြသည့်အခါ သူတို့မျက်နှာများ၌ ဒေါသစိတ် တစ်စုံတစ်ရာ မတွေ့ရခြင်း ဖြစ်သည်။ သို့မဟုတ်လျှင်ကား ကျွန်တော် စီရင်ချက်ကို ဘာသာပြန်ဆိုပြီးနောက် လူသတ်မှု အတွက်မှုပင် ဖတ်ရသည်ထက် ဘာမှ မထူးခြားဟု သဘောပေါက်သွားသောကြောင့်လည်း အေးအေးဆေးဆေး ထွက်သွားကြခြင်း ဖြစ်နိုင်သည်။

နောက်တစ်နေ့ မနက်တွင် ကျွန်တော်၏ စီရင်ချက် အတိအကျကို သတင်းစာများ၌ အပြည့်အစုံ ဖော်ပြထားသည်ကို တွေ့ရသည်။ အင်္ဂလိပ်များသည်

ကျွန်တော့်နှီရင်းဖျက်ကို စိတ်အားထက်သန်စွာ ဖတ်ကြသည်။ ထိုနေ့ ညနေတွင် ပဲမှုးကလယ်သို့ ကျွန်တော် ရောက်သွားလျှင် အားလုံးက ဝမ်းသာအားရ ဆီးကြို နှုတ်ဆက်ကြသည်။ အရက်သောက်သည့် နေရာတွင် အင်္ဂလိပ် ကုန်တိုက်ကြီးများမှ မန်နေဂျာများ စုဝေးပြောဆိုနေကြသည်။

ကျွန်တော်မှာ သူတို့ ပရိသတ် အလယ်တွင် တိုင်တည်စရာ ပုဂ္ဂိုလ် တစ်ယောက် ဖြစ်နေသည်။ ဖိုးကျူးကြသူများ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာသည်။ မတရားစွပ်စွဲချက်ကြောင့် ဒုက္ခရောက်ရတော့မည့် အင်္ဂလိပ် လူငယ် ကလေး နှစ်ယောက်ကို ကျွန်တော်က ကယ်တင်လိုက်သဖြင့် ကြည်နူးဝမ်းသာ ဖြစ်နေကြသည်။ ကျွန်တော့်နှီရင်းဖျက်တွင် စကားလုံး သုံးနှုန်းပုံကို လည်းကောင်း၊ စွဲချက်တင်လာသည့် အမှုသွား အမှုလာကို ကွက်ကွက်ကွင်းကွင်း ပေါ်လာအောင် တင်ပြထားပုံကို လည်းကောင်း၊ မတရား လိမ်ယပ်ထားသည့် စွဲချက်အား ချေဖျက် လိုက်ပုံတို့ကို လည်းကောင်း၊ အောက်ပြကာ ဖိုးကျူးမဆုံး ရှိကြသည်။

ထိုအနိုက်အတန့်တွင်မူ ကျွန်တော်မှာ အမြှောက်အရေသာ ခံစားနေရသည်။ ဟိုလူက အရက်တစ်ခွက် လာတိုက်၊ သည်လူက အရက်တစ်ခွက် လာတိုက် ဖြစ်နေသည်။ ပြီးတော့ ဟာယုသည် အပြစ်တစ်စုံတစ်ရာ မရှိသော လူငယ်လေး တစ်ယောက်သာ ဖြစ်သည်ဟု ပြောဆိုသည်။ ထိုအခါ ကျွန်တော်မှာ နေမထိ ထိုင်မသာ ဖြစ်လာသည်။ မသက်မသာ ဖြစ်လာသည်။ ပုလိပ်က ဟာယုအား စွဲချက်တင်ထားသည့် အမှုမှာ ယခုတိုင် မေးခွန်းထုတ်စရာ ရှိနေသည်။ ဟာယု ဘာတွေ ကျူးလွန်ခဲ့သလဲ ဆိုသည်ကို မဖော်ပြရသေး။ အပြစ်မရှိဟု လွတ်လွတ်ကျွတ်ကျွတ် မပြောနိုင်သေး။ ဟာယုဘက်က တစ်မှုမှ လုပ်ခဲ့သည်မှာ သေချာသည်။ ထို့ကြောင့်သာ သူ့ကို တစ်ဖက်က ဤမျှ နားကြည်းနေခြင်း ဖြစ်သည်။ မြန်မာ အစိုးရအဖွဲ့သည် အိမ်ရှင် အခင်နှင့် ပြေပြေလည်လည် ပေါင်းသင်း ဆက်ဆံတတ်ကြသူများ ဖြစ်သည်။ နောက်ဆက်တွဲ စီရင်ချက်တွေ ထွက်လာနိုင်စရာ ရှိသည်ဟု ပုံကြည်နေစရာ ယခုလို ချီးကျူးခံရလျှင် ကျွန်တော် မှာ အနေရ ခက်လာသည်။

ထိုညတွင် ကျူးလီယောဘ် ကပွဲတစ်ခု ရှိသဖြင့် ကျွန်တော် ရောက်သွား သည်။ ပွဲပြီးလျှင် အပြင်ဘက်၌ ရပ်ထားခဲ့သည့် ကားရှိရာသို့ ပြန်အလာတွင် ကျွန်တော့်ကားနှင့် ယှဉ်ရပ်နေသည့် ကားထဲ၌ ပဲမှုးတိုင်းမင်းကြီး ဇာဂရေတလီ ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော့်ကို မြင်လျှင် သူက "မင်း စီရင်ချက်က ကောင်းတယ်ကွ၊ နောက်တစ်မှုမှာလည်း ဒီအတိုင်း ဖြစ်ရမှာပဲ"ဟု မှတ်ချက် ပေးသွားသည်။

ဗုဂရေပလီသည် ကျွန်တော့် အထက်လူကြီး ဖြစ်သည်။ အထက်လူကြီးက ကိုယ့်လိုလူလေး ကိုယ်ကို နှိုးကျူးသွားသည်ဆိုလျှင် အရှိ ပုဂ္ဂိုလ်တို့မှာ ကျေနပ် နှစ်သိမ့် ဖြစ်ကြလိမ့်မည်။ ကျွန်တော်အရို့မှု ကာလပ်တွင် ကြားခဲ့ရသည့် စကားတို့ကြောင့် ထိတ်လန့် တုန်လှုပ်မိလေသည်။ စိတ်ထဲမှာလည်း ပူပန်လာသည်။ ထိတ်လန့်မိခြင်းမှာ ကျွန်တော်သည် သူတို့နှင့် တစ်လှေတည်းစီး၊ တစ်ခရီးတည်း သွား ဖြစ်သောကြောင့် ဖြစ်သည်။ တုန်လှုပ်မိခြင်းမှာ ယခုဆိုလျှင် ရှေ့ဆက်၍ မည်သို့ ဆောင်ရွက်ဆုံးဖြတ်ရမည်ကို ပြတ်ပြတ်သားသား မြင်နေပြီ ဖြစ်ပါလျှက် ကိုယ့်ထင်မြင်ချက်အတိုင်း ပြောဆို လုပ်ကိုင်နိုင်ပါမလားဟု တွေးမရနိုင် ဖြစ်လာသောကြောင့် ဖြစ်လေသည်။

## ၅။ ညှဉ်းပန်း နှိပ်စက်မှု

တနင်္လာနေ့တွင် ပုလိပ်က တရားစွဲဆိုသည့် အမှုကို စတင်စစ်ဆေးသည်။ စွဲချက်မှာ ညှဉ်းပန်း နှိပ်စက်မှု ဖြစ်သည်။ ပျောက်ဆုံးသွားသည့် လက်ကြယ်သီးကို ပြန်ရအောင် ဟာယုက သူ့တပည့် ဘချစ်အား ညှဉ်းပန်းနှိပ်စက်သလား။ ဤသည်မှာ အရေးအကြီးဆုံး မေးခွန်းဖြစ်သည်။ ဟာယု အခန်းထဲတွင် အခင်းဖြစ်ပွားသည့်နေ့က ဘာတွေ ဖြစ်ပျက်သလဲ ဆိုသည်ကို အသေးစိတ် သိရမည် ဆိုလျှင် ထိုအမေးကို ပြေလည်အောင် ဖြေရှင်းနိုင်မည် ဖြစ်သည်။

တကယ်တော့ ဟာယု အခန်းထဲတွင် ဘာဖြစ်သည်ကို သိသူ နှစ်ယောက်သာ ရှိသည်။ ထိုနှစ်ယောက်မှာ အခင်းဖြစ်ပွားချိန်တွင် ဟာယုနှင့်အတူ ရှိနေသည့် သူ့မိတ်ဆွေ မစ်ချယ်နှင့် ဘချစ်ကိုယ်တိုင် ဖြစ်သည်။ သူတို့ နှစ်ယောက်စလုံးမှာ လွတ်လပ်သည့် သက်သေများ၊ ဘက်မလိုက်သည့် သက်သေများ မဖြစ်နိုင်။ မစ်ချယ် ဆိုလျှင် ဟာယုနှင့် အတူ အပေါင်းပါ တရားခံအဖြစ် ရှုပ်စွဲခံနေရသူ ဖြစ်သည်။ သို့သော်လည်း အခြား မျက်မြင်သက်သေ တစ်ယောက်မျှ မရှိလေရာ သူတို့ကိုပင် မေးမြန်း စစ်ဆေးရသည်။ ထိုအခါ အခြားသက်သေ အထောက်အထားတို့နှင့် တညီတညွတ်တည်းလို ထွက်ဆိုသည့် ဖြစ်ပျက်ပုံ အလုံးစုံကို သိလာရသည်။

သူတို့ထံမှ သိရသည်မှာ ဤသို့တည်း။

ဘချစ်သည် စိတ်အလိုလိုက်သည့် လူငယ်လူရွယ်တစ်ယောက် ဖြစ်သည်။ ဘိန်းရူး ဘိန်းစားသည်။ ဟာယု အခန်းထဲသို့ ရောက်သည့်အခါ သူ နှိုးဆော်နေသည်ကို ပေါ်ကြီးကို သူ သိလိုက်သည်။ သူ ပေါင်ထားသည့် အဝတ်အထည်ကို ဘဏ္ဍာတိုက် ဆယ်က ရွေးယူလာပြီး ဖြစ်လေသည်။ အဲဒီ ထောင်းဘိတို့ကို ဟာယုက

သူ့ရှေ့မှာပင် ကြည့်ရှုစစ်ဆေးပြီးနောက် လက်ကြယ်သီးတစ်ခု ဘယ်မှာလဲ ဟု မေးသည်။ ဘယ်ရောက်သွားသလဲ၊ လက်ကြယ်သီးကို ပြန်ပေးပါ၊ မပေးလျှင် ပုလိပ်လက် အပ်ရလိမ့်မည် ဟု ဟယုက ဆိုသည်။ ဟယုသည် မြန်မာစကား မပြောတတ်။ ထို အခိုက်အတန့်မှာပင် မစ်ရှယ် ရောက်လာပြီး ဘချစ်အား 'လက်ကြယ်သီးတွေ ဘယ်မှာလဲ'ဟု မြန်မာလို မေးသည်။

ဘချစ် အဖြေမပေးနိုင်။ ရှောင်းရှု စားသောက်ပြီးပြီ ဖြစ်သဖြင့် အဖြေ မပေးနိုင်ခြင်းလည်း ဖြစ်နိုင်သည်။ ထိုအချိန်တွင် ဟယုနှင့် မစ်ရှယ်တို့သည် ပြတင်းပေါက်ကို မကျော်ပေးကာ ကုလားထိုင်များတွင် ထိုင်နေကြသည်။ ဘချစ်မှာ သူတို့ရှေ့တွင် ရပ်နေသည်။

'လက်ကြယ်သီးတွေ ဘယ်မှာလဲ၊ သွားယူစမ်း၊ ပြန်မရရင်တော့ ခုကွ ရောက်ပြီသာ မှတ်'

ဤသို့ဖြင့် နာရီဝက်ခန့် မေးမြန်းသည်။ နောက်ဆုံးတွင် ဘချစ်သည် ကြမ်းပြင်ပေါ်သို့ ပုံလဲကျသွားကာ သတိမေ့သွားသည်။

'ဟောကောင် ထ လေ၊ သတိမေ့ဟန် ဆောင်မနေနဲ့'

ဟယုမှာ စိတ်တိုလာသည်။ ဘချစ် ဟန်ဆောင်နေသည်။ လက်ကြယ်သီး ပြန်မပေးချင်သဖြင့် ရှောင်လွှဲနေသည်ဟု ထင်မိသည်။ သို့နှင့် စိတ်ဆိုးလာကာ ဘချစ်ကို နားရင်းအုပ်ထည့်လိုက်သည်။

ဘချစ်သည် ဝုန်းခနဲ ထ လာသည်။ တုန်လှုပ် ချောက်ချားနေသည်။ ဒယီးဒယိုင် ဖြစ်လာသည်။ ထို့နောက် ငိုယိုကာ တောင်းပန်သည်။

'ဟာ ငိုမနေနဲ့၊ တိတ်စမ်း၊ ဒီလို ဟန်ဆောင်နေလို့ မဖြစ်ဘူး၊ လက်ကြယ်သီး ဘယ်မှာလဲ၊ သွားယူစမ်း'

ဤသို့ဖြင့် နာရီဝက်ခန့် အဆက်မပြတ် ရေပူကြိမ်းမောင်းသည်။ မေးမြန်းသည်။

'ဒီလို အတင်းမေးရမှာလဲ၊ ပြန်မပေးချင်လို့ ရေလည်မျက်ကြောင်းပတ် လုပ်နေတယ် ထင်မိတယ်၊ ကြယ်သီးကို ဝှက်ထားတာပဲ ဖြစ်ရမယ်' မစ်ရှယ်က အစစ်ခံသည်။

'ဒါပေမဲ့ ရှင်လွှတ်ရို ဘချစ်က တောင်းပန်တယ် မဟုတ်လား' ကျွန်တော် က ကြားဖြတ်မေးမိသည်။

'ဟုတ်ပါတယ်၊ တောင်းပန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က လက်ကြယ်သီး ပြန်လိုချင်တာကိုး'

'သူ့မှာ အပြစ်ရှိတယ်လို့ ဝန်ခံရင် ဘာဖြစ်လို့ ပုလိပ်လက် မအပ်သလဲ၊ ပုလိပ်က လက်ကြယ်သီးကို ရအောင် တောင်းမှာပေါ့'

'ပုလိပ်လက် အပ်တာထက် ကျွန်တော်တို့ မေးမြန်းကြည့်တာကမှ ပြန်ရဖို့ ပိုပြီး နီးစပ်မယ် ထင်လို့ပါ'

ဘချစ် မျက်နှာမှာ သွေးမရှိတော့။ ကြမ်းပြင်ပေါ် လဲကျသွားကာ သွေးရူး သွေးတန်း အော်ဟစ်သည်။ ဟယုသည် ထိုင်နေရာမှ ရပ်၍ ဘချစ်၏ နားထင် နားရင်းကို ခပ်နာနာ ထိုးလိုက်ပြီး 'ယောကျ်ားကောင် ထ၊ တို့ကို အရူးမလုပ်နဲ့'ဟု ဆိုသည်။

ဘချစ်ကား ငိုယိုမြည်တမ်းရင်း သူ့ကို ချမ်းသာပေးရန် တောင်းပန်သည်။

'ငါ့လက်ကြယ်သီးတွေ ဘယ်မှာလဲ'

ဘချစ်သည် လဲနေရာမှ လူးလဲ ထ ကာ အိပ်ခန်းထဲသို့ ဝင်သွားသည်။ ဟယုနှင့် မစ်ချယ်တို့မှာ တစ်ယောက်ကို တစ်ယောက် ပြုံးကြည့်ကြသည်။ နောက်ဆုံးတွင် သူတို့ လက်ကြယ်သီး ပြန်ရတော့မည်၊ ဝှက်ထားသည့် နေရာတွင် သွားယူနေပြီဟု ထင်လိုက်ကြသည်။ သို့သော် သူတို့ထင်သလို မဟုတ်။ ဘချစ်သည် အိပ်ခန်းထဲမှ ပြေးထွက်လာပြီး ရုတ်တရက်ပင် ပြတင်းမှ ခုန်ချလိုက်လေသည်။

ဤသည်မှာ မစ်ချယ်က ပြန်ပြောပြသည့် ဖြစ်ရပ်ပုံ အလုံးစုံတည်း။ ဤအဆိုင်း မှန်လိမ့်မည်ဟု ကျွန်တော် ယုံကြည်မိသည်။ သူတို့မှာ စိတ်ဓာတ် ချောက်ချားနေသူ ဘချစ်နှင့် ကံဆိုးမိကြခြင်း ဖြစ်သည်။ ဘိန်းရူး ဘိန်းစားကား ရူးကြောင်ကြောင်ဖြစ်နေသည့် ဘချစ် အခြေအနေကို သူတို့ မရိပ်မိကြ။ အတင်း အကျပ် မေးစရာသဖြင့် စိတ်ချောက်ချားကာ ပြတင်းမှ ခုန်ချသွားခြင်းကိုလည်း သူတို့ ရုတ်တရက် သဘောမပေါက်နိုင် ဖြစ်နေသည်။ နားရင်းကို သုံးလေးချက် ထိုးသည်ကလွဲပြီး နာကျင်အောင်၊ အနာတရဖြစ်အောင် ရိုက်နှက်နှိပ်စက်ခြင်း မပြုသည်မှာ အမှန်ဖြစ်ဟန်တူသည်။ တရားဥပဒေအရ "ညှဉ်းပန်းနှိပ်စက်မှု" တွင် အကျုံးဝင်သည့် ရိုက်နှက်မှုမျိုး မပြုသည်မှာ အမှန်ပင် ဖြစ်သည်။ နားထင် နားရင်း အုပ်သည်မှာလည်း ထိခိုက်ဒဏ်ရာရစေရန် ရည်ရွယ်၍ ထိုးနှက်ခြင်းမျိုး မဟုတ်။ တစ်ခက်သားကို နာကျင်စေလိုသည့် ရည်ရွယ်ချက်မျိုးလည်း မရှိ။ သို့ဖြစ်ရာ ဟယုမှာ ယခု ခံရွှက်တင်သည့် ပုဒ်မ ၃၃၀ အရလည်း အပြစ် တစ်စုံ တစ်ရာ မရှိချေ။

အင်္ဂါနေ့တွင် နှစ်ဖက် ရှေ့နေရှေ့ရပ်များ လျှောက်လဲကြသည်။ အစိုးရ ရှေ့နေဘက်က မေးမြန်းစရာ သိပ်မရှိ၊ ခွဲဖိုထားသည့် ပုဒ်မသည်လည်း အကျုံး

မင်းသည်ကို သူ နားလည်သည်။ သို့သော်လည်း ရာဇဝတ်ကျင့်ထုံးက (၀) ရာဇသတ်ကြီးက သခင်တစ်ယောက်အား မိမိအစေခံ တစ်ယောက်၏ နားရွက်ကို နာကျင်အောင် တီးခွင့်၊ အုပ်ခွင့် မပြုဟု ထောက်ပြသည်။ ဟာယုသည် အစိုးရ ရှေ့နေ ထောက်ပြသည့် ပြစ်မှုကိုကား ကျူးလွန်သည်။ တသည်ကို အဆုံးအမ လွန်သည့် ပြစ်မှုဖြစ်သည်။ ရုံတော်၏ သဘောအတိုင်း ပြစ်ဒဏ်ခံရမှာယ် ရှိသည်။

အစိုးရရှေ့နေ လျှောက်လဲအပြီးတွင် တရားခံ၏ရှေ့နေ မစ္စတာ မက်ခွန်နယ်က ခေါ်ပြုံးပြုံး မျက်နှာပေးဖြင့် ထ လာသည်။

'ငါးမင်းကို ကျွန်တော် လျှောက်ထားလိုပါတယ်၊ ကျွန်တော့် တရားခံ အမှုသည်အတွက် ဝမ်းသာအားရ ဖြစ်မိပါတယ် ဆိုတာကို ဦးစွာ ပြောကြားလိုပါတယ်။ ပထမဆုံး ကျွန်တော့် တရားခံကို လူသတ်မှုနဲ့ စွဲချက်တင်ပါတယ်။ နောက်တော့ လူသတ်မှုကနေ ညှဉ်းပန်းနှိပ်စက်မှုဆီ လျှော့ကျလာပါတယ်။ အဲဒီ ညှဉ်းပန်းနှိပ်စက်မှုအရ အပြစ်ဒဏ် ခံရမယ်ဆိုရင် ဒဏ်ငွေမဆောင်ရတဲ့ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် နှနှစ်နှစ်အထိ ကျခံရနိုင်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ အမှန်တရားရဲ့ အလင်းရောင် ထွန်းပြောင်လာမှုကြောင့် တသည်ကို နားရွက် အုပ်တဲ့ စွဲချက်လောက်ပဲ ကျန်ပါတော့တယ်'

ထို့နောက် ရှေ့နေကြီး မက်ခွန်နယ်သည် သူ၏ နီဒါနီးကို ငုံးမင်း နားထဲ ဝင်သွားပြီး စဉ်းစားစရာ အချိန်ရအောင် ခေတ္တ ရပ်ထားသည်။ ပြီးမှ ဆက်လက် လျှောက်လဲသည်။

ဤတွင် သူ့အမှုသည် တရားခံ ကြုံတွေ့ရသည့် အခြေအနေ မည်မျှ ခက်ခဲ ကျဉ်းကျပ်ပုံကို တင်ပြသည်။ အစေခံဆိုးများနှင့် ဆက်ဆံမှုကြမည် ဆိုလျှင် မည်မျှ စိတ်ညစ်စရာ ကောင်းသည်ကို နားလည်နိုင်ကြမည် ထင်ပါသည်။ မြန်မာပြည်တွင်မူ အရှင်သခင်နှင့် အနိုင်အစေတို့သည် တစ်ဦးကိုတစ်ဦး လေးစား ချစ်ခင်ကာ နားလည်မှု အပြည့်အဝ ရှိကြပါသည်။ သို့သော် ဆက်ဆံရေး မပြေပြစ်သည်ကို တစ်ခါတစ်ရံ ကြုံရတတ်ပါသည်။

သူ့အမှုသည် တရားခံသည် မြန်မာပြည်နှင့် မြန်မာလူမျိုး အကြောင်းကို ကောင်းကောင်း မသိသေးပါ။ အင်္ဂလန်မှ ရောက်စ လူငယ်တစ်ယောက်အဖို့ ဘာမျှစ်လို တသည့်ဆိုးကို မျှော်လင့်လျက်သား ဖြစ်နေသည်မှာ ကံဆိုးသည်။ တသည် မျှ နားခြင်းပင် ဖြစ်သည်။ သို့သော်လည်း သူ့ကို ဘယ်ပုံ အပြစ်တင်နိုင်မည်နည်း။ ဆက်ဆံရေး အလွန်ပြေပြစ်ကောင်းမွန်သည့် အင်္ဂလန်မြေမှ ရောက်လာစ လူငယ်တစ်ယောက်အဖို့ အရှေ့တိုင်းသား ဘိန်းစားတသည်ကို မည်သို့ နိုင်းစေရမည်နည်း။ ယုံကြည် ကိုးစားနိုင်မည်လော။ ဤသည်တို့ကို အလွယ်တကူ နား

လည်နိုင်ပါမည်လား။ သူ့ပစ္စည်း ခိုးသည်ကို ဓေါ်ပမှ မမြင်သည့်အခါ ဘာချစ်မှာ အရူးအပေါ် ဟန်ဆောင်နေသည်။ ယောကျ်ား မင်းမသနှင့် ရှေလည်ကြောင်ပတ်လှုပ်နေသည်။ ထိုမြင်ကွင်းကို စက်ဆုပ်ရွံရှာလာပြီ။ နားရင်းတီးကာ ဆုံးမလိုက်သည်မှာ တရားလွန်ရာ ရောက်သလားတော့ မပြောတတ်။ သို့သော် လူငယ်တို့အတု စိတ်လိုက်မာန်ပါ ဆုံးမလိုက်ခြင်းပင် ဖြစ်သည်။ မိမိတပည့်ဆိုးကို ဆုံးမရမည်မှာ အရှင်သခင်ကောင်းတို့၏ ဝတ္တရားပင် ဖြစ်သည်။ အခစားတပည့်ကို ဤရွေ့ ဤမျှ အထိကား ဆုံးမ ထိန်းကွပ်ထိုက်သည်ဟု ယူဆပါသည်။ သို့ဖြစ်ရာ ဤမျှလောက် ဆုံးမရုံဖြင့် ပြုတင်းပေါင်က ခုန်ချထွက်ပြေးသွားမည့်အဖြစ်ဆိုးကို ဆိုက်ရောက်လိမ့်မည်ဟု ဘယ်သူ မျှော်လင့်ထားနိုင်ပါမည်နည်း။ အထူးသဖြင့် ဟာယုကို အင်္ဂလန်ပြည်မှ ရောက်စ၊ ကျောင်းက ထွက်သည်မှာလည်း မကြာသေးသည့် လူငယ်အရာရှိတစ်ယောက်အဖို့ နောက်ဆက်တွဲတို့ကို ဘယ်လိုဘယ်ပုံ မျှော်လင့်ထားနိုင်ပါမည်နည်း။

ဤသည်မှာ မစ္စတာမက်ခွန်နယ်၏ လျှောက်လဲချက် ဖြစ်သည်။

လျှောက်လဲပြီးလျှင် မက်ခွန်နယ်သည် သူ့နေရာသို့ သွားကာ ထိုင်သည်။ အနိုက်အတန့်တွင် ကျွန်တော်သည် မက်ခွန်နယ် ဆွဲခေါ်ရာနောက်သို့ ကောက်ကောက် ပါအောင် လိုက်ပါသွားမိသည်။ သူ့လျှောက်လဲချက်မှာ အလွန် ထိရောက်သည်။ ကြားရသူ တစ်ဖက်သား စိတ်ကို ပျောင်းညွတ်လာအောင် လျှောက်လဲနိုင်သည့် သတ္တိထူး ရှိသည်။

ထိုအချိန်တွင် ဟာယုကို အမှုမှ ကွင်းလုံးကျွတ် လွှတ်ပေးလိုက်ချင်စိတ် ကျွန်တော့်၌ ဖြစ်ပေါ်မိသည်။ စိတ်ထဲ ပေါ်လာသည့်အတိုင်း ပြုမူမိမည်ဆိုလျှင် အရာရာသည် ပြီးပြေသွားမည်။ နောက်ဆက်တွဲ ဒုက္ခတွေ၊ စိတ်ရှုပ်ထွေးရာတွေ ပေါ်လာစရာအကြောင်း၊ မရှိ။ အစိုးရက ဟာယုအား စွဲဆိုသည့် အမှုသည် လုံး၀ အခြေအမြစ် မရှိ။ ထို့ကြောင့် ဟာယုအား အမှုမှ တရားသေ လွှတ်လိုက်သည်ဟု ဆယ်တိုတို စီရင်ချက်ချရုံပင် ဖြစ်သည်။ အမှုသွား အမှုလာမှာ ဤစီရင်ထုံးသို့ ရှေးရှုနေသည်။ အင်္ဂလိပ် ကုန်သည်ကြီးများနှင့် အပေါင်းပါများကလည်း ဟာယုအား အမှုလွှတ်သည်မှာ မသင့်ဟု ယူဆကြောင်း ကျွန်တော် မေးမြန်းပြီး ဖြစ်သည်။

အင်္ဂလိပ် အသိုင်းအဝိုင်းက ဤကိစ္စတွင် ဟက်ဟက်ပက်ပက် မရှိလှ။ အမှုလွှတ်သည်ကို မထောက်ခံချင်လှ။ မြန်မာတို့ကမူ ဘုရင်ခံ ဆားများအင်းနှစ်က ဟာယုအား အမှုလွှတ်သည်ကိုပင် ကျေနပ်လှပြီ။ နှစ်ထောင်အားရ ရှိလှပြီ။ သို့သော်လည်း ထိုအချိန်ကမူ မြန်မာတွေ ကျေနပ်သည်၊ မကျေနပ်သည်ကို အရေးမှ

စဉ်းစားနေရန်ပင် မလို။ မည်သို့ဖြစ်စေ ဤအမှုကို ရက်သတ္တ နှစ်ပတ်လုံးလုံး အချိန်ယူ စစ်ဆေးသည်ကိုပင် အများရှင်လူတို့က အားရစရာ ဖြစ်နေကြသည်။

သို့သော် ကျွန်တော်ကတော့ ဆင်ခြင်စရာ၊ အလေးအနက် စဉ်းစားစရာတို့ ရှိနေသည်။ ဟယ်ယုတွင် အပြစ်မရှိဟု တိုတိုကုတ်ကုတ် စီရင်ချက်ချရေးကာ အမှု ပိတ်လိုက်ရမည် ဆိုလျှင် ကျွန်တော့်ရင်ထဲတွင် ပေါ့သွားလိမ့်မည်ကား မထင်။ တထင့်ထင့် ဖြစ်ကျန်ရစ်နေမည် အမှန်။ ကျွန်တော့်ကို ရန်ကုန်ခရိုင် တရားသူကြီး အဖြစ် ပေးအပ်ထားသည့် အခွင့်အာဏာတို့ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုဘဲ ပြောစရာ၊ ဆိုစရာ ကျန်ရစ်နေလိမ့်မည်။ ဆင်ခြင်စရာ၊ စဉ်းစားစရာတို့ကို ထောက်ပြရလိမ့်မည်။ ထောက်လည်း ထောက်ပြချင်သည်။ ကျွန်တော်၏ ရာဇဝတ်တရားသူကြီး တာဝန်ထမ်းရာမှာ အမှုကိစ္စတစ်ခု ဖြစ်ပွားကာ ရုံးတင် လာပြီ ဆိုလျှင် ကြားနာပြီး မိမိထင်မြင်ယူဆချက်ကို မှန်မှန်ကန်ကန် မကွယ် မထောက် ထုတ်ဖော်ပြသရန်ပင် ဖြစ်သည်။

ရန်ကုန်ခရိုင်၏ ရာဇဝတ် တရားသူကြီး တစ်ယောက်က ဤအမှုတွင် သူ ဘယ်လို ထင်မြင်ယူဆသည်ကို မှန်မှန်ကန်ကန် မထုတ်ဖော်နိုင်လျှင် ကျွန်တော် သည် ပြည်ပိုင်အစိုးရ အပေါ်တွင် လည်းကောင်း၊ အမှန်ထမ်း ရန်ကုန်မြို့သူ မြို့သားများအပေါ်တွင် လည်းကောင်း တာဝန်မကျေရာ ရောက်သည်။ အစိုးရနှင့် ရန်ကုန် မြို့သူ မြို့သားတို့က ဤရာထူးကို ဖန်တီးထားရှင်ကာ ကျွန်တော့်အား လခစား ပေးနေသည်။ ကျွန်တော်ကတော့ ဗြိတိသျှ တရားမျှတမှု မီးရှူးတန်ဆောင် ကို လွှန်းပြောင်အောင် ဆောင်ရွက်ရမည်။ တရားဥပဒေ စိုးမိုးရေးကို အကောင် အထည် ဖော်ပေးရမည်။ အကယ်၍ ထိုတရားသူကြီးသည် သူ့ထင်မြင်ချက်ကို ထုတ်ဖော်ရန် ပျက်ကွက်ခဲ့လျှင် သူ့လောက်မျှ လခမရသည့်၊ သူ့ထက်ဝက်သာ လခရသည့် သူ့အောက်က အရာထမ်း၊ တစ်ဦးလောက်ပင် တာဝန်ကျေသူ မ ဖြစ်နိုင်။

ဤအမှုကို အများ နားလည်အောင် ရှင်းရမည့် တာဝန်မှာ ကျွန်တော့် တာဝန် ဖြစ်သည်။ မြန်မာများက အင်္ဂလိပ်များကို မကျေနပ်ကာ အမှုနှင့် ပတ်သက်၍ စိုးပြင်းနေသည်ကို ပြေလည်အောင် ရှင်းပြရလိမ့်မည်။ အကယ်၍ အမှုအကြောင်း၊ ဘာမျှ မပြောဘဲ ဟယ်ယုကို လွှတ်ပစ်လိုက်သည် ဆိုလျှင်မူ မြန်မာတွေ မကျေနပ်နေသည်ကို ကျွန်တော်ကတော့ ပြေလည်အောင် ပြေရှင်းချက် မပေးဘဲ မြန်မာ ဆန္ဒကို မျက်ကွယ်ပြုရာ ရောက်ပေလိမ့်မည်။ သို့မဟုတ်လျှင် လက်ရှိ အခြေအနေကို ကျွန်တော် နားမလည်ရာ ရောက်မည်။ ထို့ပြင် ဘက်လိုက်သည် ဟုလည်း ထင်ကြမည်။ အပြော ခံရလိမ့်မည်။

မြန်မာတွေ မကောင်းမနုပ်ဖြစ်ကြ ခံပြင်းနေသည်ကို ကျွန်တော် နားလည် သည်။ ကျွန်တော် နားလည်သလို တခြားအင်္ဂလိပ်များကိုလည်း နားလည်စေချင် သည့် စိတ်ဆန္ဒ ကျွန်တော့်မှာ ဖြစ်ပေါ်လာသည်။ မြန်မာအစေခံ တစ်ယောက်ကို အင်္ဂလိပ်သခင်က ခေါ်ပြီး ဆူပူကြိမ်းမောင်းသည့်တွင် အစေခံသည် သူ့ကိုယ်သူ အတော်သေးသွားသည် ဆိုသည့် အချက်ကိုမူ မသိကျိုးကျွံပြု၍ မရနိုင်။ ယင်းကို နားမိထားလို့ မဖြစ်။ အကြောင်း ရှိသည်။ ထိုအစေခံ ဘချစ်သည် စိတ် အတည် မကျသူ ဖြစ်သည်။ အိမ်နှံ့က ရှာကြောင်းကြောင်း ဖြစ်နေသည်။ သူ့ကို အိမ်နှံ့သည် ဟူ၍ကား ရှုပ်ရှုံနိုင်စရာ အကြောင်းမရှိ။ သို့သော် သူ ပစ္စည်းမိုးနှုန်းကိုကား သိသည်။ သို့သော်လည်း ဘာ့ကြောင့် ဘချစ်ကို ကြာရှည်ကြာအောင် မေးမြန်းနေရသလဲ၊ မေးနေလို့လည်း ဘာမျှ ပြန်ဖြေနိုင်သူ မဟုတ်မှန်း မသိဘူးလား၊ အကျိုးမထူး သည်ကို မရိပ်မိဘူးလား။ လက်ကြယ်သီးလေး တစ်ခု ပြုတ်ရုံ သည်လောက် တင်းတင်းကျပ်ကျပ် စစ်ဆေး မေးမြန်းနေရသလား။ လက်ကြယ်သီး တစ်ခုက သည်လောက်ပဲ အရေးကြီးနေရသလား။

ဤသည်တို့ကို ရှေ့လည်အောင် ဖြေရှင်းဖို့ မလွယ်လှ။ ဟယ့်သည် သူ့အမြဲအနေကို သူ နားမလည်။ သူ့တည့် မြန်မာအစေခံအပေါ် စိတ်ပျက်ပြီး အတင်း ဆူပူကြိမ်းမောင်းပြီးက စစ်ဆေးနေသည့် သူ့အဖြစ်ကို သူ နားမလည်။ အကယ်၍သာ မေးမြန်းခံရသူသည် အင်္ဂလိပ်လူမျိုး တစ်ယောက် ဖြစ်ခဲ့မည် ဆိုလျှင် ယခုလို ပြတင်းက နှုန်းရှာသည်အထိ အဖြစ်မခံတော့ဘဲ မေးစ မေးပြီး ပြန်လွှတ်လိုက် မည်မှာ သေချာသည်။

အများကိုမူ တစ်ခုကို လွန်လွန်ကျူးကျူး ပြဿနာပြုလိုလျှင် ပြဿနာ ခံရသူတို့ အနေအထားကို လိုက်၍ သင့်၊ မသင့် ချိုးစားဆောင်ပြင်စိတ်မျိုး ဝင်လာတတ်သည်။ အင်္ဂလိပ် အချင်းချင်း ပြောဆို ပြုမူ ဆက်ဆံသည်က တစ်မျိုး၊ အင်္ဂလိပ်က လက်အောက်ခံ လူမျိုးခြားအပေါ် ပြောဆို ဆက်ဆံသည်က တစ်မျိုး ဖြစ်တတ် သည်။

ယခုမှ ဟယ့်သည် ဘချစ်နှင့် ဆက်ဆံသည့်အခါ လူရာမှုချင်း စာနာစိတ်ဖြင့် မဆက်ဆံ ဟူသော အချက်ကို ကျွန်တော် ဆင်ခြင်မိသည်။ ဤသည်မှာ သူ့ဘက်က အပြစ်တစ်ခု ဖြစ်နေသည်။ အမှန်စင်စစ် သူ တစ်ယောက်တည်း အပေါ် လုံးလုံး လျားလျား အပြစ်ပုံလျှင် မသင့်။ သူ ကျင်လည်ကြီးပြင်းခဲ့သည့် အင်္ဂလိပ် အသိုင်း အဝိုင်း တစ်ခုလုံးတွင် တစ်စိတ်တစ်ပိုင်းအားဖြင့် တာဝန်ရှိနေသည် ဟု ကျွန်တော် ယူဆမိသည်။

သူ့ဘဝညဉ့်ကို လှလှ မဆောက်ခဲ့သည့် သူ့စိတ်ထားသည် နောင်အခါ ထင်ထင်ရှားရှား ပေါ်လာသည်။ ဘချစ် သေဆုံးသည့်တိုင် သူ့မှာ ဒေါသ မပြေသေး။ ဒေါသဖြစ်လျှင်၊ စိတ်ချဉ်ပေါက်လျှင်၊ စိတ်ရှုပ်ရလျှင် သတိလက်လွတ် ဖြစ်တတ်သည်မှာ မှန်တာပင် ဖြစ်သည်။ သို့သော် မိမိ မျက်စိအောက်မှာ လူတစ်ယောက် အသက် ထွက်သွားသည်ကို မြင်တွေ့ရလျှင်မူ သနားစိတ်၊ ကြင်နာစိတ် ဝင်လာသင့်သည်။ ဒေါသစိတ် ပျောက်ကာ ရှုံ့စိတ် ပြန်ဝင်လာသင့်သည်။ ဘချစ်မိန်းမ မကြွယ်ကို သူ့ကင်း အလောင်းမထားမှာ တွေ့ရပြီး မကြွယ် က သူ့ယောကျ်ားဆုံးလေ၍ တောင်းသည့်အခါ ဖြတ်ပြတ်တောက်တောက်ပင် မပေးနိုင်၊ မကြွယ်နှင့် ဘာမျှမဆိုင်ဟု ငြင်းဆိုလိုက်သည်။ အကယ်၍သာ မကြွယ် အစား အင်္ဂလိပ် အမျိုးသမီးတစ်ယောက် ဖြစ်ခဲ့လျှင် ဤသို့ ခေါ်ခေါ်သီးသီး ငြင်းဆို မည်လော။ သို့သော် မြန်မာအမျိုးသမီး ဖြစ်နေသဖြင့် မပေးနိုင်ဟု ငြင်းပယ်လိုက် သည်။ ဤနေရာတွင် သူ့နှလုံးသားသည် အလွန် မာကျောနေသည်။ သို့ကြောင့်ပင် မြန်မာတို့က ဟယုအား လူသတ်တရားခံဟု မှတ်ယူလိုက်ခြင်း ဖြစ်လေသည်။ သူ့တွင် ကြင်နာတတ်သည့် နှလုံးသား မရှိ။ သူ့နှလုံးသားသည် လူသတ်သမားကဲ့သို့ ကျောက်ထက် မာကျောသည်ဟု မြန်မာများက ခံယူထားကြသည်။

မှူတာ မက်ဒွန်နယ် လျှောက်လဲမနေခဲ့ ကျွန်တော်သည် အမှုသွား အမှုလာကို စဉ်းစားကာ ဤသို့ တွေးတောဆင်ခြင်မိလေသည်။ သို့ဖြစ်ရာ အမှုကို စီရင်ချက် မချသေးဘဲ သောကြာနေ့သို့ ရွှေ့ဆိုင်းလိုက်သည်။

စီရင်ချက်ရေးရန် ကျွန်တော့်တွင် နှစ်ရက် အချိန်ရသည်။ စီရင်ချက်မှာ စကားလုံး ငါးထောင်ရှိသည်။ အမှုသွား အမှုလာကို သက်သေထွက်ချက်တို့မှ ပြန်ကောက်ရသည်။ ဤတွင် မြန်မာတို့က ဟယုတစ်ယောက် ရာဇဝတ်မှု ကျူးလွန် သည် ဆိုသည့် အထင်အမြင်ကို မေ့ပျောက်ရန် မနည်းပင် ရုန်းကန်လှုပ်ရှားရသည်။ ဟယုသည် တကယ်ပင် ရာဇဝတ်မှု မကျူးလွန်။ ထို့ကြောင့် ပြစ်ဒဏ်ပေးရန် မရှိဘဲ လွှတ်လိုက်သည်ဟု ဖော်ပြကာ အထက်က တင်ပြထားသည့် ကျွန်တော် ထင်မြင် ယူဆချက်တို့ကို ထည့်သွင်းဖော်ပြလိုက်သည်။

သောကြာနေ့ မနက်တွင်မူ ကျွန်တော်စီရင်ချက် အပြည့်အစုံကို ရုံးတွင် ဖတ်ကြားသည်။ စနေနေ့ မနက်ပိုင်း သတင်းစာများတွင် ထိုစီရင်ချက်ကို လေး ကော်လံခွဲမျှ နေရာပေးကာ ဖော်ပြကြသည်။ ထိုနေ့ ညနေမှာပင် ဘုရင်ခံ ဆာရှားဆင်းနစ်သည် အထက်မြန်မာပြည်သို့ ခရီးထွက်မည် ဖြစ်ရာ အထက် အရာရှိကြီးများသည် ဘူတာကြီးသို့ သွားကာ သူ့ကို လိုက်ပို့ကြသည်။ ဘူတာကြီး ပေါ်သို့ ကျွန်တော် ရောက်သွားလျှင် အတွင်းဝန်ချုပ် မှူတာဟွန်ဂ်နှင့် ကျွန်တော်

မင်းကြီး ဗူးမရုဂလီကို စကားလက်ဆုံ ကျနေသည်ကို တွေ့ရသည်။ သူတို့ဆီသို့ ရောက်သွားကာ အမှုအကြောင်းကို ရုတ်တရက် ပါးစပ်က ထွက်သွားမိသည်။

'ကျွန်တော့်စီရင်ချက် ဘယ်လို ထင်ပါသလဲ' အတွင်းဝန်ချုပ်ကို မေးမိသည်။

ကျွန်တော် စကားမှားသွားပြီကို ချက်ချင်းပင် သတိထားလိုက်မိသည်။ သူ့အပြုံမှာ ရှုံ့သည်။ တဲတိုးပင် ပြောချလိုက်သည်။ 'မင်းပြောတာ နည်းနည်း မှားသွားတယ်၊ ငါသာ မင်းနေရာမှာဆိုရင် ဟာယူကို ၁၀ဂါဠွေ ငါးကျပ် တပ်လိုက်မယ်၊ မင်းအထဲက ပေါက်ပြော ပို့ရှုအားတာတွေ တစ်လုံးမှ ငါ မပြောဘူး ဒါပဲ'

'အစေခံတစ်ယောက်ကို နားရင်းအုပ်တဲ့အတွက် ၁၀ဂါဠွေ ငါးကျပ်ပဲ တပ်မယ် ဟုတ်လား၊ ဒီလိုဆိုရင် အမှုဟာ ရယ်စရာ ဖြစ်သွားမှာပေါ့' ကျွန်တော်က ပြန်ပြောသည်။

ထိုအခါ လှိုက်က အမိဖုရားဘယ်တစ်မျိုး ဆောင်သည့် မျက်နှာပေးဖြင့် ဗူးမရုဂလီအား စိုက်ကြည့်လိုက်သည်။

ထိုအချိန်မှာပင် ဘုရင်ခံဆောင်များ လာနေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ အားလုံးကို လက်ဆွဲနှုတ်ဆက်ပြီး ကျွန်တော့်အား ဤသို့ ပြောသည်။

'နည်းနည်း ပင်ပန်းမှာပေါ့နော်၊ အေး . . . မင်းကိုင်တဲ့အမှု ပြီးသွားတာ ဝမ်းသာပါတယ်'

ထို့နောက် ဘုရင်ခံက ပေသဘာယ စကားတစ်ခွန်းကို ဤသို့ ဆိုပါသည်။ 'မြန်မာတွေ စိတ်ထဲမှာ ခံပြင်းပြီး မကျေမနပ် ဖြစ်နေတာ တစ်ခုက မြန်မာပြည်မှာ မြန်မာအစေခံတွေကို တို့တစ်တွေ ဆက်ဆံတဲ့အခါမှာ အင်္ဂလန်မှာလို မဆက်ဆံဘူး ဆိုတဲ့ အချက်ပဲ'

ဆာချားသည် ထိုနေ့ မနက်က သတင်းစာများကို မဖတ်ရသေး ဟု ကျွန်တော် ယူဆသည်။ သူကား အလွန် အလုပ်များသူ ဖြစ်သည်။ သို့သော်လည်း သူ့အမြင် နားရှုပ်မှာမှ မှတ်သားစရာ ကောင်းသည်။ ချီးကျူးစရာ ကောင်းသည်။ ဘုရင်ခံ၏ စကားကို ကြားရလျှင် မနှတလှိုက်တစ်ယောက် မျက်စိမျက်နှာ ပျက်သွားသည်ဟု ထင်မိသည်။ သို့နှင့် တခြားစကားများ ရောက်သွားသည်။ ဆာချားသည် ဓနီးတွက်ခါနီး လိုအပ်သည်တို့ကို ညွှန်ကြားကာ တဲ့အတွင်းသို့ ဝင်သွားသည်။

ရထားထွက်လျှင် ဟိန္ဒူ မစ်ရှင်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဆွာမီရှယမ် အာနန္ဒာသည် ကျွန်တော့် အနားသို့ ကပ်လာသည်။ စေတဝက ကျွန်တော်တို့ ပြောဆိုနေကြသည်ကို သူ အကုန်ကြားသည်။ ယခုလည်း သူက -

'ဘုရင်မကြီးက တကယ့် လူကြီးလူကောင်း တစ်ယောက်ပဲဗျ' ဟု မှတ်ချက်ပေးလိုက်သည်။

ဘုတာမှ ပြန်အလာတွင် ဟယယု အမှု၏ နောက်ဆက်တွဲတို့ကို ကျွန်တော် ကြားရပြီဟု ခံစားမိသည်။ ဘုတာရုံကြီးတွင် ထိပ်တန်းအရာရှိကြီး နှစ်ဦးနှင့် စကားလက်ဆုံ ကျမိသည့် ကျွန်တော့် စီရင်ချက်ကို မနှစ်မြို့ကြသူတို့ ရှိလာသည်။ ကျွန်တော့် စီရင်ချက်က လူအချို့ကို ထိခိုက်စေသည်ဟု သဘောပေါက်မိသည်။

ကျွန်တော့် စီရင်ချက်မှာ အချိန်အခါနှင့် ကိုက်ညီပြီး မှန်ကန်သင့်မြတ်သည်ဟု ထင်မိသည်။ လူသားမန်တို့သည် ကျွန်တော့်ကို သဘောကျမည် ဖြစ်သည်။ သို့သော် ကျွန်တော့်အထင် ပါစင်အောင် လွဲသည်ကို သိ၍ ပြုံးလာသည်။

ထိုညနေမှာပင် ပဲခူးကလပ်သို့ ကျွန်တော် ရောက်သွားသည်။ အရက်ဝိုင်း တစ်ခုတွင် ထိုင်မိသည်။ ထိုနေ့မှာ စနေနေ့ ဖြစ်ရာ လူသတ်မှု စီရင်ချက် ချပြီးနောက် တစ်ပတ်တိတိ ကြာပြီးမှ ကလပ်သို့ ကျွန်တော် ရောက်သွားခြင်း ဖြစ်လေသည်။ သို့သော်လည်း ယခင်တစ်ပတ်ကနှင့် စာလျှင် အခြေအနေ ခြားနားနေသည်ကို မျက်မှောက်ပြုရသည်။ ကုန်သည်ကြီး အချို့မှာ အရက်သောက်နေကြသည်။ ကျွန်တော့်ကို လှမ်းမြင်နေကြသော်လည်း ပြုံးရယ်ခြင်းပင် မပြု၊ ခေါ်လည်း မခေါ်။ သူတို့အားလုံးသည် ရှေ့နေကြီး မက်ခွန်နယ်နှင့် ပြောဆိုဆွေးနွေး နေကြသည်။ သို့တိုင်အောင် ကျွန်တော်နှင့် အလုပ်တူ ဖြစ်သည့် အုပ်ချုပ်ရေး ဝန်ထမ်းတို့သည် ကျွန်တော့်ထံ ရောက်လာကာ ပြောဆို နှုတ်ဆက်ကြသည်။ ကျွန်တော် ရောက်သွားသည့် အချိန်တွင် သူတို့ ဆွေးနွေးနေကြသည့် အကြောင်းအရာမှာ တစ်ခုတည်းသာ ဖြစ်သည်။ ကုန်သည်များက သူ ပြောသည်ကိုသာ နားထောင်နေကြသည်။ မက်ခွန်နယ်က သူသာ ကျွန်တော့်နေရာတွင် ရောက်နေလျှင် မည်သို့မည်ပုံ စီရင်မည်ဟု ရှင်းပြနေသည်။ ကျွန်တော့်မိတ်ဆွေ အချို့ကမူ ကျွန်တော့်ဘက်က ကာကွယ်ပြောဆိုကြသည်။

ကျွန်တော်တို့ အိုင်စီအက်စ်မှ သေးသေးကွေးကွေး မှုန်ရှိုင်တစ်ယောက်သည် ကျွန်တော်နှင့် ဆွေးနွေးသည်။ သူ့ အမြင်များမှာ ရိုးတားလှသည်။ သူသည် ခေတ်နောက်ကျသည်။ သို့သော် သူက ဤသို့ ဆိုသည်။ 'ခင်ဗျား စီရင်ချက်ကို ပထမဆုံးအကြိမ် ဖတ်လိုက်ရတော့ ဟာယူကို တစ်နည်းမဟုတ် တစ်နည်း အပြစ်ရှိတာတာ တွေ့ရပြီး ခင်ဗျား မှားသွားပြီလို့ ထင်လိုက်မိတယ်။ ပြီးတော့မှ ခင်ဗျား သုံးထားတဲ့ စကားတစ်ပိုဒ်ကို ကျွန်တော် သတိထားမိတယ်၊ ခင်ဗျားက "လက်ကြယ်သီး တစ်ခုရဲ့ တန်ဖိုးက လူတစ်ယောက်ရဲ့ အသက်တစ်ချောင်းလောက်

တန်ခိုးကြီးနေသလား”လို့ ဆိုထားတယ်၊ အဲဒီတော့မှ ခင်ဗျားပြောတာ မှန်တယ်လို့ ကျွန်တော် သဘောပေါက်လာတယ်”

အခြား မှတ်ချက်တို့ကမူ ဤကဲ့သို့ လူဆန်ဆန် မဆင်ခြင်၊ မတွေးတော နိုင်ကြ။ ကျွန်တော့် စီရင်ချက်က မှတ်မှားခြင်း အင်္ဂလိပ်တို့၏ ဂုဏ်သိက္ခာကို ထိပါးစေသည်။ အင်္ဂလိပ်တို့သည် လက်အောက်ခံ တိုင်းရင်းသား မြန်မာတို့အပေါ် လူလို မဆက်ဆံကြောင်း ဝန်ခံရာ ရောက်နေသည်ဟု ယူဆကြသည်။

“ခုလို အချိန်မျိုးမှာ အဲဒီ သဘောမျိုး မသက်ရောက်အောင် ထိန်းဖို့၊ အဲဒီလို ဝန်မခံမိဖို့ သတိထားရမယ် မဟုတ်လား”ဟု ဆန်စက်ပိုင်ရှင် အင်္ဂလိပ် တစ်ယောက်က ပြောသည်။ သူက ဆက်ပြီး -

“ဟယ့် လုပ်တာတွေ မှန်တယ်၊ သင့်တယ်လို့ ကျွန်တော် မဆိုလိုပါဘူး။ အချစ် မိန်းမအပေါ် ဆက်ဆံတာဟာ လူ့နိုတာပေါ့၊ ဖြစ်ရမှာက ပျော့ပျောင်းရမယ်၊ ရှိုသာရမယ်၊ ဒါတွေက အခုနဲ့ ဆိုင်မဆိုင်လှဘူး၊ ဟယ့်ဘက်က အဲဒီရှိတဲ့မှု မျိုးတွေကို မကာလစ်က ထောက်ပြဖို့ မလိုဘူး၊ အခုတော့ ကျွန်တော်တို့ အင်္ဂလိပ် အားလုံးကို မြန်မာတွေက မလိုလားနေတဲ့ အချိန်မှာ အဲဒီ စီရင်ချက်မျိုး ထုတ်ပေး လိုက်တာ ဆိုတော့ အခုနေရ အထိုင်ရ ခက်ကုန်တာပေါ့”

“အဲဒီလိုတော့ ကျွန်တော် မယူဆဘူး”

ကျွန်တော်မိတ်ဆွေ တစ်ယောက်က ဆန်စက်ပိုင်ရှင်ကို ပြန်လည် ချေပ သည်။

“မကာလစ်ရဲ့ စီရင်ချက်ဟာ အင်္ဂလိပ်တွေရဲ့ သဘောထား ဖြစ်နိုင်ရမယ်၊ သူ ယုံကြည်တာကို သူ မပြောခဲ့ရင် မြန်မာတွေ စိတ်ထဲမှာ အင်္ဂလိပ်တွေက တိုင်းရင်းသားတွေကို မလိုလားဘူးလို့ ယူဆကြတော့မှာပေါ့။ ခင်ဗျားအတွက် တစ်ခုပြောချင်တယ်၊ ခင်ဗျား အလုပ်သမားတွေအကြားမှာ ခုလို အထင်အမြင် မျိုးတွေ မပြောရင် ကောင်းမယ်၊ ပါးစပ် ပိတ်ထားရင် ခင်ဗျားကို ကြည်ညိုလာ မှာပဲ၊ လောင်းရဲတယ်ဗျာ”

“ဟုတ်ပါတယ်၊ ခင်ဗျား ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ အင်္ဂလိပ်တွေကို နှိမ်သလို ဖြစ်မနေဘူးလား”

“အခုပဲ မြန်မာတွေနဲ့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်တာ မကောင်းဘူးလို့ ခင်ဗျား ပြောခဲ့တယ်၊ ဒါပေမဲ့ ခင်ဗျား သဘောထားက မြန်မာ ထင်မြင်ယူဆချက်နဲ့ တိုက်ရိုက် ဆန့်ကျင်နေတာပဲ”

“ဗိုလ်ကျ… ကိုယ်လူမျိုးကိုတော့ ကိုယ် မနှိမ်ချင်ပါဘူး” ဆန်စက်ပိုင်ရှင်က ပြောသည်။

'ဒါပေမဲ့ အခု ခင်ဗျား လုပ်နေ၊ ပြောနေတာဟာ ဆော်လီဗင်တွေကို ဖိနှိပ်ရာ ရောက်နေပြီ'

'ခင်ဗျား ပြောတာ ကျွန်တော် နားမလည်ဘူး၊ ဘာ ဆိုလိုချင်တာလဲ၊ ကျွန်တော်တို့ကတော့ ညီညွတ်ရင် ကောင်းတာပဲ'

'မြန်မာတွေကို ဆန့်ကျင်တဲ့ နေရာမှာ ညီညွတ်ဖို့ပြောတာလား'

'အို ဒီသဘောမျိုး ကျွန်တော် ပြောချင်တာ မဟုတ်ပါဘူး'

ဆန်စကော်ဗိုင်ရှင်၏ နာမည်ကိုကား ကျွန်တော် မေ့နေပြီ။ သို့သော် သူနှင့် အမျှအတင်ပြောသည့် ပုဂ္ဂိုလ်မှာမူ အိန္ဒိယ ပညာသုံးစက်နက်ထယ်၊ ဓိလစ်ဒိုကဂါဝဒီ ဖြစ်လေသည်။

မည်သို့ဖြစ်စေ ဆန်စကော်ဗိုင်ရှင်၏ သဘောထား ဖော်ပြချက်သည် မြန်မာပြည်ရှိ ဆော်လီဗင် အသိုင်းအဝိုင်း၏ ဖော်ပြချက်ပင် ဖြစ်သည်။ ပဲခူးကလပ်သည် အစိုးရအသိုင်းအဝိုင်းတို့ ကြီးစိုးရာ နေရာတစ်ခု ဖြစ်သည်။ ဤအသိုင်းအဝိုင်း၏ ထင်မြင်ယူဆချက်မှာ ဆန်စကော်ဗိုင်ရှင်နှင့် ထပ်တူဖြစ်မှုလျှင် ဆော်လီဗင် ကုန်သည်များ ကြီးစိုးရာ ဂျင်မခါနာ ကလပ်နှင့် ဘုတ်ကလပ်တို့ကလည်း ကျွန်တော်ကို လုံးဝ ဆန့်ကျင်ကြမည်မှာ မလွဲတည်း။ ဤသို့ဖြင့် စိတ်ထဲတွင် မသက်မသာ ဖြစ်လာရသည်။

သူတို့အားလုံး သဘောထားမှာ ကျွန်တော်နှင့် ဆန့်ကျင်နေပြီ ဆိုလျှင် ကျွန်တော် ပြုမှု ဆောင်ရွက်ချက်သည် ဟုတ်မှ ဟုတ်ရဲ့လားဟု ပြန်လည် ဆင်ခြင်လာရသည်။ ကျွန်တော့် စီရင်ချက်တွင် စကားအသုံးအနှုန်း မှားပြီလား၊ ပရိယာယ် မသုံးဘဲ တုံးတိတိကြီး ပြောမိလိုက်သလား၊ ပြင်းထန်သွားသလား၊ ပြောတာ များသွားသလား၊ မက်ခွန်နယ် ပြောတာ မှန်သလား၊ ဟယ်ရတ် ပြောနှင့် ပိတ်ကာနက်က "မြန်မာတွေ အကြောင်း မင်း မသိသေးပါဘူး၊ မြန်မာတွေကို နားလည်အောင် ကြိုးစားပါဦး" ဟုပဲ ပြောရမည်လား။ ဤသို့ကား မပြောနိုင်ပါ။ လုပ်ရပ်တစ်ခု မှားသည်၊ မှန်သည်ကို ချက်ချင်း ဆုံးဖြတ်၍ မရ။ ထိုက်သင့်သည့် အားလျော်စွာ အချိန်စောင့်ရမည် ဖြစ်သည်။ အချိန်ကသာ အလုပ်တစ်ခု မှား၏၊ မှန်၏ကို ဝေဝေ ဆုံးဖြတ်လိမ့်မည်။ နောက်ပြီး အနုပညာ လက်ရာတစ်ခုကို ဝေဖန် အကဲဖြတ်ရန် ခက်သကဲ့သို့ ပင်တည်း။ အကယ်၍ လုပ်ရပ်မှာ မိမိကိုယ်ပိုင် ပြုမှု ဆောင်ရွက်ချက် ဖြစ်နေခဲ့လျှင် မှာကြည့်ဖို့ အတော်ငယ် ခက်ခဲတတ်သည်ကို သတိပြုရသည်။

ဤသို့ ဆင်ခြင်မိသည့်အခါ အပြောက်အမြား စိတ်ရှုပ်ပ မနေတော့ဘဲ မိတ်ဆွေအပေါင်းအသင်းတို့ကို ရှောင်ဖယ်ကာ ကလပ်မှ မြန်မြန် ထ ပြန်လာခဲ့

မှည်း။ အိပ်ရောက်လျှင် ညစာစားရန် ပြင်ဆင်ရသည်။ သို့ငြားလည်း စားလို့မဝင်။ အရသာ မရှိ။ စိတ်က အစာထဲ မရောက်။ ပြီးလျှင် စာတော်ခန်းထဲ ဝင်ကာ နေ့ကောင်းထားသည့် တရုတ်အနုပညာ လက်ရာတို့ကို ပြန်လည် သုံးသပ်ကာ စိတ်ဝန်းဖြေရသည်။ စိတ်လက်မအီမသာ ဖြစ်သည်တို့ ပြေပျောက်သွားသည်။ ယခု ဖြစ်ပျက်ခဲ့သည်တို့ကို ကြည်ကြည်လင်လင် ဆင်ခြင်သုံးသပ်နိုင်လာသည်။

အကယ်၍သာ စီရင်ချက်တွင် တွေတွေထူးထူး မပြောခဲ့လျှင် ဤကိစ္စသည် အဆိုးလို ပြီးပြေသွားမည် ဖြစ်သည်။ ယခု အမှုကို တစ်တိုင်းပြည်လုံး စိတ်ဝင်စားနေကြသည်မှာ တစ်လကျော်ကျော် ရှိလာပြီ။ ကျွန်တော် စီရင်ချက်တွင် တစ်စုံတစ်ရာ မပြောဘဲ ရှောင်ရှားပိတ်နေလိုက်မည်ဆိုလျှင် အစိုးရက အင်္ဂလိပ်မျိုး လျစ်လျူရှုသည်ဟု ပြောကြမည်။ ယူဆကြမည်။ မြန်မာအစိုးရသည် လည်းကောင်း၊ အုပ်ချုပ်သူ အင်္ဂလိပ် အသိုင်းအဝိုင်း တစ်စုလုံးသည် လည်းကောင်း၊ တစ်သက်လုံး အပြစ်တင်စရာ ဖြစ်လေတော့မည်။ ဖွင့်မပြောသင့်သည်ကို ဖွင့်မပြောဘဲ တင်းတင်းကျပ်ကျပ် အရေးယူမှုရှိ အခွင့်အလမ်းရှိသည့် အင်္ဂလိပ်တို့သည် ယခုကိစ္စတွင် မိုက်မဲစွာပင် လျစ်လျူရှုကာ မသိကျိုးကျွန် ပြုခဲ့ကြသည်ဟု အပြစ်တင်ကြလိမ့်မည်။

အင်္ဂလိပ်လူမျိုးသည် ယေဘုယျအားဖြင့် သူတို့ တပည့် အစေအပါးတို့အပေါ် ကောင်းမွန်ပြေပြစ်စွာ ဆက်ဆံခဲ့သည်ချည်း ဖြစ်သည်။ တစ်နေ့တစ်ယောက်က ကောက်လာပြီး မှွေယ်မရာ ပြုမူကျင့်ကြံခဲ့လျှင် ထိုတစ်ယောက်ကို အားလုံးက ဝိုင်း၍ အပြစ်တင်ကြသည်။ မကျေနပ်၊ မနှစ်သက်ကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ ကာဆီး ကာဆီး လုပ်လျှင်ကား မသင့်မလျော်။ အင်္ဂလိပ်လူမျိုးတို့၏ အကျင့်စာရိတ္တမှာ စံထားလောက်သည် ဟူသော ဆိုရိုးကို ဖောက်ဖျက်ရာ ရောက်လေသည်။ အရေးတိုင်းတွင် အင်္ဂလိပ်လူမျိုးတို့၏ အနေအထားမှာ အလွန် အရေးပါသည်။ အုပ်ချုပ်ရေးတွင်မှု အမှားအယွင်း မရှိဘဲ တရားမျှတမှု ရှိအောင်၊ တည့်တည့်မတ်မတ် ဖြစ်အောင် ဆောင်ရွက်ရန် အခါခပ်သိမ်း မဖြစ်နိုင်သည်ကို လူတိုင်း သိသည်။ ထို့အတူ ဟိတ်ဟန်ထုတ်ကာ ကြီးကျယ်နေလျှင်လည်း အလုပ်မကျွင်။ မပြီးမြောက်။ ယခုအမှုတွင် မှုမှုတတ ရှိပါမည်လားဟု မြန်မာတွေ စိတ်ထဲတွင် တဝေဝေ နိုးရိမ်ကြောင့်ကြ နေခဲ့လျှင်လည်း ကျွန်တော်တို့အဖို့ မကောင်း။ တရားသူကြီးသည် ဝါတိုင်းလိုပင် အင်္ဂလိပ်တို့၏ ထုံးစံအတိုင်း မဟိမ်းမသိမ်းသောင်၊ မှုမှုတတ ဖြစ်အောင် စစ်ဆေးသွားလိမ့်မည်ဟု အများပြည်သူတို့ အမြင်တွင် ရှုမြင်နေစို့ လိုသည်။ သို့မဟုတ်ဘဲ နိုးရိမ်ကြောင့်ကြစိတ် ဝင်သွားလျှင်မူ မကောင်း။

ယနေ့ထား ကျွန်တော့်ဘက်က ပြုမူဆောင်ရွက်ချက်သည် တော်တည့်မှန်ကန်သည်ဟု ယူဆမိသည်။ ဘုန်းကြီးတစ်သိုက်နှင့် ပင်နီဝတ် အမျိုးသမီးတစ်သိုက်က သက်သေထွက်သွားသည် မဟုတ်လား။ မကျေနပ်ကြောင်း သူတို့ဘက်က ရိုးစင်းမှု အရှိန်အဟုန် မပြကြ။ အင်း ... ဘုရားသခင် ကျေးဇူးတော်ကြောင့် ကျွန်တော်၏ စီရင်ချက် တည့်တည့်မဟုတ်မတော် ဖြစ်သွားသည်မှာပင် ဝမ်းသာစရာ ကောင်းလှပြီဟု နှစ်သိမ့်မိသည်။

ဤ ပြဿနာတွင် အင်္ဂလိပ်လူမျိုးတို့၏ ခေါင်းသာမန်ကို မပြနိုင်လျှင် မြန်မာ တွေ ဝါးလုံးရွာချက်တွင် ကျွန်တော်တို့ ပျော်ပါးသွားသွယ်ရာ ရှိတော့သည်။ အမှန်စင်စစ် ကျွန်တော့်ရုံးတွင် ဟယ်ပက်ကို စစ်ဆေးနေခြင်း မဟုတ်။ အင်္ဂလိပ် တစ်မျိုးသားလုံးကို စစ်ဆေးနေခြင်းပင် ဖြစ်သည်ဟု ထင်သည်။ တရားသူကြီး၏ အပြုအမူကို သန်းပေါင်းများစွာသော မြန်မာပြည်သူတို့က စောင့်ကြည့်နေကြသည်။ သို့ဖြစ်ရာ အင်္ဂလိပ် တရားသူကြီး တစ်ယောက်သည် အမျိုးသားဂုဏ်အပေါ် ထားသည့် သံယောဇဉ်နှောင်ကြိုးကို ပါတိုင်းထက်ပင် ပို၍ လျှော့ထားရမည်ဟု ကျွန်တော် ယူဆသည်။ အမှုကာလအတွင်း ကျွန်တော့်ကို အတိမ်းအစောင်း ဖြစ်မသွားအောင် တစ်စုံတစ်ရာက ထိန်းချုပ်နေသည်ဟု ခံစားရသည်။ မှန်ကန်ကို မြင်အောင်၊ မြင်သည့်အတိုင်းလည်း ရဲရဲတင်ပြနိုင်အောင် အားပေးနေသည့် တစ်စုံတစ်ရာကို ကျွန်တော် ကျေးဇူးတင်မိသည်။

တနင်္လာနေ့တွင် ကျွန်တော်သည် ဂါတိုင်းလိုင်ပင် ရုံးသို့ သွားကာ စစ်ဆေးစရာရှိသည့် အမှုတို့ကို စစ်ဆေးသည်။ ပြီးခဲ့သည့် အမှုကို ပြန်လည်မတွေးတော့ မနေတော့။ အချိန်တန်လျှင် ပြင်းထန်နေသည့် ထင်မြင်ယူဆချက်တို့သည် ငြိမ်းအေး ပြေလျော့သွားလိမ့်မည်။ အမှန်တရားကို မြင်လာကြလိမ့်မည်။ အင်္ဂလိပ် ကုန်သည်ကြီးများကလည်း အခြေအနေကို ထင်မြင်လာကြလိမ့်မည်။

ဤအယူအဆသည် မှန်ကြောင်း နောင်တွင် ထင်ရှားလာသည်။ မြန်မာနိုင် အမျိုးသားသတင်းစာတစ်စောင်၌ ဆောင်းပါးတစ်ပုဒ် ပါလာသည်။ ယင်းမှာ အမှုစီရင်ချက် ချအပြီး ဆယ်ရက်အကြာတွင် ဖြစ်သည်။ ဆောင်းပါးရှင်က "ဘာချစ် မိန်းမ မကြွယ်တွင် နစ်နာနေပါသည်။ ထို့ကြောင့် မုဆိုးမ မကြွယ်ကို လျော်ကြေး ပေးသင့်ပါသည်။ ယခုတိုင် လျော်ကြေးမပေးသည်မှာ အံ့ဩစရာ ကောင်းသည်။ အကယ်၍ ဟယ်ပနှင့် မစ်ချယ်တို့တွင် ပေးစရာ ပိုက်ဆံ မရှိခဲ့လျှင် စတီးဘရားသား ကုမ္ပဏီက ပေးသင့်ပါသည်။ သူ့ကုမ္ပဏီ၏ အရာရှိတစ်ယောက်သည် ဘာချစ် သေဆုံးသွားသည့် အရေးအခင်းတွင် ပါဝင်ပတ်သက်နေလေရာ ဤအရေးကိစ္စကို မြန်မာပြည်သူတို့က များစွာ စိတ်ဝင်စားနေသည်နှင့်အညီ မုဆိုးမ မကြွယ်အား

မကျွန်ုပ်နှစ်သိမ့်မှု ပေးသည့် အနေဖြင့် စော်ဘွားသား ကျွန်တော်ကြီးသည် ကရုဏာကြေး ပေးသင့်ပါသည်”ဟု ဆောင်းပါးရှင်က ထောက်ခံ တင်ပြသည်။

ဤဆောင်းပါးကြောင့်လား၊ တခြား အကြောင်းကြောင့်လားတော့ မပြောတတ်။ စော်ဘွားသားဘက်က ကြင်နာမှုတစ်ခု တုံ့ပြန်လာသည်။ မကြွယ်အား ကရုဏာကြေး (ထိုအချိန်က မြန်မာငွေ ကျပ်တစ်ထောင်ခန့်နှင့် ညီမျှသည်) ခုနစ်ဆယ်ငါးပေါင်ကို ကျွန်တော်က ပေးပါသည်။ ထို့နောက် မစ္စတာ မာယာကိုလည်း အိန္ဒိယပြည်ရှိ စော်ဘွားသား တိုက်ခွဲတစ်ခုသို့ ပြောင်းရွှေ့ လိုက်လေသည်။ ■

၄

## ၁။ အကြည်အညိုပျက်မှု

၁၉၃၀ နှစ်ဆန်း လာပြီ။ နှစ်သစ်ကူးသည့် နေ့တွင် နှစ်သစ် မင်္ဂလာအတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ ဟု ဆုတောင်း နှုတ်ခွန်းဆက်ကြသည်။ ထိုအခိုက်မှာပင် ကျွန်တော့်စိတ်ထဲ၌ တစ်စုံတစ်ခုကို အမှတ်ရလာသည်။ ၁၉၃၀ တွင် ထူးခြားသည့် အရေးအခင်းများ ဖြစ်ပေါ်လာလိမ့်မည်ဟူသော မြန်မာတို့၏ ယုံကြည်မှုသည် ကျွန်တော့်ခေါင်းထဲသို့ ဝင်လာသည်။ တစ်စုံတစ်ရာ ထူးထူး ခြားခြား ဖြစ်မည်မှာ သေချာသည် ဟူ၍လည်း ပြည်သူတို့က မျှော်လင့်နေကြသည်။

ဟယ့်အမှုကြောင့် ကျွန်တော်မှာ များစွာ စိတ်ထိခိုက်ခဲ့ရသည်။ သို့ဖြစ်ရာ ၁၉၃၀ တွင် ထူးခြားသည့် အရေးအခင်းများ ဖြစ်ပေါ်လာမည်ဆိုလျှင်မူ ကျွန်တော့် ရုံးတော်နှင့် မပတ်သက်ပါစေနှင့်၊ ကျွန်တော်ကိုယ်တိုင်လည်း ခါတိုင်း ဆောင်ရွက် နေကျ အမှုကိစ္စတို့ထက် ပိုပြီး တာဝန်ယူ စီရင်ရမည့်သူ မဖြစ်ပါစေနှင့် ဟု ဆုတောင်းမိသည်။

ကျွန်တော့်ရင်ထဲတွင်ကား "ဒကာကြီးတို့ အမျိုးသားချင်းနဲ့ မသင့်မတင့် ဖြစ်ရတဲ့အကြောင်း ရှိတယ်၊ ဒကာကြီးတို့ အမျိုးသားတွေက ဆန့်ကျင်ပြီး အတိုက် အခံ လုပ်လာမယ်" ဟူသော တောင်ရိုး၊ ဆရာတော်၏ သတိပေး စကားသည် ပဲ့တင်ရိုက်နေသည်။ ထိုစကားကို သတိရနေသည်။ မည်သို့ပင်ဖြစ်စေ ထိုဖြစ်ရပ် တို့သည် ဟယ့် အမှုနှင့်အတူ ကုန်လွန်ခဲ့ပြီ။ ဤသို့ဆိုလျှင် နောင်မျိုးဆက် သဘော တရား အခြေအမြစ်ကို ကိုင်လှုပ်သည့် ဖြစ်ရပ်မျိုး၊ အရေးအခင်းမျိုး ကြုံလာ သည့်တိုင် ကျွန်တော့်လက်သို့ မအပ်နှင်းပါစေနှင့် ဟု ဆုတောင်းမိသည်။

ထူးခြားသည့် ဖြစ်ရပ်များ ပေါ်ပေါက်လာမည် ဆိုလျှင် အိန္ဒိယတွင် ကြုံရသည့် အမျိုးသားရေး လှုပ်ရှားမှုများနှင့် ဆက်စပ်နေသည့် ဖြစ်ရပ်မျိုးသာ ကြုံတွေ့နိုင်မှယ် ရှိသည်ဟု ထင်မိသည်။

မြန်မာပြည်သည် ဗြိတိသျှ လက်အောက်ခံ အိန္ဒိယ အင်ပါယာ၏ ပြည်နယ် ပယ်စိတ် တစ်ခုသာ ဖြစ်သည်။ မြန်မာတို့မှာ အဘက်ဘက်၌ အိန္ဒိယ တိုင်းရင်းသားတို့နှင့် မတူသည့် အချက်များ ရှိသော်လည်း လွတ်လပ်သည့် ပြည်ထောင်စု တစ်ခု ထူထောင်လိုသည့် ဆန္ဒတွင်မူ တူညီကြသည်။ မြန်မာတို့သည်လည်း အိန္ဒိယ နည်းတူ လွတ်လပ်ရေး လိုချင်ကြသည်။ တစ်ဖန် ဘင်္ဂလားပင်လယ်အော်၏ ဟိုတစ်ဖက်တွင် ဖြစ်ပျက်နေသမျှ အရေးအခင်းတို့သည် ယနေ့ မြန်မာပြည်သူတို့ ကြုံတွေ့နေရသည့် အရေးအခင်းမျိုးပင် ဖြစ်သည် ဟူ၍လည်း သိနားလည်ထား ကြသည်။

လွန်ခဲ့သည့် နှစ်နှစ်ခွဲက လော့အာဝင်သည် အိန္ဒိယပြည်၏ ဘုရင်ခံချုပ် ဖြစ်လာသည်။ သူ့အလျှင် ဘုရင်ခံချုပ်မှာ လော့ရီဒင်း ဖြစ်သည်။ လော့ရီဒင်း ထောင်ချခဲ့သည့် ဂန္ဒီကို လော့အာဝင်က ထောင်ထဲမှ ချွဲထုတ်ကာ လွတ်ပေး လိုက်သည်။ ဂန္ဒီနှင့် သူ၏ ကွန်ဂရက်ပါတီတို့ ကျေနပ်အောင် နှစ်သိမ့်မှု ပေးသည့် အနေဖြင့် ဆာဂျွန်ဆိုင်မွန်၏ ကော်မရှင်ကို စောစီးစွာပင် အိန္ဒိယပြည်သို့ လာရောက် စုံစမ်းစေခဲ့သည်။ ဘီလပ်ရှိ နိုင်ငံခြားရေးဝန်ကြီးထံ စာရေးတိုက်တွန်းပြီး နှီးနှောရေးအဖွဲ့ကို မြန်မြန် ဖော်ထုတ်စေခဲ့သည်။ သို့ဖြစ်လည်း အိန္ဒိယ ကွန်ဂရက်က ဆိုင်မွန်ကော်မရှင် လုပ်ရပ်ကို မကျေနပ်။ အိန္ဒိယပြည်တွင် လွတ်လပ်သော အစိုးရအဖွဲ့ တစ်ဖွဲ့ ဖွဲ့ပေးသင့်သည်ဟု ဆိုင်မွန်ကော်မရှင်က ထောက်ခံမည် မဟုတ် ကြောင်း သူတို့ သိသည်။

၁၉၃၀ နှစ်ဦးပိုင်းတွင် အိန္ဒိယ၌ ဂန္ဒီခေါင်းဆောင်ကာ အာဏာဖီဆန်ရေး တိုက်ပွဲ ဆင်နွှဲခဲ့သည်။ လူထုတစ်ရပ်လုံး ပါဝင်လာအောင် လှုံ့ဆော်ခဲ့သည်။ အလျှင်ကလည်း အုပ်ချုပ်သူအစိုးရ တောကျွမ်းကျပ်ဖြစ်အောင် အာဏာဖီဆန်ရေး တိုက်ပွဲများ ဆင်နွှဲခဲ့သည်။ အောင်မြင်မှုကား မရှိလှ။ အာဏာဖီဆန်ရေး တိုက်ပွဲ သည် အကြမ်းဖက် ဆန္ဒပြပွဲ အဖြစ်သို့ ရောက်သွားသည်။ အကြမ်းဖက် ဆန္ဒပြ ခြင်းသည် မသင့်တော်သည့် နည်းလမ်းသာ၊ ဆိုးရွားသည့် နည်းလမ်းတစ်ခုပင် ဖြစ်သည်။

၁၉၃၀ အာဏာဖီဆန်ရေး ဆန္ဒပြပွဲတွင်မူ "ဆားဥပဒေ" ကို ချိုးဖောက်မည့် အသွင်သဏ္ဌာန်ဖြင့် တိုက်ပွဲဝင်ရန်ပင် ဖြစ်သည်။ အိန္ဒိယပြည်တွင် ဆားရောင်းဝယ် ဖောက်ကားရေးနှင့် ဆားချက်ခွင့်တို့ကို အစိုးရက ချုပ်ကိုင်ထားသည်။ ယခင်မျိုး ပွားမှ လိုင်စင်မရဘဲ မည်သူမျှ ဆားမချက်ရ။ ယခင်မျိုးပွားနေကလည်း ဆားချက်ခွင့် ကို တစ်ယောက်ချင်းသို့ ထုတ်မပေး။ ဆားတွင်းများ ရှိသည့် ဒေသ၌ကား မြို့များ ဖြစ်သည်။ ယင်းတို့တွင်မှ ဆားချက်ခွင့် ရကြသည်။

သို့ဖြစ်ရာ ပင်လယ်ကမ်းခြေရှိ ရွာတစ်ရွာမှ ရွာသားတို့သည် လည်းကောင်း၊ မြစ်ချောင်းဘေးရှိ ရွာတစ်ရွာမှ ရွာသားတို့သည် လည်းကောင်း တစ်အိမ်ထောင် အသုံးပြုရန် ဆားမချက်နိုင်။

ဤကဲ့သို့ ဆားချက်ခွင့်ကို အစိုးရက ချုပ်ကိုင်ထားခြင်းဖြင့် လူတိုင်းဆီမှ အခွန်အတုတ် အစေ့အငှ ရနိုင်မည်ဟု အစိုးရက ယူဆသည်။ သို့သော်လည်း ထိုချုပ်ချယ်မှုကို လူထုက မနှစ်သက်။ မထောက်ခံ။ အကြမ်းမဖက်သည့် အာဏာဖီဆန်ရေး စနစ်ပြပွဲတွင် ဤဆားချက်ခွင့် ကိစ္စကို ကိုင်တွယ်လျှင် များစွာ ထိရောက်မည်ဟု ဂန္ဓီက ယူဆလေသည်။ သူ၏ ကျောင်းသင်္ခမ်း ဖြစ်သည့် "အာရှရမ်"မှသည် ပင်လယ်ကမ်းခြေ ဒေသအထိ သူနှင့်အတူ သူ့နောက်လိုက်များသည် ခီတန်းလှမ်းလျှောက်ကြမည်။ ပင်လယ်ကမ်းစပ် ရောက်လျှင် အတိအလင်း ကြေညာကာ ဆားချက်ကြမည်။ ထိုအခါ အစိုးရက ဂန္ဓီနှင့် သူ့နောက်လိုက်များအား ဖမ်းဆီး ထောင်ချမည်ဟု သူ့ဘက်က တွက်ထားသည်။ ဖြစ်မှုအတွက် ဒဏ်ငွေဆောင်ရန် ငြင်းဆန်မည် ဖြစ်ရာ ထောင်ကျမည်မှာ သေချာသည်။

သူတို့၏ နမူနာကို ထောင်ပေါင်းများစွာသော အိန္ဒိယတိုင်းရင်းသားတို့က လိုက်လျှောက်ကြလိမ့်မည်။ ထိုအခါ အစိုးရအပေါ် လူထုက အယုံအကြည် ကင်းမဲ့လာမည်။ အယုံအကြည်မရှိကြောင်း ပြသကြလိမ့်မည်။ လူထုကြီး တစ်ရပ်လုံးသည်လည်း ထောင်အကျ ခံကြလိမ့်မည်။ ဤသို့ဖြင့် အုပ်စိုးသူ အစိုးရ၏ အမိန့် အာဏာတို့ကို လူအများစုက အလိုမတူကြောင်း၊ မကြိုက်ညီကြောင်း အာဏာဖီဆန်ကာ ဆန့်ကျင်စနစ်ပြလာမည်။ အစိုးရ ကိုယ်တိုင်ပင် ကိုယ့်အခြေ တည်မြဲရေးကို သံသယ ဝင်လာမည်။ မိမိကိုယ်မိမိ မယုံကြည် ဖြစ်လာမည်ဟု တွေးမိပြီး ယိမ်းယိုင်လာမည်။ ထို့နောက် အများကြိုက်ညီပြီး ကိုယ်ပိုင်လွတ်လပ်ရေး အပြည့်အဝကို ကျင့်သုံးနိုင်မည့် အစိုးရတစ်ရပ် ဖွဲ့ပေးလိမ့်မည် ဟု ဂန္ဓီက နိုးသားစွာပင် ယုံကြည်သည်။

တရားဥပဒေဘောင်ထဲတွင် လိမ္မာပါးနပ်စွာ အနုနည်းဖြင့် စနစ်ပြခြင်းမျိုးသည် အိန္ဒိယတိုင်းရင်းသားတို့၏ ပင်ကို စိတ်နေစိတ်ထားနှင့် များစွာ လိုက်ဖက်လေသည်။ သို့သော် သူတို့နည်းမှာ ကျွန်တော်တို့ အင်္ဂလိပ်များအဖို့ အထူးအဆန်း ဖြစ်နေသလို မြန်မာတို့ အတွက်လည်း အထူးအဆန်း ဖြစ်နေသည်။

ဂန္ဓီသည် လော့ဒ်အာဝင်ကို ချစ်ခင်သည်။ ၁၉၃၀ မတ်လ ပထမပတ်တွင်မှ ဂန္ဓီက လော့ဒ်အာဝင်ထံသို့ ရာဇသံတစ်စောင် ပေးပို့သည်။ ယင်းမှာ ရာဇဝင်တွင်သည့် စာတစ်စောင် ဖြစ်လာသည်။ "ချစ်သော မိတ်ဆွေကြီး၊ ကျွန်တော်သည်၊

ခင်ဗျားတို့ အစိုးရကို ပြိုလဲစေလိမ့်မယ်"ဟု ဂန္ဒီ၏ ရာဇဝင်တွင်မည့် ရာဇသံတွင် ဆိုထားသည်။

ရန်ကုန်ရှိ အင်္ဂလိပ်အသိုင်းအဝိုင်းသည် ဂန္ဒီနှင့် လော့ဒ်အာဝင်တို့ နှစ်ယောက် အပြိုင်အဆိုင် အကြိတ်အနယ် အားပြိုင်နေကြသည်ကို နားမလည်။ ပုဂ္ဂိုလ်ကြီး နှစ်ဦး၏ တိုက်ပွဲကို သူတို့ စိတ်မဝင်စား။ နန်းရင်းဝန် မစ္စတာချာချီက ဂန္ဒီအား "ကိုယ်တုံးလုံးနီး ဖကီး*"ဟု ခေါ်နေဆဲပင် ဖြစ်သည်။ ဟုတ်သည်။ ဒိုတီဝတ် ဂန္ဒီကို အင်္ဂလိပ်တို့က မရွယ်မရာ ပုဂ္ဂိုလ်တစ်ယောက်ဟု ထင်မြင် ယူဆနေကြသည်။ သူတစ်ပါး အာရုံစိုက်အောင် လုပ်ဆောင်နေတဲ့ ဒူးပေါ် ပေါင်ပေါ် ဖော်စား ဆင်ယင်ကာ ဟန်လုပ်နေသူဟု ထင်မြင် ယူဆနေကြသည်။ သူသည် ဒိုတီကို ဝတ်ကာပင် စကားရာစမ်းခြံဝင်၏ ကိုယ်စား အုပ်ချုပ်ရသူ ဘုရင်ခံချုပ် လော့ဒ်အာဝင် ဆီသို့ ဝင်ထွက်နေသည်။

လော့ဒ်အာဝင်ကိုမူ ရန်ကုန်ရှိ အင်္ဂလိပ် အသိုင်းအဝိုင်း အချို့က ရန်သူ အားပေး သစ္စာဖောက်ဟု သတ်မှတ်ကြသည်။ ယခုလိုသာ ဘုရင့်ရန်သူများနှင့် ဆက်ဆံနေမည်ဆိုလျှင် တစ်နေ့တွင် လော့ဒ်အာဝင်ကို အာဏာအလွဲသုံးစားပြုမှုဖြင့် ရုံးတော်တွင် စွဲချက်တင် စစ်ဆေးခံရဖို့သာ ရှိမည်သည် ဟူ၍လည်း တီးတိုး စကားတင်း ဆိုနေကြသည်။

ဂန္ဒီသည် ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်သည်။ သူ့ဘဝနှင့် သူ့အတွေးအခေါ်တို့ကို နိုင်ငံတိုင်း၊ လူမျိုးတိုင်းက လေးစားကြသည်။ သူ့ အကြောင်းကိုလည်း လေ့လာနေကြသည်။ ထိုအကြောင်းတို့ကို ရန်ကုန် အင်္ဂလိပ် အသိုင်းအဝိုင်းက လက်မခံ။ ခါးသီးစွာ ငြင်းပယ်ကြသည်။

ရန်ကုန်မြို့ပေါ်ရှိ အင်္ဂလိပ် ကလပ်များသို့ ညနေပိုင်းတွင် စုဝေး ရောက်ရှိ လာကြကုန်သော အင်္ဂလိပ်ဇာတိုင်း၊ သင်္ဘောကုန်သည်၊ ရေနံကုမ္ပဏီသူဌေး၊ သစ်တောတွင်း မန်နေဂျာတို့မှာ ဘင်္ဂလား ပင်လယ်အော်၏ ဟိုတစ်ဖက်တွင် ဘာတွေ ဖြစ်နေ သည်ကို သိနားလည်အောင် မကြိုးစားကြပေ။ ထိုဖြစ်ရပ်၊ ထိုအရေးအခင်းတို့သည် သူတို့ဘဝ ရပ်တည်ရေးကို ခြိမ်းခြောက်နေသည်။ သူတို့၏ ပင်ကိုမူလ ဓမ္မချက် ဖြစ်သည့် စီးပွားရေးအင်ပါယာ စားကျက်ကြီးတစ်ခု တိုးချဲ့ တည်ဆောက်ရေး ဟူသော စိတ်ကူးယဉ် လောကကို ဖျက်ဆီးနေသည်ဟု စိုးရိမ်ပူပန်ကာ ဒေါသဖြစ် နေကြသည်။

ထိုကဲ့သို့သော အချိန်မျိုးတွင် မတ် ၁၆ ၌ ပုလိပ်မင်းကြီး မယ်ဒိုကင်သည် ကွန်တော့ဒ်သို့ ရောက်လာသည်။ မယ်ဒိုကင်မှာ ကိုယ်လုံးကိုယ်ထည်သေးသေး

* ဖကီး ဆိုသည်မှာ ဟိန္ဒူ ယောဂီတစ်မျိုး ဖြစ်သည်။

လူတစ်ယောက် ဖြစ်သည်။ အမူအရာသည်း တက်တက်ကြွကြွ မရှိလှ။ အေးတိ အေးစက် နိုင်လှသည်။ ကျွန်တော် ရုံးခန်းထဲ ဝင်လာပြီး စားပွဲရှေ့က ကုလားထိုင်၌ ထိုင်လိုက်သည်။ ထို့နောက် စာရွက်စာတမ်းအချို့ကို မှန်ပြကာ ဤသို့ ဆိုသည်။

'ယောဒီမှာ ဆင်ဂုပတားကို ဖမ်းဖို့ ဝရမ်းပါလာတယ်။ ဘုရင်ခံက အဲဒီ ဝရမ်းမှာ ခင်ဗျား လက်မှတ်ရေးထိုးပေးလိုက်ပါ တဲ့'

ဆင်ဂုပတားသည် ကာလကတ္တားမြို့တော်ဝန်ဖြစ်ပြီး ဘင်္ဂလားနယ်တွင် ဂန္ဓီ၏ လက်ရုံးတစ်ဆူ ဖြစ်လေသည်။

မယ်ဒီကာင်က စကားဆက်သည်။

'ရန်ကုန်မှာ လွန်ခဲ့တဲ့ လက သူ ဟောပြောသွားတဲ့ စကားတွေ မှတ်မိမှာပေါ့'

'သူ ရန်ကုန်ရောက်လာတယ် ဆိုတာကိုတော့ သတင်းစာတွေမှာ ဖတ်ရလို့ သိလိုက်တယ်။ ဒါပေမဲ့ သူ တရားဟောသွားသေးတယ် ဆိုတာတော့ မမှတ်မိတော့ဘူး'

'တရားပွဲသုံးခု ဟောတယ်၊ ဒါတွေဟာ တရားပွဲနှစ်ခုက သူ့ ဟောပြောချက်တွေပဲ၊ အဲဒါတွေထဲမှာ အစိုးရကို အကြည်ညို ပျက်စေတဲ့ စကားတွေ ပါတယ်။ ခဲတံပြာနဲ့ သားထားတဲ့ စကားလုံးတွေ ဖတ်ကြည့်ရင် ကျွန်တော် ပြောတာ သဘောပေါက်မှာပဲ' ပုလိပ်မင်းကြီးက ကျွန်တော့်လက်သို့ စာရွက်အချို့ ထိုးပေးသည်။

သူ ပြောသည့် စာပိုဒ်တို့ကို ဖတ်ကြည့်သည်။ တစ်နေရာတွင် မြန်မာပြည် ဘုရင်ခံ ဆာချားအင်းနစ်အပေါ် နင်နင်သီးသီး စကားလုံးများ သုံးကာ ပုတ်ခတ် ပြောဆိုထားသည်ကို သတိထားမိသည်။

'အစိုးရ ရှေ့နေချုပ်ရဲ့ သဘောထားကို မေးစမ်း ကြည့်ပြီးပြီလား' ကျွန်တော်က မေးလိုက်သည်။

'မေးကြည့်ပြီးပြီ၊ ဟုတ်တယ်၊ အစိုးရ ရှေ့နေချုပ်က အကြည်ညိုပျက်မှု ဆိုတာ ထင်ရှားနေတယ် တဲ့'

'ကာလကတ္တားမြို့တော်ဝန် တစ်ယောက်ကို ဖမ်းပြီး ရန်ကုန် ခေါ်လာဖို့ ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး ထင်တယ်နော်၊ သူ ပြောဟောတဲ့ စကားတွေက တကယ်ကို ဆိုးဆိုးရွားရွားတွေဖြစ်မှ ဖမ်းလို့ဆီးလို့ လွယ်မှာ။ အခု ရုတ်တရက် ဖတ်လိုက်ရသလောက်တော့ ဒီလောက်ဆိုးဆိုးရွားရွား မတွေ့မိဘူး' ကျွန်တော်က ထင်မြင်ချက် ပေးလိုက်သည်။

'ရွှေ နေ့တွေ၊ ဥပဒေ အရာရှိတွေကတော့ အမှုလုပ်လို့ ရတယ်လို့ ဆိုကြတယ်'

'အမှုလုပ်လို့တော့ ရတာပေါ့၊ ဟုတ်ပါတယ်၊ ဒါပေမဲ့ အမှုက ကြီးလို့လား၊ ဆိုပါ ရှိန်ဆရမှာပေါ့' ကျွန်တော်က ဆိုသည်။

'ဒါတွေ အားလုံး စဉ်းစားပြီးပြီပေါ့၊ ဘုရင်ခံက အရေးယူချင်တယ်' ပုလိပ်မင်းကြီးက ယတိပြတ် စကားဆိုသည်။

ယခုမှ လုပ်နိုး လုပ်စဉ်အတိုင်း ဖမ်းဝရမ်းတွင် ကျွန်တော့်လက်မှတ် ထိုးနိုင်ခြင်းသာ ဖြစ်သည်။ ကျွန်တော့်တာဝန်မှာလည်း သူတို့ စေခိုင်းသည့်အတိုင်း လက်မှတ်ရေးထိုးပေးရန်သာ ရှိလေသည်။

တရားဥပဒေက ဘယ်သို့ ရှိသလဲ ဟူ၍ ကျွန်တော့် ထင်မြင်ချက်ကို ဘာတစ်ခုမျှ မမေး။ ထို့အတူ အုပ်ချုပ်ရေးသမားတစ်ယောက် အဖြစ်လည်း ကျွန်တော့် ထင်မြင်ချက်ကို မမေးစမ်း။ သို့မဟုတ်လျှင်ကား တစ်နည်း ယူဆစရာ ကျန်တော့သည်။ ကျွန်တော်သည် ဥပဒေ ကျွမ်းကျင်သူ မဟုတ်သဖြင့် ကျွန်တော့် သဘောထားကို အနီးရောက် တိုင်ပင်ရန် ထုံးစံမရှိ။ ဥပဒေ တည်တံ့နိုင်မြဲရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် တာဝန်ရှိသူမှာ ပုလိပ်မင်းကြီး မယ်ဒီကင်သာ ဖြစ်သည်။ ကျွန်တော့်တွင် နိုးဆော်မှု တာဝန်မရှိ။ သို့ဖြစ်ရာ နောက်ထပ် စကားတစ်ခွန်းမျှ မပြောဆိုတော့ဘဲ မငြင်းတော့ဘဲ ဝရမ်းတွင် လက်မှတ် ထိုးပေးလိုက်သည်။ မယ်ဒီကင်လည်း လိုတာ ရသဖြင့် ထွက်သွားလေသည်။

မယ်ဒီကင် ထွက်သွားလျှင် ကျွန်တော်လည်း တွေ့ဝေ စဉ်းစားနေမိသည်။ ဆင်ဂုပတာကို ဖမ်းဆီးကာ ရန်ကုန်သို့ ခေါ်လာလျှင် ထိုအမှုကို ကျွန်တော်ပင် စစ်ဆေးရလိမ့်မည်ဟု နားလည်လိုက်သည်။ ဆင်ဂုပတာ ကျူးလွန်သည့် ပြစ်မှုမှာ ကျွန်တော်၏ ပိုင်နက်အတွင်း ဖြစ်လေရာ ကျွန်တော့်ရုံးက မလွဲမသွေ စစ်ဆေးရမည်မှာ သေချာသည်။ ဤအမှုသည် အများပြည်သူတို့ စိတ်ဝင်စားသည့် အမှုတစ်ခု ဖြစ်လာလိမ့်မည်။ ပြည်နယ်အစိုးရတစ်ခုက အခြား ပြည်နယ်တစ်ခုတွင် နေထိုင်သော ထင်ရှား ကျော်ကြားသည့် ပုဂ္ဂိုလ်တစ်ယောက်ကို မိမိပိုင်နက်အတွင်း ပြည်နယ်အစိုးရကို အကြည်ညိုပျက်အောင် ဟောပြောသည့် ပြစ်မှုအတွက် ဖမ်းဆီးရသည် ဆိုခြင်းမှာ ကြုံလုပ်ဖူးခဲ့ ကြုံလုပ်ဘူး မရှိသော အလုပ်တစ်ခုပင် ဖြစ်လေသည်။

ဆင်ဂုပတာသည် ထိုစဉ်က အိန္ဒိယပြည်တွင် လူသိအများဆုံး ပုဂ္ဂိုလ်ငါးဦး အနက် တစ်ဦးအပါအဝင်ဖြစ်သည်။ သူ့ကို ဖမ်းပြီးဆိုလျှင် ဘင်္ဂလားပြည်နယ်တွင် လှုပ်လှုပ်ရှားရှား ဖြစ်မည်မှာ သေချာသည်။ သူသည် အင်္ဂလန်ပြည် ကိန်းဘရစ်

တက္ကသိုလ်တွင် ပညာသင်ကြားနေသူ ဖြစ်ပြီး ဝတ်လုံတော်ရအဖွဲ့ကို ရခဲ့သည်။ ကာလကတ္တားတွင် ရှေ့နေလိုက်ခဲ့ရာ အတော်လေး ဝင်ငွေကောင်းသည်။ ပထမ ကမ္ဘာစစ်ပြီးလျှင် နိုင်ငံရေးထဲသို့ ခြေစုံပစ် ဝင်ခဲ့သည်။ စီအာဒတ် သေဆုံးပြီးနောက် ဘင်္ဂလား ကွန်ဂရက်ပါတီတွင် ခေါင်းဆောင် ဖြစ်လာသည်။ နောက်လိုက်များ က သူ့ကို "ဘင်္ဂလား ခြင်္သေ့ကြီး" ဟု ချစ်ခြင်းနီးစွာ ခေါ်ကြသည်။ သူ့ဇနီးမှာ အင်္ဂလိပ် အမျိုးသမီးတစ်ဦး ဖြစ်လေသည်။

ဤသည်မှာ မြန်မာပြည် ဘုရင်ခံ ဆာဟျူးဘတ်ဆင်က ဖမ်းဆီးမည်၊ ပြီးတော့ ကျွန်တော်က စစ်ဆေးရမည့် လူသိများ ထင်ရှားသူ ဆင်ဂုပတား အကြောင်းပင် ဖြစ်လေသည်။

ထိုအခါတွင် ကျွန်တော်စိတ်ထဲ၌ အများပြည်သူ မျက်စိတွင် ကျွန်တော် သည် အရေးပါသူတစ်ဦး ဖြစ်လာမည်ကို သဘောပေါက် နားလည်လာသည်။ မြန်မာအစိုးရသည် သူ့ပိုင်နက်အတွင်း အစိုးရအား အကြည်ညိုပျက်စေသူတို့ကို ဖမ်းဆီး စစ်ဆေးကာ အပြစ်ဒဏ် ပေးနိုင်သည်မှာ မကြာခဏပင် ဖြစ်သည်။ သို့ပြောလည်း ယခုအကြိမ် ဆင်ဂုပတားအား ဖမ်းဆီး တရားစွဲဆိုမည့် ကိစ္စတွင်မူ အခြား ပြည်နယ်တို့၏ စီရင်ပုံ စီရင်နည်းတို့နှင့် ကွဲပြားခြားနားမည် ဖြစ်သည်။

ဆင်ဂုပတားကို ဖမ်းဆီးသည့် သတင်းသည် ကမ္ဘာ့သတင်းစာများတွင် အသားပေး ဖော်ပြကြလိမ့်မည်။ လန်ဒန် သတင်းစာများတွင်လည်း ရောက်ရှိ ပါလာမည်။ အိန္ဒိယ သတင်းစာတို့ကမူ အာဏာပိုင်တို့၏ နိုင်ထက်စီးနင်း မညှာမတာ အရေးယူမှုကို သက်သေထူ၍ရလျှင် သက်သေထူကာ ဖော်ပြ လိမ့်မည်။ ထိုအခြေအနေမျိုးတွင် ဆင်ဂုပတားကို ဖမ်းဆီး စစ်ဆေးပြီးနောက် ပြစ်ဒဏ် တစ်နှစ်လောက် သင့်လျော်မည်။ အကယ်၍ အမှုသွား အမှုလာက တစ်မျိုး တစ်ဖုံ လမ်းပြောင်းသွားပြီး တရားခံကို ကျွန်တော်က အပြစ်မပေးနိုင်ခဲ့လျှင် မြန်မာပြည် အစိုးရအား အများပြည်သူတို့ ဝေဖန် ပြစ်တင် ပြောဆိုစရာ ဖြစ်အောင် ခနဲ့တဲ့သကဲ့သို့ ဖြစ်လာမည်။ ကျွန်တော်မှာ ဤအမှုကို စိတ်မဝင်စားပါ။ စစ်ဆေး ရန်လည်း စိတ်မပါလှပါ။ အမှုသွား အမှုလာကို ဦးစွာ တွေ့လာသည်တွင် တရားလို အစိုးရဘက်က စွဲချက်မှာ မခိုင်လုံလှကြောင်း ရုတ်ချင်းလိုလိုပင် သဘောပေါက် မိသည်။ ထိုစဉ်က ကျွန်တော့် စိတ်အခြေအနေကို ယခုတိုင် ပြန်လည် သတိရမိ သေးသည်။

ဟယ်ယူအမှုကို ကျွန်တော် စစ်ဆေးသည်မှာ မကြာသေးပေ။ ယခုတစ်ဖန် ပြည်နိုင် အစိုးရက နှိမ်ချသည့် ဤအမှုကို စစ်ဆေးရမည်ဆိုလျှင် စိတ်ရှုပ်သည့်ဒဏ်၊ ခေါင်းရှုပ်သည့် ဒဏ်တို့ကို ကျွန်တော် ခံနိုင်ပါမည်လော။ စိတ်ပင်ပန်းရသည့်

ဒါကို ကျွန်တော် ခံနိုင်ပါမည်လား။ အဖြေမှာ မရေရာလှပါ။ သို့တိုင်အောင် ကျွန်တော့်အဖို့ အခြားထွက်ပေါက် မရှိပါ။ ဤအမှုကို ကျွန်တော်ပင် စစ်ဆေးရမည်မှာ သေချာသည်။

သို့ဖြစ်ရာ တရားဥပဒေ ဗဟုသုတများကို ပြန်လည် လေ့လာလိုစိတ် ပေါ်လာပါသည်။ မှတ်ဉာဏ် ကောင်းသေးသလား၊ ဥပဒေတွေ ပုဒ်မတွေကို မှတ်မိသေးသလားဟု ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်ချင်လာသည်။ ထို့ကြောင့် စာကြည့်စားပွဲပေါ်ရှိ အိန္ဒိယ ရာဇသတ်ကြီးကို လှန်ကာ အကြည်ညိုပျက်မှုကို ဖွင့်ဆိုသည့် ပုဒ်မ ၁၂၄ (က)ကို ဖတ်ကြည့်မိသည်။ ဖွင့်ဆိုချက်တွင် စကားလုံးတို့သည် စမ်းရေစီးသလို ပြေပြစ်သာယာလှသည်။ စည်းဝါးညီညွတ်သည့် ဂီတအဖွဲ့တစ်ခုကို နားထောင်ရသကဲ့သို့လည်း သာယာနာပျော်ဖွယ် ကောင်းသည်။ ဥပဒေပညာသုံး အင်္ဂလိပ်စာ အရေးအသားနှင့်ကား ဖွင့်ဆိုချက်သည် နှစ်သက်စရာ ကောင်းသည့် အင်္ဂလိပ်စကားပြေတစ်ခု ဖြစ်လေသည်။ ဤဥပဒေ ဖွင့်ဆိုချက်မှာ မက်ကောလေး၏ လက်ရာဖြစ်သည်ဟု အဆိုရှိလေသည်။ *

ပုဒ်မ ၁၂၄ (က) တွင် ဤသို့ ဖွင့်ဆိုသည်။

> မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့် ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ဧကရာဇ် ဘုရင်မင်းမြတ် အပေါ် သို့တည်းမဟုတ် ဧကရာဇ် ဘုရင်မင်းမြတ်၏ အစိုးရ အဖွဲ့ဝင်များအတွက် ဥပဒေအရ တည်ထောင်ထားသော အစိုးရကို မုန်းတီးအောင် သော်လည်းကောင်း၊ မလေးစားအောင် သော်လည်းကောင်း ပြုလျှင် သို့တည်းမဟုတ် ထိုသို့ပြုရန် အားထုတ်လျှင် သို့တည်းမဟုတ် မကျေနပ်ချက်အောင် လှုံ့ဆော်လျှင် သို့တည်းမဟုတ် လှုံ့ဆော်ရန် အားထုတ်လျှင် ထိုသူကို ငွေဒဏ်နှင့်တကွ တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ငွေဒဏ်နှင့်တကွ တစ်သက်တစ်ကျွန်းအောက် လျော့သည့် တစ်ကျွန်းဒဏ်ဖြစ်စေ၊ ငွေဒဏ်နှင့်တကွ ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၁၂၄ (က)ကို ကျူးလွန်သူအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ်မှ ငါးနှစ်အထိ ပေးနိုင်သည်။ ဤသည်မှာ စီရင်ရေးကျ ပြစ်ဒဏ်ပင် ဖြစ်သည်။

ရက်အရောက် ကြည့်လိုက်လျှင်ပင် ထိုပုဒ်မသည် ကြောက်စရာ ကောင်းလှသည်။ အစိုးရကို မလေးမစားဖြစ်အောင်၊ မနှစ်မြို့ဖြစ်အောင် စိတ်ကူးကြံစည်

---

* အင်္ဂလိပ် စာပေပညာရှင်ကြီးနှင့် နိုင်ငံရေးသမားကြီး သောမတ် ဘာဘင်တန် မက်ကောလေး [Thomas Babington Macaulay (1800 - 1859)]

ကြီးစားသည့် အနေဖြင့် မျက်တောင်တစ်ချက် ခတ်ပြလျှင်၊ ထိုသို့ မျက်တောင် ခတ်သည်ကို တစ်နေ့တစ်ယောက်က မြင်ခဲ့လျှင် မျက်တောင်ခတ်သူသည် အစိုးရကို အကြည်ညိုပျက်အောင် ပြုရာ ရောက်လေသည်။

"ဘုရင်မင်းမြတ်" ဟူသော စကားကို တစ်နေ့တစ်ယောက်က ပြောဆိုသည့် အခါ ဘုရင်မင်းမြတ်အပေါ် မုန်းထားအောင်၊ မချစ်မခင် မနှစ်သက်အောင် လှုံ့ဆော် ရန် ကြံစည်သည့်အနေဖြင့် ပန်းတွန့်ပြလိုက်လျှင်ပင် ပန်းတွန့်ပြသူသည် အကြည် ညို ပျက်မှုကို ကျူးလွန်ရာ ရောက်သည်။ ပြစ်ဒဏ် ပေးခံရဖွယ် ရှိသည်။

ဟိုက်ကုတ် ပေါ် တရားရုံးချုပ်များ၏ စီရင်ထုံးများကို ဖတ်ရှုလေ့လာ သည့် အခါ ထိုပုဒ်မနှင့် သက်ဆိုင်သည့် စီရင်ထုံးတို့တွင် ဤမျှအထိ ပြင်းပြင်း ထန်ထန် အရေးယူ အပြစ်ပေးသည်တို့ကို မတွေ့ရပါ။ ၁၂၄ (က)၏ အဓိက ရည်ရွယ်ချက်မှာ ငြိမ်ဝပ်ပိပြားရေး မပျက်ပြားရအောင် ကာကွယ်ရန်ပင် ဖြစ်သည်။ ဆင်းရဲသား ပြည်သူများနှင့် အသိအလိမ္မာ ကင်းမဲ့ရှု၊ အဆင်ခြင်ဉာဏ် ကင်းမဲ့သူတို့ တက်ကြွဖွယ် စကားလုံးများ သုံးကာ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ဟောပြောမှု မပြုရန် ကာကွယ်သည့် ပုဒ်မပင် ဖြစ်လေသည်။

ဤဥပဒေမျိုး ပြဋ္ဌာန်းခဲ့သူ အစိုးရသည် အိန္ဒိယတွင် အကြမ်းဖက် ဆူပူမှု လှုံ့ဆော်သူများကြောင့် တော်လှန်ပုန်ကန်မှုများ ဖြစ်ပွားခဲ့သည်ကို မြင်ယောင်ကာ ကာကွယ်တားဆီးရန် ဥပဒေပြုခဲ့ခြင်း ဖြစ်ပေဟန်သည်။ တစ်ပါတည်း အခြား လှုံ့ဆော်မှု၊ ဆူပူနှောင့်ယှက်မှု စသည်တို့ကို အရေးယူ ကာကွယ်ရသည့် အကျုံးဝင် အောင် စီမံခဲ့ခြင်း ဖြစ်လေသည်။

လူတစ်ယောက်သည် အစိုးရကို အကြည်ညိုပျက်အောင် လှုံ့ဆော်သည် တွင် သူ၏ အကြံအစည် မအောင်မြင်သည့်တိုင် ဤပုဒ်မအရ သူသည် ပြစ်မှုကို ကျူးလွန်သည်။ ဆူပူအောင် လှုံ့ဆော်ဟောပြောရာတွင် အကြမ်းမဖက်ရန် ပြော ဟောသည့်တိုင် သူ၏ တရားကို နာသည့် ပရိသတ်၏ စိတ်ထဲတွင် အစိုးရကို အကြည်ညိုပျက်စိတ် ပေါ်ပေါက်လာအောင် လှုံ့ဆော်လျှင်ပင် လှုံ့ဆော်ခြင်းကြောင့် ပြစ်မှုကို ကျူးလွန်ပြီ။ တရားနာသူဘက်က အစိုးရအပေါ် အကြည်ညိုပျက်စိတ် ဖြစ်ပေါ်သည်၊ မဖြစ်ပေါ်သည်နှင့် မဆိုင်တော့ပေ။ သို့ဖြစ်ရာ ဟောပြောရာ၌ အစိုးရသည် မတရားဟု ယိုးစွပ်လျှင်ပင် အကြည်ညိုပျက်မှုကို ကျူးလွန်သည်။ ဤယိုးစွပ်မှုကို ထောက်ခံလျှင်လည်း အကြည်ညိုပျက်မှုတွင် အကျုံးဝင်လေသည်။

အမှန်စင်စစ် တရားဥပဒေသဘောသည် အလွန်ကျယ်ပြန့်သည်။ တရား ဥပဒေကို ကိုင်ကာ စီရင်ကြသည့် တရားသူကြီးတို့မှာ မိမိတို့၏ စိတ်ကြိုက် ချဲ့ထွင်မှုကို ပေးထားရာ ရောက်နေသည်။ အုပ်ချုပ်သူ သို့မဟုတ် တရားစီရင်သူ

သည် ဤဥပဒေကို ကိုင်ကာ သူနှင့် ဆန့်ကျင်ဘက် နိုင်ငံရေးသမားတို့ကို တရားစွဲ ဆိုခွင့် ရလာခဲ့သည်။

သို့ဖြစ်ရာ ၁၉၃၀ ကာလတစ်ဝိုက် အိန္ဒိယ တစ်နံတစ်လျားတွင် အုပ်ချုပ်ရေး အသစ်တစ်ခု တိုးတက် ပြုပြင်ပြောင်းလဲပေးရန် ဆူပူလှုပ်ရှားမှုများ၊ ဟောပြောမှုများ၊ လှုံ့ဆော်မှုများ လျှံထွက်နေချိန်၊ အလောင်ဆူနေချိန်၌ ပုဒ်မ ၁၂၄ (က)သည် အသုံးတည့်သော အစွမ်းအာဏာတစ်ခု ဖြစ်လာသည်။

ပုဒ်မ ၁၂၄ (က)၏ ဖွင့်ဆိုချက်အရ များစွာသော လှုံ့ဆော်ဟောပြောမှု တို့မှာ အစိုးရ အကြည်ညို ပျက်စေသည့်ရည်းသော ဖြစ်သည်။ တကယ်ဆင်စစ် သူတို့ ဟောပြောချက်မှာ လက်ရှိ အစိုးရကို ဖြုတ်တင်မှုတ်ချပြီး အုပ်ချုပ်ရေး အသစ်တစ်ခု ပြောင်းလဲပေးရန် တောင်းဆိုခြင်းသာ ဖြစ်သည်။ သူတို့၏ လှုံ့ဆော် မှုသည် ထိုအချိန်က များစွာ ထိရောက်ခဲ့လေသည်။ အကြောင်းမှာ ထိုစဉ်က တည်ရှိသော နိုင်ငံခြားအစိုးရကို လူတိုင်းလိုလိုက မုန်းတီးကာ မလေးစားကြသော ကြောင့်ပင် ဖြစ်သည်။ နိုင်ငံခြားသားကို လူတိုင်းက ရွံမုန်းနေကြသည်။ ဖျက်ပစ်ချင် သည်။

အခွင့်အခါကို နားလည်သော ပန်ဒစ်မာလာဗီယသည် ဆာလီမို ဥပဒေပြု လွှတ်တော် အစည်းအဝေးတစ်ခု၌ 'အိန္ဒိယ တိုင်းရင်းသားတိုင်းရဲ့ တာဝန်ဟာ လက်ရှိအစိုးရကို မုန်းတီးအောင် လုပ်ရမယ်၊ မုန်းတီးအောင် ဟောပြော လှုံ့ဆော် ရမယ်'ဟု မိန့်ခွန်းပြောခဲ့လေသည်။ ထိုအခါ ထိုစကားမျိုး မဟောပြောရန် တားဆီး၍ မရမှန်း သိသည့် လွှတ်တော် ဥက္ကဋ္ဌကြီးသည် လွှတ်တော်စည်းကမ်းကို ထိန်းရန် 'အော်ဒါ ... အော်ဒါ'ဟူ၍သာ အော်နိုင်လေသည်။

ဟောပြောချက်တစ်ခုကို ကြားနာရသည့်အခါ အစိုးရအပေါ် ရုတ်တရက် ချက်ချင်း မုန်းတီးလာပြီး၊ ထိုမုန်းတီးမှုသည် အန္တရာယ် ဖြစ်လာနိုင်သည် ဟု ယူဆလျှင် ထိုကဲ့သို့ ဟောပြော လှုံ့ဆော်သူကို တရားစွဲဆိုနိုင်သည်။ သို့ဖြစ်ရာ မည်သို့ ဟောပြောလျှင် အန္တရာယ် ဖြစ်စေနိုင်သည့် မုန်းတီးမှုမျိုး ဖြစ်ပေါ်လာနိုင် သည် ဆိုသည်ကို ထိုအမှုမျိုး စစ်ဆေးသည့် အခါတိုင်း တိတိကျကျ သတ်မှတ် ပြဋ္ဌာန်းဖို့ လိုလာသည်။ ယခုမူ လူတစ်ယောက်ကို ပုဒ်မ ၁၂၄ (က)ဖြင့် တရားစွဲဆို ခံရပြီဆိုလျှင် ထိုအမှုသည် မသေးလှ။ ပြစ်ဒဏ်ကြီးကြီး ခံရနိုင်ဖွယ် ရှိသည်ဟု နားလည်ထားရမည် ဖြစ်သည်။

အစိုးရအပေါ် အကြည်ညိုပျက်မှုသည် သဘောပေါက်သာ ပြီးစွန်းလျှင် သို့မဟုတ် ပြင်းထန်လျှင် တရားစွဲရန် ပုလိပ်ဘက်က တင်ပြရာ မခဲ။ အကြောင်း မှာ အမှုစစ်သည့် တရားသူကြီးက ပေါ့ပေါ့တန်တန် သဘောဖြင့် စဝီ ဖြစ်ခဲ့သော

ပေးလိုက်လျှင် ပုဒ်မ ၁၂၄ (က)သည် သိက္ခာရှိတော့မည် မဟုတ်။ ဘုရင်မင်းမြတ်နှင့် သူ့အစိုးရကို ပုတ်ခတ်ပြောဆိုကာ မုန်းတီးအောင် ဟောပြောလျှင်လည်း ကိုယ်ထိလက်ရောက် ကျူးလွန်မှုလောက်သာ၊ အရက်မူး ရမ်းကားမှုလောက်သာ အပြစ်ဒဏ် ခံရမည် ဖြစ်သည်ဟု အဓိပ္ပာယ်အကောက် လွဲမည်ကို စိုးရိမ်ရသော ကြောင့် ဖြစ်လေသည်။

ဥပဒေသဘော အရ 'ခင်ဗျားရဲ့ ပိုက်ဆံခိုးသွားတဲ့ သူခိုးကို ဆဲဆို ရှုတ်ချသလို ခင်ဗျား တိုင်းပြည်ကို လုယူသွားတဲ့ နယ်ချဲ့သမားကိုလည်း ပြစ်တင်ရှုတ်ချရမယ်'ဟု ပြောလျှင် အစိုးရကို အကြည်ညိုပျက်စေသည် အမှု ဖြစ်သည်။ သို့သော် ပုလိပ်က ထိုစကားမျိုး ပြောသူကို အပြစ် ယူမနေတော့။ ဒိုင်အာခီဆိုသည့် စကားလုံးသည်ပင် ဆဲရေးတိုင်းထွာသည့် စကားလုံး အဆင့်သို့ လျှောကျနေပြီ မဟုတ်ပါလော။

သို့ဖြစ်ရာ အိန္ဒိယ ရာဇသတ်ကြီးနှင့် အခွင့်ထူးကာကွယ်ကို လှန်လှော လေ့လာ တော့မှ ကျွန်တော်မှာ ပုဒ်မ ၁၂၄ (က)၏ အဓိပ္ပာယ်အကျဉ်းသောင်ကို မျက်ဝါး ထင်ထင် သိမြင်လာသည်။ အသေအချာ မလေ့လာဘဲ မထင်မမြင် စိတ်ထားဖြင့် တုံ့ပြန်ရမည် ဆိုလျှင်ကား မြန်မာပြည်အစိုးရအား မုန်းတီးအောင် လှုံ့ဆော်သဖြင့် အကြည်ညိုပျက်မှု အရ ဆင်ဂုပတားကို ဖျက်ချင်းပင် ဖမ်းဆီး အရေးယူရမည် ဖြစ်လေသည်။ ယခုမှ ဆင်ဂုပတားသည် ရန်ကုန်မှ ခွာကာ ကာလကတ္တားနှင့် သူ့အိမ်တွင် အေးချမ်းစွာ နေထိုင်လျက် ရှိလေသည်။

## ၂။ မြို့တော်ဝန် ဆင်ဂုပတားကို ဖမ်းခြင်း

ကျွန်တော် လက်မှတ် ထိုးပေးလိုက်သည့် ဝရမ်းကို ကိုင်ဆောင်ကာ မြန်မာ ပုလိပ် အရာရှိနှစ်ယောက်သည် ကာလကတ္တားမြို့သို့ ဖျက်ချင်းပင် သင်္ဘောဖြင့် ထွက်ခွာ သွားကြသည်။ ကာလကတ္တားမြို့သို့ မတ် ၁၃ နံနက်စောစောတွင် ရောက်သည်။ ပုလိပ်မင်းကြီးထံသို့ သတင်းပို့သည်။ ပုလိပ်မင်းကြီးကလည်း သူတို့ကို မျှော်နေခဲ့ ဖြစ်သည်။ မြန်မာပြည် အစိုးရက အိန္ဒိယအစိုးရကို အသိမပေးဘဲ အရမ်းကာရော ပြုလုပ်ခြင်း မဟုတ်။

မြန်မာပုလိပ်အရာရှိများ ရောက်သွားလျှင် ဆင်ဂုပတားအိမ်သို့ ဘင်္ဂလား ပြည်နယ် လက်ထောက် ပုလိပ်မင်းကြီးက လိုက်ပို့သည်။

လွန်ခဲ့သည့် လက ရန်ကုန်၌ သူ ဟောပြောခဲ့သည့် စကားများသည် မြန်မာပြည် အစိုးရအား ပြင်းပြင်းထန်ထန် ထိခိုက်စေသည်ကို ဆင်ဂုပတား သတိမထားမိပေ။ မြန်မာပြည်သို့ အလည် မလာမီက သူ၏ ကျန်းမာရေးမှာ

မကောင်းလှ၊ ဆရာဝန်က ၁၉၃၀ ဖေဖော်ဝါရီတွင် စစ်ဆေးရာ အလွန်အမင်း ပျော့ညံ့နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ပင်လယ်ခရီး ထွက်ရမည် ဟု ညွှန်းဆိုသည်။

သို့ဖြစ်ရာ ဖေဖော်ဝါရီ ၁ တွင် သူ့ဇနီးနှင့်အတူ ကာလကတ္တားမှ ထွက်ခဲ့သည်။ စင်ကာပူသို့ အသွားအပြန် သင်္ဘောတစ်ပတ်စီးရန် စီစဉ်သည်။ ဖေဖော်ဝါရီ ၃ တွင် ရန်ကုန်သို့ သင်္ဘောဆိုက်သည်။ သို့သော် ဆိပ်ကမ်းသို့ မဆင်း။

ရန်ကုန်ရှိ ဗင်းဂေါ်ဘားမား သင်္ဘောကုမ္ပဏီ၏ ဒါရိုက်တာလူကြီး မစ္စတာ အက်ဒွတ်ဂီ ချောက်ခုရီ ဆိုသူက ဆင်ဂုပတားအား လာတွေ့သည်။ စင်ကာပူမှ ပြန်လာလျှင် ရန်ကုန်သို့ ခေတ္တဝင်ပါဟု ဖိတ်ခေါ်သည်။ ထို့နောက် မြန်မာပြည်ကို အိန္ဒိယမှ ခွဲထွက်ရန် ကြိုးစားနေသူတို့ကို ဆန့်ကျင်ကာ (အိန္ဒိယနှင့်) တွဲရေးတရား ဟောပေးပါ။ သို့မှသာ အိန္ဒိယအမျိုးသားပိုင် သင်္ဘောကုမ္ပဏီ၏ အကျိုးစီးပွားကို မထိခိုက်မည် ဖြစ်သည်ဟု ဆိုသည်။ ခွဲရေးသာ နိုင်ခဲ့လျှင် အိန္ဒိယတိုင်းရင်းသားတွေ ဒုက္ခရောက်တော့မည် ဟုလည်း တင်ပြသည်။

ဆင်ဂုပတားသည် စင်ကာပူသို့ ထွက်ခွာသည်။ ဖေဖော်ဝါရီ ၁၀ တွင် သူ့သင်္ဘော ရန်ကုန်သို့ ပြန်ရောက်သည်။ ရန်ကုန်သို့ ဆင်းရန် ဖိတ်ခေါ်ထားရာ မင်္ဂလာတော့တ နောက်သင်္ဘောတစ်ပတ် ပြန်လှည့်လာသည်အထိ နေမည် စိတ်ကူးသည်။ သူ ရောက်လာလျှင် ရန်ကုန်မြို့မှ ကြိုဆိုသည့် အခမ်းအနားတွင် မြို့မိဘ ဝ တို့က မင်္ဂလာ နှုတ်ခွန်းဆက်စကား ပြောကြားမည် စီစဉ်ထားသည်။ ထိုအခါတွင် ရန်ကုန်မြို့တော်ဝန် ကဗ်တာန်ရတ်ရှယ်လည်း ပါသည်။ သူကလည်း ကာလကတ္တားမြို့တော်ဝန်ကို ကြိုဆိုရသည်။ ဗိုက်စကွဲယား (ဗန္ဓုလပန်းခြံ)တွင် ဂုဏ်ပြုပွဲကို ညနေ ငါးနာရီ၌ ကျင်းပသည်။ ဝက်လုံဘောင်ရ ဦးပေါ်ထွန်း (ဆာပေါ်ထွန်း)သည် ထိုအခမ်းအနား၏ သဘာပတိ ဖြစ်သည်။ အခမ်းအနားတို့၏ အစဉ်အလာ အတိုင်း ကြိုဆိုစကား ပြောပြီးနောက် ဆင်ဂုပတားကို ဂုဏ်ပြုစကား ဆိုကြသည်။ ဆင်ဂုပတားသည် အိန္ဒိယတွင် ထင်ရှားသည့် နိုင်ငံရေး ခေါင်းဆောင်ကြီး တစ်ယောက် ဖြစ်သည်။ ဘင်္ဂလား ကွန်ဂရက်ပါတီ၏ ဥက္ကဋ္ဌဖြစ်ပြီး မဟာတ္မဂန္ဒီ၏ လက်ရုံးတစ်ဆူလည်း ဖြစ်လေသည်။

ဤအခမ်းအနားကို စီစဉ်သူတို့မှာ မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထွက်ရေးကို ဆန့်ကျင်သည့် တွဲရေးသမား လူတစ်စု ဖြစ်လေသည်။ ယင်းတို့တွင် ရန်ကုန်မြို့ပေါ်မှ အိန္ဒိယ တိုင်းရင်းသားများသည် အများစု ဖြစ်သည်။ သူတို့ကမူ မြန်မာပြည်သည် အိန္ဒိယအစိုးရ လက်အောက်ခံ ပြည်နယ်တစ်ခုအဖြစ် တည်ရှိစေချင်သည်။ ဤသည်မှာလည်း သူတို့အဖို့ သဘာဝကျသည်။

ထို့ပြင် တွဲရေးလှုနည်းစနစ်၌ မြန်မာခေါင်းဆောင် အနည်းငယ် ပါဝင်သည်။ သူတို့ကား အင်္ဂလိပ်၏ အိန္ဒိယမှ ခွဲထွက်လျှင် မြန်မာပြည်အစိုးရက ဆာဂျွန်ဆိုင်မွန် ကော်မရှင်အား ထောက်ခံတင်ပြထားသည့် အိန္ဒိယထောက် နိမ့်ကျသည့် အုပ်ချုပ်ရေးကို ရလိမ့်မည်ဟု စိုးရိမ်နေကြသူများ ဖြစ်သည်။ သို့ဖြစ်ရာ ဆင်ဂုပတားလို ပြောဆိုကြသည့် နိုင်ငံရေး ခေါင်းဆောင်ကြီး တစ်ယောက်က မြန်မာတို့အား သတိပေးစကား ပြောကြားပေးခဲ့ရသည်။ အိန္ဒိယပြည်မှ ခွဲထွက်လျှင် မြန်မာတွေ ဒုက္ခရောက်မည်၊ အိန္ဒိယ တိုင်းရင်းသားတို့ကမူ ဗြိတိသျှတို့ကို အန်တုနိုင်သေးသည် ဟု ယူဆကာ ရှေ့ရေးကို တွေးမိပြီး မှုန်နေကြသည်။

ဆင်ဂုပတားသည် ပင်လယ်ဓနီး ထွက်လိုက်ရသဖြင့် ကျန်းမာရေး အခြေအနေ ကောင်းလာသည်။ သို့သော် သွေးတိုးမှာ ပြောပလောက်အောင် မကျသေး။ သူက ရုံးတော်တက် မိန့်ခွန်းတစ်ခု ပြောသည်။ သူ၏ မိန့်ခွန်းကို ကြိုတင် ပြင်ဆင်ထားခြင်း မရှိ။ တရားသော ကောင်းသူ၊ အာဇာနည်သူ ဖြစ်လေရာ သူ့အဖို့ မခက်ခဲလှဘဲ လက်တန်း စကားကိုသာ ပြောလေသည်။ ပြီးတော့ ဟောပြောရသည့် အကြောင်းအရာမှာလည်း သိနားလည်ပြီး ဖြစ်လေရာ အလွယ်တကူပင် ပြောဟောသွားသည်။

သူက အိန္ဒိယမှ ခွဲထွက်ပြီး တစ်ဦးတည်း ကြုံကြိုက်ကား ဗြိတိသျှနယ်ချဲ့သမားကို တိုက်မည်ဟု ရည်ရွယ်သူ မြန်မာတို့၏ စိတ်ကူးစိတ်သန်းကို ပြက်ရယ်ပြုသည်။ မြန်မာတွေ ရူးနေသလား ဟု သူက မေးသည်။ ဂန္ဒီသည် အရှေ့တိုင်းတွင် ကြီးမြတ်သော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်။ မကြာမြင့်မီမှာပင် ဂန္ဒီသည် လွတ်လပ်ရေးတိုက်ပွဲကြီး တစ်ခုကို အကြမ်းမဖက်ဘဲ ဆင်နွှဲတော့မည်။ ဗြိတိသျှတို့အား ရေရှည်တိုက်ပွဲ ဝင်ရလိမ့်မည်။

ဆိုင်မွန်ကော်မရှင်၏ အစီရင်ခံစာသည် မေလလောက်တွင်၊ ထွက်လာလိမ့်မည်။ ထိုအစီရင်ခံစာတွင် အိန္ဒိယက လက်မခံသည့် အုပ်ချုပ်ရေးမျိုးကို ထောက်ခံထားမည်။ ပြီးတော့ မြန်မာပြည်က ခွဲထွက်ရန်လည်း ထောက်ခံ တင်ပြထားမည်။ အိန္ဒိယကမူ လွတ်လပ်ရေး တိုက်ပွဲကို ဆက်လက် ဆင်နွှဲမည်။ အကယ်၍သာ မြန်မာပြည်က ခွဲရေးကို လက်ခံလျှင် အိန္ဒိယနှင့်အတူ လက်တွဲနိုင်တော့မည် မဟုတ်။ နောက်ဆုံးတွင် အိန္ဒိယအဖို့ ထိုက်ထိုက်တန်တန် အုပ်ချုပ်ရေးမျိုး ရပြီး မြန်မာတို့မှာ နောက်တန်းကျ ကျန်ရစ်လိမ့်မည်။

ဤအချက်ကို မြန်မာတွေ မမြင်သဖြင့် ဝမ်းနည်းမိသည်ဟု သူက ဆိုသည်။ မြန်မာတွေ ဆိုးဆောဒုဿ မရှိဘူးလား ဟု၍ သူ သံသယ ဖြစ်မိသည်။ သူ့အမြင်မှာ အခြား အိန္ဒိယ လူမည်းစု၏ အမြင်နှင့် တစ်ထပ်တည်းပင် ဖြစ်သည်။ အင်္ဂလိပ်

အနီးရှိသည့် လိမ်လို့ရနိုင်လျှင် လိမ်မည်မှာ သေချာသည်။ လှည့်ကွက်တွေ ဆင်လိမ့်မည်။ အိန္ဒိယသို့ ပေးသည့် အုပ်ချုပ်ရေးမျိုးကိုကား မြန်မာပြည်သို့ ပေးမည်ဟု သူ မထင်။ မှုမှုတာတာ ဖြစ်ရန် လိုသည်။ သို့သော်လည်း သူ့အတွေ့အကြုံ အရ အင်္ဂလိပ်တို့သည် တရားမှုတာမှုကို ဦးစားပေးသူများ မဟုတ်။ သူတို့အကြောင်း နောကျေမနေအောင် သိပြီး ဖြစ်သည်ဟု ဆင်ဂုပတားက ဆိုသည်။

ဆင်ဂုပတားက ဤသို့ ဆက်ပြောသည်။

သူ့ဇနီးမှာ အင်္ဂလိပ်မ ဖြစ်သည်။ အင်္ဂလိပ်မကို သူ ကြိုက်မိပြီ။ အင်္ဂလိပ်စာအား ခုန်စားကိုလည်း သူ နှစ်သက်သည်။ အင်္ဂလိပ် အဝတ်ကိုလည်း သူ ကြိုက်သည်။ အစားကိုလည်း သူ ကြိုက်သည်။ သူ့တွင် တစ်ချိန်က အင်္ဂလိပ် သူငယ်ချင်းမိတ်ဆွေ အများအပြား ရှိခဲ့သည်။ သို့သော် နိုင်ငံရေးတိုက်ပွဲ ပြင်းထန်လာသည့်အခါ ဤသည်တို့ အားလုံးကို ခါးခါးသီးသီး မုန်းလာသည်။ သူတို့အပေါ် စိတ်ချဉ်ပေါက်လာသည်။ ဤသည်တို့ အားလုံးမှာ သိုင်းဝိုင်းထားသော အင်္ဂလိပ် လူ့အဖွဲ့အစည်း၏ ဖိုက်လာမှုကြောင့် တစ်စိတ်တစ်ဒေသသာ ဖြစ်သည်။

အကယ်၍သာ မြန်မာပြည်ဘုရင်ခံ ဆာရေဂျီနယ်ဒ်စမစ်က နှုတ်ရေးကို အဆို မပြုလျှင် တစ်ချိန်တည်းမှာပင် မြန်မာတို့သည် အကန့်အသတ်ကောင်း တစ်ခုခု အတွင်း၌သာ ကိုယ်ပိုင်အုပ်ချုပ်ရေးမျိုးနှင့် ထိုက်တန်သည် ဟူ၍ မြန်မာပြည် ဘုရင်ခံက ဆာဂျွန်ဆိုင်မွန် ကော်မရှင်အား မထောက်ခံခဲ့လျှင် ကောင်းမည်။ ယခုကား ဤသို့ မဟုတ်။ မြန်မာတို့သည် ငါးမူးနိုင်ကို မမြင်ဘဲ အကောက်ကိုသာ မြင်ပြီး အငမ်းမရ ဟပ်သည့်ငါးလို ဖြစ်နေပြီ။ မြန်မာတို့ အရူးလုပ်ခံရပြီ။ အ လျှော် ညံ့လျှင် ခံပေတော့။

ဆူးလေဘေဒါတော်ကြီး၏ ထိုင်ရိပ်အောက်ရှိ နိုက်ကလပ်၌ (ဝန္ထုလသန်း၌) တွင် ဆင်ဂုပတားက တရားနာ ပရိသတ်အား ဤသဘော ပါသည့် နိုင်ငံရေး တရားကို ဟောခဲ့သည်။ သူသည် မြန်မာစကား မတတ်။ ဟိန္ဒူစတာနီ စကားဖြင့် ဟောပြောရန်လည်း မသင့်ဟု သူ ထင်သည်။ ထို့ကြောင့် အင်္ဂလိပ်စကားဖြင့် ဟောပြောသည်။ တရားနာ ပရိသတ်မှာ အိန္ဒိယအမျိုးသား သက်သက်ချည်း ဖြစ်သည်။ သို့ဖြစ်ရာ သူ၏ ဟောပြောချက်ကို တစ်လုံးတစ်ပါဒမျှ နားမလည်။ သို့သော်လည်း ထိုဟောပြောချက်သည် နောက်တစ်နေ့ မြန်မာသတင်းစာများ တွင် ဖော်ပြထားလေရာ ဆင်ဂုပတားကို ဖိတ်ကြားသူတို့မှာ များစွာ ကျေနပ် ကြသည်။

နောက်နှစ်ရက် အကြာတွင်မူ သူ့ကို ဖိတ်ကြားသူများ၏ ဖော်ပြမှုအရ ရန်ကုန်မြို့ရှိ ဝန်းမတစ်ခု၌ ထိုခွဲရေးတွဲရေး တရားကိုပင် ဟောပြောပြန်သည်။

ထိုတရားပွဲသို့ မြန်မာကျောင်းသား အများအပြား တက်ရောက် နားထောင်သည်။ သူတို့သည် အင်္ဂလိပ်စကားကို အသင့်အတင့် နားလည်ကြသည်။ အနှောင်အဖွဲ့ ကင်းသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းတစ်ရပ် အလိုရှိလျှင်မူ အင်္ဂလိပ်တို့ကို ယုံကြည်အားကိုးခြင်းဖြင့် အကျိုးမထူးနိုင်။ မြန်မာတို့ ယုံစားရမည့်သူမှာ အိန္ဒိယ တိုင်းရင်းသားတို့သာ ဖြစ်သည်။ အိန္ဒိယ-မြန်မာ လက်တွဲရေးစည်းမှ လိုသည်ဟု ဆင်ဂုပတားက ဆိုသည်။

နောက်ဆုံးနေ့ ဖေဖော်ဝါရီ ၂၀ တွင် နောက်ဆုံး ဟောပြောသည်။ သည်တစ်ကြိမ်တွင်လည်း ဖိုက်စကွဲယား (စန္ဒလာပန်းခြံ) ၌ ဖြစ်သည်။ ထိုလူထု အစည်းအဝေးပွဲ၏ သဘာပတိမှာ အက်ဒွတ်ချိုးရောက်ဂုရိုင် ဖြစ်သည်။ သဘာပတိ လုပ်ရင်း သူ့စိတ်ကူးထဲတွင် သူ၏ ပင်လယ်ကူး သင်္ဘောများနှင့် ထိုသင်္ဘောများတွင် ကုန်တင်ကုန်ချ လုပ်ပေးရန် အိန္ဒိယက ခေါ်ယူမည့် အိန္ဒိယ အလုပ်သမားတို့ကိုသာ မြင်ယောင်နေလေသည်။ အကယ်၍ ခွဲရနိုင်လျှင် အိန္ဒိယ အလုပ်သမားတို့ကို ခေါ်ယူနိုင်တော့မည် မဟုတ်။

ခင်မြင့်ထက်တွင် အမြင်ထင်ရှားသည့် မြို့မိမြို့ဖများနှင့်အတူ ဦးပေါ်ထွန်း လည်း ရှိနေသည်။ တရားပွဲ၌ အလျှင်က အတိုင်းပင် မြန်မာပရိသတ် နည်းသည်။ ဆင်ဂုပတားသည် ထင်ရှားသည့် ခေါင်းဆောင် ဖြစ်သော်လည်း ထိုအချိန်ကမူ အိန္ဒိယ နိုင်ငံရေးသမား ဟောသည့် တရားကို မြန်မာတို့ မနာယူလိုသည်မှာ ထင်ရှားသည်။

မြန်မာတွေကို ကူညီရအောင် သူ ရောက်လာခြင်း ဖြစ်သော်လည်း သူ့တရားကို မြန်မာတို့က နားမထောင်။ ဤသို့ဖြင့် ဆင်ဂုပတားသည် တတိယ အကြိမ် အင်္ဂလိပ်စကားဖြင့် ဟောပြောလေသည်။ ယခင် နှစ်ကြိမ်က အတိုင်းပင် မြန်မာတို့ အင်္ဂလိပ်ကို မယုံကြည်သင့်ကြောင်း၊ အိန္ဒိယနှင့် လက်တွဲကာ ရှေ့တိုးရေးကို တိုက်ပွဲဝင်သင့်ကြောင်း၊ အိန္ဒိယမှာ ကိုယ်ပိုင်အုပ်ချုပ်ရေးရဖို့ လက်တစ်ကမ်းသာ လိုတော့သဖြင့် အိန္ဒိယနှင့် တွဲလျှင် မြန်မာတို့လည်း ကိုယ်ပိုင်အုပ်ချုပ်ရေး ရမည် ဖြစ်ကြောင်း၊ သို့မဟုတ်လျှင်ကား အင်္ဂလိပ်ကို ယုံကြည်သဖြင့် ဘုရင်ခံ ဆာရှားအင်းနစ် စိတ်ကူးထားသည့် အညံ့စား အုပ်ချုပ်ရေးမျိုးသာ ရမည် ဖြစ်ကြောင်း တို့ဖြင့် ဟောပြောလေသည်။

ခင်မြင့်ထက်က လူများတွင် အင်္ဂလိပ် အမျိုးသားတို့ မပါလေရကား အင်္ဂလိပ် အစိုးရအား ရှုတ်ချ ပြစ်တင်စကား ဆိုသည်ကို ကန့်ကွက်မည့်သူ မရှိကြပေ။ ဆင်ဂုပတား ဟောပြောသည်ကို တည်တည်ငြိမ်ငြိမ်ပင် နားထောင်ကြသည်။ ထိုသူတို့မှာ မြန်မာပြည်တွင် ဖြစ်ပျက်နေသည်တို့ကို ကောင်းစွာ

သိနားလည်သူများဖြစ်ပြီး မြန်မာတိုင်းရင်းသားတို့၏ စိတ်နေစိတ်ထားကို လည်းကောင်း၊ မြန်မာပြည်အတွက် လက်တွေ့တွင် လုပ်ကိုင်၍ ဖြစ်နိုင်မည့် အုပ်ချုပ်ရေးပုံ လက်ခံလျှင် ကောင်းမည်ကို လည်းကောင်း ဆင်ဂုပတားထက် ပို၍ နားလည်ထားကြသူများ ဖြစ်လေရာ ဟောပြောသည်တို့ကို ထူးခြားရပင် နားထောင်ကြသည်။

ပရိသတ်တွင်မှ အိန္ဒိယ အလုပ်သမားများသည် အများစု ဖြစ်လေသည်။ ဆင်ဂုပတား ဘာတွေ ပြောနေသည်ကို သူတို့ နားမလည်။ သို့သော် ဟောပြောသူမှာ ကာလကတ္တားမြို့မှ ကြီးကြီးမားမား လူကြီးလူကောင်း တစ်ယောက် ဖြစ်ကြောင်း သိထားရာ ထိုပုဂ္ဂိုလ်ကြီးကို မြင်ရ တွေ့ရအောင် လာကြခြင်း ဖြစ်လေသည်။

တရားပွဲတိုင်းတွင် သတင်းထောက်များ လာရောက် သတင်းယူကြသည်။ နောက်တစ်နေ့ သတင်းစာများတွင် သူ့ဟောပြောချက်ကို ဖော်ပြကြသည်။ စီအိုင်ဒီ စုံထောက်များမှာ အလုပ်ရှုပ်ရသည်။ ဆင်ဂုပတား၏ ဟောပြောချက်ကို တစ်လုံးမကျန် ရေးမှတ်ကာ အထက်သို့ အစီရင်ခံရသည်။

ဤသည်မှာ ဖေဖော်ဝါရီလ အတွင်းက ရန်ကုန်၌ ဖြစ်ပျက်ခဲ့ပုံ အပြည့်အစုံပင် ဖြစ်သည်။ ထို့နောက် တစ်လခန့် အကြာတွင် သူ့အိမ်တံခါးဝသို့ မြန်မာ ပုလိပ်အရာရှိနှစ်ဦး ရောက်လာသည်။ သူ့ကို ဖမ်းရန် ဝရမ်းပါလာကြောင်း သိသည့်အခါ ချက်ချင်းပင် ဆင်ဂုပတားက ရန်ကုန်မှာ ငါဟောခဲ့တဲ့ တရားပွဲကြောင့်များလား ဟု စကားတစ်ခွန်း ဖွင့်ဟ ပြောဆိုသည်ဟု ဆိုသည်။

သူ့အိမ်ထဲသို့ ပုလိပ်အရာရှိများ ရောက်လာပြီး ဖမ်းဝရမ်းကို ပြသည်။ ဝရမ်းကို ဖတ်ပြီး "ဟုတ်ပြီ၊ ရန်ကုန်မှာ ငါ ဟောခဲ့တာတွေကြောင့်ပဲ" ဟု သိနားလည်လိုက်သည်။ မြန်မာအစိုးရအား အကြည်ညိုပျက်မှုဖြင့် သူ့ကို စွဲချက်တင်ထားသည်။ မတ် ၁၈ တွင် ရန်ကုန်မြို့၌ အမှုဆိုင်ရမည်။

'ငါးထောင်တန် အာမခံနှစ်ဦး ပေးနိုင်ပါတယ်၊ အစိုးရက သည်လိုပဲ ညွှန်ကြားပါတယ်' မြန်မာ ပုလိပ်အရာရှိများနှင့် လိုက်ပါလာသည့် ဘင်္ဂလား လက်ထောက် ပုလိပ်မင်းကြီးက ပြောပြသည်။

'အာမခံ မတောင်းဘူး' ဆင်ဂုပတားက ချက်ချင်းပင် အဖြေပေးသည်။

နိုင်ငံရေး ပြစ်မှုများနှင့် ရင်ဆိုင်ရသည့်အခါ ကွန်ဂရက် ပါတီဝင်များသည် အာမခံ မတောင်းခြင်း၊ အယူခံဝင်ခြင်း၊ ဒဏ်ငွေ ပေးဆောင်ခြင်းတို့ မပြုရ ဟု ပါတီ စည်းကမ်းစည်းမျဉ်းက တင်းတင်းကျပ်ကျပ် ဆိုထားသည်။

ဘင်္ဂလား အနီးရှိကလည်း အာမခံတောင်းလိမ့်မည့် မဟုတ်ဟု မျှော်လင့်ထားပြီး ဖြစ်သည်။ သို့ဖြစ်ရာ မူလိပ်မင်းကြီးတွင်လည်း အစီအစဉ် ရှိလေသည်။ ကာလကတ္တား မြို့တော်ဝန် ရုံးမှာကြီးကို ဖမ်းဆီးကာ မြို့တော်၏ လမ်းမကြီး၊ လမ်းမငယ်မှ ဖြတ်ပြီး မြို့မအချုပ်ခန်းသို့ ခေါ်ဆောင် ထည့်သွင်းရလိမ့်မည်။ ဤသည်မှာ လုပ်နိုးလုပ်စဉ် ဖြစ်သည်။ သို့သော် တရားလို မြန်မာအစိုးရမှာ အိန္ဒိယအင်ပါယာ၏ လက်အောက်ခံ ပြည်နယ်လေးတစ်ခု၏ အစိုးရ ဖြစ်လေရာ၊ ဘင်္ဂလားအာဏာပိုင်တို့မှာ သူတို့မြို့တော်ဝန်ကို အချုပ်ထဲ ထည့်ရန် စိတ်မပါလှ။ မြို့မ အချုပ်ခန်းထဲတွင် ကာလကတ္တားမြို့တော်ဝန် ဆင်ဂုပတာ ရောက်နေသတဲ့ ဆိုလျှင် တစ်မြို့လုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်မည်။ သို့ဖြစ်ရာ အကယ်၍ ဆင်ဂုပတာက အာမခံ မတောင်းခဲ့လျှင် သူ့ကို သူ့အိမ်မှာပင် ယာယီတစ်ည အကျယ်ချုပ် ထားရန် စီစဉ်ထားသည်။ နောက်တစ်နေ့ နံနက်တွင် ရန်ကုန်သို့ ထွက်မည့် သင်္ဘောပေါ်သို့ တစ်ခါတည်း တင်ပို့လိုက်မည်။

ထိုအစီအစဉ်အတိုင်း ညွှန်ကြားကာ မူလိပ် အစောင့်အနေ ရှိထားပြီး လက်အောက်မင်းကြီး ပြန်လာခဲ့သည်။

မြို့တော်ဝန်အား ဖမ်းဆီးသည့် သတင်းကို သတင်းထောက်များက အိန္ဒိယသတင်းစာများသို့ သတင်းပို့သည်။ တစ်နာရီအတွင်းမှာပင် ထိုအကြောင်းကို အရေးပေါ် ညနေခင်း သတင်းစာများ ရိုက်နှိပ် ထုတ်ဝေကာ ဖော်ပြကြသည်။ အချိန်မှာ စောသေးသည်။ နေ့လယ်ခင်းသာ ရှိသေးသည်။ သတင်းစာများ ထွက်ရုံလျှင် တစ်မြို့လုံး ဆူတ်ဆူတ်ကျွက်ကျွက် ဖြစ်သွားသည်။ ဈေးဆိုင်များ ပိတ်ကာ ဆန္ဒပြကြသည်။ လန်ချားများကလည်း ဆန္ဒပြကြသည့် အနေဖြင့် မပြေးဆွဲကြတော့ပေ။ ချက်ချင်းလိုလိုပင် သူတို့ခေါင်းဆောင်ကို ဖမ်းသဖြင့် ဈေးဆိုင်များပိတ် ဆန္ဒပြကြောင်း၊ "ဟာတယ်" လုပ်ကြောင်း ကြေညာသည်။

မြို့တော် ကော်ပိုရေးရှင်း အဖွဲ့ဝင်တို့ကလည်း သတင်းရလျှင် ရုံး ပြည်ဝေးကာ ဆင်ဂုပတာအိမ်သို့ သွားကြသည်။ အခြား ကွန်ဂရက် အမျိုးသား ခေါင်းဆောင်များလည်း သူ့အိမ်သို့ ရောက်လာကြသည်။

'မြန်မာအစိုးရ အကြည်ညိုပျက်ရအောင် ရန်ကုန်မှာ ခင်ဗျား ဘယ်လို ဟောခဲ့ ပြောခဲ့သလဲ၊ တိတိကျကျ ပြောပြပါလား' သူတို့က ဆင်ဂုပတာအား မေးသည်။

'ကျွန်တော် ဟောပြောတယ် ဆိုတာတော့ စကားလုံး တိတိကျကျ မမှတ်မိဘူး၊ သုံးပွဲ ဟောတယ်။ သုံးပွဲစလုံး လက်တန်းပြောတာပဲ၊ ဒါပေမဲ့ ပြောတဲ့ အကြောင်းအရာ အနှစ်ချုပ်ကတော့ မြန်မာပြည်သား တို့အိန္ဒိယက ခွဲထွက်မယ်ဆိုရင်

လွတ်လပ်ရေး တိုက်ပွဲမှာ သူတစ်ဦးတည်း ဆင်နွှဲရမယ်၊ အဲဒီလိုဆိုရင် အရေးနိမ့်မှာပဲ ပါပဲ' ဆင်ဂုပတားက ရှင်းပြသည်။

'အေးဗျာ ... ခုလို အရေးကြီးတဲ့ အချိန်မျိုးမှာ ခင်ဗျား အခမ်းခံရတယ်ဆိုတော့ နောက်ကျန်တာပေါ့၊ မဟာတ္မဂန္ဒီကြီးက မကြာခင် တိုက်ပွဲ ၈ တော့မယ်၊ အဲဒါဖြစ်လို့ ခင်ဗျားက မြန်မာတွေကိစ္စကို အရေးလုပ်ပြီး ဟောပြောရတာပဲ'

သူ့ရဲဘော်များက ဝေဖန်သည်။

'မြန်မာပြည်မှာ ရှိနေတဲ့ အိန္ဒိယ တိုင်းရင်းသားတွေက ဟောပြောနိုင်းလို့ ပြောရတာပဲ'

ထို့နောက် အမှုသွား အမှုလာကို ဆွေးနွေးကြသည်။ အပြစ် ရှိနိုင် မရှိနိုင် တွက်ချက်ကြသည်။ ပြစ်ဒဏ်မည်မျှရမယ် ရှိသလားဟု ဆင်ဂုပတားကို မေးသည်။

'ခံရမယ် ထင်တာပဲ၊ ဖမ်းပြီး ရန်ကုန်အထိ ခေါ်သွားမှတော့ စစ်ဆေးပြီး လွှတ်ပစ်မယ် မထင်ဘူး။ မြန်မာအစိုးရ ဆိုတာ ဒါလောက်တော့ နားလည်မှာပေါ့၊ မြင်မှာပေါ့။ ဘာလုပ်မယ်၊ ဘယ်လို အပြစ်ပေးမယ် ဆိုတာ အားလုံး စီစဉ်ပြီး ဖြစ်မှာပဲ'

'အိန္ဒိယအစိုးရနဲ့ အချိတ်အဆက် လုပ်ထားတယ်လို့ ဆိုချင်တာလား'

'ဟုတ်တယ်လေ၊ သူတို့ချင်း အချိတ်အဆက် ရှိမှာပေါ့၊ အခုအတိုင်းဆိုရင် ဂန္ဒီကြီးရဲ့ တိုက်ပွဲမှာ ကျွန်တော်ဟာ ပထမဆုံး ကျဆုံးမယ့်သူ ဖြစ်နေပြီ၊ ကျွန်တော့်ကို ဆွဲထည့်ဖို့ စီစဉ်တာ ဖြစ်မှာပဲ၊ ဒါဟာ လုပ်ကြံမှုတစ်ခုပဲ'

'ဒါပေမဲ့ တရားသူကြီးကတော့ ဥပဒေနဲ့ ဆန့်ကျင်ပြီး ပြစ်ဒဏ်ပေးလို့ ဘယ်ဖြစ်မလဲ'

'တရားသူကြီးဘက်က ခက်ခက်ခဲခဲ ကြိုးပမ်းစရာ မလိုပါဘူး၊ ဘယ်နိုင်ငံရေး ဟောပြောချက် ဖြစ်ဖြစ် ပြောဟောနေကျထက် ပိုပြီး ကြမ်းလာမယ်ဆိုရင် အဲဒါဟာ အကြည်ညိုပျက်မှုမှာ အကျုံးဝင်တာပဲ။

'တရားသူကြီးအဖို့ ဥပဒေစာအုပ်ကြီးကို လှန်နေစရာတောင် မလိုဘူး။ လျှောက်လဲချက်တွေရယ်၊ ဖြစ်ပျက်ပုံ အလုံးစုံရယ်ကို သူ ကြားနာနေဖို့တောင် မလိုဘူး။ ဟောဒီလို ဟောပြောတယ်၊ ဟောပြောတာ နားထောင်ရတဲ့ သက်သေတွေ တင်ပြမယ်၊ ပြီးရင် ထောင်ချနိုင်းမှာပဲ။

'ပြီးတော့ ကျွန်တော်ဘက်ကလည်း အယူခံဝင်ဖို့ စဉ်းစားမှာ မဟုတ်လေတော့ ဘာမှ ရှုပ်စရာ မရှိဘူး၊ တစ်မနက်ခင်းအတွင်း အမှုစစ်လိုက်ပြီး စီရင်ချက်ချနိုင်တယ်၊ အနည်းဆုံး နှစ်နှစ်တော့ ထောင်ကျနိုင်တယ်'

သူ့ရဲဘော်များမှာ စိတ်ဓာတ်ကျသွားကြသည်။

'ဒါပေမဲ့ ရဲဘော်တို့ ဘာမှ စိတ်မပျက်ကြနဲ့၊ အခု ဖြစ်ပျက်သမျှ အားလုံးဟာ ကျွန်တော်တို့ အလိုကျချည်းပဲ၊ ကျွန်တော်တို့ ပေါ်လစီက အင်္ဂလိပ် အစိုးရဟာ မတရား အမြင်ပေးတာကို လူသိအောင် လုပ်ရမယ် မဟုတ်လား၊ ဒါမှ တိုင်းသူပြည်သားတွေ စိတ်ထဲမှာ အင်္ဂလိပ်အစိုးရ လုပ်တာ မတရားဘူး လို့ သိကြမယ် မဟုတ်လား။

'ရန်ကုန်မှာ ထောင်ကျခံရရင် ပိုပြီး ကောင်းတာပေါ့၊ ကျွန်တော်တို့ အရေးကိစ္စအတွက် ပိုပြီး အထောက်အကူ ဖြစ်လာတာပေါ့၊ ကိုယ်က မနေတီးဘဲ ကိုယ့်အကျက်ထဲ ဝင်လာတာ မကောင်းဘူးလား'

ရဲဘော်များမှာ သူ့ကို ကြည့်ကာ ဝမ်းနည်း ကြည်နူးလာကြသည်။

'ဒါပေမဲ့ ခင်ဗျားဘက်က ဒါလောက်တောင် အနစ်နာ ခံရမယ် ဆိုတာ တော့ မဟုတ်သေးဘူး။ မြန်မာပြည်က ထောင်ထဲမှာ သွားနေရမယ်၊ ခင်ဗျား မိသားစုနဲ့ခွဲပြီး အဝေးကြီးမှာ အကြာကြီး ခွဲခွာခံရမယ်၊ ခင်ဗျားက ကျန်းမာတာ မဟုတ်ဘူး၊ အဲဒီအထိ ခံနိုင်ပါ့မလား၊ အခုလောက် လုပ်ခဲ့ ကိုင်ခဲ့တာကိုပဲ လွန်လှပြီ'

မိတ်ဆွေများ၊ ရဲဘော်များက ပြောကြသည်။

'ဘယ်လိုပဲဖြစ်ဖြစ်၊ ကျွန်တော့်ကိုတော့ ရန်ကုန် ပို့သွားတော့မှာပဲလေ၊ အဆိုးထဲက အကောင်းကို ရှာရမှာပေါ့၊ အမြတ် ထုတ်ရမှာပေါ့'

ဆင်ဂုပတားက ပြောသည်။

'အင်းလေ၊ ဒီလိုဆိုတော့ ကျွန်တော်တို့ဘက်က လုပ်စရာတွေ လုပ်ကြ ရမှာပေါ့'

ထိုသို့ ပြောကာ ဈေးဆိုင်ပိတ်ပြီး ဆန္ဒပြနေကြသည့် လမ်းများအတိုင်း ပြန်သွားကြသည်။

နောက်တစ်နေ့ နံနက်တွင် မြို့တော်ဝန် အိမ်ရှေ့၌ လူစုလူဝေးကြီးတစ်စု ရောက်လာသည်။ ပန်းကုံးများ၊ ပန်းစည်းများ ကိုင်လာသူ ခေါင်းဆောင်တို့ကို ဆင်ဂုပတားက အိမ်တံခါးဝမှ ဆီးကြိုလျက် လက်ခံသည်။ သူ့ကို အချို့က ပန်းစည်း ဆက်ကြသည်။ အချို့က ပန်းကုံးစွပ်ကြသည်။ အချို့က သူ့နဖူး ထက်တွင် ဟင်္သပဒါး ဆေးနီပြောက် ခြယ်ပေးကြသည်။ ဤနေ့သည် ခေါင်း ဆောင်ကြီး တစ်ယောက် အဖမ်းခံရသည့် နေ့ထူးနေ့မြတ် ဖြစ်လေသည်။ နေ့ထူး နေ့မြတ်တွင် နဖူးထက်၌ ဆေးနီခြယ်ကာ ကောင်းချီးပေးရသည့် ထုံးစံရှိသည် မဟုတ်လား။

အစီအစဉ်အတိုင်း ပုလိပ်အစောင့်အကြပ်တို့ ရောက်လာကြသည်။ နံနက်

ကိုးနာရီတွင် အက်စ်အက်စ် ဆာဝါးနား သင်္ဘောသည် ဆောက်တရုမ်းဆိပ်ကမ်းမှ ထွက်ခွာမည် ဖြစ်သည်။

လူအုပ်ကြီးထဲက အချို့မှာ ငိုကြွေးကြသည်။ အချို့က 'အရေးတော်ပုံ အောင်ပါစေ' ဟု ကြွေးကြော်ကြသည်။ သင်္ဘောဆိပ်တွင်လည်း ဧရာမ လူစုလူဝေး ကြီးက ဆင်ဂုပတားကို စောင့်ကြိုနေလေသည်။

အစောင့်မှူးပါလိပ်တို့က ဆင်ဂုပတားကို သင်္ဘောပေါ်သို့ မြန်မြန် တင်လိုက်ကြသည်။ သင်္ဘောလက်ရန်းကို ကိုင်ကာ ဆင်ဂုပတားက လူထုကြီးအား ဦးညွှတ်အလေး ပြုသည်။ ထိုအခါ လူထုကြီးသည် တက်ကြွ လှုပ်ရှားလာသည်။ လူတစ်စုသည် သင်္ဘောပေါ်သို့ တက်လာပြီး သုံးရောင်ခြယ် ကွန်ဂရက် အမျိုးသား အလံကို လွှင့်ရန် ကြိုးစားသည်။ သို့သော် မှုန့်မပြေ၊ အလံ မလွှင့်ထူလိုက်ရ။ သင်္ဘောလည်း ထွက်ရန် ဥဩမှုတ်သည်။ ဆင်ဂုပတားက သူ့မိသားစုကို လက်ပြ နှုတ်ဆက်သည်။ ကွန်ဂရက်ခေါင်းဆောင်များကိုမူ 'မဟာဗျူဟာနှင့်အညီ တိုက်ပွဲဝင်ကြပါ' ဟု မှာကြားလေသည်။

လှေကားများကို ဆွဲတင်ပြီးနောက် သင်္ဘော ခွာလေသည်။ သူတို့ ခေါင်းဆောင်ကြီးကို တစ်မြေရပ်ခြားသို့ ဖမ်းဆီး ခေါ်ဆောင်သွားသဖြင့် လူထုကြီးမှာ ဒေါသဖြစ်နေကြသည်။ 'ယူနီယန်ဂျက်အလံကို ဖြုတ်ချ' ဟု ဟစ်ကြွေးကြသည်။ ဆင်ဂုပတားသည် သင်္ဘောလက်ရန်းဦးပင် ရပ်ကာ လက်စွေ့ယမ်း နှုတ်ဆက်သည်။ သင်္ဘောကို မမြင်ရတော့မှ ကြွေးကြော်သံများ တိတ်သွားသည်။

ဆင်ဂုပတားသည် လူယဉ်ကျေး တစ်ယောက် ဖြစ်သည်။ သင်္ဘော လက်ရန်းမှ ခွာကာ အခန်းသို့ ပြန်လာပြီး လည်ပင်းမှ ပန်းကုံးတို့ကို ဖြုတ်သည်။ နဖူးထက်က ဆေးနီကို ဖျက်သည်။ ဒိုတီကိုချွတ်ကာ ဘောင်းဘီ၊ ကုတ်အင်္ကျီတို့ ဝတ်သည်။ ထို့နောက် ထမင်းစားခန်းသို့ ဆင်းလာသည်။ ဆင်ဂုပတားသည် စိတ်ကူးယဉ်သူ မဟုတ်။ လက်တွေ့ကျသူ ဖြစ်သည်။

နိုင်ငံရေး လောကကို ရှုံ့ချမြင်သည်။ ရဲရဲ ရင်ဆိုင်သည်။ ဇာတ်ပါလီ လူထု ပရိသတ် အလယ်တွင် ပန်းကုံးစွပ်ခံရသည့် ဒိုတီဝတ်အဝတ်သည် တင့်တယ်သည်။ ထို့အတူ အင်္ဂလိပ် သင်္ဘောတစ်စီး၏ ပထမတန်း ဦးခန်းတွင် အနောက်တိုင်း ဝတ်စုံပြည့် ဝတ်ဆင်လျှင် လူအထင်သေးခံရမည် မဟုတ်ဟု သူ နားလည်သည်။ တစ်မနက်ခင်းလုံး စိတ်လှုပ်ရှားခဲ့ရသဖြင့် ရင်ထဲမှာ ဝလောင်ဆူကာ ဗိုက်ထဲက ဆာလောင် မွတ်သိပ်လာသည်။ ထို့ကြောင့် သူကြိုက်သည့် ကြက်ဥနှင့် ဝက်ပေါင်ခြောက်တို့ကို မှာ၍ စားလေသည်။

## ၃။ ဆင်ဂုပတား ရောက်လာပြီ

ဘင်္ဂလားပင်လယ်အော် ဟိုဘက် ကာလကတ္တားမြို့တွင် ဖြစ်ပျက်နေသမျှ သတင်းနှင့်ကို ရန်ကုန် သတင်းစာများက ကြေးနန်းသတင်း အဖြစ် ဖော်ပြကြသည်။ ထိုအချိန်မှာပင် ကျွန်တော်ထံသို့ အမှုနှင့် ပတ်သက်သမျှ ပုလိပ်မှတ်တမ်းများ၊ သက်သေ အထောက်အထားများ၊ သတင်းစာ ဖြတ်ပိုင်းများ အစုံအစေ့ ရောက်လာသည်။ ဖေဖော်ဝါရီ ၂၁ နှင့် ၂၁ တွင် ဆင်ဂုပတား ဟောပြောသည်တို့ကို ပုလိပ်က မှတ်တမ်း တင်ထားသည်တို့ ပါဝင်သည်။ ဤသို့ ဤပုံ ဆင်ဂုပတား ဟောပြောသည် ဆိုသည့် အထောက်အထားသာ ပါသည်။ အသီးသက်သေများ ခေါ်ရန်ကိုမူ တင်ပြသည်ဟု မပါ။

ကျွန်တော်သည် သူ့ဟောပြောချက်များကို နောက်တစ်ကြိမ် လေ့လာ ဖတ်ရှုရသည်။ တကယ်ပဲ အကြည်ညိုပျက်မှုမှာ အကျုံးဝင်သလား၊ တရားဥပဒေ သဘော အရသာ အကြည်ညိုပျက်မှုကို ကျူးလွန်သလား။ အဆုံးအဖြတ် ပေးရန် အတော်လေး ခက်ခဲသည့်ကိစ္စ ဖြစ်လေသည်။

တရားသူကြီး တစ်ယောက်အနေဖြင့် အမှုကို စစ်ဆေးကြားနာပြီးမှ သက်သေ အထောက်အထားတို့ကို မြင်တွေ့ ဖတ်ရှုပြီးမှ အဆုံးအဖြတ်တစ်ခု ပေးရမြဲ ဖြစ်သည်။ ဤအမှုတွင် သက်သေအထောက်အထား အားလုံးမှာ ပုလိပ် အစီရင်ခံချက်တွင် ပြည့်ပြည့်စုံစုံ ပါရှိသည်။ သို့သော် မည်သည့် မျက်မြင်သက်သေ တစ်ဦးတစ်ယောက်ကိုမျှ မတင်ပြ။ သို့ဖြစ်ရာ ဤအမှုမှာ အခြား အမှုများနှင့် များစွာ ခြားနားလေသည်။ ဟောပြောချက် သုံးခုအနက် နှစ်ခုတွင် အကြည်ညိုပျက်မှု ကျူးလွန်သည် ဟူ၍ မှတ်တမ်း အထောက်အထားသာ တင်ပြထားသည်။

ဟောပြောချက်များကို စေ့စေ့စပ်စပ် လေ့လာ ဖတ်ရှုရသည်။ တကယ်ပင် အကြည်ညိုပျက်မှု ကျူးလွန်သလား၊ မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးနိုင်ဖို့ လိုသည်။ ထိုအခါ ကျွန်တော့်ဘက်က အမြင်ကြည်လင်ရန် ပြည့်ပြည့်စုံစုံ သိရှိကြားနာဖို့ လိုကြောင်း နားလည်လာသည်။

ဆင်ဂုပတား တစ်ယောက် ရန်ကုန်သို့ ဘာကိစ္စ ရောက်လာသလဲ၊ သက်သေ အထောက်အထား ရှိရမည်။ ပထမဆုံး တရားခွင်၏ ဟောပြောချက်တို့ကို ရုံးတော်သို့ တင်ပြရမည်။ ဟောပြောရန် ဖိတ်ကြားသူတို့မှာ ဦးပေါ်ထွန်း၊ အက်ဝ ဘာရီ ရောက်ဂျီနှင့် အခြားထင်ရှားသည့် ပုဂ္ဂိုလ်အချို့ ဖြစ်သည်။ ဆင်ဂုပတား ဟောပြောသည်ကို သူတို့အားလုံး နားထောင်ကြသည်။ သို့ဖြစ်ရာ သူတို့၏ သက်သေခံချက်လည်း လိုသည်။ အမှုစစ်ဆေးလျှင် ထိုသူတို့အနက် အချို့ကို

ပေါ်ယူ စစ်ဆေးရလိမ့်မည်။ ဤသို့ဆိုလျှင် အနီးရော ကြိုက်ချင်မှ ကြိုက်မည်။ သို့သော် မတတ်နိုင်။

သို့ဖြစ်ရာ ရှေ့တွင် ဘာတွေ ဖြစ်လာမည်ကို ကြိုတင် သိထားနှင့်သော ကျွန်တော်မှာ မပျော်ရွှင်လှပါ။ စိတ်မချမ်းမြေ့ ဖြစ်လာရသည်။ အပြန်ပြန် အလှန်လှန် စဉ်းစားလျှင် ဤအမှုတွင် ဥပဒေသဘော အရပင် အကြည်ညိုပျက်မှု ဆောင်ထဲမှာ အကျုံးဝင်သလား ဟူ၍ သံသယ ဝင်မိသည်။ အမှုကြောင်းတွင် တရားလိုဘက်က အားနည်းနေသည်ကို တွေ့ရသည်။ သို့သော်လည်း ကျွန်တော့် ဘက်မှ မည်သို့မျှ ပြုပြင် ဖန်တီးနိုင်ရန် အကြောင်းမမြင်။

ဘုရင်ခံထံ ဝင်တွေ့ပြီး ခင်ဗျားခွဲတဲ့ အမှုက မနိုင်လုံလှဘူး ဆင်တယ်ဟု ပြောခဲ့လည်း မသင့်။ ဘုရင်ခံသည် ဥပဒေအကြံပေး အရာရှိများနှင့် တိုင်ပင်ပြီး ဖြစ်လိမ့်မည်။ ကျွန်တော့် ထင်မြင် ယူဆချက်ကို အလေးထားမည် မဟုတ်။ နောက်တစ်ကြောင်းကလည်း ကျွန်တော်သည် အမှုကို စစ်ဆေးကြားနာမည့် တရားသူကြီးတစ်ယောက် ဖြစ်နေလေရာ ယခုအဆင့် ရောက်မှ မိမိသဘောထား ကို တင်ပြမည် ဆိုလျှင် သင့်လျော်မည် မဟုတ် ဟူ၍ စဉ်းစားမိသည်။ အနီးရ ရှေ့နေက အမှု၏ အချက်အလက်တို့ကို ကျွန်တော်ထံ တင်ပြမည်။ ဥပဒေ ဖွင့်ဆိုချက်ကို တင်ပြမည်။ ထိုအချိန်ထိ ကျွန်တော့်ဘက်က ထင်မြင်ယူဆချက် ဘာတစ်ခုမျှ ပေးရန် မလိုသေး။

မည်သို့ဖြစ်စေ ဘုရင်ခံအစိုးရဘက်ကမှ အမှုကို ရုပ်သိမ်းနိုင်သည်မှာ သေချာသည်။ ဆင်ဂုပတာကို ဖမ်းဆီးခေါ်ဆောင်လာပြီး ယခု သင်္ဘောပေါ်တွင် ပါလာသည်။ မတ် ၁၇ နေ့က နံနက်စောစောတွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်လာမည်။ သင်္ဘောပေါ်က ဆင်းလာတော့မှ အမှုကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဆင်ဂုပတာ အား အကြောင်းကြားမည် ဆိုသည်မှာ မဖြစ်နိုင်။ လှောင်ရယ်စရာ ဖြစ်လိမ့်မည်။

ကျွန်တော်မှာ တိုင်ပင်စရာ လူမရှိ။ အာဏာပိုင်ထဲမှ တစ်ယောက်ယောက် ဆီက အကြံဉာဏ် ရနိုင်လျှင်လည်း ကောင်းမည်။ ဥပဒေအကြံပေး အရာရှိများ၊ ဟိုက်ကုတ် တရားလွှတ်တော်မှ တရားသူကြီးအချို့၊ ရှေ့နေရှေ့ရပ်များ၊ ယင်း တို့ထဲမှ တစ်ဦးတစ်ယောက်နှင့် တိုင်ပင်နိုင်သည်။ သို့သော် မဖြစ်နိုင်ပါ။ သူတို့နှင့် ဆက်သွယ်လို့ မဖြစ်။ မကောင်းပြောလှန်နိုင်သည့် အခက်အခဲများ တွေ့ရမည်။ သို့ဖြစ်ရာ မိမိဆုံးဖြတ်ချက် တည့်မတ်မှန်ကန်ဖို့သာ အရေးကြီးသည်။ မိမိထင်မြင်ယူဆချက် ညီညွတ်မျှတဖို့ လိုသည်။

သီတင်းပတ် နောက်ဆုံးရက်များ ဖြစ်သည့် မတ် ၁၅၊ ၁၆ တို့တွင် ပုလိပ်မင်းကြီး မယ်ဒိုကင်၏ လက်ထောက် ဖရင့်ဖန်နေလေဂျစ်တင်းစကောနှင့် တစ်နေရာတွင် ဆုံမိသည်။

'ဘယ်လိုလဲဗျ၊ အမှုကတော့ လူတွေ စိတ်ဝင်စားမယ့် အမှုပဲ၊ ဘယ်လို ထင်သလဲ' သူက မေးသည်။

'ဘယ်လို သဘောနဲ့ စိတ်ဝင်စားမယ် ပြောတာလဲ'

'နာမည်ကျော်မယ့် သူတွေလည်း အများကြီး နေမှာပဲ၊ ရှုန်းရင်းဆန်ခတ် ဖြစ်မယ်၊ ကျွန်တော်တို့ဘက်ကတော့ ပုလိပ်အစောင့် ချထိုး စီစဉ်ထားပြီ'

'နေပါဦး၊ ကျွန်တော် မသိလို့ မေးစမ်းပါရစေ၊ ဘုရင်ခံက ဘာဖြစ်လို့ ဆင်ဂုပတာ ဒေးကို တရားစွဲရတာလဲ၊ အကြောင်းက ဘာလဲ' ကျွန်တော်က မေးမိ သည်။

'အိန္ဒိယ နိုင်ငံရေးသမားတွေ မြန်မာပြည် အရေးကိစ္စထဲ ဝင်ပါနေတာ သူ မကြိုက်ဘူး'

'ဆင်ဂုပတား မှာကိစ္စနောက်စရာ ကောင်းတာ ဟုတ်ပါတယ်၊ တကယ်က မြန်မာပြည်ကို လာပြီး နိုင်ငံရေးကိစ္စမှာ ရှုပ်ထွေးအောင် ဝင်နှောက်တာလဲ'

'ဒါတင်မကဘူး၊ ဘုရင်ခံစိတ်ထဲမှာ မြန်မာပြည်ကို အိန္ဒိယ အရှုပ်အထွေး နဲ့ ကင်းကင်းရှင်းရှင်း နေစေချင်တယ်၊ အိန္ဒိယနဲ့ မရောစေချင်ဘူး၊ ဆင်ဂုပတား ယောက်ျားချက်တွေကို စီအိုင်ဒီက ထင်ပြလိုက်တော့ ဘုရင်ခံဘက်က ဟန့်တားဖို့ အခွင့်အလမ်းတစ်ရပ်ကို မြင်လိုက်တယ်။ ဆင်ဂုပတားလို ပုဂ္ဂိုလ်တွေရဲ့ နိုင်ငံရေး အယူအဆတွေ၊ အမြင်တွေကို မြန်မာတွေ ခေါင်းထဲ အဝင်မခံနိုင်ဘူး။ ဒါဟာ ဘုရင်ခံရဲ့ သဘောထားပဲ'

'ဆင်ဂုပတား ပြောတဲ့ အထဲမှာ ဘုရင်ခံကို ပြစ်တင်ထိခိုက်သွားတာ ကရော'

'ဘုရင်ခံက အဲဒါကိုတော့ စဉ်းစားမှာ မဟုတ်ဘူး၊ သူက ပုဂ္ဂိုလ်ရေး စဉ်းစားတဲ့လူမျိုး မဟုတ်ဘူး။ ဒါပေမဲ့ သူ့ကို ဒွယ်လို ဆင်ဂုပတားကို ဖမ်းတယ်၊ တရားစွဲတယ် လို့တော့ လူတွေက ပြောကြမှာပဲ' ဖရင့်က ဆိုသည်။

'ဒါပေမဲ့ ဆင်ဂုပတားဟာ မြန်မာတွေအပေါ် ဩဇာလွှမ်းမိုးနိုင်ပါ့မလား၊ ခင်ဗျား ဘယ်လို ထင်သလဲ' ကျွန်တော်က မေးမိသည်။

ဖရင့်က ပြုံးသည်။

'မြန်မာပြည်အကြောင်း ဆင်ဂုပတား ဘာမှ မသိဘူး၊ မြန်မာတွေ စိတ်ထဲမှာ သူတို့ အယူအဆနဲ့ သူတို့ ရှိနေပြီးသား၊ သူ့ဆီက ဘာ အကြံဉာဏ်မှ ယူမှာ မဟုတ်ဘူး၊ အခုဆိုရင် ကျေးလက်မှာ ဘာတွေ ဖြစ်ပျက်နေသလဲ ဆိုတာ ကျွန်တော်တို့တစ်တွေ ဘာမှ မသိကြဘူး'

နောင် ဆယ်လ အကြာတွင် ဆရာစံ ခေါင်းဆောင်သော လယ်သမား အရေးတော်ပုံ ပေါ်လာသည့်အခါ ဖရင့်၏ ထိုစကားကို အမှတ်ရလာသည်။ ယခုမူ ဆရာစံသည် လယ်သမားများအကြား သွားလာ စည်းရုံးကာ လှုံ့ဆော်နေသည်။ သူပုန်ထရန် စိုင်းပြင်းနေသည်ဟု တီးတိုးစကား ဆိုနေကြသည်။ မိုက်ကရွယား (ဓနုလယန်းဖြူ)တွင် ကျင်းပသည့် ဆင်ဂုပတား၏ ဓာတ်သွားဟန်လွှဲ တရားပွဲသည် လုံး၀ အရေးမပါ။

မတ် ၁၇ တနင်္လာနေ့တွင်မူ ကျွန်တော်သည် အိပ်ရာမှ စောစောထသည်။ ဤသို့ အစီအစဉ်များ ပြုလုပ်ထားသည်။ ခုနစ်နာရီတွင် သင်္ဘောဆိုက်လျှင် ဆင်ဂုပတားကို ရှေ့ဝန် ပုလိပ်ဝန်ထောက် မြွေတာသစ်က ကြိုဆိုပြီး ကျွန်တော် အိမ်သို့ တစ်ပါတည်း ခေါ်လာမည်။ အိမ်တွင် ပုလိပ်မင်းကြီး မယ်ဒိုကင်နှင့် ကျွန်တော်ကို စောင့်နေကြမည်။

စရုတ်ကြင်းလမ်း (ဘိုကလေးဈေးလမ်း) ဆိပ်ကမ်းတွင် ဗင်္ဂါလီအချို့ စောင့်နေသည်ကို မြွေတာသစ် တွေ့ရသည်။ ပြည်တွင်းမှာ ရက်လုပ်သည့် ဝံသာနုထည်များကို ဝတ်ဆင်ထားကြသည်။ ခေါင်းပေါ်တွင်မူ စစ်ဦးထုပ်နှင့် တူသည့် ဦးထုပ်ဖြူတစ်မျိုးကို ဆောင်းထားကြသည်။ သူတို့အထဲမှ ခေါင်းဆောင်နှင့် တူသည့် ပုဂ္ဂိုလ်တစ်ယောက်သည် ခရုသင်းကို ပါးစပ်တွင် တေ့ကာ တဘူဘူ မှုတ်နေသည်။ ခရုသင်းသည် ဗြာဟ္မဏတို့၏ မင်္ဂလာသုံးတူရိယာတစ်မျိုး ဖြစ်သည်။ ခရုသင်း မှုတ်သံသည် မြစ်ကြက်လေနှင့်အတူ ရန်ကုန်မြစ်ပယ်တွင် သာသာ ယာယာ ပေါ်ထွက်လာသည်။ ရေ၊ သင်္ဘော၊ သမ္ဗန်တို့မှာ ရန်ကုန်မြစ်ထဲတွင် ရှုပ်ရှည် ဆန်ရှည် လှုပ်လာခတ်နေကြသည်။ မကြာမီပင် ဆာဒါးနားသည် ရန်ကုန် မြစ်တွင်းသို့ ဝင်လာသည်။

ဆင်ဂုပတားကို လာရောက်ကြိုဆိုသည့် ပရိသတ်မှာ မျှော်လင့်သလောက် မများသဖြင့် ရာဇဝတ်ဝန်ထောက် မြွေတာသစ်မှာ ဝမ်းသာနေသည်။ သတင်းစကား ကမူ ဆင်ဂုပတားကို ကြိုဆိုမည့်သူများ အလွန်များမည်ဟု ဆိုသည်။ ရေဝန်ကိတ် အပြင်ဘက်တွင် မော်တော်ကား သုံးစီးအပြည့် ပရိသတ် ရှိနေသည်။ တစ်စီးတွင် ဘုန်းတော်ကြီးများ ပါပြီး နှစ်စီးတွင် ပင်နီဝတ် အမျိုးသမီးများ အပြည့်ပါသည်ဟု ဆိုသည်။ သူတို့သည် ဆင်ဂုပတား၏ ကားနောက်သို့ လိုက်ကာ တစ်စုတစ်ရာ ဆန္ဒပြရန် ရည်ရွယ်ဟန် တူသည်။

ထို ဘုန်းကြီးများနှင့် အမျိုးသမီးများမှာ ယမန် အမှုစစ်ဆေးစဉ်က ကျွန်တော့်ရုံးခန်းသို့ ရောက်လာသူများပင် ဖြစ်ရမည်။ သူတို့သည် ခေတ်နောက်ကျ နေသည့် ဝံသာနုများ ဖြစ်သည်။ ဂန္ဓီ၏ အဟိံသာလမ်းစဉ်ဖြစ်သည့် အကြမ်း

မကော် အာကာသီးဆေးနေရာကို သူတို့ နားမလည်။ သောက်ခံနိုင်ရန်လည်း အကြောင်းမရှိ။ သူတို့သည် အိန္ဒိယ တိုင်းရင်းသားတို့ကို မနှစ်မြို့သူများသာ ဖြစ်သည်။ သို့တိုင်အောင် ဆင်ဂုပတားကို လာရောက် ကြိုဆိုသည်မှာ ထူးဆန်းလှသည်။ သို့သော်လည်း သူတို့ သဘောထားကိုမူ ဤသို့ နားလည်ရနိုင်သည်။ သူ့ဖုန်ထဲ ရန် လေရာစက လှုပ်ရှားနေသည်ကို သူတို့ တစ်စွန်းတစ်စ ကြားသိထားမည်။ သူ့ ရည်ရွယ်ချက်ကိုလည်း သိနားလည်ထားမည်။ လက်နက်ကိုင် ပုန်ကန်မှုတစ်ခုခုကို သူတို့ မျှော်လင့်ထားကြသည်။ သူတို့အမြင်တွင် ဘင်္ဂါလီခေါင်းဆောင် ဆင်ဂုပတားသည် တော်လှန်ရေးသမားကြီးသာ ဖြစ်သည်။ သို့သော် ဆင်ဂုပတား ယုံကြည်သည်မှာ ဥပဒေတွင်း တော်လှန်ရေး ဖြစ်သည်ကိုမူ သူတို့ မသိ။ ဥပဒေတွင်း ဟု သိသည့်တိုင် သူတို့ ဂရုမစိုက်။ ထိုပုဂ္ဂိုလ်မှာ တော်လှန်ရေးသမား ဖြစ်သည်ကပင် ကျေနပ်အားရလှပြီ။ ပြဿနာ ဘုရင်ခံကို အနိုင်ယူရုံသည် ဆိုလျှင်မူ ဆင်ဂုပတားသည် အာဇာ ပုဂ္ဂိုလ်တစ်ဦး မဟုတ်။ ဤအပြုအမူကပင် နှစ်သက်စရာ ကောင်းလှပြီ။ ချီးကျူးစရာ ကောင်းလှပြီ။

ဆင်ဂုပတားကို ကြိုဆိုသည့် ပရိသတ် ရောက်နေကြောင်း သိရလျှင် ကားကို တခြား ဂိတ်တစ်ခုမှ မောင်းထွက်ရန် မစ္စတာဘစ်က စီစဉ်သည်။ ဤနည်းဖြင့် သူတို့ကို ရှောင်ကွင်းနိုင်မည်ဟု မျှော်လင့်ထားသည်။ မြို့တွင်း၌ ကားများဖြင့် လှည့်လည် ဟစ်ကြွေး ဆန္ဒပြကြမည့် ဝံသာနု အမျိုးသမီးများ၏ အစီအစဉ်ကို မစ္စတာဘစ် မသိ။ ကျွန်တော်အိမ်သို့ ဆန္ဒပြ လှုပ်ရှားမှုတစ်ခု ရောက်လာနိုင်သည်ကိုလည်း စိုးရိမ်မိဟန် မတူ။

တေဝါးနား သင်္ဘောဆိုက်လျှင် ဖော်သည် သင်္ဘောပေါ်သို့ တက်လာသည်။ ဆင်ဂုပတားသည် ဦးခန်းတွင် အသင့် စောင့်နေသည်။ သူသည် အနောက်တိုင်း ဝတ်စုံကို ချွတ်ကာ ဝံသာနုထည်ကို ဝတ်ထားသည်။ ကုန်းပေါ်က သူ့တိုင်းရင်းသားတို့ နည်းတူ ဦးထုပ်ဖြူဆောင်းကာ တဘက်ခြုံ ရုံထားသည်။

မစ္စတာဘစ်က သူတို့ ကားဆီသို့ မြန်မြန်ခေါ်လာသည်။ သို့သော်လည်း အရပ်ရှည်သည့် သူ့ပုံပန်းသဏ္ဌာန်ကို အိန္ဒိယ တိုင်းရင်းသားတို့က ချက်ချင်း မှတ်မိကြသည်။ ထိုအခါ ရေသင်းသံ ပေါ်ထွက်လာပြီး "ဗန္ဒေမာတရမ်" ဟူ၍ "အမိအိန္ဒိယပြည်ကြီး လွတ်မြောက်ပါစေကြောင်း" အော်ဟစ်ကြွေးကြော်ကြသည်။ ထို့နောက် ဆင်ဂုပတား၏ ကားကို ဝိုင်းလာကြပြီး နှင်းဆီပန်းကုံး စွပ်ကာ ဂုဏ်ပြုကြသည်။

မစ္စတာဘစ်က ကားပေါ်၌ ပရိသတ်ကို နောက်ဆုတ်ရန် အော်ဟစ်ပြောဆိုသည်။ ထို့နောက် ဆိပ်ကမ်းမှ ထွက်လာခဲ့သည်။ မြင်းကက်တွင် စောင့်နေသည့်

ကားများကို မျှောင်ရန် အနောက်ဘက် ဂိတ်သို့ တစ်ဟုန်ထိုး မောင်းလာသည်။ ယင်းကို ဝံသာနု အမျိုးသမီးများက မြင်သွားကာ နောက်က လိုက်လာသည်။ သို့သော် မျက်ခြည် ပြတ်သွားသည်။

အမျိုးသမီးတို့မှာ ဒေါသဖြစ်ကြသည်။ သူတို့ စီးလာသည့် ကားဒရိုင်ဘာအား မျက်ခြည်ပြတ်ရမည်လားဟု ဆူပူကြိမ်းမောင်းကြသည်။ ဆင်ဂုပတား၏ ကားကို အမီလိုက်ရန် ပြောသည်။ မြို့ရိုးမြောက်လည် အနံ့အပြား မောင်းကာ လိုက်ရှာကြသည်။ ရန်ကုန်ဘောင်ကြီးသို့လည်း ရောက်သည်။ ဘားလမ်း (မဟာ ဗန္ဓုလလမ်း-ခြံလမ်း) မြို့မ အစျေးဝန်းသို့လည်း ရောက်သည်။ နောက်ဆုံးတွင် အိန္ဒိယ တိုင်းရင်းသားများ နေထိုင်နေသည့် ဗန္ဓုလလမ်းခြံသို့ ရောက်လာသည်။ ထိုနေရာတွင်လည်း ဆင်ဂုပတားကို မတွေ့ရ။ ဘယ်ရောက်သွားသည်ကို သူတို့ မသိ။ ကျွန်တော့်အိမ်သို့ ဆင်ဂုပတား ရောက်လာသည်ကို မည်သူမျှ မသိ။

ဝံသာနု အမျိုးသမီးတို့မှာ ဒေါသူပုန် ထ လာကြသည်။ နံနက် ငါးနာရီ ကတည်းက ယနေ့အထိ လက်မောက်ရှည်တစ်ခွက်သာ သောက်ရသေးသည်။ ဆာကာ လည်း ဆာလှပြီ။ "တပည့်တော်မတို့ကို ဘာလို့ ခေါ်လာတာလဲ ဘုရား" ဟုန်ကြီး တွေကို မေးမြန်းသည်။ "ကျွန်မတို့ကို အိမ်ပြန်ပို့ပါတော့၊ ရှင်တို့ ဘာမှ အသုံးမကျဘူး" ခရိုင်ဘာများကိုလည်း ဆူပူကြိမ်းမောင်းသည်။ စိတ်ဆိုးမာန်ဆိုး နှင့်ပင် မနွှတားစကို ဆဲဆို ကြိမ်းမောင်းသွားကြသည်။ ဆင်ဂုပတား ပျောက် သွားသည်မှာ ဖစ်ဆ် လက်ချောက်ကြောင့်ပင် ဖြစ်သည်ဟု သူတို့ နားလည်လိုက် ကြသည်။

ထိုအချိန်မှာပင် ပုလိပ်ကားသည် ရန်ကုန်မြို့ထဲမှ တော့ကောက်မောင်းနှင် ကာ ကျွန်တော့်အိမ်သို့ ရောက်လာသည်။ ကားပေါ်မှ ဆင်းလာသည့်အခါ ဆင်ဂုပတား လည်ပင်းတွင် နှင်းဆီပန်းကုံးများ မရှိတော့ပေ၊ လမ်းမှာပင် ပန်းကုံး ဖြုတ်ထားလိုက်ဟန် တူသည်။ ပုလိပ်မင်းကြီး မယ်ရီကင်လည်း ရောက်နေပြီဖြစ်ရာ ဆင်ဂုပတားကို စည့်ခန်းမှာပင် လက်ခံတွေ့ဆုံကြသည်။

သူ့အမူအရာမှာ တာသိဘာဘသာပင် ဖြစ်သည်။ သူသည် အရပ်ရှည်သည်။ ချော်မောကျော့ ဖြစ်သည်။ ပေ်တောင့်တောင့်ဖြစ်ပြီး မြူးမြူးရွှင်ရွှင် ရှိနေသည်။ သူ့ရှေ့တော်မှာ ဈေးမတို့ ဝတ်ဆင်သည့် ကိုယ်ရုံနှင့် တူလေရာ တရားနှံ့ရုံး တစ်ခုသို့ ရောက်နေသလား အောက်မေ့ရသည်။ သူ့ကို ကျွန်တော့် တကြည့်ခန်း ထဲသို့ ခေါ်လာခဲ့သည်။ အချိန်မှာ နံနက်စောစောဖြစ်သည်။ ခုနစ်နာရီပင် မထိုးသေး။ နေခြည်သည် ပန်းခြံထဲသို့ တိုးဆင်းလာသည်။ အခန်းထဲတွင် အလင်းရောင် ဝင်လာပြီ ဖြစ်သည်။ ကျွန်တော်၏ ပန်းခိုက်ကြွဲအိုးတို့မှ အနီ၊ အစိမ်းတို့မှာ

ကြွလာသည်။ တောက်ပလာသည်။ သူ့ကို ထိုင်ရန် နေရာပေးပြီး လက်ဖက်ရည် တိုက်ရသည်။ လက်ဖက်ရည် သောက်နေပြီးပါပြီဟု ဆိုသည်။ ကျွန်တော်တို့ကို စိတ်ဝင်စားနေဟန် တူသည်။

'ခင်ဗျား နေမကောင်းဘူးလို့ သိရတယ်၊ မကျန်းမာသေးဘူးပေါ့ … ဟုတ်လား' ကျွန်တော်က မေးသည်။

'ဈေးတိုး ရှိနေသေးတယ်၊ ဒါပေမဲ့ အခု သင်္ဘောတစ်ခေါက် ထပ်ပြီး စီးလိုက်ရတော့ ကျသွားတယ်၊ ကျွန်တော့်စရိတ်နဲ့ ဆိုရင် လာနိုင်မှာ မဟုတ်ဘူး'

ကျွန်တော် မပြောမိပါ။

'ခင်ဗျား အမှုကို နက်ဖြန် နံနက် ဆယ်နာရီမှာ စစ်မယ်၊ အာမခံ လိုချင်ရင်ပေးဖို့ ဟိုက်ကုတ်က အမိန့်ရထားတယ်၊ အာမခံကြေးကလည်း သဘော လောက်ပါ' ကျွန်တော်က ရှင်းပြရသည်။

'အာမခံ တောင်းဖို့ ကျွန်တော် စိတ်မကူးပါဘူး၊ အာမခံ တောင်းရင် ခင်ဗျားတို့ တရားရုံးကို ကျွန်တော် အသိအမှတ် ပြုရာ ရောက်မယ်၊ ဒီတော့ အာမခံ မတောင်းဘူးဆိုတဲ့ စကားကိုပဲ ရိုင်းရိုင်းတယ် သဘောမထားဘဲ လက်ခံ ပါလို့ ပြောပါရစေ၊ မဖြစ်နိုင်ပါဘူး'

သူ့စကားကို ကြားရလျှင် ကျွန်တော့် စိတ်ထဲတွင် မခံချိ မခံသာ ဖြစ်လာသည်။ အင်္ဂလိပ် တရားရုံးများသည် ကမ္ဘာပေါ်တွင် တရားမျှတသည့် တရားရုံးများ ဖြစ်သည်ဟု သတင်းမွှေးသော်လည်း အိန္ဒိယတွင်မူ ဆန့်ကျင်ဘက် ဖြစ်နေသည်။ ဤသို့ အထင်ခံရသဖြင့် ကျွန်တော့်မှာ စိတ်ထဲတွင် အခံရ ခက်တော မျိုးမရှ ဖြစ်နေသည်။ သို့ဖြစ်ရာ ကျွန်တော့် တရားရုံးသည် တခြား အင်္ဂလိပ် တရားရုံးများလိုပင် တရားမျှတကြောင်း သူ သိစေချင်သည်။ သူ နှလုံး မိုက်မိ စေချင်သည်။

သို့သော် ထိုဆန္ဒကို စိတ်ထဲမှာ ထိန်းသိမ်းထားလိုက်ပြီး ဤသို့ ပြောမိ သည်။ 'အာမခံတောင်းဖို့ အခက်အခဲ ရှိနေတယ်ဆိုတာ ကျွန်တော် နားလည်ပါ တယ်၊ ဒါပေမဲ့ နေထိုင်မကောင်း ဖြစ်နေတဲ့ အခါမျိုးမှာတော့ ခင်ဗျားတို့ ကွန်ဂရက်ပါတီရဲ့ စည်းမျဉ်းက လောင်ထိန်းရုံ မပွယ်လှဘူးပေါ့၊ ဒီလိုဆိုရင် လည်း တန်ဆောက ဆိမ်တစ်ခုမှာ တည်းတာသိန့ နေမလား၊ ကျွန်တော် စီစဉ် ပေးနိုင်ပါတယ်'

'ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ အဲဒီ အစီအစဉ်ဟာ အာမခံပေးတဲ့သဘော မသက်ရောက်ဘူးလား' ဆင်ဂုပတားက ပြန်မေးသည်။

'အို မသက်ရောက်ပါဘူး၊ အာမခံပေးတာမှ မဟုတ်တာ၊ အကောင့်အကြွပ် ရှိမှာပဲ၊ အထပ်ထပ် ရှုထားမှာပဲ'

'ဟုတ်ပြီလေ၊ ဒါဆို အစီအစဉ်တော့ လက်ခံနိုင်ပါလိမ့်မယ်' သူ့မျက်နှာထားမှာ တင်းရာမှ ပျော့လာသည်။

ထိုအချိန်တွင် အိမ်ဖရှေ့ တံခါးဝ၌ မယ်ဒီကာင်နှင့် ဖခင်တို့ တိုင်ပင်ပြောဆိုနေကြသည်။ သူတို့ဆီ သွားကာ ကျွန်တော့် အစီအစဉ်ကို ပြောပြသည်။ 'အာမခံ ကိစ္စမှာ ကျွန်တော်တို့ဘက်က အပေးအယူ လုပ်နေတယ်၊ သူ့ကို အိမ်တစ်အိမ်မှာ တည်းခိုထားလို့ ရနိုင်တယ်၊ ကာလကြာကြာမှာတော့ ကောင်းတော့ သူ့အိမ်မှာ တစ်ညသိပ်နေပေးတာပဲ'

'ကျွန်တော်တော့ တာဝန် မယူနိုင်ပါဘူး' ပုလိပ်မင်းကြီးက ကျွန်တော့် အစီအစဉ်ကို ငြင်းဆိုသည်။

'သူ့ပရိသတ်တော့ ပြီးသွားမှာပေါ့။ ခင်ဗျားတို့လည်း ဒုက္ခမများတော့ဘူး၊ အာမခံယူရင် ကျွန်တော်တို့လည်း တာဝန်ပေါ့သွားမယ်'

'ကျွန်တော်တော့ တာဝန် မယူနိုင်ဘူး' မယ်ဒီကာင်က စောစောက စကားကိုပင် ထပ်ဆိုသည်။ 'သူကတော့ အာမခံ မတောင်းတာ၊ ကျွန်တော်တို့ဘက်က ဘာများ၊ ထူးထူးခြားခြား တာဝန်ယူစရာ လိုသေးလဲ'

စာကြည့်ခန်းသို့ ပြန်လာခဲ့ပြီး စောစောက အစီအစဉ်ကို ပြုလုပ် မပေးနိုင်တော့ကြောင်း ဆင်ဂုပတာအား ပြောရသည်။ သို့ဖြစ်ရာ သူ့အဖို့ ထောင်ထဲသွားရဦးမှာ ရှိသည်။ 'ပြီးတော့ ခင်ဗျားဘက်က ရှေ့နေ ငှားဦးမလား၊ ဒီလိုဆိုရင် အမှုကို ရက်ချိန်းပေးပြီး ရွှေ့ဆိုင်းရလိမ့်မယ်' ဟု ကျွန်တော်က မေးသည်။

'ရှေ့နေငှားဖို့ မလိုဘူး၊ ကျွန်တော့်ဘက်က ဘာမှ ထုချေစရာမှ မဟုတ်တာ'

သို့ဖြစ်ရာ နောက်ထပ် ပြောစရာ မရှိတော့သဖြင့် ပုလိပ်က သူ့ကို ထောင်ကြီးသို့ ခေါ်သွားလေသည်။

## ၄။ အမှုစစ်ဆေးခြင်း

နောက်တစ်နေ့နံနက် ရုံးသို့ ရောက်လာသည့်အခါ တစ်လမ်းလုံး အိန္ဒိယ တိုင်းရင်းသားများဖြင့် ပိတ်ဆို့နေသည်ကို တွေ့ရသည်။ သူတို့မှာ များသောအားဖြင့် လက်လုပ်လက်စား အလုပ်သမားများ အတန်းအစားသာ ဖြစ်သည်။ ရုံး ပတ်ဝန်းကျင်တွင် မနွတာ ဆာဒါစ်အလီ ဦးဆောင်သော မြန်မာပုလိပ်အဖွဲ့ တစ်ဖွဲ့ကို ချထားသည်။ အင်အားမှာ အပြည့်ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဆာဒါစ်အလီမှာ ပုလိပ်အဖွဲ့တွင် တစ်ယောက်တည်းသော ဝဂ်ါလီအမျိုးသား ဖြစ်နေသည်။

သူ့ကိုမှ ကွပ်ကဲရန် နိုင်းမိလျှက်သား ဖြစ်နေသည်။ ဆင်ပေါက်တော်ကာရန် ခေါင်းဆောင်ပြီး အင်္ဂလိပ်စာသင် (ပုလိပ်အကြပ်)များ ပါဝင်သော ပင်္ဂါလီမှ အဖွဲ့ တစ်ဖွဲ့ကိုလည်း ရုံးနှင့် မလှမ်းမကမ်းတွင် အသင့် တပ်ချထားကြောင်း ကျွန်တော့်ကို သတင်းပို့သည်။ ထို့ပြင် မြင်းစီးပုလိပ်တို့လည်း တစ်နေရာတွင် အသင့်ရှိနေသည်ဟု သိရသည်။

ဝုစ်တင်းစေတော ဖျော်သလိုပင် တစ်စုံတစ်ရာ ဖြစ်မည်မှာ သေချာသည်ဟု အများ ပြည်သူတို့က မျှော်လင့်နေကြသည်။ လူအုပ်ထဲတွင် မြန်မာအမျိုးသား တစ်ယောက်ကိုမျှ မတွေ့ရ။ ဦးတော ဘုန်းကြီးများနှင့် မျက်နှာထားတင်းတင်း ဝံသာနု အမျိုးသမီးတို့လည်း မရောက်လာကြပေ။ ဆိုနိုယ တစ်ယောက်အတွက် သူတို့မှာ မနေ့က အရှုံးလုပ်မိရသဖြင့် စိတ်ဆိုးသွားကြဟန် တူသည်။ နောင်အခါ အမှုစစ်နေစဉ် တစ်လျှောက်လုံး သူတို့ထဲက တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပေ။

ကျွန်တော် ကိုယ်ပိုင်ရုံးခန်းသို့ ထားတံခါးမှ ဝင်လာခဲ့သည်။ အမှုစစ်ရာ အောက်ထပ် ရုံးခန်းဆီမှ ကျွက်စီကျွက်စီ ညံနေသည့် အသံများကို ကြားရသည်။ နားဆောင်လာကြသည့် ပရိသတ် အစောက်များသည်မှာ သေချာသည်။ အခန်းထဲ ရောက်လျှင် ဆင်ဂုပတာ အမှုမစစ်မီ အခြား အမိန့်ချစရာ ရှိသည်တို့ကို ချသည်။ လက်မှတ်ထိုးစရာ ရှိသည်တို့ကို ထိုးရသည်။

၁၁း ၂၅ နာရီတွင် လမ်းပေါ်မှ အော်သံများကို ကြားရသည်။ ပြတင်းမှ ကြည့်လိုက်သည်တွင် ဆင်ဂုပတာကို ခေါ်လာသည့် ကားကို မြင်နေရသည်။ ထောင်ကြီးဆီမှ ကော်မရှင်နာလမ်းအတိုင်း လာနေခြင်း ဖြစ်သည်။ ဆင်ဂုပတာ ဘေးတွင် အင်ပီးရီးယယ် ပုလိပ်အဖွဲ့မှ မှူးတစ်ယောက် လိုက်ပါလာသည်။ ဆင်ဂုပတာ အား လူအုပ်ကြီးက ဟစ်ကြွေးကာ နှုတ်ဆက်ကြသည်။ သူကလည်း ပြုံးရွှင်သည့် မျက်နှာဖြင့် လက်အုပ်ချီကာ ပြန်လည်နှုတ်ဆက်သည်။ 'ဗန္ဒေမာတရမ်'၊ 'ဆင်ဂုပတာ အောင်ပွဲခံရပါစေ' ဟူသော ဟစ်ကြွေးသံတို့သည် ထွက်ပေါ်လာ သည်။ ပင်္ဂါလီမှ စာသင်တို့က နံပါတ်တုတ်များ ကိုင်ကာ လူအုပ်ကို လမ်းဖယ် ပေးရန် နိုင်းသည်။ ရုံးခန်းထဲသို့ဝင်ရန် လမ်းရလျှင် ဆင်ဂုပတာကို ပေါ်မြန်မြန် ရုံးထဲ သွင်းလိုက်သည်။ သူ ဝင်သွားပြီးနောက် ခြိမ်းကနဲ တံခါးပိတ်သံ ကြား ရသည်။ သူ့နောက်က ဝင်လိုက်မည့် ပရိသတ်သည် အော်ဟစ်ကျန်ခဲ့သည်။

ဆင်ဂုပတာ၏ အမှုကို ပြည်သူအများက စိတ်ဝင်စားကြသည်မှာ ထင် ရှားသည်။ အကြောင်းမျိုးနှစ်ကြောင်း စိတ်ဝင်စားကြခြင်း ဖြစ်သည်။ ပြင်ဘက်တွင် ပရိသတ်မှာ စောင့်ကျော်ရှိနေရာ ရုံးခန်းတံခါးကို ဖိုက်ချိုး ဝင်လာပြီး သူတို့ ခေါင်းဆောင်ကို လုယူကယ်တင်သွားလေမည်လား ဟူ၍ပင် စိုးရိမ်မိသည်။ ထို့သို့

ဖြစ်လာခဲ့လျှင် ဗေမဟတ္တိရှူးသည် သင်္ဘောတစ်ခုလုံးကို ပိုင်နိုင်စွာ အမိန့်ပေးနိုင်သည့် ထုံး နှလုံးမှာကာ ကျွန်တော်လည်း ကိုယ်တရားခံကို ကိုယ်ပိုင်သည့် တရားသူကြီး အဖြစ် ပြု၍ ဆောင်ရွက်ရလိမ့်မည်။ သို့ဖြစ်ရာ ဘာလုပ်ရမည်လဲ။ သို့သော် သည်ကိစ္စကို စဉ်းစားမနေနိုင်အား။ အမှန်စင်စစ် ကျွန်တော်အလုပ်မှာ ရောက်နေသည့် အမှုကို စစ်ဆေး ကြားနာရန်ပင် ဖြစ်သည်။ ထိုအခါ လမ်းပေါ်က ဆော်ဟစ်သံများ၊ ကြွေးကြော်သံများကို ဂရုစိုက်မနေနိုင်တော့ပေ။

တို့အတူ အစောင့်အနေ လုံလောက်ရဲ့လား ဟူ၍လည်း မှုပန်မနေနိုင်။ ကျွန်တော့် စာရေးများမှာ မြန်မာ အမျိုးသားများ ဖြစ်သည်။ သူတို့မှာ တည်ငြိမ်သည်။ ရွှင်ရွှင်လန်းလန်းပင် ရှိနေကြသည်။ သူတို့သည် အိန္ဒိယ တိုင်းရင်းသားတို့ကို အထင်သေးသူများပီပီ မျက်ကန်းနှင့် ထိတ်လန့်စိတ် မဖြစ်ကြ။ စိုးရိမ်ခြင်းကင်းနေကြသည်။ သို့သော် တစ်သက်မှာ တစ်ခါကြုံသည့် ပွဲကြီးပွဲကောင်းတစ်ခုတော့ ကြည့်ရပြီဟု ပျော်လင့်နေကြသည်။

တရားရုံးသို့ ဆင်ဂုပတာ ရောက်လာကြောင်း သိရလျှင် ကျွန်တော်လည်း တရားရုံးခန်းထဲသို့ ဆင်းလာခဲ့သည်။ ရုံးခန်းအဝင်တွင် ရှာရာစီက တရားသူကြီး ကြွလာပြီဟု အော်ပြောသည့်အခါ ရုံးခန်းတစ်ခုလုံး မတ်တတ်ရပ်ကြသည်။ တရားခွင်သို့ တက်ပြီးနောက် အနီးရှိရှေ့နေကြီး မေ့တာအလွှာကို ခေါင်းညိတ်ကာ အလေးပြုလိုက်သည်။

ရုံးခန်းထဲတွင် အထက်တန်းလွှာက အိန္ဒိယ တိုင်းရင်းသား အများအပြား ရောက်နေကြသည်။ အိန္ဒိယ ရှေ့နေများ အားလုံးလိုလိုပင် အဖွဲ့အစည်း တစ်ခု အဖြစ် ရောက်လာကြသည်။ သူတို့အထဲတွင် မြန်မာပြည် အိန္ဒိယ ကွန်ဂရက်ပါတီ၏ ခေါင်းဆောင် မေ့တာတာယပ်ဂျီကို သတိထားမိသည်။ ရုံးခန်းပြင်ဘက်တွင် တက်ကြွနေသည့် လူအုပ်ကြီး၏ စိတ်ဓာတ် ပို၍ တက်ကြွလာအောင် ဤပုဂ္ဂိုလ်ကြီးများက မျက်နှာပြလာခြင်းပင် ဖြစ်သည်ဟု ကျွန်တော် နားလည်ထားလိုက်သည်။ ပြီးတော့ ကျွန်တော်ဘက်ကလည်း တစ်နည်း အားတက်မိပါသည်။ အကယ်၍သာ လူအုပ်ကြီးသည် ရုံးခန်းထဲသို့ အတင်းဝင်လာမည်ဆိုလျှင် သူတို့ ခေါင်းဆောင်များနှင့် ပထမဆုံး ရင်ဆိုင်ရလိမ့်မည်။

ကျွန်တော့အဖို့ စိတ်ရှုပ်လက်ရှုပ် ရှောင်တိမ်းချိန် ရှိနိုင်မည် မဟုတ်လား။ ဆင်ဂုပတာသည် သူ့ မိတ်ဆွေ ရှေ့နေ မေ့တာဆင်းနှင့် ကပ်လိုက်နေသည်။ မေ့တာဆင်းမှာ ကာလကတ္တား ရှေ့နေ မိသားစုတစ်ခုမှ ရှေ့နေတစ်ယောက် ဖြစ်သည်။ ဆင်ဂုပတာကို တစ်ယောက်ယောက်က သတင်းစာတစ်စောင်စောင် ပေးထားဟန် တူပါသည်။ ကျွန်တော် ဝင်လာလျှင် သူလည်း သတင်းစာကို ထားချကာ သူများ

နည်းတူ မတ်တတ်ရပ်သည်။ ကျွန်ုပ်ရက်ပါတီ စည်းကမ်းက အင်္ဂလိပ်စာများရုံးကို အသိအမှတ် မပြုရဟု ဆိုထားသော်လည်း ယခုမှ ကျွန်တော် ဝင်လာသည်ကို မတ်တတ်ရပ်ခြင်းအားဖြင့် သူ့ကို တရားစွဲစစ်ဆေးမည့် ရုံးတော်ကို အသိအမှတ်ပြုရာ ရောက်သည်။ သူ့အမှုအရာမှာ တင်းရာမှ လျော့လာသည်ကို သတိပြုမိသည်။ ထို့ကြောင့် ဝမ်းသာအားရ ဖြစ်မိသည်။

သို့သော် ချက်ချင်းပင် ဆင်ဂုပတာသည် သတင်းစာကို မောက်ကိုင်ကာ ဆာဥပဒေကို ချိုးဖောက်မည့် ဂန္ဒီ၏ သတင်းကို ဖတ်ရှုနေသည်။ မျက်နှာထားမှာ ခက်ထန်မာကျောခြင်း မရှိတော့။ သူ့ဘေးက မေ့တာဆင်းအား တီးတိုး စကားပြောသည့်အခါ ချက်လက် လှုပ်ရှားနေသည့် အမူအရာကို ကျွန်တော် သတိထားမိသည်။

'တရားသူကြီးမင်း ခင်ဗျား'ဟု အစိုးရ ရှေ့နေကြီး မေ့တာ အစ္စါက အမှုကို စ ဖွင့်သည်။ မေ့တာအစ္စါသည် အရပ်ရှည်သည်။ ပျော့ပျော့ နေတတ်သည်။ စိတ်နှလုံးကောင်း ရှိသူ ဖြစ်သည်။

'တရားသူကြီးမင်း ရုံးတော်မှာ ဟောပြောချက်တွေကို တင်ပြထားပြီး ဖြစ်ပါတယ်။ ယခု ထပ်မံစွပ်စွဲဆိုရတာကတော့ တရားဝင် ဖြစ်အောင်လို့ပါ'ဟု အစိုးရက ပုလိပ်မင်းကြီး မယ်ရီကင်ကို သက်သေအဖြစ် တင်ပြသည်။

ထိုမှုကိုလ် လူမလိမ်ဘေးမှာ စွဲသတ္တိ အလွန်ကောင်းသူ ဖြစ်သည်။ တရားစွဲဆိုရန် မည်သို့မည်ပုံ ညွှန်ကြားချက် ရကြောင်း တင်ပြသည်။ ထို့နောက် ၂၀ နှင့် ၂၁ ရက်တို့တွင် ဆင်ဂုပတာ ဟောပြောသည့် အချက်အလက်တို့ကို စီအိုင်ဒီ နံမဘောက်ဌာနမှ မေ့တာဝန်းခင်းက လက်ရေးတိုဖြင့် ရေးမှတ်ခဲ့ပုံ စသည်တို့ကို ရှင်းလင်းပြောပြသည်။

အစိုးရရှေ့နေက ပုလိပ်မင်းကြီးကို မေးမြန်းပြီးသည့်အခါ ရုံးတော်၏ အစဉ်အလာမှာ ပုလိပ်မင်းကြီးကို တရားခံ၏ရှေ့နေ သို့မဟုတ် ရှေ့နေ မငှားခဲ့လျှင် တရားခံကိုယ်တိုင်က ပြန်လှန် စစ်ဆေးရသည်။ သို့ဖြစ်ရာ ဆင်ဂုပတာ၏ သဘောထားကို စူးစမ်းရန်သာ ရှိတော့သည်။

ဆင်ဂုပတာသည် အမှုစစ်ဆေးနေသည်ကို လုံးဝ အသိအမှတ် မပြုဘဲ သတင်းစာ ဖတ်နေသည်ကို ကျွန်တော် သိသည်။ သူ့ကို မေးလျှင် ပြန်လှန် စစ်ဆေးခြင်း မပြုလိုပါ ဟု ငြင်းမည်ကိုလည်း ကျွန်တော် သိသည်။ သို့သော် ထုံးစံအတိုင်းပင် ပုလိပ်မင်းကြီးကို ဘာများ မေးမြန်းလိုပါသလဲဟု မေးရသည်။

ဆင်ဂုပတာက ဤသို့ ပြောသည်။

'ကျွန်တော့်စကားကို နိုင်းနိုင်းတယ်လို့ မယူဆစေချင်ပါဘူး၊ ဒါပေမဲ့ ဒီအမှုစစ်ဆေးတဲ့ ကိစ္စထဲမှာ ကျွန်တော် ဘယ်လိုမှ မပါဝင်နိုင်ပါဘူး'

သူ့အမှုကို စစ်ဆေးနေသည့် တရားသူကြီးအား ဤသို့ ပြန်ဖြေသည် မှာပင် သူ့လို ကျွန်ဂရုက် အရွဲ့ဝင် တစ်ယောက်အဖို့ ယဉ်ကျေးသိမ်မွေ့လှပြီ၊ ထိုအခါ ရုံးခန်းထဲက ပရိသတ်သည် ကျွန်တော့်ဆီသို့ မေးစားစွာပင် လှည့်ကြည့်ကြသည်။

နောက်သက်သေမှာ မစ္စတာခန်းစင်း ဖြစ်သည်။ ခန်းစင်းကို ရုံးထဲသွင်းဖို့ မလွယ်လှ။ တံခါးအပြင်မှာလည်း လူတွေ အပြည့်အသိပ် ရှိသည်။ တံခါးအတွင်းမှာလည်း မလှုံးသာ မလှုပ်သာ ပြည့်ကျပ်နေသည်။ သူ ဝင်လာလျှင် သူနှင့်အတူ နှစ်ယောက်၊ သုံးယောက် အတင်း ကပ်ပါလာကြသည်။ တွန်းထိုး မောင်းထုတ် လို့လည်း မရ။

အပြင်ဘက်က ပရိသတ်၏ အသံမှာ ဆူညံနေသည်။ အဝီစိ ပွက်နေသလား အောက်မေ့ရသည်။ အမှုစစ်ရာမှာပင် အနှောင့်အယှက် ဖြစ်ချင်လာသည်။ မယ်ဒီကင်မှာ အခြေအနေကို ထိန်းသိမ်းမည့်သူ ဖြစ်လေရာ သူ့တာဝန်ဘူ ယူလိမ့်မည်။ ယခု အထိကား ပုလိပ်အကူအညီ နောက်ထပ် မယူသေး။ လမ်းကိုလည်း မရှင်းလင်းသေး။ အိန္ဒိယ လူမျိုးတွေ ဆူပူသလို ဆူကြပေစေ၊ အော်ချင်သလို အော်ကြပေစေဟု လွှတ်ပေးထားဟန် တူသည်။ နိုက်ပွဲ၊ နက်ပွဲထက်တော့ ဆူပူ အော်ဟစ်သည်က ခံသာသေးသည် ဟု မယ်ဒီကင် ယူဆဟန် တူသည်။ အော်ဟစ်ဆူညံပြီးနောက် အကြမ်းဖက်လာကြလိမ့်မည် ဟူ၍ကား သူ မမျှော်လင့်။

မစ္စတာ ခန်းစင်းသည် ကျမ်းကို နမ်းရှုပ်ကာ ကျမ်းကိုင်သည်။ အဖြစ်အပျက်ကို သူ့အကြီးအကဲထက်ပင် ပြည့်ပြည့်စုံစုံ တင်ပြသည်။ ပိုရှုပ်ပင် စနစ်ကျသည်။ တရားပွဲများကို သူ့ တက်ရောက် နားထောင်သည်။ ဟောပြောသည်တို့ကို လိုက်မှတ်သည်။ ကျွန်တော်က ဓမ္မသဖြင့် ပြောကြားရာတွင် တရားပွဲတစ်ခုစီတွင် တက်လာကြသည့် ထင်ရှားသော ပုဂ္ဂိုလ်အချို့၏ နာမည်များကို လည်းကောင်း၊ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်သူ၏ အမည်ကို လည်းကောင်း၊ ကိုယ်တိုင် မိန့်ခွန်းပြောသူ၏ အမည်ကို လည်းကောင်း မှန်မှန်ကန်ကန် ပြောကြားသည်။

သူ အစစ်ခံပြီးလျှင် အစိုးရရှေ့နေကြီးက အမှုနှင့် ပတ်သက်၍ သူ့ဘက်က တင်ပြစရာများ ပြည့်စုံပြီ ဖြစ်ကြောင်း လျှောက်ထားသည်။ သူ တင်ပြသည့် အစိုးရ၏ ဟောပြောချက်ကို မည်သူကမျှ ဟုတ်မှန်သလား မမေးမြန်း။ ထို့အတူ သူ တင်ပြသည့် အစိုးရသက်သေ မယ်ဒီကင်နှင့် ခန်းစင်းတို့ကိုလည်း မေးခွန်း

ဘက်က ပြန်လှန် စစ်ဆေး မေးမြန်းခြင်းလည်း မပြု။ သို့ဖြစ်ရာ သူ့ဘက်က ဥပဒေ ကိစ္စကိုသာ ပြောဖို့ ကျန်တော့သည်။ နှုတ်ချက်တင်ရန်သာ ကျော်ထား ရတော့မည်။

ကျွန်တော်က ဤသို့ ပြောသည်။

'ကျွန်တော် တစ်ခု ပြောချင်တယ် မစ္စတာ အဂျါ၊ ခု အမှုမှာ နှုတ်ချက်တင် ခံရတဲ့ မှတ်ချက်ဟာ တိုင်းသိပြည်သိ ထင်ရှားတဲ့ မှတ်ချက်ကြီးတစ်ခုသာ ဖြစ်နေတယ်၊ အများ ပြည်သူတွေကလည်း ဒီအမှုကို စိတ်ဝင်စားကြတယ်၊ ဒီတော့ ကျွန်တော်တို့ရှည်း စစ်ဆေး ကြားနာတာမျိုး မဟုတ်ရင် ကောင်းမယ်လို့ ထင်တယ်၊ ပေါ့ပြန့်ပြန့် စစ်ဆေးတာမျိုး မလုပ်ရင် ကောင်းမယ် ထင်တယ်။

'လုပ်ရိုးလုပ်စဉ်ကတော့ တရားခံကို ဟုချွင် ပေးရတယ်၊ သူ့အပေါ် စွပ်စွဲထားတဲ့ အချက်တွေကို ပြန်လည်ချေပခွင့် ပြုရတယ်၊ ဒါပေမဲ့ အမှုကိစ္စမှာ အဲဒီလို မဖြစ်နိုင်ဘူး၊ ဒီတော့ သည့်ထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်အောင် အခြားအချက်အလက်တွေ ပြည့်ပြည့်စုံစုံ သိဖို့ လိုမယ်လို့ ကျွန်တော် ယူဆတယ်'

ဤသို့ဖြင့် အမှုကို စစ်ဆေးကာ စီရင်ချက်ချ အဆုံးသတ်ရမည့် အဖြစ်သို့ အရောက်မခံနိုင်ဟု ကျွန်တော် ပိုင်းဖြတ်ထားသည်။ မှတ်တမ်းတင်ရမည့် သက်သေ အထောက်အထား များစွာကို ကြားနာရဦးမည်။ သို့မှသာ မတရား စစ်ဆေးသည့် အဖြစ်သို့ မရောက်မည် ဖြစ်သည်။ ဆင်ဂုပတာကမူ သူ့ကို ဖမ်းဆေါ်လာပြီး ပေါ့ပြန့်ပြန့်စစ်၊ ပေါ့ပြန့်ပြန့် ထောင်ချသည့်အဖြစ် ရောက်စေချင်သည်။ မတရား စစ်ဆေး အပြစ်ပေးသည့်သဘော သက်ဝင်စေချင်သည်။ သို့မှသာ သူ့ကို မတရား ဖမ်းဆီး ထောင်ချသည်ကို တစ်ကမ္ဘာလုံးက သိမည်။

သူ့ကြိုက်လုံးအတိုင်း အဖြစ်မခံနိုင်။ သူ့ သဘောကျ မဖြစ်နိုင်။

ကျွန်ုပ်ရောက်ပါတီ၏ ဆန္ဒမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးပင် ဖြစ်သည်။ လွတ်လပ် သည့် အစိုးရတစ်ခု ထူထောင်လိုခြင်းပင် ဖြစ်သည်။ သူတို့ဆန္ဒမှာ ရိုးမှမ်းမှုယ် ကောင်းပါသည်။ သို့သော်လည်း ဆင်ဂုပတာကို ဤမှုလောက်သော သက်သေ သာဓကဖြင့် ထောင်ချလိုက်လျှင် ကျွန်တော်က သူတို့ဆန္ဒကို ကူညီဖြည့်ဆည်းရာ ရောက်သွားမည်။ ဤသို့ အဖြစ်မခံနိုင်ပါ။ 'ဤသည်မှာ ကျွန်တော် ကိုယ်ဖောင် နတ်က မွေ့မပြုသည့် မိုက်မဲမှု တစ်မျိုးပင် ဖြစ်လေသည်။

သူတို့ ဆင်ထားသည့် ကောက်ကွက်ကို ကျွန်တော် သိနေသည်။ သဘော လည်း ပေါက်သည်။ သဘောလည်း ကျသည်။ သို့သော် ကျွန်တော်ကိုယ်တိုင် ပါဝင် အသုံးတော် မခံနိုင်ပါ။ အစိုးရ နစ်သက်မည် ထင်ပြီး ကျေနပ်အောင် ရှုမှတ်သည့် မှားယွင်းသော အမိန့်သည် တစ်ခါတစ်ရံ အစိုးရအပ် ဆန့်ကျင်ဘက်

ပုဂ္ဂိုလ်တို့၏ အကြိုက်လည်း ဖြစ်နေတတ်သည်။ ထိုအမိန့်မျိုး ပေးသည့် တရားသူကြီးသည် တရားမျှတမှုဘက်တွင် ရပ်တည်သော၊ မိုက်မဲသည့် တရားသူကြီး ဖြစ်သွားတော့သည်။

အမှုကြောင်းနှင့် ပတ်သက်၍ စုံစုံလင်လင် သိချင်သည်။ ဤသည်မှာ ကျွန်တော် တွေ့ရှုးပင် ဖြစ်သည်ဟု မစ္စတာအဂ္ဂါအား ပြောပြသည့်အခါ အလွန် အံ့သြသွားဟန် တူသည်။ အိန္ဒိယ ရှေ့နေများလည်း အချင်းချင်း တီးတိုးစကား ဆိုကြသည်။ ဆင်ဂုပတား ကိုယ်တိုင်ပင် ဖတ်နေသည့် သတင်းစာကို ဘေး ချထားလိုက်သည်။

မစ္စတာအဂ္ဂါက ဤသို့ လျှောက်ထား ပြန်သည်။

'တရားသူကြီးမင်းက ဘယ်လို အကြောင်းအချက်တွေကို ပြည့်ပြည့်စုံစုံ သိချင်ပါသလဲ ခင်ဗျာ၊ အခု အမှုမှာ ဖွဲ့ဆိုနိုင်ဖို့ မိုင်လှုံနေပါပြီ။ တရားသူကြီးမင်း ဘက်က အမှုတင်ဖို့ပဲ ရှိပါတော့တယ်၊ ဖွဲ့ချက်တင်နိုင်ပါပြီ'

'ခပ်ရှင်းရှင်း ပြောမယ် ခင်ဗျာ၊ အစကနေ အဆုံးအထိ ဘယ်လို ဖြစ်ပျက်တယ် ဆိုတာ ကျွန်တော် သိချင်တယ်၊ မစ္စတာ ဆင်ဂုပတားတစ်ယောက် မြန်မာပြည်ကို ဘာအကြောင်းနဲ့ ရောက်လာတယ် ဆိုတာ မှတ်တမ်းတင်ရမယ်။ သူ့ကို ဒိတ်ခေါ်တဲ့၊ လက်ခံတဲ့ ပုဂ္ဂိုလ်တွေကို စစ်ဆေးချင်တယ်။ ဟောပြောကြတဲ့ ပုဂ္ဂိုလ်တွေကို မေးမြန်းချင်သေးတယ်၊ သူ့ဟောပြောချက်ကို ကြားနာတဲ့အခါ သူတို့ ဘယ်လို ထင်မြင် ယူဆတယ်၊ ဘယ်လို ခံစားရတယ် ဆိုတာကိုလည်း သိချင်တယ်'

မစ္စတာ အဂ္ဂါသည် တောတာမျှ သူ့လက်ထောက်များနှင့် တိုင်ပင် ပြောဆိုသည်။ ထို့နောက် ဤသို့ လျှောက်ထားသည်။

'တရားသူကြီးမင်းက စုံစုံလင်လင်သိမှ ဖြစ်မယ်ဆိုရင်တော့ ၄ ချက်ချင်းပဲ တင်ပြနိုင်ပါတယ်။ သူ ဟောပြောတာ နားထောင်ရတဲ့ ပုဂ္ဂိုလ်တွေ အခု ဒီအခန်း ထဲမှာ ရှိနေကြပါတယ်။ ဥပမာ မစ္စတာ တယပ်ကို ဆိုပါစို့'

ကျွန်တော်က ရုံးတော်သို့ ခေါ်ယူ စစ်ဆေးချင်သူတို့၏ နာမည်များကို ပေးလိုက်သည်။

'အဲဒီ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးတွေကို အခု တစ်နာရီ အတွင်းမှာပဲ ရုံးတော်ကို ခေါ်ယူနိုင်ပါတယ် ခင်ဗျာ' အဂ္ဂါက လျှောက်ထားပြန်သည်။

ကျွန်တော်နှင့် မစ္စတာ အဂ္ဂါတို့ အပြန်အလှန် ပြောနေကြသည်ကို ဆင်ဂုပတား တစ်ယောက် စိတ်ဝင်စားစွာ နားထောင်နေသည်။ ကျွန်တော်

တရားရုံးကို အသိအမှတ် မပြု ခဲ့သည့် သူ့သဘောထားကို ဖေဖော်ပြနေပုံ ရသည်။ သူ့မိတ်ဆွေ ရှေ့နေတို့ကမူ ကျွန်တော်ကို သနားစွာ တစ်ကောင်အလော အလန့်တကြား ကြည့်နေကြသည်။

နောက်ထပ် သက်သေများ တင်ပြပေးရန် မစ္စတာအစ္စါအား မေးမြန်းမည် ကြံစည်နေစဉ်မှာပင် အပြင်ဘက်က ပရိသတ်မှာ ဆူညံညံ ဖြစ်ကာ ရုံးခန်း တံခါးဆီသို့ ပြေးလာကြသည်။ ရုံးတော်တွင် တစ်စုံတစ်ရာ ဖြစ်နေပြီဟု သူတို့ သံသယ ဝင်လာကြဟန် တူသည်။ ပုလိပ်က ခွတ်အတင်း တားဆီးထားရသည်။ ဆော်ပင် ကြိမ်မောင်းသံတို့ မြက်ညံလာသည်။ အသံများမှာ ပို၍ ကျယ်လောင်လာသည်။ လမ်းတစ်လမ်းလုံး ဝရုန်းသုန်းကား ဖြစ်နေသည်။

ထိုအခါ အစိုးရ ရှေ့နေကြီးက ဤသို့ လျှောက်ထားသည်။

'အပြင်ဘက်မှာလည်း ဆူပူသောင်းကျန်း နေကြတယ်။ သည်တော့ ဘုံးစုံအတိုင်း သမ္မနံတာ ထုတ်ပါတယ်။ ပြီးတော့ သက်သေတွေကို နက်ဖြန်မှ ရုံးတော်သို့ လာကြဖို့ သမ္မနံတာ ထုပါမယ်။ အခုနေတော့ သူတို့ကို လွှယ်လင့်တကူ ခေါ်ယူလို့ မဖြစ်နိုင်ပါ တရားသူကြီးမင်း ခင်ဗျား'

'ကန့်ကွက်စရာ မရှိပါဘူး၊ မစ္စတာအစ္စါ'

သို့ဖြစ်ရာ အမှုကို နက်ဖြန် နံနက်သို့ ရွှေ့ဆိုင်းလိုက်ပြီး တရားရုံးဆင်း လိုက်သည်။ ထိုအချိန်မှာပင် မစ္စတာဆင်းက သူ့မိတ်ဆွေ ဆင်ဂုပတားသည် ထောင်ကြီးသို့ မပြန်မီ နေ့လယ်စာ စားချင်ပါသည်။ ရုံးခန်းထဲမှာ စားနိုင်ပါ သလား၊ ကားပေါ်ရောက်မှ စားရမည်လားဟု မေးသည်။ ကျွန်တော်စိတ်ထဲမှာ ဘောင်းခနဲ ပေါ်သထွက်မိသည်။ ဤသည်မှာ အကွက်ဆင်ခြင်းပင် ဖြစ်ကြောင်း ကျွန်တော်သိသည်။ ဆင်ဂုပတားလို ခေါင်းဆောင်ကြီး တစ်ယောက်ကို လူနှံသူနှံ ထောင် မထားဘူးဟု အထင်ရောက်စေချင်သည်။ သို့သော် တကယ့်အဖြစ်တွင်မူ သဘောသည် တဖြည်းဖြည်း ပျောက်ကွယ် မှေးမှိန်နေသည်။

'နေ့လယ်စာကို မစ္စတာဆင်ဂုပတား ကြိုက်တဲ့ နေရာမှာ ကြိုက်သလို စားနိုင်ပါတယ်' ဤသို့ ပြောကာ တရားခွင်မှ ဆင်းလာခဲ့သည်။

ပရိသတ်ကလည်း ယနေ့အဖို့ အမှုစစ်ဆေး ပြီးဆုံးသွားပြီကို သိသည်။ သော်လည်း လူရှုပ်ကွဲသေးဘဲ ဆင်ဂုပတား နေ့လယ်စာ စားသည်ကို စောင့်နေ သည်။ ထို့နောက် ထောင်ကြီးချုပ်သို့ ပြန်သည့်အခါ ဟစ်ကြွေးနှုတ်ဆက် သည်။ တကြော်မှ ကျွန်တော်လည်း လက်ထောက်ရှည်စောင်ကိုရန် အိမ်သို့ ပြန်လာ ပြီး ထိုအချိန်တွင် တစ်လမ်းလုံး လူသွားလာ ငြိမ်နေလေသည်။

## ၅။ ရှန်းရင်းဆန်ခတ် ဖြစ်ခြင်း

နောက်တစ်နေ့တွင် ရုံးသို့ ရောက်လာသည့်အခါ ပရိသတ်မှာ မနေ့ကထက် များလာသည်ကို သတိထားမိသည်။ မယ်ရီကင်ကလည်း ကျွန်တော့်လိုပင် မွေးထားသော ပုလိပ်အစောင့်ကို တိုးပြီး ရှုထားသည်။ မဂိုဂါတ်မှ အင်္ဂလိပ်စာသင်တို့လည်း အသင့် ရှိနေကြသည်။ စာသင်ထရစ်နှင့် စာသင်တင်ကလေးတို့ကို မြင်လိုက်မိသည်။ သူတို့ မျက်နှာ အမူအရာမှာ ဘာကာယ်အင်္ဂလိပ် ပီသကြပါသည်။ ဒိုင်ယာလန်က စာသင် ဗိုင်ယန်ကိုလည်း တွေ့ရသည်။ သူနှင့်အတူ စာသင် ပျောက်စေတာ်လည်း ရှိနေသည်။ ကျွန်တော် လှည့်ကြည့်လိုက်သည့်အခါ အင်ပေက်တော် ကာရစ်က ကျွန်တော့်အား မေတ်ကျူကူ အလေးပြုသည်။

သည်နေ့ မြင်ကွင်းတွင်လည်း မြန်မာတစ်ယောက်မျှ မရှိ။ ပရိသတ်ကြီး တစ်ခုလုံးမှာ ပေါ်ကြမ်းကြမ်း အောက်တန်းစား အိန္ဒိယ အမျိုးသားတို့သာ များသည်။ အလုပ်လက်မဲ့တို့လည်း ပါသည်။ သူတို့ အထဲတွင် စာရေးစာချီများ၊ ကုန်သည်လေးများနှင့် ဈေးသည်များ ပြုံးပြုံးပြောက်ပြောက် ပါလာသည်။ သူတို့ကို ကြည့်နေရသည်။ ဘယ်သူ ခေါ်လာလဲ။ သေသေချာချာ မပြောနိုင်။ သို့သော်လည်း ဆန္ဒပြပွဲ တစ်ခုတော့ လိုလောင်း လိုမည်ဟု အမြွက်စကား မှာကြားထားဟန် တူသည်။ သည်ဇာတ်ကွက်ကို ဘယ်သူဆင်သလဲ၊ ဘယ်သူ့လက်ချက်လဲ။ အိန္ဒိယ ရှေ့နေများ၏ လက်ချက်တော့ မဖြစ်နိုင်။ တယပ်ဂျီလက်ချက် ဖြစ်နိုင်သည်။

မစ္စတာတယပ်ဂျီသည် ဥပဒေပြုလွှတ်တော်တွင် ရွေးကောက်တင်မြှောက်ခြင်း ခံရသည့် မင်းတိုင်ပင် အမတ်တစ်ယောက် ဖြစ်သည်။ သူ့ဇာတိမှာ ဘုံဘေ အနေက ဂူဂျရတ်နယ် ဖြစ်သည်။ သေးသေးညှက်ညှက် ပုဂ္ဂိုလ်ကလေး ဖြစ်ပြီး သူ့အပြုံးမှာ ချိုသည်။ မျက်နှာမှာ ရွှင်လန်းကြည်လင်သည်။ ယခု ဝင်ဆာမြို့စား ကြီးသည် ထိုအချိန်က အိမ်ရှေ့မင်းသား အဖြစ်နှင့် မြန်မာပြည်သို့ တိုင်းခန်း လှည့်ရန် ရောက်လာသည်။ ထိုအခါ မစ္စတာတယပ်ဂျီက အိန္ဒိယပြည်၏ နိုင်ငံရေး တောင်းဆိုချက်တို့ကို သတိရစေခြင်းငှာ ဆန္ဒပြပွဲတစ်ခု ကျင်းပပြီး ဝေလမင်းသား ကို ကြိုဆိုသည်။ မင်းညီမင်းသား တစ်ယောက်အား မိမိ မြင်စေချင်သည်တို့ကိုသာ ပြချင်သည်မှာ အစိုးရတိုင်း၏ သဘောထား ဆန္ဒပင် ဖြစ်လေသည်။ သို့ဖြစ်ရာ အစိုးရက တယပ်ဂျီကို ဖမ်းဆီးကာ ဗမာမွန်သို့ နယ်နှင်ဒဏ် ခတ်လိုက်သည်။ ဗမာမွန်တွင် နှစ်ပေါက်နေပြီး ပြန်လာသည့်အခါ အိန္ဒိယ တိုင်းရင်းသားများ အလယ် တွင် တယပ်ဂျီ၏ နိုင်ငံရေးဩဇာမှာ ပိုတက်လာလေသည်။

ထိုအကြောင်းတို့ကို ပြန်လည် သတိရလာသည့်အခါ ယခု အနိုက်အတန့်

တွင် ကျွန်တော်တို့၏ ပြတင်းဝ၌ ဆော်ကပ်ရှုမှုနေသည့် လူအုပ်ကို ပေါ်လာသူမှာ တယောက်ကိုယ် ဖြစ်ရမည်ဟု တထင်စေ ယုံကြည်လိုက်သည်။

"တံခါးနိုက်ရိုးကြီး တရားရုံးထဲကို ဝင်လာခဲ့ရင်" ဟူသော မမနေက နိုးနိုး စိတ်သည် လွှင့်စဉ်ထွက်ပြေးသွားပြီ။ ယခု တွေ့ ရသည့် လူရှုမှာ သူတို့ခေါင်းဆောင် ကို ချိုးကျူးရန်နှင့် တရားရုံးကို ပြောင်လှောင်ရန် ရောက်နေကြခြင်းပင် ဖြစ်သည်။ သူတို့သည် ဒုက္ခပေးမည့် လူစုမဟုတ်။ ပျော်ရွှင်မြူးထူးနေကြသည့် လူစုသည် အန္တရာယ်ပေးမည့်သူများ မဟုတ်သည့်နည်းတူပင် သူတို့သည်လည်း ဒုက္ခပေးမည့် သူများ မဖြစ်နိုင်။ ပုလိပ်ကလည်း သူတို့ကို ယခုလို ပျော်ပျော်ရွှင်ရွှင် ရှုတ်ပေးထား လိမ့်မည်ဟု ကျွန်တော် မျှော်လင့်မိသည်။

ခါတိုင်းလိုပင် အပေါ်ထပ်တက်ကာ လက်မှတ်ထိုးရမည့် ကိစ္စများ မှတ်ချက်ပေးရမည့် ကိစ္စများကို ပြီးပြတ်အောင် လုပ်သည်။ တရားရုံးသို့ ရှေ့နေ များ၊ ပုလိပ်အရာရှိများ၊ သတင်းစာဆရာများ ကားကိုယ်စီဖြင့် တရွှံ့ရွှံ့ရောက်လာ ကြသည်။ ယုံကြည်မရိုသတ်က ရောက်လာသမျှ ပုဂ္ဂိုလ်တို့ကို အသားအရောင် မခွဲခြားဘဲ၊ နိုင်ငံရေး ယုံကြည်မှု မခွဲခြားဘဲ လက်ခုပ်တီး ကြိုဆိုနေကာ ကြိုဆို နေသည်။

ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက်တွင် နှီးနက်ကတ်သလစ် ဘုရားရှိခိုးကျောင်းတစ်ခု ရှိသည်။ ထိုကျောင်းကို အုတ်တံတိုင်းတစ်ခု ကာရံ ထားသည်။ အုတ်တံတိုင်းအပေါ် မြင်ထားသည်မှာ မကြာသေး။ တံတိုင်းနောက် ဘက်တွင် အုတ်ကျိုးအုတ်ပုံ တစ်ခုရှိသည်။ တံတိုင်းပေါ်၌ မတ်တတ်ရပ်နေသည့် လူများကို အတိုင်းသား မြင်နေရသည်။

၁၁း၂၀ နာရီတွင် တရားခံ ဆင်ဂုပတား ရောက်လာသည်။ မမနေကလိုပင် အဖိုးချထားသည့် ကားပေါ်၌ မစ္စတာဆေးကာနှင့် ယှဉ်လျက် လိုက်ပါလာသည်။ လူအုပ်ကြီးက သူ့ကို ဟစ်ကြွေးနှုတ်ဆက်သည်။ သူကလည်း နိုင်ငံရေးသမား ပီပီ ပြုံးရွှင်စွာပင် ထုရွှေရှုရ လက်ယမ်းနှုတ်ဆက်သည်။

ဆယ်နာရီခွဲတွင် ကျွန်တော်သည် ရုံးခန်းမှ ဆင်းလာပြီး တရားရုံးသို့ ဝင်သည်။

'ရုံးတော်က ဆင့်ခေါ်ထားတဲ့ သက်သေတွေ ရောက်ကြပြီလား' အစိုးရ ရှေ့နေကြီးကို မေးကြည့်သည်။

မစ္စတာဆေကျါ အစိုး သူ့ အနေအထား ဘယ်သို့ ရှိသည်ကို စဉ်းစားရှိန် တစ်ညလုံး ရသည်။ ဥပဒေပြုလွှတ်တော်က ပေးအပ်ထားသည့် အခွင့်အာဏာကို သုံးကာ နောက်ထပ် သက်သေများ တင်ပြရန် ကျွန်တော်က အမိန့်ပေးခဲ့သည်။

ဤသည်မှာ အစိုးရရုံးမှ နေ၍ လက်ထဲတွင် ကွင်းကဲကိုင်တွယ်နေသည့် အမှုကိစ္စကို ကျွန်တော့် လက်ထဲသို့ ပြောင်းယူလိုက်ခြင်းပင် ဖြစ်သည်။ ထိုတောင်းဆိုမှု ကြောင့် မစ္စတာအဂ္ဂါသည် အနည်းငယ် စိတ်ရှုပ်သွားဟန် တူသည်။

အမှုတစ်ခုတွင် တရားခံမှာ မရှိ ဥပဒေနှင့်လည်း မညီညွတ်ဟု ကျွန်တော် ထင်မြင်ယူဆခဲ့လျှင် အမှုစစ်ဆေးနေစဉ်အတွင်း မည်သည့်အဆင့် ရောက်နေသည် ဖြစ်စေ နောက်ထပ် သက်သေများ ဆင့်ခေါ်နိုင်ခွင့်ကို တောက်ကျူးပဒေက ပေးအပ် ထားသည်။ သို့ဖြစ်ရာ သူ့ဘက်က မကန့်ကွက်နိုင်။ သို့သော်လည်း ထိုလုပ်ရပ် ကို သူ မနှစ်သက်။ သူ့ဘက်က အမှုကိုင်တွယ်ပုံ ညံ့ကြောင်း ထုတ်ဖော်ပြသရာ ရောက်နေသည်။ ပြီးတော့ သူ့အနေအထားမှာလည်း ပွဲကြည့်ပရိသတ် အဖြစ်သို့ လျှောကျသွားသည်။ သို့ကြောင့်ပင် မနှစ်သက်နိုင်ခြင်း ဖြစ်သည်။

'သက်သေတွေ ရောက်ပြီလို့ ကျွန်တော့်ကို သတင်းပို့ထားပါတယ်'

ခပ်ကြောင်ကြောင် တရားသူကြီး တစ်ယောက်ကို ငေါ့သည့် လေသံမျိုးဖြင့် လျှောက်ထားသည်။

ဆင်ဂုပတာဘက်ကလည်း မှူကြီး ကျေနပ်နိုင်စရာ အကြောင်း မရှိ။ အကယ်၍သာ အမှုကို သူ့ဘက်က ထုချေ လျှောက်လဲမည်ဆိုလျှင် သူ့ကိစ္စကို ရှင်းလင်း တင်ပြနိုင်ရန် ကျွန်တော် ဆင့်ခေါ်ထားသည့် ဤသက်သေများကိုပင် သူ တင်ပြရမည် ဖြစ်သည်။

သို့နှင့် ဆင်ဂုပတာသည် တရားခံကို လုံးဝ စိတ်မဝင်စားသည့်ဟန်ဖြင့် မစ္စတာဆင်းထံမှ သတင်းစာ တစ်စောင်ကို ယူကြည့်နေသည်။ သတင်းထူး တွေ့လျှင် သူ့မိတ်ဆွေတော်ကို တိုးတိုးပြောပြသည်။ သူ့ဇာတ်ကွက်၊ သူ့အခန်း ကဏ္ဍကို ရေရေလည်လည် ကပြနေခြင်း ဖြစ်သည်။ ကျွန်တော့်ဘက်ကလည်း ကိုယ့်နည်းနှင့်ကိုယ် ကျေနပ်နေသည်။

လူတစ်ယောက် အနေနှင့်မှ သူ့ကိုယ်စား ကျွန်တော်က နည်းလမ်းကျ ဆောင် ဆောင်ရွက်ပေးနေသည်ကို အလွန် အလွန် စိတ်ဝင်စားစရာသာ အကြောင်း ရှိသည်။ ကျွန်တော် လုပ်နေသည်ကို မသိကျိုးကျွံ ပြုနေ၍ မဖြစ်နိုင်။

ထောင်ကျခံရမည်၊ ထောင်ကျမှ သူ့၏ဩဇာ တက်မည်ဟု ယုံကြည် သော ကွန်ဂရက်ပါတီခေါင်းဆောင် နိုင်ငံရေးသမားတစ်ယောက် အနေနှင့်ကား ကျွန်တော် လုပ်ထုံးလုပ်နည်းကို နှစ်သက်နိုင်မည် မဟုတ်။ သူ့စိတ်ထဲကမူ ယခု သူ့ကို စွဲချက်တင်ထားသည့် အမှုမှာ မခိုင်လုံ။ အဓိပ္ပါယ်မဲ့မှုသာ ဖြစ်သည်။ ပြစ်ဒဏ်ကြီးကြီး ပေးလိုက်လျှင် သူ၏ နိုင်ငံရေးဩဇာ တက်သွားမည်ဟု ယုံကြည် နေသည်။

သို့ဖြစ်ရာ လူတစ်ယောက် အနေနှင့်မူ ဆင်ဂုပတားသည် ကောင်းသည့် မင်းရှင်။ နိုင်ငံရေးသမားတစ်ယောက် အနေနှင့်ကား အောင်ထဲ မရောက် ရောက်အောင် ဝင်ရမည်။ သူသည် ရုံးသည့် ယောကျ်ားဖြစ်သည်။ ကိုယ့်လမ်းစဉ်ကိုယ် ယုံကြည်သူ ဖြစ်သည်။ သူသည် နိုင်ငံရေးသမားဝါ ဖြစ်သည်။ ကိုယ်သက်သာရာ မရှာနိုင်။ နိုင်ငံရေးတာဝန်ကို ကျေပွန်အောင် ထမ်းရွက်ရမည်။

ထို့ကြောင့်ပင် သူ့စိတ်သည် လှုပ်ရှားနေသည်။ တစ်ချိန်တည်းမှာပင် စိတ်ရှုပ်ကာ မတည်မငြိမ် ဖြစ်နေသည်။ သို့သော် လူအားလုံးက သူ့ကို စောင့်ကြည့် နေသည်။ အာရှတိုက်၏ သတင်းစာဆရာ တစ်ဝက်သည် ဤတရားရုံးထဲသို့ ရောက်နေသည်။ သူ့နောက်လိုက်များကလည်း ဟစ်ကြွေးကာ နိုးမှမ်းသောအခါ ဖြစ်နေသည်။ သူတို့အသံသည် အဝေးသို့ လွှင့်ထွက်နေသည်။ သူ့အခြေအနေသည် သတိကြီးစွာ ထားနေရမည့် အခြေအနေ ဖြစ်သည်။ တစ်ချက်ကလေး အမှား မခံနိုင်။ တစ်ချက်ကလေး ဟူ၍ အမှား မခံနိုင်။ ထို အချိန်အတန်ကြာမှာပင် သူ့မျက်လုံးများကို ကျွန်ုပ်နှိုင်းလောက် ဖမ်းမိလိုက်သည်။ သူ့စိတ်ထဲ ဘာရှိသည် ကို ကျွန်တော် သိလိုက်ပြီ။ သတင်းစာထဲ နစ်မြုပ်နေဟန် ခေါင်းငုံ့ရှိန် မရလိုက်။

ပထမတောင်းပြုသည့် သက်သေမှာ ရွာမီရှယ်အာနန်ဒါ ဖြစ်သည်။ လွှမ်းခဲ့ သည့် သုံးလလောက်က ရန်ကုန်ဘုရားကြီး ကြော်ငြာမှာ ဘုရင်ခံဆောင်ရွက်၏ သဘော ထားကို မှန်မှန်ကန်ကန် ဖွင့်ဆိုသွားသူ ဖြစ်သည်။ သူသည် မြန်မာပြည် ရွာမှာ ရေနံရှာ မစ်ရှင်၏ မန်နေဂျာဖြစ်သည်။ ထိုမစ်ရှင်ပိုင် ဆေးရုံတစ်ခု ရှိသည်။ အခြား ပရဟိတ လုပ်ငန်းများလည်း ရှိသေးသည်။ အမြင်အားဖြင့်ကား ရွာမီ သည် လေးစားစရာ ကောင်းသည်။ ပျော့ပျောင်းမှုရှိသူဖြစ်သည်။ အမှုအရာနှင့်စရိုက် မညီညွတ်သူ မဟုတ်။ သူတော်စင်လား ထင်ရသည်။ သို့ဖြစ်ရာ သူသည် အလွန် ယုံကြည်ကန်းသင့်ဖြတ်သော တရားခံပြုသက်သေ ဖြစ်နိုင်သည်။

'မှုတော ဆင်ဂုပတား၏ ဟောပြောချက် တစ်ခုခုကို နားထောင်ရသလား'

သူ ကျမ်းကျိန်ပြီးနောက် ကျွန်တော်က မေးသည်။

'ဟောပြောချက် နှစ်ခုစလုံး နားထောင်မလှဲ့ပါဘူး၊ သူ ဘာတွေ ဟောပြော မလဲ ဆိုတာ သိပ်နားထောင်ချင်ပါတယ်၊ ဇန်နဝါရီ ၂၀ က သူ ဟောပြောတဲ့ ဟာဒီမရစ်ရှုနာဝန်းမကို သွားပါတယ်။ ဒါပေမဲ့ လူတွေ ကြိတ်ကြိတ်တိုးနေလို့ အထဲ မရောက်ခဲ့ပါဘူး။ နောက်တစ်နေ့မနက် သတင်းစာထဲမှာ သူ့ဟောပြော ချက်ကို ဖတ်ရပါတယ်၊ သိပ်သဘောကျတာနဲ့ နေ့လယ်ပိုင်းမှာ သူ့ဟောပြောမဲ့ ရှိရာ မိုက်ပန်းခြံကို သွားပါတယ်၊ အဲဒီအခါမှာလည်း လူပရိသတ် များလွန်းတော့ ကောင်းကောင်း ကြားရမယ့် နီးနီးကပ်ကပ်နေရာ မရောက်ပါဘူး'

ဤသည်မှာ ရွာဓိဘက်က အစစ်ခံချက်ပင် ဖြစ်သည်။ အနီးရှာအား အကြည်သို ဖျက်စေသည့် ဟောပြောချက်ကို နားထောင်ရန် ပရိသတ်ထဲ တိုးဝင်ရုံကိုမျှ သူ အစစ်ခံသည့်အတိုင်း မှန် မမှန် အကဲဖြတ်လို့ မရ။ သို့သော် သူ့ သက်သေခံချက်မှာ အနည်းငယ်မျှသာ ဖြစ်သော်လည်း အတိုင်းအတာ တစ်ခုအထိ ကား ယုတ္တိရှိလေသည်။

နောက်ထပ် တင်ပြသည့် သက်သေမှာ ဦးဖေါထွန်း (ဆာဖေါထွန်း) ဖြစ်သည်။ သူကမူ စောစောပိုင်းက ကျွန်တော်တို့ သိထားသမျှကို တင်ပြသည်။ ခွဲရေးဆန့်ကျင်ဘက် တရားပွဲများတွင် သူ့ကို သဘာပတိ လုပ်နိုင်းသည်။

ထို့နောက်မှာပင် လမ်းပေါ်က ကျွယ်လောင်သည့် အသံများကို ကြားရသည်။ စောစောက ဖြူးထူးဆော်ဟစ်နေသည့် အသံတို့ထက် ကျယ်သည်။ ကျွန်တော် ထိုင်သည့် ရုံးမင်း ခင်မြင့်ပေါ်ကမူ တံခါးအထက်ပိုင်း မှန်များမှတစ်ဆင့် အပြင် ဘက်က မြင်ကွင်းကို ထင်ထင်ရှားရှား မြင်နေရသည်။ လူထု ပရိသတ်ကြီးမှာ ရုတ်ရုတ်သဲသဲ ဖြစ်ကာ ဟိုသည် ပြေးလွှားကြသည်။ တံတိုင်းပေါ်က လူများသည် ဘုရားရှိခိုးကျောင်းဝင်းထဲ ခုန်ချကြသည်။ ထိုသဲ ကြိတ်သံများလည်း ကြားရသည်။ ပြေးကြ လွှားကြသည့် ခြေသံများလည်း ကြားရသည်။ ဆူပူပြုံ့သည် အသွင် တစ်မျိုး ပြောင်းသွားသည်မှာ ထင်ရှားလာသည်။ အုတ်ခဲတစ်လုံးသည် ရုံးတံခါးကို ထိမှန်ပြီး မှန်ကွဲသွားသည်။ သို့ဖြစ်ရာ ရုံးတော်ကို ဝင်ရောက် အကြမ်းဖက်မည့် အရိပ်အယောင်များ မြင်လာရသည်။

ဆင်ဂုပတားသည် လက်ထဲက သတင်းစာကို စားပွဲထားလိုက်သည်။ သူ့ကိုယ်ပြီး အမှုတင် စစ်သည်ကို မကျေနပ်သဖြင့် ဆူပူကြခြင်းမှာ ကျေနပ်စရာ ကောင်းသည် မှန်ပါသည်။ သို့သော်လည်း လုံးလုံးလျားလျား ကျေနပ်မှု မရနိုင်ပါ။ သူ့အဖွဲ့ဖြစ်သည့် ကွန်ဂရက်ပါတီ၏ ဝါဒသဘောတရားသည် အကြမ်းမဖက်ခြင်းကို လုံးဝဆန့်ကျင်သည် မဟုတ်လား။ သူ့အမှုကို အလေးအနက် သဘောထားလျှင် အလွဲလွဲအမှားမှား ဖြစ်ကုန်လိမ့်မည်။ သူ့ဟောပြောချက်တို့သည် လူထုကို သွေးထိုးလှုံ့ဆော်ပေးရာ ရောက်သည်ဟူ၍ တစ်မျိုး ပြောင်းလဲသွားနိုင်သည်။ ဤသို့ဆိုလျှင် လည်း တစ်မျိုးကောင်းသည်။

ထိုအခါ သဘောတစ်မျိုး ပေါက်လာသည်။ ယခုအခါမျိုးတွင် ဆင်ဂုပတားကို အားပေးအားမြှောက် မလုပ်လျှင် ကောင်းမည်ဟု စိတ်ထဲမှာ ပိုင်းဖြတ်လိုက်သည်။ သို့နှင့် မည်သို့မျှ မသည်ရှုယ်လေဟန်ဖြင့် မင်းပေါ်မပေါ်ဝင် ကျွန်တော်က—

"ဒီနေ့မနက်တော့ ပရိသတ်က သိပ်တက်ကြွနေပါလား" ဟု သူ

ကြားလောက်အောင် မှတ်ချက်ချလိုက်သည်။ ထိုအခါ ဆင်ဂုပတားသည် သတင်းစာကို ကောက်ကိုင်လေသည်။

မယ်ရီကင်သည် ကျွန်တော့်အောက်နားတွင် ထိုင်နေရာမှ ပြင်ဘက်သို့ သူ ထွက်သွားမည် ဖြစ်ကြောင်း ကျွန်တော့်ကို အရိပ်အကဲ ပြသည်။ သူ့တွင် လက်နက်တစ်စုံတစ်ခုမျှ မပါ။ တံခါးကိုဖွင့်ကာ ခမိုးရွာနေသည့် လမ်းဘက်သို့ ထွက်သွားသည်။

ကျွန်တော်ကား တရားခွင်မှ နေရာမရွှေ့ဘဲ ထိုင်နေသည်။ ကျွန်တော် ဘက်ကမှ ကျွန်တော် မေးမြန်းသည်ကို ဦးပေါ်ထွန်းက ဖြေနေသမျှ အမှုကို ဆက်စစ်သွားမည်သာ ဖြစ်သည်။ ရွှေ့ဆိုင်းရန်ကိုကား လုံးဝ စိတ်မကူး။ အပြင် ဘက်တွင် ရုန်းရင်းဆန်ခတ် ဖြစ်နေသည်ကို လျစ်လျူရှုထားရမည်။ ပြင်ဘက်တွင် ဘာဖြစ်နေနေ ဦးပေါ်ထွန်း၏ ဖြေကြားချက်က လွဲလျှင် ဘာသံကိုမျှ နားထောင် မည် မဟုတ်။ ဦးပေါ်ထွန်း၏ မျက်နှာအမူအရာက လွဲလျှင် ဘာကိုမျှ ကြည့်မည် မဟုတ်ဟု ဆုံးဖြတ်ထားသည်။

ဤနည်းဖြင့် ကျွန်တော့်ရည်ရွယ်ချက်ကို အကောင်အထည် ဖော်ရမည်။ ဤအမှုတွင် ဖြစ်ရပ်မှန်ကို ထင်ရှားလာအောင် ဆောင်ရွက်ရမည်။ အပြင်က ပရိသတ် ဆူပူသောင်းကျန်းသဖြင့် ကျွန်တော့် ရည်ရွယ်ချက် ပျက်ပြားသွားလိမ့် မည်ဟု ဆင်ဂုပတားအား မျှော်လင့်ချက် မပေးနိုင်။ သူ့ မျှော်လင့်ချက်ကို ဖျက်ဆီး ရလိမ့်မည်။

ရုံး အပြင်ဘက်တွင် ဘာတွေ ဖြစ်ပျက်နေသည်ကို တကယ်လည်း ကျွန်တော် မသိ။ ထိုကြိတ် ရိုက်နှက်ကြသဖြင့် မှုကြီးခွဲကောင်းတစ်ခု ဖြစ်နေပြီ။ ဘုရားရှိခိုးကျောင်းထဲက အုတ်ကျိုးအုတ်ပဲ့တို့သည်လည်း လက်နက်ကောင်းများ ဖြစ်လာပြီ ဟူ၍သာ မှန်းဆရသည်။

ဤအတိုင်းလည်း တကယ်ဖြစ်နေသည်။ ရုံးအဆောက်အအုံ၏ ပြတင်း များ၊ တံခါးများကို အုတ်ခဲများ လာမှန်သည်။ ကျွန်တော်တို့ အထက်ထပ်က အခန်းထဲသို့ အုတ်ခဲကျသံများ ကြားနေရသည်။

ထို အချိန်လောက်မှာပင် တယယ်ဂျီသည် ရုံးပြင်သို့ ထွက်သွားသည်။ သူသည်လည်း မယ်ရီကင်လိုပင် သေးသေးကွေးကွေး ဖြစ်သည်။ လက်နက်လည်း မပါ။ ဤပရိသတ်ကို သူ ရင်ဆိုင်လာသည် ဆိုလျှင်မူ သူ့အသက်ကြီး မျက်နှာကြီး ဖြစ်မည် မဟုတ်လား။ အိန္ဒိယ အရေးကိစ္စ အတွက် အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာ ဆန္ဒပြရေးကို သူယုံကြည်လက်ခံသည်။ အထူးသဖြင့် ဤမှုတွင် အကြမ်းမဖက်မှု ဖြစ်မည်။ သူပေါ်လာသည့် လူစုကို အကြမ်းမဖက်ရန် ပြောရမည်။ ရပ်မိုးရမည်။

သို့မဟုတ်လျှင် ရှန်းရှင်းဆန်ခတ် ဖြစ်အောင် သွေးထိုးပေးသူ တရားခံမှာ သူကိုယ်တိုင် ဖြစ်သွားမည်။ သို့သော် အခြေအနေက မပေးတော့ပြီ။ ခဲတစ်လုံးသည် သူ့ခေါင်းတည့်တည့် လာမှန်ကာ သတိမေ့ လဲကျသွားသဖြင့် တယောက်ကိုက ဆေးရုံကြီးသို့ ခေါ်သွားရသည်။

ကျွန်တော်အဖို့ ဆူပူနေသည့်အကြား ရှန်းရှင်းဆန်ခတ် ဖြစ်နေသည့် အကြားမှာပင် ဦးပေါ်ထွန်းကို ဆက်လက် စစ်ဆေးနေသည်။ ဦးပေါ်ထွန်းက သက်သေခံ ဝက်ခြံထဲတွင် ကျောက်ဆောင်ကြီးလို မားမားရပ်ကာ ကျွန်တော် မေးသမျှကို တစ်လုံးချင်း ရှင်းလင်းပြတ်သားစွာ ဖြေသည်။

ဦးပေါ်ထွန်း ပြီးလျှင် ဆက်တိုက်ပင် ရန်ကုန်မြို့တော်ဝန် ကက်ပတိန် ရတ်ရှယ်ကို စစ်ဆေးသည်။ ရတ်ရှယ်ကား ကျွန်းရတ်၏ ဝတ္ထုတွေထဲက ကြံ့ကြံ့ခိုင်ခိုင် ဇာတ်လိုက်မျိုး ဖြစ်သည်။ သူပြီးလျှင် ဇင်းဂေါ်ဘားမား သင်္ဘောကုမ္ပဏီ မန်နေဂျာ အက်ဒွတ်ဝီလျံကတ်ဘူရီ၊ ထို့နောက် ရန်ကုန် အနောက်ပိုင်း အိန္ဒိယ အမျိုးသား မဲဆန္ဒနယ်မှ ပင်းတိုင်ပင်အမတ် မစ္စတာသီလေး၊ ပြီးတော့ အခြား သက်သေများကို ဆက်တိုက်စစ်ဆေးသည်။ သူတို့ကို စစ်ဆေးသည့်အခါ ရုံးပြင် ဘက်က လူအုပ်မှာ အဆောသို့ လျော့သွားပြီဖြစ်သဖြင့် မေးမြန်းဖြေကြားသည်တို့ကို ကောင်းစွာ ကြားရသည်။ ထိုအခါတွင်မှ ဆင်ဂုပတား၏ မြန်မာပြည်ခရီးမှာ ရှယ်လုံးပေါ်လာသည်။ ရန်ကုန်မြို့မှ ထင်ရှားလူသိများသည့် ဂုဏ်သရေရှိ လူကြီးမင်းများက ယခုခေတ်စားနေသော ခွဲရေးတွဲရေး တရားကို ဟောပါဟု ဆင်ဂုပတားကို ဖိတ်မန္တက ပြုကြသည်။ ထို့ကြောင့် ဟောပြောခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ဟောဆောက သက်သေထွက်ချက်များကို မှတ်တမ်း တင်ပြီးသည့်အခါ အမှုကို နက်ဖြန်နံနက်သို့ ရွှေ့ဆိုင်းလိုက်သည်။ နက်ဖြန်တွင်မှ အနီးရဆုံး နေကြသည် ဆင်ဂုပတားအား စွဲချက်တင်ရန် လျှောက်လဲရတော့မည်။

ထို့နောက် အပေါ်ထပ် ရုံးခန်းသို့ တက်လာခဲ့သည်။ ကျွန်တော်အခန်း ထဲတွင် အုတ်ကျိုးအုတ်ပဲ့များ ပြန့်ကျဲနေသည်။ ပုလိပ်က စည်းကမ်းတကျ ဖြစ်အောင် လူအုပ်ကို ထိန်းသည်။ လူအုပ်နှင့် ပုလိပ်တို့ စကားများ အချင်းများကြရာမှ ရှန်းရှင်းဆန်ခတ် ဖြစ်ကြသည်။ သူတစ်ပြန် ကိုယ်တစ်ပြန် ဇိုက်နှက်ကာ အုတ်ခဲများဖြင့် ပစ်ပေါက်ကြသည်။ ထိုအခါ လူစုကွဲသွားသည်။ ထိခိုက် ဒဏ်ရာရသူ အတော်များသည်။ ဆေးရုံကြီးတွင် လူနာများ ပြည့်လျှံသွားသည်ဟု ကျွန်တော် စာရေးများမှ တစ်ဆင့် သိရသည်။

ဆင်ဂုပတား ပြန်သွားပြီ ဆိုလျှင် ဆေးရုံကြီးသို့ ကျွန်တော် လိုက်သွား

သည်။ ထိုနေ့ နေ့လယ်ပိုင်းတွင်မှ ဆောင်ကြီးချုပ်သို့ ပြန်သည့် ဆင်ဂုပတားကို ဟစ်ကြေး တောင်းဆိုးမေးမည့်သူတို့ မရှိကြတော့။

လမ်းတွင် သတင်းများ ရှုပ်နေလင်လင် ကြားရသည်။ ကျွန်တော်တို့မနက် ပြင်အကြ လမ်းပေါ်တွင် တုတ်များ၊ ဓါးများ၊ လှံချည်များ ပြန့်ကျဲနေသည်။ ရုံး အဆောက်အအုံများ ကြည့်ရှုမကောင်းတော့ပါ၊ အပျက်အစီး ရှိသည်။ ပြတင်း မှန်များ ကွဲသည်။

လမ်းပေါ်တွင်မှ အိန္ဒိယ အမျိုးသား တစ်ယောက်မျှ မတွေ့ရ။ အစောင့် အနေ ပုလိပ်တို့မှာ ယနေ့ ရှုထားသည့် လူသစ်များဖြစ်ရာ ကျွန်တော် သိချင်သည်ကို အနည်းငယ်သာ ပြောပြနိုင်သည်။ သို့သော် စောင် ဖြစ်ပွားပုံကိုမှ သူတို့ထံမှ သိရသည်။

ရှမ်းရိုင်းဆန်စက်မှုကို စသူမှာ အလုပ်ကိုင်ကာ ရှိတက်လာသည့် အိန္ဒိယ အမျိုးသားတစ်ယောက်ပင် ဖြစ်သည်။ ကျွန်ုပ်ရောက်အလုပ်ကို မြင်လိုက်လျှင် အိန္ဒိယ တိုင်းရင်းသားတို့မှာ ဒေါသကြွအားတက်လာသည်။ ခေါင်းဆောင်မှု တစ်စုံ ရှိသည် ဟူ၍လည်း နားလည်လိုက်ကြဟန် တူသည်။ ပုလိပ်တွင် အလုံမရှိ။ ဤသို့ဖြင့် လူစုဝံသည့် ပုလိပ်တို့ကို မထိလေးစား လုပ်လာသည်။ မနေ့မညာ ပြောင် လှောင် ကဲ့ရဲ့ကြသည်။ အလုပ်ကိုင် ရှိတက်လာသူကို မြင်းစီးပုလိပ်က ဟန့်တား ရန် ကြိုးစားသည့်အခါ မထိမှီမြင် သဲသောဖြင့် မြင်းစီးပုလိပ်ကို မြင်းပေါ်က ဆွဲချသည်။

မဂိုဂါတ်မှ အင်္ဂလိပ် စာသင်တို့ ရှိတက်လာသည့်အခါ သုတ်ခဲများဖြင့် ပေါက်ကြသည်။ ဤသို့ဖြင့် ရှမ်းရိုင်းဆန်ခတ်မှု စ ခဲ့သည်။ တစ်နာရီနီးပါး ကြာသည်။ လူရှစ်ယောက် ဒဏ်ရာရသည်။

ဤသည်မှာ သူတို့ထံမှ သိရသည့် ဖြစ်ပျက်ပုံ အလုံးစုံတည်း။ အသေ အပျောက်ကား မရှိ။ ပုလိပ်မင်းကြီး မယ်ရီကင်နှင့် သူ့လက်ထောက် မစ္စတာ တာကာတို့မှာ ဒဏ်ရာ မရဘဲ လွတ်မြောက်သွားသည်။ တာကာကာမှ ထီးဖြင့် နှမ်းရိုက်နက်ရှိုင်း သူ့ထီးကြီး ပျက်စီးကာ နှုန့်ပစ်ထားခဲ့ရသည်။

ကျွန်တော်လည်း ဆေးရုံကြီးသို့ အမြန်ပြေးသည်။ ဆင်ဝင်တွင် စာသင် ဘင်မလေးနှင့် စာသင် ဖိုင်ယနီတို့ကို တွေ့သည်။ ပင်မလေးမှာ ခြေတစ်ဖက် ထော့နဲ့ထော့နဲ့ ဖြစ်နေသည်။ ဖိုင်ယနီ၏ ခေါင်းတွင် ပတ်တီးစည်းထားသည်။ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

'ဘယ်လိုလဲ ဖိုင်ယနီ၊ မင်း ထိသွားသလား'

'မထိပါဘူး မင်းရဲ့' ပြုံးရွှင်စွာပင် ပြောသည်။

'ပတ်တီးက ဘာဖြစ်လို့ စည်းထားရတာလဲ'

'သူ့ဖျက်စီ အထက်နားမှာ ခဲမှန်လို့ ခင်ဗျ' ပင်မလေက သူ့ကိုယ်စား အဖြေပေးသည်။

'မင်းတို့ထဲက ထိခိုက်ဒဏ်ရာရတာ တော်တော်များသလား'

'တာသင် ပရက်စတန်တော့ ပခုံးမှာ ဓားထိုးခံရတယ်၊ ပြီးတော့ မစ္စတာ ဟယ် လည်ချောင်းမှာ ဒဏ်ရာရတယ်၊ ထရစ်တစ်ယောက် အရိုက်ခံရတယ်၊ ကရုစ်တော့ လက်မောင်းမှာ ဒဏ်ရာရတယ် ခင်ဗျ'

'မင်းတို့ အားလုံး ခံရတာချည့်ပါပဲလား၊ အိန္ဒိယတွေ ဘာမှ မဖြစ်ဘဲ ထွက်ပြေးကြရောလား'

'ဘယ်ဟုတ်မလဲ ခင်ဗျာ' နိုင်ယန်က ပြောသည်။

ထိုစဉ် လက်ထောက်ဆေးရာဝန် တစ်ယောက် ဝင်လာပြီး နိုင်ယန်ကို နှုတ်ဆက်သည်။

'အိန္ဒိယတွေထဲက ဘယ်နှယောက်လောက် ဒဏ်ရာရသလဲ' သူ့ကို မေးကြည့်မိသည်။

'လေးဆယ်လောက် ရှိတယ်ခင်ဗျ' ဟု ပြောကာ ဆေးရုံပေါ်သို့ အမြန် တက်သွားသည်။

'ဒါပေမဲ့ ရာမာစရစ်ရှမှာ ဆေးရုံကို သွားကြသူတွေ အများကြီးပဲ၊ တချို့ လည်း မြင်းဘက်မှေးခန်းတွေ သွားပြီး ဆေးထည့်ကြတယ် ခင်ဗျ၊ သူတို့ ထွက်ပြေး တော့ ကျွန်တော်တို့က နောက်ကလိုက်ပြီး ဆော်တာပေါ့ ခင်ဗျာ၊ ဘာရမလဲ' ပင်မလေက ဆိုသည်။

'ကျွန်တော်လည်း တချို့တလေကို ထွယ်လိုက်ရသေးတယ် ခင်ဗျာ' နိုင်ယန် က ပြောသည်။

'နက်ဖြန်ကျရင်တော့ ငြိမ်သွားကြမှာပါ' ပင်မလေက ဝင်ပြောသည်။

'နက်ဖြန် ရုံးရှေ့က လမ်းပေါ်မှာ ဒီကောင်တွေ ရှိနေရင်တော့ အသံတော့ ထွက်ရုံမှာ မဟုတ်ဘူး၊ တရားသူကြီးမင်း ခင်ဗျာ၊ နည်းနည်းလေး ဆဲဒီ ဆေးနာကျ အမည်းကောင်ကို အကြောင်းပြလိုက်ပါလား ခင်ဗျာ' နိုင်ယန်က ကျွန်တော့်ကို တိုက်တွန်း အားပေးနေသည်။

'ဘယ်လို ပြောလိုက်တာလဲ နိုင်ယန်၊ အမှုက ရုံးတော်မှာ စစ်လို့ ပြီးသေး တာ မဟုတ်ဘူး၊ အခုလို အချိန်မျိုးမှာ တရားလူကြီးကို ဩဇာမပေးရဘူး နိုင်ယန်'

'မဟုတ်သေးပါဘူး ခင်ဗျာ၊ နည်းနည်းလေးတော့ ဒီအမည်းကောင်ကို ဆုံးမပါလား ခင်ဗျာ'

'တော်ပြီ နိုင်ငံယန်း၊ ဆက် မပြောနဲ့တော့'

'ကောင်းပါပြီ ခင်ဗျာ'

သူတို့နှစ်ယောက် ဆေးရုံကြီးမှ ထွက်သွားကြသည်။ နိုင်ငံယန်းကား ရန်ကုန် မှလိပ် တပ်ရုံ့တွင် နာမည်ကြီးတစ်ယောက် ဖြစ်သည်။ လူတစ်ယောက်ကို အားရအောင် ထိုးကြိတ်ပြီးလျှင် ဆွဲထုတ်ကာ လက်ဆွဲ နှုတ်ဆက်လေ့ ရှိသည်ဟု ဆိုကြသည်။ ရန်ကုန်တွင် သူ လက်ဆွဲနှုတ်ဆက်ခဲ့သည့် လူပေါင်း နည်းတော့မည် မဟုတ်ပေ။

## ၆။ ထမင်းစားပွဲ

စာသင် နိုင်ငံယန်းစ်ဝေကား မှန်သည်။ နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့ရှေ့၌ ပရိသတ် အနည်းငယ်သာ တွေ့ရသည်။ အားလုံးမှာ ငြိမ်ငြိမ်သက်သက်ပင် ရှိနေကြသည်။ သူတို့သည် မှန်ကို ကြည့်သည်။ မှလိပ်တပ်ရုံ့ ဆင်အား များလာသည်ကို မြင်ရသည်။ စစ်မှလိပ်တွေပေါ် စောင့်ကြပ်နေသည်ကိုလည်း သူတို့ မြင်သည်။ ဆင်ဂုပတား ရောက်လာလျှင် အလျှင်ကလို အော်ဟစ် နှုတ်ဆက်ခြင်း မပြုကြတော့ပေ။ လူတစ်ယောက်ကမူ ဆင်ဂုပတား၏ ဓာတ်ပုံကို လက်ကမ်းကြော်ငြာအဖြစ် ပုံနှိပ်ကာ ဝေငှားနေသည်။ ယင်းက လွဲလျှင် တခြား လှုပ်ရှားမှု မရှိ။

အခြေအနေမှာ အေးချမ်း ငြိမ်သက်နေသည်။ ဤအခါ သမယမျိုးတွင် အစိုးရ ရှေ့နေကြီးအား အမှုကို တင်ပြရန် အမိန့်ပေးလိုက်သည်။

မနှတကအဂ္ဂါမှာ မလှုပ်သော မရှားသောသည့် အခြေအနေမျိုး ကြုံတွေ့နေရသည်။ သူကိုယ်တိုင်လည်း သူ့အခြေအနေကို သဘောပေါက်သည်။ သူ့မှာ ရွေးစရာလမ်း နှစ်ခု ရှိသည်။ နှစ်ခုစလုံးကို သူ မကြိုက်။

ပထမတစ်လမ်းမှာ မူလက တင်ပြခဲ့သည့် လမ်းကြောင်းပင် ဖြစ်သည်။ ရေးမှတ်ထားသည့် ဆင်ဂုပတား၏ ပြောကြားချက်တို့ကို သက်သေအဖြစ် တင်ပြကာ ယင်းတို့မှာ အစိုးရအား အကြည်ညို ပျက်စေသည်။ ထို့ကြောင့် ပြစ်ဒဏ်ပေးသင့်သည် ဟုဆိုရုံပင် ဖြစ်သည်။

ဒုတိယ လမ်းကြောင်းမှာ ဤသို့ ဖြစ်သည်။

တရားသူကြီး ဖြစ်သော ကျွန်တော် တင်ပြမှုင်းသည့် သက်သေတို့၏ ထွက်ချက်တို့ကို မှတ်တမ်း တင်ထားရမည် ဆိုသည်မှာ သင့်မြတ်သည်။ ယင်းတို့ အရ အမှုအကြောင်းတွင် ထပ်မံ ဆွေးနွေးဆင်ခြင်စရာတို့ ပေါ်လာသည် မှန်သည်။ တရားခံသည် နိုင်ငံရေးကိစ္စတစ်ခု ဖြစ်သည့် အိန္ဒိယနှင့် ဗြိတိန်တို့၏ ဆွေးနွေးပွဲရေး အကြောင်း ပြောကြားရန် ရည်ရွယ်ခြင်းလည်း ပြောကြားချင်း တရားဥပဒေအရ

မှင်ပြုထားသည့် ဆေးစံ ဆွေးနွေးပိုင်ခွင့်ဆောင်ကို ကျော်လွန်ကာ အနီးရှားအကြည်ညိုပျက်စေသည့် စကားလုံးတို့ကို သုံးနှုန်းသွားသည်။

ပထမလမ်းကို မစ္စတာ အဂျါ မရွေးနိုင်။ နောက်ထပ် တင်ပြထားသည့် အက်ဒေသတို့၏ ရွက်ဆိုချက်များကို လွှင်လှူ၍ မရ။ ထို့ကြောင့် အမှုကြောင်းအရ မနိုင်လုံ၊ မထားနက်။ သို့သော် ဟောပြောရာတွင် သုံးနှုန်းသည့် စကားတို့မှာ အကြည်ညိုပျက်အောင် လှုံ့ဆော်ထားပေးရာ ရောက်သော်လည်း ဆင်ဂုပတာ၏ မူလရည်ရွယ်ချက်မှာ တရားဥပဒေ ဘောင်ထဲမှသင် ရှိသည် ဟူ၍ ဝန်ခံမည်ဆိုလျှင်ကား အမှုကို ပေါ့အောင် ပေးမရာ ရောက်မည်။ ပြီးတော့ ဤမှု ဆေးခွဲသည့် ကိစ္စလေးတစ်ခု မြေရှင်းရန် အတွက် ဇိုးကျွလုပ်းသည့် ကာလကတ္တားမှ မြို့တော်ဝန် တစ်ယောက်ကို ရန်ကုန်သို့ ခေါ်ယူစစ်ဆေးရသည့် အဖြစ်မှာ ဂုရုယ်စရာ ကောင်းလှသည်။

မစ္စတာအဂျါမှာ အေးကျယ်နက်ကျယ် ဖြစ်နေသည်။ ဘာလုပ်ရမည် မသိ။ သို့ဖြစ်ရာ ဤသို့သော အကျပ်အတည်းမျိုး ကြုံလျှင် အခြားရှေ့နေတို့ လုပ်ထုံးလုပ်နည်းအတိုင်း ကျွှောက်လဲချက် အရှည်ကြီးတင်ကာ နည်းလမ်းရှာကြသည်။ တစ်မနက်ခင်းလုံး အချိန်ယူကာ လျှောက်လဲသည်။

သူ့လျှောက်လဲချက်သည် မူလက လက်ခံထားသည့် အချက်အလက်တို့နှင့် လွဲချော်နေသည်ဟု ကျွန်တော် ထင်သည်။ သူက ဤသို့ တင်ပြသည်။

ဆင်ဂုပတာသည် အနီးရှား အကြည်အညို ပျက်အောင် လှုံ့ဆော်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာပြည်သို့ လာခြင်း ဖြစ်သည်။ သူ့ဟောပြောချက်တို့က သူ့အကြံအစည်ကို ထောက်ခံနေသည်။ ထိုဟောပြောချက်တို့သည် ခွဲရေးကို ရှောင်ရှက်ရန်ဟူသော အကြောင်းပြချက်အတွက် နိုင်လုံသည့် စကားများ မဟုတ်။ ယင်းတို့တွင် မှားယွင်းသည့် အချက်အလက် များစွာ ပါသည်။

မစ္စတာအဂျါက မှားယွင်းချက်တို့ကို အရှည်အဝေး ကိုးကားတင်ပြသည်။ ဆင်ဂုပတာ မကျွမ်းကျင်သည့် မြန်မာ့သမိုင်း အထောက်အထားများ၊ ပြည်တွင်းရေးများကို ကိုးကားသည်။ သို့သော် သူ ကိုးကားသည့် ဖြစ်ကတတ်ဆန်း သမိုင်းသုတေသီများ၊ သမိုင်းဝင် ပုဂ္ဂိုလ်များကြောင့်ကား တရားခံမှာ ရာဇဝတ်မှု တစ်ခုခု ကျူးလွန်လိုစိတ်ရှိခဲ့ ဖြစ်သည်ဟု ကျွန်တော် လက်မခံနိုင်။ ထိုလျှောက်လဲချက်ကို ကျွန်တော် ထည့်သွင်း မစဉ်းစားနိုင်။ သို့ဖြစ်ရာ သူ လျှောက်လဲနေစဉ် ကျွန်တော်စိတ်သည် ရောက်ချင်ရာသို့ ရောက်နေသည်။

ထို့နောက် အဂျါက ဤသို့ တင်ပြသည်။

ဆင်ဂုပတားက ဘာကြောင့် မထုရှေးသလဲ။ ဤသည်ကို မေးမြန်းရမည်။ အနီးရေရှ မေကြီး သဘောသရေမှ ယင်းမှာ အပြစ်ရှိကြောင်း ဝန်ခံခြင်းပင် ဖြစ်သည်ဟု ဆိုသည်။ ဤနေရာတွင်မှု အနီးရေရှ မေကြီးနှင့် ကျွန်တော်မှာ တစ်သဘောတည်း ကိုက်ညီနေသည်။ ဆင်ဂုပတား ကိုယ်တိုင်ကလည်း မထုရှေးလျှင် အပြစ်ရှိကြောင်း ဝန်ခံရာ ရောက်သည်ဟု ထွက်ချက် ပေးသွင်လင်ပြီးသား ဖြစ်မည်။

ဆင်ဂုပတား၏ ရှည်ရှယ်မျက်မှာ မြန်မာအနီးရာက သူ့ကို အပြစ်ကြီးကြီး ပေးစေချင်သည်။ အပြစ်ပေးဘောင်လည်း ဝင်းမပေးနေသည်။ သူ ဘာမျှ မကျွုးလွန်ရသဲနှင့် ကျွန်တော်က (အနီးရာက) သက်သက် အပြစ်ရှာသည့် အပြစ်မျိုး ရောက်စေချင်သည်။ မရွတာ အဂွါအား "ခင်ဗျား ကြိုးပမ်းမျက်ဟာ တရားခံ အလိုကျဖြစ်နေတယ်" ဟူ၍ ကျွန်တော် မပြောနိုင်သည်မှာ ဆိုးလှသည်။

အဂွါ၏ လျှောက်လဲချက်မှာ ဆင်ဂုပတားအဖို့ အလွန်ဖွင်းစရာကောင်းနေသည်။ ကျွန်တော် ဘယ်သို့ စီရင်ရမည်လဲ။ သူ မမှန်းဆနိုင်သေး။ သူ့ကို ခွင်းလုံးကျွတ် လွှတ်ပစ်မည်လား၊ သို့မဟုတ် စေတီသဘော အကြည်ညိုပျက်မှုတွင် အကျုံးဝင်သည်ဟု မှတ်တမ်းတင်မည်လား။ သို့သော်လည်း ဤအမှုကြောင့်ပြီးစာ တက်လာမည့် အနိဋ္ဌာရုံဆိုးကျိုး ပျောက်ကွယ်သွားပြီကိုမှု သူသိသည်။ မြန်မာအနီးရာကို သူ ပြက်ရယ်ပြုနိုင်ပြီမှာ သေချာသည်။ သို့သော်လည်း အနီးရ ကိုင်တွယ်ပုံ မတရား ဟူ၍ကား မစွပ်စွဲနိုင်တော့ပေ။ ယခုလို အချိန်အခါတွင် ရယ်စရာ ပြောင်လှောင်သည်ကို လည်းကောင်း၊ ပြက်ရယ်ပြုသည်ကို လည်းကောင်း ဂန္ထက မကြိုက်။ ပြက်ရယ်ပြုခြင်း၊ ရယ်စရာပြောခြင်းဖြင့် လူထုကြီး၏ စိတ်ကို မွှေးကြွလာအောင် မလှုံ့ဆော်နိုင်၊ မနှိုးဆွနိုင်ဟု ဂန္ထ ယုံကြည်သည်။ မတရားခံကို ညှဉ်းပန်းသည်ကို ကိုယ်တိုင် ကြုံရမှ၊ တွေ့မြင်ရမှ ကိုယ့်ဘက်က နစ်နာခံသည်ကို လူ သိကာ ထောက်ခံမှု ရမည်။ အောင်ပွဲကို ရယူနိုင်မည်။ ယခု ရန်ကုန်တွင် သူ အောင်ပွဲခံရ၍ မကျွေးလင်နိုင်မှန်း ဆင်ဂုပတား သိသွားပြီ။

ထောင်ကောင်းက ဆင်ဂုပတားသည် သတင်းစာ ဖတ်ပြီး တမင်သက်သက် တရားရုံးကို အသိအမှတ် မပြုလာတော်တော်ကာ ကန့်ကွက်နေသည်။ ယခုမှ ဖြစ်ထားနေသည့် နံတော်ကို အရောင်းအပျက်ပေးရန် သက်သက် သတင်းစာကို ဖင် ဖတ်နေခြင်း ဖြစ်သည်။ ထင်တိုင်း လုပ်နိုင်အောင် အခွင့်အလမ်း ရနေသည် ဘာတော့ ကျွန်တော် မနှောင့် ဖြစ်မိသည်။

မရွတာ အဂွါ လျှောက်လဲပြီးလျှင် အမှုကို စနေနေ့သို့ ရွှေ့ဆိုင်းလိုက်သည်။ ...နေ့ ရုံးချိန် နောက်ခြမ်းတစ်ရက် ခင်းအား ဆုံးဖြတ်ချက်ချရသည်။ ဆင်ဂုပတားကို ...တော်ရုံးက လွှတ်ပစ်နိုင်သည်။ သို့မဟုတ် မြင်ကွင်းသော ဒဏ်ကြေးတစ်ခု သို့မဟုတ်

နိုးကြားမှု တင်ကာ အနီးရှိသော အကြည်ညိုပျက်စေမှုကြောင့် စမ်းဆော်ပြီး ဖြစ်ခဲ့ပေ
နိုင်သည်။ ဘယ်လမ်း ရွေးရမည်လဲ၊ ဆုံးဖြတ်ရသော ဘယ်လမ်းက မှန်သလဲ၊
မသေချာနိုင်သေး။ ဆင်ဂူပတေးဘက်က အကြည်ညိုပျက်မှု ကျူးလွန်သည့်တိုင်
ယင်းမှာ ခေတ်သာ ဖြစ်သည်ကိုမူ ကျွန်တော် သိနေသည်။

ထို့ညမှာပင် ကျွန်တော့်အိမ်၌ ထမင်းစားပွဲတစ်ခု တည်ခင်းရန် စီစဉ်သည်။ ကျွန်တော့်ထက် လုပ်သက်ရင့်သော ကျွန်တော်၏ မိတ်ဆွေများလည်း ဖြစ်သော မြန်မာနိုင်ငံ ပဋိညာဉ်ခံ ဝန်ထမ်းနှစ်ဦး ဖြစ်သည့် မိလစ်ဒိုဂါလတီနှင့် တားနတ် ချစ်သင်ဖင့်တို့ ရောက်လာကြလိမ့်မည်။ သူတို့ လာမည် ဆိုသဖြင့် ဝမ်းသာသည်။ ကျွန်တော့်ဒုက္ခကို သူတို့ မကယ်နိုင်မှန်း ကျွန်တော် သိသည်။

မိမိ စစ်ဆေးနေသည့် အမှုအကြောင်းကို မဆွေးနွေး မဝေဖန်လေဟု တားမြစ်ထားသည့် ယေဘုယျ စည်းကမ်းမှာ သင့်မြတ်သည်။ အကြောင်း နိုင်လှသည်။ တကယ်တော့ တရားစစ်ဆေးနေသည့် တရားသူကြီးကို မည်သူမျှ အကြံဉာဏ် မပေးနိုင်။ သူကိုယ်တိုင် သက်သေ သက္ခာယေတို့ကို ကြားနာထားသူ ဖြစ်ပြီး၊ သက်သေတို့၏ အပြုအမူနှင့် အပြောအဆိုတို့ နိုင်လုံညီညွတ်ခြင်း ရှိ မရှိကို သိသဖြင့် အမှုအကြောင်းကို သူသာ နားလည်သည်။ မိတ်ဆွေ အပေါင်းအသင်းတို့ ဘက်က တစ်ခု ကူညီနိုင်သည်။ ယင်းမှာ အတည်ပြု လက်ခံထားသည့် တရားဥပဒေကို မည်သို့မည်ပုံ အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည် ဟူ၍ကား ထောက်ပြနိုင်သည်။ တစ်ချိန်ကမူ ကျွန်တော့်အား ထိုအကူအညီမျိုး တိုးတိုးတိတ်တိတ် ပေးသော မိတ်ဆွေတစ်ယောက် ရှိဖူးသည်။ ယခုမူ ကျွန်တော် တစ်ပေါင်းတည်း ဝေဖန်ပိုင်းခြားကာ အဆုံးအဖြတ် ပေးရတော့မည်။

သို့တိုင်အောင် ဒိုဂါလတီနှင့် ချစ်သင်ဖင့်တို့ လာကြမည် ဆိုသဖြင့် ဝမ်းသာမိသည်။ သူတို့က မကူညီနိုင်သည့်တိုင် သူတို့ လာကြမည် ဖို့သဖြင့် ကျွန်တော် အားတက်သည်။ အရေးကြုံလျှင် မိတ်ဆွေကောင်းတို့ မည်သည် မျက်နှာငယ် အားပေးတတ်ကြသည် မဟုတ်လော။ ကျွန်တော့် အခြေအနေကို သူတို့ နားလည်သည်။ အကယ်၍ သူတို့ထဲက တစ်ယောက်ယောက်သာ ကျွန်တော့်နေရာတွင် ရှိနေမည် ဆိုလျှင်လည်း ကျွန်တော်လိုပင် အတွေ့အကြုံကို အားကိုးကာ ပြဿနာကို ဖြေလည်အောင် ဖြေရှင်းကြမည် ဖြစ်သည်။

သူတို့မှာ ရေရှည် အလုပ်ခွင်တွင် လူအမျိုးမျိုးနှင့် ကြုံတွေ့ရသည်။ ကလပ်များတွင်လည်း လူပေါင်းစုံ တွေ့ရသည်။ ဤအမှုနှင့် ပတ်သက်၍ ရန်ကုန် တစ်မြို့လုံး အာရုံစိုက်နေကြသည်ကိုမူ သူတို့ ကြားပြီး ဖြစ်သည်။ အစိုးရ၏ သဘောထားကိုလည်း သူတို့ သိနှင့်ပြီးထားသည်။ ဤအမှုတွင် ရောက်ထပ်

သက်သေများ ထပ်မံ ဆင့်ခေါ်သဖြင့် အစိုးရဘက်က အံ့ဩပုံ၊ စိတ်ပျက်သွားပုံ တို့ကိုလည်း သူတို့ သိနေကြသည်။ ပြောင်းလဲလာသည့် အခြေအနေကြောင့် ဆင်ဂုပတားအား တရားစွဲရန် စီစဉ်သူတို့မှာ မည်မျှ ကသိကအောက် ဖြစ်ရသည် ကိုလည်း သူတို့ ကောင်းစွာ နားလည်ကြသည်။ ထို့အတူ အမှုကိစ္စကို အားမျှ အရေးမစိုက်ဘဲ မတုန်လှုပ်သည့် စိတ်ဖြင့် ရှုကြည့်နိုင်သည့် အရည်အသွေးလည်း သူတို့တွင် ရှိကြသည်။

ရှစ်နာရီ ဆယ့်ငါးမိနစ်တွင် ရှေ့သည်များ ရောက်လာကြသည်။ ရာသီကား မှုန်ရီကိုသည်။ ညနေပိုင်းတွင် နေသည် မှန်လုံးတွေ ကြားထဲသို့ တိုးဝင်သွားသည်။ ရှစ်နာရီခွဲမှာပင် အပူချိန်မှာ တရင်ဟိုက် ၈၀ ဒီဂရီ ရှိနေသည်။ မျက်နှာကြက်တွင် ပန်ကာများ တဝီဝီ လည်နေသည်။ ကျွန်တော့်မှာ ကောက်တင်ထားသည့် အကျီကို ဝတ်ထားရာ ကျောတွင် ချွေးစို့လာသည်။ ရှေ့သည်များမှာ တစ်နာတစ်ခု ကြောင့် စိတ်အားထက်သန်နေကြဟန် တူသည်။ သူတို့သည် ဆင်ဂုပတား အမှုကို သတိထား နားစွင့်နေကြဟန် တူသည်။ ဤအမှုတွင် အဖြစ်သနစ်တွေ စုံစုံအောင် ပါဝင်နေရကား ယင်းမှာ ဝတ္ထုစာတစ်ပုဒ်နှင့် တူနေသည်။ "လောကီထူးမှတ်လူတို့စာတိ" တစ်ခု ဖြစ်လာသည်။ လူတိုင်းကပင် ကျွန်တော့်ကို အာရုံစိုက်နေကြသည်။ ကျွန်တော် ဘယ်လို စီရင်ချက် ချမှာလဲ၊ ဆင်ဂုပတားကို လွှတ်မှာလား၊ လွှတ်လိုက်ရင် အစိုးရက ကျွန်တော့်ကို ဘာလုပ်မလဲ၊ သည်အတိုင်း ကြည့်နေမှာ တဲ့ လား။ သတင်းစုံ ရပ်ကွက်တွင် ကောလာဟလ သတင်းတို့ အမျိုးမျိုး ပျံ့ပံ့နေသည်။ ရန်ကုန် တစ်မြို့လုံး၏ ပါးစပ်ဖျားတွေ ပူစီပူစီ ဖြစ်နေသည်။

တချို့ကမူ ကျွန်တော်နှင့် ဆင်ဂုပတားတို့သည် ဘီလပ်တွင် ကျောင်းနေဖက် ဖြစ်ကြသည်ဟု ဆိုသည်။ တစ်ဖန် ကျွန်ုပ်ကောင်းမောင် တယပ်ရှိနာ ခေါင်းကို အုပ်ဖိမှုန်ဖြင့်း မဟုတ်။ နိုင်ငံယန်က တီးလိုက်ခြင်းသာ ဖြစ်သည် ဟူ၍ သတင်းတစ်ခုက ဆိုသည်။ ဆင်ဂုပတားကို မြန်မာအစိုးရ ဖမ်းသည်မှာ အိန္ဒိယ အစိုးရက ဖမ်းနိုင်းသောကြောင့် ဖြစ်သည် ဟူသော သတင်းတစ်ခုလည်း ထွက်လာသည်။ ဆင်ဂုပတားကို လွှတ်ပစ်လျှင် ဘုရင်ခံထံသို့ နုတ်ထွက်လိမ့်မည် ဟူ၍ လည်း ပြောကြသည်။

ဤအမှုစာတိုလမ်းထဲတွင် ပါဝင်နေသော ဇာတ်ဆောင်များ ဖြစ်ကြသည့် ဆင်ဂုပတား၊ ဆာရှူး၊ ကျွန်တော်၊ မစ္စတာအဗ္ဗါ၊ ပုလိပ်မင်းကြီး မယ်ရီကင်၊ ဦးထော စောသင် နိုင်ငံယန်တို့၏ နာမည်များကို ရန်ကုန်တစ်မြို့လုံးက ပြောဆိုနေကြသည်။ ကျွန်တော်တို့ စာတ်အဖွဲ့ကြီးမှာ နာမည်ကြီး လူသိများလာသည်။ ကျော်ကြားလာသည်။ လူတွေက ကျွန်တော်တို့ကို အလျှင်ကြောက် ရှိပြီး စိတ်ဝင်စား

လာကြသည်မှာ ထင်ရှားသည်။ သည်လို စိတ်လှုပ်ရှားစရာလေးများကြောင့် ကျွန်တော့်မှာ အင်္ဂလန်မြေကို အလွမ်းပြေ အမှတ်ရလာမိသည်။ သည်အချိန်တွင် အင်္ဂလန်၌ တိုက်နေတော်သည့် မတ်လ လေကို သတိရသည်။ ခိုကျင့်လမ်းတွင် ပြေးနေသည့် အတော်စီကားတို့ ပင်ကာယ်ခလီ အဝိုင်းကြီးထဲ တိုးလျှိုးပြေးဝင် သွားသည်ကို မြင်ယောင်လာသည်။ အမှတ်ရလာသည်။

သည်လို ကြည်နူးစရာတွေ၊ ပြေသိမ့်စရာတွေ အကြားတွင် ထမင်းစားပွဲမှာ ပျော်စရာကောင်းအောင် အသက်ဝင်လာသည်။ ဆောင်မြင်သည့် ထမင်းစားပွဲဟု ဆိုရမည်။ ရယ်စရာ၊ မောစရာတွေ ပြောကြသည်။ စကားတွေ အချွင် မပြတ်နိုင်။ လေပူဖောင်းများ ရေထဲက ပလုံစီ တက်လာသလို စကားတွေ ပလုံစီနေသည်။ ကျွန်တော်တို့ ထမင်းစားပွဲသို့ ဆင်ဂုပတား ရောက်လာနိုင်မည် ဆိုလျှင် ပိုပြီး ပျော်စရာ ကောင်းမည်။ သူလည်း ရယ်မောရအောင် ပြောဆိုတတ်သူ ဖြစ်ပါသည်။ သူ့အမှ စစ်ဆေးရသည်မှာ အခြားအမှုများ စစ်ဆေးရသည်နှင့် မတူ။ ထူးခြား သည်။ သို့သော်လည်း တရားခံသည် သူ့အမှုကို ကြားနာစစ်ဆေးသည့် တရားသူ ကြီးနှင့် တစ်စားပွဲတည်းထိုင်ကာ ထမင်းစားသည့် ဓာတ်လမ်းအထိကား မရောက် သေးပါ။ နောင်တွင် ထိုဓာတ်လမ်းမျိုးကို ကျွန်တော် ကြုံရသည်။ ဆင်ဂုပတား အမှုလိုပင် စိတ်ဝင်စားစရာ ကောင်းသည့် အမှုတစ်မှုကို ကျွန်တော် စစ်ရသည်။ ထိုတရားခံသည် အစိုးရအိမ်တော်တွင် ကျွန်တော်နှင့်အတူ ကပွဲတစ်ခု ဆင်နွှဲရ သည်။

ထမင်းစားပြီးလျှင် စည့်ခန်းတွင် ထိုင်ကာ စကားပြောကြသည်။ ထိုနောက် နိုဂါတီနှင့် ချစ်သင်းဇင့်တို့အား ကျွန်တော် စုဆောင်းထားသည့် တရုတ်မကြွေထည် တို့ကို ပြသည်။ သူတို့ စိတ်မဝင်စားလှပါ။

'နေပါဦး၊ ခင်ဗျား ဘာဆက်လုပ်မှာလဲ' နိုဂါတီကား မအောင့်အည်းနိုင် တော့သည့် အဆုံးတွင် မှုင်မေးသည်။

ယင်းမှာ ကျွန်တော် ရှင်မဆိုင်ချင်သည့် မေးခွန်းပင် ဖြစ်သည်။ 'အခု ထက်ထိ ဘာမှ မဆုံးဖြတ်ရသေးဘူး' တာကယ်တော့ နက်ဖြန်အတွက် ရှင်လေး နေသည်။

'လွှတ်လိုက်ပေါ့၊ အများကလည်း တော့နပ်ကြမှာပါ'

နိုဂါတီသည် အလွန် သဘွာကောင်းနေသည်။

ချစ်သင်းဇင့်က ပြုံးသည်။ သူသည် စဉ်းကမ်းကြီးသည်။ သို့သော် မိုးပမ်းကို အလိုလိုက်နေဟန် တူသည်။ သူသည် တော်တည့် မှန်ကန်သူ ဖြစ်ပြီး ပညာရှိ

ခဲ့မယောက်လည်း ဖြစ်သည်။ ဟန်အေးမှာ မလှမ်းတာတင်။ ယနေ့လည်း လိမ္မော်ပါးနှင့်
သင် ရှောင်တိမ်းနေသည်။

"ခင်ဗျား ဘယ်လိုထင်သလဲ တားနတ်" သည့်တစ်ခါတွင်မူ မအောင်အည်း
င်သူမှာ ကျွန်တော်ကိုယ်တိုင် ဖြစ်နေသည်။

"မသိဘူး၊ သိလည်း သိနိုင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ဖြစ်နိုင်ရင်တော့
ပအေးအတိုင်း တည့်မတ်အောင် လုပ်ပေါ့၊ ပွစိပွစိ ပြောကြမှာတွေ ဂရုစိုက်မနေနဲ့"
ပြတ်ပြတ် အဖြေပေးသည်။

သူတို့ ပြန်သွားတော့ ၁၂ နာရီထိုးခါနီးနေပြီ။ နောက်ဆုံးကား ထွက်သွား
ပြီး ကျွန်တော်လည်း ပန်းခြံလယ်တွင်ရပ်ကာ ရောင်ထဲ၌ လေကို တအားရှူရှိုက်
နမိသည်။ ကျွန်တော့အိမ်သည် ဘုန်းကြီးကျောင်းများနှင့် နီးလေရာ ကြေးစည်
သံ၊ ခေါင်းလောင်းထိုးသံများ ကြားရသည်။ ကြေးစည်သံမှာ သာယာသည်။
ပွမ်းမကာမ်းတွင် ဝါးရုံတောသည် လပြည့် အရောင်တွင် ယိမ်းထိုးနေသည်။
ရှက်ချင်း ပွတ်တိုက်သဖြင့် ဂီတသံတစ်ရပ် ပေါ်ထွက်လာသည်။ ဝါးရုံတောနှင့်
စ်ပင်အုပ် မည်းမည်း အထက်ဆီတွင် ရွှေတိဂုံ စေတီကို ကြည်ညိုဖွယ်ရာ
ရသည်။ မီးရောင်တွင် ရွှေရည်များ တလက်လက် တောက်ပနေသည်။
အချိန်တွင် ဆင်ဂုပတားတစ်ယောက် ထောင်ထဲက အကျဉ်းစခန်း၌ အိပ်ပျော်နေ
မည်။ ကျွန်တော်လည်း အနားယူ အိပ်စက်ရတော့မည်။ သို့နှင့် အိမ်ထောင်ထဲသို့
ခါများ ပိတ်ရန် မှာကြားပြီး အိပ်ရာထဲသို့ ဝင်ခဲ့သည်။

## ၇။ စီရင်ချက် ရေးတော့မည်

ဘက်တစ်နေ့တွင် အခြားအောင်ရှက်မှယ် နိုးသည်တို့ကို ဆောင်ရွက်ပြီးနောက်
ဝင်ချက်ရေးရန် အာရုံစိုက်သည်။ ဆောဆောပိုင်းကမူ ကျွန်တော်စီရင်ချက်သည်
ည်သည့်ဘက်သို့ ယိမ်းနေသည်ကို စာဖတ်သူတို့ သတိ ထားမိကြလိမ့်မည်။
သော်လည်း တကယ် စီရင်ချက် ရေးမည်ဆိုတော့ သံသယတွေ ဝင်လာသည်။

ဤအမှုမှာ အမှုသွား အမှုလာအရ ဟိုဘက်သည်ဘက် နှစ်ဖက်နှင်းနေ
သို့ အမှုဖြစ်သည်ဟု ကျွန်တော် ယူဆသည်။ တစ်ချိန်တွင် တစ်မျိုးယူဆလိုက်ပြီး
ဘက်တစ်ချိန်တွင် ဆန့်ကျင်ဘက် ယူဆလို့ ရသည်။ သို့သော်လည်း ယနေ့တစ်နေ့
လည်လေ့လာသည့်အခါ ပထမဆုံး ထင်မြင်ယူဆချက်မှာ မှန်ကန်သည်ဟု
ထားပေါ်က်လာသည်။ နှုတ်ထွက်တင်ထားသည့် ပုဒ်မကို လည်းကောင်း၊ ယခင်က
င်ထုံးများကို လည်းကောင်း လေ့လာရသည်။ နှိုင်းယှဉ်ကြည့်ရသည်။ အစိုးရနှင့်
ဒိသက်၍ ပြောဆိုဝေဝန်ချက်တို့တွင် အပြစ်တင်စကား၊ မကျေနပ်စရာ စကား၊

အများ သဘောမတူစရာ စကားများ ပါလာပြီဆိုလျှင် အစိုးရကို မလိုမုန်းထား ေအာင်၊ ဂက်ဆုပ် နှိုးလာအောင် လှုံ့ဆော်ရာ ရောက်သည်မှာ ထင်ရှားသည်။ ဆင်ဂုပတားသည် အများက သဘောမတူနိုင်သည့် စကားအချို့ကို ပြောပေ သည်၊ ပေပန် ဖြစ်တင်စကားတို့ကို ပြောပေသည်မှာ မှန်သည်။ သူပြောသည့် စကားတို့မှာ အစွန်းမရောက်သည့် စကားများ ဖြစ်သည်။ ဟိုဘက်သည်ဘက် လိုသလို ဆွဲယူနိုင်သည်။

ထို့ကြောင့် ဆင်ဂုပတား၏ ဟောပြောချက်တို့ကို ပြန်ဖတ်ရသည်။ ယင်းတို့အနက် အဆိုးရွားဆုံး စကားလုံး ကြမ်းကြမ်းများကို ရွေးထုတ်သည်။ တစ်ခု နှစ်ခု ရသည်။ ယင်းတို့ကို ပေါင်းစုံကာ တိတိကျကျ စွဲချက်တင်လို့ ရ မရ စဉ်းစားသည်။

ပထမ မိန့်ခွန်းကို ဗိုက်စတွဲယား (ဗဟိုလယ်ပန်းဖြူ) ၌ ဟောပြောသည်။ ယင်းတွင် မြန်မာအစိုးရ တရားဝင် တည်ရှိနေခြင်းကို သူက ဖြစ်တင်ပေဖန်ခြင်း မပြု။ ခွဲရေးကို အဆိုပြုသည့် အစိုးရအဖြစ် ဖြစ်တင်ပေဖန်ခြင်းသာ ဖြစ်သည်။ ကွန်ဂရက်ပါတီ၏ ပေါ်လစီဖြစ်သည့် ဖွဲ့စည်းပုံကသာလျှင် မြန်မာနှင့် အိန္ဒိယတို့ အလိုရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်သည်ဟု သူက ဆိုသည်။ ဤမျှအထိကား သူ့ဟောပြောချက်သည် အပြီးအစွန်း မရှိ၊ ချောမွေ့နေသည်။ အစိုးရအား အကြည်ညိုပျက်စေသည့်စကား တစ်လုံးမျှ မပါ။ ထို့အတူ ယင်းကြောင့် တရားစွဲဆိုနိုင်စရာ အကြောင်းလည်း မမြင်။

ဒုတိယ တရားပွဲကို ဟာဗီးစရစ်ရှာ ၌ နံ့ခံ ကျင်းပသည်။ ထိုအခါတွင်လည်း ပထမ ဟောပြောချက်အတိုင်းပင် ဟောပြောသည်။ သို့သော် ဟောပြောရင်း အစိုးရကို "ဒုစရိုက်ဂေါဏ်းကြီး" ဟု ခေါ်ဝေါ်သုံးနှုန်းသည်။ အစိုးရက ကျောင်းသား များအား နိုင်ငံရေး မလိုက်စားရဟု ပညတ်သည်ကို သူက ဝေဖန်သည်။ "ဒုစရိုက် ဂေါဏ်းသည် အမှန်တရားကို ကြောက်ရွံ့သည့် နည်းတူ အစိုးရသည်လည်း ကြောက်ရွံ့သည်" ဟု ဆိုသည်။ မြန်မာအစိုးရအား ဒုစရိုက်သမားဟု နှိုင်းခိုင်းသည်။ စီအိုင်ဒီ စုံထောက်တို့သည် ကျောင်းသားများနောက် တကောက်ကောက် လိုက် သည်။ ဤသည်မှာ လူတစ်ဦးချင်း၏ လွတ်လပ်ခွင့်ကို ပိတ်ပင် ဟန့်တားခြင်း၊ ချုပ်ချယ်ခြင်း ဖြစ်သည်ဟု သူက ဆိုသည်။ ထိုသို့ ဆင်ဂုပတား ဟောပြော နေစဉ် ခန်းမထဲ၌ ပုလိပ်များ၊ စီအိုင်ဒီများ ရှိနေသည်။ သူ့ ဟောပြောသမျှကို လိုက်ပြီး ရေးမှတ်နေသည်။ ယင်းကိုလည်း သူသိသည်။ သို့သော် ဤစကားများ သည် အစိုးရအား အကြည်ညိုပျက်စေသည်ဟု စွပ်စွဲလျှင်မူ အကြောင်း မခိုင်လုံ။ အစိုးရအား ကျောင်းသားတို့က မုန်းသွားအောင် သွေးထိုးပေးခြင်းသာ ဖြစ်သည်။

အိန္ဒိယနှင့် ခွဲရေးကို နိုင်ငံရေး သဘောတရားတစ်ခု အဖြစ် မှတ်ချက်ပြုခြင်း မဟုတ်။ တည်ရှိနေသော အစိုးရအား မေတ္တာပျက်အောင် ပြောဆိုခြင်းသာ ဖြစ်သည်။ "ဘုန်းကြီးသင်္ကန်းများ" ဆိုသည့် စကားမှာ ဆိုးရွားသော စကား ဖြစ်သည်။ စွဲချက် တင်သည့်အခါ ယင်းစကားကို ကိုးကားရန် ကူးယူမှတ်သားလိုက်သည်။

တတိယအကြိမ် ဟောပြောသည့်အခါ မြန်မာပြည်သို့ သူ ရောက်လာရ သည့် ရည်ရွယ်ချက်ကို တင်ပြသည်။ ဤတွင်လည်း တရားဥပဒေဘောင်ကို ကျော်ကာ အငြိအငြင်း မလွတ်သည့် စကားများကို သုံးနှုန်းသည်။ အင်္ဂလိပ်တို့သည် ရွှေတိဂုံဘုရား ပရိဝုဏ်အတွင်း ဖိနပ်များ စီးထားသည်ကို ရှုပ်ချ ပြောဆို ဟောသည်။ ကရွမ်ဝဲလ်*က ဘုရားရှိခိုးကျောင်းဝင်းထဲ၌ ဖိနပ်များ စီးထားသည်နှင့် နှိုင်းယှဉ်သည်။ မြန်မာပြည် အစိုးရသည် အင်္ဂလိပ်စစ်တပ်များကို ရွှေတိဂုံ ဓိတပ် တွင်း၌ စုထားခဲ့သည်မှာ နှစ်ပေါင်း တစ်ရာနီးပါး ရှိခဲ့ပြီ။ ဆင်ဂုပတား မဟောမီ လ အနည်းငယ်ကမှ တပ်များ ပြောင်းသွားသည်။ သို့သော် ဆင်ဂုပတားက ဤသို့ ဟောပြောသည်။ "မြန်မာတွေ အထွတ်အမြတ်ထားတဲ့ ဘုရားကျောင်းကန်ထဲမှာ တပ်တွေ စုထားပြီး ဖေါ်ကားမော်ကား လုပ်တဲ့ အင်္ဂလိပ် လူမျိုးတွေ အုပ်ချုပ် နေတာကို မြန်မာတွေက သည်းခံ နေနိုင်ပါ့မလား" ဤစကားများသည် အကြည်ညို ပျက်မှုတွင် အကျုံးဝင်သည့် စကားများ ဖြစ်သည်။ ထို့နောက် ဆက်၍ "အခုတော့ ဘာဖြစ်လို့ ရွှေတိဂုံ ဓိတပ်ထဲက တပ်တွေကို ရွှေ့ပြောင်းသွားတာလဲ" ဟု မေးသည်။ "ဒါကို ရွှေ့ပြောင်းသွားတာဟာ ပြည်သူ့ဆန္ဒကို မလွန်ဆန်နိုင်လို့ပဲ"

တစ်ဖန် ဆင်ဂုပတားက ဤသို့ ဆက်ဟောသည်။ ရွှေတိဂုံကို ဓိတပ် လုပ်ကာ တပ်စုထားသည်မှာ မတရား။ ထို့အတူ မြန်မာပြည်ကို အင်္ဂလိပ်တွေ သိမ်းပိုက်ထားသည်မှာလည်း မတရား။ ပြည်သူ့ဆန္ဒ ကြီးမား အားကောင်းလာ လျှင် ရွှေတိဂုံမှ တပ်များ ရုပ်သွားရသကဲ့သို့ မြန်မာပြည်မှလည်း အင်္ဂလိပ်များ ထွက်ခွာသွားရလိမ့်မည်။ "ဒါပေမဲ့ မြန်မာတွေရဲ့ ပြည်သူ့ဆန္ဒ တစ်ခုတည်းနဲ့တော့ အင်္ဂလိပ်တွေကို မောင်းထုတ်ဖို့ အားရှိမှာ မဟုတ်ဘူး။ အကြမ်းမဖက် အားပေးမှု လိုတယ်။ ကူညီမှုပေါင်းမှု လိုတယ်။ အင်္ဂလိပ်ဟာ အခုဆိုရင် ရုန်းကန်နေပြီ။ အပြင် ဘက်မှာ စရာမ တယ်မြို့ သင်္ချိုင်းတစ်ခု တည်ဆောက်နေတယ်။ အဲဒီတပ် အားလုံးနဲ့ မြန်မာပြည်ကို အမြဲတမ်း ကျွန်လုပ်ဖို့ ကြံစည်နေတယ်။ ဒါနဲ့တောင် ခင်ဗျားတို့ ဘုရင်ခံက ဒီတပ်တွေ စုထားရတာဟာ အိန္ဒိယဘက်က ကျူးကျော်ရင်၊ တရုတ်

---

* ဘုရင်နှင့် ပါလီမန်ပြိုင်ဆိုင်သောတို့ အာဏာလုကြသည့် ၁၆၄၂ - ၁၆၄၈ အင်္ဂလိပ် ပြည်တွင်းစစ်ကာလ ပါလီမန်တပ်ဖက် စစ်သေနာပတိချုပ် နိုင်ငံတော်ကာကွယ်ရေးဝင် **(Oliver Cromwell, 1599 - 1658).**

ဘက်က ကျွဲကျော်ရင် ကာကွယ်နိုင်ပါလို့ ပြောသေးတယ်။ အဲဒီစကားဟာ စိတ်သဘောထား မကောင်းတဲ့ သူ့ကိုယ်စောင့်နတ်ဆိုးက ပြောတာပဲ ဖြစ်ရမယ်'

အစိုးရအား ကူညီရန်၊ ဘေးအန္တရာယ်တို့ကို ကာကွယ်ရန် အင်္ဂလိပ်တပ်များ ရှိနေရမည်။ ယင်းတို့အတွက် တပ်မြို့ သစ်တစ်ခု တည်သည့် ဆိုခြင်းမှာ မှန်သည်။ အလွန်ရှည်၊ အပြင်ရန်ကို တားဆီးကာကွယ်ရန်ပင် ဖြစ်သည်။ သို့သော်လည်း ဤဆောက်လုပ်ရေး လုပ်ငန်းမှာ လုပ်ရိုးလုပ်စဉ်အတိုင်း အစိုးရ ဘဏ္ဍာဖြင့် အကုန်အကျ မခံဘဲ ဆောက်လုပ်ခြင်းသာ ဖြစ်သည်။ ဤသည်ကို ပြည်သူအား နှိပ်ကွပ်ရေးအတွက် ပြည်သူ့ဘဏ္ဍာဖြင့် တပ်မြို့ ဆောက်သည်ဟု ရှုပ်ချသည်မှာ အကြည်ညိုပျက်မှုတွင် အကျုံးဝင်သည်။

ဆင်ဂုပတာအနေ အကျဉ်းအကျပ် ဆိုက်ရောက်နေသည်မှာ ထင်ရှားသည်။ "အင်္ဂလိပ်တွေရဲ့ ကတိစကားတွေကို မယုံဘဲ အိန္ဒိယကို ယုံပါ။ အိန္ဒိယနှင့် တွဲလျှင် မောင်တွင် အရှည်ကောင်းမည့်အကြောင်း ဟောပြောပါ။ မြန်မာတွေကို နားဝင်အောင် ဖျောင်းဖျပါ" ဟု သူ့တိုင်းရင်းသားများက မှာလိုက်သည်။ ထိုသို့ ပြောမည်ဆိုလျှင် အင်္ဂလိပ်နှင့် အိန္ဒိယတို့ကို နှိုင်းယှဉ်ပြရမည်။ အင်္ဂလိပ်က မကောင်း၊ အိန္ဒိယတို့က ကောင်းသည်ဟု ပြောရမည်။ သို့သော် မြန်မာပြည်တွင် အုပ်ချုပ်သူအစိုးရမှာ အင်္ဂလိပ် ဖြစ်နေလေရာ အင်္ဂလိပ်ကို မယုံနဲ့၊ အိန္ဒိယကိုသာ ယုံဟု ပြောလျှင် ထိုစကားသည် အကြည်ညိုပျက်မှု ဘောင်ထဲ ဝင်လာသည်။ ဤသဘောကို ထင်ရှားစေရန်အတွက် အကြောင်းနိုင်လှဲအောင် ကိုးကားလျှင်၊ အင်္ဂလိပ်က ဖွဲ့စည်းထားသည့် အစိုးရ၏ လုပ်ဆောင်ချက်များကို ကိုးကားလျှင်၊ တကယ်ဖြစ်ခဲ့သောကာမူ သို့မဟုတ် တကယ်ဖြစ်နိုင်သည်၊ တကယ်ရှိခဲ့သည်ဟု ထင်ရစေကာမူ အစိုးရက ကန့်ကွက်ခဲ့လျှင် ထိုစကားတို့သည် တရားလက်လွှတ် ပြောသည့် စကားများသာ ဖြစ်သည်။ ဥပဒေဘောင် အပြင်ရောက်သည့် စကားများသာ ဖြစ်သည်။

သို့ဖြစ်ရာ အင်ဒိယတင်နီများကိုမူ ကွန်ဂရက်ပါတီ အမြင်ဖြင့် ချဲ့ရေးတွဲရေး တရား ဟောပြောပေးပါဟု မိတ်ကြားသည်ကို ဆင်ဂုပတာက လက်ခံခြင်းသည်ပင် အစိုးရ အကြည်ညိုပျက်စေသည့် စကားများ ပြောရန် လက်ခံခြင်း ရည်လေသည်။ အကယ်၍ အစိုးရအကြောင်း ဟောပြောရာတွင် ကန့်ကွက်စရာ မရှိခဲ့လျှင်၊ မြန်မာတို့အား ဂန္ဒီလမ်းစဉ်ကို လိုက်ရန်၊ ဂန္ဒီနောက်သို့ လိုက်ရန် အကြောင်းအချက်တွေ ကိုးကား မပြောဆိုခဲ့လျှင် သူ့ဟောပြောချက်များသည် တိုင်း သတင်းစာတွင် ပါသည့် လူကြိုက်များသော ဆောင်းပါးတစ်ခု အနေအထား

ကွင်းသာ ရှိမည်။ သို့တိုင်အောင် အိန္ဒိယကွန်ဂရက် အလိုကျ ဖွဲ့စေရေးတာရာ ပေါ သဖြင့် ဥပဒေတောင်က ခွင့်လွှတ်နိုင်မည် မဟုတ်။

ထိုနေ့မှာ မတ် ၂၂ ဖြစ်သည်။ အမှုရုံးမှာ ဖရင်ဟိုက် ၉၀ ဝန်းကျင်၌ ရှိသည်။ ထိုနေ့မှာပင် သူ့ပေါ်သို့ချက်သိမ့် နှစ်ချက် ထုတ်နုတ်တင်ပြကာ ဆင်ဂုပတားအား ရုံချက်တင်သည့် အမှုတွဲကို လက်မှတ်ထိုးလိုက်သည်။ ဆင်ဂုပတားသည် ရုံချက်ကို မှန် ထုချေမည် မဟုတ်လေရာ ချက်ချင်းပင် စီရင်ချက် ချလိမ့်မည်။ သို့ဖြစ်လျှင် မှန်ကန်မျှတသည့် စီရင်ချက်သည် မည်သို့ ဖြစ်မည်နည်း။

ဆင်ဂုပတားသည် အကြည်ညိုမှုကိုမှုကို ပညတ်အားဖြင့် ကျူးလွန်သည်မှာ မှန်သည်။ ယင်းအတွက် စီရင်ချက် ချရမည်။ ဤသည်သာလျှင် မှန်ကန်အရေးမှုတသည့် စီရင်ချက် ဖြစ်မည်။ ဒဏ်ငွေ အနည်းငယ် ပေးဆောင်ရလိမ့်မည်။ ဆင်ဂုပတားသည် ဒဏ်ငွေဆောင်မည်သူ မဟုတ်။ သို့ဖြစ်ရာ အလုပ်ကြမ်း မပါဘဲ ချက်အနည်းငယ် ထောင်ဒဏ်ပေးရလိမ့်မည်။ အနည်းဆုံး ထောင်ဒဏ်မှာ ရုံးမင်းကစ်ထိုင် ဖြစ်သည်။ အင်္ဂလိပ် တရားရုံးတို့တွင် တစ်ဖာသင် (တစ်ပဲနိ၏ လေးပုံတစ်ပုံ) ဒဏ်ပင် ပျက်စီးသဖြင့် ပေးသည့် ဖြစ်ဒဏ်မျိုးပင် ဖြစ်သည်။ သို့သော်လည်း တရားဥပဒေကို ဆင်ဂုပတား ချိုးဖောက်သည်ကား မှန်သည်။ အစိုးရကမူ ဤမျှ သာများသည့် ကျူးလွန်မှုမျိုးအတွက် ထောင်ဒဏ်၊ ငွေဒဏ် မည်မျှ မည်မျှ ဟူ၍ ပတ်မှတ်ချက် မထား။ ကျွန်တော် သဘောအရမူ ရက်အနည်းငယ် ထောင်ဒဏ် ပေးလျှင် သင့်မည် ယူဆသည်။ သို့ဖြစ်ရာ ထောင်ဒဏ်ဆယ်ရက် ပေးရန် ဆုံးဖြတ်ပြီးနောက် စီရင်ချက်ကို အရှည်အလျား ရေးရသည်။

ထိုစီရင်ချက် ရေးပြီးသည့်အခါ သန်းခေါင်ကျော် နေ့ကျပြီ။ လက်မှတ်ထိုးပြီးသည့်အခါ ရင်ထဲမှာ ပေါ့သွားသည်။ စောစောပိုင်းက သံသယစိတ်တွေ၊ ဟန်စိတ်တွေ အားလုံး ပြေပျောက်သွားပြီ။ တရားဥပဒေကို မှန်ကန်မျှတစွာ အသုံးချ ဖွင့်ဆိုလိုက်ရပြီဟု ကျွန်တော် ခံစားမိသည်။ ကျွန်တော့်မှာ အမှုထဲတွင် စိုးမိုးနေလေရာ အစိုးရဘက်က သဘောထားကို ကျွန်တော် သတိမမူဘဲ နေသည်။ ကျွန်တော် စီရင်ချက်ကို အုပ်ချုပ်သူ ရှုထောင့်က ဘယ်သို့ဘယ်ပုံ ဘာတိုက်ရှုလေမည်လဲ။ ယင်းကိုလည်း ကျွန်တော် သတိမမူမိ။ စီရင်ချက် ပြီးသဖြင့် ဝမ်းသာပီတိ ဖြစ်ရသည်ကိုသာ သိသည်။ သို့နှင့် အမှုတွဲကို ဘေးမယ်က မီးပိတ်ပြီး အိပ်ယာပေါ်ထပ်သို့ တက်နေလေသည်။

## ၈။ ဆင်ဂုပတား၏ အပြုံး

ကတ်တစ်နေ့ နံနက်တွင် စီရင်ချက်ကို တစ်ပေါက်ပြန်ဖတ်သည်။ သို့သော်လည်း

စကား အသုံးအနှုန်းကိုမှ တစ်လုံးတလေမျှ မပြင်မိ။ ကျွန်တော့် စီရင်ချက်သည် တရားရုံးချုပ်၏ အမေးနှင့် လွတ်တောင်းပါစေ။ အထက်ရုံးက စောစောကြောလျှင် ရပ်တည်နိုင်မည့် စီရင်ချက် ဖြစ်သဖြင့် ကျေနပ်မိသည်။ ဆယ်နာရီတွင် ရုံးသို့ လာခဲ့သည်။ မောင်ဂိုမာရီလမ်းဘက် မျိုးမိသည်နှင့် လူရှုပ်ကြီးကို တွေ့လိုက်ရသည်။ သည်တစ်ခါတွင်မူ မယ်ရီကင်သည် ပုလိပ် အဖောင် အနေများကို ဝိုင်းထားသည်။ ရန်ကုန်မြို့မ ပုလိပ်အဖွဲ့ အပြင် စစ်ပုလိပ်များကိုပါ ထပ်ဖြည့်ထားသည်။ ရုံးတော်နှင့် မျက်နှာချင်းဆိုင် ကက်သလစ် ဘုရားရှိခိုးကျောင်းထဲမှာလည်း စစ်ပုလိပ်တပ် အပြည့် ရှိနေသည်။

၁၀း၄၅ နာရီတွင် ဓါတ်တိုင်းကိုပင် တောင်ကြီးမှ ဆင်ဂူပတား ထွက်လာသည်ကို ပြတင်းမှ မြင်နေရသည်။ ပရိသတ်ကား ငြိမ်ချက်သား ကောင်းလှသည်။ အသံ တစ်ချက်ကလေးမျှ မထွက်။ ဆင်ဂူပတား ရုံးထဲ ဝင်သွားသည်ကို ငြိမ်ငြိမ်ကလေး ကြည့်နေကြသည်။ ဆယ်နာရီတိတိတွင် တရားခွင်သို့ ကျွန်တော် ဝင်သည်။ ပရိသတ်ထဲတွင် ပထမဆုံး သတိထားမိသူမှာ မစ္စတာ တယ်ဂျီ ဖြစ်သည်။ သူ့ခေါင်းတွင် ပတ်တီးစည်းထားပြီး အပေါ်က ဦးထုပ်ဖြင့် ဆောင်းထားသည်။ ယခုလို ကျန်းမာ ပကတိ ရှိသဖြင့် ဝမ်းသာရသေးသည်။ ပရိသတ်ကို ရုံးမင်းက စကားပြောရန် ထုံးစံမရှိသည့်အတိုင်း သူ့အကြည့်ကို တွေ့နိုင်မှ ရင်ဆိုင်လိုက်ရသေးသည်။

အစိုးရရှေ့နေကြီး မစ္စတာအဂွါသည် ကျွန်တော့်ကို စိတ်ပျက်ပေါက်နေဟန် တူသည်။ စူးစူးစမ်းစမ်း ကြည့်သည်။ ဘယ်လို စီရင်ချက်မျိုး ထွက်လာမည်ကို သူကိုယ်တိုင် စဉ်းစားလို့ ရဟန် မတူ။

ဆင်ဂူတား ကိုယ်တိုင်လည်း မည်သို့ မျှော်လင့်ရမည် မသိ။ တွေတွေဝေဝေ ဖြစ်နေသည်။ သူသည် ရှေ့နေတစ်ယောက် ဖြစ်သည်။ သူ့ပေါ်ကပြောချက်သည် တရားဥပဒေနှင့် ဆန့်ကျင်သည်ကိုမူ သိသည်။ သို့တိုင်အောင် ကျွန်တော်ရုံးက သူ့အား လွှတ်ပစ်လိမ့်မည် ဟု သူ ထင်နေဟန် တူသည်။ အရေးကြီးသည်မှာ သည်အမှုထဲက သူ ဘာများ အမြတ်ရနိုင်မည်လဲ။ ထောင်ကျမခံရဘူး ဆိုလျှင်ကား ဘာမျှ အဓိပ္ပာယ်မရှိ။ သူ့အား ဖမ်းဆီး တရားစွဲဆိုသည်ကို အိန္ဒိယ၌ သူ့ရဲဘော်များက မည်သို့မျှ မထေမဲ့မြင် အမှုစစ်ဆေးနေဆဲ ဖြစ်သဖြင့် သည်အတိုင်း ကြည့်နေရသည်။ သို့သော်လည်း ရုန်းရင်းဆန်ခတ် ဖြစ်သည်ကို အကြောင်းပြုကာ မြန်မာပုလိပ် အဖွဲ့သည် စေးမျှမ်းစွာ ကြည့်ရှုနေသော အိန္ဒိယ တိုင်းရင်းသားတို့ကို အကြမ်းဖက် နှိမ်နင်းသည်။ တရားရုံး ထဲ၌ပင် ရိုက်ထုတ်သဖြင့် များစွာ ထိခိုက်ဒဏ်ရာ ရသည်ဟု တောင်းနေ ဖြစ်တော့သည်။

မြန်မာပြည် မိဆေနွေရပ်တစ်ခုကို ကိုယ်စားပြုသည့် ဥပဒေပြု လွှတ်တော် အမတ် များတာဝန်ရှိက ဒေသပြီး လွှတ်တော်၌ မေးခွန်းမေးခြင်း နှစ်ဆယ်နှစ်ခုထက် မနည်း မေးမြန်းသည်။ ပုလိပ်တပ်မှ အပြင် စစ်တပ်ကိုပါ မေါ်ပုန့်မိရှင်းသည် ဟူ၍လည်း သူက ရှုပ်ချခဲ့သည်။ 'အကြမ်းဖက်သည့် လူထုကို စစ်ပုလိပ်တို့က ရိုက်နှက်သည်မှာ အင်အားသုံးခြင်း ဖြစ်သည်။ နိုင်းနိုင်းနင်းနင်း ပြုမူခြင်းသာ ဖြစ်သည်' ဟူ၍လည်း မန်ရှိက ရှုပ်ချခဲ့သည်။

သူတို့ဘက်ကမှ အစွန်းအလယ်း ရှိသမျှ အသုံးချ တန်ကွက်ခြင်းသာ ဖြစ်သည်။ သို့သော် မထိရောက်လှပေ။ စစ်ပုလိပ်ကို အပြစ်ရှိသည်မှာ မဆန်း။ သို့မှသာ သူတို့ရံဘော်၏ အမှုကို အာရုံလွှဲနိုင်မည် ဖြစ်သည်။ သို့သော် အကယ်၍သာ ဆင်ဂုပတား ပြစ်ဒဏ်ကြီးကြီး အစိုးရ မိရှင်းမှ တိုက်ရိုက်အတွက် လက်နက် တောင်း ရသွားမည် ဖြစ်သည်။ ဤသို့သော ပြစ်ဒဏ်မျိုးကိုကား ကျွန်တော် မပေးနိုင်။ နိုင်ငံတော် စီးနင်း မတရား စီရင်မှာ ရောက်မည်။

သို့နှင့် ကျွန်တော်ကိုယ်တိုင် ဆင်ဂုပတားအား ဤသို့ မေးသည်။

'အမှုစစ်နေတဲ့ တောအောင်းတုန်းက ကျွန်တော် မေးခွန်းတွေကို ခင်ဗျား မဖြေဘူးနော်'

'ဟုတ်တယ်၊ မဖြေဘူး'

ဆင်ဂုပတားက ပြန်ဖြေသည်။ ပြီးမှ ရုံးမင်းက မေးသည့် မေးခွန်းတစ်ခုကို ယခု ဖြေမိလျက်သား ဖြစ်သွားသည်ကို သတိထားလိုက်မိဟန် တူသည်။

'ဒီလိုဆိုရင် အခု ခင်ဗျားအပေါ် စွဲချက်တင်မယ်' ဟု ဆိုကာ သူ့ ပေါ်ဖော် မျက် စကားများကို ကိုးကားပြီး စွဲချက်နှစ်ခု တင်သည်။ ယင်းတို့အရ အကြည်ညို ပျက်မှုကို ကျူးလွန်သည်ဟု ကျွန်တော် ပြောသည်။

ထို့နောက် ဤသို့ ဆက်၍ ပြောသည်။

'ဒီစွဲချက်ကို ခင်ဗျားဘက်က ထုချေဖို့ အခုမရှိဘူးလို့ ကျွန်တော် နားလည် ရမှာလား'

သည်တစ်ခါတွင်မူ ဆင်ဂုပတားသည် အငိုက်မိ မခံတော့ပေ။

'ဟုတ်တယ်၊ ဟုတ်ကဲ့'

မဖြေမိရန် သတိကြီးစွာ ထားနေသည်မှာ ထင်ရှားသိသာသည်။ သူ့ကို ရုံးတော်က မတရား ဖမ်းဆီးစစ်ဆေးသည်ကို အသိအမှတ် မပြုသည့် အနေဖြင့် တစ်လျှောက်လုံး ငြိမ်နေဖို့ ကောင်းသည်။ အမှုစစ်နေစဉ် တောင်ထဲ သွားနေရသည်မှာ သက်သောင့်သက်သာ မရှိသော်လည်း စစ်ဆေးရာ၌မူ တရားမျှတမှုရှိသည်ကို ကိုယ်တိုင် ကြုံတွေ့နေရလေရာ တုတ်ကာဆေ မနေနိုင်။ အမှုစစ်ဆေးခြင်းတွင်

မပါဝင်ဘဲလည်း မနေနိုင်တော့ပေ။ ကျွန်တော့် မေးခွန်းများကို ဘာတစ်ခုမျှ မဖြေနိုင်ကြောင်း တစ်မျိုးတစ်ဖုံ ထုတ်ဖော် ဖွင့်ဟ လာရလေသည်။

ထို့နောက် စီရင်ချက်ကို ကျွန်တော်ကိုယ်တိုင် နာရီဝက်ခန့် ဖတ်ကြားကာ အလုပ်ကြမ်းမပါဘဲ ထောင်ဒဏ်ဆယ်ရက် ချလိုက်သည်။ ကျွန်တော့် စီရင်ချက်ကို ကြားလျှင် ဆင်ဂုပတား ပြုံးလေသည်။ ယင်းမှာ အနိုင်နိမိတ် ပြုံးခြင်းပင် ဖြစ်သည်။ အိန္ဒိယ သတင်းစာအားလုံး ကျောင်းပြီး ပြုံးကြရန် နိမိတ်ပြုံးခြင်းပင် ဖြစ်သည်။ ဤအမှုကြောင့် သူ့မှာ ခွန်အားဖုံသည့် အားအားနည်းပုဂ္ဂိုလ် ဖြစ်မလာ။ နိုင်ငံရေးအရ ဘာမျှ အမြတ်မရ။ သို့သော် မြန်မာအစိုးရကို ကြောင်တောင် ရယ်မော နိုင်ရန် အကွက်ကောင်း ရလာပြီ။ အနည်းဆုံး အုပ်ချုပ်ရေး အပိုင်းကို ရယ်မော နိုင်ပြီ။ သို့သော်လည်း ဗြိတိသျှ တရားသူကြီးတစ်ယောက် စီရင်သည့် ဗြိတိသျှ တရားရုံးကိုမူ သူတို့ မရယ်မောနိုင်။ ဗြိတိသျှ အမျိုးသား အားလုံးကိုလည်း မရယ်မောနိုင်။ အင်္ဂလိပ် တရားရုံးတွေ မတရားဘူးဟု ဝေဖန်ပြောဆိုခြင်း မပြုနိုင်။ ထိုသတောမျိုး မပြောလျှင် ကောင်းမည်။

ထို့ကြောင့် မစ္စတာ ဆင်ဂုပတားသည် ပြုံးမိခြင်း ဖြစ်လေသည်။ သူသည် နိုင်ငံရေး သတ္တဝါတစ်ယောက် ဖြစ်သည်။ လူတစ်ယောက်လည်း ဖြစ်သည်။ သို့ဖြစ်ရာ သူ့အပြုံးတွင် ဝါဒသဘောတရားများ အနှံ့အပြား ရှိရုံ့ အဓိပ္ပာယ် လေးနက်သည့် သဘောဆောင်သည်။ အကယ်၍ မြောက်လ သို့မဟုတ် တစ်နှစ် ထောင်ကျ ခံရမည် ဆိုလျှင် အဆင်မပြေ။ ရန်ကုန်ထောင်သည် သူ့အိုး၊ သူ့အိမ်၊ သူ့သား မယားနှင့် ဝေးရာ ဖြစ်သည်။ ယခုမူ ဆယ်ရက်တည်း ဖြစ်သဖြင့် ဝမ်းသာကာ သဘောကျနှစ်သိုက် ပီတိဖြစ်ပြီး ပြုံးခြင်း ဖြစ်သည်။

တစ်ဝန် သူပြုံးရသည့် နောက်တစ်ကြောင်း ရှိသေးသည်။ ယင်းမှာ သူ့နှလုံးသားသည် နွေးနွေးထွေးထွေး ရှိသွားသောကြောင့် ဖြစ်သည်။ အိန္ဒိယတွင် ဗြိတိသျှတို့ အုပ်စိုးသည်ကို သူ ကန့်ကွက်သည်။ သို့သော်လည်း ယခု ဗြိတိသျှ တရားရုံးတစ်ရုံက သူ့အား စစ်ဆေးပုံကိုမူ မကျေနပ်စရာ မတွေ့ရ။ ထို့ကြောင့် ပြုံးခြင်း ဖြစ်သည်။ မည်သို့ဖြစ်စေ သူသည် စိတ်နှလုံးကောင်း ရှိသူ ဖြစ်သည်။ စီရင်ချက်ကို ကြားရသည့်အခါ လူတစ်ယောက်အနေဖြင့် ဝမ်းသာမိပြီး မျက်ရည် လည်မိသည် အထိ ခံစားရကာ ပြုံးရခြင်း ဖြစ်လေသည်။

ချက်ချင်းပင် တရားရုံးလည်း ရုပ်သိမ်းသည်။ ဆင်ဂုပတားလည်း အစောင့် နှင့်အတူ ရှေ့ဘက်က အခန်းကလေးတစ်ခုသို့ လိုက်ပါသွားသည်။ ရန်ကုန်မြို့ပေါ်က ဂုဏ်သရေရှိ အိန္ဒိယ လူကြီးမင်းများနှင့် စိတ်ပါလက်ပါ စကားပြောနေသည်ကို ကျွန်တော် တွေ့ရသည်။ တံခါးဝတွင် တက်ပုံနှိပ်ခံပါဟု သတင်းထောက်များက

တောင်းပန်သည်။ ခါတိုင်း ရိုက်ခဲ့ပြီးနောက် ပုလိပ်အစောင့် ကားထဲသို့ ဝင်သည်။ ထိုအခါ ပရိသတ်ထဲမှ တစ်ယောက်က ပန်းကုံးစွပ်သည်။

နောက်တစ်နေ့ ရန်ကုန်ဂေဇက် သတင်းစာက "လမ်းဘေး၌ ပရိသတ် ကျေနပ်နှစ်သိမ့်စေခြင်းငှာ ပုလိပ်မင်းကြီးက ဆင်ဂုပတား တင်ဆောင်သွားသည့် ကားကို ပရိသတ်နားမှ ဖြတ်မောင်းစေသည်။ ပရိသတ်က ဩဘာပေးကြသည်။ ထို့နောက် ထောင်ကြီးချုပ်သို့ မောင်းနှင်သွားသည်" ဟု ဖော်ပြသည်။

မယ်ရီကင်က သည်လို အမိန့်မျိုး တကယ်ပေးသလား၊ ကျွန်တော် သံသယ ဖြစ်မိသည်။ ထို အနိုက်အတန့်တွင် မယ်ရီကင်သည် ကျွန်တော် ရုံးခန်းသို့ တက်လာပြီး ဆင်ဂုပတား၏ကား ထွက်သွားသည်ကို ကျွန်တော်နှင့်အတူ ပြတင်းမှ ကြည့်နေသည်။ ဩဘာသံများ ကြားရသည်။ လက်ယမ်းပြကြသည့် ပရိသတ်အကြောင်းကို လည်းကောင်း၊ ပုလိပ်များ ကိုင်သည့် လှံစွပ်များအကြောင်းကို လည်းကောင်း ပြောဆိုကြသေးသည်ကို ကျွန်တော် အမှတ်ရမိသည်။

မယ်ရီကင်မှာ ပင်ပန်းနွမ်းနယ်နေပြီ။ ရှန်ဟိုင်းဆန်နစ်တော် ဖြစ်တုန်းကလည်း ပြေးရ လွှားရ စိတ်မောရသည်။ ထိုဒဏ်သည် မသေးလှ။ နောက်တစ်နှစ်ခန့် အကြာတွင် သူ သေဆုံးတော့မည့် အကြောင်းတရားတို့သည် ထိုစဉ်ကပင် သူ့သွေးသားထဲတွင် ကိန်းအောင်းနေကြပြီ ထင်သည်။

အဝေးတွင် ဆင်ဂုပတား၏ မော်တော်ကား ပျောက်သွားလျှင် ကျွန်တော်က ဤသို့ ပြောမိသည်။ 'အင်း၊ နှမ့် ကိစ္စတစ်ခု ပြီးသွားတော့တယ်'

မယ်ရီကင်မှာ စိတ်ညစ်နေဟန် တူသည်။ 'ဆယ်ရက် ဆိုတာကတော့ မနည်းလွန်းဘူးလား' ဟု ကျွန်တော်ကို မေးသည်။

ဆင်ဂုပတားသည် တောင်တောင်လွှားလွှား နိုင်ငံရေးသမား ဖြစ်သည်။ သူပုန်သူကန် ဖြစ်သည်ဟု သူ ယူဆသည်။ ဤသည်မှာ အုပ်ချုပ်ရေးသမား တစ်ယောက်၏ အမြင် ဖြစ်သည်။

မယ်ရီကင် ထွက်သွားလျှင် ကျွန်တော်လည်း အတွင်းဝန်ရုံးသို့ သွားရန် ဟန်ပြင်သည်။ အတွင်းဝန်ချုပ် မစ္စတာလျှိုက်နှင့် ပြည်ထဲရေးဝန်ကြီးချုပ် ဆာရာဘေ ဖောင်ကြီးတို့ကို ဝင်တွေ့ရန် စိတ်ကူးရလာသည်။ ကျွန်တော်စိုးရိမ်သည်ကား သူတို့အချက်ကို ထိုးမိသလိုများ ဖြစ်နေမည်လားဟု စိတ်ပူမိကာ လူကိုယ်တိုင် တွေ့ရန် စိတ်ကူးမိခြင်း ဖြစ်သည်။

ဆယ်မိနစ်ခန့် ရှိလျှင် အတွင်းဝန်ချုပ် လျှိုက် အခန်းထဲသို့ ကျွန်တော် ရောက်သွားသည်။ ကျွန်တော် ဝင်သွားလျှင် ဆာရာဘေဖောင်ကြီးသည် လျှိုက်၏ ပုခုံးပေါ်မှကျော်ကာ တစ်စုံတစ်ရာကို ကြည့်နေသည်။ သူတို့ရှေ့က စားပွဲပေါ်တွင်

စာရွက်စာတမ်းများ ရှိနေသည်။ ကျွန်တော်ကို မြင်လျှင် မသက်မသာ မျက်နှာများဖြင့် စိုက်ကြည့်သည်။

'ဆင်ဂုပတားကို ကျွန်တော် အပြစ်ပေးလိုက်ပြီ'

'ဪ … ဟုတ်လား' သည်အခါ သူတို့မှာ အနည်းငယ် စိတ်သက်သာရာ ရသွားကြဟန် တူသည်။

သူတို့ ကြည့်နေသည့် စာရွက် စာတမ်းတို့သည် တရားလွှတ်တော်သို့ အယူခံဝင်ရေးနှင့် ဆိုင်သည်တို့ ဖြစ်သည်ဟု နောင်တွင် သိရသည်။ ဆင်ဂုပတားကို ကျွန်တော်ရုံးက လွှတ်ပေးလိမ့်မည်ဟု သူတို့ ထင်နေသည်။ ထို့ကြောင့် မျက်ချင်း အယူခံဝင်ရန် ပြင်ဆင်နေကြခြင်း ဖြစ်သည်။

'အလုပ်ကြမ်း မပါဘဲ ထောင်ဆယ်ရက် ချလိုက်တယ် ခင်ဗျာ' ကျွန်တော်က ဆက်ပြောမိသည်။

သူတို့ ဘာမျှ ပြန်မပြော။ ငြိမ်နေသည်။ ခုတိယ စကားတစ်ခွန်းမှာ ပထမ စကားလောက် မကျေနပ်စရာ ကောင်းဟန် မတူ။

နောက်ဆုံးတွင် လှိုက်က ဤသို့ ဖွင့်သည်။ 'အမှုကောင်းတွေ ပြန်ကြည့်တော့ အဲဒီလို ထောင်ဆယ်ရက်လောက် စီရင်တာ ဘယ်အမှုမှာမှ မတွေ့ မိဘူး'

သူ့စကားကို အပြေအပြစ်ရန် လွယ်သည်။ "အစိုးရကို အကြည်ညိုပျက်မှုမှာ ဆယ်ရက်လောက် ထောင်ချရုံ ထုံးစံ မရှိခဲ့ရင် ဆင်ဂုပတားအမှုလို မနိုင်လုံတဲ့ အမှုမျိုးကို ရုံးမတင်နဲ့ပေါ့" ဤသို့ တုံ့တုံ့ ပြောရမည်။ သို့သော် ဤအမှုတွင် တာဝန်ဝတ္တရားအရ ပါဝင်နေရသည့် လူကြီးတို့အား ဤအပြေမျိုး မပေးရက်ပါ။ သို့ဖြစ်ရာ ခပ်ပြေပြေပင် 'ကျွန်တော် စီရင်ချက်ကို ဖတ်ကြည့်မယ်ဆိုရင်၊ ပြီးတော့ သက်သေ အထောက်အထားတွေကို ကြည့်မယ်ဆိုရင် ရက်များများ ထောင်ချလို့ မဖြစ်နိုင်ဘူး ဆိုတာ တွေ့လိမ့်မယ် လို့ ကျွန်တော် ယူဆပါတယ် ခင်ဗျာ'ဟု ပြောရသည်။

ထိုစကားပြောပြီး ကျွန်တော်လည်း လှိုက်အခန်းထဲမှ ထွက်လာသည်။

ကျွန်တော် စီရင်ချက်ကို ဖတ်ရသည့်အခါ အစိုးရက မည်သို့ ထင်မြင်ယူဆသည်ကို ကျွန်တော် မသိရပါ။ သို့သော်လည်း အထက်ရုံး ဖြစ်သည့် ဟိုက်ကုတ်သို့ တက်လျှင်မှ အမှုနိုင်စရာ မရှိသည်ကိုကား တောက်ပြမည် ထင်ပါသည်။ ကျွန်တော် စီရင်ချက်ကို ပြောင်းလဲပြင်ရန် နောက်ထပ် မကြိုးပမ်းသည်ကို ထောက်ချင့်ပြီး စီရင်ချက်ကို လက်ခံသည်ဟု ယူဆရခြင်းသာ ဖြစ်သည်။

ဘုရင်ခံ ဆာရေနာ စိတ်ပျက်သွားသလား၊ စိတ်မပျက်ဘူးလား ဆိုသည်ကိုလည်း ကျွန်တော် မသိ။ စိတ်ပျက်စရာအကြောင်းတွေ အများကြီး ရှိနိုင်သည်။

သို့သော် ဆာရှားမှာ အတွင်းစိတ်ကို ဘယ်တော့မှ ဖွင့်ပြသူ မဟုတ်။ အမှု စစ်ဆေးစဉ် အိန္ဒိယ သတင်းစာများကရော အာရှတိုက် သတင်းစာများကပါ သူ့ (ဘုရင်ခံဟောင်းများ)ကို ပြင်းပြင်းထန်ထန် အပြစ်တင် ဝေဖန်ကြသည်။ ထိုအခါ အင်္ဂလိပ်လူမျိုး၏ မတုန်လှုပ်သည့် သဘောကို သူက နမူနာပြခဲ့သည်။ သူ့ ကျန်းမာရေးမှာ မကောင်း။ နောင်တွင် စိတ်ရှုပ်စရာ၊ စိတ်ပျက်စရာတို့ဖြင့် ကြုံလာရသည်။ သို့တိုင်အောင် သူသည် အင်္ဂလိပ်လူမျိုး ပီသသည်ကို ကောင်းစွာ ပြခဲ့သည်။ အင်္ဂလိပ်တို့သည် တရားဥပဒေ၏ အဆုံးအဖြတ်ကို မပူတတ်ကြသူများ ဖြစ်သည်ကို ရာဇဝင် လက်ရှိတွင် ထိန်းသိမ်းပြသခဲ့လေသည်။

## ၉။ ဂယက်

နောက်တစ်နေ့မှာ မတ် ၂၃ တနင်္ဂနွေနေ့ ဖြစ်သည်။ ထိုနေ့ သတင်းစာများတွင် စီရင်ချက်၏ ဂယက်ကို တွေ့ရသည်။ အုတ်အုတ်ကျက်ကျက် ဖြစ်လာသည်။ အိန္ဒိယ အမျိုးသားပိုင် သတင်းစာနှစ်စောင် ဖြစ်သည့် **ရန်ကုန်မေးနှင့် ရန်ကုန်နေ့စဉ်** သတင်းတို့တွင် ခေါင်းကြီးနှစ်ပုဒ် ပါလာသည်။ အင်္ဂလိပ်တရားသူကြီးက ဆင်ဂုပတာအား တရားမျှတစွာ မှန်မှန်ကန်ကန် စစ်ဆေးသည်ကို သူတို့ ဝန်ခံရသည်။ သို့သော် စွဲချက်တင်သည့် အုပ်ချုပ်ရေးပိုင်းကို ဝေဖန် ပြစ်တင်သည်။ မစ္စတာ ဆင်ဂုပတာနှင့် သူတို့ တင်ပြသည့် ခွဲရေးတွဲရေး အယူအဆတို့သည် မြန်မာပြည်တွင် ကျော်ကြားကောင်းကောင်း ရသွားပြီဟု ဆိုသည်။ အစိုးရကို အတိုက်အခံ လုပ်သူတို့အား အကျိုးပြုသလို ဖြစ်မနေဘူးလား ဟုလည်း မေးထားသည်။

နောက်နှစ်ရက် အကြာ အင်္ဂါနေ့တွင် ဖိုက်စကွဲယား (ဗန္ဓုလပန်းခြံ)၌ လူထု စည်းဝေးပွဲတစ်ခု ကျင်းပသည်။ မြန်မာများ၊ အိန္ဒိယ တိုင်းရင်းသားများ တက်ရောက်ကြသည်။ သတင်းစာများ ခန့်မှန်းသည်မှာ မှန်သည်။ တွဲရေးသမားများ ခေါင်းဆောင်လာသည်။ ဆင်ဂုပတာကို သင်္ဘောဆိပ်သို့ လာကြိုရာမှ ဒိတ်ဆိုးသွားကြသည့် ဘုန်းကြီးများနှင့် ဝံသာနုအမျိုးသမီးများ ပြန်ပေါ်လာသည်။ အမှုစစ်ဆေးနေစဉ်က သူတို့၏ အရိပ်အယောင်ကို မမြင်ရ။

ထိုအစည်းအဝေးတွင် နိုင်ငံရေး ခေါင်းဆောင် တစ်ယောက်ဖြစ်သည့် ဦးဘစိန်က သဘာပတိ ပြုသည်။ မြန်မာခေါင်းဆောင် အများအပြား ဟောပြောကြသည်။ ထိုအထဲတွင် ယခု (၁၉၃၈) ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဖြစ်နေသည့် ဒေါက်တာ သိန်းမောင်လည်း ဟောပြောသည်။ ဦးဘစိန်နှင့် ဒေါက်တာ သိန်းမောင် တို့မှာ ခွဲရေးသမားများ ဖြစ်သည်။ သို့သော် ထိုနေ့က အိန္ဒိယအမျိုးသားကို ကြိုက်နှစ်သက်မည့် စကားများကို ပြောသည်။ သို့ဖြစ်ရာ အိန္ဒိယနှင့် မြန်မာ

တို့မှာ တစ်ပေသွားတည်း တစ်သားတည်းလို ဖြစ်သွားကြသည်။ ဤသည်မှာ ယောယီ မျှသာ ဖြစ်သည်။ ထိုအခါမှစ၍ မြန်မာတွဲရေးသမားများ ပို၍ အားတက် အား ကောင်း လာသည်ဟု ဆိုနိုင်သည်။

အစိုးရကိုမူ ပြင်းပြင်းထန်ထန် ဝေဖန် ပြောဆိုကြသည်။ သို့သော် ဗြိတိသျှ တို့၏ မှန်ကန်မှုရှာသော တရားဥပဒေကို ချိုးဖျက်သောမျှကိုမြှင့်ရာ နာကြည်းစရာ တို့ကို ထောက်ပြ ဝေဖန်သည်။

နောက်ရက်များတွင် အိန္ဒိယ သတင်းစာတို့က ဝေဖန်ရေးသားလာကြ သည်။ အလာဟာဘတ် သတင်းစာတစ်စောင် ဖြစ်သည့် လီဒါက မြန်မာ အစိုးရသည် ပါဝင်ဆောင် လွဲသည်။ အလွန် မှားသည်ဟု ဆိုသည်။

ကာလကတ္တား သတင်းစာ **အမ်ရစ်ဘဇား** ပါတရိကာကမူ "တစ်ကမ္ဘာလုံး က မြန်မာအစိုးရအား ပြောင်လှောင် ရယ်မောနိုင်ချေပြီ" ဟု မှတ်ချက်ချသည်။ သူ့စကားသည် မှန်သည် ထင်၏။ ယင်းက ဤသို့ ဆက်ရေးသည်။ "ဆင်ဂုပတား သည် အဆိုးရွားဆုံးကို ရင်ဆိုင်မည် မျှော်လင့်ကာ ရန်ကုန်သို့ သွားသည်။ သူ့ကို ယခုလို ပြက်ရယ်ပြုကာ ဆင်ပေါ်ပေါ် စီးရင်လိမ့်မည်ဟု မျှော်လင့်မထားခဲ့" အခြား အိန္ဒိယ နိုင်ငံရေးသမားတို့အားလည်း သူတို့ဆန္ဒ ဖော်ထုတ်ရန် လှုံ့ဆော်သည်။

လစ်ဘရယ်တစ်ယောက်ဖြစ်သည့် ပန်ဒစ်ကွန်ဇရုက မြန်မာအစိုးရသည် တရားဥပဒေကို တခြားနည်းဖြင့် မထိမိခြင်း မပြုနိုင်တော့ဘူးလားဟု မေးသည်။ ရာဇဂါဝန်တရုပ်လီဒါကမူ "သက်သေအထောက်အထား တင်မှုံ ဆင်ဂုပတာကို မဲ့ဆီးကာ မြန်မာပြည်သို့ ဒေါ်ဆောင်သွားပုံတို့ကို ကြည့်ရှုင် အတည်ပြု နေတာမှ ဟုတ်ရဲ့လား။ ရယ်မောစရာ စတင်ကြီးတစ်ခု တည်ဆောက်နေတာများလားဟု ထောက်မေးရသည်။ ဤအပြုအမူတို့ကြောင့် မြန်မာအစိုးရ၏ ဂုဏ်သိက္ခာသည် တိုးတက်သွားမည် မဟုတ်နိုင်" ဟု ဝေဖန်သည်။

ဂန္ဒီသည် ဆာဥပဒေကို ချိုးဖောက်ရန် ပင်လယ်ကမ်းခြေသို့ ချီတက်မည် ပြင်ဆင်နေသည်။ ထိုစဉ် အမျိုးသမီးကာ **ယာန်းအင်ဒီးယား**ည့် ဆောင်းပါးတစ်စောင် ရေးသည်။ သူက တရားသူကြီးဖြစ်သည့် ကွန်တော်ကို အပြစ်တင်သည်။ အကယ် ၍သာ ကွန်တော်သည် လွတ်လပ်သည့် ပတ်ဝန်းကျင်တွင် ကြီးပြင်းခဲ့ရလျှင် ဆင်ဂုပတာကို အမှု လွတ်ကာ အစိုးရအား ဤမျှ အကြောင်း မနိုင်လှဲသည့် နှုတ်ကို တင်ရပါမည်လားဟု ပြင်းပြင်းထန်ထန် သတိပေးရမည်ဟု ဆိုသည်။

ထို့နောက် ဂန္ဒီက "မြွေဘာသပ်ဆောင် လောကပြောခြင်းကို ရာဇဝတ်မှုဟု ယူဆမည်ဆိုလျှင်၊ ထိုပြင် ပုဒ်မ ၁၂၄ (က)သည်လည်း ထိုပြစ်မှုမျိုးနှင့် သက်ဆိုင် သည် ဆိုခဲ့လျှင် ရှေ့မဆွတ်ဝင် ကျွန်ုပ်အား တရားခွင်ဆိုကာ ပြစ်ဒဏ်ကြီးကြီး

ယားရမည်ဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်သည် အင်္ဂလိပ်အစိုးရအား အကြည်ညို မှုကင်းအောင် လုပ်မြင်းကို ဘာသာတရားတစ်ခုအဖြစ် ကိုးကွယ်လျှ ဖြစ်သောကြောင့် ပည်း။ သို့သော် အစိုးရသည် ကမ္ဘာကြီးကို မျက်နှာ မပြုံး မကြောက်သည်။ ကြမ်းမကက်သော တော်လှန်ရေးဝါဒ သဘောတရားသည် မှန်ကန်သည်။ မဟေး သာ အနာဂတ်တွင် အောင်ပွဲခံရမည်မှာ သေချာသည်"

**ဒေါက်တာမင်း** သတင်းစာ အာဘော်ကို နောက်ဆုံး ထုတ်နုတ်ပြမည်။ ၁င်းသည် အိန္ဒိယတွင် ကြီးစိုးနေသော အင်္ဂလိပ်တို့၏ အာဘော် သတင်းစာ ဖြစ်သည်။ အမှု၏ အတွင်းသရုပ်ကို အနည်းငယ် ဖော်ပြသည်။ "အိန္ဒိယ နိုင်ငံရေးသမားတို့ မျှော်လင့်ထားသည့် မြန်မာပြည်တွင် ကိုယ်ကျိုးစွန့် အနစ်နာ ခံခြင်း အမြတ်ထုတ်ရန် ရည်ရွယ်ချက်မှာ ပျက်ပြားသွားသည်။ နှုတ်ကနဲ ကသေအနေထောက်အထားတို့ အရှု ဆယ်ရက်အောင်ခံသည် သင့်တင့်သည် ရမည်။ သို့သော် ဆင်ဂုပတားအဖို့မှ အောင့်သက်သက် ဖြစ်သွားမည် အမှန် ည်း။"

ရန်ကုန်မြို့တွင် ထုတ်ဝေသည့် **ရန်ကုန်ဂေဇက်နှင့်** သည်တိုင်းတို့မှာ ဂလိပ် အကျိုးစီးပွားကို ကိုယ်စားပြုသည့် သတင်းစာများ ဖြစ်သည်။ ယင်းတို့၏ ၂င်းကြီးပိုင်းများ၌ အယ်ဒီတာက မည်သို့မျှ မဝေဖန်။ ရှောင်နေခဲ့သည်။ ၁င်းချက်ကို စကားလုံး အတိအကျ ထည့်သွင်းဖော်ပြသည်။ အိန္ဒိယအင်ပါယာ နံရလုံးတွင် မြန်မာပြည်အစိုးရဘက်က နှစ်သိမ့်စကား ဆိုနိုင်မည့် သတင်းစာ ၇် ဤနှစ်စောင်သာ ရှိသည်။ သို့သော် သူတို့က ဘာမျှ မပြော။

ထဖန်ပြစ်တင်သည့် အရှိန်အဟုန် အတော်လေး ပြင်းသည်။ များလည်း သည်။ အာရှ သတင်းစာလောက တစ်ခုလုံး ကျွက်ကျွက်ညံ ထ ပွက်ကြသလို နေသည်။ အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။ သို့တိုင်အောင် ဘုရင်ခံ များ အင်းနစ်ဘက်က ထိန်းချုပ်နိုင်သည်မှာ မီးကျွမ်းစရာ ကောင်းသည်။ သည်မှာ သူ့ဘက်က နှစ်လိုဖွယ် ဇာတ်ကွက်တစ်ခု ဖြစ်သည်။ နောင်အခါ ဤ ယက်သည် သတင်းစာ စာမျက်နှာများကို ကော်လံမှန်ကာ ဥပဒေပြုလွှတ်တော် ] နိုက်ခေါ်လာသည်။ လွှတ်တော်တွင် စကားအစေ့အစပ်အောင် ဆိုလာကြသည်။ မဲ့အေးဆေးစွာ အမေတ် မစ္စတာမန်ဖို့က မေးခွန်းနှစ်ဆယ့်နှစ်ခု မေးကြောင်း ရွံရှာပြီး ယခုမှ အမှု ပြီးသွားပြီ ဖြစ်သဖြင့် သူ့ဘက်က စစ်ဆင်ရေး ပြန်ခြေ နိုင်သည်။

မတ် ၃ ရက်တွင် နယူးဒေလီမြို့၌ ပွဲကြီးပွဲကောင်း တစ်ခု ဆင်နွှဲသည်။ ပြည်လွှတ်တော်တွင် မေးခွန်းမေးကာ ပြေကြားချိန် ဖြစ်သည်။ မစ္စတာဂျက်

(ထိုအခါမှ ပြော၍ ဆောင့်ရကာ သူကောင်းပြု ခံရသည်။ ဝမ်းသာစရာပင်) သည် ပြည်ထဲရေးဝန်ကြီးအဖြစ် ဆောင်ရွက်နေသည်။ သူသည် အိုင်စီအက်တစ်ယောက် ဖြစ်လေရာ အခြား အိုင်စီအက်တို့ နည်းတူပင် ပါလီမန် အတွေ့အကြုံ မရှိ။ ဆောနွှန်းပြောရသည့် ထိုနေ့တွင် သူ့ကို မန်နိုက ရက်ရက်စက်စက်ပင် အမြွ ဆက်ဆောင် မေးသည်။ အခြား နိုင်ငံရေးသမားတို့ကလည်း ပယ်ပယ်နယ်နယ် မေးသည်။ သူတို့ကိုယ်တိုင် နိုင်ငံရေးအရ ဖမ်းဆီး တရားစွဲ ခံရဖူးသူများ ဖြစ်သည်။ သူတို့အထဲတွင် နာမည်ကျော် ပန်ခစ်မာလာဒ်ယလည်း ပါသည်။ ဆင်ဂုပတာကို ဘာကြောင့် ဖမ်းရသလဲဟု သူတို့ သိချင်သည်။ အကြောင်းက ဘာလဲ။

'မြန်မာအစိုးရက အိန္ဒိယအစိုးရရဲ့ ပထမဆုံး တိုင်ပင်ခဲ့လား'

'တိုင်ပင်ပါတယ်'

'ဟောပြောချက်တွေကို ဖတ်ကြည့်ပြီးမှ တရားစွဲဖို့ အိန္ဒိယ အစိုးရက အမိန့်ရသလား'

'ဟောပြောချက်တွေကို အိန္ဒိယ အစိုးရက မဖတ်ရပါဘူး'

'ဒါဖြင့် ဘာကြောင့် တရားစွဲဖို့ အမိန့်ပေးရသလဲ'

'အိန္ဒိယ အစိုးရက အမိန့်မပေးပါဘူး။ တရားစွဲမယ့်အကြောင်း သူ့ကို (မြန်မာအစိုးရက) အသိပေးတာပါ'

'ဒါဖြင့် တရားစွဲတာ ဘယ်သူ့မှာ တာဝန်ရှိသလဲ'

'မြန်မာအစိုးရက စ တာပါ၊ တရားစွဲဖို့ တာဝန်ရှိသူက မြန်မာအစိုးရပါ'

'အိန္ဒိယ အစိုးရက ဘာကြောင့် တရားစွဲခွင့် ပြုရသလဲ'

'သူတို့ပိုင်နက်ထဲမှာ ဖြစ်ပျက်သမျှ ကိစ္စတွေဆိုရင် သူတို့မှာ လုပ်ပိုင်ခွင့် ရှိတာပဲ'

'ဒီလိုဆိုရင် ဘာကြောင့် အိန္ဒိယ အစိုးရရဲ့ တိုင်ပင်ရသလဲ'

'အိန္ဒိယ အစိုးရရဲ့ တစ်သဘောတည်း ဖြစ်စေချင်တယ်လို့ သေချာအောင် တိုင်ပင်တာပါ'

'လှုပ်ရှားမှုတစ်ခုဟာ အကြမ်းဖက်မှု ပါလာရင်၊ ဒါမှမဟုတ် ဟောပြော ချက် တစ်ခုဟာ ဥပဒေကို ဖောက်ဖျက်ရာ ရောက်ရင်၊ အစိုးရအဖွဲ့ကို မီးဆန်ရာ ရောက်ရင် အကြည်ညိုပျက်မှုထဲ အကျုံးဝင်တယ်လို့ အိန္ဒိယ ဘုရင်ခံချုပ်က ဇန်နဝါရီ ၂၅ ရက်နေ့က ထုတ်ဖော်ပြောတာဟာ အိန္ဒိယအစိုးရရဲ့ သဘောထား ပဲ လား'

'ဟုတ်ပါတယ်'

'ဆင်ဂုပတား ဟောပြောချက်က အဲဒါမျိုးပဲလား'

'ဟုတ်ပါတယ်'

'ဟောဒီပြောချက်ကို မတွေ့ရဘဲနဲ့ ဟုတ်ပါတယ်လို့ အစ်ကိုရော ဘာကြောင့် ပြောနိုင်ရတာလဲ'

'မြန်မာပြည် အစိုးရဟာ ဘုရင်ခံချုပ်ရဲ့ သဘောထားနဲ့ ဆန့်ကျင်ပြီး ဒီရပ်မျိုး ဘယ်တော့မှ မလုပ်ပါဘူး'

'ရုံးတော်မှာ တင်ပြတဲ့ သက်သေထွက်ချက်နဲ့ တရားသူကြီးရဲ့ စီရင်ချက်ကို ကြံရ ဖတ်ပြီးပြီလား'

'မဖတ်ရသေးပါဘူး'

ဦးအောင်ဖြူ လွှတ်တော် အမတ်များက တစ်ယောက်ပြီး တစ်ယောက် ဘ မေးခွန်းတွေ မေးကြသည်။ မှူတာဟိတ်အား အကွက် ချောင်းနေကြသည်။ က်ကလည်း သူ့ဘက်က ခုခံကာကွယ်ရမည့် ကိစ္စလို သဘောထားကာ ခိုင်ခံ ကွယ်သည်။ နောက်ဆုံးတွင် ဂါပတာပရာအာတ်ဆင်းက ဤသို့ မေးသည်။ ဉပဒေကို တရားစွဲလိုက်ခြင်းအားဖြင့် မြန်မာအစိုးရရဲ့ အိန္ဒိယအစိုးရတို့ဟာ ယ်စရာ ဖြစ်သွားတယ် ဆိုတာ ပြည်ထဲရေးဝန်ကြီး မသိဘူးလား' ထိုအခါ န်တော်ဦးဘွက 'အော်ဒါ၊ အော်ဒါ' ဟု အော်ကာ ဤမေးခွန်းမျိုး မမေးရန် ဖြစ်ရသည်။

လွှတ်တော်သို့ လာရောက် နားထောင်ကြသူတို့ ပြောကြ ဆိုကြသည်ကို ရလျှင် ပိုပြီး စိတ်ဝင်စားစရာ ကောင်းမည်။

မှူတာဟိတ်ကို ချောင်ပိတ် အမိဖမ်းကြသူတို့မှာ အတိုက်အခံ နိုင်ငံရေး သမားများ ဖြစ်သည်။ အခွင့်အရေး ရသည်နှင့် နည်းမျိုးစုံ သုံးကာ တေးခံ ဝင်ရန်မှာ သူတို့တာဝန် ဖြစ်သည်။ မမျှော်လင့်ဘဲ ရလာသည့် အခွင့်အရေးကို လွှတ်မခံဘဲ ရှင်လန်းအားရစွာ အသုံးချမည်။ ကြားလူတစ်ယောက်၏ သည့်အမြင်ကို ကျွန်တော် မတင်ပြနိုင်။ ထိုအချိန်ကမူ ကြားအမြင် ရှိသည့်တိုင် ကြ။ အစိုးရကို ထောက်ခံသည့် သဘောထားမျိုးလည်း ဘယ်စာနယ်ဇင်း မှ မပါ။

သို့သော် မြန်မာအစိုးရဘက်က ထောင်ရှုတ်ချက်မှာ ဤသို့ ဖြစ်မည်ဟု ရသည်။ စီအိုင်ဒီ နယ်ထောက်များသည် ထုံးစံအတိုင်းပင် ဆင်ဂူပတာ၏ ပြောချက်ကို ရေးမှတ်ကာ ဌာနအကြီးအကဲထံသို့ တင်ပြသည်။ ယင်းကမှ ဝင် အတွင်းဝန်ချုပ်ထံ တင်ပြသည်။ မြန်မာပြည်ကွယ်မှ အစိုးရအား အကြည်ညို စေမည့် ဟောပြောမှုမျိုး ကြားရမည်။ အနည်း အကျဉ်းသာ ရှိသည်။ ပြောသည့် အခါလည်း အကျွယ်ကွယ်၊ နွားကျွယ်ကျွယ် ဟောပြောမှုမျိုးသာ

ဖြစ်သည်။ ထိုအခါက အိန္ဒိယ တစ်နိုင်ငံလုံးတွင် နေ့စဉ်လိုလိုပင် အစိုးရအား ပြစ်တင် ဝေဖန် ရှုတ်ချနေကြသည့် ဟောပြောချက်မျိုးကို ဟောပြော နေကြသည်။ မြန်မာအစိုးရ အတွင်းဝန်ချုပ်သည် ထိုအခြေမျိုး ကြုံဖူး၊ ကြားဖူးဟန် မတူ။ ဆင်ဂုပတာ၏ စကားလုံးများသည် မြန်မာပြည် ဘုရင်ခံကို ထိခိုက်ပြောဆိုသည် မှန်၏။ အတွေ့အကြုံ ရှိသူ တခြား အတွင်းဝန်ချုပ်များ ဆိုလျှင် နားကြည်းချင်မှ နားကြည်းမည်။ သို့သော် သူ့အနေကား နားကြည်းစရာ ဖြစ်လာသည်။ ထိုအခါ အစိုးရ ရှေ့နေချုပ်၏ အကြံဉာဏ်ယူသည်။ ဖြစ်မှု အကြီးအငယ်နှင့် မလိုက်သည့် ဥပဒေအကြံမျိုး ရယူမိလျက်သား ဖြစ်နေသည်။ ယင်းတို့နှင့် အတူ တရားစွဲရန် ထောက်ခံချက်ကိုပါ ပူးတွဲကာ ဘုရင်ခံထံ တင်ပြသည်။

ဘုရင်ခံဆာရှားကလည်း စိတ်တိုသွားသည်။ အခြား စိတ်ရှုပ်စရာတွေ ရှုပ်ထွေးနေရသည့် အခါမျိုးတွင် အိန္ဒိယနိုင်ငံရေးသမားတွေ မြန်မာပြည်မှာ လာပြီး ရှာကျယ်ရှာကျယ် လုပ်သည်ကို မှင်မပြုနိုင်။ သို့ဖြစ်ရာ ချိန်ချိန်ဆဆ လုပ်မနေတော့ဘဲ၊ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားမနေတော့ဘဲ တရားစွဲမှုပြုလိုက်ခြင်းပင် ဖြစ်သည်။ တကယ်ဆိုလျှင် ဆင်ဂုပတာ၏ ဟောပြောချက်သည် အစိုးရ၏ အချုပ်အခြာ အာဏာနှင့် တရားဥပဒေကို ဖျက်လိုဖျက်ဆီး ထိပါးရာ ရောက်သလား၊ မတော်တဆ သွယ်ဝိုက်သည့်နည်းဖြင့် ထိခိုက်ရာ ရောက်သလား စဉ်းစားစရာ ရှိသည်။ ထို့ပြင် ရာဇဝတ်ကြမ်းပေါက်မှုကို သွေးထိုးလှုံ့ဆော်ရာ မရောက်သည်မှာ အမှန်ဖြစ်သည်။ သို့သော် ယင်းတို့ကို သူ စဉ်းစားမနေတော့။ ဆင်ဂုပတာအား တရားရုံးတစ်ခုတွင် တရားဥပဒေအတိုင်း စီရင်စေဟု အမိန့် ချမှတ်လိုက်ခြင်းသာ ဖြစ်သည်။

တစ်ဖန် ဘုရင်ခံ၏ အတိုင်ပင်ခံ ဝန်ကြီးနှစ်ယောက် (တစ်ယောက်မှာ မြန်မာအမျိုးသား ဆာဂျေအေမောင်ကြီး)ကလည်း သူ့ကို အကြီးအကဲအား ဝေဖန် ပြစ်တင် ရှုတ်ချသည့် ဟောပြောချက်တို့ကို ဖတ်ရသည့်အခါ ဆော့ဆော့က သဘောထားမျိုး မတင်ပြလိုကြတော့ပေ။ သို့နှင့် ဆင်ဂုပတာမှာ ပြည်နယ်တစ်ခု၏ ထင်ရှားသော ပုဂ္ဂိုလ်တစ်ယောက် (ကာလကတ္တား မြို့တော်ဝန်)ဖြစ်သဖြင့် အိန္ဒိယ အစိုးရအား အကြောင်းကြား အသိပေးလိုက်သည်။ ရုံးထုံးစံအရ အကြောင်းကြားခြင်းမျိုး မဟုတ်သည်မှာ သေချာသည်။

အိန္ဒိယ အစိုးရဘက်ကလည်း မြန်မာအစိုးရ ကိုယ်စား ရုံးတင်၊ တရားစွဲ အပြစ်ပေး စေသည်တို့ ပြုလုပ်ချိန် မရ။ ပြုလုပ်ရန်လည်း ဆန္ဒမရှိ။ တရားစွဲသင့်သည့် အကြောင်းများ ရှိလှသည်ဟု လက်ခံယူဆကာ သူ့ဘက်က ကန့်ကွက်စရာ အကြောင်း မရှိဟု ပြန်ကြားသည်။ တကယ်တော့ အိန္ဒိယအစိုးရ ပြန်ကြားချက်

သည် မြန်မာအစိုးရအဖို့ စိတ်ချလက်ချ အားထားသွားပြီး ဘုရင်မကြီး တရားခွင့်ပြုလိုက်ခြင်းပင် ဖြစ်လေသည်။

ထိုအခါကမူ ယခု ကျွန်တော် ဖော်ပြထားသည့် အကြောင်းပြချက်မျိုး၊ ရှင်းလင်းတင်ပြချက်မျိုးကို သတင်းစာတွင်မူ အပြည့်အစုံ မဖော်ပြခြင်း မပြုခဲ့။ သို့သော်လည်း ဤသို့ပင် ဖြစ်တန်ရာသည် ဟူ၍ အများက လက်ခံ ယူဆခဲ့ကြသည်။

သတင်းစာများတွင် ပါလာသည့် အုတ်အုတ်ကျက်ကျက် သတင်းတို့ကို ကျွန်တော် ဖတ်ရသည်။ ဒေါက်တာ ဥပဒေပြု လွှတ်တော်တွင် အမေးအဖြေ ပြောကြသည်ကိုလည်း ဖတ်ရသည်။

ထိုအခါတွင်မှ ကျွန်တော်အနေအထားမှာ အတော်လေး ခက်ခဲပါလား။ အမှားမခံ၊ အတိမ်းအစောင်း မခံသည့် အနေအထားတွင် ရှိနေပါလား ဆိုသည်ကို ဆင်ခြင်မိသည်။ လွန်ခဲ့သည့်လ အနည်းငယ်ကလည်း အင်္ဂလိပ်ကုန်သည် အသိုင်းအဝိုင်းက ကျွန်တော်ကို စိတ်ကွက်ကြသည်။ သူတို့ အရာထမ်း တစ်ယောက်သည် မြန်မာအမျိုးသားတို့နှင့် ဆက်ဆံရာတွင် လူမဆန်ဟု ကျွန်တော်က ထောက်ပြသည် မဟုတ်လား။ ယခုမူ ကျွန်တော့်ကို အင်္ဂလိပ် ဆန့်ကျင်ရေးသမားဟု စွပ်စွဲလာကြသည်။ အင်္ဂလန်တွင် ဆိုလျှင် တရားသူကြီးက ကျွန်တော့် အယူအဆတို့မှာ ရိုးတာလှသဖြင့် ပြည်သူက ဂရုစိုက် တေးနမည်ပင် မဟုတ်။

တစ်ခန့် ဝေဖန်ရေးတစ်ချက် ရှိနေပြန်သည်။ အရှေ့တိုင်းတွင် စစ်ဆေးရသည့် အမှုတစ်မှု၌ တရားခံသည် ထိုအချိန်က အိန္ဒိယတွင် တည်ရှိနေသည့် အစိုးရတစ်ခုနှင့် အတိုက်အခံ လုပ်နေသည့် နိုင်ငံရေးသမား ဖြစ်ခဲ့လျှင် စစ်ဆေးသူ တရားသူကြီး ဖြစ်သည့် ကျွန်တော်အဖို့ အုပ်ချုပ်သူ လူတန်းစားနှင့် ဆန့်ကျင်သည့် သူ့အယူအဆတို့ဘက်က ရပ်မှ၊ သူ့ဘက်က ကြည့်မှ မှန်ကန်နိုင်မည် မဟုတ်လား။ ဤသည်မှာ ကျွန်တော် ဆင်ခြင်တုံတရားပင် ဖြစ်သည်။

မည်သို့ဖြစ်စေ ပထမအမှုတွန်းကလည်း ရန်ကုန်ရှိ အင်္ဂလိပ်အသိုင်းအဝိုင်းက ကျွန်တော်ကို မကျေနပ်ကြသည်ကို သိထားလေရာ၊ ယခု ဆင်ဂုပတာ စီရင်ချက်ကြောင့် ကျွန်တော့်အပေါ် မကျေနပ်မှုများ ပိုမို များပြားလာမည် ဟု စိတ်ထဲတွင် ဖြစ်ပေါ်လာမိသည်။

ဆင်ဂုပတာ၏ စီရင်ချက်မှာ တရားဥပဒေ အရ မှန်ကန်သည်။ ယင်းကို ပြင်းစရာ မရှိ။ သို့သော် ဥပဒေကို မှန်ကန်အောင် ပြုစုနိုင်သည့်အပြင် တရားသူကြီး၏ သိက္ခာ သမာဓိက ပိုအရေးကြီးသည် မဟုတ်လား။ တရားဥပဒေ စီမံချက်ကို ချက်ချင်းပျက်သွား လုပ်ချင်သူတို့အား အားပေးအားမြှောက် ပြုရာရောက်

သည့် စီရင်ချက်မျိုးကို ချမှတ်ရမည် ဆိုလျှင် တရားဥပဒေ၏သိက္ခာ ကျဆင်းမည်မှာ သေချာသည်။ တရားသူကြီး၏ သမာဓိမှာလည်း ပျက်ပြားမည် အမှန်ဖြစ်သည်။

ကျွန်တော့်စီရင်ချက်နှစ်ခုသည် အင်္ဂလိပ်တရားရုံး၏ သိက္ခာကို တက်စေမည့် စီရင်ချက်များသာ ဖြစ်သည်။ အင်္ဂလန်မြေမှာ စီရင်သည့် ထုံးနည်းအတိုင်း စီရင်ခြင်း ဖြစ်သည်ကို ပြသရာ ရောက်သည်။ ဤသည်မှာ အမှန်ကို ပြသရာ ရောက်သည်။ ဤသည်မှာ အမှန်တရားပင် ဖြစ်သည်။ သို့သော်လည်း ရန်ကုန် အင်္ဂလိပ် အသိုင်းအဝိုင်းကမူ ဤသို့ မြင်နိုင်ကြမည် မထင်။ ကျွန်တော့်အပေါ်ကား သိက္ခာရှိရေးဘက်က ရပ်တည်ကာသာ မြှားသိမ်ရသည်။

အင်္ဂလိပ် တရားဥပဒေ ထုံးနည်းကို တစ်ကမ္ဘာလုံး ကျင့်သုံးကြသည်။ အိန္ဒိယတွင် ဤတရားဥပဒေကို ကျင့်သုံးသောကြောင့် ကျွန်တော်တို့၏ ကိုယ်ကျင့်သိက္ခာသည် မပျက်ပြားခြင်း ဖြစ်သည်ဟု ကျွန်တော် ယူဆသည်။ နိုင်ငံရေးအခြေအနေ တစ်စုံတစ်ခုနှင့် ရောထွေးကာ လုပ်ထုံးလုပ်နည်းတွင် ဝင်ရောက်စွက်ဖက်မည် ဆိုလျှင်မူ အင်္ဂလိပ် တရားဥပဒေ၏ သိက္ခာကို ဖျက်ဆီးရာ ရောက်လိမ့်မည်။

ဤစာကို ရေးနေသည့် ယခုအချိန်တွင် ဤအမှုများသည် အတိတ်တွင် ကျန်ခဲ့ပြီ။ ကျွန်တော်သည် အင်္ဂလန်မြေတွင် အေးချမ်းသာယာစွာ နေထိုင်လျက် ရှိနေသည်။ ဤတွင် အတိတ်ကို ပြန်လည် သတိရသည့်အခါ အင်္ဂလန်မြေက တရားသူကြီး အတော်အတော်များသည်လည်း ထိုအမှုမျိုးတွင် ကျွန်တော့်လိုပင် စစ်ဆေးကာ စီရင်ချက် ချမည် အမှန်ဟု ယူဆကာ နှစ်သိမ့်မှု ရလာပါသည်။ သို့သော်လည်း သူတို့မှာ အလွန်ကံကောင်းသူများ ဖြစ်သည်ဟု ကျွန်တော် ဆိုချင်ပါသည်။ ဆင်ဂုပတား အမှုမျိုး သူတို့ မစစ်ဆေးရသဖြင့် စိတ်အစွဲပါရ သက်သာသည်ဟု ဆိုချင်ပါသည်။

## ၁၀။ ဆင်ဂုပတား၏ နှုတ်ဆက်ပွဲ

ဆင်ဂုပတား ထောင်ကျပြီးနောက် လေးရက်မြောက်နေ့တွင် ရန်ကုန်ထောင်သို့ ကျွန်တော် တရားဝင် ရောက်သွားသည်။ ကျွန်တော့် ရည်ရွယ်ချက်မှာ လစဉ်တာဝန်တစ်ခု အနေဖြင့် ထောင်ကို စစ်ဆေးရန် ဖြစ်သည်။ ဆင်ဂုပတား တစ်ယောက် ဘယ်လိုနေထိုင်သည်ကိုလည်း ကြည့်ချင်သည်။ ရန်ကုန်ထောင်ကြီး၏ ထောင်ပိုင်ဝန်မှာ ခုတိယ ဗိုလ်မှူးကြီး ဗေးဝေါကျူး ဖြစ်သည်။ သူသည် အိန္ဒိယ ဆေးဘက် ပညာရှင်ဝန်ထမ်းတစ်ယောက် ဖြစ်သည်။ ထောင်ကို အုပ်ချုပ်ရာတွင်

စည်းကမ်းစနစ် ရှိသည်။ ကြင်နာမှုလည်း ရှိသဖြင့် ထောင်ကျသူများက သူ့ကို သဘောကျသည်။

ထောင်စစ်ဆေးရသည့်အလုပ်မှာ အလွန်မနှစ်မြို့စရာ အောင့်နှလုံးနာစရာ ကောင်းသည့် အလုပ်ဖြစ်သည်။ တာဝန်ဝတ္တရားကြောင့် ထောင်ပေါင်းများစွာကို စစ်ဆေးခဲ့ရပြီး ထောင်ထဲက အနံ့အသက်ကို ကျွန်တော် မခံနိုင်။ ယင်း အနံ့အသက်တို့သည် နှာခေါင်းထဲက ဝင်လာသလား၊ ဘယ်ကနေ ဝင်လာသည်လဲ မသိသည်က၊ မပြောတတ်။ အနံ့အသက်မှာ ဆိုးရွားသည်။ ထိုနေ့ကမူ စိတ်ထဲမှာ နည်းနည်း သက်သာသည် ထင်မိသည်။ ဆင်ဂုပတား တစ်ယောက် ဘယ်ကို ရောက်နေသလဲ သိချင်စိတ်က နိုးနိုးနေလေရာ ထောင်ကျသူများ၊ အမှုစစ်ဆေးဆဲ တရားခံများ နေထိုင်သည့် ကော်ဆုပ်စရာ အကျဉ်းခန်းများသည် မျက်စိထဲမှ ပျောက်ကွယ်သွားသည်။

ထိုနေ့က ရန်ကုန်ထောင်ကို ကျွန်တော် စစ်ဆေးပုံမှာ ပြီးလွယ်နိုင်သည်ဟု ထင်မိသည်။ ဥပဒေရေးရာတိုက်သားတို့ ထားရာ အဆောင်တွင် ဆင်ဂုပတား ရှိနေဖြင့် ထိုနေရာသို့ မြန်မြန်ရောက်ချင်စော ကြီးနေသည်။ ထိုအဆောင်သည် နှစ်ထပ်အုတ်တိုက် အဆောင်ဖြစ်သည်။ ကျွန်တော်ကို အပေါ်ထပ်သို့ ခေါ်သွားပြီး။ အပေါ်ထပ် စင်္ကြံမှ ကြည့်လိုက်လျှင် အောက်ထပ် တစ်ဖက်တစ်ချက်တွင် တိုင်များ ကာဆီးထားသည့် အကျဉ်းခန်းကို တွေ့ရသည်။ ဥပဒေရေးတိုက်သားရှိ နှင့် ဥပဒေ-အာရှကပြား ထောင်ကျသူများ ရှိနေကြသည်။ အလုပ်ကြမ်းနှင့် တင်ငါးကမ်းရသူများ ဖြစ်လေရာ အလုပ်ကိုယ်စီ လုပ်ကိုင်နေကြသည်။ ကျွန်တော် ရောက်သွားသည့်အခါမှ သူတို့သည် အုန်းဆံကြိုးများ ကျစ်နေကြသည်။ အောက်ထပ်တွင် အခန်းဆီး ကာထားသည့် အခန်းတစ်ခုရှေ့၌ ကျွန်တော် ရပ်မိသည်။ ယင်းမှာ ဆင်ဂုပတား၏ အကျဉ်းခန်းပင် ဖြစ်သည်။

'မစ္စတာဆင်ဂုပတား ခင်ဗျား၊ တရားသူကြီးမင်းက ခင်ဗျားနဲ့ တွေ့ချင်တယ်၊ စကားပြောချင်ပါတယ်'

ထောင်မှူးကြီးက ပြောသည်။ သူသည် မဟာမေဒင် ဘာသာဝင် ဖြစ်ပြီး အသက် ကြီးလှပြီ။ ဆင်ဂုပတားကို ရိုသေ လေးစားစွာပင် ပြောဆိုဆက်ဆံသည်။

အခန်းဆီးနောက်မှ မစ္စတာဆင်ဂုပတား ထွက်လာသည်။ သူ့လက်ထဲတွင် ဂယ်ဒီ၏ အက်ဆေးစာအုပ်ကို ကိုင်ထားသည်။ စင်္ကြံတွင် ထိုင်ကာ စကားပြောကြသည်။ ထောင်မှူးကြီးက စာပွဲတင် ပန်ကာတစ်ခု စီစဉ်ပေးသဖြင့် သက်သောင့်သက်သာ ရှိလာသည်။

'နေရာတိုင်းရှာတာ အဆင်ပြေမယ် ထင်ပါရဲ့၊ အစားအသောက်ရော ဘယ်လို လဲ၊ သင့်ရဲ့လား'

ကျွန်တော်ကပင် စကား စ ရသည်။

'ဆောင်မှူးကြီးက ဂရုစိုက်ပါတယ်'

ဆင်ဂုပတားက ဆိုသည်။

ထိုစကား ကြားရလျှင် ဆောင်မှူးကြီးလည်း လေသံပေါ့ပေါ့ဖြင့် 'ကျွန်တော်တို့လည်း တတ်နိုင်သမျှ အဆင်ပြေအောင် ပေးထားပါတယ် ခင်ဗျာ' ဟု တောင်းပန်စကား ဆိုသည်။

သူ၏ "ခင်ဗျာ" မှာ ကျွန်တော့်ကို ရည်ရွယ် ပြောဆိုနေသလား၊ ဆင်ဂုပတားကို ရည်ရွယ်သလား မသိနိုင်ပေ။

'ဘယ်လိုလဲ၊ ဒီထောင်ကို ခင်ဗျား ဘယ်လို သဘောရသလဲ'

ဆင်ဂုပတားကို မေးကြည့်သည်။ ခဏမျှ ငြိမ်နေသည်။ ပြီးမှ -

'ကျွန်တော်အဖို့တော့ တစ်ပတ်လောက် အနားရတဲ့ သဘောပါပဲ၊ ဒါပေမဲ့ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင် အခန်းက လူရဲ့ အခြေအနေကတော့ ဆိုးလှတယ်'

ဆင်ဂုပတား ညွှန်းဆိုသည့် အခန်းတွင် ပေါလတ် ဆိုသူ ဘိုကပြား လူငယ်တစ်ယောက် ရှိနေသည်။ စီးကရက်ငါးလောင်း နီးသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ကိုးလကို ကျွန်တော်ပင် စီရင်လိုက်သည်ကို မှတ်မိနေသည်။ အုန်းဆံကြိုး ကျစ်ရသဖြင့် သူ့လက်များတွင် သွေးသံရဲရဲ ဖြစ်နေသည်။ ပေါလတ်သည် စားပွဲနှင့်၊ ကုလားထိုင်နှင့် နေ့အလုပ်ကိုသာ ကျွမ်းကျင်သူ ဖြစ်လေသည်။

ထောင်မှူးကြီးနှင့် ပြောဆို နေစပ်ရသည်။ ထိုအခါ သူက 'မစ္စတာ ဆင်ဂုပတား ကျေနပ်မယ် ... ဟုတ်လား။ ဒီလိုပါ ခင်ဗျာ၊ တရားသူကြီးမင်း ဖြစ်စေချင်တဲ့ အတိုင်း ကျွန်တော် ဆောင်ရွက်ပေးပါမယ်၊ သူ့ကို ခပ်ပေါ့ပေါ့ အလုပ်ဘက်မှာ ခိုင်းပါမယ်' ဟု ပျာပျာသလဲ ပြန်ပြောသည်။

ကျွန်တော်တို့ စကားဝိုင်းမှာ ခဏမျှ ငြိမ်သက်သွားသည်။ ထို့နောက် ကြောင်တောက်တောက် ဖြစ်နေသည်ကို သတိထားမိကာ ဆင်ဂုပတားကပင် စတင် စကားဆိုသည်။

'လာမယ့် တနင်္ဂနွေ ညနေမှာ ကျွန်တော် လွတ်မယ် လို့ သိရတယ်။ ဒီလို ဆိုရင် အင်္ဂါနေ့ သင်္ဘောနဲ့ မနက်စောစော ရန်ကုန်က ထွက်နိုင်မယ်၊ ဒီတော့ တရားသူကြီးမင်းကို ကျွန်တော် နှုတ်ဆက်စကား ပြောချင်ပါသေးတယ်၊ တနင်္ဂနွေနေ့ ညဦးပိုင်းမှာ တရားသူကြီးမင်း အိမ်ကို ကျွန်တော် လာချင်ပါတယ်'

'အို ဟုတ်လား၊ လာခဲ့လေ၊ လာလို့ ရပါတယ်'

'ည ကိုးနာရီလောက်ပေါ့၊ တရားသူကြီးမင်းကို ကျွေးနေတော့ ...'

ဆင်ဂုပတားက သည်မှာပဲ စကားကို ရပ်ထားလိုက်သည်။

သည်မျှပဲ တော်လောက်ပြီ။ ဆက်ပြီး ထောင်ကို စစ်ဆေးစရာ ရှိသေးသည်။ ထို့ကြောင့် ထောင်မှူးကြီးကို မျက်စိပိပြကာ ထွက်လာခဲ့သည်။

တနင်္ဂနွေနေ့ ညနေတွင်မူ အစိုးရအမိန့်ဖြင့် ဆင်ဂုပတားကို ထောင်မှ တင်ပေးလိုက်သည်။ ထောင်ဘဏ်မှာ ဆယ်ရက်ဖြစ်သော်သည်၊ ရှစ်ရက်သာ ရသည်။ ထောင်က လွှတ်လျှင် သူ့မိတ်ဆွေ ရှေ့နေကြီး မစ္စတာဆင်း၏ အိမ်သို့ တိုင်တည်းနိုရန် လိုက်သွားသည်ဟု သိရသည်။ မစ္စတာဆင်းမှာ ဟိုက်ကုတ် ရှေ့ကြီး မစ္စတာ ဂျက်စတစ်ဆင်း၏ ညီဖြစ်သည်။

တနင်္လာနေ့ ညနေတွင်မူ ဆင်ဂုပတားသည် ဖိုက်စကွဲယား ပန်းခြံ ရှိတစ်ခု သောသည်။ ယခင်က ပြောပြသည့် အကြောင်းတို့ကိုပင် ထပ်မံ ကပြောခြင်း ဖြစ်သည်။ သည်အခါတွင်မူ စကားအသုံးအနှုန်းကို သတိကြီးစွာ သကာ ဆင်ခြင်ပြောဆိုသည်။ သို့ဖြစ်ရာ သူ့တရားမှာ ကြွကြွရွရွ မဖြစ်လှာ။ တချင်း ပြောရင်းပင် သူ့အမှုအကြောင်း ရောက်သွားသည်။ ထိုအခါ တစ်နေရာ ၌ ကျွန်တော်ကို ဆောင်းပါးရိုပ်ဖြည် ထိုးနှက် သွားသေးသည်။ ကျွန်တော်ကို ရားသူကြီးသည် ကွန်ဂရက်လှုပ်ရှားမှုအဖို့ ကြီးစွာ အနှောင့်အယှက် အဟန့် တား ဖြစ်သည်။ ကျွန်တော်ကို လူသည် အန္တရာယ်ကြီးသည်ဟု သူက ဆိုသည်။

ထိုညနေမှာပင် ညစာစားပြီးချိန်တွင် ကျွန်တော့်အိမ်ရှေ့၌ ကားတစ်စီး ရပ်သည်။ ဆင်ဂုပတား ရောက်လာခြင်းပင် ဖြစ်သည်။ သူ့တဘက်ကြီးကို မ်ရှေ့တွင် ထားနှကာ ပြုံးပြုံးရွှင်ရွှင်ပင် စည့်ခန်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် လာသည်။

'ခင်ဗျား ဘာသောက်မလဲ'ဟု ကျွန်တော်က စတင် စကားဆိုသည်။ ညမှာ လေပိတ်သဖြင့် မွန်းကျပ်နေသည်။

'ပထမဆုံး တွေ့တုန်းက လက်ဖက်ရည်သောက်မလား ခင်ဗျား မေးတယ်။ ဗျား လက်ဖက်ရည်ကို ကျွန်တော် ငြင်းခဲ့တာ မှတ်မိသေးတယ်၊ မုတော့ ဘလီရည် တစ်ခွက်လောက် ရနိုင်မလား လို့'

သူ့အတွက် ဘာလီရည် ပေးသည်။ တစ်ကျိုက် သောက်ပြီးလျှင် င်ဂုပတားက ဤသို့ ဆိုသည်။ 'ဒီညနေမှာပဲ ဖိုက်စကွဲယားမှာ ခင်ဗျားကို ယ်ခဲ့သေးတယ်။ ခင်ဗျားကို အပြစ်တင်စကား ပြောခဲ့သေးတယ်'

'ဘယ်လို ပြောခဲ့သလဲ'

'ခင်ဗျား စီရင်ချက်ဟာ ကျွန်တော်တို့အတွက် ကောင်းကျိုးမပေးဘူး၊ အပန်းသာတာ၊ ဖြစ်စေခဲ့တယ် လို့ ပြောခဲ့တယ်လေ'

ကျွန်တော့်စိတ်ထဲမှာ ရုတ်တရက် ဖြစ်သွားသည်။ သူ့ကို လူသိရှင်ကြား မှုမှုတတ မှန်မှန်ကန်ကန် စစ်ဆေးသည်ကို သူ ဝန်မခံ။ ဖုံးကွယ်ထားခဲ့သည်။ တကယ်တော့ သူ ခုကွဲရောက်မည့် အခြေအနေမျိုး ဖြစ်သည်။ သို့သော် ခုကွဲ ရောက်ခြင်းကို ကြွက်ရယ်ပြုံ့ လိုသည်ဟု သူ အထင် ရောက်ခဲ့သည်။ ထို့ကြောင့် ဤစကားကို ဆိုခြင်း ဖြစ်သည်။

ကျွန်တော့်စိတ်ထဲ ထင်မနေ ဖြစ်များသည်ကို သူ ရိပ်မိကာ အပြောင်းအပြက် စကားတို့ကို ရပ်လိုက်သည်။

'ပရိသတ်ကိုတော့ အဲဒီလိုပဲ ပြောရမှာပဲ၊ နောက် ခြောက်လကျော် ရှိရင် ကျွန်တော်တို့ ခေါင်းဆောင်ကြီး ဂန္ဓီဟာ အကြမ်းမဖက်ရေးကို စ တော့မယ်၊ အစိုးရက ပြဋ္ဌာန်းထားတဲ့ ဥပဒေကို ကျွန်တော်တို့အားလုံး ချိုးဖောက်ကြမယ်၊ ဆားမချက်ရ ဆိုတဲ့ ဥပဒေကို ချိုးဖောက်မယ်၊ ထောင်ထဲ ရောက်မယ့်လူ နည်းမှာ မဟုတ်ဘူး၊ ဒီလို အချိန်မျိုးမှာ ကျွန်တော့်အနေနဲ့ ဗြိတိသျှတွေရဲ့ တရားမျှတမှုကို ချီးကျူးမနေနိုင်ဘူး။ ဗြိတိသျှ အုပ်ချုပ်ရေးဟာ မတရား အုပ်ချုပ်ရေးလို့ပဲ ပြောရမှာပဲ'

'ဒါဖြင့် ခင်ဗျားလည်း ထောင်ထဲ ပြန်ရောက်ဦးမှာပေါ့၊ ဟုတ်လား'

ဆင်ဂုပတားသည် သက်ပြင်းချသည်။

'အိမ်ပြန်ရောက်ပြီး မကြာခင်မှာပဲ အဖမ်းခံရဖို့ သေချာတယ်'

ထိုအခါ ကျွန်တော့်စိတ်ထဲမှာ ပြုံးခဲ့သည့် သူ့ အမှုကိုစွဲသည့် ဘာကျ အရာ မထင်ပါလားဟု ထင်မြင်မိသည်။ ထို့ကြောင့် 'ဒီလို ဆိုတော့ ခင်ဗျား အမှုကို ဒီမှာ စစ်ဆေးရတာ ဘာများ အရာထင်လို့လဲ၊ ခင်ဗျား အတွက်လည်း ဘာမှ အကျိုးမထူးလှပါဘူး' ဟု ပြောမိသည်။

'ဘာလို့ အရာ မထင်ရမှာလဲ၊ ကျွန်တော့်ဘက်ကတော့ အကျိုးထူးတယ် ထင်တယ်' ဆင်ဂုပတားက အတည်စကား ဆိုသည်။

'အခုပဲ ခင်ဗျားပြောတယ်၊ ဒီကပြန်ရင် ဘင်္ဂလားမှာ ထောင်ထဲ တစ်ခါ ပြန်ဝင်ရဦးမယ်ဆို။ ဒီလိုဆိုတော့ ခင်ဗျား ဒီမှာ ပြောရ ဆောင်ရတာ ဘာထူးသလဲ'

'အင်းလေ ... ဒါကတော့ ကျွန်တော့်အနေနဲ့ ဘယ်လိုမှ မတတ်နိုင်တဲ့ ကိစ္စတစ်ခုပဲ၊ ကိုယ့်ဘက်က ပိုင်ပိုင်နိုင်နိုင် ဘာမှ မလုပ်နိုင်ဘူး၊ ဒီစကားကို ဒီ အခန်းထဲမှာပဲ ကျွန်တော် ပြောခဲ့တယ်၊ အပြင်မှာ ဒီလို ပွင့်ပွင့်လင်းလင်း မပြောခဲ့ဘူး၊ ကျွန်တော်တို့ အလုပ်က စကားစစ်ထိုးပွဲနဲ့ တူတယ်၊ ဉာဏ်ချင်း ပြိုင်ကြတဲ့

သဘောပဲ၊ ဟောသတဲ့ ပြောတဲ့အခါ ရှန်သူ အားပေး စကားမျိုး မပြောနိုင်ဘူး။ ဘစ်ခက်က မှန်တယ်လို့လည်း မပြောနိုင်ဘူး၊ တစ်ခက်လူကို ညှာလို့ မဖြစ်ဘူး။ အားပေးတစ်မှုန်း ရှုံးရင် တစ်ဘယ်လုံး ရှုံးတာနဲ့ အတူတူပဲ။

'ဒီနေ့ ဖိုက်စကွဲယားမှာ ပြောတဲ့အခါ ကျွန်တော့် အမှုကို မှုမှုတတ နိုက်နဲ့မှာ စစ်ဆေးပါတယ်လို့ ပြောရင် ကျွန်တော်ဟာ ခေါင်းထိုင် နိုင်ငံရေးသမား တစ်ယောက် ဖြစ်သွားမယ်'

ကျွန်တော်မှာ အတော်လေး စိတ်မသက်မသာ ဖြစ်မိသည်။ 'ခင်ဗျားတို့ မှုခင်းကြီးက မလွယ်ပါလား'

'ကျွန်တော်တစ်ယောက်အဖို့တော့ မလွယ်ဘူးလို့ မဆိုနိုင်ဘူး၊ ကျွန်တော် မှုခင်းနေတာဟာ ကိုယ်ကျိုးအတွက် ဘာမှ မပါဘူး၊ လွတ်လပ်ရေးကို မြတ်နိုးတယ်၊ အရေးမှုတာမှုကို ကျွန်တော် လိုချင်တယ်၊ ခင်ဗျား စစ်ဆေးသွားတော့ တကယ်တော့ နိုးမှန်စရာ ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်အဖို့ ရှုကြည့်စရာ အတွေ့အကြုံတွေ၊ ပေါ်သီးစရာ အတွေ့အကြုံတွေ အများကြီး ရှိတယ်။ မှန်တာတွေချည်း ပြောလို့ မဖြစ်ဘူး၊ လွတ်လပ်ရေးကြိုးပမ်းမှု ဆိုတာ တိုက်ပွဲဝင်ရမယ်၊ အနစ်နာခံရမယ်၊ အခု ကျွန်တော်တို့ ကျင့်သုံးနေတဲ့ နည်းဗျူဟာက လက်နက်မဲ့ လူထု မတွက် နည်းဗျူဟာတစ်မျိုးပဲ'

'အခုပဲ ခင်ဗျား ပြောတယ်လေ၊ ပြီးခဲ့တဲ့ အမှုမှာ ခင်ဗျားအောက်က ဘာမှ မလုပ်နိုင်တဲ့ ကိစ္စတစ်ခုဆို၊ အဲဒီစကားက ဘာသဘောလဲ'

'ကျွန်ရောက်က ပြောတာ၊ လုပ်တာ မှန်သမျှကို ကျွန်တော်တို့ အစွာခံရတယ်။ ဘယ်လိုမှ ပြင်နိုင်တာ မဟုတ်ဘူး' ဆင်ဂူပတားက ပြုံးလိုက်သည်။ အမှုတ်စ္စ ဥက္ကဋ္ဌ၊ ပြိုင်ကြတဲ့ ပွဲမှာ ခင်ဗျား အနိုင်ရပါတယ်'

ဤသို့ ပြောကာ ဆင်ဂူပတားသည် ထိုင်ရာမှ ထ ပြီး အခန်းထဲတွင် ခေါ်ပွာယ်မနို ဟိုဟိုသည်သည် လျှောက်ကြည့်နေသည်။ 'နက်ဖြန် ဆိုရင် ရှေ့တော်တက်မှာ အဲဒီဟာကို ပြန်မယ်၊ နောက်ရင် တိုက်ပွဲမှာ တစ်ခါ ဝင်နွှဲဦးမယ်၊ နောင်အခါ ခင်ဗျားနဲ့ ပြန်တွေ့ဖို့ မလွယ်လှဘူး'

'ခင်ဗျားဟာ အတော် သဘောထား ကြီးတဲ့လူ၊ မြင့်မြတ်တဲ့လူ ပါပဲ၊ ဒီနေ့ ဒီအချိန်ဟာ ထူးခြားတဲ့အချိန် ဖြစ်ပါတယ်၊ ဒီတော့ အမှတ်တရ အနေနဲ့ ကျွန်တော့်ဆီက လက်ဆောင်လေး တစ်ခုကို ခင်ဗျား လက်ခံပါ' ကျွန်တော်က ဆိုသည်။

'အမှတ်တရ ဖြစ်ဖို့ လက်ဆောင်ပစ္စည်း မလိုပါဘူး' ဆင်ဂူပတားက ငြင်းဆန်နေသည်။

'ဒါပေမဲ့ ကျွန်တော်ကတော့ မှတ်အထင်း ပေးရမှာပဲ၊ လက်ခံရမယ်ဗျား။ မင်းဗျား ပြောသလို ကျွန်တော် နိုင်တယ်ဆိုရင် အသိအမှတ်ပြုတဲ့ အနေနဲ့ ကျွန်တော့်ဆီက တစ်ခုတစ်ဖု လက်ခံရမှာပဲ'

ထိုစကား ကြားလျှင် ဆင်ဂုပတာသည် မှားမှာ နစ်မြှုပ်တာ အားရပါးရ ရယ်သည်။ သူ့ရယ်သံကြောင့် အပေါ်ထပ်မှာ ရှိနေသည့် ကျွန်တော့်စနီးမှာ အိပ်နေသည့် သူ့ကလေး နိုးသွားမည်ကိုပင် စိုးရိမ်မိလေမည်လား မသိ။

'ကဲ ဘာအစွမ်းပေးချင်လို့လဲ'

ကျွန်တော် ရှဆောင်းထားသည့် ပစ္စည်းထဲက ကျောက်စိမ်း အစြံဖြင့် ထုလုပ်ထားသည့် ခြင်္သေ့ရုပ်ငယ်လေးကို ဆွဲယူခဲ့သည်။ ခြင်္သေ့၏ အမြီးတွင် ကြာပန်းတစ်ပွင့် မှုပွင့်နေသည်မှာ သဘာဝကျလှသည်။ ဤပန်းပုလက်ရာမှာ အလွန်လှပ လက်ရာမြောက်သည်။ ကျွန်တော့် လက်ဆောင်ကို လက်ခံကာ နှလုံးသားနှင့် ကပ်လျက် ရှိသည့် အင်္ကျီအိတ်တွင် ထည့်ထားလိုက်သည်။ ထို့နောက် စာစကား၊ ကဗျာလင်္ကာ စကားတွေကို ကိုးကားကာ ဤသို့ နှုတ်ဆက် စကား ဆိုသည်။

'ညီကြီးချိန်တန်ပြီ၊ ညည်းသွားရုံပဲ ကျွန်တော့်ကိုယ်ပေါ်မှာ ပေါ်ခြင်းမြင် လွှမ်းခြုံလိုက်ပြီလေ၊ ဒီတော့ ညည်းမြွေရဲ့ ပြောင်လျှောင်တုပတဲ့ နှုတ်ဆက်ကြတာပေါ့။'

'ကဲ ကျွန်တော် သွားမယ်၊ နှုတ်ဆက်တာပဲ၊ သည့်ထက် ပျော်စရာကောင်းတဲ့ အနေအထားမျိုး တစ်ချိန်ချိန်မှာ ပြန်လည် ဆုံတွေ့ကြဖို့ ...'

သူ့တာဘက်ရှည်ကြီးကို ကိုယ်တွင် ရစ်ပတ်လိုက်သည်။ ဆင်ဝင်အောက်ရှိ ကားပေါ်သို့ တက်သည်။ 'သွားပြီ မင်းဗျာ' နောက်ခန်းတွင် ထိုင်မိသည်နှင့် ဒရိုင်ဘာကို မောင်းရန် အချက်ပေးလိုက်သည်။

သူပြောသွားသည့် အတိုင်းပင် ကာလကတ္တားသို့ ရောက်ပြီး နှစ်ပတ်ခန့် ရှိလျှင် အဖမ်းခံရသည်။ ဂန္ဓီနှင့်အတူ ထောင်ထဲ ရောက်သွားသည်။ အခြား ကွန်ဂရက် ခေါင်းဆောင်များလည်း အဖမ်းခံကြရသည်။ နောက်လိုက်ငယ်သား အပါအဝင် ကွန်ဂရက်အဖွဲ့ဝင် ရာနှင့်ချီ ငါးသောင်းကျော် ထောင်ကျသည်။

သည့်နောက် ဆယ်နှစ်ကျော်လာသောအခါတွင် ကျွန်တော်သည် မွှင့်ယူကာ အင်္ဂလန်မြေသို့ ပြန်ရောက်သွားသည်။ ထိုအချိန်ကို ကောင်းကောင်း မှတ်မိနေသည်။ ၁၉၃၁ ခုနှစ်ဝင်ဘာ ၁၀ ဖြစ်သည်။ ထိုနေ့က မိတ်ဆွေအချို့ကို ကြိုရန် ဗိတိုရိယ ဘူတာကြီးသို့ ရောက်သွားသည်။ ငါးနာရီတွင် ရေလက်ကြားကူးတို့မှ ခရီးသည်များ ပါလာသည်။ ရထားသည် ဘူတာထဲသို့ ဝင်လာသည်။ အကောက်ခွန်ဌာန

မှောင်နိုက်တွင် ရှင်းနီး မှုန်ဝါးသည့် တစ်နေ့တစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။

'ဆင်ဂုပတား' ကျွန်တော်က လှမ်းခေါ်သည်။ ကျွန်တော့်ဘက် လှည့်ကြည့်ပြီး မြေပေါ်ဘက် လက်ချ၍ နှုတ်ဆက်သည်။ သူသည် အိန္ဒိယ ကိုယ်ပိုင်အုပ်ချုပ်ရေး အတွက် မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရန် ကွန်ဂရက် ကိုယ်စားလှယ် တစ်ယောက်အဖြစ် ရောက်လာခြင်း ဖြစ်သည်။ စကားအနည်းငယ် ပြောပြီးနောက် သူသည် တက္ကစီဖြင့် ထွက်သွားသည်။

ထို့နောက် သူနှင့် မတွေ့ရတော့။ ဗိလပ် မျက်နှာစုံညီ အစည်းအဝေးအပြီး အန်းမှာ ကွန်ဂရက်ပါတီကို နှိပ်ကွပ်သည်။ ဆင်ဂုပတားမှာ ဗိလပ်မှ အပြန် ဘုံဘေတွင် သင်္ဘောပေါ်မှ အဆင်း၌ အဖမ်းခံရသည်။ သူ့ကျန်းမာရေးမှာ မကောင်းလှ။ ကိုယ်စိတ်ပင်ပန်းသည့် ဒဏ်ကြောင့် ကျန်းမာရေး ယှက်ပြားလာသည်။ ထို့နောက် များမကြာမီမှာပင် ကွယ်လွန်သွားလေသည်။ ●

# ၅

## ၁၈ ပဲခူးဝေလျှင်

ဂန္ဒီသည် ဆားဥပဒေ ချိုးဖောက်ရန် ပင်လယ်ကမ်းခြေသို့ ဆန္ဒပြ ချီတက်သည်။ ယင်းမှာ ဧပြီ ၆ တွင် ဖြစ်သည်။ သူ၏ အကြမ်းမဖက်ရေးကို အိန္ဒိယတစ်ပြည်လုံးက ထောက်ခံကြသည်။ မြန်မာပြည်ကမူ မည်သို့မျှ မတုံ့ပြန်။ လှုပ်လှုပ်ရှားရှား လည်း မဖြစ်လိုက်။ ဂန္ဒီ၏ တိုက်ပွဲ အောင်မြင်ခဲ့လျှင် နောင်တွင် လန်ဒန်မြို့၌ အရေးဆိုကြသည့်အခါ အတိုက်အလျော့ ပပျောက်အကျိုးပြုမည်ကို နိုင်ငံရေး သမားတို့က သဘောပေါက် နားလည်ကြသည်။ အိန္ဒိယ တိုင်းရင်းသားတို့သည် လျှပ်တစ်ပြက် စစ်ဆင်ရေး ဆင်နွှဲလိုက်ခြင်းပင် ဖြစ်သည်။ အဓိပ္ပါယ်မှာ အခြား ကိုလိုနီ နိုင်ငံများအား သူ့လမ်းအတိုင်း လိုက်လျှောက်ကာ လွတ်လပ်ရေးတိုက်ပွဲ ဝင်ရန် လမ်းခင်းပေးခြင်းပင် ဖြစ်လေသည်။

အမြော်အမြင် ကြီးသည့် မြန်မာတို့ကမူ ဤလမ်းစဉ်ကို ကောင်းစွာ နားလည် သဘောပေါက်ကြသည်။ ဂန္ဒီကို များစွာ ကျေးဇူးတင်ကြသည်။ သို့သော် လည်း အိန္ဒိယကွန်ဂရက်၏ အနစ်နာခံ ကိုယ်ကျိုးစွန့် ထောင်ကျခံသည့် လမ်းစဉ် ကို မြန်မာ အများစုက သဘောမတူကြ။ အိန္ဒိယ (ကုလား)ဆိုသည်မှာ အင်္ဂလိပ်နှင့် တရုတ်ကို နည်းတူ လူမျိုးခြားသာ ဖြစ်သည်။ သို့ဖြစ်ရာ မျိုးချစ်စိတ် ပြင်းထန်သည့် သူတို့ကမူ သူတို့နောက်လိုက် မလုပ်နိုင်ဟု သဘောထားကြသည်။ မြန်မာပြည် တွင် အိန္ဒိယ တိုင်းရင်းသား များစွာတို့မှာ အခွင့်ထူးခံများ ဖြစ်ကြသည်။ မြန်မာ ဆင်းရဲသားတို့ အလယ်တွင် ငွေရှင်ပေါက်စ နေရာကို ယူကာ အသက်မွေး ရနေသူများလည်း ဖြစ်ကြသည်။ သို့ဖြစ်ရာ အိန္ဒိယ(ကုလား)ငွေရှင်ပေါက်စတို့ကို ကြည့်ပြီး အိန္ဒိယပြည်က သူတို့ခေါင်းဆောင်များအပေါ် မြန်မာတို့ စိတ်ပျက် နေကြသည်။ အိန္ဒိယပြည်ရှိ တိုင်းရင်းသားတို့၏ အဓိနိဗ်ဓာတ်ကို မြန်မာတို့ ကိုယ်ချင်းမစာနိုင် ဖြစ်နေကြသည်။ သူတို့၏ လွတ်မြောက်ရေး တိုက်ပွဲကို

မမောက်နိုင် ဖြစ်နေကြသည်။ ကုလားဆိုသည့် စကားသည်ပင် မြန်မာတို့အဖို့ နာမည်ရှိသည့် စကား မဟုတ်တော့ပြီ။

မြန်မာတွေ နိုးကြားလာပြီ၊ အမျိုးသားရေး စိတ်ဓာတ် တက်ကြွလာပြီ၊ ဇာတိမာန် ထက်သန်လာကြပြီ ဆိုသည်ကို မြန်မာအများစုက သိထားသည်။ အခါအခွင့် မသင့်သေးသဖြင့်သာ မပေါက်ကွဲခြင်းဖြစ်သည်ဟုလည်း အများက နားလည်ထားသည်။ အပေါ်ယံ အမြင်တွင်မူ မြန်မာတို့ကို စိတ်ချနိုင်သည်။ မြန်မာပြည်တွင် ဘာမျှ မဖြစ်သလို အေးချမ်းနေသည်။ မြန်မာတို့သည် ပျော်ပျော်နေတတ်သူများ ဖြစ်သည်ဟု ဆိုယူထားသည်။

နွေသည် ပူလောင်သည်။ ပူလောင်သည့် နေ့တွင် အေးမြသည့် ရိုးရာပွဲလမ်းတို့ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ပျော်ပျော်နေ သေမဲ့ ဆိုသည့်ထုံး နှလုံးမှုသူများပီပီ ရယ်လိုက် မောလိုက်၊ ပျော်လိုက် ရွှင်လိုက်နှင့် သည်တစ်နေ့ကို ပေါ်တိုင်းလိုပင် ကြိုဆိုကြသည်။

အင်္ဂလိပ် အရာရှိတို့မှာ အလုပ်များသွားမှုနှင့် ကုလားဆိုင် ရှည်နှောင်ထားသည့် အလား အလုပ်ချိန်တွင် တကုပ်ကုပ် လုပ်ရင်း ဘင်္ဂလားပင်လယ်အော်၏ ဟိုတစ်ဖက်တွင် သူတို့နှင့် ဘဝတူ အရာရှိတို့ အလုပ်ရှုပ်နေသည်ကို ကိုယ်ချင်းစာကာ ကရုဏာ သက်မိကြသည်။ မြန်မာလူမျိုး၏ စရိုက်မှာ ပျော်ပျော်နေ သေမဲ့ စရိုက် ဖြစ်သည်။ စားလား ဝါးလား နေရလျှင် ကျေနပ်သည်။ စားလိုက် သောက်လိုက်၊ သွားလိုက် လာလိုက်နှင့် ဘဝကို နာကြည်းရမှန်း မသိဘဲ ရောင့်ရဲတင်းတိမ်နိုင်ကြသူများ ဖြစ်သည်။ သို့ဖြစ်လျှင် သည်စရိုက်အတိုင်း ဆက်လက်နေထိုင် မသွားနိုင်ကြဘူးလား၊ ဆူဆူပူပူတွေ လုပ်နေစရာ လိုသေးသလား။

မေ ၅ တွင် ဂန္ဒီ အဖမ်းခံရသည်။ ရန်ကုန်သို့ ထိုသတင်း ရောက်သည့် အချိန်မှာ ညနေပိုင်းတွင် ဖြစ်သည်။ အိန္ဒိယ တိုင်းရင်းသားများက ဈေးဆိုင်များ ပိတ်ကာ ဆန္ဒပြကြသည်။ မြန်မာတို့ကား မတုန် မလှုပ်။ ဆန္ဒလည်း မပြကြ။ သူတို့မျက်နှာတွေပေါ်တွင် ဘာအဓိပ္ပာယ်မျှ မတွေ့ရ။

ထိုနေ့ည ရှစ်နာရီ ဆယ့်ငါးမိနစ်တွင် ကျွန်တော်သည် အိမ်ရှေ့ ပန်းခြံထဲတွင် တစ်ယောက်တည်း လမ်းလျှောက်နေသည်။ လမင်းကလည်း ကြည်လင်ထွန်းလင်းနေသည်။ ထိုစဉ် ကျွန်တော့်မှာ မတည်မငြိမ် တွေဝေမိမ်းယိုင် ဖြစ်လာသည်။ ရပ်တည်ရာ မရ ဖြစ်လာသည်။ ဒူးတွေ တဆတ်ဆတ် တုန်လာသည်။ ဒူးတွေ ညွတ်ကျသည်အခါ ညွတ်ကျသည်။ ဒူးတွေ ချောင်လာသည်။ ရင်ထဲပမ်းကလည်း မအီမလည် ဖြစ်လာသည်။ ယိမ်းယိုင်ရင်းကပင် ကြုံတွေ့ရသည့် အဖြစ်ကို နားလည်မိသည်။ ကျွန်တော့် ခြေထောက်အောက်က မကာသာ သိရပြီ

သည် အိမ်အိမ် တုန်လာသည်။ မြေလှိုင်းတွေ အလိပ်လိုက်၊ အလိပ်လိုက် ထ လာသည်။ မြေငလျင် လှုပ်ခြင်းပင် ဖြစ်သည်။

ငလျင်သည် ရုတ်တရက် ပေါက်လာပြီး ရုတ်တရက် ပျောက်သွားသည်။ အိမ်နီးချင်းတို့၏ အော်သံများကို ကြားရသည်။ ထိုအချိန်က၌ ထိခိုက်ပျက်စီးမှုများ ရှိသည်။ အသေအပျောက်လည်း ရှိမည်။ ရွှေတိဂုံစေတီတော်ကြီး၏ ထီးသည် တစ်ဘက်သို့ စောင်းသွားသည်။ လူအများမှာ ထောက်တည်ရာ မရ ဖြစ်ကြရသည်။ အိန္ဒိယ တိုင်းရင်းသားတို့သည် လမ်းတွင် ပြေးလွှားရင်း တွေ့ရာလူကို ခါးများဖြင့် ပစ်ပေါက်ကြသည်။ 'မဟာဗုဒ္ဓမဟာကြီး ကိုယ်တို့စောင့်ပါစေ' ဟူ၍လည်း ကြွေးကြော်ကြသည်။

နောက်တစ်နေ့ မနက်တွင် ငလျင်ကြောင့် ပျက်စီးသည့် သတင်းများကို သိရသည်။ ရန်ကုန်တွင်မူ အပျက်အစီး နည်းသည်။ သို့သော်လည်း (ဟံသာဝတီ) မြို့တော်ဟောင်းတစ်ခု ဖြစ်သည့် ပဲခူးမြို့၌မူ တစ်မြို့လုံး ပျက်စီးသည်။ အသေအပျောက်လည်း များသည်။ အင်္ဂလိပ် အမှုထမ်းတို့မှာ ကံကောင်းသည်။ ထိုညက ရုံးမှာရှိ ဆယ့်ပင်ဒါ မိန့်စ်တွင် သူတို့သည် ကလပ်တွင် တနေ့တာလေးတည်း နောက် နေကြသည်။ အမျိုးသမီးကာ ဆောက်ရင်း မြန်မာမှုနှင့် အမှုကို ပိုမယ်တို့ကာ ပြောဆိုနေကြသည်။ ပြီးသကာလ်မှာ ထူးဆန်းလှသည်။ ရွှေဘောင်သံပင် မကြားရ ငှက်ဖိုက်တို့ စီစီသံလည်း တိတ်ဆိတ်နေသည်။ လေတစ်စက်မျှ မတိုက်။ မြင်ဘက်တွင် ထိုင်နေကြသော်လည်း ပိတ်လှောင်နေသည့် အခန်းထဲမှာ နေရသလို မွန်းကျပ်နေသည်။ လကာလည်း ထိန်ထိန်သာသည်။ ကလပ်၏ နောက်ဘက်တွင် ရွှေမော်ဓောစေတီကြီးသည် ရွှေတောင်ကြီးသဖွယ် မိုးယံသို့ ထိုးတက်နေသည်။ ရွှေမော်ဓောသည် ရွှေတိဂုံစေတီကဲ့သို့ပင် တန်ခိုးကြီးသည်ဟု မြန်မာတို့ လက်ခံ ယုံကြည်ကြသည်။ ထိုအခါမှာပင် နားကွဲမတတ် ဆူညံသည့် မြေမြို့သံကို ကြားရသည်။ ရွှေမော်ဓောစေတီကြီး တစ်ခုလုံး အက်ကွဲ ပြိုကျသည်။ ကလပ်ထဲတွင် ရှိနေသည့် အင်္ဂလိပ်တို့သည် ကုလားထိုင်ပေါ်မှ နန်းမှာက မြေတွင် အလူးလဲကြသည်။ စိတ်လာတိမ်းရှောက်များကာ အပျက်အစီးတွေ အကြားမှ အပြေးအလွှားပင် အိမ်သို့ ပြန်ပြေးကြသည်။

ဂန္ဓီ အလယ်ခံရသဖြင့် မြေငလျင် လှုပ်ခြင်း ဖြစ်သည်ဟု မြန်မာလူမျိုး မယုံကြည်။ သို့သော်လည်း ထူးခြားသည့် အဖြစ်အပျက်များ ကြုံတွေ့ရမည့် အတိတ်နိမိတ် တစ်ခုဖြစ်သည် ဟူ၍ကား ယုံကြည်ကြသည်။ ကိုယ်မင်း ကိုယ်ချင်းတရ ပြန်လည် ရရှိကြမည် မလွဲတည်း။ အိန္ဒိယ (ကုလား)တွေကိုမူ သတိထား ကြည့်နေရမည်။ မြန်မာပြည်မှာ သူတို့ နေရာချင်သလား။ သည်လိုဆိုလျှင်

မြန်မာတွေကို ဦးစားပေးကြရမည်။ မြန်မာ့အရေးကိစ္စကို ရှေ့တန်းတင်ရမည်။ တပ်မြား ကချွ မကျော်ရသေးသမားများ ဖြစ်သည့် အင်္ဂလိပ်အနွယ်ဝင် အင်္ဂလန်ပြည် မြန်မာ့ ရာက်ကို လက်ချွန် မောင်ရန်သာ ရှိတော့သည်။

ဂျော့ဝဲလ် လွတ်သည်ကို မြန်မာ တစ်မျိုးသားလုံးက ဤသို့ နိမိတ်ကောက်ကြသည်။ မြန်မာပညာတတ်တို့ကမူ အင်္ဂလိပ်တို့အား လောလောဆယ် မောင်း မထုတ်နိုင်သေးဟု သဘောပေါက် နားလည်ကြသည်။ သူတို့သည် အုပ်ချုပ်ရေး အပြောင်းအလဲကိုသာ စိတ်အားထက်သန်စွာ မျှော်လင့်နေကြသည်။ တောနေလူထု ကမူ အင်္ဂလိပ်တွေကို တိုက်ထုတ်ရမည်၊ ကာယတင့်ရှင် မင်းလောင်း ပေါ်လာ လိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြသည်။ ဗေဒင်ကိန်းခန်း အလိုအရမူ အင်္ဂလိပ်မင်း များ နှစ်ပေါင်းတစ်ရာ စိုးစံပြီးလျှင် မြန်မာပြည်မှ ပြေးရလိမ့်မည်ဟု ဆိုသည်။ ယခုပင် အနှစ်တစ်ရာ ပြည့်ခဲ့ပြီ။ ရန်ကုန်မြို့ကို အင်္ဂလိပ်တို့ သိမ်းပိုက်သည်မှာ ၁၈၂၄ က ဖြစ်သည် မဟုတ်လား။ မည်သို့ဆိုစေ ထူးခြားသည့် အဖြစ်အပျက်ကြီး များ ကြုံတွေ့ရမည်မှာ ဧကန်ဖြစ်သည်။ ပဲခူးဂျော့ဝဲလ်သည် ရှေ့တော်ပြေးသာတည်း။

## ၂။ ဘုရင်ခံ ရှင်ပယ္တကာ အင်္ဂလန်ပြန်ခြင်း

မယ်ရီကင်း၏ ကျွန်းမာရေးမှာ တစ်နေ့တခြား ဆိုးရွားလာသည်။ နှလုံးလအတွင် ရောဂါ ပြင်းထန်လာသည်။ တစ်နေ့တွင် မခံမရပ်နိုင် ဖြစ်ကာ ဆရာဝန်ထံသို့ သွားသည်။ ဆရာဝန်က စစ်ဆေးကြည့်ရှုသည်။ ပြီးလျှင် ရောဂါအခြေအနေကို ရှင်းပြလိုက်သည်။ အမှန်ကို ဖွင့်ပြောလိုက်သည်။ သို့ဖြစ်ရာ ကြွမိန့် ကျွမ်းရသူကို ခံစားလာရသည်တွင် သေရမည့် အတူတူ သေမင်းကို မိမိဇာတိမှာ တွေ့တော့ မည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့နောက် သူ့ရာထူးကို ဖန်နလေဝုစ်တင်းစဘော လက်သို့ အပ်ကာ အင်္ဂလန်သို့ ပြန်သည်။ သူ့အတွေးအခေါ်မှာ သာမန်လူမျိုး အတွေးအခေါ်မျိုးပင် ဖြစ်သည်။ သို့သော်လည်း သူသည် လက်နက်ကိုင် လူအုပ် ကြီးကို သတ္တိရှိရှိ ရင်ဆိုင်ခဲ့သူ ဖြစ်သည်။ ထို့ပြင် သေမင်းကို ရဲရဲ ရင်ဆိုင်ရဲသူလည်း ဖြစ်သည်။ ဤသည်တို့မှာ သူ၏ အရည်အသွေးကောင်းများ ဖြစ်လေသည်။

ဩဂုတ်လ ၁၂ တွင် ဘုရင်ခံဆာချားလင်းနစ် နားကျွန်းချွင့် ဆေးလာပယ္တကာ အင်္ဂလန်သို့ ပြန်သည်။ သူ့ကို နှုတ်ဆက်ရန် သင်္ဘောဆိပ်သို့ ကျွန်တော် ရောက် သွားသည်။ ကျွန်တော် ရောက်ချိန်မှာ အတန်ငယ် နောက်ကျနေပြီ။ သင်္ဘော ထွက်တော့မည်။ သူက အားရဝမ်းသာ လက်ဆွဲ နှုတ်ဆက်သည်။ စိတ်နှလုံး ကောင်း ရှိသူ တစ်ယောက်ဟု သူ့ကို ကျွန်တော် မှတ်မိနေသည်။ ထိုအချိန်တွင် ထားများသည် ကျွန်တော့်ကို မော်ပေါ်ရှူရှူပင် လက်မဲ့ စကားပြောသည်။

သူကား တောခန်းစွဲတွေ့ရား ဆောင်ရွက်ရာတွင် ကံမလိုက်သူတစ်ယောက် ဖြစ်သည်။ အလုပ်တွင် ကံကောင်းများ ယခုမှ ကျန်းမာရေး ချို့တဲ့နေပြီ။ သို့သော် လည်း ရေရှည်မြင်ကို ဖြစ်ရောက်ရတော့မည် ဖြစ်သဖြင့် ရွှင်လန်းတက်ကြွနေသည်။ သူ ရှင်သွားနေနိုက် မြန်မာပြည်တွင် စိတ်လှုပ်ရှားဖွယ် အဖြစ်အပျက်တစ်ခု ဖြစ်ပွားလိမ့်မည်ဟု ကြိုတင် မခန့်မှန်းနိုင်ခဲ့ပေ။ ထိုအဖြစ်အပျက်သည် ပဲခူးဂေဇက် ထက် စိတ်လှုပ်ရှားစရာ အများ အာရုံစိုက်စရာ အရေးအခင်းတစ်ခု ဖြစ်လာမည် ကိုလည်း သူ မမျှော်မှန်းနိုင်ခဲ့။

သူ့ရာထူးကို ဆာဂျိုးဇက် မောင်ကြီး (ဆာဂျေအေမောင်ကြီး)လက်သို့ ခေတ္တ လွှဲအပ်ထားခဲ့သည်။ အင်္ဂလိပ်လက်အောက်၌ မြန်မာတစ်ယောက် ခေတ္တ ဘုရင်ခံရာထူး ရသည်မှာ ပထမဆုံးအကြိမ် ဖြစ်ပြီး မြန်မာတိုင်းရင်းသားထဲမှ အကြီးမြင့်ဆုံး ရာထူးတွင် ပထမဆုံးအကြိမ် ချီးမြှင့်ခံရခြင်း ဖြစ်လေသည်။

ဆာဂျေအေသည် မြန်မာပြည်တွင် ပညာသင်ကြားခဲ့သူ ဖြစ်သည်။ ထို့နောက် ဝတ်လုံတော်ရဖြစ်ရန် အင်္ဂလန်သို့ ပညာတော်သင် သွားသည်။ ယိုးဒယားပြည်တွင် အမှုထမ်းခဲ့ဖူးသည်။ ထို့နောက် ရန်ကုန် ဟိုက်ကုတ်တရားရုံး တွင် တရားဝန်ကြီး ဖြစ်လာသည်။ နောက်ဆုံးတွင် ဘုရင်ခံ အတိုင်ပင်ခံကောင်စီ၌ ပြည်ထဲရေးဝန်ကြီးချုပ် ဖြစ်လာသည်။ သူသည် အုပ်ချုပ်မှု အတွေ့အကြုံ ရှိသူ ဖြစ်သည်။ သို့သော် ခေတ္တ ဘုရင်ခံ အဖြစ်မှ သူ့အနေအထားမှာ လုပ်ရကိုင်ရ ခက်ခဲသည့် အနေအထားတွင် ရှိနေသည်။

မြန်မာတိုင်းရင်းသား အများစုကလည်း သူ့ကို မယုံကြည်ကြ။ သို့သော် လည်း မြန်မာထဲက ဘုရင်ခံရာထူး ရသဖြင့် ဝမ်းသာအားရ ဖြစ်ကြသည်မှာ ယုံမှားစရာ မရှိပေ။ ရန်ကုန်မြို့တွင် အင်္ဂလိပ်အရာရှိ သုံးလေးဦး၏ မျက်နှာကို ကြည့်ကာ ဆာဂျေအေမှာ စနိုးသွားနေရသည်။ ယင်းတို့သုံးဦးမှာ သူ့နေရာကို ဆက်ခံသည့် ပြည်ထဲရေးဝန်ကြီးချုပ် မစ္စတာဘွိုက်၊ ပဲခူးတိုင်းမင်းကြီး မစ္စတာ ဂုဏ်ရောကလီနှင့် ထိုအချိန်က အတွင်းဝန်ချုပ် ဖြစ်လာမည့် မစ္စတာဘေလ်နှင့်တို့ ဖြစ်ကြ သည်။ သူတို့သုံးဦး သဘောမတူဘဲ မည်သည့် အမိန့်ကိုမျှ ဆာဂျေအေက မထုတ် ပြန်ရဲပေ။ သူတို့ သဘောမတူခဲ့သော် ဒေလီ သို့မဟုတ် လန်ဒန်သို့ တင်ပြကာ ရှင်းပြချက် ရယူရမည် ဖြစ်သည်။ သို့သော် ဆာဂျေအေမှာ ထိုသုံးဦး မကြိုက် မနှစ်သက်သည့်ကို လုပ်မည့်သူ မဟုတ်။ သူတို့ကို ကာကွယ်ဘာ လုပ်ရန်လည်း ဆာဂျေအေကို မှီခိုလို့ စိတ်မကူး။

ဘုရင်ခံ အတိုင်ပင်ခံ ကောင်စီ အစည်းအဝေးတွင်မူ သူသည် များ သဘောတူရာကို လက်ခံပြီး ကောင်စီအပြင်တွင် အဆုံးအဖြတ်ပေးစေရာ ကြိုးပမ်းရသည်

သက်ဆိုင်ရာ အရာရှိများ၏ အကြံပြု တင်ပြချက်ကို ခေါင်းညိတ်သဘောတူသည်သာ များသည်။ ဤသို့ဆိုလျှင် မေဗ္ဗာဘုရင်ခံ ရာထူး သက်တမ်း လေးငါးနှစ်တွင်း ချောချောမောမော စခန်း သွားနိုင်စရာ ရှိသည်။ သို့သော် ထိုကာလအတွင်း ရှုပ်ထွေးမှု တစ်စုံတစ်ရာ သို့မဟုတ် အနီးရ အကျပ်ရိုက်စရာ အခြေ တစ်စုံတစ်ရာ မပေါ်လာဖို့ လိုသည်။

သူ့အနေအထားကို သူ နားလည်အောင် တစ်နည်း မြော်နိုင်သေးသည်။ ယင်းမှာ ဆာ ဂျေ အေသည် ရန်ကုန်မြို့ရှိ မျက်နှာဖြူ (အင်္ဂလိပ်)ကလပ်ကြီး သုံးလေးခုက် ဘယ်တစ်ခုတွင်မျှ အသင်းဝင် မဟုတ်ခြင်းပင် ဖြစ်သည်။ သူကလည်း ထိုကလပ်များသို့ ဝင်ခွင့်ရရန် မကြိုးစားခဲ့ပေ။ မေဗ္ဗာ ဘုရင်ခံရာထူး လက်ခံသည့် တိုင် ကလပ်များသို့ သွားသွားရန် စိတ်မဝင်စား။ ကလပ် အသင်းဝင်တို့ကမူ သူ့ကို လူမှုရေးအရ မျက်နှာဖြူ မဟုတ်သဖြင့် တန်းတူရည်တူ ဆောက်ဆံပါမှု ရှိခဲ့။ မေဗ္ဗာဘုရင်ခံ အဖြစ်ကား လေးစားကြသည်။

ဤသည်မှာလည်း ရာထူးအရ ထို့ပြင် ဆာဂျေအေသည် သူ့လက်အောက်မှ အင်္ဂလိပ်အရာရှိများ ဆန္ဒအတိုင်း စီရင်ဆုံးဖြတ်သည် ဟူသော ယုံကြည်မှုအရ လေးစားကြခြင်းသာ ဖြစ်သည်။ ဆာဂျေအေသည် တစ်နေ့တစ်ရက်ကို အဆုံးအဖြတ် ပေးရန် ကြုံကြိုက်လာပြီ ဆိုကြပါစို့။ ထိုအခါ သူ မှန်သည် ထင်သည့်အတိုင်း ရပ်တည်ပြီး သူ့အလိုကျ စီရင်ဆုံးဖြတ်မည် ဆိုလျှင် ရှုံးမည့် စစ်ပွဲကို ထိုးစစ် ဆင်နေရသည်နှင့် တူနေပါလိမ့်မည်။ ထိုစစ်ပွဲမျိုးကို သူရဲကောင်းများ သို့မဟုတ် အရူးများသာ ပါဝင်ဆင်နွှဲလိမ့်မည်။ ဆာဂျေအေမှာမူ သူရဲကောင်းတို့ကို သင့်တင့် လျောက်ပတ်သည့် တစ်နေရာမှ ချီးကျူး အားကျတတ်သည့် လူကောင်း တစ်ယောက်သာ ဖြစ်လေသည်။ သူ့ကို ကျွန်တော် ကောင်းကောင်း သိသည်။ လေးလည်း လေးစားသည်။ သူ့မိန့်ခွန်းကို နားထောင်ရသည်မှာ နားဝင်ချိုသည်။ သူ့အသံသည် သာယာသည်။ အမူအရာ သိမ်မွေ့ပြီး နှစ်သက်စရာ ကောင်းသည်။ စိတ်သဘောထား ကောင်းသည်။ သို့သော်လည်း သူ၏ ပင်ကို မူလစရိုက်ကို ဖော်ပြခွင့် မရသည်မှာ သူ့ကံကြမ္မာ စေစားရာကို သူ ခံခဲ့ရလေသည်။

မေဗ္ဗာဘုရင်ခံ ရာထူးကို ဆာဂျေအေ လက်ခံသည့် အချိန်တွင် မြန်မာ တိုင်းရင်းသားတို့သည် အနှိပ်ကြားကြီး နှိပ်ကြားကာ ဆူပူလှုပ်ရှားမှုများ ပြုလာသည်။ နိုင်ငံရေးအရ အတက်ကြွကြီး တက်ကြွလာကြသည်။ သီပေါဘုရင် ပါတော်မူပြီး နောက်ပိုင်းတွင် ယခုအချိန်သည် မြန်မာတို့အဖို့ အနှိပ်ကြားဆုံးအချိန် ဖြစ်လေသည်။ နိုင်ငံရေးသမားများက အင်္ဂလန်တွင် တွေ့ဆုံစည်းဝေးကာ မြန်မာပြည်အတွက် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့်ကို ပေးမည့် အုပ်ချုပ်ရေးမျိုးကို ချမှတ်သင့်

နေကြသည်။ ကောင်းသူလယ်သမားတို့ကမူ မိမိတို့ ဆန္ဒကို ကိုယ်စားလှယ်များက ပြသခွင့် ရခဲ့ပြီ ဖြစ်ရာ ယခုတစ်ကြိမ်တွင်မူ အင်္ဂလိပ်တို့ကို ဆန့်ကျင် တိုက်ပွဲဝင်ရန် တာဆူနေကြသည်။ အင်္ဂလိပ်တို့အား မြန်မာ့ဒေသမှ ပြန်ရန် ထက်ထက်သန်သန် ရှိနေကြသည်။

အင်္ဂလိပ် လက်အောက်ခံ ဘဝကို နိုင်ငံရေးသမားများကရော မြန်မာ တိုင်းရင်းသားများကပါ မကျေနပ် မနှစ်မြို့ကြပေ။ အကယ်၍လည်း လန်ဒန်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် အရေးဆိုခဲ့သော် မြန်မာပြည် အစိုးရသည် ဗြိတိသျှ ပါလီမန်နှင့် မြန်မာတို့အကြား ကန့်လန့်ကန့်လန့် ဝင်ရှုပ်လိမ့်မည်ဟု နိုင်ငံရေး သမားတို့က မျှော်လင့်ထားကြသည်။ ဆာဂျွန်ဆိုင်မွန်ကော်မရှင် ရောက်လာတုန်း ကလည်း ပြည်သူနှင့် ကော်မရှင်အကြား အစိုးရက ဝင်ရှုပ်ခဲ့သည် မဟုတ်လား။ ပြည်သူတို့၏ ဆန္ဒ အစစ်အမှန်ကို ထင်ပြခွင့် မရအောင် ကန့်လန့်ခံခဲ့သည် မဟုတ်လား။ ယခုလည်း မြန်မာပြည်သူတို့ကိုယ်စား သူတို့က ကိုယ်စားလှယ် နေရာ ဝင်ယူကာ မြန်မာပြည်သည် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် မထိုက်တန်၊ အိန္ဒိယပြည်လောက် မတိုးတက်ဟု အစီရင်ခံလိမ့်မည်ဟု မျှော်လင့်ကာ မြန်မာ တို့က မကျေမချမ်း ဖြစ်နေကြသည်။ သူတို့ဘက်က သက်သေပြစရာ ရှိနေသည်။

ယင်းမှာ မြန်မာပြည် အစိုးရက ရေးဆွဲထားသော အုပ်ချုပ်ရေးပင် ဖြစ် လေသည်။ မစ္စတာလစ္စတာ ဆိုသော ပုဂ္ဂိုလ်တစ်ဦးသည် ဘုရင်ခံ ဆားဟျူး၏ အထူးတာဝန်ပေးချက်အရ မြန်မာပြည်အတွက် အုပ်ချုပ်ရေးတစ်ခု ရေးဆွဲခဲ့သည်။ ယင်းကိုသာ လက်ခံမည်ဆိုလျှင် မြန်မာပြည်သည် တရောင်း ကိုလိုနီဟု ခေါ်သော ဗြိတိသျှအင်ပိုင်ယာ အတွင်းရှိ ကိုလိုနီနိုင်ငံ တစ်ခုသာ ဖြစ်လာလိမ့်မည်။ ထို့ပြင် မြန်မာတို့ မကျေနပ်ချက်အချို့ ရှိသေးသည်။ မြန်မာပြည် ဘုရင်ခံ ကိုယ်တိုင် လန်ဒန်မြို့သို့ သွားရောက်ကာ မြန်မာများဘက်က မရပ်တည်သည့် အပြင် မြန်မာ တို့သည် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် မထိုက်တန်ဟု ဘုရင်ခံ ကိုယ်တိုင်က မြန်မာ တို့ကို အထင်သေး နှိမ့်ချသည့် အဖြစ်တို့သည် ဘုရင်ခံဘက်က သစ္စာမရှိသည့် သဘောပင် ဖြစ်သည်ဟု မြန်မာခေါင်းဆောင်တို့က ထင်မြင်ယူဆကြသည်။

တစ်ဖန် ဘုရင်ခံဆားဟျူး နေမကောင်းသဖြင့် ခွင့်ယူကာ အင်္ဂလန် ပြန် သည်ကို မြန်မာတို့က သံသယ ရှိလာကြသည်။ တကယ် မကျန်းမာခြင်း မဟုတ်။ ဘုရင်ခံသည် သူ့သဘောထားကို မြန်မာကိုယ်စားလှယ်ကြီးများ အလျှင် တင်ပြ လိမ့်မည်။ ထို့ကြောင့် ဗြိတိသျှ ပါလီမန်တွင် မြန်မာ့ဆန္ဒကို မသိသာစေဘဲ ဘုရင်ခံက ဖန်တီးလိမ့်မည် ဟူ၍လည်း ထင်မြင် ယူဆနေကြသည်။

အမှန်စင်စစ် ဆားချောင်း၌ ထိုကဲ့သို့သော ရည်ရွယ်ချက်မျိုး၊ စိတ်ကူးအတွေးမျိုး ရှိနိုင်မည် မဟုတ်ပါ။ မည်ကဲ့သို့ ဖြစ်စေ လန်ဒန်တွင် ဆုံကြသောသည့် မြန်မာတို့ ထွက်ဆာ အားသာလောက် မစူးရှလှပါ။ သူတို့ စိတ်ကူးတွင်မူ ဘုရင်ခံ ဆိုသော ရာထူးကို အထင်ကြီးနေကြသည်။ ဘုရင်ခံ ဆိုသည် ပြောရေးဆိုခွင့် ရှိသည့် ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်ဟု ယုံမှတ်နေကြသည်။ လန်ဒန်မြို့ ဝိတိုရိယ ဘူတာရုံကြီးသို့ ရထားဆိုက်လျှင် ဘုရင်ခံဆိုသော ပုဂ္ဂိုလ်သည်ပင် ရာထူးအဆင့်ကို ဖယ်ကာ သူလိုကိုယ်လို လူသားမန် တစ်ယောက်အဖြစ် အင်္ဂလိပ်တောထဲ တိုးဝင် သွားရပါကလား ဆိုသည်ကို မြန်မာတို့ ကောင်းစွာ သဘောမပေါက်နိုင်သဲ ရှိနေလေသည်။

အင်္ဂလိပ် အစိုးရအပေါ် အယုံအကြည် ကင်းမဲ့မှု၊ ဘုရင်ခံအပေါ် ယုံကြည် ကိုးစားခြင်း မရှိမှုတို့သည် နိုင်ငံရေး ခေါင်းဆောင်များမှ တစ်ဆင့် တောသူ တောင်သားများဆီသို့ ကူးစက်သွားသည့်အခါ တုံးတိုက်တိုက် ကျားကိုက်ကိုက် တစ်မျိုး တစ်လမ်းတော့ဖြင့် စမ်းလိုက်ချင်သည်ဟူသော စိတ်ဓာတ်ကို ပိုမို နိုင်မာ အောင် ဖန်တီးပေးလိုက်လေသည်။

ဤသို့ဖြင့် တိုင်းပြည်မှာ ပဋိပက္ခသက် ဖြစ်လာသည်။ ဆူပူလှုပ်ရှား လာ သည်။ ယင်းတို့၏ဒဏ်ကို အင်္ဂလိပ် အမျိုးသားများပါ ခံစားလာရသည်။ အင်္ဂလိပ် တို့မှ မြန်မာတို့အပေါ် ခါတိုင်းထက် ပို၍ တင်းကျပ်လာသည်။ အယုံအကြည် ကင်းမဲ့လာသည်။ သူတို့ဘက်က တစ်ပြားသားမျှ သိက္ခာ အကျမခံ။ လက်ရှိ အခြေအနေကို ပြုပြင်ပြောင်းလဲရန် ကြိုးစားနေသည့် မြန်မာတို့၏ ဆန္ဒကို အတတ်နိုင်ဆုံး ချေဖျက်ရန် သန္နိဋ္ဌာန်ချထားကြသည်။

တိုင်းပြည်တစ်ပြည်တွင် တရားဥပဒေ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေ စိုးမိုးရေးသည် မည်သည့် အချိန်အခါတွင် မဆို တစ်သမတ်တည်း ရှိနေရမည်။ ဆူးပြားသည့် အခြေအနေကို အမှီပြုကာ တရားဥပဒေကို နှစ်မျိုး မဖြစ်စေရ။ နိုင်ငံရေးအရ အရေးပေါ် ကာလမျိုးတွင် ဖြစ်စေ၊ လူမှုဆက်ဆံရေးအရ အရေးပေါ် အခြေအနေမျိုးနှင့် ကြုံကြိုက်ရသည် ဖြစ်စေ တရားဥပဒေသည် မတိမ်းမစောင်းဘဲ ရိုးရိုးဖြောင့်ဖြောင့်လျှောက်ရသည့် ပြောင်တာန်းနေစေရမည်။ တိုင်းပြည် အေးချမ်းသာယာသည့် ကာလမျိုးတွင် ထိုသဘောတရားကို လူတိုင်း လိုက်နာ စောင့်ထိန်းနိုင်ပေမည်။ သို့သော် ၁၉၃၀ နှင့် ကြုံကြိုက်သည့် မြန်မာပြည်သည် ချေး ခွင်းဆောင်းကာလ မဟုတ်။ အေးချမ်းသာယာ ပြည့်မြန်မာ အခြေအနေ မဟုတ်။ ထိုအချိန်အခါ မျိုးတွင် တရားဥပဒေကို တစ်ဖက်စောင်းနင်း ဖြစ်အောင် လုပ်ရန် မသင့်။

ယခု ကျွန်တော် ဖော်ပြမည့် အမှုမှာ အင်္ဂလိပ် တရားရုံးများတွင် နေ့စဉ် ကြုံတွေ့နေကျ မော်တော်ကားတိုက်မှု တစ်ခုပင် ဖြစ်သည်။ အင်္ဂလန်မှာ ဆိုလျှင် ထိုအမှုမျိုးကို သတင်းစာများ၌ စာတစ်ပိုဒ်မျှပင် ဖော်ပြလေ့ မရှိကြတော့ပေ။ သို့သော်လည်း တရားစီရင်ပိုင်ခွင့် အခြေခံပြဿနာနှင့် ပတ်သက်နေသောကြောင့် ဤအမှုတွင် အထက်ဒိုင်တို့က ဝင်ရောက် စွက်ဖက်လိုက်သည့်အခါ အများပြည်သူတို့မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

## ၃၈ ကင်မရွန်တယ်ရင်းမှ စစ်ဗိုလ်ကလေး

ဩဂုတ် ၂၈ ညဦးပိုင်း ရှစ်နာရီခွဲသာသာတွင် ရန်ကုန်မြို့ လယ်ဝယ် ဟယ်လပင်လမ်း နှင့် ပြည်လမ်းဆုံ၌ မော်တော်ကားတိုက်မှုတစ်ခု ဖြစ်ပွားသည်။ ထိုလမ်းဆုံ၌ ကားတိုက်မှု မကြာခဏ ဖြစ်ပွားတတ်သည်။ ပြည်လမ်းသည် ရန်ကုန်မြို့ထဲမှ မြောက်ဘက်သို့ထွက်သော တစ်ခုတည်းသော လမ်းမကြီး ဖြစ်သည်။ ဟယ်လပင် လမ်းသည် ညနေပိုင်းတွင် ကားအသွားအလာ များသည်။ ဂျင်မခါနာကလပ်သို့ ကူးသန်းကြသူ များသောကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် ညနေပိုင်း ယာဉ် အသွားအလာ များချိန်၌ အကျွမ်းကျင်ဆုံး ယာဉ်ထိန်းပုလိပ်ကို ထိုလမ်းဆုံ၌ တာဝန်ချထားသည်။ ဤသည်မှာ ပုလိပ်မင်းကြီး၏ အမိန့် ဖြစ်သည်။ ထိုအချိန်၌ တာဝန်ကျသည့် ယာဉ်ထိန်းပုလိပ်မှာ အိန္ဒိယအမျိုးသား ဒါဝတ်ခန် ဖြစ်သည်။

မော်တာကစ်ကျွမ်း၏ ကားသည် လမ်းဆုံဆီသို့ ဦးတည်မောင်းနှင်လာသည်။ မလှမ်းမကမ်း အရောက်တွင် ဒါဝတ်ခန်က ပြည်လမ်းမကြီးပေါ်တွင် မောင်းနှင်လာသော ကားတစ်စီးနှင့် စက်ဘီးတစ်စီးကို မီးစိမ်းပြကာ သွားခွင့် ပြုထားသည်။ သို့ဖြစ်ရာ မော်တာကစ်ကျွမ်းမှာ မီးနီနှင့် တိုးနေသဖြင့် ရပ်စောင့်နေရမည် ဖြစ်သည်။ သို့သော်လည်း စစ်ဗိုလ်ကလေး မော်တာကစ်ကျွမ်းသည် အချိန်ကို မစောင့်ဘဲ ဆက်လက် မောင်းနှင်သွားရာ ဒါဝတ်ခန်က မီးစိမ်းပြကာ သွားခွင့်ပြုထားသည့် ကားကို ဝင်၍ တိုက်သည်။

ပြည်လမ်းပေါ်က ကားသည် တစ်နာရီ ဆယ့်နှစ်မိုင်နှုန်းဖြင့် မောင်းနှင်လာသည်။ ထိုကား နောက်ခန်းတွင် ဟာရော့ – မြန်မာ ကပြား အဖီး ဆိုသူနှင့်အတူ သူ့အဒေါ်၊ သူ့နှမဝမ်းကွဲ ဆယ့်ရှစ်နှစ်အရွယ် အမျိုးသမီးတစ်ယောက်၊ ပေါင်း သုံးယောက် စီးနင်းလိုက်ပါလာသည်။ အဖီးသည် ဥရောပ ကုမ္ပဏီတစ်ခုတွင် အမှုထမ်းတစ်ဦး ဖြစ်သည်။ ကားတိုက်သည့်ဘက်မှာ အမျိုးသမီးငယ် ထိုင်သည့် ဘက်တွင် ဖြစ်သည်။ တိုက်သည့်အရှိန်မှာ ပြင်းထန်လေရာ ပြည်လမ်းမကြီးပေါ်မှ

ကားသည် လမ်းတစ်ဖက် ပေ၊ပြောက်ဆယ် အကွာသို့ ရောက်သွားသည်။ ကား တံခါးများလည်း ပွင့်ထွက်ကာ နောက်ခန်းမှာ စီးလာသူ ထိုသုံးဦးသည် ကားအပြင် သို့ လွင့်စဉ်ထွက်သွားသည်။ ကားမှာလည်း လမ်းဘေးတွင် မှောက်လျက်သားနှင့်ပြီး နောက်ဘီးတစ်ဘက်မှ ပြုတ်ထွက်သွားသည်။

ကားတိုက်သံမှာ နှိုးခနဲ ပြင်းထန်သည်ဖြစ်ရာ ကားတိုက်ရာသို့ အနီးအနား ရှိ အိမ်များမှ လူအများ ပြေးလာကြသည်။ ဒါဝန်နှင့်လည်း လက်ပြင်ပေးမှ ပြေးဆင်း လာသည်။ ကော်ဇီးပေါ်က မှုန်ဝါလည်း ဆင်းလာပြီး ဝိုင်းအုံကြည့်ရှုရာသို့ ရောက် လာသည်။ မော်တော်ကားကျွမ်းကျင်သူ ကားပျက်ဖြစ်၍ သူ့ကားတွင်မှ ရောလည်ခဲ့ ရှိုင်ဝင် မှုသည်။ တစ်ဖက် ကားပေါ်မှ လူသုံးယောက်မှာ ဒဏ်ရာ ပြင်းထန်သည်။ အမျိုး သမီး နှစ်ယောက်မှာ သတိမေ့သွားသဖြင့် ဆေးရုံကြီးသို့ ပို့လိုက်ရသည်။ အဘိုးကြီး မှာ ခေါင်းတွင် ဒဏ်ရာရပြီး ခေါင်း၌ အက်သွားသည်။ အမျိုးသမီးလေးမှာ ကံဆိုး ရှာသည်။ တင်ပါးဆုံရိုး ကျိုးသွားပြီး ဆီးအိတ်ကွဲသွားသည်။

ဖြစ်ပျက်သည့်အမှုကို ယာဉ်ထိန်းပုလိပ်သို့ ချက်ချင်း အကြောင်းကြား သည်။ နောက်တစ်နေ့တွင် ယာဉ်ထိန်း အင်စပက်တာ တစ်ယောက် မက်လာ၍ တယ်ကြီး သို့ လိုက်သွားကာ စနိုးပါကလေး မော်တော်ကားကျွမ်းကို အရေးယူ ဖမ်းဆီး လိုက်သည်။ ယာဉ်ထိန်းပုလိပ်က သူ့ကို ဆိုနိုယ ရာဇသတ်ကြီးပုဒ်မ ၃၃၈ ဖြင့် စွဲချက်တင်လိုက်သည်။ မီးနီပြထားသည့် လမ်းဆုံတွင် ကားကို မရပ်ဘဲ အရှိန်ဖြင့် မောင်းသဖြင့် ကားတိုက်မိကာ အမျိုးသမီးနှစ်ယောက် ပြင်းထန်စွာ ဒဏ်ရာ ရသွားသည်။ ထို့ကြောင့် ပုဒ်မ ၃၃၈ အရ အရေးယူခြင်း ဖြစ်သည်။ ထောင်ဒဏ် နှစ်နှစ် သို့မဟုတ် ဒဏ်ငွေ နှစ်ထောင်ငါးပေါင်* သို့မဟုတ် နှစ်ရပ်ပေါင်း ချမှတ် နိုင်ခွင့်ရှိသည်။ ဤအမှုသည် ယာဉ်တိုက်မှု အက်ဥပဒေတွင် အကျုံးမဝင်။ ပိုးနီး များတတ် ပြစ်မှုစီရင်ထုံးတွင် အကျုံးဝင်သည်။ လူရည်ကားသော လမ်းကို ဖြတ်ကူး လာသည့် ကြောင်တစ်ကောင်ကို လူတစ်ယောက်က သေနတ်ဖြင့် ပစ်သည်တွင် လမ်းဘေး၌ လျှောက်လာသူ တစ်ယောက်ကို ထိမှန်ကာ ဒဏ်ရာရသည့် အမှုတွင် သေနတ်ဖြင့် ပစ်သူကို စီရင်သည့် နည်းအတိုင်းပင် ဖြစ်သည်။

ပုလိပ်က စွဲဆိုသည့် အမှုသည် ထုံးစံအတိုင်း ကျွန်တော့်ရုံးသို့ ရောက် လာသည်။ ကျွန်တော့်ရုံးတွင် ကိုယ်တိုင် စစ်ဆေးနိုင်သည်။ သို့မဟုတ် ကျွန်တော် လက်အောက်ရှိ အခြားရုံးတစ်ရုံးသို့ လွှဲပေးနိုင်သည်။ သို့သော်လည်း တရားခံမှာ မော်လမြိုင်မှ တစ်ယောက်ဖြစ်ရာ ကျွန်တော်ကိုယ်တိုင် စစ်ဆေးမှ သင့်မြတ်မည်

* ထိုစဉ်က မြန်မာငွေ ကျပ်တစ်သောင်းခန့်နှင့် ညီမျှသည်။

ဟု ယူဆပြီး အမှုမှန်သည်ကို လက်ခံလိုက်သည်။ ထို့နောက် ကော်ဖီသောက်ပြီး ရုံးတွင် အမှုစစ်ရန် မိန့်ဆိုလိုက်သည်။

ယခုအထိကား အမြဲအနေ တစ်နေ့တစ်ရော ဖြစ်ပေါ်လာလိမ့်မည်ဟု မမှန်းဆနိုင်သေး။ မည်သို့ပင်လည်း အရိပ်နိမိတ် မပေါ်လာသေး။ မှတ်ဗိုလ်က အမှုမှထားသည်မှာလည်း စည်းကမ်း နည်းလမ်း ကျနေသည်။ သည့်ထက် ပျော့မှန်ကန်စွာ အကြောင်း မရှိ မစွတာ ဆော်တက်ကျွေးမှာ စစ်တပ်မှ အရာရှိ တစ်ယောက် ဖြစ်နေသည်။ သို့တိုင်အောင် သူသည်လည်း တရားဥပဒေဘောင် အတွင်းက လူသားတစ်ယောက် ဖြစ်လေရာ သူ့ဘက်က ဖြစ်မှုကျူးလွန်သူ သူ့ကို တရားဥပဒေ အရ ဖမ်းဆီးပြီး တရားစွဲဆိုရမည် ဖြစ်လေသည်။ သူ တစ်ယောက်ကိုတော့ စစ်ဗိုလ်ဖြစ်နေသဖြင့် အထူးရုံး၌ကာ စစ်ဆေးသင့်သည် ဆိုသော အတွေးအခေါ်မျိုး ကျွန်တော့်ခေါင်းထဲမှာ မပေါ်ခဲ့။ အမှန် ဖြစ်သည်။ ဤသည်မှာ မေးတွယ် ယူဆချက် တစ်ခုသာ ဖြစ်လေသည်။ ဆော်တက်ကျွေး အမှုကို ကျွန်တော်ရုံး၌ စစ်ဆေးမည်ဟု သိရသည့်အခါ ကင်မရှန်ဟယ်ရင်း စိတ်ထဲတွင် အနည်းငယ် ကသိကအောက် ဖြစ်ရသည်။ လွန်ခဲ့သော ကိုးလခန့်က ဗင်္ဂါလီတရားသားမှ ဟာယုဇ်၏ အမှုကို ကျွန်တော်ရုံး၌ စစ်ဆေးသည့်အခါ ကျွန်တော်သည် တရားသူကြီးတစ်ယောက် အနေဖြင့် မည်သူ၏ ဖြားယောင်းမှုမခံဘဲ တရားဥပဒေအတိုင်း မှန်ကန် တိကျအောင် စစ်ဆေးခဲ့သည်ကို သူတို့ အမှတ်ရကြ ကြသည်။ ထိုအဖြစ်မျိုး တစ်ခါထပ်ပြီး ကြုံနိုင်သည်။ သူတို့ဘက်က ရုတ်တရက် ရှိနေသည့် နည်းတူ အမှုအကြောင်းကလည်း စိုးရိမ်စရာ ကောင်းနေသည်။ ယာဉ်ထိန်းက မီးနီပြထားသည်ကို အရှိန်ဖြင့် မောင်းသည်။ အမြန်မောင်းသည့် လမ်းမှာလည်း ပြည်လမ်းမကြီးနှင့် ဆုံသည့် ဟာယ်လမ်းက အထွက်တွင် ဖြစ်သည်။ ပြီးတော့ တခြား ကားတစ်စီးကို အရှိန်ပြင်းပြင်းဖြင့် ဝင်တိုက်သည်တွင် ကားပေါ် ပါလာသူတို့ အသက်အန္တရာယ် စိုးရိမ်ရလောက်အောင် ဒဏ်ရာရကြသည်။ သို့ဖြစ်လျှင် မောင်းသူသည် အရက်သေစာ အလွန်အကျွံ သောက်လာသလား ဆိုသော သံသယမေးခွန်း ဝင်လာသည်။ ဆင်ခြင်တုံတရား ပြည့်ဝသော မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်သော ပညာတတ်တစ်ယောက် ဖြစ်ခဲ့လျှင် ဤမှုမျိုး ကျူးလွန်မည် မဟုတ်ဟု တရားသူကြီးဘက်က ယူဆစရာ ရှိလာနိုင်သည်။ တရားခံဘက်က လျှောက်လဲနိုင်စရာ တစ်ချက်သာ ရှိသည်။ ယင်းမှာ တရားခံသည် အနည်းငယ် မူးယစ်လာသဖြင့် မထိန်းသိမ်းနိုင်ခြင်း ဖြစ်ပါသည်ဟု လျှောက်လဲ လျှောက်လဲရမည်။ သို့မဟုတ်လျှင်ကား တရားခံသည် တမင်သက်သက်ကိုယ်

ဥပဒေကို ချိုးဖောက်ကာ အများပြည်သူ၏ အသက်အန္တရာယ်ကို နှောင့်ယှက်သည် ဟု ယူဆစရာ ရှိလေသည်။

တရားခံ၏ ဘက်တော်သားတို့သည် အမှုသွား အမှုလာကို ရေးလာကြသည်။ ဥပဒေကြောင်းကို စဉ်းစားဆောင်ရွက်ကြသည်။ ထိုအခါ သူတို့မှာအတွက် ပိုမို ရတက်မအေး ဖြစ်လာသည်။ တရားသူကြီးဖြစ်သည့် ကျွန်တော့် အကြောင်းကိုလည်း တီးမိခေါက်မိ ရှိနေပြီ၊ ဖြစ်လေရာ၊ ဤအမှုအတွက် ရွှေကုန်မျှင် ကုန်ပါစေ၊ လွတ်အောင် သက်သာအောင် ပိုင်းဝန်းကြမှ ဖြစ်မည်ဟု ဖော်တက်စကျူး၏ ရဲဘော်ရဲဘက် စစ်ဗိုလ်ကလေးများက သဘောပေါက်ကြသည်။ ထို့ကြောင့် ဟာယူ အမှုတွန်းက လိုက်သည့် မစ္စတာမက်ခွန်နယ်ကိုပင် ငှားရမ်းရန် ဆုံးဖြတ်ကြသည်။ မက်ခွန်နယ်သည် နာမည်ကျော် ဝတ်လုံတော်ရတစ်ယောက် ဖြစ်သည်။ ဗြိတိသျှ ကင်မရွန်းတပ်ရင်းမှ စစ်ဗိုလ်ကလေးများနှင့်လည်း အကျွမ်းဝင်သည်။ သူ၏ ရှေ့နေခများ များသည်။ အကျွမ်းပင် ရှေ့ကြီးသည်။ သို့သော် ကိစ္စ မရှိ။ ရှေ့နေခကို တပ်ရင်း ရန်ပုံငွေက ကျခံပေးမည်။ မည်သို့ပင်ဖြစ်စေ သူတို့ရဲဘော် ထောင်ထဲ မရောက်ဖို့ အရေးကြီးသည်။ ရန်ကုန်လို နေရာတွင် သူတို့ရဲဘော် စစ်ဗိုလ်ကလေးတစ်ယောက် ထောင်ထဲ ဝင်ရသည် ဆိုခြင်းမှာ လူကြားလို့ပင် မကောင်း။

ကျွန်တော် ကိုယ်တိုင်လည်း အလုပ်များနေသဖြင့် အမှုအကြောင်း မစဉ်းစားအား။ သို့သော် ပုလိပ်ဘက်က တင်ပြထားသည်ကို ဖတ်ကြည့်လိုက်ရုံပင် စိတ်မချမ်းသာစရာ အမှုတစ်မှု ရောက်လာပြန်ပြီဟု တောက်ခေါက်မိသည်။

ရန်ကုန်တွင် 'တရားသူကြီးအဖြစ် တာဝန် ထမ်းရွက်စဉ် ဥရောပတိုက်သား၏ ကားက မြန်မာ သို့မဟုတ် ကုလား လမ်းသွားလမ်းလာတို့ကို တိုက်သည့် ကားတိုက်မှု သုံးလေးမှုကို စစ်ဆေးရသည်။ ထိုအခါကမူ သက်သေ မလုံလောက်သဖြင့် လည်းကောင်း၊ လမ်းသွားလမ်းလာဘက်က မှားနေသဖြင့် လည်းကောင်း ထိုအမှုတို့မှာ လွတ်သွားကြသည်။ တစ်မှုကိုမျှ အပြစ် မစီရင်ခဲ့ပေ။ ယခု ဖော်တက်စကျူး၏ အမှုမှာ အခြား အမှုတို့နှင့် မတူ။ ကျွန်တော့် တရားသူကြီး သက်တမ်းတွင် မည်သည့် အမှုတွင်မျှ အင်္ဂလိပ်လူမျိုး တရားခံကို ထောင်ဒဏ် စီရင်ခွင့် မကြုံကြိုက်ခဲ့ပေ။ ယခုအမှုတွင် ထောင်ဒဏ် စီရင်ချက် ချရသော် မကျေနပ်သံတွေ ကျွက်ကျွက် ညံလာမည်ကို ကျွန်တော် သိသည်။ နားလည် ထားသည်။ သို့သော် ထိုမကျေနပ်သံတို့သည် အဘယ်တိုင်အောင် ကျွက်ကျွက်ညံ လိမ့်မည်၊ မောက်လည်းသံလို တုန်ဟည်းလိမ့်မည်၊ အုတ်အော်သောင်းတင်း ဖြစ် လိမ့်မည် ဟူသည်ကား ကျွန်တော် မမျှော်လင့်မိပေ။

## ၄။ ထောင်ဒဏ် စီရင်ခြင်း

အမှုကို စက်တင်ဘာ ၁၁ တွင် စစ်ဆေးသည်။ အစိုးရဘက်က လက်ထောက် အစိုးရ ရှေ့နေအဖြစ် ဦးမြင့်သိန်းက လိုက်ပါဆောင်ရွက်သည်။ ဦးမြင့်သိန်းသည် တည်ကြည် ဖြောင့်မတ်သည့် မြန်မာလူငယ် ရှေ့နေတစ်ယောက် ဖြစ်သည်။ စိတ်သဘောထား ပျော့ပျောင်းသူလည်း ဖြစ်သည်။ တရားခံဘက်ကမူ မက်ခွန်နယ် လိုက်ပါလျှောက်လဲသည်။ လက်ထောက်တစ်ယောက်လည်း ပါသည်။ ပထမဆုံး ပုလိပ်က အစစ်ခံသည်။ ယာဉ်ထိန်းပုလိပ်က ဖြစ်ပျက်ပုံကို တင်ပြသည်။ မီးနီ ပြထားစဉ် မော်တော်ကားကျော်သည့် အချိန် မလျော့ဘဲ မောင်းလာပြီး အမျိုးသမီး နှစ်ယောက် ပါလာသည့်ကားကို ဝင်တိုက်သည်။ လမ်းတစ်ဖက်သို့ လွင့်စဉ်ကျ သွားသည်။ လမ်းမကြီးတွင် တခြားကားတစ်စီး လာနေသဖြင့် တရားခံ၏ ကားကို မီးနီပြ တားဆီးထားသည်ကို အဝေးကပင် မြင်နိုင်သည်။ ဆရာဝန်၏ အစစ်ခံချက် ကိုလည်း မှတ်တမ်းတင်သည်။ ကားနှစ်စီး ပျက်စီးပုံ၊ ကားတိုက်ပြီး ယင်းတို့ အနေအထားတို့ကို မှတ်သားသည်။ ထို့နောက် မျက်မြင်သက်သေ လေးဦးကို စစ်ဆေးသည်။ လေးဦးစလုံးက ယာဉ်ထိန်းပုလိပ်၏ အစစ်ခံချက်ကို ထောက်ခံကြ သည်။

အမှုကို စက်တင်ဘာ ၁၉ သို့ ထပ်မံ ရွှေ့ဆိုင်းလိုက်သည်။ ထိုအချိန်တွင် ဦးခေါင်း ဒဏ်ရာရသည့် အဒေါ်ကြီးမှာ သက်သာလာပြီ။ သူ့ကို ပုလိပ်က သက်သေအဖြစ် ထပ်မံ တင်ပြလိုသေးသည်။ ထိုနေ့တွင် အဒေါ်ကြီးသည် ခေါင်းတွင် ပတ်တီးစည်းလျက် ရုံးသို့ လာရောက်အစစ်ခံသည်။ တရားခံအပေါ် ရန်လိုသည့် အမူအရာ လုံးလုံး မရှိဘဲ ဖြစ်ပျက်သမျှကို ရှင်းရှင်းလင်းလင်းပင် အစစ်ဆေးခံခဲ့သည်။ ထိုနေ့က တူဝရီးသုံးယောက် မော်တော်ကားဖြင့် ရန်ကုန် ထဲသို့ လာခဲ့ကြသည်။ သူ့တူကကားကို ဒရိုင်ဘာက ဖြည်းဖြည်းမှန်မှန် မောင်းခဲ့သည်။ ဟယ်လလင်လမ်းဆုံသို့ ရောက်လျှင် မီးစိမ်းပြသဖြင့် ဆက်မောင်းခဲ့ရာ ဆောင့်ဟစ်သံ ကြားရပြီး သတိမေ့သွားသည်။ သတိပြန်လည်လာလျှင် ဆေးရုံကြီးသို့ ရောက်နေ ကြောင်း သိရသည်ဟု အစစ်ခံသည်။

အမှုစစ်ဆေးခြင်းကို ဤတွင် အဆုံးသတ်လိုက်သည်။ စစ်ဆေးချက်များ အရမူ တရားခံသည် မီးနီကို ဖြတ်မောင်းသဖြင့် ကားတိုက်မှုဖြစ်ရသည်မှာ ထင်ရှား နေသည်။ သို့သော် တရားခံသည် ဂျင်မခါနာ ကလပ်မှ လာခြင်း ဖြစ်သည်ကိုမူ မပြောတော့။ ကျွန်တော်ဘက်က စဉ်းစား ဆုံးဖြတ်ရန်သာ ကျန်တော့သည်။

အမှုသွား အမှုလာ လိပ်ပတ်လည်ရန် သက်သေများကို ပြန်ခေါ်စစ်ဆေး ပိုင်ခွင့်ရှိသည်။ ယင်းမှာ တရားသူကြီးအား ဥပဒေက ပေးအပ်ထားသော

အမှုန့်အာကာသင် ဖြစ်သည်။ ဆင်ဂူပတား အမှုတွင် ကျွန်တော်သည် တရားခံ ဆင်ဂူပတားအပေါ် မနစ်နာစေလိုသော ဆန္ဒရှိသဖြင့် ထိုအမှုန့်အာကာကို အသုံးပြုကာ သက်သေများကို ပြန်ခေါ်စစ်ဆေးခဲ့သည်။ ယခုအမှု၌လည်း ရှင်းလင်းစရာ တစ်ချက် ကျန်နေသေးသည်ကို တွေ့ရသည်။ ကျွန်တော့်ဘက်က အမှုန့်အာကာကို အသုံးပြုကာ တရားခံ ဒေါက်တာကျူသည် ဂျင်မခါနာကလပ်မှ ထွက်အလာတွင် အရက် ဘယ်နှစ်ခွက် သောက်ခဲ့သည်၊ ဘယ်လောက် မူးယစ်လာသည်ကို မှုလိပ်အား ထပ်မံ စုံစမ်းစစ်ဆေးနိုင်းနိုင်သည်။ သို့သော် ထိုနည်းလမ်းကို ကျွန်တော် အသုံး မပြုလိုပါ။ ထိုကိစ္စကို ပေါ်အောင် ဖော်မည် ဆိုလျှင် တရားခံဘက်က အများကြီး နစ်နာစရာအကြောင်းတွေကို ကျွန်တော် မြင်တွေ့နေပါသည်။ တရားခံနှင့် သူ့ရှေ့နေတို့အား ထိုကိစ္စနှင့် ပတ်သက်၍ မေးလား မြန်းလား မလုပ်လျှင် ကျွန်တော်အဖို့ ကောင်းမည်ဟု ဆင်ခြင်မိသည်။ သည်နည်းနှင့်တော့ တရားခံကို အမိဖမ်းရန် အားမထုတ်လျှင် ကောင်းမည်ဟု ကျွန်တော် ယူဆမိသည်။ အမှုကို စစ်ဆေးစဉ် ကာလတစ်လျှောက်လုံးတွင် တရားခံသည် ဂျင်မခါနာ ကလပ်မှ ထွက်လာသည့်အခါ တည်ငြိမ်မှုရှိလား၊ အရက်မူးလာသလား ဆိုသည့် ကိစ္စ မပေါ်လာပါ။ တရားရုံးတွင်လည်း မျက်မြင်သက်သေ တစ်စုံတစ်ရာ မတင်ပြနိုင်ပါ။ သို့သော် ကလပ်မှ ထွက်လာပြီးနောက် သူ့ အပြုအမူတို့က မယိမ်းယိုင်နိုင်အောင် ယိမ်းယိုင်လာသည့် အဖြစ်မျိုးနှင့် ကြုံကြိုက်နေတတ်ရာ သူသည် ကလပ်တွင် အရက်သေစာ အလွန်အကျွံ သောက်လာသဖြင့်သာ ဤသို့ သတိလက်လွတ် ဖြစ်ရခြင်း ဖြစ်သည်ဟု ယူဆစရာ အကြောင်းသာ ထင်ထင်ရှားရှား ပေါ်လွင်လာသည်။

သို့သော် ဤသည်မှာ ထင်မြင်ယူဆချက်သာ ဖြစ်သည်။ အကယ်၍သာ တရားခံ ဒေါက်တာကျူတစ်ယောက် ဂျင်မခါနာကလပ်တွင် အရက်အလွန်အကျွံ သောက်စားကာ မူးယစ်လာပါသည်ဟု မျက်မြင်သက်သေ တစ်ယောက်လောက်၏ အစစ်ခံချက်ကို ရယူနိုင်မည် ဆိုလျှင် အဆိုပါ ထင်မြင်ယူဆချက်သည် တကယ့် အဖြစ်မှန်သဖွယ် ကူးပြောင်းလာမည် ဖြစ်သည်။ ထိုအခါတွင်မူ ကျွန်တော့်ဘက်က သက်သေအထောက်အထား ခိုင်လုံစွာဖြင့် တရားခံကို စွဲချက်တင်ပြကာ ပြစ်ဒဏ် တစ်စုံတစ်ရာကို ပြတ်ပြတ်သားသား ချမှတ်နိုင်မည် ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ တရားခံ ဒေါက်တာကျူ အရက်မူးလာခဲ့တဲ့အကြောင်း ဆိုသည့် ထင်မြင်ယူဆချက်ကို တင်ပြလျှင်ကား တရားခံဘက်က အသာ ရသွားလိမ့်မည်။ ထင်မြင်ယူဆချက် မဟုတ်ဘဲ မျက်မြင်သက်သေ ထွက်ဆိုချက်ကို အခြေခံမှ ပေါ်ပေါက် နိုင်လိမ့်မည် ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ ထင်မြင်ယူဆချက် အခ

တရားခံအား နှုတ်ကျွမ်းတင်မည် ဆိုလျှင် တရားခံ ရှေ့နေက ကန့်ကွက်နိုင်စရာ အကြောင်း ရှိပေသည်။

မက်ခွန်နယ်ဘက်ကလည်း သူ့တရားခံအတွက် လျှောက်လဲစရာ အကွက်အကွင်း ရှာရသည်။ မီးနီပြထားသည်ကို အမှတ်မထားမိကြောင်း မျှော်လင့်မည်။ မက်ခွန်နယ်က ဤသို့ လျှောက်လဲသည်။ ထိုအချိန်က ရန်ကုန်မြို့တွင် နေရာ အနည်းငယ်တွင်သာ ယာဉ်ထိန်းပုလိပ်တို့က မီးနီမီးစိမ်း အသုံးပြုသည်။ အများကြီး ရှာ၍လည်း အနီမှအစိမ်းသို့၊ အစိမ်းမှအနီသို့ ကူးပြောင်းသည့်အခါ မီးတိုင်ကို လက်ဖြင့် လှည့်ရသည်။ သို့သော် အချို့သော ယာဉ်ထိန်းတို့သည် အနီမှ အစိမ်း ပြီး ရုတ်တရက် ချက်ချင်းပင် အစိမ်းမှ အနီသို့ ပြန်လှည့်သည်တို့ ရှိသည်။ စည်းကမ်းမရှိ လှည့်ချင်သလို လှည့်နေကြသည်။ မိုးရွာသည့် ညများတွင် ဆိုလျှင် လမ်းမျော်သည့်အခါတို့ ကြုံရတတ်သည်။ ယာဉ်မောင်းသည် လမ်းဆုံအရောက်တွင် အစိမ်းမှ အနီသို့ ရုတ်တရက် ကူးပြောင်းသွားသည်တို့ ကြုံရလျှင် ကားကို မထိန်းသိမ်းနိုင် ဖြစ်ရသည်။ နောက် တစ်ချက်မှာ အဝါမီး အသုံးမပြုခြင်းပင် ဖြစ်သည်။ ဤသည်မှာ သူ၏ တရားခံ ယခု ကြုံတွေ့ရသည့် အဖြစ်ဆိုးပင် ဖြစ်သည်။ အရှိန်နှင့် မောင်းလာခဲ့ရာ လမ်းဆုံရောက်မှ ရုတ်တရက် မီးနီပြကာ အတားခံရခြင်း ဖြစ်သည်။

သို့သော်လည်း မက်ခွန်နယ်၏ လျှောက်လဲချက်သည် ပြည်လမ်းမကြီးအပေါ်က ကား ကြုံရသည့် အခြေအနေနှင့် မတူကြောင်း တရားလိုဘက်က ထင်ပြချက်အရ သိသာထင်ရှားနေသည်။ သို့ဖြစ်ရာ မက်ခွန်နယ်၏ လျှောက်လဲချက်သည် မနိုင်လုံ။ တဖန် မက်ခွန်နယ်စွပ်စွဲသလို ယာဉ်ထိန်းပုလိပ်ကလည်း မီးနီမီးစိမ်းကို ရုတ်တရက် ကူးပြောင်းလိုက်ခြင်း မဟုတ်သည်မှာ ထင်ရှားသည်။ ပြီးတော့ ကားနှင့်စီး မြန်နှုန်းချင်း မတူသည်ကို ထောက်ချင့်ပြီး မီးစိမ်း မီးနီ ရုတ်တရက် ကူးပြောင်းသည် ဆိုခြင်းမှာ မဖြစ်နိုင်။

ထိုအခါ မက်ခွန်နယ်မှာ ရုတ်ရုတ်ခတ်လာသည်။ မီးနီ မီးစိမ်း အလှည့်အပြောင်း လျှောက်လဲချက်ကလည်း အကွက် မဝင်။ တရားခံ အရက်သောက်လာသဖြင့်သာ မထိန်းသိမ်းနိုင် ဖြစ်ရဟန် တူသည် ဆိုသော ထင်မြင်ယူဆချက်ကိုလည်း ချေလည်အောင် မချေနိုင်။ ထို့ကြောင့် အမှုကို ကျွန်တော်ရုံးတွင် ဆက်လက်စစ်ဆေးခြင်း မပြုလုပ်နိုင်အောင် ကြံစည် ကြိုးစားလာသည်။ ပထမဆုံး ခြေလှမ်းအဖြစ် အမှုကို ဟိုက်ကုတ်သို့ ပြောင်းရွှေ့ စစ်ဆေးရန် လျှောက်ထားတင်ပြသည်။ အကြောင်းပြချက်မှာ ဤသို့ ဖြစ်သည်။ အကယ်၍ အမှုဆိုင်ကြသည့် တရားပြိုင်နှစ်ဦးသည် လူမျိုးချင်း မတူခဲ့လျှင် ဖြစ်စေ၊ ရန်ငြိုးရှိခဲ့လျှင် ဖြစ်စေ

တရားရုံးတစ်ခုမှ အခြားတစ်ခုသို့ ပြောင်းရွှေ့ စစ်ဆေးနိုင်သည်ဟု ဥပဒေတွင် ဖော်ပြထားသည်။ ယင်းကို ကိုးကားကာ ရုံးပြောင်း စစ်ဆေးရန် လျှောက်ထား တင်ပြသည်။ ထိုအခါ ဖော်တက်စကျူးအတွက် အင်္ဂလိပ်လူမျိုး ဂျူရီလူကြီးများ ခန့်ပေးရလိမ့်မည်။ အင်္ဂလိပ်လူမျိုး ဂျူရီတို့သည် အင်္ဂလိပ်လူမျိုး တရားခံအပေါ် သက်ညှာလေ့ရှိသည်။

ထိုအခါ ကျွန်တော်က ရုံးပြောင်း မစစ်သင့်ကြောင်း၊ တရားဥပဒေက ခွင့်မပြုနိုင်ကြောင်း၊ ဤအမှုကို ခွဲဆိုသည့် တရားလိုမှာ ပုလိပ်ဖြစ်ပြီး မြန်မာတို့ မပါဟုတ်ကြောင်း ပြောကြားသည်။ ထို့ပြင် ရန်ငြိုးရှိသည်၊ အာဃာတ ရှိသည် ဆိုခြင်းမျိုးလည်း မဖြစ်နိုင်။ ဒဏ်ရာရသည့် အမျိုးသမီး နှစ်ဦး၏ ထွက်ဆိုချက်များတွင် ရန်လိုမုန်းတီးသည့် စကားများ မပါ။ ဖြစ်ပျက်သမျှကိုသာ အစစ်ခံခြင်း ဖြစ်လေသည်။

ကျွန်တော်၏ အမိန့်ကို မကျေနပ်လျှင် မက်ဂွန်နယ်ဘက်က အယူခံ တင်နိုင်ခွင့် ရှိသည်။ သို့သော် အမိန့်မှာ မှန်ကန်သည်ဟု လက်ခံပြီး ရုံးပြောင်းစစ်ရန် အကြံကို စွန့်လိုက်သည်။ သို့သော် ခုတိယကြိုးပမ်းချက်အဖြစ် အမှုကို နှစ်မတ် သတောတွ ကျေးဆေးရန် လျှောက်ထားတင်ပြသည်။ သူ့အမှုသည်မှာ မရှုနိုင် မကာယနိုင်အခြေ ရောက်နေပြီ။ ကျေးဆေးမည်ဆိုလျှင် ပုလိပ်ကလည်း ကန့်ကွက် ရန် မရှိ။ သူ့အမှုသည်ကလည်း နစ်နာကြေးအဖြစ် လျော်ကြေးပေးရန် အသင့် ရှိသည်ဟု တင်ပြလာပြန်သည်။

ဥပဒေအရ တရားသူကြီးက သဘောတူလျှင် ကျေးအေးခွင့် ပြုနိုင်သည်။ သို့သော်လည်း အခြေအနေမှာ ရှင်းလင်း ပြတ်သားနေပြီ။ အမှုစစ်ဆေးလာပြီး စီရင်ချက်ချရန် လက်တစ်ကမ်းအလိုတွင်မှ ကျေးအေးရန် တင်ပြသည်ကို ကျွန်တော် လက်မခံနိုင်။ တရားခံမှာ အပြစ် ရထိုက်မည် သေချာသည်။ ယာဉ်ထိန်းမှုလိပ် ပြုမူဆောင်ရွက်ပုံမှာလည်း မှန်ကန်သည်ဟု အစစ်ဆေးခံပြီးပြီ။ အများပြည်သူတို့ ကလည်း အာဏာပိုင်တို့ဘက်က အမိန့်ချမှတ်ရန်ကိုသာ မျှော်လင့်နေကြသည်။ ဤအဆင့်အထိ ရောက်နေမှ အမှုကို ကျေးအေးခွင့် ပြုမည် ဆိုလျှင် ကျွန်တော် ဘက်က တာဝန်ကို ရှောင်လွှဲရာ ရောက်သွားမည်။ တရားသူကြီး ပေါင်းချောင်သွား သည်ဟု ပြောကြလိမ့်မည်။ ထိုအချိန်တွင် တစ်မြို့လုံးလိုလိုပင် ဤကားတိုက်မှု အကြောင်းကို ပြောဆိုနေကြသည်။ စစ်ဘက်တွင်လည်း ပြောဆိုဝေဖန်ကြသည်။ စစ်ဗိုလ်ကလေးများ၏ မိတ်ဆွေအပေါင်းအသင်း အရာရှိ အသိုင်းအဝိုင်း အကြား တွင်လည်း ဤအမှုအကြောင်း ပြောဆိုနေကြသည်။ သူတို့၏ အမျိုးသမီးမိတ်ဆွေ များသည်ပင် အမှုသွား အမှုလာကို မပျက်မကွက် လေ့လာနေကြသည့်အဆင့် ရောက်နေ

ကြပြီး ခင်နှသပါတော်မော် ထမင်းစားပွဲများတွင် လည်းကောင်း၊ ကလပ်များတွင် လည်းကောင်း၊ ရန်ကုန်ဂုပ်ပ်ကို ရှာရာ မရှိအောင် ပြစ်တင်ဝေဖန်ကြသည်။ ထိုအချိန်မျိုးတွင် အမှုကို ကော့ဆေးခွင် ပြလိုက်မည်ဆိုလျှင် တရားသူကြီးသည် ရယ်သံရွာသံကို နာခံသလို ဖြစ်သွားလိမ့်မည်။ သူတို့အလိုသို့ လိုက်မိလျက်သား ဖြစ်သွားလိမ့်မည်။ သို့ဖြစ်ရာ ကော့ဆေးရုံ ကျွန်ုပ်တော် ခွင့်မပြုနိုင်။ ငြင်းဆို လိုက်သည်။

မက်ဒွန်နယ်ဘက်က အကြံကုန်သွားပြီး ကျွန်တော့်ထံ တင်ပြ လျှောက် ထားသည့် မြေလှမ်းနှစ်ရပ်မှာ နောက်ဆုံး လက်နက်နှစ်ရပ် ဖြစ်သည်။ ထို အကြံ အစည် နှစ်ခု မအောင်မြင်သည့်အခါ သူ့တွင် လျှောက်လဲစရာ မကျန်တော့ပေ။ နှုံးတော့မည့် အမှုအတွက် တတ်နိုင်သမျှ အဖတ်ဆယ်ရန် သူ ကြိုးစားသည်။ သူက ဤသို့ နောက်ဆုံး လျှောက်လဲသည်။ သူ့အမှုသည်သည် ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်သည်။ ညစာအမိ မော်တော်ကားကို ခပ်မှန်မှန် မောင်းလာရာသို့ ယာဉ်ထိန်းပုလိပ်က ပြသည့် မီးနီအကြောင့် စိတ်ရှုပ်ထွေးသွားကာ ကားတိုက်မှုဖြစ်၊ ဖြစ်သည်။

သို့ဖြစ်ရာ သူ့အမှုသည်အား အပြစ် ရှိသည်ဟု တရားသူကြီးမင်းက ယူဆပြီး ဒဏ်ငွေတစ်စောင်ပင် ဝတ်သတော ဒဏ်ငွေအနည်းငယ်သာ တင်သင့် သည်ဟု နောက်ဆုံး လျှောက်လဲသည်။ လက်ထောက် အစိုးရရှေ့နေက သက်သေ ထွက်ချက် အားလုံးကို ပြန်လည်တင်ပြပြီး စီရင်ချက်ချရန် ကျွန်တော့်လက်သို့ အပ်လိုက်သည်။

စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် အမှုအတွက် မည်သို့ စီရင်ဆုံးဖြတ် မည်ကို စဉ်းစားရသည်။ တရားခံကို ဒဏ်ငွေတပ်ပြီး ဒဏ်ရာရသူ အမျိုးသမီး နှစ်ဦးအား လျော်ကြေးပေးနိုင်းမည် ဆိုလျှင် ကျွန်တော့်အဖို့ စီရင်ချက်ကို လွယ်လွယ်ပင် ရေးချနိုင်မည်။ စင်ဘက် အသိုင်းအဝိုင်းကမူ ဤစီရင်ချက်ကို သဘောတူလမည် မဟုတ်။ ထိုတိုင်အောင် ဤစီရင်ချက်မျိုးကို ကြားရလျှင် ဓာရုံ နှုတ်ပိတ်နေကြမည်သာ ဖြစ်သည်။ သူတို့ ပတ်ဝန်းကျင်တွင် ဤအမှု အကြောင်းကို တစ်ပတ်လောက် ပေါ်ပေါ် ပြောဆိုကြလိမ့်မည်။ ပြီးတော့ ထို အကြောင်းသည် မေ့ပျောက်သွားမည်။ သို့သော် ဤစီရင်ထုံးသည် လျော်ကန် သင့်မြတ်သည့် စီရင်ထုံး တစ်ခုလား။ ဤအမှု ဖြစ်ပွားရာတွင် ပါဝင်ကြသူတို့၏ အနေအထားကို တစ်မျိုး တစ်ဘာသာ ပြောင်းလဲကာ စဉ်းစားမည် ဆိုကြပါစို့။ အကယ်၍ တရားခံသည် မြန်မာလူငယ် အရာရှိတစ်ယောက် ဖြစ်သည် ဆိုကြပါစို့။ မြန်မာလူငယ် အရာရှိသည် ဂျိုးဘ် ကလပ်မှ စားသောက်ပြီး ပြန်လာရာတွင်

မီးနီပြထားသည်ကို ဖြတ်မောင်းပြီး အင်္ဂလိပ် အမျိုးသမီးနှစ်ယောက် စီးနှင်း လိုက်ပါလာသည့် မော်တော်ကားကို ကျွမ်းနစ်ပတ်လောက် ပြန်အောင် တိုက်မိသည်။ အင်္ဂလိပ် အမျိုးသမီးနှစ်ယောက် ဒဏ်ရာအပြင်းအထန် ရသည်။ ထိုအခါမျိုးတွင် အင်္ဂလိပ်လူမျိုးများက ဘယ်လို စီရင်ချက်မျိုး တောင်းဆိုကြမည်နည်း၊ တရားသူကြီးက မည်သို့ ဆုံးဖြတ်မည်နည်း။ ထိုကိစ္စမျိုးတွင် ရှည်ရှည်ဝေးဝေး စဉ်းစားနေရန် အကြောင်းမမြင်။ တရားသူကြီးသည် တရားခံ မြန်မာလူငယ်အား ကြီးလေးသည့် ပြစ်ဒဏ်ကို စီရင်မည် အမှန်ပင် ဖြစ်သည်။ သို့မဟုတ် အခြား တစ်မျိုး စဉ်းစားနိုင်သေးသည်။ ဤကဲ့သို့သော ကားတိုက်မှုမျိုး အင်္ဂလန်ပြည်တွင် ဖြစ်ပွားခဲ့လျှင် တရားသူကြီးက ဘယ်လို စီရင်မည်နည်း။ ဤတွင်လည်း ထောင်ဒဏ် စီရင်မည် အမှန်။

သို့သော် မြန်မာပြည်တွင်မူ ဗြိတိသျှစစ်တပ်မှ အင်္ဂလိပ်စစ်ဗိုလ်ကလေး တစ်ယောက် ကျူးလွန်သည့် ပြစ်မှုအတွက် ထောင်ဒဏ် စီရင်ချက်ချရန် ဖြစ်နိုင်ပါမည်လော။ ကျွန်တော် စီရင်ချက်ချရမည့် ယခုအမှုတွင် မိမိ မှန်သည် ထင်သည့် စီရင်ချက်မျိုး ပေးနိုင်ပါမည်လော ဟု သံသယ ဝင်လာသည်။ ကျွန်တော်တွင် သင့်မြတ်သလို စီရင်ပိုင်ခွင့်အာဏာ ရှိသည် မှန်သည်။ သို့သော် ကျွန်တော့် စီရင်ချက်ကို ဟိုက်ကုတ် (တရားလွှတ်တော်)က အောက်ရုံးအမိန့်အတိုင်း တည်စေဟု အတည်ပြု လက်ခံပါမည်လော။ ယခုအချိန်တွင် တရားဝန်ကြီး ဆာအာသာပေါ်တ်မှ လည်း ခွင့်ယူကာ အင်္ဂလန်သို့ ပြန်နေသည်။ သူ ရှိနေလျှင်မူ သူ့အားကိုး ရှိနေသေးသည်။

ဆာအာသာသည် တရားဥပဒေအတိုင်း တည့်တည့်မတ်မတ် စီရင်သည်ကို ထောက်ခံသည်။ အများပြည်သူတို့၏ ထင်မြင် ယူဆချက်ကို စဉ်းစားနေသူ မဟုတ်ဟု လူသိများ ကျော်ကြားသည်။ သို့သော်လည်း သူ ခွင့်ယူနေသည်မှာ ဆိုးသည်။ သူ့နေရာတွင် တရားသူကြီးငယ်တစ်ယောက် တာဝန်ယူနေသည်။ သို့ဖြစ်ရာ ဟိုက်ကုတ်တွင် တရားဥပဒေ ဝန်ထမ်းဘက်က ခေါင်းမာမာဖြင့် အုပ်ချုပ်ရေး ဝန်ထမ်းဘက်ကို အတိုက်အခံ ပြောဆို ဆောင်ရွက်နိုင်သူ မရှိနိုင်ကြ ကြုံကြိုက်နေရသည်။

အုပ်ချုပ်ရေးသမားတို့ကလည်း ယခု အမှုတွင် တရားခံအပေါ် အထူး ညှာတာ ထောက်ထားရွာ စဉ်းစားကာ စီရင်ချက် ချရန် လိုလားနေသည် ဟု ကျွန်တော် ထင်သည်။ ဤနေရာတွင် ကျွန်တော် အထင်မမှားအောင် ကောင်းပါပဲဟု ယုံကြည်မိသည်။

အနီးရောက်မှ ကျွန်တော့်အား ဘယ်ပုံဘယ်နည်း စီရင်ချက်ပေးပါဟု မပြော။ အရိပ်နိမိတ်လည်း မပြ။ ဤနေရာတွင် အနီးရသည် များစွာ သတိထားသည်ကို ကျွန်တော် သိထားသည်။ သို့သော်လည်း အစာရှိ အချို့၏ သဘောထားကို ကျွန်တော် ကြားသိရသည်တို့ ရှိသည်။ သူတို့အနေ ဘယ်သို့ရှိသည်ကို ကျွန်တော် သိသည်။ သူတို့ကမူ ဤအမှုတွင် ဒဏ်ငွေအနည်းငယ်တပ်လျှင်ပင် လုံလောက်ပြီဟု ယူဆသည်။ ကာလပ်အသိုင်းအဝိုင်းတွင် ဒဏ်တပ်လျှင် လုံလောက်ပြီ ဟူသော အသံ ပြည်နေသည်မှာ ကြာပြီ။ ထိုအသံသည် ကျွန်တော့်နားသို့ ရောက်လာသည်။

တရားခံ ရှေ့နေ မက်ခွန်နယ်၏ စကားတစ်ခွန်း ရှိသေးသည်။ ယင်းမှာ ကျွန်တော်နှင့် လုံးလုံးလျားလျား ပတ်သက်နေသည်။ ကျင်းမခါမှာ ကာလပ်တွင် သူ့မိတ်ဆွေ အပေါင်းအသင်းနည်းရှေ့၌ မက်ခွန်နယ်က “ဒီအမှုမှာ တောလဝ်ဆီက ထောင်ဒဏ်စီရင်ချက် ထွက်လာရင်တော့ သူ့သေတွင်း သူ တူးပြီသာ မှတ်”ဟု ပြောသည် ဆိုသော သတင်းစကားသည် ကျွန်တော့်နားသို့ ရောက်လာသည်။ ဘာကြောင့် ဤစကားမျိုး သူ ပြောရသလဲ၊ အုပ်ချုပ်ရေးပိုင်းက ထိပ်တန်း အရာရှိများ၏ သဘောထားကို သူ သိနေသလား၊ တစ်နည်းဆိုရလျှင် ဤအမှုတွင် ကျွန်တော် ကိုင်တွယ်ပုံ ကိုင်တွယ်နည်းကို မကြိုက်သည့် ကျွန်တော့်အထက်က ပညာဥပဒေ ဝန်ထမ်းအချို့၏ သဘောထားကို သူ သိနေသလား။ ဤသို့ တောက်ချက်ရန်ကား မောလွန်းနေသည်ဟု ကျွန်တော် ထင်မိသည်။

ဒဏ်ငွေပေးကာသာ မစီရင်လျှင် ကျွန်တော် ဒုက္ခရောက်ပြီဟု သူ ပြောနေခြင်းမှာ တမင်သက်သက် သူ့အမှုသည် သက်သာရာရအောင် ကြံဖန် ပြောဆိုနေခြင်း မဟုတ်နိုင်။ ကျွန်တော့်အကြောင်းကို သူ ကောင်းကောင်း သိနေသည်။ ခြိမ်းခြောက်လို့ မရသည့် တရားသူကြီးမှန်း သူ သိသည်။ အကယ်၍ ထိုစကား မျိုးသာ သူ ပြောခဲ့လျှင် ထိုစကားသည် တရားခံဘက်သားများ စိတ်သက်သာရာ ရအောင် ပြောသည့် စကားမျိုးသာ ဖြစ်မည်ဟု ကျွန်တော် ယူဆသည်။ ထိုအခါ ကျွန်တော်က ထောင်ချလိမ့်မည်ဟု ထင်နေသူတို့ စိတ်သက်သာရာ ရသွားမည်။

ဤအတွေးများ ဝင်လာသည့်အခါ ထောင်ဒဏ်စီရင်ချက် ပေးရန် မသင့်ဟု စိတ်တွင် ဖြစ်ပေါ်လာပြန်သည်။ ကျွန်တော်က ထောင်ဒဏ်စီရင်လျှင် တရားရုံးချုပ် (ဟိုက်ကုတ်)က အတည်ပြုလိမ့်မည် မဟုတ်။ ထောက်ခံ အမိန့် တည်မြဲ ဟု အတည်ပြုသည့်တိုင် အနီးရှဲ့ အရေးအာဏာများ ရှိနေသေးသည် မဟုတ်လား။ အများ ပြည်သူတို့၏ အကျိုးစီးပွားနှင့် မဆန့်ကျင်ရန် တစ်နည်းဆိုသော် အများပြည်သူတို့ ဆူဆူပူပူ မဖြစ်စေရန် အကျဉ်းသားတစ်ယောက်ကို ထောင်မှ လွတ်နိုင်ခွင့်အာဏာသည် ပြည်နိုင် အနီးရောက်ဝယ်၌ ရှိနေသည်။ တရားခံကို

ကျွန်တော်က ဆောင်းရွမည်။ တရားရုံးချုပ်က အတည်ပြုမည်။ ထိုအခါ အထက်အမိန့်ရော ဝင်ရောက် စွက်ဖက်မည်။ ထိုစဉ်က အခြေအနေမှာ ကျွန်တော် အားထားသည့် လှုပ်ရှားလိမ်ခဲ့ပေသော် မှုပ်မှုကား သူတို့ ရာထူးတွင် ရှိမနေမြဲပေမဲ့ ဖြစ်သည်။ ဘုရင်မ ဆာဂျားအင်းနစ်နှင့် တရားဝန်ကြီး ဆာအားသာပိတ်ရှိတို့ မြန်မာပြည်မှာ မရှိကြ။ သို့ဖြစ်ရာ စစ်တပ် အာဏာပိုင်တို့သည် အုပ်ချုပ်ရေး အမိုင်းတွင် ပူတွင်ကျယ် လုပ်နေကြလေသည်။ သူတို့ပြဿနာမှာ ခေါင်းထက် မိုးပြီ နာရေးနေချိန် ဖြစ်လေသည်။

ဤကဲ့သို့သော အခြေအနေနှင့် အချိန်အခါမျိုးတွင် စစ်ခုံလိုက်ကလေးအား ကျွန်တော်ရုံးက ထောင်ဒဏ် စီရင်ခဲ့သော ကျွန်တော် မှိုက်မဲရာ မရောက်ပါလော။ ကျွန်တော်ထက် မိုက်မဲသူ ရှိနိုင်ပါမည်လော။ တရားခံကို စီရင်သည်ထက် ကိုယ့်ကိုယ်ကိုယ် စီရင်သည်နှင့် တူမနေပေဘူးလော။

မည်သို့ဖြစ်စေ တော်တော့ရှုံ့မှုနှင့်ကန်ခို့ လိုသည်။ ဘယ်လမ်း လိုက်လျှင် ကောင်းမည်၊ သင့်မည်၊ မသင့်၊ မလျော်ကန် သေသည့် နည်းတော် နည်းစွန်းကို ရှိန်ဆ ရမည်။ တိကျပြတ်သားရန် လိုသည်။ ခဏရှေ့ တယ်မလော၊ လျော့ကြေး ပေးနိုင်း မလော၊ ဆုံးမစကား ပြောကာ လွှတ်ပေးလိုက်ရမလော။

ဤလမ်း လိုက်လျှင် မြန်မာပြည်သူ အများစုက ကျေနပ်လက်ခံနိုင်မည် မဟုတ်။ မြန်မာတို့သည် ဤအမှုကို စေ့စေ့စပ်စပ်သော စောင့်ကြည့်နေကြ သည်။ မြန်မာသတင်းစာများက အမှုစစ်ဆေးသည်ကို ပြည့်ပြည့်စုံစုံ ဖော်ပြသည်။ မှုလိပ်က အရေးယူပုံ၊ နိုးချက်တင်ပုံတို့ကို ကျေနပ်လက်ခံသည်။ ကျွန်တော်အပေါ် တွင်လည်း ယုံကြည်မှု အပြည့်အဝ ရှိနေကြသည်။ သို့ဖြစ်ရာ ကျွန်တော်စီရင်ချက် ကို လိုလိုလားလား စောင့်ကြည့် အသင့်ရှိနေကြသည်ကို ကျွန်တော် သိထားသည်။ ကျွန်တော် စိတ်ထားကို မြန်မာတွေ နားလည်သည်။ ကျွန်တော်အပေါ် သံသယစွဲ ရှိသည်။ လေးစားသည်။ သို့ဖြစ်ရာ ကျွန်တော်ကတွေ့ရောက်မည့် အခြေအနေကိုကား သူတို့ မသိလားကြပေ။

ဘယ်ပုံ ကျွန်တော် ဆုံးဖြတ်ရမည်နည်း။ ဆုတ်ရေး တရွေ ဆိုသည့် အခြေအနေ ကို ကျွန်တော် ကြုံနေရသည်။ သို့တိုင်အောင် ကျွန်တော့်ဘက်က မျက်စိနှစ်ဖက်က ခဏရှေ့လောက်ပဲ သင့်လျော်ပါပြီ ဟုပြောကာ လျှော့မပေးနိုင်ပါ။ သည့်ထက် မိုးပြီ ထိုက်သင့်သည့် ပြစ်ဒဏ်ချ ပေးရမည်ကို ကျွန်တော် နားလည်မိပါသည်။ ခဏရှေ့ လောက်သာ စီရင်လိုက်လျှင် တစ်သက်လုံး ကျွန်တော် ခေါင်းမဖော်နိုင်တော့မည့် အခြေကို နားလည်ထားပါသည်။ သည့်လိုဆိုလျှင် ကိုယ့်ဘာကိုယ် နစ်မွန်းအောင် လုပ်သည်နှင့် တူတော့မည်။ ကျွန်တော်ဘဝ ဆုံးတော့မည်။

ဤသို့ အပြုံးပြုံးအလှုန်လှုန် စဉ်းစားဆင်ခြင်ပြီးသည့်နောက် ကျွန်တော်သည် ကိုယ်ကိုယ်ကိုယ် သိနားလည်သူ တစ်ယောက်အဖြစ် ပြန်လည် ရရှိလာသည်ဟု ခံစားလာမိသည်။ ငါ အနေအထားမှန်ဟာ ဘယ်နေရာလဲ ဆိုသည်ကို ဆုပ်ကိုင်မိပြီ။ ထိုစဉ်မှာပင် စစ်ရိုလ်ကလေး မော်တော်ကော်ရှာသည် ထောင်ဒဏ် သုံးလနှင့် ဒဏ်ငွေ ငါးဆယ်တစ်သိန်း ကျခံရမည်။ ဒဏ်ငွေကို ကားတိုက်ခံရသူ အမျိုးသမီးနှစ်ယောက်အား လျော်ကြေးအဖြစ် ပေးရမည် ဟူသော စီရင်ချက်ကို မဆိုင်းမတွ ပင် စပ်မြန်မြန် ရေးချလိုက်ပါသည်။

## ၃၅။ ကချွဲ

နောက်တစ်နေ့ နံနက်တွင် ကျွန်တော့်ရုံးသည် စည်စည်ကားကား ရှိနေသည်။ အသက်ဝင် လှုပ်ရှားပြီး ထက်ထက်သန်သန် ဖြစ်နေကြသည်။ ရုံးသို့ လှုံ့ဆော်ရောက်လာသည်။ စစ်ရိုလ်ကလေး မော်တော်ကော်ရှာ ဤရုံးတော်လမ်းတွင် အဓိက စာတ်ဆောင်ဖြစ်နေသည်။ သူ့ဘေးတွင် သူ့တို့တာဝန်ရှင်းမှ ဗိုလ်မှူးတစ်ယောက် ထိုင်နေသည်။ အနားတွင် ဝတ်လုံတော်ရ ဝတ်ရုံကြီး ခြုံထားသည့် မစ္စတာ မက်ခွန်နယ်လည်း ရှိနေသည်။ ကျွန်တော်က စီရင်ချက်ကို ဖတ်ကြားသည်။ မက်ခွန်နယ်၏ အမှုသည် တရားခံကို ထောင်ဒဏ် စီရင်ချက် ချလိုက်သည်။ ထိုအခါ မက်ခွန်နယ်က ဤသို့ လျှောက်ထားသည်။

မက်ခွန်နယ်။ တရားသူကြီးမင်း၊ စိတ်တိုင်းကျ ဆုံးဖြတ် စီရင်နိုင်ပါတယ်။ ကျွန်တော့်အမှုသည်အတွက် တရားရုံးချုပ်မှာ အယူခံဝင်ပါမယ်။ ဒီတော့ ညနေ တရားရုံးချုပ်ဆီက အယူခံလွှာ လက်ခံတယ်၊ အာမခံ ပေးတယ် ဆိုတာ ကြားသည်အထိ ယခု ရုံးခန်းမှာ သည်အတိုင်းနေဖို့ ခွင့်ပြုပါရန် လျှောက်ထားပါတယ်။

တရားသူကြီး။ ကျွန်တော့် ရုံးက ကန့်ကွက်ဖို့ မရှိပါဘူး၊ မစ္စတာ မက်ခွန်နယ်။

ထို့နောက် တရားရုံးချုပ်မှ ထောက်ခံ အမိန့်စာ ရုံးခန်းသို့ ရောက်လာခဲ့သည်။ ကျွန်တော့်ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်နှင့် ဖန်နေဟောဝစ်တင်းစတော ဆီသို့ တယ်လီဖုန်း ဆက်လိုက်သည်။

'အမှုတော့ ဆုံးခန်းတိုင်ပြီလေ'

'ဘယ်လို စီရင်ချက် ချလိုက်သလဲ'

'ထောင်သုံးလနဲ့ ဒဏ်ငွေ'

ထိုအခါ သူ့ဘက်မှ သက်ပြင်းရှည် တစ်ချက်ကို တယ်လီဖုန်းကြိုးထဲမှ ကြားလိုက်ရသည်။ အမှန်စင်စစ် ကျွန်တော့်အတွက် သက်ပြင်းရှည်ပင် ဖြစ်ပါသည်။ သူသည် အတွေ့အကြုံ ကြွယ်ဝသူတစ်ယောက် ဖြစ်လေသည်။

'သည့်ထက် မလျှော့နိုင်ဘူးလား' သူက ဈေးဆစ်သည်။

'မလျှော့နိုင်ဘူး၊ ဥပဒေက အရေးကြီးတယ်။ ကျွန်တော် ပြောတာ သဘော ပေါက်ရဲ့လား'

'ညနေ ဖေါက်သီးနှိုက်ကြမယ်လေ'

'ကောင်းပြီလေ။ ငါးနာရီမှာ ပြည်လမ်းက စောင့်နေမယ်'

ညနေပိုင်းတွင် မက်ခွန်နယ်၏ အယူခံလွှာကို ဟိုက်ကုတ်က လက်ခံလိုက် ကြောင်း၊ တရားခံအား အာမခံပေးလိုက်ကြောင်း၊ ဟိုက်ကုတ် အယူခံလွှာအမှုကို တစ်လအကြာ အောက်တိုဘာလ ၂၉ သို့ ရွှေ့လိုက်ကြောင်း သိရသည်။

နောက်တစ်ပတ် နှစ်ပတ်ခန့်ရှိလျှင် သီတင်းကျွတ် ရုံးပိတ်ရက် ရောက်လာ တော့မည်။ ထိုကာလအတွင်း တောင်ပေါ်စခန်းမြို့ကလေးဖြစ်သည့် ပြင်ဦးလွင်သို့ သွားကာ အနားယူ အပန်းဖြေရန် စိတ်ကူးပေါ်လာသည်။ ပြင်ဦးလွင်တွင် တနေ့တ်ချွစ်သင်တန်းလည်း ရှိသည်ဖြစ်သည်။ သူ့အိမ်တွင် တည်းခိုနိုင်သည်။ သူသည် ထိုအချိန်က အတွင်းဝန် တစ်ယောက် ဖြစ်နေသည်။ ယခုမူ ပဲခူးတိုင်းမင်းကြီး ဖြစ်နေပြီ။ အကယ်၍သာ ကျွန်တော် စစ်ဆေးသည့် စတိုင်လ်ကလေး အမှုကို သူ စစ်ဆေးရမည် ဆိုလျှင် စိတ်ရှုပ်ဖွယ် တစ်မျိုးတစ်စုံ ပေါက်လာလေမည်လား။

ဤအမှု စစ်ရသည်မှာ စိတ်ပင်ပန်းသည်။ ယခုမူ စိတ်ပန်းဖြေချင်သည်။ ပြင်ဦးလွင်တွင် သူ ရှိနေခိုက် သူ့အိမ်တွင် မြန်မာပန်းချီဆရာ အကျော်အမော် ဦးဘညွန့်၏ ပန်းချီပြပွဲတစ်ခုကို သူ စီစဉ်ထားသည်။ ဓေလ္လ ဘုရင်ခံ ဆာဂျေ အေ မောင်ကြီးနှင့်အတူ သူ့ဝန်ကြီးချုပ်များ၊ အတွင်းဝန်များ၊ အထက်တန်း အရာရှိကြီးများလည်း ပြင်ဦးလွင်တွင် ရှိနေကြမည် ဖြစ်သည်။ စစ်ဘက်က ဗိုလ်ချုပ်အတော်များများလည်း ပြင်ဦးလွင်သို့ ရောက်လာကြလိမ့်မည်။ ပြင်ဦးလွင် သည် ဘုရင်ခံ အပန်းဖြေစခန်း အဖြစ်ထက် တပ်မြို့ အဖြစ်က ပို၍ ထင်ရှားသည်။ ယင်းတွင် မြန်မာပြည် စစ်တပ်ဌာနချုပ် ရုံးစိုက်လေသည်။

ပြင်ဦးလွင်သို့ အနားယူသွားမည်ဟု စိတ်ကူးပေါ်လာသည့်အခါ ဆွစ်သင် ဝင် အိမ်တွင် ပြသမည့် ဦးဘညွန့်၏ ပန်းချီပွဲကိုသာ အာရုံစူးစိုက်နေမိသည်။ ဤသည်မှာ ကျွန်တော့်ဘက်က အလေးသုံးဆယ် ဆုံးဖြတ်ချက်တစ်ခု ဖြစ်နေ သည်။ ပြင်ဦးလွင်သည် စစ်တပ် အချက်အချာမြို့တော် ဖြစ်သည်။ စစ်တပ်တွင် ကျွန်တော်မှာမည် ကြားလိုက်ရလျှင် တောနေလုံးနားသည် အထိ စက်ဆုပ်ရွံရှာ

ဖြစ်သွားကြသည် ဆိုသည်ကို ကျွန်တော် သတိမထားမိ။ ပြင်ဦးလွင်သို့ ကျွန်တော် တက်သွားခြင်းက စစ်တပ်ကို စော်ကားမော်ကား ရန်စသလို ဖြစ်လာသည်။

ကောယံတော့ ထိုအချိန် ထိုကာလမျိုးတွင် သီတင်းကျွတ် အပန်းဖြေစခန်း အဖြစ် တခြား တောင်စခန်းမြို့ တစ်ခုကို ကျွန်တော် ရွေးသင့်သည်။ ထိုစခန်းသို့ လူသိရှင်ကြား မဟုတ်ဘဲ ပေါ်ကုပ်ကုပ်လေး သွားကာ အချိန်တန်လျှင် ပြန်လာခဲ့ သော် အားလုံး အဆင်ပြေမည် ဖြစ်သည်။ ကျွန်တော် ရောက်လာသည့်အတွက် အခြားသူတို့အဖို့ တိုင်းကြီးပြည်ကြီးသားတို့ ထုံးစံအရ ကျွန်တော့်အား ယဉ်ကျေး ပျူငှာစွာ မဟာကာဆတ်တွေ ပြုနေစရာ မလို။ သူတို့တစ်တွေ စိတ်ခုကျ ရောက်စရာ လည်း အကြောင်း မရှိ။

ကျွန်တော့် ခေါင်းထဲသို့ ဤအတွေးများ စောစောက မဝင်နိုင်ပါ။ သို့နှင့် အိုက်စပ်ပူလောင်သည့် တစ်ညနေခင်းတွင် ကျွန်တော်လည်း ပြင်ဦးလွင်ရထားကို စောင့်နေလေသည်။

ရထားသည် လယ်ကွင်းများ အလယ်မှ ဖြတ်ပြေးနေသည်။ ပေါ်းတွေ ရုပ်မှည့်။ ပြုံးနေပြီ။ အစိမ်းနှင့်အဝါသည် ရောယှက်နေသည်။ ပေါ်းနံ့အချို့မှာ ငိုက်ညွတ်နေပြီ။ အဝါနှင့်အရွယ်သည် စွဲမြဲလို့ မရ။ အပင်တွေက သန်သည်။ အနံ့တွေက ပြည့်ဖြိုးသည်။ နေခြည်နုတွင် ရွှေနှင်းဆီရောင်ကို ဖြန့်ယှက်နေသည်။

လွန်ခဲ့သည့် နှစ်နှစ်နှင့် သုံးလခန့်က ကျွန်တော်သည် စစ်ကိုင်းမြို့တွင် ရှိနေသည်။ မျှော်လင့်ချက် အပြည့်ဖြင့် ရန်ကုန်သို့ ဆင်းလာသည့်အခါ ဤ လယ်တောကိုပင် ဖြတ်လာခဲ့ရသည်။ နှစ်နှစ်နှင့်သုံးလ ဟူသော ကာလ အပိုင်း အခြား အတွင်း ဘာတွေ ဖြစ်ပျက်ခဲ့သနည်း။ သံတွဲ တောင်ရိုးဆေးရာတော်စံ ဟောကိန်းတို့သည် အကောင်အထည် ပေါ်လာသည်။ အားလုံးလိုလို မှန်သည်သာ ချည်း ဖြစ်သည်။ နာမည် ထင်ရှားလာသည်။ မိမိ အမျိုးသားများနှင့် ဆန့်ကျင်ရလိမ့် မည်။ ဤဟောကိန်း အားလုံး မှန်နေသည်။ ဘာကြောင့် သူ ဟောသည့်အတိုင်း မှန်နေရသလဲ။ အံ့ဩစရာကောင်း။

ယခုမူ မောပန်းလှပြီ။ အမှုလည်း မြန်မြန်ပြီးကာ အဆုံးအဖြတ်တစ်ခုခု ကျစေချင်ပြီ။ အနားယူချင်ပြီ။ အရှေ့ဘက်တွင် ရှမ်းရိုးမကို ညို့ညို့မှိုင်းမှိုင်း မြင်တွေ့ရသည်။ ရထားပြတင်း အပြင်ဘက် ခေါင်းထုတ်လိုက်သည့်အခါ လေအေးက မျက်နှာကို သုတ်ဖျန်းသည်။ တစ်ကိုယ်လုံးလည်း လန်းဆန်းသွား သည်။ ရှမ်းရိုးမတွင် လန်းဆန်းနေမည်။ အေးစိမ့်မည်။ အားအင် ပြည့်ဖြိုးမည်။ စစ်ကိုင်းမှ ထွက်လာကတည်းက တစ်လျှောက်လုံး အလုပ်စခန်းမှာ နစ်မြုပ် ခဲ့ရသည်။ အနား မယူရသည်မှာ ကြာပြီ။

ရထားသည် ပဲခူးကို ဖြတ်လာခဲ့သည်။ ငလျင်ဒဏ်ကြောင့် ပြိုခဲ့ရသည့် ရွှေမော်ဓောဘုရားငုတ်တိုကို မြင်ရသည်။ အနောက်ရိုးမတွင် နေဝင်သွားသည်။ ပတ်ဝန်းကျင်တွင် အရာရာသည် မှုန်၍ မှိုင်း၍ လာလေပြီ။ အမှောင်ထုသည် တဖြည်းဖြည်း ကျဆင်းလာသည်။ ရထားကား အရှိန်မှန်မှန်ဖြင့် ပြေးနေသည်။ တစ်ခါတစ်ရံ ရေစပ်ဆင်းကြသည့် တောသူ အမျိုးသမီးငယ်တို့ကို တွေ့ရသည်။ ထိုရှုခင်းမှာ မြန်မာဆန်သော ကျေးလက်ရှုခင်း ဖြစ်သည်။ မြို့ကြီးပြကြီးတွင် အနေကြာသော ကျွန်တော်မှာ မြန်မာကျေးလက်၏ သဘာဝအလှတွင် ယစ်မူး ကြည်နူးမိလာသည်။ တရားရုံးမှ သက်သေများ၊ ရှေ့နေများ၊ ကွင်းမခါမှာ ကလယ်၏ အမှုသ ကောင်းတင်းဆိုသံများမှ ကင်းရာဝေးရာသို့ ရောက်လာခဲ့သဖြင့် ကြည်နူး လန်းဆန်းလာသည်။

ညနေ ရောက်လာသည်။ လမင်းသည် ရွှံ့ရိုးမ နောက်မှ ထွက်ပြူလာသည်။ ကျွန်တော်တို့ ရထားသည် ပေါင်းနှံတွေ ငိုက်ညွှတ်နေသော လယ်ကွင်းများကို ချန်ရစ်ကာ အရှိန်းနေသသို့ ဝင်လာသည်။ လရောင်အောက်တွင် ထိုဒေသသည်လည်း တစ်မျိုးလှနေသည်။ အဝေးတွင် လှုပ်နေသိမ်ချေများ ရှိသည့် ရွာများဆီမှ မီးရောင်တလက်လက်တို့ကို မြင်ရသည်။ မီးရထားသည် ပုဂံကျွဲသလို ယိမ်းထိုးလာသည်။ သူလည်း စိုးရွည် ငြိမ်းလာရသဖြင့် အိပ်ငိုက်လာဟန် တူသည်။ သို့နှင့် ကျွန်တော်လည်း အိပ်ရာပေါ် လှဲချလိုက်သည်တွင် မကြာမီ အိပ်ပျော်သွားလေသည်။

နံနက်စောစောတွင် ရထားသည် မန္တလေးသို့ ဝင်ခဲ့သည်။ ကျွန်တော်စီးမှာ မန္တလေးအလွန် ၉၀ သုံးဆောင်ငါးရာကျော် အမြင့်ရောက်မှ ခရီးဆုံးမည်။ ပြင်ဦးလွင်သို့ ရထားဖြင့် ခရီးမဆက်တော့ဘဲ မော်တော်ကားဖြင့် သွားရန် စိတ်ကူးသည်။ ရထားမှာ တောင်တက်ရာတွင် နှေးကွေးလှသည်။ ကျွန်တော်ကား ပြင်ဦးလွင်၏ လေနေအေးကို ရှူရှိုက်ချင်လှပြီ။ ပြင်ဦးလွင်၏ နံနက်ခင်းကို မြန်မြန် ထိတွေ့ချင်ပြီ။

မန္တလေး ဘူတာကြီးမှ ထွက်လာလျှင် ဒရိုင်ဘာကို ကျုံးဘေးလမ်းက မောင်းရန် သတိပေးရသည်။ ကျုံးဘေးမှ နေ၍ နန်းမြို့ရိုးကို ကျော်ကာ နန်းတော်ဆီသို့ ကြည့်ရသည့် အရသာမှာ အလွန် ကြည်နူးစရာ ကောင်းလှသည်။ တစ်ကြိမ်က နန်းမြို့သည် ကျက်သရေ ရှိလှပေသည်။ ကျုံးကိုဖြတ်သည့် တံတားဖြူဖြူ တစ်ခုပေါ်တွင် ကားကိုရပ်သည်။ ကျုံးထဲတွင် ကြာဖြူ ကြာနီတို့ ပွင့်မူနေကြသည်။ ကျုံးဟိုဘက်တွင် မြို့ရိုးနီနီကြီးကို တွေ့ရသည်။ နန်းမြို့ရိုးသည် တစ်မျှော်တစ်ခေါ်ကြီး ဝေးသည်အထိ မြင်ကွင်းမှာ ပျောက်မသွား။ ရှေ့သို့ကြီး

ဦးရန် ခိုတင်းသုံးရာ မန္တလေးတောင်ဆီသို့ ဆန့်ထွက်သွားသည်ကို မြင်ကွင်းတွင် ပေါ်လာသည်။ နံနက်ခင်း၏ လေပြည်သည် အေးမြသည်။ မြို့ရိုး၌ ရေရောင်ပြည့်သည့် ဝင်းလက်လာသည်။ အနီရောင်သည့် တောက်ပ ထိန်လင်းလာသည်။ ကျွန်တော့် စိတ်အာရုံထဲတွင် မော်တော်ကားကျွမ်းလည်း မရှိတော့၊ တရားမြိုင်နှင့် လှူ၏ လှိုင်ဖုတ်နက်ရှိုင်းသည်လည်း ကျွန်တော့်ခေါင်းထဲတွင် မပေါ်လာ။ ကံကြမ္မာ အကျည်းအကြောင်းတွင် ကင်းမွန်း စစ်မိုးဝါကာလေးနှင့် ဆုံစည်းရုံးသည်လည်း လွှင့်စင် ထွက်ပြေးသွားလေပြီ။

တောင်အောက်မြို့ရိုးအတိုင်း မောင်းနှင်လာခဲ့ရာ ရွှင်းဟိုး နေခဲ့သည့် မြို့ရိုး တောင့် ရောက်လာသဖြင့် သူ့ကို အမှတ်ရလာသည်။ မန္တလေးတွင် အရာရှိလေး အဖြစ် အမှုထမ်းစဉ်က ရွှင်းဟိုးကို ကျွန်တော် တွေ့ခဲ့သည်။ သူသည် မြန်မာ အနုပညာလက်ရာများ၊ ရှေးဟောင်းပစ္စည်းများ အစုအဆောင်း ကောင်းသူ ဖြစ် သည်။ သူ့ စုဆောင်းပစ္စည်းသည် အတော်လေး စုံလင်သည်။ ယခုမူ သူ ကွယ်လွန် ခဲ့ပြီ။ သူ့ပစ္စည်းတို့လည်း လေနှင့်အတူ လွင့်ပါသွားလေပြီ။ ဒေါ်ပဒေါ်တာ၏ မန္တလေး ရုံချွင်ခင်း ဆီအေးပန်းချီကားတစ်ခု သူ့လက်ဝယ် ရှိခဲ့ဖူးသည်ကို ကျွန်တော် အမှတ်ရလာသည်။ ယခု ထိုကားကို မည်သူ ပိုင်ဆိုင်နေပြီလဲ။ တရုတ် သူဌေး တစ်ဦးဦး၊ လက်ဝယ် ရောက်နေမည်မှာ သေချာသည်။

မော်တော်ကားသည် မိုင်နှစ်ဆယ်လုံးလုံး တာနီးပေါ်၌ မောင်းနှင်ရသည်။ တစ်ဖက်တစ်ချက်တွင် လယ်ကွင်းပြင်ကြီးများမှာ မျှော်မဆုံးအောင် ကျယ်ပြန့် သည်။ ကျွန်တော်တို့ ရှေ့တွင် ရှမ်းရိုးမကို မားမားကြီး တွေ့ရသည်။ လမ်းဘေး တွင် မန်ကျည်းပင်ကြီးများ၏ အရိပ်အာဝါသမှာ အလွန်ကြီးသည်။ လယ်ကွင်းပြင် ကို လေတစ်ချက် ဆေ့ယမ်းလိုက်သည်။ စပါးနှံတို့သည် လေစီးကြောင်းအတိုင်း လှိုင်းအိကလေးများသဖွယ် လှုပ်ရှားကွန့်ရစ်ခဲ့သည်။

လေးဆယ့်ငါးမိနစ်ခန့်ကြာလျှင် ကားသည် ရှမ်းရိုးမကို တက်စ ပြုလေပြီ။ မေမြို့နှင့် အနည်းငယ် ပြင်းထန်လာလေသည်။ သို့သော် ကြာကြာ မစီးရပါ။ ကြာကြာလျှင် ကျွန်တော်များ အကြားသို့ ဖြတ်ကျော် မောင်းနှင်လာသည်။ နာရီဝက်အကြာတွင် ရွှေငါးသာသို့ ရောက်သည်။ ယင်းမှာ ပေနှစ်ထောင်ကျော် အမြင့်တွင် ဖြစ်သည်။ ကားပေါ်မှ ဆင်းကာ မြန်မာပြည် မြေပြင်ချိုင့်ဝှမ်းဆီသို့ ကြည့်မိသည်။ မြင်ကွင်းမှာ ကြည်လင် ပြတ်သားသည်။ အတားအဆီး မရှိ ရှင်းလင်းသည်။ ဤနေရာတွင် တောအီကမ်းပါးမှာ မတ်စောက်သည်။ မိုးရွာပြီးစ ဖြစ်သဖြင့် မှန်များ၊ မြူများ ကင်းစင်လျက် ရှိရာ မန္တလေးမြို့ကို ကြည်ကြည် လင်လင် မြင်ရသည်။ နန်းမြို့ရိုး၊ ကျုံးနှင့် သီပေါနန်းတော် မှန်ကင်းကိုပင်

မြင်နေရသည်။ သည့်ပြင်ဘက်တွင် စရောဝတီသည် တွန့်ကာလိုက်ကာ စီးဆင်းနေသည်။ ပြီးတော့ ဘုရားဂူကျောင်းများ ဖြူဖွေးနေသည့် စစ်ကိုင်းတောင်ကို လှမ်းမျှော်ကြည့်မိသည်။ တောင်ဘက်ကို မျှော်ကြည့်လိုက်လျှင် မှုန်ဝါးတောင်ကို ရေးရေး မြင်ရသည်။ ထိုဒေသသည်ကား မဟာဂီရိ နတ်မောင်နှမတို့ စံမြန်းရာ ဒေသဟု အယူရှိကြလေသည်။

စိုးဆက်ရှိ အချိန်တော်မှ ဖြစ်သဖြင့် ခရိုင်ဘက်ကို သတိပေးရသည်။ တံတောင်ဆစ်ကျွေးများကို လွန်လျှင် ဝက်သစ်ရှုတော တစ်ခုကို တွေ့ရသည်။ လေသည် လန်းဆန်းအေးမြလာသည်။ ထိုလေကို ရှူရှိုက်ရသဖြင့် ထမင်းပင် ဆာလာသည်။ စောကြာလျှင် အနီးစခန်းသို့ ရောက်သည်။ ယင်းတွင် ကီယာနန်ဒါ၏ စေတရောတယ်ရှိမင်းမှာ နာသည်ကျော် ခိုက်ခင်းတစ်ခု ဖြစ်သည်။ ထိုနောက် ဆယ်မိနစ်ခန့်ရှိလျှင် ပြင်ဦးလွင်သို့ ရောက်လာသည်။ အနီရောင် ခိုလ်တဲများမှ ပြင်ဦးလွင်တွင် ထင်ရှားသည့် စီသုကာလက်ရာများ ဖြစ်သည်။ ကျွန်တော်သည် ဆွစ်သင်စင်၏ အိမ်တွင် တည်းခိုမည် ဖြစ်သည်။ ထိုအိမ်မှာ ကန်တော်ကြီး အလွန်တွင် ရှိသည်။ ဆင်ဝင်၌ ကျွန်တော်ကား ဆိုက်လျှင် ဆွစ်သင်စင်က ဆီးကြိုနှုတ်ဆက်သည်။

နံနက်စာ စားကြစဉ် သူက ဤသို့ ပြောသည်။

'ဒါနဲ့ ဒီနေ့ည အစိုးရအိမ်တော်မှာ ကပွဲရှိတယ်၊ ကျွန်တော်တို့ သွားမလို့ စီစဉ်ထားတယ်၊ ခင်ဗျား ရောက်နေတယ်လို့ ဘုရင်ခံ အတွင်းဝန်ဆီကို ဖုန်းဆက်ပြောလိုက်မယ်'

'ကောင်းနူပါ၊ ကျွန်တော် သိပ်သွားချင်တယ်'

မျက်ချင်းပင် တယ်လီဖုန်းမှက် ကိုင်ကာ ပြောနေသည့် အသံကို ကြားနေရသည်။ 'ဒီမှာ တောလစ်လည်း ရောက်နေတယ်၊ ဒီည ကပွဲကို သူလည်း လာချင်တယ်၊ ဖိတ်စာ ပို့ပေးပါလား'

စကားကြားမှ ပြောဆိုနေကြသည်။ စကားပြောစွက်ကို ချလိုက်ပြီးနောက် ဤသို့ ဆိုသည်။ 'ခေါ်တက်ကျော့ကို သူတို့ ဖိတ်ထားမိနေပြီ တဲ့'

'ပြင်ဦးလွင်ကို သူ တက်လာမယ်ဆိုတာ ကျွန်တော် မသိဘူး'

'ဒါပေမဲ့ သူ ရောက်နေတာ အမှန်ပဲ၊ ပြီးတော့ ကပွဲကို ဖိတ်ထားတယ်တဲ့'

'ဘုရင်ခံ အတွင်းဝန်က ဘာပြောသလဲ'

'သူလည်း စိတ်ရှုပ်သွားဟန် တူပါတယ်၊ ခင်ဗျား ပြင်ဦးလွင် ရောက်လာမယ်မှန်း သူ မသိဘူး တဲ့'

'ကျွန်တော်ကိုရော ဖိတ်မှာတဲ့လား'

'ဒီတော့မယ်ရေ၊ စိတ်မှာ ရှိလိုက်မယ် တဲ့၊ ဒါပေမဲ့ နည်းနည်းတော့ စိုးရိမ်သွားဟန် တူတယ်'

အခြေအနေမှာ ထူးခြားသလို ဖြစ်နေသည်။ ဒေါက်တာကျော်သည် ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ပြစ်မှုတစ်ခု ကျူးလွန်သဖြင့် အပြစ်ပေး ခံထားရသူ ဖြစ်သည်။ ယခု အမှုမှာ မပြီးပြတ်သေး။ ဟိုက်ကုတ်တွင် အယူခံဝင်ထားဆဲ ဖြစ်သည်။ ယင်းကို လူတိုင်း သိသည်။ ဘာမှ ဖုံးကွယ်နေစရာ မလို။ အစိုးရ အိမ်တော်သို့ ဖိတ်ကြားခြင်း ခံရသူမှာ နိုင်ငံသား အပြစ်ကင်းစင်သူသာ ဖြစ်သင့်သည်။ ယင်းမှာ ထုံးတမ်း အစဉ်အလာတစ်ခုလို ဖြစ်ရမည်။ အစိုးရအိမ်တော်ထဲသို့ ဝင်ထွက်နိုင်ခြင်းမှာ ဂုဏ်ပြုခံရခြင်းတစ်မျိုး ဖြစ်သည်။ သို့သော်လည်း ယခုမူ တရားခံ ဖြစ်သည့် ဟိုက်ကုတ်က အယူခံမှုကို မကြားနာရသေးဘဲ ရာဇဝတ်သားကို အိမ်တော်သို့ ဖိတ်သည် ဆိုခြင်းမှာ သူ့ကို လိုလားကြောင်း ပြရာ ရောက်သည်။ ဤသို့ ဆိုလျှင်လည်း အချိန်စောလွန်းနေသည်။ ဟိုက်ကုတ်၏ အဆုံးအဖြတ်ကို ကြိုတင်ပြဿနာပေးရာ ရောက်မနေဘူးလား။ ထင်ရှားသလို ထင်၊ ဂရုမစိုက်ဘူးဟု ဝေဖန်ကြရာ ရောက်မနေပေဘူးလား။ ဤသဘောတရားမျိုးကို ဆွေးနွေးသင့်ကြောင်း ပြောခဲ့သည်။ သူကမူ ဤသို့ ထွက်ချောက်ပြီး စိတ်ညစ်ခြင်း ဖြစ်မည် မထင်ကြောင်း ပြန်ပြောသည်။

'ကျွန်တော်တောင်းဆိုတာ အိမ်တော်ရုံးအဖွဲ့က လုပ်တာပါ၊ ဒေါက်တာကျော်က သူတို့စိတ်မှာ ဖြစ်မှာပေါ့၊ ဒီနေရာမှာတော့ ဆောရှူအေ သိမယ် မထင်ဘူး'

'ဒို့ ကျွန်တော်ကလည်း ဂရုမစိုက်ပါဘူး။ ပြီးတော့ ဒီမှာ ဟိုက်ကုတ်တရားသူကြီး တစ်ယောက်ယောက် ရောက်လာလည်း သူတို့ အစီအမံကို ဂရုစိုက်မယ် မထင်ဘူး။ ဒါထက် ကိုယ်ရေး အကျင့်စာရိတ္တ ဘာဖြစ်လို့ စိတ်ပူမိတာတဲ့လဲ၊ ကျွန်တော်ကို ပွဲဖျက်မယ့်သူ၊ ဆူဆူပူပူ လုပ်မယ့်သူ လို့များ ထင်နေသလားမ သိဘူး'

'မဟုတ်ဘူး၊ သူ စိုးရိမ်တာက စစ်တပ်က လူတွေကိုရှ၊ သူတို့တစ်တွေ ရှုတ်ရှုတ် ရှုတ်ရှုတ် လုပ်မှာ စိုးရိမ်တယ်နဲ့ တူပါတယ်'

ထိုက်ရှိုက်မှု လုပ်မည်၊ မလုပ်မည် တပ်အပ်သေချာ မပြောနိုင်ပါ။ သို့သော် အစိုးရအိမ်တော်သို့ မည်သူ့ကို ဖိတ်ရမည်၊ မည်သူ့ကို မဖိတ်ရ ဟူသော အထိ သူတို့ ပြဿနာပေးနိုင်မည် မထင်ပါ။ မည်သို့ဖြစ်စေ ဤပွဲသို့ ကျွန်တော် လာမည်ကို မလိုလားသူတွေ အတော်များနေမှာ သေချာသည်။ သို့ဖြစ်ရာ ကျွန်တော် သွားလို့ သင့်ပါမည်လား။ ပထမ စိတ်ကူးတွင် မသွားတော့ဟု ဆုံးဖြတ်လိုက်သည်။ မြင့်ဦးလှိုင်သို့ ကျွန်တော် တက်လာသည်မှာ အနားယူ အပန်းဖြေရန်သာ ဖြစ်သည်။

ယခုမူ ပြင်ဦးလွင် လောကသည် ရန်ကုန်လောကထက် ပို၍ ရင်းနှီးသလို ဖြစ်နေပြီ။ ပြင်ဦးလွင်သည် မြို့ကလေး လှပကလေးဖြစ်သည်။ ကမ္ဘာသို့ ကျွန်တော် မသွားသည့်တိုင် စိတ်ထဲက စိန်ပွင့်ပါကလေးများနှင့် တစ်နေရာမဟုတ် တစ်နေရာ တွင် တွေ့နိုင်သည်။ ကလပ်တွင် တွေ့နိုင်သည်။ ဓါတ်ကျင်းတွင် တွေ့နိုင်သည်။ ပြီးတော့ ပန်းချီပြပွဲလည်း ရှိသေးသည်။ ဦးဘညွန့်၏ ပန်းချီပြပွဲကို ထက်ရှိန် ချစ်သင်းတင့်က လူတော်တော်များများကို ဖိတ်ထားသည်။ သို့ဖြစ်လျှင် တစ်နည်း စဉ်းစားကြည့်သည်။ အကယ်၍ သည်ည ကမ္ဘာသို့ မသွားတော့ဘူး ဆိုလျှင် ပြင်ဦးလွင်မှ ချက်ချင်း ထွက်သွားရမည်ဟု သဘောရသည်။

'ကဲ... နေပါဦး စားနေတုန်း ကျွန်တော် ကမ္ဘာလိုက်ရမလား'

'အို... လိုက်သာ လိုက်ပါ။ အလကား အဓိပ္ပာယ်မရှိတာတွေ တည့်စဉ်းစား မနေနဲ့' ချစ်သင်းတင့်၏ အဖြေပင် ဖြစ်သည်။

ဟုတ်သည်။ အဓိပ္ပာယ် ဘာမျှ မရှိ။ ထို့ကြောင့် ကမ္ဘာသို့ သွားမည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။ သို့တိုင်အောင် ကင်မွန်တာပ်ရင်းက စိန်ပွင့် ကလေးများသည် ကျွန်တော့်အပေါ် ဘယ်လောက်အထိ အငြိုးကြီးနေသည်ကိုမူ ကျွန်တော် မတွက်ဆတတ်။ မသိနိုင်။ အကယ်၍သာ သူတို့အငြိုးကို တွက်ဆ မိမည်ဆိုလျှင် ကမ္ဘာသို့သွားဖို့ စိတ်ကူးမှ တည့်လိုပါ့မလားဟု ကျွန်တော် တောင်မေ မိသည်။

အမြဲအနေက ဤသို့ ဖန်လာလေရာ ရှောင်လို့ မရတော့။ သို့နှင့် ချစ်သင်းတင့်တို့ အဖွဲ့နှင့်အတူ အိမ်တော်သို့ လာခဲ့သည်။ ဆိုးဆိုးရွားရွား ရင်ဆိုင် ရော ဆို၍ သုန်သုန်မှုန်မှုန် မျက်နှာများအပြင် ဘာကိုနိုင်သေးသလဲ။ နှုတ်ဆက်လည်း ကမ္ဘာသို့ လာသည်။ အခြား မိတ်ဆွေများလည်း ရောက်လာကြသည်။ ပြင်ဦးလွင်လို မြို့လေးမှာပင် ကျွန်တော်ဘက်က ထောက်ခံသူတွေ၊ ကျွန်တော်နှင့် သဘောချင်း တိုက်ဆိုင်သူတွေ ရှိနေသည်။

အိမ်တော်ဆင်ဝင်တွင် ကိုယ်ရေးအတွင်းဝန်က ကျွန်တော်တို့ကို ကြိုဆို သည်။ ကျွန်တော်နှင့် လက်ဆွဲနှုတ်ဆက်သည့်အခါ သူ့မျက်လုံးများမှာ ထိတ်ထိတ် ပျာပျာ ဖြစ်နေသည် ထင်မိသည်။ ကျွန်တော်က ဖိတ်ကြားသည့်အတွက် ကျေးဇူး တင်ကြောင်း ပြောသည်။ အမြဲတမ်း အကြောင်းဆက်ကို ကျွန်တော် သိလာလေရာ မျက်နှာအမူအရာအားဖြင့် ဖော်တတ်ကျွ ရှိနေသည့် အတွက် ကျွန်တော့်ဘက်က တစ်စုံတစ်ရာ အနှောင့်အယှက် မဖြစ်ကြောင်း ပြသရသည်။ သို့သော်လည်း သူက ကျွန်တော်ကို ရှောင်ထွက်ကာ တခြားတစ်ယောက်နှင့် စကားပြောနေသည်။

ကပွဲခန်းမနှင့် ဆက်နေသည့် တစ်ဖက်ခန်းသို့ ကျွန်တော်ရောက်သွားလျှင် တီးဝိုင်းက စတင် တီးမှုတ်သည်။ ကျွန်တော်တို့ အဖွဲ့ထဲက တစ်ယောက်နှင့် တွဲကသည်။ ထိုအခါတွင် ဖော်တက်ကျွက်ကို ကျွန်တော် မြင်လိုက်မိသည်။ စေ့ရှ တရားဝန်ကြီးကိုလည်း မြင်သည်။ သည်နေရာမျိုးမှာ သည်လူတွေ အစုအညီနှင့် ကြုံမှ ကြုံရလေဟု ဆောက်စေ့ ဆင်ခြင်မိကာ ဟက်ဟက်ပက်ပက် ရယ်မိသည်။ ကျွန်တော်နှင့် တွဲကနေသည့် အဖော်မင်း ကျွန်တော် ရယ်သည်ကို ကြည့်ကာ အံ့အားသင့်နေသည်။ ဘဝဇာတ်ဆရာ အလိုကျပေပဲဟု ကျွန်တော် ဆင်ခြင်မိသည်။ သို့သော်လည်း ဘဝဇာတ်ဆရာ စီမံထားသည့် အခြားဇာတ်ကွက်တစ်ခု ရှိသေးသည်ကို ကျွန်တော် မသိသေး။

နောက်ပိုင်းတွင် တွဲကရန် အဖော် မရှိတော့သဖြင့် အောက်ထပ်သို့ ဆင်းလာကာ စားသောက်ခန်းသို့ ဝင်ခဲ့သည်။ အခန်းတစ်ဖက်စွန်းတွင် စစ်တပ်မှ အရာရှိများ စားသောက်ကာ စကားလက်ဆုံ ကျနေကြသည်။ ကျွန်တော် ဝင်လာသည်ကို မြင်လျှင် စကားပြော ရပ်ကာ စိုက်ကြည့်နေကြသည်။ သူတို့နှင့် မသိသဖြင့် အရက်တစ်ခွက်နှင့် ပေါင်မုန့်အသားညှပ် မှာပြီး စားသည်။

ပေါင်မုန့်စားနေစဉ် အခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်ကို ရုတ်ချည်း သတိထားလိုက်မိသည်။ စိတ်အိုက်စရာ အခြေအနေပါလားဟု သတိထားမိသည်။ ထိုစဉ် ကျွန်တော် အသိအကျွမ်းအချို့ ရောက်လာသဖြင့် သူတို့အတွက် သောက်စရာများ မှာကာ စားသောက်ကြသည်။ ခဏအကြာတွင် စစ်ဗိုလ်ကလေးများ အခန်းထဲမှ ထွက်သွားကြသည်။ သည်အခါတွင်မှ အနေရ အထိုင်ရ ပေါ့ပါးလာသည်။

ထို့နောက် ကပွဲခန်းသို့ ရောက်သွားကာ မိတ်ဆွေတစ်ယောက်ကို မြင်သဖြင့် သူနှင့်အတူ အိမ်ကြီး၏ အခြားတစ်ဖက်သို့ လျှောက်လာခဲ့ကြသည်။ အခန်း၏ ချောင်ကျသော ထောင့် တစ်နေရာတွင် သက်တောင့်သက်သာ ထိုင်ရသည့် ကုလားထိုင်များ တွေ့သဖြင့် နေရာ အကျယူကာ စကားလက်ဆုံ ကျမိသည်။ အချိန်မှာ ဘယ်လိုကလယ်နည်း ကုန်လွန်သွားသည် မသိ။ စကားပြော ကောင်းသဖြင့် ကျွန်တော်အဖွဲ့ကိုပင် မေ့နေသည်။ သူတို့ ဘယ်ရောက်နေကြသလဲ။ ထိုစဉ်က ဘာအကြောင်း ပြောကြသည်ကို ယခု ပြန်လည် ဖော်ထုတ်လို့ မရတော့ပြီ။ နောက်ဆုံးတွင် တီးဝိုင်းသိမ်းသည့် အသံ၊ ကားများ ဟွန်းတီးသံတို့ကို ကြားရသည်တွင် နာရီကြည့်မိသည်။ ည တစ်နာရီသာသာ ရှိနေပြီ။

“အင်း... ပြီးသွားပြီ အဖွဲ့နဲ့တွေ့မှ ဘာမှ မဖြစ်ဘူးဆိုတာ ပြောရဦးမယ်” ဤသို့ တစ်ကိုယ်တည်း ပြောမိသည်။

ကျွန်တော်လည်း ဆင်ဝင်သို့ ဝေသုတ်သုတ် ထွက်လာခဲ့သည်။ ဆွစ်သင်ဇင့်၏ ကားလည်း အလောတော်ပင် ရောက်လာသည်။ 'နေပါဦး၊ ခင်ဗျား တစ်ယောက်ထဲ ဘယ် ပျောက်နေရတာတဲ့ လဲ၊ တစ်ချိန်လုံး ဘယ်သွားနေသလဲ' နိုက်ဂတီက မေးလေသည်။ အချို့ အရာရှိများက ကျွန်တော့်ကို တအံ့တသြ ကြည့်နေကြသည်။ သို့သော် ကားကလည်း စောင့်နေသဖြင့် နိုက်ဂတီကို ဘာမျှ ပြန်မပြောနိုင်တော့ဘဲ ဆွစ်သင်ဇင့် ကားပေါ်သို့ မြန်မြန် တက်ခဲ့ရသည်။

မကြာပါ၊ ထိုညက ဖြစ်ပျက်ပုံ အလုံးစုံကို သိရသည်။ ကျွန်တော် မသိသေးသည့် လုပ်ကြံမှုလည်း ပါသေးသည်။ တစ်နေ့တွင် ရုံးကိစ္စတစ်ခု ရှိသဖြင့် အတွင်းဝန်ချုပ် မစ္စတာလေဗိုင်နှင့် တွေ့ရသည်။ ကိစ္စပြီးလျှင် သူက ဤသို့ စကား တစ်ခွန်း ဆိုသည်။

'ဒါနဲ့ စကားမစပ် ပြောရဦးမယ်၊ ကျွန်တော့်ကို ခင်ဗျားက ကျေးဇူး တင်ရမယ့် အကြောင်းတစ်ခု ရှိနေတယ်၊ အခု စီရင်ချက် ချလိုက်တဲ့ အမှုအတွက် ကင်မရွန် စစ်ဗိုလ်ကလေးတွေက ခင်ဗျားကို မကျေနိုင် မချမ်းနိုင် ဖြစ်နေကြတယ် ဆိုတာ ခင်ဗျား သိထားတယ်နော်'

'သိပါတယ်၊ စိတ်ဆိုးနေကြတယ်လို့ ကြားတယ်'

'တစ်နေ့ကပဲ စစ်ဗိုလ်လေးတစ်သိုက် ကျွန်တော့်မိန်းမဆီ လာသွားကြတယ်၊ ခင်ဗျားကို ကန်တော်ကြီးထဲ ပစ်ချမယ်လို့ ပြောသွားကြတယ်။ ဒီအကြောင်း ကျွန်တော် သိရတော့ သူတို့ဆီ စာတစ်စောင်ရေးပြီး အလကား မဟုတ်တရုတ် အလုပ်တွေ ရူးရူးပေါပေါ အလုပ်တွေ လျှောက်လုပ်မနေနဲ့လို့ ဟန့်လိုက်ရတယ်'•

'ကျွန်တော့်ကို ကယ်တင်လိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျား၊ ဒီလိုဆိုရင် မစ္စတာ ဂျတ်စတစ်ကန်းနယ်လ် တစ်ယောက် သတိထားဖို့ ကောင်းတယ်နော်၊ သူ့ကိုလည်း သတိပေးရင် ကောင်းမယ်၊ ခေါ်တက်ခဲ့ကျူးအမှု အယူခံကို သူ ကြားနာလိမ့်မယ် ထင်တယ်၊ တကယ်လို့ သူက ကျွန်တော့်လိုက အမိန့်ကို အတည်ပြုရင် ခက်နေမယ်နော်'

---

• ဆိုနိုယာသမိုင်းတွင်လည်း ဤအဖြစ်မျိုး ထူးထူးဆန်းဆန်း ကြုံခဲ့ရသည်။ တော်ရှုန် ဘုရင်ခံချုပ် ဖြစ်လာသည့်အခါ ဥရောပတိုက်သားတို့ ပါဝင် ပတ်သက်သည့် အမှုများကို ခေါင်းရေးပေါ်တရားသူကြီးတို့အား စီရင်ပိုင်ခွင့်မပေးသည့် ဆီးလက် ဥပဒေကြမ်းတစ်စောင် ရေးဆွဲ ညှိ၏ ယင်းကို ကာလကတ္တား ဆင်ဗိလ်လ်ကုန်သည်ပိုင်ကာ မကျေနပ်။ ထို့ကြောင့် ဘုရင်ခံချုပ်ကို ခံမချပါက ဆင်ဝန်းသွားမည့် သဘောပေါ်တွင် ဖင်လှတ်လိုက်ကြရန် ကြံစည်ကြသည်။

ထိုအခါ အတွင်းဝန်ချုပ် မျက်နှာမှာ တင်းမာသွားသည်။ ကျွန်တော့်ကိုမူ ကြိုလျှင် ပြန်နိုင်ပြီဟု နှင်ထုတ်နေသည့် မျက်နှာထားဟု ကျွန်တော် ယူဆမိသည်။

အိမ်ပြန်ရောက်လျှင် ကြားသိရသည့် သတင်းကို ပြန်လည်သုံးသပ်သည်။ အတွင်းဝန်ချုပ်မှာ တကယ်ပင် စိုးရိမ်သွားဟန် တူသည်။ ကျွန်တော်ကိုယ်တိုင်မှာလည်း တစ်မျိုး ခံစားရသည်။ ဤအမှုကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဖြစ်နေပြီလောဟု သံသယ ဝင်လာသည်။ ထိုညက ကပွဲအငြိမ့်တွင် ကင်းမရွှန် စစ်ဗိုလ်ကလေးများ ကျွန်တော့်ကို ခေါင်းဆောက်အောင် ရှာကြသလား။ မတွေ့ရသဖြင့် သူတို့ အကြံအစည် အထမမြောက် ဖြစ်ရသလား၊ သည့်အတိုင်း ဆိုလျှင် အတော်ရယ်စရာ ကောင်းသည့် အဖြစ်တစ်ရပ်။ ကျွန်တော့်ကို တွေ့အောင် မရှာနိုင် ဆိုလျှင် သူတို့ လူညံ့တွေပါ၊ လူချော်တွေပါ။

ထိုနောက် သည့်အကြောင်းနှင့် ပတ်သက်၍ ဆက်လက်စုံစမ်း မနေတော့ပါ။ အဖြစ်မှန်ကိုလည်း ယနေ့တိုင် ကျွန်တော် မသိပါ။ လူငယ်တွေ ဘာဖြစ်လို့ အရူးထကြသလဲ။ ကလေးဆန်သည့် အပြုအမူသာ ဖြစ်မည်။ နောက်ရက်များတွင် ဘာကြောင့် ကျွန်တော့်ကို ပြင်ဦးလွင် ကန်တော်ကြီးထဲ ပစ်မချကြသလဲ။ မစ္စတာလိမ့်၏ သတင်းပေးစကားကို သူတို့ နားခံမည် မဟုတ် ဟူ၍သာ ကျွန်တော် ယူဆမိသည်။

ပြင်ဦးလွင်သို့ တက်လာပြီး သူတို့ကို မျက်နှာချင်းဆိုင်ခဲ့သည့် ကျွန်တော့်သတ္တိကို သူတို့ ချီးကျူးနေကြသည် ဟူ၍လည်း တစ်ခေါက်က ကျွန်တော့်ကို ဖွင့်ဟသည်။ မည်သို့ရှိစေ သူတို့မှာ စစ်သားများ ဖြစ်သည်။ ကင်းမရွှန်တပ်က စစ်ဗိုလ်ကလေးများသည် မိကောင်းဖခင် သားသမီးများ ဖြစ်ကြသည် မဟုတ်လား၊ ဂုဏ်သရေရှိ လူကြီးလူကောင်းများ ဖြစ်ကြသည် မဟုတ်လား။

သို့သော်လည်း ပြင်ဦးလွင်ကို တက်လာခဲ့သည့် ကျွန်တော့်သတ္တိကို ချီးကျူးသည် ဆိုခြင်းမှာ တလွဲဆံပင်ကောင်းခြင်းမျိုး ဖြစ်သည်။ သူတို့စိတ်ထဲတွင် တမင် လာရဲသူဟု အထင်မှားနေခြင်းသာ ဖြစ်သည်။ ပြင်ဦးလွင်သို့ ကျွန်တော် တက်လာသည့်အခါ သူတို့အကြောင်းကို ခေါင်းထဲတွင် နည်းနည်းကလေးမျှ ထည့်မထွက်ခဲ့မိ မစဉ်းစားမိ။ ကျွန်တော်လည်း ထိုအကြောင်း၊ ထိုကိစ္စတွေကို မေ့နေသည်မှာ အမှန်။ တစ်နေ့ရာတွင် တိုင်းက အကြောင်းအရာ တစ်ခုခု စကားလက်ဆုံ ကျနေခြင်းဖြင့် အချိန်ကုန်မှန်းမသိ ကုန်သွားခြင်းသာ ဖြစ်သည်။ ကြုံတွေ့ရသမျှမှာ ရယ်မောဖွယ် ဇာတ်လမ်းဇာတ်ကွက် တစ်ခုမျှသာ ဖြစ်သည်။ သည်လို ရယ်စရာ ဇာတ်ကွက်မျိုး ကြုံခဲ့ဖူးလေပြီ။ သို့သော် အကယ်၍သာ ကန်တော်ကြီးထဲသို့ ကျွန်တော် ပစ်ချခံ

မှိရလျှင် စာတိလစ်သည် ဤတွင် တစ်ခန်းရပ်နိုင်လိမ့်မည် မဟုတ်။ ကျွန်တော် မွေးကိုယ် အလေးချိန်မှာ ဆယ့်လေးပေါင် ရှိပြီး ရွက်လည်း သန်သန်မာမာ ရှိရာ ကန်ထဲ ပစ်ချခြင်း မခံရဖြစ်တော့ သည်စာတိလမ်း အဆုံးသတ်နိုင်စရာ အကြောင်း မမြင်။

ဦးတည္ဆက်၏ ပန်းချီပြပွဲမှာ အောင်မြင်သည်။ ပရိသတ် စုရုံးညီညီ လာကြည့်ကြသည်။ ပန်းချီကား တော်တော်များများ ရောင်းရသည်။ ထိုပြပွဲသို့ ကင်မွန် စစ်ဗိုလ်ကလေးများ မရောက်လာကြ။ သို့သော် သူတို့ စစ်ဗိုလ်ချုပ် မောင်းကွင်းနေရယ် ကိုနှင်ပာန် ရောက်လာသည်ကို တွေ့လိုက်ရသည်။ သူတို့နှင့် အတူတူပင် ပန်းချီကားများကို လှည့်လည်ကြည့်ရှုသေးသည်။ ထို့နောက် ပန်းချီ အကြောင်း အတန်ကြာ ဆွေးနွေး ပြောဆိုဖြစ်ကြသေးသည်။ စစ်ဗိုလ်ချုပ်သည် အရှေ့တိုင်း အနုပညာကို စိတ်ဝင်စားသူဖြစ်ပြီး အတော်အလေးများသူ တစ်ယောက် ဖြစ်လေသည်။ ကျွန်တော်နှင့် ပတ်သက်သည့် ကိစ္စတို့ကို သူ သိပြီး ဖြစ်မည်ဟု ကျွန်တော် ယူဆသည်။ သို့သော် သူ သိကြောင်း အရိပ်အမြွက်မျှပင် မပြောပါ။ သူသည် သိမ်မွေ့ ယဉ်ကျေးသူ ဖြစ်ပြီး အတော့တဝင် ပေါင်းသင်းတတ်သူ ဖြစ်လေသည်။ ကျွန်တော်တို့ စကားဝိုင်းတွင် ဖော်တာက်ကော့ ဟူသော နာမည်ကို တစ်ခါမျှပင် မကြားရ။ ထိုအခါမှစ၍ သူ့အပေါ် များစွာ လေးစားမိသည်။

## ၆။ အယူခံ

အောက်တိုဘာ ၁၅ တွင် ရန်ကုန်သို့ ကျွန်တော် ပြန်ရောက်သည်။ အယူခံကို ကြားနာရန် ဟိုက်ကုတ်က ၂၉ ရက်နေ့တွင် ချိန်းထားသည်။ အများပြည်သူတို့မှာ ထိုအမှုကို များစွာ စိတ်ဝင်စားရာ အယူခံကို စောင့်မျှော်နေကြသည်။ မစ္စတာ ကျွတ်စတာစ်ကန်နှလစ် မည်သို့ စီရင်လေမည်နည်း။

ကန်းနှလစ်သည် လန်ဒန် ဝတ်လုံတော်ရတစ်ယောက် ဖြစ်သည်။ အရှေ့တိုင်းတွင် ကြာကြာ အမှုထမ်းခဲ့သူကား မဟုတ်။ ထိုပြင် မှန်သည် ထင်လျှင် လုပ်ရဲသူဟု ကျော်ကြားသူတစ်ယောက် ဖြစ်သည်။

ဖော်တာက်ကော့အမှုနှင့် ပတ်သက်၍ကား ဤသို့ ကျွန်တော် ယူဆထား မိသည်။ ကျွန်တော် ထင်မြင်ယူဆချက်နှင့် တွေ့ခေါ်ဆယ်မြင်ပုံတို့သည် မှန်ကန် သည် ဖြစ်စေ၊ လွဲချော်မှားယွင်းခဲ့ကိုက်သည် ဖြစ်စေ၊ ဟိုက်ကုတ်က ကျွန်တော့်ဘုံးမိန့်ကို အတည်ပြုလိုက်သည်ဖြစ်စေ ၁၉၃၀ မြန်မာပြည်တွင်မူ ထိရောက်မှု ရှိနိုင်မည် မဟုတ်ပေ။ အမှုရာတွင်လည်း ကျွန်တော့် အယူအဆချက်ကို ပယ်ခ်နိုင်မည် မဟုတ်။ လိုအပ်လျှင် ပင်ရောက် ဝှက်ထားမည်မှာ သေချာသည်ဟု ကျွန်တော် ယုံကြည်

သည်။ အနိုးရုံ၏ သဘောတရားကို မစွတ်သာကန်းနေလစ်လည်း သိနေပြီး ဖြစ်လိမ့်မည်။

အယူဝါဒမှတွင် အခြေသုံးမျိုး ထွက်လာနိုင်သည်။ ပထမနည်းလမ်း။ ကန်းနေလစ်သည့် ကျွန်တော့်စိုင်ချက်ကို အတည်ပြုမည်။ ကျွန်တော် ဆောင်ရွက်မှုကို သဘောတူမည်။ ကျွန်သည့် အပိုင်းကို အနိုးရုက သင့်သလို အရေးယူ ဆောင်ရွက်ရန်ပင် ဖြစ်သည်။ ဒုတိယနည်းလမ်း။ စစ်ဆေးချက်ကို သဘောတူမည်။ သို့သော် စီရင်ချက်ကို တစ်မျိုး ပြောင်းလဲ ရေးမှတ်နိုင်သည်။ တတိယ နည်းလမ်း။ ကျွန်တော်နှင့် တွေးခေါ် ယူဆပုံချင်း လုံးဝကွဲပြားကာ တရားခံကို လွှတ်ပေးနိုင်သည်။ ဤတွင် ပထမနှင့် တတိယ နည်းလမ်းတို့ မဖြစ်နိုင် ဟု ကျွန်တော် ထွက်ဆထားသည်။ ဒုတိယနည်းလမ်းမှာ သုံးရှုမည့်လမ်း ဖြစ်သည်။ ထောက်ထား ညက်ညာရမည့် အကြောင်းကိစ္စများ ရှိနေခဲ့လျှင် ထောင်ဒဏ် စီရင်ခြင်းကို ပယ်ဖျက်နိုင်သည်။ သူ့ဘက်က ဘယ်ပုံဘယ်နည်း သနားညှာတာ စိတ် ဝင်နိုင်မလဲဟု ကျွန်တော် စဉ်းစားကြည့်သည်။ တစ်ဖက်က ပေါ်ကြမ်းကြမ်း၊ ခပ်နိုင်းနိုင်၊ မာယာ လှည့်နေသဖြင့် သနားညှာတာစိတ် ဝင်နိုင်သလား။

ဆားဆားသာသီတိုရှိ ဆိုလျှင်ကား၊ တစ်မျိုးတစ်ဖုံ တွေးခေါ်လိမ့်မည်။ ကန်းနေလစ်နှင့် ဆန့်ကျင်ဘက် သဘောတရားမျိုး ပေါ်နိုင်သည်။ သို့သော်လည်း ကန်းနေလစ်တွင် ညှာတာစိတ် မရှိသည့်တိုင် တရားခံဘက်က ပုစရာ မရှိ။ အနိုးရုံ၏ ထောက်ထားညှာတာမှုကို မျှော်လင့်နိုင်သေးသည်။ အယူခံ ကြားနာမည့် အချိန် တွင် အမှု၏ အလားအလာမှာ ဤသို့ ရှိနေလေသည်။

အယူခံမှု ကြားနာချင် ဟိုက်ကုတ်သို့ ကျွန်တော် ရောက်မသွား။ သို့သော် စီရင်ချက်ကိုမူ နောက်တစ်နေ့မနက် သတင်းစာများတွင် ဖတ်ရသည်။ စီရင်ချက် တွင် ဤသို့ ရှင်းလင်း ဖော်ပြထားသည်။ ဒေသကရိုး တရားသူကြီး ဖြစ်သည့် ကျွန်တော်၏ စီရင်ချက်ကို ပယ်ဖျက် ထောက်ခံသည်။ အပြစ်ပေးထိုက်အောင် သက်သေ အထောက်အထား ခိုင်လုံသည်။ ကျွေးမွေးနှင့် ရှောက်ထားသည်ကို ကျွန်တော်ကဲ့ကဲ ပယ်ချလိုက်သည်မှာလည်း မှန်သည်။ အကြောင်းမှာ အများ ပြည်သူ လုံခြုံမှုကို ထောက်ထားရမည့် ဖြစ်သောကြောင့် ဟု ထောက်ပြသည်။ ထို့နောက် တရားခံ အရက်မသောက်ထားသလား၊ မသောက်ဖူးလား ဆိုသည်ကို ဆောင်ကြသည်။ တရားခံသည် ပြစ်မှုကျူးလွန်စဉ် အရက်သောက်ထားသည်ဟု မည်သူကမျှ အထင်မပေး တရားခံ၏ အပြုအမူ အကျင့်စာရိတ္တတို့ကို ဟိုက်ကုတ်က မဆောင်ကြ။ ထို့အတူ တရားခံသည် ပြစ်မှု ကျူးလွန်စဉ်က အရက်သောက်ဟန် တူသည် ဟူသော သံသယမျိုးကိုလည်း မဆွေးနွေး မတင်ပြ။

တရားခံ၏ အပြုအမူကို လွှတ်လွှတ်ကျွတ်ကျွတ်ပြီးနောက် မစ္စတာကန်းနယ်လ်သည် ကျွန်တော်မေးသည့် အပြစ်ဒဏ်ကို ထောက်ပြသည်။ ထောင်ဒဏ်သုံးလ ချိန်ခွင်မှာ အလုပ်မှ ထုတ်ပယ်လိုက်သည့် အမှုထမ်းမျိုး သက်ရောက်သည်။ ရာဇဝတ်မှုနှင့် ပတ်သက်၍ ပေါ့လျော့မှု ပေါ့ဆမှုတို့သည် မည်မျှပင် ကြီးမားသည်ဖြစ်စေ၊ စစ်တပ် အရာရှိတို့ကို အလုပ်မှ မထုတ်ပယ်သင့်ဟု ကန်းနယ်လ်က ထင်မြင်သည်။•

ကန်းနယ်လ်၏ စီရင်ချက်ကို နားလည်ရ အထောက်အကူဖြစ်သွားသည်။ ရာဇဝတ်မှု ကျူးလွန်သူတစ်ဦးကို ပြစ်ဒဏ်ချမှတ်သူများသည် အဆိုပါ ပြစ်မှုမျိုးအတွက် ပြစ်ဒဏ်စီရင်ရာတွင် စစ်ဗိုလ်များကို ခြွင်းချက်ပေးရမည်ဟု ရည်ရွယ်ရင်း ရှိသလား။ သို့သော် မစ္စတာ ကန်းနယ်လ်က ဤခြွင်းချက်အရ အခြား မည်သည့် လူတန်းစားကမျှ ခံစားပိုင်ခွင့် ရှိသည်ကို ဖော်ပြရန် မေ့လျော့နေသည်။ သို့သော်လည်း စစ်တပ်အရာရှိ ဆိုရာ၌ အင်္ဂလိပ် စစ်ဗိုလ်များသာမက မြန်မာစစ်ဗိုလ်များပါ ခံစားခွင့် ရှိသည်ဟု ဖော်ပြရန်ကိုကား မမေ့ပါ။ ထိုအချိန်တွင် ဗြိတိသျှ တပ်မတော်၌ မည်သည့် တပ်ရင်းတွင်မှ မြန်မာစစ်ဗိုလ်များ မရှိသေးပေ။

စီရင်ချက်ကို ဤသို့ နိဂုံးချုပ်ထားသည်။

"ထို့ကြောင့် ထောင်ဒဏ် စီရင်ချက်ကို ကျွန်ုပ် ပယ်ဖျက်လိုက်သည်။ သို့သော် တရားခံ၏ ပေါ့ဆမှုမှာ ကြီးလွန်းသည်ဟု ယူဆသဖြင့် ယခု ချမှတ်ထားသည့် ပုဒ်မအရ ဒဏ်ငွေ ပေးဆောင်စေရမည်။ ဖမ်းနည်းများဖြင့်ပင် ဒဏ်ငွေ ကျပ် ၁၀၀၀ (၇၅ ပေါင်)ကိုသာ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်လိုက်သည်။ ယင်းဒဏ်ငွေ ၁၀၀၀ ကို ဒဏ်ရာရသူ အမျိုးသမီး နှင့်ဦးအား အညီအမျှ ခွဲဝေပေးရမည်။"

အမှန်စင်စစ် ဤပြစ်မှုသည် ဒဏ်ငွေနှင့် မလုံလောက်ပေ။ သို့သော် ထောင်မကျနိုင်ရကား ဒဏ်ငွေ တပ်ရုံသာ ရှိလေသည်။

သူ့ဘက်ကလည်း အကျဉ်းအကျပ် တွေ့နေလေရာ ဤစီရင်ချက်သည် အထက်နိုင်ငံ့ သူ့ဘက်က ဖန်တီးပေးမှု တစ်ခုပင် ဖြစ်လေသည်။ တရားရုံးတွင်

---

• သူ့အကြံပြုချက်မှာ ယုံနိုင်စရာပင် မရှိပေ။ စီရင်ချက်တွင် အောက်ပါအတိုင်း ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

"ကျွန်တော်မျှင် ရထားသော ဗြိတိသျှ အရာရှိ သို့မဟုတ် မြန်မာ အရာရှိ သို့မဟုတ် စစ်တပ်မှ တော်မှုသူတစ်ဦးဦး ရထားသော အိန္ဒိယ အရာရှိသည် ပေါ့လျော့မှုကြောင့် ပြစ်မှု တစ်ခုခုတစ်ရာ ကျူးလွန်မိလျှင် ပြစ်မှု ကြီးသည်ဖြစ်စေ၊ သေးသည်ဖြစ်စေ ထိုနိုင်ငံသား စစ်မှုထမ်းတစ်ဦးကို ထောက်ထားကာ ပြင်းထန်သည့် ပြစ်ဒဏ်၊ ဥပမာ ထောင်ဒဏ်မျိုး ကျခံကြောင့် ပေးရမည်ပါမည်။"

နှစ်တိုမည် ဆိုလျှင်မူ အချိုးသင်းနှစ်ဦးမှာ သည့်ထက်ပိုရှိ၍ ပျော်ရကြ ရနိုင်စရာ အကြောင်းရှိသည်။ သို့သော် ဖိုးရွှေသည် အတော်လေး များပါသည်။ မည်သို့ ဖြစ်စေ အများတစ်စုမှာ ထင်ရှား ပေါ်လွင်လာသည်။ ယင်းမှာ အကာယ်၍ တရားခံသည် စစ်ဗိုလ်ကလေးတစ်ယောက် မဟုတ်ခဲ့လျှင် ဤပြစ်မှုအတွက် ထောင်နန်းစံရမည် ဟူသော အချက်ပင်တည်း။

တရားခံ ထောင်နန်း မစံရသည်မှာ သေချာသွားပြီ ဖြစ်ရာ သူ အရက် သောက်၊ မသောက် စောဒကြရန် အကြောင်းမပေါ်လာတော့ပေ။ အလုပ်တာဝန်မဲ့ ရတော့သည်ဖြင့်လည်း ဆိုစဉ်က သူ့အပြုအမူ မှန်ကန်ရဲ့လား ဆိုသည့် ပြဿနာ သည် ပျောက်နှင့်သွားပြီ ဖြစ်သည်။ အားလုံးကို ခြုံငုံသုံးသပ်မည် ဆိုလျှင် တရားခံ များ၏ စီရင်ချက်တို့သည် မကျွန်ပ်စွယ်ပင် ဖြစ်သည်။ ကျွန်တော့် စီရင်ချက်သည် တော်တည့်ကြောင့်မတော်သည့် စီရင်ချက်တစ်ခု ဖြစ်သည်။ ကာနဲနယ်စစ်၏ ပြင်ဆင် ချက်မှာ ပေးလိုက်လာသည့် အခြေအနေအရ ပြောင်းလဲ ပြင်ဆင်ရခြင်း ဖြစ်လေ သည်။ ကျွန်တော့် စိတ်ထဲတွင်မူ အများပြည်သူတို့က အင်္ဂလိပ် တရားမျှတမှုကို ပြက်ရယ်မပြုစေလိုခြင်းပင် ဖြစ်သည်။ နဂိုကပင် တရားမျှတမှု ရှိပါသည် ဆိုသော အင်္ဂလိပ် တရားရုံးတို့၏ အစဉ်အလာကို ထိန်းသိမ်းထားရမည် ဟု ကျွန်တော် သဘောရသည်။ ယခုလည်း ကျွန်တော်တို့ ဂုဏ်သိက္ခာ မကျဆင်းသေးပါ။

သို့သော် ကျွန်တော် လောကြီးသွားသည်။ အထင် မှားသွားသည်။ အကြောင်း ရှိသည်။ ယင်းမှာ အုပ်ချုပ်ရေးဘက်က ဝင်ရောက်စွက်ဖက်သော ကြောင့်တည်း။

## ၇။ အုပ်ချုပ်ရေးဘက်က စွက်ဖက်ခြင်း

ဟိုက်ကုတ်က စီရင်ချက်ချပြီးနောက် သုံးရက်အကြာ နံနက်က ၁ တွင် စာတစ်စောင် ထံမှ စာတစ်စောင် ရသည်။ စာမှာ ပေးပို့တိုင်ပင် ဖြစ်သော်လည်း လိုရင်းကို ရှင်းရှင်း ပေါ်ပြထားသည်။ စာက ဤသို့ ဆိုသည်။ ယခုဆိုလျှင် ဟိုက်ကုတ် ကလည်း အယူခံ စီရင်ချက် ချပြီးဖြစ်ရာ ကျွန်တော်နှင့် သက်ဆိုင်သည့် ကိစ္စကို သူက အစီးရည့် တင်ပြသည်။ ခေါက်ကတ်ကျွှုအမှုတွင် ကျွန်တော်၏ စီရင်ချက် မှာ အမြဲမြင်အောင် ကောင်းမွန်သည့် စီရင်ချက်မျိုး ဖြစ်နေသဖြင့် ကျွန်တော်ကို ရန်ကုန် မြို့ တရားသူကြီးရာထူးမှ ပြောင်းရွှေ့ပေးရန် တင်ပြထားပြီး ဖြစ်သည်ကို သူက အသိပေးခြင်းပင် ဖြစ်သည်။

စာအဆုံးသတ်ကို ကျွန်တော်က ဤသို့ မှတ်ချက်ချသည်။ ဗြိတိသျှ စစ်ဗိုလ်လေးတစ်ယောက်ကို ကျွန်တော်က ထောင်ဒဏ်စီရင်သဖြင့် ရန်ကုန်ခရိုင်တွင်

တရားစီရင်ပိုင်ခွင့် အာဏာကို အပ်နှင်းရန် မသင့်လျော်ဟု ပဲ့ဓမ္မတိုင်းမင်းကြီး ဓာရေးဖေဆီက ယူဆသည်။ သို့ဖြစ်ရာ ၎င်းယူဆချက်သည် မှားယွင်းသဖြင့် ၎င်းကို ကန့်ကွက်ရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက် ဘုရင်ခံနှင့် တွေ့ဆုံဆွေးနွေးလိုကြောင်း ကိုလိုနီရေးအတွင်းဝန်ထံ စာရေး အခွင့်တောင်းလိုက်သည်။ ဘုရင်ခံနှင့် တိုက်ရိုက်တွေ့ခွင့် တောင်းခြင်းမှာ အကြောင်းရှိသည်။ အတွင်းဝန်ချုပ် မစ္စတာလစ်ချ်နှင့် လည်းကောင်း၊ ပြည်ထဲရေး ဝန်ကြီးချုပ် မစ္စတာဟျူးကိန်နှင့် လည်းကောင်း တွေ့ဆုံ ပြောဆိုရန် မလွယ်ကူ။ သူတို့က ကျွန်တော့်ကို ရှင်းလင်းခွင့်ပေးမည် မထင်။ တစ်နေ့ကပင် လက်စောက် အစိုးရရှေ့နေ အကြောင်းနှင့် ပတ်သက်၍ လျှိုက်ကို ကျွန်တော် ဝင်တွေ့ခဲ့သေး သည်။ လက်စောက် အစိုးရရှေ့နေသည် အယူခံ အမှုတွင် တရားလို အစိုးရ ရှေ့နေအဖြစ် တရားဝန်ကြီး ကာန်နေလစ်၏ ဟိုက်ကုတ်တွင် လျှောက်လဲရသည်။ သတင်းစာများ၊ အလို အရေး သူက ဟိုက်ကုတ်တွင် ဤသို့ လျှောက်လဲသည်။ "အောက်ရုံးက ခရိုင်တရားသူကြီး စစ်ဆေးကြားနာခဲ့သလို တရားခံသည် ပြစ်မှု ကျူးလွန်ကြောင်း သက်သေအထောက်အထား ပြည့်ပြည့်စုံစုံ ခိုင်ခိုင်လုံလုံ မရှိဟု သူ ထင်သည်။ အလွန်ဆုံး ကျူးလွန်သည် ဆိုလျှင်ပင် ကာလကြောင်းရာ၌ အဆုံး အဖြတ် လွဲမှားသည် ပြစ်မှုသာ ဖြစ်သေးသည်။"

သူ၏ အထက်ပါ လျှောက်လဲချက်ကို မစ္စတာလျှိုက်အား ထောက်ပြပြီး ဤသို့ လျှောက်လဲသည်မှာ ပြည်ထဲရေး ဝန်ကြီးချုပ်က ညွှန်ကြားသည့်အတိုင်း လျှောက်ခြင်းလား ဟု မေးကြည့်သည်။ ဟုတ်သည်၊ ဤအတိုင်း မှန်သည်။ အစိုးရရှေ့နေ၏ လျှောက်လဲချက်မှာ ၎င်း ညွှန်ကြားချက်အတိုင်း ဖြစ်သည်ဟု ရိုးသားစွာပင် ပြောပြသည်။ ထိုအခါ ကျွန်တော်က အစိုးရက ညွှန်ကြားရန်မှာ တရားရုံးက တရားခံအား အပြစ်မှ လွှတ်စေမည် ဆိုလျှင် သူက မကန့်ကွက်ရ ဟူ၍ပင် ဖြစ်သင့်သည်ဟု ထောက်ပြပါသည်။ လျှိုက်က ဤအမှုကိစ္စနှင့် ပတ်သက် ၍ နောက်ထပ် မဆွေးနွေးလိုပါ ဟု ကျွန်တော့်ကို ပိတ်လိုက်သည်။

ကျွန်တော် တွေ့ခွင့်တောင်းသည်ကို ဘာရာဂျာအား ခွင့်ပြုပြီး နိုဝင်ဘာ ၃ ရက်နေ့ ဂလယ် နှစ်နာရီခွဲတွင် ချိန်းသည်။ သူ့ကို အပေါ်ထပ် ရုံးခန်းတွင် တွေ့ရသည်။ တွေ့လျှင်ပင် ဓာရေးဖေဆီ၏ စာကို ထုတ်ပြလိုက်သည်။ စာကို ဖတ်ကြည့်ပြီး အံ့အားသင့်နေသည်။ "ဒီကိစ္စ ငါ ဘာမှ မသိပါလား" ဟု ဆိုသည်။

"အခု ကျွန်တော့်ကို ပြောင်းရွှေ့ဖို့ စီစဉ်တာဟာ အပြစ်ပေးတာနဲ့ အတူတူ ပဲ။ တရားသူကြီးတွေ အမှုစစ်ကြတယ်၊ စီရင်ချက် ချကြတယ်၊ အဲဒီအခါမှာ တရားဥပဒေနဲ့တော့ ညီညွတ်တယ်၊ ဒါပေမဲ့ အုပ်ချုပ်ရေးပိုင်းရဲ့ စိတ်တိုင်းကျ

မဖြစ်လာဘူး၊ အဲဒီလို အခါမျိုးမှာ တရားသူကြီးတွေကို ချုပ်ချယ်ရေးသမားတွေက အမြဲစေခိုင်းသလား"

"ဘယ်အမြဲစ် စေခိုင်းမလဲ" ဘုရင်ခံက မျက်မျှင်းပင် အမြဲဖြေပေးသည်။

"ဒီလိုဆိုရင် ဒီကိစ္စကို ဘုရင်ခံရဲ့လက်ထဲ အပ်နှံပါရစေ ခင်ဗျား၊ တကယ်လို့ ကျွန်တော်သာ ပြောင်းရွှေ့ခံရမယ် ဆိုရင်တော့ မြန်မာပြည်ထဲမှာ ရှိတဲ့ တရားသူကြီးတွေ အားလုံးဟာ ချုပ်ချယ်ရေး အာဏာပိုင်တွေဆီ အမိန့်ခံပြီးမှ စီရင်ချက် ချရမယ် အမြဲအနေမျိုး ရောက်တော့မှာပါပဲ"

"စိုးရိမ်မနေပါနဲ့တော့၊ ငါ ကြည့်လိုက်ပါဦးမယ်" ဆာရေဂျီက လိုလို ချင်ချင် ပြောပါသည်။

"ပြီးတော့ တစ်ခု တိုင်တည်ချင်ပါသေးတယ်၊ တကယ်လို့သာ ဗုဒ္ဓရောဂါ တသထဲက ပါတဲ့ အကြောင်းကြောင့် ကျွန်တော် ပြောင်းရွှေ့ရမယ် ဆိုရင်တော့ ဒီကိစ္စကို ဘီလပ်က အိန္ဒိယ အတွင်းဝန်ဆီ အထိ တိုင်ရလိမ့်မယ်လို့ ကျွန်တော် ပြောချင်ပါတယ်"

ဆာရေဂျီမှာ စိတ်ရှုပ်သွားဟန် တူသည်။ မျက်နှာလည်း မကောင်း ဖြစ်သွားသည်။ ပြီးတော့ သူ ကြည့်လိုက်ပါဦးမည်ဟု ကျွန်တော်ကို ဖျေးသိမ်ပါ သည်။ သူ့အမူအရာမှာ တကယ်ပင် စိတ်မကောင်းဟန် ပေါ်နေသည်။ ကိုယ်ချင်း စာမိပုံလည်း ရသည်။ သို့နှင့် ကျွန်တော် တိုင်တန်းစာကို ထားခဲ့ကာ သူ့ရုံးခန်းမှ ထွက်လာခဲ့သည်။

နိုဝင်ဘာ ၆ တွင် ဘုရင်ခံ၏ မိတ်ဆွေတစ်ယောက် ကျွန်တော်ကို လာတွေ့ သည်။ သူက "ခင်ဗျားကို ပြောစရာရှိတယ်၊ ဘုရင်ခံက ပြောတယ်၊ ကောင်စီမှာ သူက လူနည်းစု ဖြစ်တယ်၊ ဒါပေမဲ့ ခင်ဗျား မှန်တယ်ထင်လို့ သူ တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပါမယ်တဲ့" ဟူ၍ ဆာရေဂျီ၏ မှာကြားချက်ကို ပြောပြသည်။

ထိုသတင်းစကားကို ပြန်လည် ဆင်ခြင်ကြည့်သည့်အခါ ဆာရေဂျီမှာ ဌာနဆိုင်ရာ၏ မှတ်ချက်ကို မလွှန်ဆန်နိုင်ဟု သဘောပေါက်လာသည်။ ထို့ကြောင့် အတွင်းဝန်ချုပ်လိမ့်နှင့် တွေ့ရန် ဆုံးဖြတ်လိုက်သည်။ သူ့ရုံးခန်းသည် အတွင်းဝန် ရုံးတွင် ရှိပြီး ဗုဒ္ဓရောဂါ၏ရုံးခန်း အထက် တည့်တည့်တွင် ရှိသည်။ သူ့ဆီသို့ တက်သွားလျှင် မျက်နှာချင်းပင် တွေ့ခွင့်ပြုသည်။

"ကျွန်တော်ကို ဘာလုပ်မယ် ဆိုတာ သိချင်လို့ လာခဲ့တာပါ၊ ဘုရင်ခံ ဆီမှာ ကျွန်တော် တိုင်ခဲ့တဲ့စာကို ခင်ဗျား ဖတ်ပြီးပြီလို့ ယူဆပါတယ်" ကျွန်တော်က ပြောသည်။

'အင်းလေ မင်းကြီးကြီး၊ ဒီစာထဲမှာ ရေးထားတဲ့ စေလသါကို ကျွန်တော် မကြိုက်ဘူး၊ ခင်ဗျား ပြောတဲ့ တရားခံကို အပြစ်ပေးတာကို အစိုးရကိုယ်တိုင်က မကြိုက်ဘူး ဆိုတဲ့ စကားလုံးတွေပဲ' လီချုံက ဆိုသည်။

ကျွန်တော်။ ။ ဘာဖြစ်လို့ ဒီစကား ပြောရသလဲ ဆိုတော့ လတ်တလောက်အစိုးရ ရွေ့ရေ ကိုယ်တိုင်က အပြစ်ပေးတာကို ကန့်ကွက်နေတယ်၊ ဒီအတိုင်း သတင်းစာတွေမှာ ပါနေတယ်လေ။

လီချုံ။ ။ သူ ဘာပြောတယ်ဆိုတာ ကျွန်တော် မသိဘူး၊ ဒါပေမဲ့ အပြစ်ပေးတာကို အစိုးရက မကြိုက်ဘူး ဆိုတာတော့ မဟုတ်ဘူး၊ သူတို့ မကြိုက်တာက ထောင်ဒဏ်ပဲ။

ကျွန်တော်။ ။ ထောင်ဒဏ်ကလည်း ပေးသင့် ပေးထိုက်တဲ့ ပြစ်ဒဏ်ပဲ၊ မှန်တဲ့ စီရင်ချက်ပဲ။

လီချုံ။ ။ ဒီစီရင်ချက်က မှားတယ်၊ အဲဒီ မှားတာကို ဟိုက်ကုတ်က မှန်အောင် ပြင်ဆင်ပေးလိုက်တယ်။

ကျွန်တော်။ ။ ဒီလိုဆိုရင် ခင်ဗျားတို့ ဘာလုပ်မလဲ။

လီချုံ။ ။ ခင်ဗျားကို ဒီရာထူးက ပြောင်းရွှေ့ပေးမယ်၊ ဒါပေမဲ့ ရာထူးတိုးမှာပါ၊ ခင်ဗျားကို ယစ်မျိုးမင်းကြီး ရာထူးမှာ ပေးလာစေ့မယ်။

ယစ်မျိုးမင်းကြီး လစာမှာ ခရိုင်တရားသူကြီးထက် တစ်နှစ် ပေါင် ၂၅၀ ပိုသည်။

'လေးလပြီးတော့ ကျွန်တော့်ကို ဘာလုပ်မလဲ'

'ခင်ဗျား ခွင့်ယူနိုင်ပြီလေ၊ အလျှင်တစ်ခါ တွေ့တုန်းက ခင်ဗျား ခွင့်ယူချင်တယ် ပြောတယ်လို့ မှတ်မိတယ်၊ ခွင့်က ပြန်လာတဲ့အခါ ယစ်မျိုးမင်းကြီးနေရာ လစ်လပ်ရင် ခင်ဗျား ရနိုင်တဲ့ အခွင့်အရေး ရှိတယ်လေ'

'စဉ်းစားဖို့ အချိန်ပေးပါဦး'

'အချိန် သိပ်မရှိဘူး၊ အခု ခင်ဗျားတိုင်တာနေတော်ကို ပြန်ကြားဖို့ ကျွန်တော် အမိန့်စာတစ်စောင် ရေးနေတယ်၊ အဲဒီစာထဲမှာ ခင်ဗျားအတွက် ပြောင်းရွှေ့မိန့် ပါသွားပြီ'

'အဲဒီ စာထဲမှာ ပေါ်လာတဲ့စကား အမှုကို ကျွန်တော် ကိုင်တွယ်တာ မသင့်မြတ်ဘူးဆိုတဲ့အကြောင်း၊ ပါရင်၊ အဲဒီအကြောင်းကြောင့် ပြောင်းရွှေ့ရတာ ဖြစ်ရင်တော့ ဒီကိစ္စကို အဲဒီမှာ အတွင်းဝန်ဆီ တိုင်တန်းမယ် ဆိုတာ မှတ်မှတ် ရရ ပြောထားပါရစေ'

မစ္စတာလင်လ်ရှိသည် ခေတ္တ တွေဝေသွားသည်။ 'အင်းလေ၊ စာကို ပြန်ကြည့် လိုက်ပါဦးမယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီအမိန့်ကို ဘုရင်ခံကောင်စီက အတည် ပြုရမှာပဲ'

ဤတွင် အတွင်းဝန်ချုပ်နှင့် ဆွေးနွေးပွဲ ပြီးဆုံးသွားပြီ။ ကျွန်တော်သည်၊ ငြီးစား ဆင်ခြင်ရေးအတွေ့ များစွာဖြင့် ပြန်လာခဲ့သည်။ မနိုင်လုံသည့် အကြောင်း ပြချက်ဖြင့် ပြောင်းရွှေ့ခြင်း၊ မဟုတ်လျှင် ပြောင်းရွှေ့မိန့်ကို ကျွန်တော် မကွန့် ဆန်နိုင်။ အကြောင်းပြချက် မနိုင်လုံလျှင်ကား ဒိုက်မောက်ရှိ ဘိလပ်အတွင်းဝန်ထံ အယူခံဝင်နိုင်သည်။ ထိုသို့ အယူခံဝင်မည် ဆိုသည်ကိုလည်း အတွင်းဝန်ချုပ်အား ပြောထားခဲ့ပြီး ဖြစ်သည်။ ဤနည်းလမ်းမှာ အားပေးသည့် နည်းလမ်းမှန်း ကျွန်တော် သိသည်။ သို့သော်လည်း ကျွန်တော် ပင်ကိုစရိုက်အရ ပေါ်ထွက်လာ သည့် နည်းလမ်းသာ ဖြစ်သည်။ ကျွန်တော့်မှာ အင်အား ကုန်ခမ်းနေပြီ။ ရေရှည် တိုက်ရသည့် တိုက်ပွဲမျိုးကို ကျွန်တော် မတိုက်လိုတော့။ ကြာကြာ သည်းမခံနိုင်။ ဒိုက်မောက်သို့ အယူခံမည့်အကြောင်း မကြေညာခဲ့လျှင်၊ ဗုဂရေစလီထံမှ စာရသည် အထိ သည်းခံ စောင့်ဆိုင်းနေမိလျှင် ထိုစာကို ကိုင်ကာ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

သုံးလေးရက်ကြာလျှင် အတွင်းဝန်ချုပ်ထံမှ စာကို ရသည်။ သူ့စာတွင် ကျွန်တော့်ကို နှစ်သိမ့်သည့်လေသံ ပါလာသည်။ သူနှင့် တွေ့စဉ်က ပြောခဲ့သည် တို့ကို ပြန် ရေးသားထားခြင်းပင် ဖြစ်သည်။ အစိုးရက အပြစ် စီရင်သည်ကို မကြိုက် ဟုဆော ကျွန်တော့်အထင်သည် မှားယွင်းကြောင်း၊ ထောင်ဒဏ်ကိုသာ ကန့်ကွက်ခြင်း ဖြစ်ကြောင်း၊ အကယ်၍ ထောင်ဒဏ်စီရင်လျှင် ဖော်တက်တကျွန်၏ ဘဝ လမ်းဆုံးတော့မည်ဖြစ်ကြောင်း ရှင်းပြထားသည်။ ထို့နောက် ဗုဂရေစလီ၏ စာကို တာဝန် မယူကြောင်း ငြင်းဆိုသည်။ ပြောင်းရွှေ့ခြင်းနှင့် ပတ်သက်၍မူ ယခင်မှူးမင်းကြီး ရာဇဝု ရုတ်တရက် လစ်လပ်သွားသဖြင့် လူရှားနေ၍ ကျွန်တော် က နေရာ ထမ်းရွက်ရန် ဖြစ်သည်ဟု ဆိုလေသည်။

ဤသို့ဖြင့် ပဋိပက္ခ နှစ်ရပ်သည် ကျေအေး ပြေလည်သွားခဲ့သည်။ နှစ်ပေါ တွင် နှစ်ဘက်စလုံးက မိမိ အယူအဆသာ မှန်ကန်သည်ဟု ဆုပ်ကိုင်ထားကြသည်။ ယခု ကျွန်တော် ကြုံရသလို အပြစ် အယူအဆတစ်ခု၌ သဘောထား ကွဲလွဲကာ တင်းမာလာပြီဆိုလျှင် အကောင်းဆုံး နည်းလမ်းမှာ ထုတ်ဖွေမပျက် ကောင်းကောင်း ဟန်ဆောင်ထားတတ်ဖို့ အရေးကြီးသည်။ ကျွန်တော့် အဖြစ်မှာ အုပ်ချုပ်ရေးပိုင်း၌ အရေးပါသော ရာထူးကို ကိုင်တွယ်ရသူများနှင့် သဘော ကွဲလွဲရသည့် ကိစ္စ ဖြစ်သည်။ ဤတွင် ဘဝတု မစ္စတာလိမ္မိုသည် အတွင်းဝန်ချုပ်အဖြစ် တာအရေ

ကောင်းသည်။ မြန်ကြာ၍ ကောင်းသည်။ သူ့တာတွင် သူ့ရည်ရွယ်ချက် အောင်မြင် စေရန် စကားလုံး လှလှများဖြင့် ဟန်ဆောင်ထားသည်။

ကျွန်တော် ရာထူးပြောင်းရွှေ့ရခြင်းမှာ လူတစ်စု ကျေနပ်မှုမရှိစေရန်ဖြစ်ပြီး ရာထူး တိုးရခြင်းမှာလည်း အခြား လူတစ်စု ကျေနပ်စေရန်ပင် ဖြစ်သည်။

ကျွန်တော့် စီရင်ချက်ကို ဥရောပတိုက်သား အချို့၊ မြန်မာလူမျိုးများ အားလုံး၊ အိန္ဒိယတိုင်းရင်းသား အားလုံးနှင့် တရုတ်လူမျိုး အားလုံးတို့က နှစ်သက် ထောက်ခံကြသည်။ အကယ်၍သာ ကျွန်တော့်ကို ရာထူး တိုးမပေးလျှင် ထိုပုဂ္ဂိုလ် များက ဆူပူကန့်ကွက်ကြမည် ဖြစ်သည်။ ယခုမူ သူတို့ဘက်က အယူခံ ပြင်ဆင် ချက်ကို ကန့်ကွက်ကြသည် မှန်သော်လည်း သူတို့ လေသံမှာ ပျော့နေသည်။ သတင်းစာများက ဆောင်းပါးရေးကာ ခေါင်းကြီးပိုင်းမှ ရေးသားကာ ကန့်ကွက် ကြသည့်အခါ အစိုးရသည် အမှုမှတ်တမ်းများကို ပျော်မောသော စီရင်ပြီး တည်တည်ငြိမ်ငြိမ်ပင် တုံ့ပြန်နိုင်သည့် အခြေအနေကို ဖန်တီးထားပြီး ဖြစ်လေ သည်။

သတင်း ဆောင်းပါးများမှာ အတော်လေး များသည်။ လူတိုင်းပင် မကျေနပ် ဖြစ်နေကြသည်။ ကျွန်တော့်ကို ပြောင်းရွှေ့သည့်အမိန့် ထုတ်ပြန်မီ **ရန်ကုန် ဒေလီဂေဇက်က** ကျွန်တော့်အား ပြောင်းရွှေ့ရန် စီစဉ်နေခြင်းကို ကန့်ကွက်သည့် ဆောင်းပါးတစ်စောင် ပေါ်ခဲ့သည်။ ယင်းသည် ဥရောပတိုက်သား ကုန်သည်ကြီးများ၏ အကျိုးစီးပွားမှ ကင်းလွတ်သည့် သတင်းစာ ဖြစ်သည်။ ကျွန်တော့် အရည်အသွေးအချို့ကို ဖော်ပြီး ဗြိတိသျှတို့၏ "တရားမျှတမှု" သည် စံတင်ထိုက်သည်ကို ပြရန် လိုကြောင်း၊ ထိန်းသိမ်းရန် လိုကြောင်း ရေးသား လိုက်သည်။ ဗြိတိသျှတို့၏ "ခံပြ တရားမျှတမှု" သဘောတရားသည် မူလ ရည်ရွယ်ချက် ပျောက်ကွယ်လုနီးပါး ဖြစ်နေပြီ။ အကြောင်းမှာ ယင်းကို ထောက်ခံ တည်ဆောက်သူတို့သည် ဆာမွာကာ လိုက်စားကြသဖြင့် မြင့်မြတ်သည့် သဘော တရားကို ဖျက်စီး ဆုံးပါးခြင်းသာ ဖြစ်သည်ဟု ရေးသားထားသည်။ အင်္ဂလိပ် တို့သည် သစ္စာရှိသည်၊ စိတ်နှလုံးကောင်း ရှိသည် ဆိုသည်ကို အခါအားလျော်စွာ မြန်မာတို့ သိရှိခွင့်ရခဲ့သည်။ နားလည်ခွင့် ရခဲ့သည်။ သို့သော်လည်း အုပ်ချုပ်ရေး ပိုင်းက ယခုလို တရားဥပဒေကိစ္စတွင် ဝင်ရောက်စွက်ဖက်သည့်အခါ ရှေးယခင်က ထင်ရှားခဲ့သော အင်္ဂလိပ်ကြီးများ တည်ဆောက်ခဲ့သည့် သဘောသဘာဝတို့ ပြိုပျက်ခြင်း၊ တရား မျှတခြင်း သဘောတရားတို့သည် မြန်မာတို့၏ အယုံအကြည် ကင်းမဲ့မှုကို ထပ် လောင်း အားဖြည့်ပေးသလို ဖြစ်လာခဲ့သည်။

အစိုးရက ရာထူး အပြောင်းအရွှေ့ကို တရားဝင် ကြေညာသည့်အခါ အခြား သတင်းစာများကလည်း ကန့်ကွက်ကြသည်။ **ရန်ကုန်တိုင်း** သတင်းစာသည် ဥရောပတိုက်သား ကျန်သည့်လောက၏ သတင်းစာ ဖြစ်သည်။ ထိုပြင် အစိုးရ ပေါ်လစီကို များသောအားဖြင့် ထောက်ခံလေ့ရှိသည်။ သို့ရာတွင် ယခု အမှုကိစ္စ၌ကား အုပ်ချုပ်ရေးဝိုင်းက အယူအဆနှင့် ကွဲလွဲကာ ဝေဖန် ရေးသားသည်။ နိုဝင်ဘာ ၂၂ ရက် သတင်းစာမှာ တရားရုံးများတွင် အမှု စစ်ဆေးရာ၌ ဓမ္မဓိဋ္ဌာန်ကျစေဖို့ လိုကြောင်း၊ တရားမျှတမှု ပြသရန် လိုကြောင်းကို ယေဘုယျ သဘော ဝေဖန်ချက် ရေးသည်။

ဤသဘောထားမျိုးကို သတင်းစာ အများစုက ဖော်ပြကြလေသည်။ ရန်ကုန် ရှေ့နေအသင်းကလည်း လုပ်ရိုးလုပ်စဉ် မဟုတ်ဘဲ ပြောင်းရွှေ့မည့် ရန်ကုန် တရားသူကြီးကို ကောင်းလက်ဆောင်တစ်ခုပေးကာ နှုတ်ဆက်သည်။ ယင်း၌ ယခု ပြောင်းရွှေ့မည့် တရားသူကြီး (ကျွန်တော်)သည် သူ၏ တာဝန် ဝတ္တရားများ ထမ်းရွက်စဉ်အတွင်း တရားစီရင်ရေးတွင် ဖြူစင်တည်ကြည်စွာ ဆောင်ရွက်ခဲ့သဖြင့် ကျေနပ်အားရမိကြောင်း အလေးထား ဖော်ပြသည်။

အုပ်ချုပ်ရေးဝိုင်းကမူ ထိုအရေးအသားတို့ကို နားခါးကြသည်။ သို့သော် မည်သို့မျှ တုံ့ပြန်ခြင်း မပြုဘဲ ငြိမ်နှုတ်ဆိတ်နေသည်။ မြန်မာပြည်သို့ လာရောက် အမှုထမ်းသည့် ဆိုက်ကတည်းက နှစ်ဆယ့်ငါးနှစ်ခန့် အခြား မြို့ရွာများတွင် ဘဝကို မြှုပ်နှံကာ ပေါ်လာသမျှ အရေးအခင်းတို့ကို ရင်ဆိုင် ဖြေရှင်း ရမည်သာ ဖြစ်သည်။ တာဝန်လည်း ရှိသည်။ ထိုအခါမျိုးတွင် ကိုယ်ခံ ကောင်းဖို့ လိုသည်။ သတ္တိရှိဖို့ လိုသည်။ ငါသည် အသုံးကျသည့် အုပ်ချုပ်ရေးသမား ဖြစ်သည်၊ သမာဓိရှိသည် စသည့် စိတ်ဓာတ်မျိုး မရှိနိုင်လျှင် အရေးအခင်း မှန်သမျှကို ရင်ဆိုင်နိုင်မည် မဟုတ်။ ဤစိတ်ဓာတ်၊ ဤသဘောထားကြောင့်ပင် သတင်းစာများက ဝေဖန်ကြ၊ ကလိကြ၊ ဆဲဆိုကြသည်ကို မတုန်လှုပ်သည့် စိတ်ဖြင့် ကြံ့ကြံ့ခံနိုင်ကြခြင်း ဖြစ်သည်။

ယခု နောက်ဆုံး စစ်ဆေးသည့် အမှုကာလအတွင်း ဆာချားလ်စ်ယောက် မြန်မာပြည်တွင် ရှိနေလျှင် ဘယ်လိုဖြစ်ပျက်နိုင်မည်လဲဟု ကျွန်တော် စဉ်းစားကြည့်သည်။ ဆာချားလ်စ် ရှိခဲ့လျှင် အယူခံမှု မပြီးသေးဘဲ ပေါ်တက်ကော့ကို အစိုးရ အိမ်တော်ကျွန်သို့ ခိုင်းကြမည် မဟုတ်။ ထို့အတူ ရှာရေးဝန်၏ တောကို ကိုင်ကာ လွှဲထဲသို့ သွားစရာ အကြောင်းလည်း ပေါ်လာမည် မထင်။ ထို့နည်းတူ ယခု နောက်ဆုံး ကြုံတွေ့ရသည့် တကြမ်းမှုမျိုးနှင့်လည်း ကျွန်တော် ရင်ဆိုင်ရမည် မထင်။

တရားဝန်ကြီး ဆာဘာသာဟိတ်၏ စွပ်စွဲထားသည့်မှာလည်း အခြေအနေ တစ်မျိုး ပြောင်းလဲစေသည်။ သူရှိနေလျှင်မှ တရားရုံး၏ သိက္ခာကို အကျအဆင်း ခံမည် မဟုတ်။ ယခုကား ဖြစ်ပေါ်လာသည့် အရေးအခင်းတွင် ကျွန်တော် တစ်ယောက်တည်း၏ အားဖြင့် နိုင်ငံအက် (အိန္ဒိယ ပဋိညာဉ်ခံ ဝန်ထမ်း) သုံးယောက်ကို ရင်ဆိုင်ရသည်။ ယခု အနိုက်အတန့်တွင် သူတို့ သုံးဦးသည်ပင် အစိုးရအဖွဲ့ ဖြစ်နေသည်။ သူတို့ သဘောထားသည် ကျွန်တော်နှင့် ပြောင်းပြန်ကြီး ဆန့်ကျင်နေလေသည်။

အကယ်၍သာ အတွင်းဝန်ချုပ် ရာထူးသည် နိုဂါတီ လက်ထဲတွင် ရှိနေပြီး ပုံမှတ်နိုင်းမင်းကြီး ရာထူးကို ဓွစ်သင်ဝင်က ကိုင်ထားမည် ဆိုလျှင် တစ်မျိုးဖြစ်နေ လမ်းဖွင့်လာမည်။ နိုဂါတီသည် ရှေ့ရှေ့ချင်း ညှာတာထောက်ထားစိတ် ရှိသူ ဖြစ်သည်။ ဓွစ်သင်ဝင်သည် နိုဘေးလေးစားထိုက်သည့် ဂုဏ်ဖြပ်ရှိသူ ဖြစ်သည်။ သူတို့သာ အုပ်ချုပ်ရေးထိပ်ပိုင်း ရောက်နေလျှင် ကျွန်တော်ကကြမ်း အလှည့်အပြောင်းသည် ပြောင်းကြွသည့် လမ်းဆီသို့ ဦးတည်နေပေလိမ့်မည်။ ထိုအခါမျိုးတွင် ကျွန်တော့်အတွက်လည်း သူတို့နှင့် ဆန့်ကျင်သည့် အယူအဆသာကိက ရှိတည်ရေအကြောင်း၊ ပေါ်လာမည် မဟုတ်ဟု ထင်သည်။ သို့သော် မြန်မာပြည်တွင် အင်္ဂလိပ်တို့ အုပ်ချုပ်မှုမှာ တစ်မဟာ်ထောင်းနှင့်ဖြစ်ကာ ဆက်လက်သည်မှာ ထင်ထင်ရှားရှား ပေါ်လွင်နေသော အချိန်မျိုးတွင် ကျွန်တော်က တရားဥပဒေ စိုးမိုးရေးညာကို ပြောင်တန်းအောင် ထိန်းသောင်းပေးရန် ကြိုးစားသည်မှာ အချိန်အခါ၏ လိုအပ်ချက် တစ်ခု ဖြစ်သည်ဟု ယူဆမိသည်။ သို့တိုင်အောင် ကျွန်တော်ဘက်က မည်သို့ပင် တရားမျှတမှုကို ထိန်းသောင်းကြားလည်း ကျွန်တော် ကြိုးပမ်းချက်သည် မြန်မာ တောင်သူလယ်သမားတို့၏ အုံကြွမှုကို တားဆီးနိုင်မည် မဟုတ်။ ယင်းအဖြစ်အပျက်ကို ဆက်လက် ဖော်ပြပါမည်။

## ၇။ လယ်သမား အရေးတော်ပုံ

တရားဝန်ကြီး ကာနံနေလင်က ဖော်ထုတ်ခဲ့သော အယူခံကို ပြင်ဆင် စီရင်သည်မှာ ဒီဇင်ဘာ ၂၁ တွင် ဖြစ်သည်။ သည့်နောက် တစ်ရက်ဖြစ်သည့် ဒီဇင်ဘာ ၂၂ ည ၁၁ နာရီ ၃၃ မိနစ်တွင် ဆရာစံ ဆိုသူသည် သာယာဝတီနယ်ရှိ အလံတောင်သို့ ဘုရား၌ "သုပဏ္ဏက ဂဠုန်ရာဇာ" ဘွဲ့ကို ခံကာ ဖြစ်တော်မူသော မင်းလောင်းအဖြစ် လက်နက်ကိုင် တော်လှန်သည်။ အလံတောင်ရှိသည့် နေရာသည် သာယာဝတီနှင့် လက်တစ်ကမ်းသာ ဝေးသည်။ ကားဖြင့် သွားလျှင် နာရီဝက်နှင့် ရောက်နိုင်သည့်နေရာ ဖြစ်သည်။

ဒီဇင်ဘာ ၂၂ တွင်မှ ကျွန်တော် ရာဘူးမှ ပြောင်းရွှေ့ပြီး ဓိန်နှံ့ ဆရာစံသည် သူ၏ ဌာနချုပ်ကို သာယာဝတီနှင့် အလယ်တောင်သို့ ပြောင်းရွှေ့သည်။ ထို့နောက် "မြန်မာတို့အား ကျွန်တော်သွင်းသည့် မိစ္ဆာအင်္ဂလိပ်အစိုးရ" ကို စစ်ကြေညာသည်။ သူ၏ ကျွန်သူပုန်တပ်သည် အစိုးရကို တိုက်ခိုက်ရန် ချီတက်လာသည်။ နောက် တစ်နေ့တွင် လယ်သမားအရေးတော်ပုံ စ တော့သည်။

ဤသည်မှာ တကယ် ဖြစ်ပျက်ခြင်း ဖြစ်သည်။ တကယ်ပင် ရာဇ လက်နက်နှင့်ကိုင်ကာ အင်္ဂလိပ် အစိုးရကို စစ်ပြိုင်ခြင်းပင် ဖြစ်သည်။

ကျွန်အရေးအခင်းပြီးသည့်နောက် အစိုးရက ထုတ်ဝေသည့် စာအုပ်ပြာတွင် ဆရာစံ သူပုန်တပ်သားများသည် "တည်ရှိနေသော အစိုးရကို လက်နက်ကိုင် တော်လှန်ရန် စည်းရုံး ကြံစည်ခြင်း အမှန်ပင် ဖြစ်သည်" ဟု ဖော်ပြခဲ့သည်။ စီးပွားရေးကျပ်တည်းမှုကြောင့် ဖြစ်နိုင်စရာ ရှိသည်ဟု ယူဆကာ စုံစမ်းမှုများ ပြုလုပ်သည်။ သို့သော် အစိုးရက လယ်သမားအရေးတော်ပုံ၏ တစ်ခုတည်းသော ရည်မှန်းချက်သည် "အင်္ဂလိပ်အစိုးရကို မှန်းထားကာ ပြိုလှဲရန်ပင် ဖြစ်လေသည်" ဟု အတိအလင်း ပြောကြားသည်။

ဤ အရေးအခင်းနှင့် ပတ်သက်၍ မှတ်သားစရာတစ်ခု ပေါ်လာသည်။ သူပုန်တို့က အင်္ဂလိပ်လူမျိုးနှစ်ဦး ခေါင်းကိုဖြတ်ချင်သည်။ တစ်ဦးမှာ ဖုရာရှေလီ ဖြစ်သည်ဟု ဆိုသည်။ ဖုရာရှေလီကို အများပြည်သူ မနှစ်သက်ဟု အစိုးရကိုယ်တိုင် က ထုတ်ဝေ ပြောဆိုမှုသည်နှင့် ကိုက်ညီနေသည်။

သူတို့က ခေါင်းဖြတ်လိုခြင်းမှာ အစီအမံတစ်ခုကို ဆောင်ရွက်ရန်ပင် ဖြစ်သည်။ ဖုရာရှေလီ၏ ခေါင်းကိုဖြတ်ပြီး "ဖုရာရှေလီတစ္ဆေ" ကို သူတို့အကျိုး အတွက် စေနိုင်းရန်ပင် ဖြစ်သည်။ ခေါင်းဖြတ်သတ်ပြီး ပစ္စည်းဥစ္စာကို စောင့်နိုင်း သဖြင့် ဥစ္စာစောင့်များ ဖြစ်ရသည်ကို မြန်မာတို့ အယူအကြည် ရှိကြောင်း ဤစာအုပ် အခန်းတစ်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ မြန်မာပြည်နှင့် ပတ်သက်သည့် အခြား စာအုပ်တစ်အုပ်တွင်လည်း တာတာတာရွာကို မြန်မာပြည် ဝင်တိုက်ခိုက်သည့်အခါ တံခါးစောင့် တစ္ဆေက နမ်တိုက်ခိုက်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်သည်။ ဖုရာရှေလီ၏ ခေါင်းကို ဖြတ်ချင်သည်မှာ အင်္ဂလိပ်အစိုးရကို ဖြိုဖျက်နိုင်းရန်ပင် ဖြစ်သည်။ သို့သော် မစ္စတာ ဖုရာရှေလီတစ်ယောက် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိနေသဖြင့် ဖမ်းသာရေးပင်။ သူ့ခေါင်းကို မရလျှင် အခြား အင်္ဂလိပ် တစ်ယောက် ယောက်၏ ခေါင်းကို ဖြတ်မည်ဟု ဆုံးဖြတ်ကာ သစ်တောအရာရှိတစ်ဦး ဖြစ်သော မစ္စတာ ဖီးကာလတ်၏ ခေါင်းကို ဖြတ်ကြသည်။ နောက်ပိုင်းတွင် "ဖီးကာလတ် တစ္ဆေ" သည် သူတို့၏ တပ်ထဲသို့ မားမားမတ်မတ် ပါလာသည်ကို မြင်ရသည်ဟု

မြန်မာအချို့က ယုံကြည်သည်။ အချို့ကမူ အကယ်၍သာ ရာဇရောဂါ၏ ခေါင်းကို ဖြတ်နိုင်မည် ဆိုလျှင် ဂျွန်ဘယ်သားတို့မှာ ယနေ့ထက်ပို၍ ကောင်းမွန်စွာ ရှိသည်ဟု ဆိုကြသည်။

အများပြည်သူတို့သည် အသက်ရှင်လျက်ရှိသည့် ရာဇရောဂါကို မုန်းထားကြသည်။ ထိုအမုန်းတရားတို့ ပေါင်းစုလိုက်သည့်အခါ သူ့မုန် ထ သည့်အထိ ကြီးထွားလာနိုင်သည်။ သို့သော် ထိုသူ သေပြီဆိုလျှင် သူ့ဝိညာဉ်သည် တမန် ဖြစ်သွားကာ တိုက်ပွဲအောင်မြင်ရေးကို အထောက်အကူ ပြုနိုင်သည် ဆိုသော ယုံကြည်မှုမှာ ဆန့်ကြယ်လှသည်။ သို့ဖြစ်ရာ အနီး၍ သမ္မတကြီးကို ဖောင်သိ နိုင်သည့် မှန်ပုံလိုတို့သည် အရှေ့တိုင်းတွင် တာဝန်ထမ်းရွက်လျှင် သတိကြီးစွာ ထားသင့်ပေသည်။

သုပဏ္ဏာက ဂျွန်ရာဇာဘွဲ့ခံ ဆရာစံသည် ဒီဇင်ဘာ ၂၁ တွင် အလဲတောင် ဌာနချုပ်သို့ ရောက်သည်။ ထိုနေ့မှာပင် အလဲတောင်နှင့် မဝေးလှသည့် သာယာ ဝတီမြို့၌ ဘုရင်ခံ ဆာချားလ်အင်နက်ကြီးသည် ဒါဘာ မင်းပွဲတစ်ခု ကျင်းပသည်။ ထို အခမ်းအနား တစ်ခုတွင် ဆာချားလ်က တောင်သူလယ်သမား ပဋိသတ်အား အခွန်ထောက် လျှော့ပေါ့မှု ဆောင်းသည်ကို ငြင်းပယ်လိုက်ကြောင်း ကြေညာသည်။ ပဋိသတ်ထဲတွင် ဂျွန်ဘယ်သားများ ရှိနေသည်ကို ဆာချားလ် မသိ။ သူတို့သည် ဘုရင်ခံ၏ ဒါဘာပွဲသို့တက်ရန် တမင် ရောက်လာကြခြင်း ဖြစ်သည်။ အခွန်ထောက် မလျှော့ပေါ့နိုင်ကြောင်း ကြေညာချက်သည် လယ်သမားတို့၏ မကျေနပ်ချက်ကို ပိုမို လှုံ့ဆော်ပေးလိုက်သလို အကြောင်း တိုက်ဆိုင်လာသည်။

ထိုမင်းပွဲနေ့က ဆာချားလ်၏ အသက်အန္တရာယ်မှာ အကွန်စိုးရိမ်ရသည့် အခြေအနေသို့ ရောက်သွားသည်။ ဂျွန်ဘယ်သားအချို့က ဘုရင်ခံကို ရှော့တစ်ချက် လုပ်ကြရှင်ကြသည်။ သူတို့ အကြံအစည် အောင်မြင်ခဲ့လျှင် ဆာချားလ်မှာ မြေးပေါက်မမြင် သူ့ကိုယ်ရံတော်များမှာ အိုက်မိကာ အလစ်တိုက်ခိုက်ခြင်း ခံရမည် ဖြစ်သည်။ ဘာကြောင့် သူ့ကို မလုပ်ကြသည်ကို အသေအချာ မသိ။ နံစမ်း၍ မရ။ မြန်မာလူမျိုးထဲက ပထမဆုံး ဘုရင်ခံ ဖြစ်လာသူ ဖြစ်၍ အသက် ချမ်းသာရာ ပေးလိုက်ခြင်း ဖြစ်ဟန် တူသည်ဟု ယူဆရသည်။

နောက်တစ်နေ့တွင် တိုက်ပွဲများ တောင် ဖြစ်ပွားသည်။ ဂျွန်တော်မှာ ယန်ချိုမင်းကြီး ဖြစ်ပေရာ ထိုအရေးအခင်းသည် ဂျွန်တော် တာဝန်ဝတ္တရားနှင့် မဆိုင်။ ထို့ကြောင့် တိုက်ပွဲသတင်း၊ ဂျွန်ဘယ်၏ လှုပ်ရှားမှု သတင်းကို သာမန် ပြည်သူတစ်ယောက် ကဲ့သို့ပင် အေးအေးစွာ လေ့လာ အကဲခတ်ခွင့် ရသည်။ နှစ်ဆယ်ရာစုတွင် ထူးခြားသည့် ရှေးမူ လှုပ်ရှားမှုတစ်ခု ဖြစ်လာသည်။ လယ်

သမား အရေးတော်ပုံ ဖြစ်သော်လည်း ကျေးလက်စီးပွားရေးစနစ်ကို ပြုပြင် ပြောင်းလဲပေးရန် မတောင်းဆို။ ယင်းကြောင့် ရှုပ်ခြင်း မဟုတ်။ ဤ အရေး တော်ပုံမှာ နိုင်ငံရေး လှုပ်ရှားမှုကြီးတစ်ခုအသွင် ဆောင်လာခဲ့ခြင်း ဖြစ်သည်။

သူတို့ တိုင်းပြည်ကို နိုင်ငံခြားသားတို့က လာရောက် အုပ်ချုပ်ခြင်းကို မကျေနပ်သဖြင့် တောင်သူလယ်သမားများက လက်နက်စွဲကိုင်ကာ တိုက်ခိုက်ခြင်း ပင် ဖြစ်သည်။ မြန်မာပြည်တွင် နှစ်ပေါင်းနေထိုင်ကြသည့် မိန်းမ၊ ယောကျ်ားတိုင်း သည် အင်္ဂလိပ်အစိုးရ လက်အောက်မှ လွတ်မြောက်လိုကြသည်။ အင်္ဂလိပ် အစိုးရ က ဖိနှိပ်အုပ်ချုပ် ပြုလုပ်သောကြောင့် မဟုတ်။ ထိုအတွက် အစိုးရ၏ အုပ်ချုပ်ရေး ညံ့ဖျင်းမှုကြောင့်လည်း မဟုတ်။ အကြောင်းမှာ တစ်ခုတည်းသာ ရှိသည်။ ယင်းမှာ အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်ရေးသည် မြန်မာအကျိုးစီးပွားထက် အင်္ဂလိပ်လူမျိုး အကျိုးစီးပွားကို ရှေ့ရှုသောကြောင့်ပင် ဖြစ်သည်။ မြန်မာ ပညာတတ် လူတန်းစား ကမူ နှစ်ဆယ်ရာစု မြန်မာပြည်နှင့် လိုက်လျောသည့်မှုနှင့် အုပ်ချုပ်ရန် လိုလား သည်။ ယင်းမှာ လက်နက်ဖြင့် မဖြိုမချောက်ဘဲ အုပ်ချုပ်ရန် ဖြစ်သည်။ သူတို့က လွတ်လပ်ရေးပေးရန် ဗြိတိသျှပါလီမန်သို့ တောင်းဆိုသည်။ တောင်သူလယ်သမား တို့ကမူ ပညာတတ်တို့လောက် အမြော်အမြင်မရှိ၊ နှစ်ဆယ်ရာစု နိုင်ငံရေးကို သူတို့ နားမလည်။ ရှေးနည်းအတိုင်း လက်နက်ကိုင် တောင်တား ပြန်နားရေး လမ်းစဉ် ကိုသာ ဆုပ်ကိုင်ကြသည်။ မကျေနပ်ချက်တို့ကို ချေမှုန်း ထ သည့် နည်းဖြင့် တင်ပြသည်။ ဖြစ်သည့်နည်းဖြင့် ရှေ့ရှုလှုပ်ရှားသည်။ သူတို့ တိုက်ခိုက်ပုံမှာလည်း ခေတ်မမီတော့ပေ။ ၁၉၃၀ ၏ အခြေအနေမှန်ကို သူတို့ မသိ။

သူတို့တွင် ဓားရှည်နှင့် လှံသေနတ်ကိုသာ လက်နက်အဖြစ် အားကိုးစရာ ရှိသည်။ သို့သော် သူတို့သည် တောင် ကိန်းခန်းကို ယုံကြည် အားကိုးသည်။ တောင်ကိန်းခန်း အဆိုအရ မြန်မာပြည်မှ အင်္ဂလိပ်တို့ ထွက်ပြေးရတော့မည်။ ထိုအခါ ကိုယ်ပိုင်မင်းကိုယ်ချင်း ဘဝကို ပြန်လည် ရရှိတော့မည်။ ထို့ကြောင့်ပင် မိမိတို့၏ တိုက်ပွဲသည် အောင်မြင်ရမည်ဟု ယုံကြည်ကြသည်။

မြန်မာပြည် အနှံ့ အပြားတွင် အရေးတော်ပုံတပ်သားတို့နှင့် အစိုးရတပ်များ တိုက်ခိုက်ကြသည်။ ဤတော်လှန်ရေးမီးသည် တိုင်းပြည်အနှံ့ ကူးစက်လာသည်။

ထိုအချိန်တွင် ဘုရင်ခံ ဆာချားလ်စ်အင်းနစ်သည် အင်္ဂလန်မှ အလျင်အမြန် ပြန်လာသည်။ လယ်သမားတို့တွင် လက်နက်ကောင်း မရှိ။ ငွေအင်အားကလည်း နည်းပါးသည်။ သို့ဖြစ်ရာ နောက်ဆုံးတွင် အရေးနိမ့်မည်မှာ သေချာသည်။ သို့သော် လည်း ဤမီးသည် အထက် မြန်မာပြည်သို့ ကူးစက် တောက်လောင်မည်ကို အင်္ဂလိပ် အစိုးရက စိုးရိမ်သည်။ ထို့ပြင် တစ်ပြည်လုံးရှိ တောင်သူ လယ်သမားများ

ရှုမြင်ကြမည်ကိုလည်း စိုးရိမ်သည်။ ဤအရေးအခင်းနှင့် စေ့စပ်ကာ လူဆိုးဓားပြတို့ကလည်း ရှုပ်ရှပ်လာသည်။ တောရွာများကို လုယက်တိုက်ခိုက်လာသည်။ အင်္ဂလိပ်လက်သို့ သိမ်းပြီး ပါတော်မူပြီးနောက် ဆယ်နှစ်ကျော်အထိ အထက်မြန်မာပြည်တွင် ဓားပြများ ရှုပ်နေသည်ကို သတိရလာသည်။ ဤသို့ ကျူးကျော်လျှင် နယ်မြေငြိမ်ဝပ်ပိပြားရေးကို အတန်ကြာအောင် ဆောင်ရွက်ရလိမ့်မည်။

ထိုအခြေအနေတွင် အရေးအခင်းကို ထိန်းသိမ်းရေးသည့် ဥပဒေပြုအဖွဲ့၏ သဘောထားအပေါ် တည်နေသည်။ ဥပဒေပြုအဖွဲ့ဝင်တို့သည် အလယ်အလတ်လမ်းစဉ်ကို ယုံကြည်သူများ ဖြစ်ကြပြီး၊ ပါလီမန်တွင် ဥပဒေတွင်၊ တိုက်ပွဲလမ်းစဉ်ဖြင့် အုပ်ချုပ်ရေးအာဏာကို တောင်းဆိုနိုင်မည်ဟု မှန်းဆကြသည်။ သူတို့သည်လည်း ကျွန်တော်တို့နည်းဟု တိုးတက်ဆန်းသစ်သည့် အုပ်ချုပ်ရေးကို လိုချင်ကြသည်။ သို့သော် သူတို့က လယ်သမားတို့ကို လက်နက်ကိုင် ဆန့်ကျင်ရန် မနိုးဆော်၊ အားလည်း မပေး။ အစွန်းရောက်နေသည့် လက်ဝဲဝါဒီတို့သည် သူပုန်ခေါင်းဆောင်တို့နှင့် အဆက်အသွယ်ရှိဟန် တူသည်။ သို့သော်လည်း ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်တို့ကမူ လက်နက်ကိုင် တိုက်ခိုက်ခြင်းဖြင့် လွတ်လပ်ရေး မရနိုင်ဟု ယုံကြည်ကြသည်။ ယခု အခြေအနေတွင်ကား ထိုခေါင်းဆောင်တို့မှာ ခေတ်အမီဆုံး ပညာတတ် ခေါင်းဆောင်များ ဖြစ်ကြလေရာ ကိုယ်ပိုင်အုပ်ချုပ်ရေး ရရန်အတွက် လန်ဒန်မြို့သို့ သွားရောက်အရေးဆိုရေး ဆွေးနွေးရေးကိုသာ အားသန်လျက် ရှိကြသည်။ သူတို့ လိုချင်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးသည် အိန္ဒိယရသည့် အုပ်ချုပ်ရေးထက် အဆင့်အတန်း မနိမ့်မှ ဖြစ်မည်။ ဤနည်းဖြင့်သာ အကြွေးနေသော လယ်သမားများ၏ ဆန္ဒကို ဖြေရှင်းနိုင်မည်ဟု ယုံကြည်နေကြသည်။

၁၉၃၁ ဖေဖော်ဝါရီလတွင် ဆာချားလ်စ်အင်းနစ် မြန်မာပြည်သို့ ပြန်လာသည့်အခါ လန်ဒန်တွင် ကွန်ဖရင့်တစ်ခု ကျင်းပရန် ရည်ရွယ်ချက်ရှိကြောင်း၊ သို့သော် ရက်ကို မသတ်မှတ်ရသေးကြောင်း၊ သတင်းစာက ကြားသိရသည်။ မြန်မာနိုင်ငံရေး ခေါင်းဆောင်တို့က ဘုရင်ခံကို မယုံကြည်။ သူ့အကြံအစည်ကို သံသယရှိသည်။ သူ တင်ပြသည့် အုပ်ချုပ်ရေးကို ငြင်းပယ်ကြလေသည်ဟု သတင်းကြားရသဖြင့် အလှည့်ပြောင်း ပေးမည်လားဟု စိုးရိမ်ကောင်း ရှိကြသည်။ သူတို့၏ သံသယကို ကျေလည်အောင် ဘုရင်ခံဘက်က ဆွေးနွေးချိန် မရဟု ထင်သည်။ ထို့အတူ လန်ဒန်မြို့တွင် မြန်မာပြည် အုပ်ချုပ်ရေးအာဏာကို မြန်မြန်ဆွေးနွေးပေါ်လိမ့်မည်ဟုဆိုလည်း သူ့ဘက်က ကတိပေးနိုင်ဟန် မတူ။ သူ့အလုပ်မှာ အင်္ဂလန်မှ ပြန်ရောက်လျှင် လယ်သမား အရေးတော်ပုံကို နှိမ်နင်းခြင်းပင် ဖြစ်သည်။ အိန္ဒိယ

ပြည်မှ လေယာဉ်များ၊ တပ်များကို မှာယူသည်။ အမျိုးမျိုးရှိသော့ စစ်ဒိုင်များ၊ ပုလိပ် အရာရှိများနှင့်သာ တိုင်ပင်ဆွေးနွေးနေသည်။

ယှမ်းရိုက် ကြုံတွေ့ရသည့် ကျွန်တော်၏ကြုံမှုကို ဒုံ့အား မပြောပြတော့ပါ။ ပြောပြရန် အခွင့်အခါလည်း မသင့်ဟု ယူဆမိသည်။ ကျွန်တော်မှာ စိတ်ရော လူပါ ပန်းလျှပြီး သုံးနှစ်ပတ်လုံး တစ်ထောလေးမှ မနားခဲ့ရ။ ပြင်ဦးလွင်သို့ တက်သွားသည့် အချိန်ကိုမှ အားလပ်ရက်ကို အနားယူမိမိဟု ကျွန်တော် မသတ်မှတ်နိုင်ပါ။ ထိုကာလအတွင်း ကြုံတွေ့ခဲ့ရသမျှမှာ ဝါးသီးစရာ အတွေ့အကြုံများ ဖြစ်လေရာ စဉ်းစားမိတိုင်း မှာကြည်းစရာတို့သာ ဖြစ်ပေါ်လာသည်။ သို့ဖြစ်ရာ ကျွန်တော့်နေရာ ဆက်ခံမည့်သူကိုသာ စောင့်မျှော်နေမိသည်။

အရှေ့တိုင်းတွင် ကြည့်စရာ၊ ရှုစရာ အသစ်အဆန်းတွေ များပါသည်။ သို့သော်လည်း တစ်ခါတစ်ရံတွင်မူ အင်္ဂလန် မြေကို လွမ်းမိသည်။ အင်္ဂလိပ် မြေပြင်းရိုးတွင် ဖူးပွင့်လန်းဆန်းနေသည့် ဝါဝါထိန်ထိန် တောပန်းများ၏ ရနံ့ကို ရှူရှိုက်ချင်လာသည်။ ဤသို့ဖြင့် ၁၉၃၁ ဧပြီ ၃၀ တွင် ဇာတိမြေ အင်္ဂလန်သို့ သင်္ဘောဖြင့် ပြန်ခဲ့သည်။

## ၉။ အုပ်ချုပ်ရေး အသစ်

မြန်မာပြည်မှ ထွက်ခွာလာသည့် အခါ ကျွန်တော့်စိတ်မှာ ရှုပ်ထွေးနေသည်။ လူလည်း ပန်းလျှပြီ။ သို့သော် အဖြစ်မှန်တို့ကို ဆင်ခြင်နိုင်လာသည်။ တစ်ချိန်တည်းမှာပင် ကျွန်တော့် ဘဝမှာ မသေချာ မရေရာသည့် အဖြစ်ကိုလည်း သဘောပေါက်လာသည်။ ပင်လယ်လေကို ရှူရှိုက်လိုက်ရလျှင် လန်းဆန်းပြီး အားသစ် အင်သစ် ပြည့်ဖြိုးလာသည်။ ရန်ကုန်မှာမှ ပူလောင်သည်။ ပင်လယ်လေညှင်းကား အေးမြ လန်းဆန်းသည်။ ပင်လယ်လေ ရှူရှိုက်ရသဖြင့် စိတ်လည်း ကြည်လင်လာသည်။ ထိုအခါ ကုန်လွန်ခဲ့သည့် ဆယ်နှစ်လအတွင်း ဖြစ်ပျက်ခဲ့သည်တို့ကို ဆင်ခြင် သုံးသပ်၍ အများအမှန် ခေတ် ပိုင်းခြားလို့ ရလာသည်။ အင်္ဂလန် ရောက်ခါနီးလျှင် ကျွန်တော့်စိတ်မှာ ပို၍ တည်ငြိမ်လာသည်။

ဆရာစံ အရေးတော်ပုံသည် ဆုမှ လွှမ်းများမှုတွေ များသည့် နှစ်တွင် ပေါက်ထွက် တိုးလာသည့် ဆူပူမှုတစ်ခုပင် ဖြစ်သည်။ ကျွန်တော့် လက်တစ်တမ်းတွင် နီးနီးကပ်ကပ် ကြားသိနေရသည့် အဖြစ်အပျက်တစ်ခု ဖြစ်သည်။ ယခုမှ စိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်ဆိုးဖြင့် နိဂုံးချုပ်သွားရသည်။

အောက်မြန်မာပြည်က လယ်သမားများ၊ လယ်လုပ်သားများသည် ဘာသာတရား ကိုင်းရှိုင်းသူများ ဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့သည်။ အလှူအတန်း

ရက်စက်ရာသည်။ စိတ်ထား ဖြူမြတ်သည်ဟု အင်္ဂလိပ် စာရေးဆရာများက ချီးကျူးခံရသူများ ဖြစ်သည်။ သို့ဖြစ်လျှင် ထိုပုဂ္ဂိုလ်မျိုးတွေ ဘာကြောင့် ကျွန်တော်တို့ ခေတ်သစ်သစ်တွေရှေ့မှာ လာပြီး ဓားတယမ်းယမ်း ဝင့်ရှင့်ကြသနည်း။ သူတို့သည် လွန်ခဲ့သည့် အနှစ် တစ်ရာကျော်ကပင် ကျွန်တော်တို့၏ အုပ်ချုပ်မှုကို လိုလို တလေးလေး လက်ခံကြသူများ ဖြစ်သည် မဟုတ်လား။

အင်္ဂလိပ်ဘုရင်၏ တိုင်းသူပြည်သားများ ဖြစ်ရသဖြင့် ကျေနပ်နေကြသူများ ဖြစ်သည် မဟုတ်လား။ သို့ဖြစ်လျှင် ၁၉၃၀ တွင်မှ ဘာကြောင့် လက်နက်ကိုင် တော်လှန်ရသနည်း။ သူ့ ကျွန်ဘဝတွင် ကြာကြာနေမည့်အစား "သေသော်မှတည့် ပြော ကောင်း၏" ဆိုသည့် စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကြလေသလား။ ဟူ၍မင်း ဆင်စရာ ဖြစ်လာသည်။ ဤသည်တို့မှာ အဖြေရှာရ အလွန်ခက်သည့် ပြဿနာများ ဖြစ်သည်။ သို့တိုင်အောင် ကျွန်တော်အနေဖြင့် မြန်မာပြည်တွင် အနေကြာခဲ့သဖြင့် "မြန်မာပြည် အတွေ့အကြုံ" များကို အခြေခံကာ အဖြေအတွက် သဲလွန်စ အချို့ကို တစ်စစီ ဆွဲထုတ်လို့ ရလာသည်။

ကျွန်တော့်အမြင်မှာ ဤသို့ဖြစ်သည်။ မြန်မာပြည်ကို ကျွန်တော်တို့ အင်္ဂလိပ်များ သိမ်းပိုက်ထားစဉ်အတွင်း မလုပ်သင့် မလုပ်ထိုက်သည့် လုပ်ရပ် နှစ်ခုကို ပြုလုပ်ခဲ့သည်။ ကျွန်တော်တို့က မြန်မာတို့၏ အကျိုးစီးပွားအတွက် အစိုးရက လုပ်ကိုင်နေပါသည်ဟု တရားဝင် ပြောဆို ကြေညာသည်။ သို့သော် ယင်းနှင့် ဆန့်ကျင်ကာ ကျွန်တော်တို့သည် မြန်မာပြည်တွင် အင်္ဂလိပ်လူမျိုး၏ အကျိုးစီးပွားကို ရှေ့တန်းတင်ခဲ့သည်။ ထို့နောက် မြန်မာတို့ကို လူရိုင်း တန်းတူ ထားပြီး မဆက်ဆံ။ ကိုယ့်လက်အောက်က အဆင့်အတန်း နိမ့်သူများ အဖြစ် သဘောထားကာ ဆက်ဆံခဲ့သည်။

မြန်မာလူမျိုးနှင့် မြန်မာပြည်သည် ကျွန်တော်တို့ လက်အောက်သို့ ဘယ်ပုံ ရောက်လာခဲ့သနည်း။

မြန်မာတို့သည် အင်အားသေးသည့် နိုင်ငံတစ်ခု ဖြစ်သည်။ မိမိကိုယ်မိမိ ကာကွယ်နိုင်စွမ်း မရှိ။ ကျွန်တော်တို့ပိုင် အိန္ဒိယ၏ ရှေ့တန်းနယ်နိမိတ်နှင့် ဆက်စပ်နေသည်။ အကယ်၍ ကျွန်တော်တို့ အင်္ဂလိပ်က မသိမ်းပိုက်လျှင် အခြား အင်အားကြီးနိုင်ငံ တစ်ခုခုက သိမ်းပိုက်မည် ဖြစ်သည်။

မြန်မာနှင့် ဆက်ဆံရသည်မှာ စိတ်ညစ်စရာ ကောင်းသည်။ မြန်မာ အရာရှိများမှာ သည်းမခံနိုင်လောက်အောင်ပင် စိတ်အိုက်စရာ ကောင်းသည်။ မြန်မာလူမျိုးတို့သည် နှစ်လိုဖွယ် ကောင်းသည်။ ကျွန်တော်တို့ကို ရန်မလုပ်။ သူတို့၏ ဘာသာတရားမှာ နှစ်သက်စရာ ကောင်းသည်။ ကျွန်တော်တို့ ကဲ့သို့ပင်

ယောကျ်ားပီသသည်။ သူတို့သည် ဖန်းချီ၊ ဂီတ၊ စာပေ စသည့် အနုပညာကို နှမ်းလိုက်စားကြသည်။ ဉာဏ်ကြီးသည်။ ရယ်စရာပြုံးစရာမှာ ပျော်မောလှပသည်။ မြန်မာ အမျိုးသမီးတို့သည် ဗုဒ္ဓဘာသာ ဓမ္မသတ်အရ လွတ်လပ်ခွင့်အရေး များစွာ ရကြသည်။ စကားပြောဆိုရာတွင် လိမ္မာရေးခြားရှိသည်။ တစ်ဖက်သားစိတ်ကို ညွှတ်နူးအောင် ပြောဆိုသည်။

သို့သော် မြန်မာတို့မှာ ဆင်းရဲသည်။ မြန်မာလူမျိုး တစ်ယောက်သည် အပြားသော ကျေးတောသားများနည်းတူ အိမ်ပိုင်၊ လယ်ပိုင် ရှိသည်။ စပါး မိန်းမ တွင် သား သမီး များစွာ ရှိနေကြသည်။ မြင်းတစ်စီးလည်း ပိုင်သည်။ သူ ကြိုက်သည့် စာတ်မင်းသမီးလည်း ရှိတတ်သည်။ အရက်ကလေး တမြမြ သောက် ကာ ကချေသယ်အလေးများ ရှုတ်ဆိုပြီး ပျော်ပျော်ရွှင်ရွှင် နေတတ်သည်။ သူ့တွင် ပြိုင်နွားတစ်ရှဉ်း ပိုင်သည်။ ကြက်တောင် လှည်းယဉ်ကြလည်း ပိုင်ဆိုင် သေးသည်။ ပြီးတော့ စစ်တုရင် ကစားရာ၌ ပျော်မွေ့သည်။ ကြွေအန်လည်း ကစားတတ်သည်။ ဤကဲ့သို့သော ပိုင်ဆိုင်မှုမျိုး၊ ပျော်ရွှင်မှုမျိုး ရှိနေလေရာ သူ့စည်းစိမ်မှာ ဘုရင်လောက် ကြီးသည်ဟု ထင်နေတတ်သည်။ သူပိုင် ဝင်ငွေမှာ တစ်နှစ် ဆယ်ပေါင်သာရှိသဖြင့် အင်္ဂလိပ်တို့က သူ့ကို ဆင်းရဲသားဟု ယူဆသည်။ သို့သော် သူက မူ။ ထင်မှတ်သလို ထင်နိုင်သည် မဟုတ်လား။

သို့သော် အရှင်းလွှင်းမှုဘက်မှ ကြည့်လျှင်ကား မြန်မာလူမျိုးသည် တကယ် ဆင်းရဲသည်။ ထိုမှုဘောင်ကကြည့်လျှင် မြန်မာပြည်သည် သယံဇာတ ပေါကြွယ် သည်။ ရှုမ်းသာသည်။ အကြောင်းမှာ မြန်မာပြည်၌ ရေနံတွင်း၊ ရွှေတွင်း၊ ငွေတွင်း၊ ကျောက်မျက်ရတနာတွင်းများနှင့် သစ်တောများ ပေါများသောကြောင့် ဖြစ်သည်။ ဤသယံဇာတတို့ကို ကျကျနန မဖော်ထုတ်ရသေး။ အသုံး မချရသေး။

ယခုမူ လွန်ခဲ့သည့်နှစ်ပေါင်း တစ်ရာငါးဆယ်ခန့်က ထိုမြန်မာပြည်သည် ကျွန်တော်တို့ လက်အောက်သို့ ရောက်ခဲ့ရသည်။ သူတို့ ဘုရင်ကို ဖမ်းဆီးသွားလျှင် အမိမဲ့သား ရေနည်းငါကို မူသွားကြရသည်။ ကျွန်တော်တို့ အင်္ဂလိပ်လူမျိုးနှင့် နှိုင်းလျှင် သူတို့မှာ ကလေးသာသာ အရွယ်သာ ရှိသေးသည်။ သူတို့သည် ကျွန်တော်တို့နောက် အများကြီး နောက်ကျနေကြသည်။ သူတို့အမြင်မှာ ခေတ် မမီ။ သို့သော်လည်း သူတို့သည် ချစ်ခင် နှစ်သက်စရာ ကောင်းသည်။ သူတို့နောက်မှာ စိတ်ဝင်စားစရာ ကောင်းသည်။ ကျကျနန ပြုစုပျိုးထောင်ပေးနိုင် မည် ဆိုလျှင် ခေတ်မီလာမည်။ သူတို့ဘုရင် နေရာတွင် ကျွန်တော်တို့က အစား ဝင်ယူကာ သူတို့ကို အကာအကွယ်ပေးမည်။ သူတို့ပိုင် သယံဇာတတို့ကို ကောင် အောင်ကာ ဖော်ထုတ်ပေးမည် ဆိုလျှင် ကျွန်တော်တို့ကို ကျေးဇူးတင်မည်။

ကျွန်တော်တို့ ဖွံ့ဖြိုးအောင်ပေးလိုက်သဖြင့် ခေတ်မီလာသည့် မြန်မာတို့ကို ကြည့်ကာ ဂုဏ်ယူစရာပင် ကောင်းမည် ဖြစ်သည်။ မြန်မာတို့ကလည်း ကျွန်တော်တို့ကို ချစ်ခင် နှစ်သက်လာမည်။ ယခုမူ နှစ်ပေါင်း တစ်ရာငါးဆယ်ကျော် အုပ်ချုပ်လာခဲ့ပြီးမှ သူတို့ကို စက်သေနတ်ဖြင့် ပစ်သတ်ခဲ့ကြပြီ။

သို့သော် ကျွန်တော်တို့သည် လူရိုင်းများ မဟုတ်ပါ။ တရားဥပဒေနှင့်အညီ အုပ်ချုပ်ခဲ့ပါသည်။ တိုင်းပြည် အေးချမ်းသာယာအောင် တတ်နိုင်သမျှ ဆောင်ရွက်ခဲ့ပါသည်။ သူတို့ကို ခေတ်ပညာ သင်ပေးခဲ့သည်။ တိုင်းပြည်အနှံ့အပြား လမ်းများ ဖောက်ပေးသည်။ ဆေးရုံများ ဆောက်ပေးသည်။ ဆည်မြောင်းများ၊ တူးမြောင်းများ ဖောက်ကာ စိုက်ပျိုးရေးကို တိုးတက်ဖွံ့ဖြိုးစေခဲ့သည်။ သီးနှံဖွံ့ဖြိုးရေးနှင့် မြေဆီလွှာ ကောင်းမွန်ရေးအတွက် သိပ္ပံနည်းကျ လေ့လာရေးများ ပြုလုပ်ပေးခဲ့သည်။

သို့သော်လည်း ကျွန်တော်တို့၏ စက်မှုလုပ်ငန်းမူဝါဒကြောင့် အရည်မရ အဖတ်မရ ဖြစ်ခဲ့ရသည်။

မြန်မာတို့တွင် အရင်းအနှီး မရှိ။ ဓာတ်သတ္တု၊ ကျောက်မီးသွေးနှင့် သစ်တောမှ သစ်များ ထုတ်လုပ်ရန် နည်းပညာတို့ကို သူတို့ မသိ။ သို့ဖြစ်ရာ ပြည်ပ အရင်းအနှီးများကို ကျွန်တော်တို့ သွင်းယူခဲ့သည်။ အင်္ဂလိပ်၊ ကုလား၊ တရုတ်တို့က ငွေပင်ငွေရင်း ထုတ်ဆောင်ကာ စက်မှုလုပ်ငန်းကြီးများ တည်ထောင်ခဲ့ကြသည်။ အစိုးရတွင် အခွန်ဘဏ္ဍာ တိုးလာသည်နှင့် အမျှ လမ်းသစ်များ ဖောက်ခြင်း၊ ဆေးရုံများ ဆောက်ခြင်း၊ စာသင်ကျောင်းများ ထောင်ပေးခြင်း တို့ကြောင့် တိုင်းပြည် ဖွံ့ဖြိုး တိုးတက်လာခြင်း၏ အသီးအပွင့်ကို မြန်မာတို့ စားသုံးရသည် မှန်သည်။ စက်မှုလုပ်ငန်းသစ်များကြောင့် မြန်မာများ အလုပ်ကိုယ်စီ ရလာကြသည်။ သို့သော် ရေရှည်တွင်မူ မြန်မာပြည်၌ ချမ်းသာကြွယ်ဝသူ အားလုံးလိုလိုမှာ နိုင်ငံခြားသားများ ဖြစ်လာပြီး မြန်မာတို့မှာမူ ဆင်းရဲတွင်းနက်လျက် ရှိနေကြသည်။ ယခင်ကမူ မြန်မာတို့သည် ဆင်းရဲသော တိုင်းပြည်တွင် နေထိုင်ကြသည့် ဆင်းရဲသားများ ဖြစ်ခဲ့ကြသည်။ ယခုကား ဖွံ့ဖြိုး ချမ်းသာလာသည့် တိုင်းပြည်တွင် ဆင်းရဲတွင်းနက်သည့် ဆင်းရဲသားများ ဖြစ်လာကြသည်။

အခြေခံအားဖြင့် ရှေးယခင်နှင့် ယခု အခြေအနေမှာ ကွာခြားလှသည်။ စီးပွားရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း မြို့ကြီးများသည် အမြဲတမ်းတွင် လူမျိုးခြားလာကြရသည်နှင့် တူနေသည်။ နေရာတကာတွင် နိုင်ငံခြားသားတို့ လွှမ်းမိုးလာသည်။ သူတို့က မြန်မာဆိုတွင် ဂုဏ်မတင်ကြ။ အကြောင်းမှာ မြန်မာတို့ သည် ဆင်းရဲသားများကြောင့်တည်း။

သစ်တောနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းတို့တွင် မြန်မာတို့ ပါဝင်နိုင်သောင် အခွင့်ရေး မည်သို့ ဖန်တီးပေးနိုင်မည်နည်း၊ စဉ်းစားစွဲ့ပင် မရပါ။ ဓတ်သိကွာသိန်းရောင်းဝယ်ရေး ပညာနှင့် လုပ်ငန်းတို့တွင် မြန်မာတို့ မကျွမ်းကျင်ဟုဆင်ခြေပေးနိုင်သည်။ သို့သော်လည်း ပိုက်ကွတ် တရုတ်လူကြီး တဘဝနက်ကိုမြန်မာတို့ ထမ်းဆောင်နိုင်ပြီး ဘုရင်ခံ၏ အတိုင်ပင်ခံ ဝန်ကြီးချုပ် ရာထူး၌မြန်မာတို့ တာဝန်ယူနိုင်လျှင် ကုသိန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းတို့၌မြန်မာတို့ မကျွမ်းကျင်ဟု ပြောသော် ရယ်စရာ ဖြစ်နေမည်။ သို့ပြောလည်း ပုဂ္ဂလိကနိုင်ငံခြား အရင်းအနှီး ဖြည့်နှံထွင် ပေးသည့် နေရာ၌မူ ကျွန်တော်တို့ဘက်ကလွယ်လင့်တကူ နှင့်ပြီးနိုင်သည်မှာ အံ့ဩစရာ ကောင်းသည်။ ရေရှည်တွင်မူအင်္ဂလိပ်လူမျိုးတို့၏ လုပ်ထုံးလုပ်နည်းနှင့် ကျိုပြောမြွားနားလာသည်ကို တွေ့လာရသည်။ နိုင်ငံခြားသားတို့ကို အခွင့်အရေး ပေးခြင်းအားဖြင့် မြန်မာတို့မှာ ကိုယ်ပိုင်အုပ်ချုပ်ရေး ကဏ္ဍတွင် မကျွမ်းမကျင် ဖြစ်လာသည်ကို တွေ့ရသည်။ ကျွန်တော်တို့ရည်ရွယ်ချက်မှာ မြန်မာတို့သည် တဖြည်းဖြည်း ကိုယ်ပိုင်အုပ်ချုပ်ရေးကို ယူသွားရန်ပင် ဖြစ်သည် မဟုတ်လော။

ဝေနီသဲတော် နှစ်မြှုပ်သည့်အခန်း၌ အင်္ဂလိပ်အရာရှိ နှစ်ယောက်သည်အိန္ဒိယ သဘောသားတို့၏ အသက်ကို ဦးစားပေး ကယ်တင်ခဲ့သဖြင့် အင်္ဂလိပ်ပီသကြောင်း ကျွန်တော် ချီးကျူး တင်ပြခဲ့သည်။ ဤသည်မှာ အင်္ဂလိပ်တို့၏အကြီးမြတ်ဆုံး ဂုဏ်သိက္ခာပင် ဖြစ်သည်။ ဤအတိုင်း ကိုယ်ကျိုးစွန့်ကာသူတစ်ပါးကို ဦးစားပေးခြင်းသည် အင်္ဂလိပ်ကောင်းတို့၏ လုပ်ထုံးလုပ်နည်းအမှန်ဖြစ်လေသည်။ ဤစိတ်ဓာတ်ဖြင့် ကျွန်တော်တို့သည် ဗြိတိသျှ ဓနသဟာယကိုတည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။

သို့သော် မြန်မာပြည်တွင်မူ ဤနည်းကို ကျွန်တော်တို့ အသုံးမပြုခဲ့ကြပေ။ မြန်မာတို့ကို ဦးစားပေးရန် ကျွန်တော်တို့ ပျက်ကွက်ခဲ့သည်။ များစွာသောပညာရှင်မဲ့ ဝန်ထမ်းတို့သည် မြန်မာအကျိုးစီးပွားကို ရှေးရှုလုပ်ကိုင်ရန် ရည်သန်ခဲ့ကြသည်။ သို့သော်လည်း သူတို့ သွင်းလာသည့် နိုင်ငံခြား အရင်းအနှီး၏ ရလဒ်နှင့်ထိုအရင်းအနှီးနောက်က ကပ်ပါလာသည့် ကုလား အလုပ်သမားတို့ အစုလိုက်မှသူတို့ မပြောလည်အောင် မဖြေရှင်းနိုင်။ ကိုယ်တင်သည့် စက်ကိုကို ကိုယ် ချုပ်မနိုင်။

မြန်မာတို့သည် သူတို့တိုင်းပြည်တွင် စက်မှုလုပ်ငန်း၌ အရာမဝင်သလိုဘေးဖယ်ခံခဲ့ရသည်။ အရေးမပါသလို ဖြစ်ခဲ့ရသည်။ ရန်ကုန်မြို့တော်ကြီးတွင်မြန်မာဆိုလျှင် လူရာမဝင်။ ဆင်းရဲ မွဲတေခြင်းက သူ့ကို အောက်တန်းသို့တွန်းပို့သည်။ အဓိပ္ပါယ် ဆိုရပါတော့တွင် မြန်မာပွဲလယ်။ မကျွန်းပေ။ မြန်မာတော်၌

မကာပြုနိုင်။ မြန်မာ ဘုန်းတော်ကြီးတို့ကို အစိုးရအိမ်တော်က ပင့်ဖိတ်ပြီး ဆွမ်း မသကျွေးနိုင်။ ဥရောပကုန်သည် လူတန်းစားက မြန်မာတို့ကို ရိုးလှလင်သာသာ သဘောထားသည်။ စစ်တပ်ကလည်း မြန်မာအမျိုးသားကို လူရာ မသွင်း။ ချော့ချော့ဆနေ အသေခံ လူစား ဟုသာ သဘောထားသည်။

လယ်သမား အရေးတော်ပုံ၏ နောက်ကွယ်တွင် ဤအကြောင်းများ အခြေခံနေသည်။ ၁၉၃၀ မြန်မာပြည် အခြေအနေကိုကြည့်လျှင် အင်္ဂလိပ်တို့က မြန်မာတို့အပေါ် ထားရှိသည့် စေတနာကို အကဲခတ်နိုင်သည်။ အိန္ဒိယပြည်တွင် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး တိုက်ပွဲများ ပြင်းထန်သဖြင့် ကိုယ်ပိုင် အုပ်ချုပ်ရေး ရရှိ နီးစပ်လာသည်။ မြန်မာတို့သည် အလားတူ အုပ်ချုပ်ရေးမျိုး ရနိုင်မည်လား။ သေချာတပ်အပ် မပြောနိုင်။ ဆာဂျွန်ဆိုင်မွန်နှင့် သူ့ အဖွဲ့ လာရောက်နှစ်ဆော်ခဲ့သည် မှန်သည်။ သို့သော် သူတို့ အစီရင်ခံစာတွင် အိန္ဒိယပြည် အတွက်သာ တင်ပြခဲ့သည်။ မြန်မာပြည် အရေးမှာ မရေရာ။ အိန္ဒိယပြည်မှ ခွဲထွက်ခဲ့သော် မြန်မာတို့သည် အုပ်ချုပ်ရေးစနစ် တစ်မျိုးရမည်။ သို့သော် ယခု မရေရာသေး။ မြန်မာတို့ကမူ ရေးဆွဲမည့် အုပ်ချုပ်ရေးမှာ အိန္ဒိယထက် နိမ့်ကျသည့် အုပ်ချုပ်ရေးမျိုး ဖြစ်မည် ယုံကြည်နေကြသည်။ ဗြိတိသျှ ညွှန်ကြားချက်အရ ထိုအုပ်ချုပ်ရေးမျိုးကို ဘုရင်ခံ ဆာချားလ်စ်အင်းနစ်အား ရေးဆွဲနိုင်သည်။ ယင်းအရ မြန်မာပြည်သည် ကရောင်း ကိုလိုနီ ခေါ် အင်္ဂလိပ် ကိုလိုနီ တစ်ခုသာ ဖြစ်သည်။ ထိုအခါ နိုင်ငံခြား အရင်းရှင်တို့သည် စီးပွားရေး အကျိုးကို ပို၍ တိုးချဲ့လာမည်။

သူတို့ အရေးကိစ္စကို ဗြိတိသျှ ပါလီမန်က စိတ်မဝင်စား။ သူတို့ တင်ပြသည်ကို နား မဝင်ဟု မြန်မာတို့ ခံစားနေကြသည်။ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ ဘီလပ်သို့ ရောက်ကာ အရေးဆို ဆွေးနွေးချင်သည်။ သို့သော်လည်း ၁၉၃၀ ကာလတွင်မူ မြန်မာအကျိုးစီးပွားကို ရေရှည်ပြောဆိုမည့် ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့ လန်ဒန် ရောက်ဖို့ မလွယ်လှ။ သို့ဖြစ်ရာ စိတ်မရှည်သည့် မြန်မာ အစိတ်အပိုင်းသည် လက်နက်ကိုင် တိုက်ခိုက်ကြလေသည်။

မြန်မာပြည်မှ ကျွန်တော် မထွက်မီ ၁၉၃၀ ဧပြီတွင် မြန်မာ လူတန်းစား အသီးသီးက ကျွန်တော်ကို ဤသို့ တင်ပြကြသည်။

'ကျွန်တော်တို့ အခြေအနေမှန်ကို ခင်ဗျား ကောင်းကောင်း သိပါတယ်၊ လက်နက်ကိုင် တိုက်ခိုက်တာကတော့ အရဲစွန့် လုပ်ကြတာပါ၊ မြန်မာတွေ ကျေနပ်အောင် လန်ဒန်က အခွင့်အရေးပေးမယ် ဆိုရင် အဲဒီ အရေးအခင်းတွေ လည်း ငြိမ်သွားမှာပါ၊ ဗြိတိသျှပါလီမန်က ကျွန်တော်တို့ အရေးကို လျစ်လျူရှု နေတယ် ထင်တယ်၊ ဒီတော့ တိုင်းသူပြည်သားတွေကို အခွင့်အရေး ရပါစေမယ်လို့

မျှော်လင့်ချက် မပေးနိုင်ဘူး၊ ကျွန်တော်တို့ အခြေအနေဟာ ဆိုးပါတယ်၊ အစိုးရကလည်း ဘာတစ်ခွန်းမှ ရေရေရာရာ မပြောဘူး၊ လန်ဒန်ကို စာရေး တိုင်ကြားတော့လည်း အကြောင်း မထူးဘူး၊ အခု ခင်ဗျား ရှင်သာနိုက် အခြေအနေ ဘယ်လိုလဲ ဆိုတာ စနည်းနာပြီး အကြောင်းကြားပါ"

"အခြေအနေ ထူးမယ်တော့ မထင်ဘူး၊ အုပ်ချုပ်ရေးတစ်မျိုး လေးမယ်ဆိုရင် ဘုရင်ခံ သိမှာပေါ့၊ သူက ခင်ဗျားတို့ကို တစ်ဆင့် ကြေညာမှာပေါ့"

ဤသို့သာ ကျွန်တော် ပြောခဲ့သည်။

"ဟုတ်တယ်၊ အုပ်ချုပ်ရေးအတွက် တစ်ခုခု ထူးခြားရမယ်"

"ကျွန်တော် တတ်နိုင်တာကတော့ လူကိုယ်တိုင်ပဲ သက်ဆိုင်ရာကို ပြောပါမယ်"

ခရီးတစ်လျှောက်လုံး ဤအကြောင်းကို စဉ်းစားလာမိသည်။ လန်ဒန် ရောက်လျှင် ကျွန်တော် ဘာများ ဆောင်ရွက်နိုင်မည်လဲ။ မြန်မာခေါင်းဆောင်ထဲက ပါလီမန် အစဉ်အလာကို ယုံကြည်သည့် ပုဂ္ဂိုလ်များနှင့် အင်္ဂလန်ရှိ အာဏာရ ပုဂ္ဂိုလ်တို့ တိုက်ရိုက် တွေ့ဆုံနိုင်လျှင် ကောင်းမည်။

သို့နှင့် အင်္ဂလန်သို့ရောက်လျှင် အိန္ဒိယရုံးတော်သို့ သွားသည်။ အမြဲတမ်း အတွင်းဝန်နှင့် တွေ့ရန်တောင်းသည်။ ကျွန်တော်က မြန်မာတို့မှာ သူတို့ ကံကြမ္မာ ဘယ်သို့ ရှိမည်ကို သိချင်နေကြကြောင်း ပြောပြသည်။ သည်အတိုင်းဆိုလျှင် လှုပ်ရှားမှုသည် ဆောမှုမယ်မရှိ၊ ကျားစောက်လိမ့်မည်။ မြန်မာခေါင်းဆောင်များ လန်ဒန် ရောက်လာပြီး ဆွေးနွေးစေလို့ လိုသည်။ အရေးကြီးသည်။ အတွင်းဝန်က ယခုမှ ဘာမျှ ရေရေရာရာ ဆုံးဖြတ်ခြင်း မပြုရသေး။ သို့သော်လည်း မြန်မာပြည် အရေးကိစ္စအတွက် စက်တင်ဘာလတွင် ကွန်ဖရင့်တစ်ခု ကျင်းပရန် တင်ပြထားသည်ဟု ပြန်ကြားသည်။

ထို့နောက် ဓါ်ဂစီရိုဓာသည် သွားတွေ့သည်။

"ပြန်ရောက်လာပြန်ပြီလား"

သူက ဝမ်းပန်းတသာ ကြိုဆိုသည်။

"ဒီတစ်ခါ သုံးနှစ်နဲ့တောင် ကြာတယ် ဗျာ"

ကျွန်တော်မှာ ရင်ထဲက ခံစားနှင့်နှင့်ပင် ပြောမိသည်။

"ခင်ဗျားနဲ့ကျွန်တော် မြူနှင်းတွေ ဆွေနွေးတုန်းက ဆောက်စရိုက်ကို ကားနဲ့ သွားကြတာ မနေ့တစ်နေ့ကပဲလို့ ထင်နေတယ်"

"အင်း... အခုလည်း ကျွန်တော်မှာ မြူနှင်းတွေ ဝေတဲ့ အလယ်မှာ ရောက်

နေတယ်၊ ဒါကြောင့် ခင်ဗျားနဲ့ လာတွေ့တာပဲ၊ တွေ့ရ ကြုံရတာတွေကတော့ အများကြီးပဲ၊ အမျိုးမျိုးပဲ'

'မြန်မာပြည်မှာလား ...'

သူက အံ့ဩနေသည်။ မြန်မာပြည်တွင် ဘာတစ်ခုမှ မဖြစ်နိုင်ဟု ယုံကြည်ထားပုံပြင်တစ်ခုက ဆိုသည် မဟုတ်လား။

'ဟုတ်တယ်၊ မြန်မာပြည်မှာ ကြုံရတာတွေပဲ။ ခင်ဗျားကို ပြောပြချင်တယ် ဗျာ'

'ကောင်းပြီလေ၊ ကဲလာ၊ အပြင်သွားပြီး နေ့လယ်စာ စားကြမယ်'

ထို့နောက် ယူနီဗာစတီကလပ် အဆောက်အအုံရှိ ဆေးလိပ်သောက်ခန်းထဲတွင် ယခု ရေးထားသည့် အထဲက အချို့အဝက်ကို သူ့အား ပြောပြသည်။ သူ့မှာ တအံ့တဩ ဖြစ်နေသည်။ ကျွန်တော် ပြောသည်တို့ကို အလေးအနက် နားယူသည်။

'ဒီလိုဖြင့် လီယိုနယ်ကားတာစ်နဲ့ သွားတွေ့ရင် ကောင်းမယ်'

တိုက်ပဲ တိုက်ဆိုင်လွန်းလှသည်။ လွန်ခဲ့သည့် သုံးနှစ်ခွဲတုန်းကလည်း ဤနာမည်ကို ကြားပြီးနောက် ကျွန်တော် မြန်မာပြည်သို့ ရောက်လာခဲ့သည်။ ရှစ်ဘေးခန်းတွေ အမျိုးမျိုး အဖုံဖုံ တွေ့ခဲ့ရသည်။ ယခုလည်း သူနှင့် တွေ့ရဦးမည်။

နှစ် ၄ တွင် လီယိုနယ်ကားတာစ်နှင့် တွေ့သည်။ သူနှင့် တွေ့ရသည်မှာ ကံကောင်းသည်။ အတော်ချင်း တိုက်ဆိုင်တာ များသည်။ သူ့ကို ပြောသည့်အခါ အောလဆိုး ကောလိပ်တုန်းက ကျောင်းနေဖက် သူငယ်ချင်း တစ်ယောက်နှင့် ပြောဆိုသကဲ့သို့ ပြောဆိုမိသည်။

'အခြေအနေကတော့ မြန်မာတွေကို သေနတ်နဲ့ ပစ်သတ်နေတယ်ဆိုရင်တော့ ရှေ့လျှောက် ရန်သူဖြစ်ကြဖို့ပဲ၊ မြန်မာ–အင်္ဂလိပ် ဘယ်တော့မှ ရင်ကြားစေ့မှာ မဟုတ်တော့ဘူး'

ကျွန်တော်က ဆိုသည်။

'ဒီတော့ ခင်ဗျား စိတ်ကူးက ...'

သူက မေးသည်။

'မြန်မာခေါင်းဆောင်တွေ လန်ဒန်ခေါ်ပြီး ဆွေးနွေးပေါ့၊ ဒါမှပဲ မြန်မြန်လုပ်မှ ဖြစ်မယ်'

'သူတို့က ဘာ လိုချင်တာလဲ'

'အိန္ဒိယနည်းတူပဲပေါ့'

လီယိုနယ်ကားတာစ်သည် ငါးမိနစ်ခန့် စဉ်းစားနေသည်။ ပြီးမှ–

'မင်းဗျား ပြောတာ မှန်တယ်လို့ ပျကြည်တယ်။ မြန်မာပြည် ဓာတုနံမွှားမှာ ကိုတော့ ကြည်မနေလို့ မဖြစ်ဘူး'

သူက ဆိုသည်။

ထို့နောက် ဤအကြောင်းကို နန်းရင်းဝန်ကြီး၏သား မယ်လကွမ် မက္ကုဒေါ်နယ်အား ထိုနေ့ နေ့လယ်စာ စားပွဲမှာပင် ပြောပြမည်ဟု သူက အာမခံသည်။

သူ့ကို နှုတ်ဆက်သည့်အခါ ပြုံးရယ်လျက် -

'အင်း မှတ်ထားနော်၊ ခင်ဗျားဟာ မြန်မာပြည်အကြောင်း သတင်းပေးနိုင်တဲ့ ပါလီမန်ရဲ့ ကိုယ်စားလှယ်တစ်ယောက် ဖြစ်သွားပြီ'ဟု ဆိုသည်။ 'ဒါပေမဲ့ ပါလီမန်က မြန်မာပြည် သွားပြီး နုစမ်းဖို့ ဆောင့်ခိုင်မှုန်ကို လွှတ်လိုက်တယ် မဟုတ်လား'

'ဟုတ်တယ်၊ ဟုတ်တယ်၊ အင်း ... ခင်ဗျားနဲ့ တွေ့ရတာ ဝမ်းသာတယ်။ ဒါပေမဲ့ ဘယ်အက်လိပ် နိုင်ငံရေးသမားနဲ့မှ မတွေ့နဲ့နော်၊ သတင်းစာ အယ်ဒီတာ တွေလည်း ရှောင်ဦးရဲ့'

နောက်ရက်သတ္တပတ်တစ်ခုမှာ စိတ်ဝင်စားစရာ ကောင်းသည်။ မစ္စမေအောင် (ဒေါ်မြစိန်)သည် ဂျီနီဗာမြို့မှ လန်ဒန်မြို့သို့ ရောက်လာသည်။ သူမသည် အသက် နှစ်ဆယ့်ခုနစ်နှစ်သာ ရှိသေးသည့် မြန်မာအမျိုးသမီးတစ်ဦး ဖြစ်သည်။ သူ့ဖခင်မှာ တစ်ခါက မြန်မာပြည်တွင် ဘုရင်ခံ၏ အတိုင်ပင်ခံ ဝန်ကြီးချုပ်တစ်ဦး ဖြစ်ခဲ့ဖူးသည်။ မစ္စမေအောင်မှာ အောက်စဖို့ တက္ကသိုလ်မှ ဘွဲ့ရသူ ဖြစ်သည်။ မြန်မာပြည်နှင့် အိန္ဒိယပြည်တို့တွင် အမျိုးသမီး အသင်းအပင်း အများအပြား၌ ရှေ့ဆောင်ရှေ့ရွက် လုပ်ခဲ့သည်။ နိုင်ငံရေးနှင့်ကား မဆက်စပ်။ သို့သော် မြန်မာပြည် အရေးအခင်းတို့ကို နှံ့နှံ့စပ်စပ် သိသူဖြစ်ပြီး ခေတ်ပညာတတ်ဖြစ်ကာ အင်္ဂလန်အတွေ့အကြုံရှိသဖြင့် သူ့သိသမျှကို ရှင်းရှင်းလင်းလင်း တင်ပြနိုင်သူ ဖြစ်လာသည်။ အသင်းအပင်း အစည်းအဝေးတို့တွင် စကားပြောကောင်းသူ ဖြစ်သည်။ ၁၉၃၁ ခုနှစ်ဦးတွင် ဂျီနီဗာ၌ ကျင်းပသော ကမ္ဘာ့အမျိုးသမီး ညီလာခံတစ်ခုသို့ အိန္ဒိယပြည်ကိုယ်စား တက်ရောက်လာသူ ဖြစ်သည်။ ညီလာခံ ပြီးနောက် အင်္ဂလန်သို့ အလည်ရောက်လာသည်။ ဗြိတိသျှ ပါလီမန်က မြန်မာပြည်အပေါ် မည်သို့ သဘောထားသည်ကို လန်ဒန် ရောက်လျှင် စုံစမ်းခဲ့ရန် မြန်မာပြည်က မှာကြားလိုက်သည်။

သူမ ရောက်တာကြောင်း သိလျှင် သူနှင့် မတွေ့ချင်ဘူးလားဟု လီယိုနယ် ကားတစ်အား မေးကြည့်သည်။ တွေ့မည် ဆိုသဖြင့် သူမရောက်လာကာ

ကားတစ်စီးနှင့် ပြောဆိုကြသည်။ ကားတစ်စီးက သူ့အား အဆက်အသွယ်ကောင်းများ ညွှန်းလိုက်သည်။ ယင်းတို့မှာ မယ်လကွမ် မက္ကဒေါ်နယ်၊ လေဒီအက်စတာနှင့် တိုင်းသတင်းစာမှ ဂေါ့ဖရီဒေါဆန်တို့ ဖြစ်သည်။

လေဒီအက်စတာက မစ္စမအောင်အတွက် အစီအစဉ်တစ်ခု ပြုလုပ် ပေးသည်။ ယင်းမှာ ဒိမ်းဘရော့စ်ဒီနှင့် မစ္စဝီလကင်ဆင်တို့ အပါအဝင် အင်္ဂလိပ် နိုင်ငံရေးလောကမှ အမျိုးသမီးများအား နေ့လယ်စာ စားပွဲ တစ်ခုတွင် မိန့်ခွန်း ပြောစေရန်ပင် ဖြစ်သည်။ မစ္စမအောင်က မြန်မာပြည် အရေးကိစ္စကို ရေရေ လည်လည် ရှင်းပြသည်။ မြန်မာပြည်သည် အိန္ဒိယမှ ခွဲထွက်လျှင် ကရောင်းကိုလိုနီ အဆင့်လောက်ကို ကျေနပ်မည်ဟု အထင်များခဲ့ကြသည့် သူတို့ အားလုံးသည် မစ္စမအောင်၏ တရားတွင် ဘဝင်ကျသွားကြသည်။ အိန္ဒိယဆိုင်ရာ အတွင်းဝန် မစ္စတာဘက်ဂျဝင်းနှင့် မစ္စမအောင်တို့ တွေ့ဆုံနိုင်အောင် မစ္စဝီလကင်ဆင်နှင့် အဖွဲ့က စီစဉ်သည်။

ယင်းမှာ မြန်မာပြည် အရေးကိစ္စကို လောလောဆယ်တွင် အာရုံစိုက်စေနိုင်ခဲ့ ဖြစ်သည်။ မစ္စမအောင်က မြန်မာ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ကို လန်ဒန်သို့ ဖိတ်ခေါ်ရန် ဆန္ဒ ရှိပါသလားဟု ဝင်းအား မေးခဲ့သည့်အခါ၊ သူက ဆန္ဒရှိပါသည် ဟု မဆိုင်းမတွ ဖြေသည်။ ထို့ပြင် ထိုသို့ ခေါ်ယူဆွေးနွေးသည့်အခါ မြန်မာပြည် အတွက် အုပ်ချုပ်ရေး တစ်ခုကိုလည်း တင်ပြ ဆွေးနွေးပါစေမည် ဟု ကတိပေး သည်။

မစ္စတာဘင်သည် ကတိအတိုင်း ဆောင်ရွက်သည်။ ဩဂုတ် ၂၁ တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဖိတ်မည်ဟု ကြေညာသည်။ ကွန်ဖရင့်ကို နိုဝင်ဘာ တွင် ကျင်းပမည်ဟု သတ်မှတ်သည်။

ထိုအချိန်တွင် လေဘာပါတီသည် အာဏာမဲ့ ဖြစ်သွားပြီး အမျိုးသား အစိုးရ တက်လာသည်။ ထိုအခါ ဆာဆင်မျူရယ်ဟိုးမှာ အိန္ဒိယဆိုင်ရာ အတွင်း ဝန် ဖြစ်လာသည်။ သို့သော်လည်း ကတိကား မပျက်။ မြန်မာကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာလဆန်းပိုင်းတွင် ရောက်လာသည်။ မစ္စမအောင်မှာ လန်ဒန် တွင် သူနှင့် တွေ့ရသူ အပေါင်းက နှစ်သက်လာရာ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင် မစ္စမအောင်ကို ထည့်သွင်းပါဟု ဗြိတိသျှအစိုးရက မြန်မာပြည်ဘုရင်ခံ ထံသို့ အကြောင်းကြားသည်။ သို့နှင့် မစ္စမအောင်သည် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင် တစ်ယောက် ဖြစ်လာသည်။

မြန်မာပြည်ဆိုင်ရာ ညီလာခံတွင် မြန်မာပြည်အား အိန္ဒိယသို့ ပေးသည့် အုပ်ချုပ်ရေးနှင့် တန်းတူလိုက်သည့် အုပ်ချုပ်ရေးကို ပေးသည်။ ဆွေးနွေးရေးကြောင့်

လယ်သမားအရေးတော်ပုံမှာလည်း အရှိန်သေသွားသည်။ အုပ်ချုပ်ရေး အသစ်ကို ဖော်ကျူးစာအုပ်ကြီးပေါ် ပါလီမန်က ပြဋ္ဌာန်းသည့် ဥပဒေများကို မှတ်ပုံတင်သည့် စာအုပ်ကြီးတွင် ထည့်သွင်းရေးသားပြီး မြန်မာပြည်အတွက် အုပ်ချုပ်ရေး ဥပဒေကြမ်းတစ်ခုကို ပါလီမန်တွင် တင်သွင်းလိုက်သည်။ ပါလီမန်က အတည်ပြုကာ ၁၉၃၅ ခုနှစ် ဥပဒေအဖြစ် အတည်ဖြစ်လာသည်။*

သို့ဖြစ်ရာ ယခုစာအုပ်တွင် ကျွန်တော် ဖော်ပြခဲ့သည့် မြန်မာပြည်သည် မရှိတော့ပြီ။ ယင်းအစား အုပ်ချုပ်ရေးအသစ် ခန့်ထားသော မြန်မာပြည်သစ်တစ်ခု ဖြစ်ပေါ်လာသည်။ အုပ်ချုပ်ရေးအသစ်တွင် မြန်မာ တိုင်းရင်းသားတို့သည် အရေးကိစ္စ မှန်သမျှကို ကိုယ်တိုင်ကိုယ်ကြပ် စီရင်ဆုံးဖြတ်ပိုင်ခွင့် အပြည့်အဝ မရသေး။

သို့သော်လည်း တဖြည်းဖြည်းပင် သူတို့ အလိုကျ ခန့်ထားနိုင်သည့် အခြေအနေသို့ ရောက်လာလိမ့်မည်ဟု မျှော်လင့်ရပေသည်။ အုပ်ချုပ်ရေးသစ် အောင်မြင်ရေး အကောင်အထည် ဖော်ရန်မှာ ပါဝင်ဆောင်ရွက်သည့် မြန်မာတို့၏ အရည်အသွေး တစ်ခုတည်းအပေါ်တွင် မဟုတ်။ မြန်မာပြည်ကို အုပ်ချုပ်ရန် ခန့်ထားသည့် ဘုရင်ခံတို့၏ တစ်ဦးချင်း စရိုက်လက္ခဏာနှင့် အရည်အသွေးတို့ အပေါ်တွင်လည်း တည်သည်။ ဘုရင်ခံတို့၏ စိတ်သဘောထားကလည်း အရေးကြီးသည်။ ဘုရင်ခံသည် သူ့ဝန်ကြီးများကို စောင့်ကြည့်ရုံဖြင့် တာဝန် မကျေ။ အုပ်ချုပ်ရေးသစ် နည်းကမ်း နည်းမျဉ်းတို့၏ ဘောင်မှ သွေဖည်သလား ဟု စောင့်ကြည့်ရန်သည် ဘုရင်ခံ၏ အလုပ် မဖြစ်သင့်။ ထိုသို့ ဆောင်ရွက်လျှင် သူ့ဝန်ကြီးများနှင့် ဘုရင်ခံတို့အကြား ပဋိပက္ခများ ပေါ်လာမည်။ ဘုရင်ခံသည် အုပ်ချုပ်ရေးသစ်အရ မြန်မာပြည် တိုးတက်လာစေအောင် ဆောင်ရွက်မည် ဟူသော စိတ်ထားမျိုး ခံယူနိုင်ဖို့ လိုသည်။ ဤသည်မှာ သူ့တာဝန်ပင် ဖြစ်သည်။ ဤသည်မှာ အင်္ဂလိပ် လူမျိုးတို့တွင် ထိန်းသောင်းဆောင်ရှိသည့် စရိုက်လက္ခဏာကောင်း တစ်ရပ် ဖြစ်သည် ဟု ကျွန်တော် ထင်သည်။ မြန်မာအကျိုးစီးပွားကို မည်သို့မည်ပုံ ရှုတန်းတင်ရမည်ဟု နားလည်ဖို့ လိုသည်။ မြန်မာတိုင်းရင်းသားများကို ဦးစားပေးတတ်ရမည်။ သို့မှသာ မြန်မာတို့စိတ်ထဲ၌ ကျွန်တော်တို့သည် မြန်မာတို့ကို လေးစားချစ်ခင်သည် ဟူသော အမြင်မျိုး ကိန်းအောင်းလာမည် ဖြစ်ပေသည်။ သို့မှသာ မြန်မာတို့က အင်္ဂလိပ်ကို ပြန်ကြည့်လေးစားလာမည် ဖြစ်ပေသည်။ •

---

* ယင်းကို ၁၉၃၅ မြန်မာပြည် အုပ်ချုပ်ရေး အက်ဥပဒေဟု အသိအမှတ် ပြုကြသည်။ နောက်တွင် ၁၉၃၇ ဧပြီ ၁ အုပ်ချုပ်ရေးပုံစံ အသက်ဝင်လာသည်။ ယင်းမှာ နိုင်ငံခြားကင်းကွာသော်လည်း အကန့်အသတ်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ရေးတစ်မျိုး ဖြစ်လာသည်။



YAP. 167
1800

၁၉၃၀ ပြည့်နှစ်တွင်ကား

- မြန်မာပြည်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေး သမိုင်းမှတ်တိုင်သစ်များ စိုက်ထူနေသည့်ကာလ ဖြစ်ပေသည်။
  - ဆိုင်မွန်ကော်မရှင် အပြီးတွင် ခွဲရေးတွဲရေးသမားများ လှုပ်ရှားလာသည်။
  - ခွဲရေးတွဲရေးကို အကြောင်းပြု၍ ဂိုဏ်းဂဏ မြန်မာအသင်းချုပ်ကြီး နစ်မြုပ်ကျသည်။
  - ဒိုင်အာခီ ငါးဆောင်စား ဝန်ကြီးချုပ်များသည် အုပ်ချုပ်ရေးအသစ်တွင် ရာထူးမပြုတ်ရန် ခြောက်လိုက် ရှနေကြသည်။
  - ဘုရင်ခံ ဆာချားအင်းနစ်သည် နိုင်ငံရေးရောဂါကြောင့် ခွင့်ဝေးဝေးယူပြီး အင်္ဂလန်သို့ ပြန်သည်။
  - ပြည်ထဲရေးဝန်ကြီးချုပ် ဆာဂျေအေမောင်ကြီးသည် ဆာချားအင်းနစ်၏ နေရာ၌ ဒေပျူဘုရင်ခံ ဖြစ်လာသည်။
  - ဆရာစံ ခေါင်းဆောင်သည့် တောင်သူလယ်သမား အရေးတော်ပုံ ပေါ်ထွန်းလာသည်။
- မြန်မာပြည်သည် သမိုင်းမှတ်တိုင်သစ်များကို တစ်တိုင်ပြီး တစ်တိုင် စိုက်ထူနေလေ၏။
- ထိုကာလမှာပင် ယောရှစ်ကောလိပ်သည် ရန်ကုန်အရေးပိုင်၊ ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီး ဖြစ်လာခဲ့သည်။
- ဤသို့ဖြင့် မြန်မာပြည် အတွေ့အကြုံများသည် ၁၉၂၈ ဇူလိုင်မှ ၁၉၃၀ ပြည့် အောက်တိုဘာလအတွင်း ယောရှစ်ကောလိပ် တွေ့ကြုံခဲ့ရသည့် ရှုပ်ထွေးမှုများ၊ အဖြစ်အပျက်များ၊ လှုပ်ရှားပြောင်းလဲမှုများ၊ စစ်ဆေးခဲ့ရသည့် အမှုများ။

- ထို့ပြင် -

ရန်ကုန်မြို့ကြီး၏ ထိုကာလ ထိုအချိန်က ပကတိ အခြေအနေများ။